# ဂျူ

# မဟာပဏ္ဍိတ

(ဒုတိယပိုင်း)



Graphic Design Zay Phaw
09978815439

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပဏ္ဍမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်
ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေမြသော်ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ
၅၀၀အုပ်

တန်ဖိုး
၃၅၀၀ကျပ်

ဖြန့်ချိရေး
မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

မဟာပလ္လင်(ဒုတိယပိုင်း) / ချင်မ- ရန်ကုန်
ပဏ္ဍမြားသိုက်စာပေ။
စာမျက်နှာ(၄၄၅)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) မဟာပလ္လင်(ဒုတိယပိုင်း)




## အခန်း(၄၇)

"မစားချင်ဘူး..မစားချင်နေပေါ့.."

ဟာကျူလို့ထမင်းပန်းကန်ကို ချထားလိုက်ပြီး ဘာလုပ်ရမလဲအပြေးအလွှားစဉ်းစားမိသည်။ မနက်ကအန်တီနေသိပ်မကောင်းလို့ နေ့လည်စာကို ကြက်သားကြော်နဲ့ထမင်းဆီစမ်းပဲစားလိုက်ရသည်။

ဟာကျူလို့ကိုတော့ သမီးပဲကြည့်ကျက်ကျွေးလိုက်ပါလို့လည်း တာဝန်ပေးခဲ့၏။ ကိုယ်စားသလိုပဲ ထမင်းဆီစမ်းနဲ့ ကြက်သားဖွပြီးနယ်ကျွေးတာ သင်းကနမ်းရှုံ့ပြီး ငုတ်တုတ်ထိုင်နေသည်။ မစားချင်နေပေါ့ဆိုပြီး သူမလည်းထထွက်မသွားနိုင်ဘဲ.. ।

"နင်ကအသားပြုတ်ဟင်းချိုလေးနဲ့ နယ်ကျွေးမှကြိုက်တယ်ဟုတ်သား..ငါလည်းမလုပ်တတ်ဘူး၊ အဲ့ဒီတော့ ဒါပဲစားမလား..အငတ်ခံမလားပြော.."

ကျောခိုင်းထိုင်နေရင်းကနေ ပြန်လှည့်မေးတော့ ဟာကျူလီက လျှာသပ်ပြသည်။ ပြီးတော့ လူကိုနမ်းရှုံ့မလို နှုတ်သီးလေးရှေ့တိုးလာ၏ ।

"လာမချော့နဲ့..ငါမလုပ်တတ်ဘူးဆိုမှ.."

ပြောပေမယ့် ဟာကျူလီကပါးလျှက်နားလျှက်အတင်းလုပ်နေသဖြင့် ပြန်ဖက်ထားရင်း ရယ်မိကာ.. ၊

"နင်ကလေ ငါ့မှာကြီးနဲ့သိပ်တူတာပဲ..ဆူနေမှန်းသိတာနဲ့ အတင်းဖက်လျက်ချော့တော့တာပဲ၊ ကောင်စုတ်လေး.."

ဟာကျူလီမျက်နှာရှုံ့သွေးနေတာ မခံနိုင်တော့မှ မီးဖိုချောင်ဝင်ဖို့ ဆုံးဖြတ်ချက်က ခိုင်မာသွားခဲ့သည်။ ဘာလုပ်တတ်လို့လဲဆိုရင်တော့.. ၊

"အချိုချက်ဆိုတော့ ငရုတ်သီးမပါဘူး...ရဲနေတဲ့ဟာလည်းမပါဘူး၊ အဲ..ဟုတ်တယ် အန်တီဒါလေးသုံးတာတွေ့တယ်၊ ပြီးတော့ သကြား.."

ဒန်အိုးသေးသေးလေးယူကာ ဒေါ်ယမုံခင်ထည့်လှီးချက်ပြုတ်တာမြင်ဖူးထားသမျှ ကြက်သားမှုန့် ဆား ငံပြာရည် ပြီးတော့..ဘာတွေလဲ.. ပုလင်းတစ်လုံးပြီးတစ်လုံးပြန်ချလိုက် နည်းနည်းစီလောင်းထည့်လိုက်ကျသမျှက နီညိုညိုအရောင်တွေ အမည်းတွေချည်းဖြစ်ကာ။ ဘာဖြစ်လဲ..။ အားလုံးချက်ပြုတ်တဲ့ပစ္စည်းတွေချည်းပဲ.. ၊

ကိုယ့်ဟာကိုယ်လည်း အားပေးလိုက်သေးသည်။ ပြီးတော့ ကြက်သားကြော်တုံးနှစ်တုံးလောက် အိုးထဲထည့် ရေတွေထည့်လိုက်ပြီး မီးဖိုနားရောက်လျှင်.. ၊

"ဘယ်လိုလုပ်မလဲ..ငါမီးဖိုမဖွင့်တတ်ဘူး.."

သူစကားလည်းပြောသမျှ မီးဖိုခန်းအဝင်ဝကနေ ဟာကျူလီက ဖင်လေးတကြွကြွ ပါးစပ်လေးပြင်လျက် အားတက်သရောဖြစ်နေ၏ သူ့အတွက် ချက်ပြုတ်နေပြီထင်ကာ ဟာကျူလီအားတက်နေရှာတာ က သူ့အတွက်ဟင်းလေးတော့ ဖြစ်မြောက်အောင်ချက်ဖို့ ကြည့်လိုက် တော့ ကြက်သားတုံးနဲ့ရေက မည်းနက်နေသည်။

လက်နဲ့နှိုက်ပြီး မြောက်ကြည့်လိုက်တော့မှ 'ရေပါပဲ..ထမင်းနဲ့ မမည်းလောက်ဘူး'လို့ နောက်ထပ် အားဖြည့်၏။ ပြီးတော့ ထမင်း လျှင် ရေနွေးသောက်တတ်သည့် ဒေါ်ယမုံခင်ကိုင်နေကျ ဓာတ်ဘူးကို တိရလိုက်ကာ.. ၊

"ဒီလောက်လွယ်လွယ်လေးကို ငါတုံးတာဟာကျူလီရေ..ရပြီ ပြီ.."



ဓာတ်ဘူးပြေးယူပြီး အဖုံးဖွင့်ကြည့်လိုက်တော့ ရေနွေးကအဖြူ ရောင်။ အတော်ပဲမို့ ဝမ်းသာအားရဖြစ်သွားမိကာ မီးဖိုပေါ်မတင်နိုင်တော့ သည့် ရေအေးတွေထဲ သွန်ထည့်လိုက်သည်။ ဆန်တစ်လုံးချက်လောက် အိုးလေးထဲမှာ ရေနဲ့ရေနွေးပေါင်း၍ ပြည့်လုပြည့်ခင်ဖြစ်သွားတော့ ရေ နွေးငွေ့ဖြူဖြူလေးတွေ တက်လာ၏။

"ရပြီ..ရပြီ ဟာကျူလီရေ၊ ရသွားပြီ..နင့်အတွက်အချိုချက်.."

အိုးထဲကနေ ဟင်းသောက်ပန်းကန်လုံးလေးထဲ သွန်ထည့်လိုက် တော့ အညိုရောင်ဟင်းရည်မှာ ဆီလေးဝေ့နေသဖြင့် ဟင်းလျာတစ်ခွက် ၏ အသွင်သဏ္ဍာန်က ပီပြင်လာသည်။ ကနုတ်ဝမ်းသာအားရဖြစ်ကာ လက်ဝါးချင်းပွတ်နေတာလည်း မပြီးနိုင်။ ပြီးတော့ ဟာကျူလို့ဆီပြေး သွားကာ.. ၊

"နင့်ဖို့ငါဟင်းချက်တာ အောင်မြင်သွားပြီ..သူများတွေလို လက်ဝါး ချင်းရိုက်မယ်၊ လာ..လာဆိုမှ.."

ဟာကျူလီက သူ့မလက်ကိုကြည့်ပြီး လက်လေးတစ်ဖက်တော့ ကြွတကြွတဖြစ်လာပေမယ့် နားမလည်။ ထို့ကြောင့် ကိုယ့်ဘာသာသူ့ လက်ကိုကိုင်ပြီး လက်ဝါးချင်းရိုက်ပေးလိုက်သည်။

"ဒီလိုလုပ်ဖို့လေ..အဲ့ဒါမှတ်ထားနော်၊ တစ်ခုခုအတူတူပျော်စရာ ဖြစ်လာရင် လက်ဝါးရိုက်ရတယ်..ငါလက်ပေးရင် နင့်လက်နဲ့ပြန်ကာပေး ရမယ်၊ နောက်တစ်ခါ မပြောရစေနဲ့.."

လက်ညှိုးထောင်ပြီး သတိပေးသလိုမှာသည်။ ပြီးတော့ ခေါင်း လေးပွတ်ပေးကာ.. ၊

"ငါ နင့်ကိုထမင်းကျွေးမယ်.."

လို့ပြောပြီး နေရာမှထရပ်လိုက်လျှင် သူ့မရှေ့ကိုရောက်လာတာက သျှင်.. ၊

"မမေအိပ်နေတာလား.."

"ဟင်..ဟုတ်.."

သူမဖြေတာကို စောင့်မနေဘဲ ထမင်းစားခန်းထဲ တန်းဝင်သွား၏။ ပြီးတော့ သူ့ဘာသာပန်းကန်လှန်ပြီး ထမင်းခူးထည့်သည်။ ဘာချက် ထားသလဲမမေး။ လုပ်ပေးပါလည်းမခိုင်း။ အန်တီအနားမှာမရှိတဲ့အချိန်

သူဗိုက်ဆာပြီဆို ဒီတိုင်းပဲဖြစ်သည်။ ကနုတ်ကိုတော့ တခြားအလုပ်တွေ တနင့်တပိုးခိုင်းတတ်ပေမယ့် သူ့စားရေးသောက်ရေးမှာ မခိုင်းခဲ့ဘူးပါ။ ဒါပေမယ့် မိန်းမပီသချင်နေသည့်စိတ်က သူထမင်းစားချိန်ကိုယ်အနား မှာရှိနေရင်တော့ ဘာလုပ်ပေးရကောင်းမလဲ တွေးမိသည်ချည်းပါ။ ကနုတ်နဲ့ဟာကျူလီ တံခါးဝနားမှာရှိနေတာကို စားပွဲမှာထိုင်ရင်း လှည့်ကြည့်ကာ.. ၊

"ဘာလုပ်နေကြတာလဲ..အဲ့ဒီမှာ.."

"ဟို.."

ထွက်သွားလို့မပြောပေမယ့် မျက်မှောင်ကုတ်ထားသည့်အရိုးအရ ရှိနေတာကို မကြိုက်မှန်းသိသာနေ၏။ ကနုတ်ကလည်း ဟာကျူလို့ကို ထမင်းကျွေးရမည့်တာဝန်တန်းလန်းနဲ့မို့ မရွေ့လျားနိုင်ဘဲရှိနေခဲ့လျက်..၊

ဟင်.. ၊

ဟာကျူလို့အတွက်ထည့်ထားသည့် ပန်းကန်ကိုလှမ်းယူလိုက်တော့ ကနုတ်မျက်လုံးပြူးသွားသည်။ 'ဒီနေ့ဟင်းမချက်ဘူး..အဲ့ဒီကြက်သားကြော်ပဲ'လို့ ပြောဖို့ပါးစပ်ပြင်ပေမယ့်.. ၊

"ဟွတ်..ဖူး ဖလူး.."

ပါးစပ်ထဲရောက်သွားပြီးမှ ဘယ်လိုမှမထိန်းနိုင် ပြေးထွေးချိန်လည်းမရလိုက်ဘဲ အကုန်စင်ထွက်ကုန်၏။ နံစော် ငံ ခါးသောအရသာတို့အပြင် ပါးစပ်ထဲမှာ ဂတ်စ်တွေဝင်သွားတဲ့အတိုင်း.. ၊

သူသိလိုက်သည်။ လှည့်ကြည့်လိုက်တော့ လက်ဖျားလေးတွေ ပါးစပ်နဲ့ဖိကိုက်ထားကာ မျက်လုံးအပြူးသားနှင့် ကနုတ်.. ၊

"မင်းဘာတွေလုပ်ထားတာလဲ.."

"ဟို.."

"ဒုန်း.."

"မေးတာကိုဖြေ.."

စားပွဲကိုထုချလိုက်သဖြင့် ကနုတ်တုန်ခနဲဖြစ်သွားသည်။

"လာ..မင်းဝင်လာခဲ့.."

"အဲ့ဒါက.."

"မင်းကိုငါခေါ်နေတာ.."



ကနုတ် တွန့်ဆုတ်ဆုတ်လေးဝင်လာသည်။ သူစိတ်မရှည်ဘဲ ဆတ်ခနဲထရပ်ကာ ကနုတ့်လက်မောင်းလေးကို ဆွဲယူလိုက်ပြီး.. ၊

"သောက်..အဲ့ဒီအရည်တွေ သောက်စမ်း.."

"ဟင့်အင်း.."

"ဘာဟင့်အင်းလဲ..မင်းချက်ထားတာမဟုတ်ဘူးလား၊ ရော့..သောက်.."

"အဲ့ဒါ ခွေးစာ.."

"ဘာ.."

ဘာသံကြောင့် နားနှစ်ဖက်ကို အုပ်ပစ်မိရင်း.. ၊

"ဟာကျူလို့အတွက် အဲ့ဒါက.."

"မင်း.."

"အား.."

"သား..သားနေဦး.."

လက်ကြီးတအားမြှောက်ရွယ်လိုက်လျှင် ကနုတ်လန့်ဖျန့်အော်လိုက်မိသည်။ ထိုစဉ် ဒေါ်ယမုံခင်ပျာယိပျာယာရောက်လာရာ ကနုတ် ဒေါ်ယမုံခင့်ဆီလှစ်ခနဲပြေး၏။

"ဟိတ်.."

သျှန် အမိအရပြန်ဆွဲဖို့ ကြိုးစားပေမယ့် မမိလိုက်။ သို့သော် ဒေါသကြောင့် ဒေါ်ယမုံခင်ရှေ့ထိရောက်သွားခဲ့ပြီး.. ၊

"ခုထွက်ခဲ့စမ်း.."

"ဟင့်အင်း.."

ဒေါ်ယမုံခင့်နောက်မှာ ခါးကိုဖက်၍ ပုကပ်ကွယ်နေသဖြင့် သျှန်အသည်းတွေယားနေမိသည်။ သူခြေလှမ်းရွှေ့လိုက်တိုင်း ဒီဘက်ကရွှေ့လိုက်တာနှင့် သူမကဟိုဘက်ကပ်သွား၏။ ကိုယ်လေးသေးသေးမို့ မေမေ့နောက်မှာ ထပ်ကွယ်နေပေမယ့် သူမရဲ့ဆံနွယ်ရှည်ကြီးတွေက လူလှုပ်ရှားတာထက်နောက်ကျကျန်ခဲ့လျက် ဝှေခနဲဝဲခနဲမြင်နေရ၏။ ဒေါ်ယမုံခင်ကလည်း သားဖြစ်သူအတင်းအကျပ် ဆွဲထုတ်လိုက်မှာစိုးကာ လက်နောက်ဆန့်ကာထားရလျက်.. ၊

"သားရယ်..ဘာတွေဖြစ်တာလဲ မေမေ့ကိုလည်းပြောပါဦး.."

"အဲ့ဒါမေမေမသိဘဲနဲ့ ဘာလို့လိုက်ကာနေတာလဲ၊ အဲ့ဒီကောင်မလေး ခွေးစာကို ထမင်းစားပွဲပေါ်တင်ထားတယ်.."

"ခွေးမစားရသေးလို့ ကျွေးမလို့.."

ကြည့်စမ်း..ပြောလေကဲလေ။ သျှန့်မျက်နှာညိုမှောင်နေလျက် ဒေါ်ယမုံခင်ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"မင်းက ငါ့ကိုလုပ်ကြံတယ်ဟုတ်လား.."

"မဟုတ်ပါဘူး..ကနုတ် ဦးသျှန်ကိုကျွေးတာမှ.."

"တိတ်စမ်း.."

"သွားရယ်.."

"မင်းနော်..မင်း.."

လက်သီးဆုပ်ရင်း အံကြိတ်နေသည့်သျှန့်ကို ကနုတ်မျက်လုံးလေ ထွက်လာပြီး ခိုးကြည့်သည်။ ပြီးတော့ ဒေါ်ယမုံခင့်နောက်ကို စွပ်ခ ပြန်ကွယ်ပစ်၏။ သျှန်အသည်းတွေယားနေကာ ခပ်ကြိတ်ကြိတ်တ ခေါက်ရင်း ထွက်လာခဲ့သည်။ ဒီကောင်မလေးနဲ့ပြဿနာတစ်ခုခုရှိလ တိုင်း မေမေရောက်ရောက်လာတာကိုက အလုပ်မဟုတ်တာ။ စိတ်တို ဆို မေမေ့ကိုသိမ်းကျုံးအပြစ်တင်မိသည့် ကိုယ့်စိတ်ကြောင့် တော်ရုံဆို ပြောဘဲ မျိုသိပ်ထားရသည်။ မျိုသိပ်ရတာဖြစ်ဖြစ် ရှောင်နေလိုက်ရ ဖြစ်ဖြစ် ဒါကျေနပ်စရာမှ မဟုတ်ဘဲ.. ၊

တွေ့မယ်..မင်း.. ၊

## အခန်း(၄၈)

"ဟော..တွေ့ပြီ.."

"တွေ့မယ်တွေ့တော့လည်း တန်းခနဲပဲသျှန်ရာ..တော်သေးတာပေါ့"

မွေးနေ့ပါတီကို လာခဲ့တာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။ ထိပ် စားပွဲတွေဆီကနေ ထလျှောက်လာကြသည့် လုပ်ငန်းမိတ်ဆွေတွေကို င်လိုက်တော့ သျှန်ခြေလှမ်းတုံ့သွားသည်။ သူဒီကိုလာမယ်ဆိုတာ ယ်သူ့ကိုမှ ကြိုမပြောခဲ့ပါ.. ၊

"သွားမယ်လေကွာ.."

"ငါနဲ့ပြောစရာမှမရှိတာ.."

မောင်မောင်တင်နဲ့ကောင်းမြတ်တို့က လက်တို့သတိပေး၏။ သျှန် ခပ်ဖြည်းဖြည်းလျှောက်သွားရင်း.. ၊

"အန်ကယ်လ်တို့နဲ့ ဆုံရမယ်လို့ မထင်ခဲ့ဘူး..မြန်မာပြည်ရောက် တာလား.."

"မေးရက်ပါပေ့အာဏာသျှန်ရယ်.."

"ဟုတ်တယ်လေကိုသျှန်..ကျွန်တော်တို့ပို့လိုက်တဲ့ပစ္စည်းတွေ ကွန် နေရာကမကျဘူးဖြစ်နေလို့.."

"ဟင်.."

"အဲ့လောက်ထိတော့ ပစ်မထားပါနဲ့အာဏာသျှန်ရာ..မင်းတို့သား အဖအပြောင်းအလဲမှာ ငါတို့အတော်ကိုတိုင်ပတ်ကုန်တာနော်.."

"အဲ့ဒီကိစ္စကြောင့် ကိုယ်တိုင်ရောက်လာတာလား.."

"ဟုတ်တယ်..ကျုပ်တို့ချည်းပဲမဟုတ်ဘူး၊ ဒေါ်နန်းယုတင်တို့ လည်း ဘာမှထုတ်မရဘူးဖြစ်နေလို့.."

သျှန်မျက်နှာပျက်သွားတာကိုကြည့်ကာ သူတို့တွေအားလုံးစိုးရိမ် မကင်းဖြစ်ကုန်ကြလျက်.. ।

"ဒါတစ်ယောက်ယောက်ပယောဂများလား.."

"ဘာဖြစ်ဖြစ် မင်းတို့ကုမ္ပဏီနဲ့ဆို အားလုံးပြန်ကြည့်ခဲ့ရတာ မ ဟုတ်ဘူးလေ..ခုမှဘာတွေထဖြစ်ကုန်မှန်းမသိဘူး..ဒီကြားထဲ မင်းတို့က ဟိုတယ်လ်လုပ်ငန်းပြောင်းသွားပြီလိုလို မင်းကပဲအိုင်တီကုမ္ပဏီပြောင် သွားတာလိုလို.."

"ဟုတ်တယ်..အဲ့လိုလုပ်ဖို့ စိတ်ကူးရင်တော့ အမြဲတမ်းလက်တွဲလာ ကြတဲ့ ကျွန်တော်တို့ကို မညှာတာပဲကိုသျှန်..နည်းနည်းတော့ စဉ်းစားဦး"

"ကဲပါ..လာပါ၊ သံရုံးကညွှန်မှူးလည်းအပေါ်ထပ်မှာရှိတယ် မောင်ရင့်မျက်နှာလေးတစ်ချက်လောက်ပြလိုက်ရင် ပြီးသွားနိုင်ပါတယ် လာပါ.."

သျှန် ခြေလှမ်းမရွေ့ဘဲဖြစ်နေသလောက် ဦးနာဂတို့က အတ တွန်းထိုးဆွဲခေါ်နေကြသည်။ မောင်မောင်တင်တို့ကလည်း တွန်းပို့နေ ကာ.. ।

"ငါထင်တယ်..မင့်ဘိုးတော်ဒီခွင်ဆင်ပေးတာကွ၊ သူတို့နဲ့မင်း တွေ့စေချင်တာ.."

"ဟုတ်တယ်..သူမတတ်နိုင်လို့ဖြစ်မယ်၊ မင်းကိုပြန်လုပ်စေချင် လည်း ဖြစ်နိုင်တယ်..သွားပါကွာ.."

သူမလုပ်ချင်တာက စကားလုံးကြီးကြီးတွေပြောခဲ့ပြီး ဒီနား လည်နေတာပါဆိုသည့် အပြောမျိုးကိုမခံလိုတာဖြစ်သည်။ ဒါ အခက်အခဲဖြစ်နိုင်တာမှန်သမျှကို နောက်ကွယ်က ကူညီပေးဖို့ နဲ့စိုးထွန်းတို့ကို သူပြောထားခဲ့ပြီးသား။ သို့သော် သူ့စိတ်တွေလေ



ညီ ညှိခံပွဲထဲကို ဝင်လာကြသည့်လူလူတို့လူငယ်သုံးယောက်ကို မြင် လိုက်သဖြင့် ကျော်ခိုင့်ကိုလှည့်ကြည့်လိုက်သည်။ ကျော်ခိုင်က လက်မ ထောင်၏။ ဒီကောင်လေးနဲ့တော့ တွေ့လို့မဖြစ်သေးတာကြောင့် ဦးနာဂ တို့လူစုနှင့် နှစ်ထပ်တိုက်ကြီး၏အပေါ်ထပ်ညှိခန်းထိသူအေးဆေးပါ သွားခဲ့၏။ လူလူတို့က ဝင်လာရင်း စိုးထွန်းကိုမြင်သည်နှင့် လှမ်းရယ်ပြ ပြီး သူတို့စားပွဲဆီလျှောက်လာကြ၏။

"လာဟေ့..လူမင်းရာဇာ မင်းအဖေနဲ့အမေရော.."

"လာမှာပေါ့ဘဘထွန်းရ..ကျွန်တော်တို့က သူရကျော်နဲ့သပ်သပ် လာကြတာလို့.."

ဦးထွန်းမြင့်အောင်က ရယ်ကာ.. ।

"အေးပါ..မွေးနေ့အကြောင်းပြပြီး လမ်းပေါ်ရောက်မသွားကြရင် ပြီးတာပါပဲ၊ မွေးနေ့ရှင်ကအပေါ်မှာကွ..လုပ်ငန်းကိစ္စတွေနဲ့ရှုပ်နေတယ်၊ မွေးနေ့မှာတောင် ပြောလည်းမပြောချင်တော့ပါဘူး.."

လူလူတို့ကိုကြိုရင်း မောင်မောင်တင်တို့ကို ရည်ရွယ်ပြီး ရှင်းပြနေ ပြီးတော့.. ।

"လူလေးတို့ချင်းသိကြတာလား..ကောင်းတာပေါ့ကွာ၊ ထိုင်ကြ.. ကြိုက်တာယူစားကြဟေ့၊ မိးနူးကခြောက်မျိုးတောင်နော်..ဖြည်းဖြည်း အဝစားကြ.."

ဦးထွန်းမြင့်အောင်က နှုတ်ဆက်ပြီး တခြားဧည့်သည်တွေဆီ ထွက်သွားသည်။ လူလူက အဝါရောင်တီရှပ်နှင့်လယ်သာဂျာကင်အ ရောင်ကို ဝတ်ထားကာ One Wayဆံပင်ပုံစံနှင့် ဖြူဖွေးနေသည့် မျက်နှာက အင်္ဂလိပ်ကပြားလေးနဲ့ တူနေခဲ့လျက်.. ।

"ကိုကြီးစိုး..ဘယ်လိုလဲ၊ ကျွန်တော့်ဟဲရ်ီစတိုင်လ်မိုက်ရဲ့လား.."

သူကဖြိုးခိုင်နဲ့စိုးထွန်းကိုပဲ သိတာမို့ စိုးထွန်းနဲ့နီးအောင်ခုံဆွဲထိုင် လိုက်ပြီး.. ।

"ဒီမှာလာဆုံမယ်မထင်ခဲ့ဘူး..ကိုကြီးဖြိုးမပါဘူးလား.."

"အေးကွ..နေပါဦး၊ မင်းဆံပင်ပုံကို အိမ်ကကြိုက်ရဲ့လား.."

လူလူကရယ်လိုက်ပြီး သူ့သူငယ်ချင်းတွေဘက်လှည့်ကြည့်သည်။ ဆံပင်ကိုမထိတထိစမ်းကိုင်ပြီး ပခုံးတွန့်လိုက်ရင်း.. ।

“ဘယ်ကြိုက်မလဲကိုကြီးစိုးရာ..ဒါပေမယ့် ကျွန်တော်ပြောတယ် လေ၊ ခုကစပြီး ကိုယ့်ဝါဒနဲ့ကိုယ်လုပ်မယ်ဆိုတာ..”

စိုးထွန်းက ပြုံးနေလိုက်၏။

“ဆံပင်ပုံစံချိန်းလိုက်တယ်..အပြင်ထွက်ဖို့အချိန် သပ်သပ်မပေး ရင် ရအောင်ထွက်မှာပဲလို့ ဖွင့်ပြောလိုက်တယ်..”

“အဲ့ဒီတော့ အိုခေလား..”

“ဖေဖေကထောက်ခံတယ်လေ..အဟွန်း မေမေဘာတတ်နိုင်မှာ ကျွန်တော်ကိုကပျော့ညံ့ခဲ့တာ..အစတည်းက မဇင်လုပ်သလိုလုပ်ရမှာ တစ်လျှောက်လုံးဘွားဘွားမှိုင်းတိုက်ထားတဲ့အတိုင်း လုံးဝမနိုးခဲ့တာ

သူ့လုပ်ရပ်အတွက် လူလူတော်တော်ကျေနပ်အားရဖြစ်နေပုံရှိက

“ကိုကြီးဖြိုးချိတ်ပေးထားတဲ့ ကိုဝေဒတို့နဲ့အလုပ်လုပ်ရတာ အရ အဆင်ပြေတယ်ဗျ..ခုဆို ဖုန်းကောင်းတွေထည့်လဲကိုင်နိုင်နေပြီ၊ အရေ အဝယ်လုပ်တဲ့နေရာတွေမှာတောင်ဆရာကြီး..”

“ဟုတ်တယ်..ဒီကောင်ကအခု ရေရေလည်လည်လျှံနေတာကို စိုးရ..”

ဝင်းနိုင်က လက်ညှိုးနဲ့လက်မဝိုင်းပြပြီး ခပ်မဲ့မဲ့ကြွားနေသည်။ ထွန်းကခေါင်းညိတ်ရယ်နေရင်း.. ။

“ငါဆိုရင် မင်းတို့ကိုအဲ့လောက်နဲ့ ကျေနပ်မနေဖို့ပြောမှာ.. ကြောင့်..”

“ဟင်..ဘာကိုလဲ..”

မေးကာမှ ပါးစပ်ပိတ်နေကာ မောင်မောင်တင်စားစရာထယူ အဓိပ္ပာယ်မဲ့လှမ်းကြည့်နေလျက်.. ။

“ပြောလေ..ကိုကြီးစိုး၊ နောက်ထပ်ရေလျှံဖို့ လမ်းကြောင်း သေးတာလား..”

“မင်းစိတ်ဝင်စားရင်ပေါ့..”

“ဝင်စားပြီးသားပဲကိုကြီးစိုးရေ..ကျွန်တော်ကကိုယ့်စွမ်းကိုယ်စ ပြချင်နေတာကြာပြီ၊ မေမေတို့ချောင်ထိုးထားတဲ့ လူမင်းရာဇာ အဲ့လိုယောက်ျားလို့ အတိအကျထောက်ပြချင်တယ်..ဟိုးမန္တလေး ဝါဒီတွေတွင်တွင်လွှတ်နေတဲ့ ဘွားဘွားရဲ့ပို့ချမှုတွေကို မေမေတို့



ကိုင် စိတ်ပျက်ရမှန်းသိဖို့လိုတယ်..”

“ဒါပေမယ့် ဖြိုးခိုင်ကမလုပ်စေချင်ဘူး..မင်းတို့ကငယ်သေးတယ်၊ ရပ်တည်မှုတစ်ခုရဖို့ဆိုတာ ကျောက်တိုင်စိုက်သလို တွင်းတူးဖို့မလိုဘူး.. ဒါပေမယ့် ခိုင်မြဲဖို့အတွက် ပေးဆပ်ရတာများတယ်..”

“ဘာအလုပ်မို့လို့လဲကိုကြီးစိုး..မကောင်းမှုဒုစရိုက်တွေလား..”

စိုးထွန်းကရယ်သည်။ မောင်မောင်တင်ပြန်ရောက်လာပြီး စားစရာ စားပွဲပေါ်ချလိုက်တော့ နှင်းဆီပန်းပွင့်ပုံလေးတင်ထားသည့် ကိတ် တစ်လုံးပါလာသည်။ စိုးထွန်းကပန်းပွင့်လေးနဲ့ ကိတ်ကိုဖဲ့ချလိုက် ပါးစပ်ထဲထည့်လိုက်လျှင် လူလူတို့နှစ်ယောက်စလုံး ကျန်ရစ်သည့် တ်မုန့်ကိုမျက်လုံးရောက်သွားကြ၏။ ဒီမုန့်ကို ဒီလိုပဲစားကြတာမှန် လည်း ဆိုးဆိုးဆတ်ဆတ်ထိုးဖဲ့စားပစ်တာကျတော့.. ။

“အဟွန်း..စားစရာက စားစရာပါပဲ၊ ပါးစပ်ထဲရောက်သွားတာ ည်းကိတ်ပဲ..ဖဲ့ကျန်ခဲ့တာလည်း ကိတ်ပဲ..”

စိုးထွန်းက ဝါးမျိုစားသောက်ရင်း ဘာမှမဟုတ်သလိုပြောနေသေး ည်။ ပြီးမှ.. ။

“ဒီခေတ်အချိန်ခါမှာ မကောင်းမှုဒုစရိုက်ဆိုတာ မရှိဘူး..ဒါပေမယ့် ယ်မှာမှကောင်းမှုမရှိတာလည်း သေချာတယ်၊ လူဆိုးကလူကောင်း နေကြသလို လူကောင်းတွေလည်း ဆိုးတယ်အပြောခံနေရတယ်.. တ်ခ်ပေါ်မှာကြည့်လေ၊ လူတွေဘယ်လောက်တောင် ဟန်ဆောင်နေ လဲ..မချစ်ဘဲချစ်ပြကြ မပြုံးချင်ပဲပြုံးနေရ၊ မမြင်မစမ်းဆဲကြ မသိ ချင်း ရန်တွေထဖြစ်ကြ..”

ပြောနေရင်း ရယ်သည်။ ပြီးတော့ စပါဂတီပန်းကန်ကို ဆွဲယူပြီး ပြင်ထားသမျှတွေကို တူနဲ့ဆွဲဖွ ဟိုလှန်ဒီလှန်မွှေနှောက်နေပြီး ဘိုင်းပြန်ချထားလိုက်ကာ.. ။

“လူတိုင်းကမြင်နေရတာကိုပဲ မှားတယ်မှန်တယ်ခွဲခြားကြတာ..”

လူလူက ခေါင်းညိတ်လိုက်မှဆက်၍.. ။

“ဆိုတော့ လူမြင်ကောင်းအောင်နေတတ်ရင်ရပြီ..ကျန်တာမင်း ဘာလုပ်..”

“ဟား ဟား ဟား..”

လူလူသဘောတကျထရယ်သည်။ ဘေးစားပွဲက လူတချို့လှ
ကြည့်ကြ၏။

"ဒုစရိုက်သမားဆိုတာဘာလဲ ငါလည်းမသိဘူး..ဒါပေမယ့် မ
နေတတ်မစားတတ်ရင်တော့ ထောင်ထဲရောက်မှာပဲ.."

"အတိအကျမှန်တယ်.."

"အဲ့ဒီတော့ မင်းဘာလုပ်မလဲ.."

"ကိုကြီးစိုးတို့ခိုင်းတာ အကုန်လုပ်မယ်..ကျွန်တော့်ကိုမမေ
သင်းကွဲတစ်ယောက်လို့ သတ်မှတ်လည်းဂရုမစိုက်ဘူး.."

## အခန်း(၄၉)

"အဲ့ဒါဂရုမစိုက်ချင်ဦး.."

မြန်းစနဲ့ရိုက်ချက်က ပြင်းထန်သည်။ လူလူနောက်ကို ခြေနှစ်လှမ်း
လောက်ယိုင်ထွက်သွားသဖြင့် နီးရိမ်ကြီးပြီး အနားကပ်လာသည့် ဦး
ကျော်မြတ်ခေါင်ရင်ဘက်နဲ့ သူ့ကျောပြင်မထိတထိ ကပ်သွား၏။

"ပတ်ဝန်းကျင်ကိုဂရုမစိုက်ဘူးဆိုရင် ဘာကိုဂရုစိုက်သလဲပြော..
ကိုယ်နင် စီးပွားရေးလုပ်ငန်းရှင်ကြီး ထင်နေတာလား၊ ဖုန်းသုံးလေး
ကိုင်ပြီး လမ်းဘေးကြိုကြားမှာ ရောင်းဝယ်တာနဲ့ ပိုက်ဆံလေးကိုင်
တာကို..ငါ တယ်.."

"ဘယ်လိုဖြစ်နေတာလဲပုလဲရယ်..အချိန်လည်းမရှိတော့ဘူးကွာ."

"ဟုတ်ပါတယ်ညီမလေးရယ်..စကားလေးပြောချင်လို့ တစ်ခါတ
လာလည်ပါတယ်၊ တစ်နေကုန် ညီမလေးပဲဆူ ဒေါသတွေထွက်.."

"အဲ့ဒါသူ့ကြောင့်ချည်းပဲလေမမကြီးရဲ့..ဒီကောင်လေး ခုတလော
အရေးတွေတောင်းတတ်လာတယ်၊ ကလန်ကဆန်တွေလုပ်ချင်လာ
..အခု ပြန်လာတာ ဘယ်အချိန်ရှိပြီလဲ၊ သူ့ကြောင့် ဒီလိုအချိုးတွေ
မယ်မယ်မြင်သွားမှာစိုးလို့ ကိုယ့်မိဘအိမ်လာမှာကို ညီမလေးဘယ်

လောက်ကြောက်နေရသလဲ မမကြီးသိလား.."

ပြောရင်း အသံတွေက ငိုသံပါလာခဲ့လျက်.. ။

"မယ်မယ်သာခုနေ ဖျိုးခနဲ ဖျတ်ခနဲတစ်ခုခုဖြစ်သွားရင် ညီမလေး ဘယ်လိုမှဖြေလို့ရမှာ မဟုတ်ဘူး..အဲ့ဒါသူ့ကြောင့်ပဲ၊ သူ့ကြောင့် မယ်မယ် မလာဖြစ်အောင် အကြောင်းအမျိုးမျိုးပြပြီး တားဆီးနေရတာ.."

"ဒါနဲ့ပဲ မင့်သားကိုမင်းရိုက်သတ်ပစ်လို့ရသလား.."

ဦးကျော်မြတ်ခေါင်ကလည်း စိတ်တိုနေပြီဖြစ်ကာ.. ။

"တောင်းစုတ် ပလုံးစုတ်လိုရော မင်းလွှင့်ပစ်နိုင်သလား..ကိုယ့်သားသမီးမကောင်းကျိုးတွေ အော်ဟစ်ပြော ဒေါသတွေထွက်နေတော့ ဘာတွေအကောင်းတိုင်းဖြစ်လာမလဲ.."

"ဘာမှအကောင်းတိုင်းပြန်မဖြစ်နိုင်တာသိလို့ ကိုကိုကျော်အလိုမလိုက်ပါနဲ့လို့ ပုလဲမတားခဲ့ဘူးလား.."

"ကျွတ်.."

"ကဲ..ညီမလေးရယ်၊ အဲ့ဒါနဲ့လင်မယားဆက်ဖြစ်ကြဦးမယ်.."

ဒေါ်မြပုလဲဖြူအကြည့်တွေက သားဆီပြန်ရောက်သွားသည်။ ပြီးတော့ လူလူ့ပခုံးကအိတ်လေးကို ဆိုးဆိုးဆတ်ဆတ်ဆွဲချွတ်လိုက်ပြီး ဖ ဖွင့်သည်။

"မေမေ.."

"ဖယ်စမ်း.."

"မလုပ်နဲ့မေမေရာ..သားဟာသားပိုက်ဆံ ရှာတာ မရဘူးလား.."

"ဘာပြောတယ်.."

"မေမေ့ဘာသာ ဘွားဘွားကိုကြောက်ခဲ့ရလို့ ဘယ်လိုနေနေ သ တို့ကိုမေမေသဘောနဲ့ လွတ်လပ်ခွင့်ပေးချင်ပေးလို့ရတယ်.."

ကြည့်စမ်း..။ အိတ်ကိုကိုင်ထားလျက် လူကြီးတွေ အားလုံးအံ့ နေကြ၏။ လူလူကလည်း လူလူ.. ။

"သားစောင့်နေခဲ့တာကြာပြီ..မေမေ့ဆီက ခွင့်ပြုပေးတာ ဘာတ ခုမှမရှိဘူး၊ အဲ့ဒါကြောင့် သားကိုယ့်လမ်းကိုယ်လျှောက်ချင်လို့.."

"လူပါးဝလိုက်တာ..လျှောက်ဦး လျှောက်ဦး..ကဲ.."

သားကိုပြေးထုလိုက် ဆွဲလွှဲဆောင့်ခါလိုက်နှင့် ကိုင်ထားသ



အိတ်သည် ဖင်ကကိုင်ပြီး ဆွဲခါလိုက်သလိုဖြစ်သွားခဲ့ပြီး.. ။

"ဒေါက် ဒေါက်.."

"ဖလပ်..ဖလပ်.."

ဟင်.. ။

ဖုန်းသုံးလုံးထွက်ကျသွားကာ ပိုက်ဆံတို့သည် တစ်သောင်းတန် ငါးထောင်တန်တွေ ပလူပျံလွင့်ထွက်ကျကုန်၏။

"လူလူ..ဟော့ကောင် မင်းဒါတွေတမင်လုပ်ပြနေတာလား၊ ပြောမ်း.."

ဦးကျော်မြတ်ခေါင်ကိုယ်တိုင် မြင်လိုက်ရပြီး ဒေါသတွေထွက်လာ၏။ သားဖြစ်သူရင်ဘက်ကို ဆွဲခါပစ်လိုက်ပြီး မျက်နှာချင်းပါကပ်၍..၊

"မိဘကိုရင်ဆိုင်တော်လှန်ဖို့ မင်းကဘာအားကိုးနဲ့လဲ.."

လူလူ့မျက်နှာက တင်းနေခဲ့လျက် အံကြိတ်ထားတာလည်း ဖိပိတ်ထားသည့်နှုတ်ခမ်းသားတွေပါ ပျောက်ကွယ်လုလုဖြစ်နေခဲ့ပြီး.. ။

"မင်း ဘာစိတ်တွေဝင်နေတာလဲ..မင်းအတွက် အားလုံးအဆင်သင့်ရှိတယ်၊ ဘာထပ်လိုချင်နေတာလဲ..အဲ့လိုမင်းငွေရှာနေဖို့ မလိုဘူး မြန်မာတစ်နိုင်ငံလုံး လိုချင်သလား၊ မင်းကိုဝယ်ပေးလို့ရတယ်.."

"ကျွန်တော်နေပူနေတယ်ဖေဖေ..ထီးတစ်ချောင်းပဲလိုချင်တာ၊ င်းနေရင် မြင်မြင်သမျှကိုသိချင်တယ်၊ မှောင်နေရင် အလင်းရောင်လို င်တယ်..ဖေဖေတို့ရဲ့ပြည့်စုံမှုတွေက သားအတွက်ဘယ်တော့လဲ၊ ဖေဖေ ချက်လုံးထဲမှာ ကျွန်တော်ကဘယ်တော့မှအရွယ်ရောက်မှာလဲ.."

"မင်းသတ္တိတွေကောင်းလှချေလားလူလူ.."

ဦးကျော်မြတ်ခေါင် ကိုယ့်သားကိုယ်မမြင်ဘူးသလိုကြည့်ရင်း ကျိ အံကြိတ်၏။

"ဟုတ်တယ်..မင်းအရွယ်မရောက်သေးဘူး၊ မင်းဘယ်အချိန်အ ရောက်မလဲဆိုတာ ငါတို့ပဲသတ်မှတ်မယ်..မင်းကိုယ်မင်းသတ်မှတ် ဘူး၊ မနက်ဖြန်ကစပြီး 'နတ်ရေကန်'ထဲက မင်းတစ်ဖဝါးမှမထွက်

အေကိုယ်တိုင်တစ်ချက်လွှတ်ချမှတ်လိုက်သဖြင့် လူလူ့မျက်နှာ ဖြစ်သွားသည်။ ပြီးတော့ တဖြည်းဖြည်းရဲတက်လာကာ.. ။

"မနက်ဖြန်မှမို့လား.."

ဦးကျော်မြတ်ခေါင်မျက်နှာကို တည့်တည့်မကြည့်ဘဲမေးသည်။ ပြီးတော့ တစ်ဖက်ကိုလည်ပင်းလိမ်အောင် လှည့်ထားလျက်.. ၊

"ကျွန်တော့်သူငယ်ချင်းတွေကို ဒီညနှုတ်ဆက်လိုက်မယ်.."

"ဘာကွ.."

"ကြည့်စမ်း..ဟဲ့ လူလူ၊ ခုရပ်နေစမ်း.."

လူလူက တားကာမှ ပြေးထွက်သွားသည်။ ဒေါ်မြပုလဲဖြူတို့ ဆတ်ဆတ်ခါကျန်ရစ်ခဲ့လျက်.. ၊

"အား..အောင့်လိုက်တာ.."

"ပုလဲ..ညီမလေး.."

ဒေါ်မြပုလဲဖြူ ယိမ်းယိုင်ခွေကျသွား၏။

"ပုလဲ..ပုလဲသတိထားလေ.."

ဦးကျော်မြတ်ခေါင် ဇနီးကိုပြေးပွေ့လိုက်ကာ.. ၊

"မမဦး..သူ့မှာနှလုံးရောဂါရှိတယ်.."

ဘုရား.. ၊

ကိုယ့်ညီမပေမယ့် ဒေါ်မြထွတ်ဦးခုမှသိလိုက်ရတာဖြစ်ကာ.. ၊

## အခန်း(၅၀)

ဒေါ်မြထွတ်ဦး ကိုယ့်အခန်းဆီခပ်လှုပ်လှုပ်ပြန်လာရင်း လူကအ ရှုပ်ကြိုးပြတ်ဖြစ်နေခဲ့၏။ ထို့ပြင် ဦးကျော်မြတ်ခေါင် ဖုန်းပြောနေသံ ကြားလိုက်သဖြင့် ခြေလှမ်းတုံ့သွားခဲ့ပြီး.. ၊

"ဟာ..အဲ့ဒါတော့ မင်းကိုဇော်ကိုမေးရမှာ၊ အဲ့ဆိုင်ကချာတိတ်မက သူနဲ့အရင်ငြိတာမို့လား..ခုဖြစ်ကြတာ ဘယ်မှာလဲ.."

"................."

"နီးပါ..ငါနဲ့က ပြောဆိုရင်းနီးရှုပဲ.."

"................."

"ဟုတ်မှာပေါ့..ဒါပေမယ့် ဒီကိစ္စတော့ ငါဆွဲမထည့်နဲ့၊ ငွေလိုတယ် ဆိုရင် ပေးမယ်.."

ဘာကိစ္စတွေလဲ..ချာတိတ်မဆိုတာ ဘယ်လိုပတ်သက်မှုတွေလဲ..၊ ...နီးဖြစ်တဲ့သူက ရောဂါရနေပြီ။ သားအတွက် စိတ်ပူရတာတစ်မျိုး ယော ...ျားကတစ်ဖွဲဖောက်နေတာလား..။ ပုလဲကတော့ အိမ်ထောင်ရေးနဲ့ ...တ်သက်ပြီး ညီအစ်မချင်းဘာမှရင်မဖွင့်ပြဘူးပါ။ ဘာမှမဟုတ်လို့ပဲ ...ား..မသိတာလား..။ ပုလဲက မာနကြီးသည်။ ပြိုင်ချင်ဆိုင်ချင်စိတ်တွေ

လည်း ပြင်းထန်၏။ ထို့ပြင် မယ်မယ့်အချစ်တော်ဖြစ်သလို မယ်မယ်ယုံကြည်စိတ်ချရဆုံး ညာလက်တော်ဆိုလည်း မမှားပေ။ သူမရဲ့ဂရုစိုက်အလေးထားမှုတွေက မယ်မယ့်ထက်ဘာမှမပိုခဲ့ဘူးဆိုရင် ကျော်မြတ်ခေါင်ဘယ်ခြေလှမ်းနေတယ်ဆိုတာ သူမသိနိုင်ပါ့မလား.. ၊ အစ်မကြီးမို့စိတ်ပူလာမိသည်။ ထိုစဉ် ဦးကျော်မြတ်ခေါင်ဖုန်းကိုင်လျက် ကော်ရစ်ဒါအကွေ့ကနေ ထွက်လာတာနှင့် ရင်ဆိုင်မိကာ.. ၊

"မမဦးမအိပ်သေးဘူးလား.."

"အင်း..ပုလဲနဲ့စကားပြောနေတာလေ၊ ခုနကမှ အိပ်သွားတာ..မင်းကိုလူလူနဲ့ ဖုန်းပြောနေတယ်ထင်တာ.."

ဦးကျော်မြတ်ခေါင် မျက်နှာတစ်ချက်ပျက်သွားသည်။ ပြီးမှ.. ၊

"သူ့ကိုကျွန်တော်လိုက်ရှာမလို့ပါ..ထွက်ပြေးပြီး ပုန်းနေမယ့်သူကဘယ်လိုလုပ်ဖုန်းအဆက်အသွယ်လုပ်မှာလဲ.."

ဒါကို မသိဘဲနေမလား..။ သူဖုန်းပြောနေတာ တချို့ကိုကိုယ်ကြားခဲ့မှန်း သိစေချင်ရဲ့။ ထိုစဉ် ကိုယ့်အိပ်ခန်းဆီက ဖုန်းသံသဲ့သဲ့လေးထွက်နေတာကို ကြားလိုက်ရ၏။ တိတ်ဆိတ်နေသည့်ညဥ့်နက်နက်မှာ ကိုယ့်ဖုန်းသံမှန်းသိလိုက်သဖြင့် ဒေါ်မြထွတ်ဦးဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်လာခဲ့သည်။ ပုလဲဘယ်လိုသဘောနဲ့ ဘာကြောင့်မတိုင်ပင်ချင်တာဖြစ်ဖြစ် သူမကတော့ ခုတလောမယ်မယ့်ဆီပုလဲသွားနေရသည့်အကြောင်းကိုလည်း သိချင်သည်။ ကိုယ့်ခင်ပွန်းကိုယ့်သမီးနဲ့ ပတ်သက်တာတချို့ကိုလည်း ပြောပြတိုင်ပင်ချင်လို့ပါ။ ခုတော့ သူမပြောရသည့်အဖြစ်ကိုမရောက်ခဲ့ဘဲ သူတို့အိမ်တွင်းရေးဂယက်တွေနဲ့ ချာချာလည်နေခဲ့ရလျက်.. ၊

"ဟလို.."

"မဦး..မင့်သမီးခုလေးတင် အပြင်ကပြန်လာတယ်၊ မင့်ကိုပြောသွားတာလား.."

"ဘယ်လို.."

"ငါပြီးတဲ့တစ်နာရီကျော်က အိမ်ပြန်ရောက်တယ်..သူအိပ်နေတာပဲထင်ပြီး ရေချိုးထမင်းစားလိုက်တယ်.."

"မျက်စိရှေ့ရောက်လာမှပဲ သိတယ်ပေါ့..နေပါဦး အစ်ကိုက ဒီ



ချိန်မှ အိမ်ပြန်လာတာလား.."

"ဟုတ်တယ်လေ..သင်တန်းမှာပြိုင်ပွဲတွေရှိလို့ အိမ်ပြန်နောက်ကျမယ်လို့ မင်းကိုပြောခဲ့သားပဲ.."

"ကိုးနာရီဆယ်နာရီထိ နောက်ကျနိုင်တယ်လို့ ထည့်ပြောခဲ့ပါလား အစ်ကို.."

ဦးအောင်သိခ်ထံမှ စကားသံဆောတိတ်သွားသည်။ ပြီးမှ.. ၊

"ဘာပဲဖြစ်ဖြစ် မင့်သမီးကို မင်းသိရဲ့သားနဲ့ အိမ်မှာထားခဲ့ပြီးသွားရလားမဦးရယ်..ပုလဲဆီသွားတာ ခေါ်သွားပါလား.."

အိမ်မှာ မောင်မောင်ရှိနေတာပဲမို့ ထားခဲ့တာပါ။ ဒီပုံစံအရ မောင်မောင်လည်း အိမ်မှာမရှိဘူးလား..။ မသိတာလား..။ ဘာမှလည်း ရှင်းပြမနေချင်တော့တာမို့ စိတ်ဆင်းရဲသွားခြင်းကို မျိုသိပ်ထားလိုက်တော့သည်။

"မဦး.."

"ထားလိုက်တော့အစ်ကို..ဒီည ကေသီတို့စံအိမ်မှာ ဝါဆိုသင်္ကန်းကပ်ဖို့ အလုပ်အကိုင်ရှိတယ်၊ သူအဲ့ဒီကိုသွားဖို့ပြောနေတာကို ကျွန်မမသိချင်ယောင်ဆောင်နေခဲ့တာ..မေးလည်း အဲ့ဒီအိမ်သွားတယ် ပြောမှာပဲ၊ ဒီကိုလည်း ဆက်မေးမနေနဲ့တော့.."

"ဆက်စရာလားကွာ..မင့်သမီးကိုယ့်မိဘလည်း ပြောသွားတာမဟုတ်ဘူး၊ ဟိုကိုလည်းမလာပါဘူးဆိုရင် ကိုယ့်သိက္ခာကိုယ်ချသလိုဖြစ်နေမှာပေါ့.."

"ဒါဆို သူပြန်လာချင်တဲ့အချိန် အိမ်ပြန်လာတာကို ဒီတိုင်းကြည့်နေလိုက်ရမှာလား..အစ်ကိုသူ့ကိုဆူလိုက်လို့လား.."

"မဦး..မင်းကိုငါပြောစရာရှိတယ်.."

"ဘာလဲ.."

ရင်ထဲမှာ တရှိန်ရှိန်ပူလောင်နေရပြီမို့ မေးသံက ဝေါက်ဆတ်ဆတ်ထွက်နိုင်သည်။ ဒါပေမယ့် မတတ်နိုင်။ ဦးအောင်သိခ်ကလည်း ဒါကို သတိထားမိပုံမရှိဘဲ လေသံကိုပို၍ နှိမ့်ချပြီး.. ၊

"မင့်သမီးနဲ့အာဏာသျှန့်ကို တွဲသွားတာမြင်တဲ့သူရှိတယ်.."

ဟင်.. ၊

ဒေါ်မြထွတ်ဦး အသံပင်မထွက်နိုင်တော့ဘဲ မွေ့ရာထက်ကိုနောက်ပြန်ထိုင်ကျသွားခဲ့သည်။ ဒီကောင်မလေး အိပ်ခန်းထဲမှာလည်း အာဏာသျှန့်ပုံတွေချည်း လျှောက်ကပ်ထားတာ နံရံတစ်ဖက်မှာအပြည့်။ ဒေါ်သဖြစ်ပြီး သွားဖြုတ်ချ ဆွဲဖြဲကြိုက်သလိုလုပ်ပစ်ခဲ့လည်း ပြန်ကြည့်လိုက်ရင် ဓာတ်ပုံတွေနံရံမှာ ပြည့်လျက်ပြည့်ဆဲ.. ၊

"သူကဇင့်ရင်ထဲမှာရှိနေတာမေမေ..ဓာတ်ပုံတွေကို မေမေဖြုပစ်နိုင်လည်း ဇင့်ရင်ထဲကအယ်လ်ဘန်မှာ အပြည့်အသိပ်ရှိတယ်.."

"သူ့ကိုဇင်ပဲပိုင်ရမှာ.."

"ဇင်သူ့ကိုဘယ်လိုမှ ဖျောက်လို့မရဘူး.."

"ဇင်မရတော့ရင်တောင် သူ့ဆီမှာကနတ်ရှိနေတာ ဇင်မခံစားနိုင်ဘူး.."

ဇင်ဘယ်လောက်ထိခေါင်းမာသလဲဆိုတာ အာဏာသျှန်နဲ့တွေ့လိုက်ပြီးကာမှ လက်ဖျားခါရတော့သည့်အဖြစ်။ ဆူနေသည့်လူက ပါးစ
ညောင်းသည်။ ရိုက်ရသည့်လူက လက်မှိုင်ချရသည်။ လူကြားမှာစိုးလိ
တိတ်တိတ်ကြိတ်ဆူလည်းမရ။ ကျယ်ကျယ်ပြောတော့ ပြန်ရွဲသည်။ ဒေ
မြတ်ထွတ်ဦး ကိုယ့်အဖြစ်ကို နားမလည်နိုင်တော့ပါ။ မောင်နှမသ
ယောက်ထဲမှာ သူမသည်အကြီးဆုံးအအေးဆုံးလို့ အားလုံးသတ်မှတ်
ကြသည်။ သူမဘဝမှာလည်း ပညာရေးကစပြီး ဒီနေ့အချိန်ထိ ကိုယ့်
သနာ ပညာရယ် စီးပွားရေးရယ်မှာ လုံးထွေးအချိန်ကုန်နေခဲ့သည်။ ဒါ
အပြစ်ဖြစ်သွားခဲ့တာလား..။ ဒါမှမဟုတ် သူမက မိခင်ကောင်းမပီသ
လား..။ ကိုယ့်တုန်းကလည်း မိဘကရိုက်နှက်ဆုံးမခဲ့ရတာ မဟုတ်သ
ကိုယ့်မှာလည်း ဒီလိုလွတ်လပ်ပျော်ပါးချင်တဲ့ စိတ်တွေမရှိခဲ့တော့ သ
မွေးထားသည့်အတွက် ပိုပြီးအထူးပြုဂရုစိုက်တာတွေ မလုပ်မိခဲ့
ကြောင့်ဒီလိုတွေ ဖြစ်ရတာဆိုရင် ဘယ်သူ့မှာအပြစ်ရှိသလဲ.. ၊

မိဘတိုင်းကတော့ ဆုံးမပုံကွာကြတာပဲရှိမည်။ မဆုံးမဘဲနေ
မည်မဟုတ်ပါ။ 'မိမဆုံးမ ဖမဆုံးမ'ဆိုသည့်စကားဟာ မိဘတွေ
တိုင် သားသမီးအတွက် ခေါင်းထိုးခံပေးထားသည့် စကားသာဖြ
လျှင် တကယ်က 'မိမနိုင် ဖမနိုင်'လက်လျှော့ထားသည့်အဖြစ်တွေ

"ကိုယ်မွေးထားတဲ့သားသမီးမှ ကိုယ်မနိုင်ရင် အဖေအမေအ



တော့ သွေးသားမို့ဓားနဲ့ခုတ်လို့မပြတ်ရင်လည်း တွဲထားတဲ့လက်ကို
ချပစ်လိုက်လို့ရတယ်..နာမည်တူချရေးမိရင်တောင် ဖျက်ပစ်လိုက်၊
ကိုယ့်ကိုယ်ကိုတောင်မပိုင်တာ..သူတစ်ထူးအတွက် ပူစရာမလိုဘူး"တဲ့..၊

ဒါကမယ်မယ့်ရဲ့ဝါဒ..။ သူမမှာတော့ ဒီလိုမာကျောနိုင်ပါ့လား..၊

"ကြားလားမဦး.."

"အင်း.."

"ငါ့ကိုသက်သက်မာ ဖုန်းဆက်ပြောတာ.."

သက်သက်မာဆိုတာ ဆွေမျိုးမကင်းတဲ့ထဲက တစ်ယောက်ဖြစ်
သည်။ ကနုတ်မင်္ဂလာပွဲမှာလည်း သူမတို့သားအမိကို မြင်လိုက်မိသေး
သည်။ ဒါကြောင့် သျှန့်ကိုသိနေတာလည်းဖြစ်နိုင်သည်။ ထို့ပြင် မိုးထိ
နဲ့တာဝတိံသာဖြစ်ပျက်ခဲ့သမျှအပေါ် ဘယ်ဘက်ကမှ မရပ်တည်
သူလည်း ဖြစ်နိုင်လေသည်။

"ဒါတွေသိနေတာတောင် အစ်ကို့သမီးကို ဘာမှမမေးမြန်းဘဲ အိပ်
လိုက်တာလား.."

"မေးရင် မင့်သမီးက မိဘရယ်လို့လေးစားကြောက်ရွံ့မှုနဲ့ဖြေမှာ
တော်ဘူး..ညအချိန်မတော်ကြီး ဒေါသဖြစ်စရာတွေပေါ်လာရင်ကောင်း
ပြီးတော့မဦး ဒါတွေက မိခင်ကပဲ အနီးကပ်ဆိုဆုံးမရမှာ..ငါအ
ဘာကို မင်းနည်းနည်းလေးမှ ဂရုမစိုက်ဘူး၊ မင်းရဲ့ဆေးရုံရယ်..
အားမရ မပြီးနိုင်တဲ့ဆေးပညာတွေရယ် အဲ့ဒီထဲမှာ ကိုယ့်သားသ
တွက် အချိန်ပေးဦးလေ.."

သာပြန်ပြီဒီစကားတွေ..။ ဆေးရုံထူထောင်တည်းက ဒီလုပ်ငန်းအ
မယ်မယ်ကသဘောမကျသလို ခင်ပွန်းဖြစ်သူက ကန့်ကွက်
ကြည်ကြည်သာသာရှိနေရင် ပြုးလို့ရယ်လို့ပေမယ့် ပြဿနာတစ်
ပြီဆို လက်ညှိုးထိုးတာ ဒါကြောင့်.. ၊

သူ့အနုပညာကျတော့ 'ငါကဝါသနာမို့ မပုတ်စော်ပါနဲ့ မစော်ကား
ဆေးပညာနဲ့ပတ်သက်လို့ လော့လာဆည်ပူးရင်း အားမရ
နေရတဲ့သူမကတော့ ဝါသနာမဟုတ်ဘူးလား...။ အနုပညာကပဲ
သက်ဆိုင်နေတာလား..။ သူမတို့လက်ထပ်ပြီးတည်းက နှစ်
လုံးရဲ့အလုပ်တွေကို မယ်မယ်သဘောကျခဲ့တာမဟုတ်..

"ညည်းက ကိုယ့်အလုပ်နဲ့ကိုယ် လုံးထွေးနစ်မွန်းနေတယ်..အနု ညာအကြောင်းပြပြီး မောင်အောင်ကအပြင်မှာနေမယ်၊ အဲ့ဒါ ဘယ် လောက်ပျက်စီးဖို့နီးတဲ့အလုပ်လဲသိရဲ့လားသမီး..အနုပညာလော လောက် ထိစပ်ရင်းနှီးလွယ်တာ မရှိဘူး၊ ဒီအလုပ်ကို မယ်မယ်လုံးလုံး မနှစ်မြို့ဘူး.."လို့လည်း ဖွင့်ပြောခဲ့ဖူး၏။ ခု ဘာတွေဖြစ်နေခဲ့သလဲ..

"ကျွန်မက အစ်ကို့ကိုပြန်မေးရင်ရော.."

ဖုန်းကိုင်ပြီး အကြာကြီးတိတ်နေပြီးမှ မေးလိုက်တော့ ဦးအော သိန်းဖြေသံလည်း ရုတ်တရက်ထွက်မလာပေ.. ।

"ဒီနေ့ရီဟာဇယ်က ချစ်ချစ်ချောတို့တိုက်ကြီးထဲမှာပဲလား.."

"ဘာဆိုင်လို့လဲမဦး..မင်းဘာပြောချင်တာလဲ.."

"အစ်ကို့ကိုလည်း 'ရှင်လည်းအဖေပဲ သမီးကိုဂရုစိုက်ပေးပါ' ကျွန်မမပြောပါဘူး..ဒါပေမယ့် ကိုယ့်ကိုယ်ကိုတော့ ဂရုစိုက်စေချင်တ တက္ကသိုလ်ကျောင်းသူလေးတွေဆိုတာ.."

"တော်တော့မဦး..ဒီကလေးမလေးတွေကို ကိုယ့်သားသမီးအရွ လေးတွေမို့ ကိုယ်ကတောင်ဆုံးမပေးနေသေးတာ၊ သူတို့မိဘမောင်ဘ တွေကလည်း ကိုယ့်သိက္ခာကို ယုံကြည်ကြတယ်..သူတို့ကိုယ်တို ကိုယ့်ဆီမှာ သေချာအပ်ထားခဲ့တာ၊ မင်းစကားပြောတာ မလွတ်စေနဲ့.

"ကျွန်မဘာမှမပြောရသေးပါဘူး..အစ်ကို့ကို သတိပေးတာ ကျွန်မတို့ ရိုးသားကြတယ်..ကိုယ့်ဝါသနာပါတဲ့အလုပ်တွေနဲ့ ရပ်တ ခဲ့ကြတယ်၊ နှစ်ဖက်မိဘ ဘယ်လောက်ချမ်းသာနေနေ ဘယ်သူမှ စားမနေချင်ကြဘူး..ကျွန်မတို့ချင်း နားလည်ခဲ့တယ်မို့လား၊ အဲ့ဒါကြေ ဒီအိမ်ထောင့်တာဝန်ဆိုတာလည်း ကျွန်မတို့ချင်းချိတ်ဆက်ပေးယူ ရုံပဲ..နင့်ကြောင့် ငါ့ကြောင့်ဆိုတာမရှိဘူး၊ နင်လုပ်မှ ငါလုပ်မှခွဲခြား သတ်နေဖို့လည်း မလိုဘူး..မြတ်ပန်းသဇင်က အစ်ကိုနဲ့ကျွန်မရဲ့သမီ

ပြောပြီး နှုတ်မဆက်ဘဲဖုန်းချပစ်လိုက်သည်။ သားသမီးတာ က အမေတွေမှာပဲ ရှိတာလား.. ।

☎

## အခန်း(၅၁)

"သမီးမှာအမေမရှိဘူးယမုံ..ဒါကြောင့် ငါ့သမီးအတွက် ငါ့မှာပဲ နရှိလို့ ငါစိတ်မအေးနိုင်တာ.."

"တာဝန်ဆိုတာ ယူချင်စိတ်ရှိတိုင်းလည်း ယူလို့မရဘူး.."

သား.. ।

ဒေါ်ယမုံခင် ထိတ်လန့်သွားသည်။ ဦးမြမင်းစံရုတ်တရက်နောက် ကြည့်ပေမယ့် အံကြိတ်လိုက်ပြီးမှ.. ।

"မင်းရောက်လာတာ အတော်ပဲပေါ့.."

"အဟွန်း.."

ိုက်ခန်းရှေ့မှာရပ်နေသည့်အဖြစ်ကနေ သူ့ဘက်ကိုလှည့်ကြည့်

"ကနတ့်ကိစ္စ ငါမင်းနဲ့ပြောချင်တယ်.."

"ကျွန်တော်ကပြောချင်စိတ်မရှိဘူး.."

ပြောပြီး အထဲဝင်ဖို့ ကွေ့ရှောင်လာခဲ့၏။ ပြီးမှ ပြန်ငဲ့ကြည့်ကာ..၊

ခင်ဗျားတို့ကျွန်တော့်ကို ရှာဖွေရောက်လာကြတာ ဂုဏ်ယူနေတဲ့

"ငါ့အပြင်ဘယ်သူလာသေးလို့လဲ.."

သူတောင် ဒီနားမှာပဲ လာပတ်ရှာနေခဲ့တာ သုံးခေါက်မြောက် တွေ့ခဲ့တာပါ။ ဦးမြမင်းစံ နားရှုပ်သွားသလို ဒေါ်ယမုံခင်လည်း သွားသည်။ ခင်ပြန်ပြောလိုက်လို့ လာတယ်ပဲထင်ခဲ့ပေမယ့်.. ၊

"တခြားသူကို ကျွန်တော်မပြောဘူး..ခင်ဗျားနောက်ထပ်လ ခင်ဗျားသမီးကို ကျွန်တော်ရောင်းစားပစ်မှာ.."

"ဘာကွ.."

ဦးမြမင်းစံ ဒေါသတကြီးရှေ့တိုးကာ ရင်ဘက်ဆီလက်ပြင်လ သျှန်က ထိုလက်ကိုပုတ်ထုတ်ပစ်လိုက်ကာ.. ၊

"ပထမဆုံးနဲ့နောက်ဆုံးသတိပေးမယ်..ဒီကိုနောက်ထပ်မလ

"မင်းကများ.."

"နောက်ဆုံးအနေနဲ့ ပြောလို့ရတယ်..အခုဘာကိစ္စလဲ.."

ဦးမြမင်းစံမျက်နှာကြီး နီရဲတက်လာခဲ့လျက် သျှန့်ကိုစက် ရှာသလို စူးစိုက်ကြည့်သည်။

"ငါကမယ်မယ့်ဘက်က မသင့်မြတ်မှုတွေအပေါ် မျှတစေ သူ..ငါ့သမီးမင်းနဲ့ပါသွားတဲ့အတွက် စော်ကားတဲ့လုပ်ရပ်မို့ မင် ပေမယ့် မင်းဘက်ကမိသားဖသားပီပီ အဆုံးသတ်ပေးမယ်ဆိုရင် ပြောဖို့မရှိတဲ့သူ.."

"အဲ့ဒီတော့ ခင်ဗျားသမီးကို လက်ထပ်စေချင်တာလား.."

"မိကောင်းဖခင်သားသမီးဆိုရင် ဒီတိုင်းလုပ်ရမှာပဲ.."

"ဟား ဟား ဟား.."

သျှန်က မျက်နှာမော့ရယ်လိုက်ရင်း စေ့စေ့ကြည့်၏။

"ကျွန်တော်ဘယ်သူ့သားသမီးလဲ..ခင်ဗျားတို့ထက်ဘယ် မှာလဲ.."

ဦးမြမင်းစံ ဒေါ်ယမုံခင့်ဆီမျက်လုံးရောက်သွားပြီး မျက်ခ လွှဲ၏။ သျှန်က မဲ့ပြုံးနှင့်.. ၊

"အဲ့ဒီတော့ အချိန်ကုန်သက်သာအောင် ဖြစ်နိုင်ချေရှိတာ လိုက်မယ်..ပထမဖြစ်နိုင်ချေက ဒေါ်မြမင်းသီရိကိုယ်တိုင် ငါ့ ကိုပြန်ပေးပါပြောပြီး ဒီတိုက်ခန်းရှေ့မှာ ဆယ်မိနစ်တိတိလာရပ်



ကနုတ်ရောင်ကို ပြန်ထည့်ပေးမယ်.."

"သား.."

"မင်းမိုက်ရိုင်းလှချေလားအာဏာသျှန်..သူများသားသမီးကို ဟင်း ရွက်ကန်စွန်းလို ခိုးယူပေါင်းသင်းပြီး လက်ထပ်ယူဖို့ကိုငြင်းတယ်.."

"ကျွန်တော်ကခိုးယူခဲ့တာဆိုရင်လည်း ခိုးထည့်လိုက်တာနဲ့ ဘာ ကွာသွားလို့လဲ..ဟိုအရင်တုန်းက ဦးနေမင်းသစ်ပေါက်စကို ဒေါ်မြမင်းသီ ရိဘာလုပ်ခဲ့သလဲ..ခင်ဗျားထပ်ကြားချင်ရင် သွားပြန်မေးလိုက်.."

"ဘာဖြစ်ဖြစ် အဲ့ဒါလည်းတင့်တောင့်တင့်တယ်.."

"ဘာဖြစ်ဖြစ် ဘယ်နေရာကိုလုံးထွေးပစ်လိုက်တာလဲ..တင့်တောင့် တင့်တယ်လိမ်လည်မှုဆိုတာ ရှိသလား.."

"ဒါပေမယ့် ငါ့သမီးလေးက အဖြူထည်လေးပါ.."

"မေမေ့တုန်းကရော.."

ဦးမြမင်းစံ ဆွံ့အသွားခဲ့၏။

"ကျွန်တော့်ကိုစော်ကားလိုက်တာက အဆစ်လား.."

မပြောနိုင်တော့သည့်အပြင် ဦးမြမင်းစံမျက်နှာလွှဲပစ်မိကာ.. ၊

"ဟယ်..ဖေကြီး.."

အားလုံး၏အခြေအနေ ဆိုးရွားလာခဲ့သည့်အဖြစ်မှာ ကနုတ်ကအ ပြင်ထွက်လာခဲ့၏။

"သမီး.."

ဦးမြမင်းစံရင်ထဲ ဆို့နင့်ပူလောင်သွားသည်။ စံအိမ်မှာဆို သနပ် ခါးပါးကွက်ပါးပါးလေးနှင့် ပန်းတွေဝေနေအောင် ပန်ထားတတ်သည့် သမီးမျက်နှာလေးက ခုတော့ သနပ်ခါးမရှိ ပန်းမတင်ဘဲ ဆံပင်တွေကို နောက်မှာသားရေကွင်းနဲ့ စည်းထားတာလား ဘာလုပ်ထားသည်မသိ ကပိုကရို.. ၊

အဖြူရောင် ခပ်ပါးပါးဂါဝန်ရှည်လေးနှင့် ကလေးဆန်ဆန်နုငယ် ပနေပေမယ့် သမီးဘဝနစ်မွန်းခဲ့ပြီမှန်း သူသိသည်။ ယူကျုံးမရသည့် အကြည့်တွေက ဒေါ်ယမုံခင့်ဆီရောက်သွားလျှင် 'နင်တို့လုပ်ရက်တယ်' ဆိုသည့် မျက်လုံးတွေကို ဒေါ်ယမုံခင်နားလည်သွားကာ.. ၊

"သမီးလေးကို ကျွန်မတို့ဂရုစိုက်စောင့်ရှောက်.."

"အသုံးဝင်နေသရွေ့ သူ့ကိုကောင်းကောင်းမွှန်မွှန်ထားမှာပါ.."

ဒေါ်ယမုံခင် ရှင်းပြဖို့ပေမယ့် သျှန်ကစပ်ရိရိဝင်ပြောသည်။ ဦးမြမင်းစံဒေါသမထိန်းနိုင်ဖြစ်လာကာ.. ।

"လူပါးဝတဲ့ကောင်..မင်းဘာတွေခံရလဲ မစာနာနိုင်ဘူး၊ ငါ့သမီးလေးက မိန်းမသားကွ.."

ကြိမ်းဝါးပြောရင်း လက်သီးနဲ့ပြေးထိုးလေသည်။ သျှန်က နှုတ်ခမ်းလှုပ်ရုံပြုံးရင်း မျက်နှာအသာလေးငဲ့ရှောင်လိုက်၏။ နောက်ထပ်ထိုးသည့်လက်ကို လူပါယိုင်သွားတဲ့အထိ ပုတ်ထုတ်ပစ်လိုက်ပြီး.. ।

"မိန်းမသားမို့ခေါ်လာတာပဲ..ဒေါ်မြမင်းသီရိကို ပြောပြလိုက်ပါ သူ့မြေးကျွန်မျိုးဖြစ်သွားပြီ..ဒါပေမယ့် မယောသီတော့မဖြစ်နိုင်သေးဘူးလို့.."

"မဟုတ်ဘူး..မဟုတ်ဘူး၊ အဲ့ဒါမဟုတ်ဘူးဖေကြီး..ကနုတ်ဘာမှမဖြစ်ဘူး၊ အန်တီကလည်း ကနုတ့်ကိုချစ်.."

"သွားစမ်း.."

"အား.."

"ဟိတ်ကောင်..မင်း ငါ့သမီးကို.."

အိမ်ရှေ့မှာလူတွေဝိုင်းအုံလာသည်။ ဒေါ်ယမုံ မျက်နှာပျက်ပျက်နှင့် ဦးမြမင်းစံရှေ့ကနေ တားဆီးထားလိုက်ပြီး.. ।

"အစ်ကိုလေးပြန်ပါ..ကိုယ့်မိဘရဲ့ဂုဏ်သိက္ခာကို ပြန်ငဲ့ဖို့စိတ်ကူးရှိသေးရင် ပြန်ပါတော့၊ နောက်ထပ်လည်းမလာပါနဲ့.."

"နင်တို့.."

ဦးမြမင်းစံ ရှေ့ထပ်တိုးသည်။ ထပ်ပြောဖို့ပြင်၏။ သို့သော် အုံ လာသည့်လူတွေကို ငဲ့ကြည့်လိုက်မိပြီး နောက်ပြန်ဆုတ်လိုက်ရ၏။

"တောက်..ခွေးလိုရိုင်းတဲ့ကောင်.."

☎

## အခန်း(၅၂)

"ဂျိမ်း.."

တံခါးကိုဆောင့်ကန်ပိတ်လိုက်ပြီး ကနုတ့်ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ဆွဲယူကာ.. ।

"မင်းကိုဘယ်သူက ထွက်လာခိုင်းလို့လဲ..ဘယ်သူကစကားဝင်ပြောခွင့်ပေးလို့လဲ၊ မင်းတို့ရဲ့လူမဆန်တဲ့မိသားစုတွေကို ဘာစကားတွေနဲ့ သိမ့်ချင်တာလဲ..ငါ့ကိုအရှုံးကွက်မနင်းနဲ့၊ မင်းခေါင်းထဲမှာ သချာ်တွေရင်တောင် တာဝတီံသာကိုဘယ်နည်းနဲ့ချတွက်တွက် မိုင်းနပ်စ်ဖီးရိုးချက်အောင် ငါလုပ်နိုင်တယ်.."

"အား..ကနုတ်အရမ်းနာနေပြီ၊ လွှတ်.."

"ငြိမ်ငြိမ်နေ.."

"ဦးသျှန်လည်းလွှတ်ပါလား.."

ရှန်းမရသည့်အပြင် နာကျင်လွန်းသဖြင့် မျက်ရည်တွေပါဝေ့လည်လာကာ.. ।

"ကနုတ့်ခေါင်းထဲမှာ ဘာသချာ်မှမရှိဘူး..ရှင်ကြီးကနုတ့်ကိုအမေမှခေါ်လာတယ်၊ကနုတ်အရမ်းမုန်းတယ်..ကြောက်လည်းကြောက်တယ်

ဒါပေမယ့် အမြဲတမ်းတစ်နေရာတည်းမှာ ပိတ်လှောင်နေခဲ့ရလို့ ကနုတ် ဒီမှာနေရတာ ကျေနပ်တယ်..ဒါပဲ၊ ဒီကငိုရယ်မနေတာနဲ့ ရှင်နဲ့နေရတာ သဘောကျလွန်းလို့ ထင်နေလား..”

ဒီလိုလေသံမျိုးနဲ့ မအော်စဖူး ကနုတ်အသည်းအသန်ပြန်အော်သည်။ ငိုလည်းငို၏။

“ရှင့်ကိုယ်ရှင်ချောတယ်ဆိုပြီး မာန်တက်မနေနဲ့..ကနုတ်ရှင့်ကိုမကြိုက်ဘူး၊ ရှင်ကလက်ထပ်မယ်ဆိုရင်တောင် ဘယ်တော့မှမထပ်ဘူးသိရဲ့လား..ဖေဖေ့ကိုသနားလို့ စိတ်ချမ်းသာအောင်ပြောပေးရုံကို..”

ပခုံးလေးတွေတုန်နေအောင် ငိုချပစ်သည်။ မျက်ရည်တို့ဖြင့် စိုကပ ပူးတွဲနေသည့် မျက်တောင်ရှည်တို့သည် လက်နဲ့ပွတ်မဖျက်သရွေ့ စိုရွဲ အိုင်ထွန်းနေခဲ့လျက်.. ၊

“ဝဋ်ဆိုတာ လည်တတ်တယ်..ဖေကြီးလိုရှင်လည်း အဖေဖြစ်လာ မှာပဲ၊ ရှင့်သမီးကျမှ သူများကခိုးယူပေါင်းသင်းလိမ့်မယ်..လက်ထပ်မယူ နိုင်ပါဘူး အပြောခံရလိမ့်မယ်၊ ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့..ဖေ ကြီးက ဝဋ်ရှိလို့အပြောခံရပြီးပြီ၊ ရှင့်အလှည့်လာလိမ့်မယ်..မြန်မြန်လာ ပါစေ များများအပြောခံရပါစေ..”

“ကောင်းတာပေါ့..အဲ့ဒီသမီးမျိုး မင်းနဲ့ငါကမွေးလာမယ်ဆို ဘယ် လိုလဲ..”

ဟင်.. ၊

ကနုတ့်ငိုချင်းသံ တိခနဲပြတ်တောက်သွားသည်။ သျှန်က ဖိဆု ကိုင်ထားသည့်လက်တို့ကိုလွှတ်၍ နောက်ဆုတ်ရပ်လိုက်ပြီး.. ၊

“မင်းအဖေဝဋ်လည်နေတာကို မင်းနားလည်တယ်မို့လား..အခု အ ပြောခံရမယ့် ဝဋ်ကြွေးပြီးပြီ၊ ဒါပေမယ့် စိတ်ဆင်းရဲငိုကြွေးရဖို့ ကျန်ေ သေးတယ်..ဒီညဒင်နာရှိတယ်၊ ငါပေးတဲ့အဝတ်ကိုဝတ်ပြီး မင်းလိုက် ရမယ်..”

မျက်နှာကိုစိုက်ကြည့်ပြီး ပြောသွားသည်။ ပြီးတော့ တံခါးဆွဲပွ ပြီး ထွက်သွားခဲ့၏။ သိပ်မကြာခင် သူပြန်ဝင်လာတော့ ကနုတ်မျက်ရ တောင် မသုတ်အားဘဲ သူပြောသွားတာကို တွေးနေတုန်း.. ၊

“ရော့..”



“အဲ့ဒါ..ဘာတွေလဲ..”

မွေ့ရာပေါ်ကို ဘုတ်ခနဲပစ်ကျသွားသည့် အထုပ်ကိုလိုက်ကြည့်မိသည်။ အဝတ်စားဆိုတာသိပေမယ့် ပြောသွားတာကို ခုထိသူမနားမလည်ပေ။ ဒင်နာဆိုတာ ညစာကိုပြောမှန်းသိသော်လည်း.. ၊

“အဲ့ဒါမင်းဝတ်ရမယ့် အင်္ကျီပဲ..ဟင့်အင်းတစ်ခွန်းမှမပြောနဲ့၊ ဒါကို မဝတ်ဘူးဆိုရင် ဒီ့ထက်ဆိုးတာ ထပ်လာမယ်..ငါကိုယ်တိုင်ဝတ်ပေးမယ်၊ မပြောမရှိနဲ့..”

ဒါ ဘာတွေမို့လဲ. ၊

ကနုတ် မျက်လုံးကိုလက်ခုံနဲ့ဖြစ်သလို ဆွဲပွတ်ပစ်ရင်း ခုတင်ပေါ် ပြေးထိုင်သည်။ အင်္ကျီဆိုသည့်အထည်စကို ဆွဲထုတ်လိုက်လျှင်.. ၊

ဘာကြီးလဲ.. ၊

ပါးလျသောအသားရောင်ဂါဝန်..။ ဂါဝန်ဆိုတာ လည်ပင်းလိုလို ချိုင်းပေါက်လိုလို အပေါက်နဲ့တူတာတွေ မြင်သောကြောင့် ဂါဝန်လို့ပဲ သတ်မှတ်လိုက်ရပေမယ့် ဘယ်လိုဝတ်ရမလဲ ဘယ်လိုပုံစံချုပ်ထားတာ လဲဆိုတာ အင်္ကျီတစ်ထည်လုံးချာလပတ်ရမ်းအောင် လှည့်ပတ်ကြည့်တာ သည်းမသိ။ ပြီးတော့ အင်္ကျီကပါးပါးလေးရယ်။ လက်ထိုးခံပြီးကြည့် လိုက်တော့ အသားရောင်ဖြစ်သည့်အပြင် အထဲကအသားရောင်ကိုပါ ထွင်းဖောက်မြင်နေရသေးသည်။ အတွင်းခံဝတ်ထားရင်တောင် အရောင် အတိုင်းမြင်နေရမှာ သေချာနေကာ.. ၊

ဘာလို့ဝတ်ရမှာလဲ..အန်တီနဲ့ တိုင်ပြောမယ်.. ၊

အင်္ကျီကိုဖြစ်သလိုလုံးထွေးပိုက်၍ အပြင်ကိုအမောတကောထွက် လာခဲ့မိသည်။ သို့သော်.. ၊

“မေမေစိတ်ချမယ်နော်သား..ကနုတ့်ကိုဘာမှထပ်ပြောထပ်ဆူလုပ် မနေနဲ့၊ ခုဖြစ်တဲ့ပြဿနာကို ကနုတ့်ကိုဘာမှဆူစရာမလိုဘူး..”

“သွားစရာရှိတာသွားပါမေမေရာ..အခုကျွန်တော် ဘာတွေပြောဆို နေလို့လဲ..”

ပြောဖို့ဆိုဖို့ဆွဲထုတ်သွားခဲ့တာကကိုယ်။ အထဲမှာမယ်မင်းကြီးမ လာဆို ကျိန်တွယ်နေလိုက်တာ မိန်းမမယူရသေးဘဲ ကလေးပါမွေးလိုက် ရတာဖြစ်။ ဒီကောင်မလေးအတွက်များ ဘာတွေပူပင်နေတာလဲ..။ မသိ

တာလဲမရှိ။ မတတ်တာလည်း မရှိ.. ။

"ဝတ်ရွတ်မှာ ပဌာန်းပူဇော်မှာနဲ့ မေမေညဥ့်နက်မှာ..တော်သေးတာပေါ့၊ ပြဿနာထတက်တော့ မသွားဖြစ်တော့ဘူးထင်နေတာ.."

"ဟုတ်တယ်..ကျွန်တော်လည်းအပြင်မှာ ဒင်နာရှိတော့ အိမ်ပြန်နောက်ကျမှာ၊ မေမေအရင်ပြန်ရောက်ရင် စိတ်မပူနဲ့နော်.."

"သားကိုမေမေစိတ်ချပါတယ်..ကနုတ်တစ်ယောက်တည်းကြောက်နေပါ့မယ်သားရယ်၊ သိပ်ညဥ့်နက်အောင်တော့ မနေနဲ့နော်.."

"မေမေစိုးရိမ်မှာသိတယ်..အဲ့ဒါကြောင့် သူ့ပါခေါ်သွားမှာ.."

ဟင်.. ။ ဒေါ်ယမုံခင် ခြေလှမ်းတုံ့သွားသည်။ သို့သော် လာခေါ်သည့်ကား ဟွန်းသံကြားလိုက်ရသဖြင့် အနားမှာချထားသည့် ဝတ်စုံထည့်ထားသည့် လက်ဆွဲအိတ်လေးကို ကောက်ယူလိုက်သည်။ ပြီးတော့ ဆလင်းဘက်ကို ပခုံးပေါ်ထပ်ဆွဲတင်လိုက်ရင်း.. ။

"သား.."

"ကဲပါမေမေရာ..ဘာမှမပူပါနဲ့၊ မေမေ့သားလူရမ်းကားမဟုတ်ပါဘူး.."

ရမ်းကားမှာကို ပူတာမဟုတ်ပါ။ ဒါပေမယ့် စိတ်ပူနေတာက သ... သပ်။ ညည သျှန်ဖုန်းပြောနေတာတွေမှာ တာဝတိံသာကအုပ်စုတစ်... လုံးနာမည်တွေပါနေတာကို နေ့တိုင်းရင်ပူနေရသည်။ သားဘာတွေလု... နေသလဲ..ကနုတ့်ကိုတာ့ဂတ်ထားတာအပြင် ဘာတွေရှိနေသေးတာလဲ... ဒေါ်ယမုံခင် နောက်ဆံတင်းစွာထွက်သွားရသလို ကနုတ်အားကိုးမဲ့... ကျန်ရစ်ခဲ့လေသည်။

"အေး..မျိုးခိုင်လာခေါ်တယ်၊ ငါလိုက်မပို့တော့ဘူး..မေမေက မ... ကြီးတော်တစ်ယောက်နဲ့ပဲသိတာ၊ သေချာမိတ်ဆက်ပေးလိုက်ဦး.."

"..................."

"လာမှာလေ..ခုနစ်နာရီမထိုးခင်ဆုံမယ်.."

ဖုန်းပြောရင်း လှည့်ဝင်လာတော့ ကနုတ်ရပ်ငေးနေတာကိုမြင်... သူမကိုရှောင်ထွက်လာခဲ့ရင်း.. ။

"နှစ်ယောက်လာမှာပဲ..ဒါပေမယ့် အတွဲမဟုတ်ဘူး.."

## အခန်း(၅၃)

"ဒုန်း.."

တံခါးထုပစ်လိုက်သဖြင့် ကနုတ်မျက်ရည်သုတ်၍ ထရပ်လိုက်မိသည်။

"ဟိတ်..ဘာလုပ်နေတာလဲ၊ မေးနေတာမကြားဘူးလား.."

"ကနုတ်မှမပြီးသေးတာ.."

"မပြီးသေးရင် မပြီးသေးဘူးဖြေပေါ့..တောက်၊ ဘာလုပ်နေလို့လဲ..ကိုစောင့်နေတာ နာရီဝက်ရှိပြီ.."

"မသိဘူး..ကနုတ်ဘာမှမလုပ်တတ်ဘူး.."

"ဒုန်း.."

"အား.."

ကနုတ်လန့်ဖျန့်အော်ကာ မွေ့ရာပေါ်က တဘက်ပြေးကောက်ပြီး ...ဘက်ကိုကွယ်ထားလိုက်သည်။ သူမရေချိုးခန်းဝင်တာ ထမီရင်လျား ... အကျီမဝတ်ရသေးသည့်ကိုယ်မှာ ဖွေးနုသည့်ရင်ဘက်ဖွေးဖွေးလေး ... ဒီအတိုင်း။ သျှန်နည်းနည်းတော့ တွန့်သွားပေမယ့် ဘာလုပ်နေ ...သိ၊ ဘယ်တော့မှမထွက်လာမယ်မှန်းမသိကို ထိုင်စောင့်မနေနိုင်..

"မင်းဘာမှလည်း မပြင်ဆင်ရသေးဘဲနဲ့ ဘာလုပ်နေတာလဲဒီအချိန်ထိ.."

ဘာမှလိမ်းခြယ်မထားသည့်မျက်နှာလေးက ပြောင်ပြောင်တင်းတင်းလေးရှိနေကာ ဆံပင်ကိုတဘက်နဲ့ရစ်ပြီး ခေါင်းမှာပြန်ပေါင်းထားသည်။ ဒီတိုင်းထမီရင်လျားနဲ့ရှိနေဆဲဖြစ်လျက် လက်ထဲမှာ တဘက်နဲ့လုံးထွေးနေသည့်အင်္ကျီကို သူကြည့်လိုက်လျှင်.. ၊

"ဒါကြီးကအင်္ကျီမှမဟုတ်တာ.."

ပြချင်လွန်းလို့ အင်္ကျီကိုရှေ့ထုတ်ပေမယ့် ရင်ဘက်နဲ့ကပ်ဖိထားသည့်တဘက်နဲ့ရောနေသဖြင့် လက်ဆန့်မယ်ကြံလိုက် တဘက်နဲ့လုံးထွေးနေသောကြောင့် ပြန်ဖိပြန်ဆွဲအလုပ်ရှုပ်နေရင်း.. ၊

"ဒါ..ဒါက သြော် ပြပါမယ်ဆိုမှ.."

သူမဘာသာစိတ်မရှည်ဖြစ်နေစဉ် သျှန်ကအင်္ကျီကိုလှမ်းဆွဲလိုက်၏။ ထိုအခါ တဘက်ကိုပါဆွဲခါလိုက်သလိုဖြစ်ကာ ထမီရင်လျားလေးနဲ့ကျန်ရစ်ခဲ့ပြီး ကနုတ်လန့်ဖျန့်အော်လေသည်။ ပြီးတော့ ခေါင်းအုံးပြေးကောက်ပြီး မေးဖျားအောက်ထိ ကပ်ဖိထားလိုက်ကာ.. ၊

"အဲ့ဒါအင်္ကျီမဟုတ်ဘူး..ဖက်လုံးစွပ်ကြီး.."

"လျှောက်ပြောမနေနဲ့.."

လှည့်အော်လိုက်ပြီး ဂါဝန်ကိုအပေါ်နဲ့အောက်ရှာနေရင်း သူလည်းချာလည်လည်နေလျှင်.. ၊

"တွေ့လား..ဖက်လုံးစွပ်ကြီးပါဆိုမှ.."

"ရပြီ.."

သူရပြီဆိုတော့ ကနုတ်စိတ်ဝင်စားသွားကာ ရှေ့တိုးကြည့်၏၊

"ရော့..ခုချက်ချင်းသွားဝတ်.."

"ဒါ ဒါကြီးကအင်္ကျီ.."

"ဒီမှာလည်ပင်းပေါက်..ပခုံးတစ်ဖက်ကဒီမှာ.."

"တစ်ဖက်ကရော.."

"မပါဘူး.."

"မပါဘူး.."

သံယောင်လိုက်ပြောရင်း မျက်လုံးလေးဝိုင်းနေလျှင် သျှန်ကနု



ကြည့်လိုက်ပြီး.. ၊

"ကဲ..မင်းဝတ်မှာလား၊ ငါဝတ်ပေးရမလား.."

"ပေး.."

အင်္ကျီကိုဆွဲယူပြီး အဝတ်လဲသည့်ကန့်လန့်ကာနောက်ကိုဝင်သွား၏။ ထိုစဉ် ဖုန်းဝင်လာသဖြင့် သျှန်ကဖုန်းပြောရင်း ကြမ်းပေါ်လွင့်ကျသွားသည့် စာရွက်ခေါက်လေးတစ်ခုကို သွားကောက်လိုက်သည်။

"အေး..ငါနဲ့ပြောပြီးပြီ၊ သူတို့အရောင်းအဝယ်ဖြစ်မယ့်အချိန် အတိအကျသတ်မှတ်ပေးလိုက်.."

"................"

"အဲ့ဒါဖုံးဖိထားဖို့မလိုဘူး..အထဲမှာဘာပါမယ်ဆိုတာ ပြောပြလိုက်တယ်.."

"................"

"အဟွန်း..ပူမနေနဲ့၊ ဒီကောင်လေးဂရုစိုက်မှာမဟုတ်ဘူး..အားလုံးဆန္ဒအတိုင်း ငါဖြစ်စေချင်သလို ဖြစ်သွားလိမ့်မယ်.."

ဖုန်းပြောရင်း စာရွက်ခေါက်လေးကို လက်တစ်ဖက်ကဖြန့်ကြည့်လိုက်လျှင်.. ၊

ဘီလူးကြီးအာဏာသျှန်

သရဲကြီးအာဏာသျှန်

သူ့ထက်ကြီးတဲ့သရဲကြီးလာပြီး ဂုတ်ချိုးသတ်ပါစေ

"အား..မရတော့ဘူး.."

စာရွက်ခေါက်ကို စားပွဲပေါ်ပစ်တင်လိုက်ပြီး သျှန်နောက်လှည့်လိုက်လျှင် ကန့်လန့်နောက်မှာ ကနုတ်လှုပ်စိလှုပ်စိလေးဖြစ်နေကာ..

"အား..သေပြီ.."

"ဘာဖြစ်နေတာလဲ.."

သူမေးလိုက်တော့ သူမတစ်ချက်ငြိမ်သွားသည်။ ဖုန်းပြောပြီးထွက်လာသင်သောကြောင့် သူ့အသံကြားလိုက်တော့ လန့်သွားသည်။ ဒါလည်းအကြောင်းပြကောင်းပဲလို့ တွက်မိကာ.. ၊

"အင်္ကျီကမတော်ဘူး..အရမ်းကျပ်တယ်၊ နောက်ကဇစ်ကြီးကိုဆွဲတင်လို့မှ မရဘူး..အန်တီဝယ်ပေးထားတဲ့ ကနုတ့်အင်္ကျီအ

အသစ်တစ်ထည်ပဲ.."

"ရှိ..."

"အမလေး.."

အားပါးတရသတင်းပို့နေတုန်း ကန့်လန့်ကာကရှိုးခနဲရုတ်ဖ သွား၏။ သျှန့်ကိုမြင်လိုက်တာနှင့် ကနုတ်ကိုယ့်ပုံစံဖရိုဖရဲကို ကာကွ ချိန်မရတော့ဘဲ ထွက်ပြေးဖို့ခြေလှမ်းပြင်၏။ မှောင်ရိပ်ကျနေသော လင်းရောင်မှုန်ဝါးဝါးမှာ သျှန်ကကနုတ့်လက်မောင်းလေးကို ဖမ်းဆွဲ လိုက်ကာ.. ၊

"အင်္ကျီမတော်တာမဟုတ်ဘူး..အဲ့ဒါကို ကိုယ်ကျပ်အင်္ကျီလို့ တယ်.."

"ကိုယ်ကျပ်အင်္ကျီကို ကနုတ်မှမဝတ်ချင်တာ.."

"မင်းဝတ်ချင်တာဝတ်လာလို့ ငါပြောခဲ့သလား.."

"ဟင့်အင်း..ကနုတ်ပြန်ချွတ်မှာ၊ မဝတ်ဘူးနော်..လုံးဝ အား

ကနုတ့်ကိုယ်လေးကို သူ့ရင်ဘက်နဲ့ဆွဲကပ်ပြီး ဖိချုပ်ထား သည်။ ပြီးတော့ အင်္ကျီဇစ်ကိုဆွဲပေးဖို့ဖြစ်သော်လည်း သျှန့်တစ်ကိ လုံး ဖျင်းခနဲပူနွေးသွားသည်။ ကိုယ်ထင်သလို ဖိချုပ်ပွေ့ဖက်ထား သတိရလိုက်သည်က သူဖက်ထားခဲ့တာ အဝတ်ထုပ်တစ်ထုပ်မဟု ထပ်ကပ်နေသည့် ရင်ဘက်တို့၏တဒိတ်ဒိတ်ရင်ခုန်သံတို့သည် ကြောက်နေသည်လား..တုန်လှုပ်နေသည်လား။ သျှန် ကိုယ့်ကိုယ်ကို လုပ်နေမိမှန်း သိလိုက်ပေမယ့် ပြန်ဆုတ်ရအခက် ရှေ့တိုးရခက်..

ကနုတ် သူ့ရင်ဘက်ကိုတွန်းရုန်းလိုက်မှ မာနစိတ်က တင်းခ ဖြစ်သည်။ သူမကိုဘယ်လက်နဲ့သိမ်းဖက်ထားရင်း ညာဘက်လက် အင်္ကျီဇစ်ရှိရာ ခပ်စမ်းစမ်းသွား၏။ ကနုတ့်တစ်ကိုယ်လုံး ဓာတ်လို လို ကျင်ခဲလာခဲ့လျက် သူ့လက်ဖဝါးတစ်ဖက် ကျောပြင်မှာထိလိုက နဲ့ သတိလစ်ချင်သလိုဖြစ်သွားခဲ့၏။ ဇစ်ဆွဲနောက်ကွဲအင်္ကျီသည် မရမကဆွဲတင်ထားသဖြင့် ခါးမရောက်တရောက်အထိသာ ဇ လျက်ရှိကာ ခါးအလှနှင့်ကျောပြင်နုနုသည်.. ၊

ဟင့်အင်း.. ၊ ကနုတ်သွားတွေကျင်ကာ အသံလည်းမထွက် သူ့ရင်ခွင်မှာ မျက်နှာလေးဖိကပ်၍ တစ်ကိုယ်လုံးတုန်ယင်နေ၏။



ညှိလက်သည် ဇစ်ရှိရာသို့ သူမရဲ့ကျောသားနုနုလေးတွေကနေ တ ပြည်းဖြည်း စုန်ဆင်းသွားခဲ့ပြီး ဇစ်ကိုထိတွေ့မိတဲ့အထိ စက္ကန့်များစွာတွင်၊ သူမ ဒီရင်ခွင်ထဲကနေ အငွေ့ပျံထွက်သွားပါရစေ.. ၊

☎

## အခန်း(၅၄)

"လူတစ်ယောက်လုံးက အငွေ့ပျံပျောက်ဆုံးသွားတဲ့ ဓာတ်ပြု မှုမဟုတ်ဘဲနေမင်းရယ်..မင်းလည်းတကယ်ပြတ်နိုင်တာမဟုတ် လျှောက်ပြောမနေစမ်းပါနဲ့.."

"ဓာတ်ပြုရည်မဟုတ်ပေမယ့် မမတူဒီတိုင်းနေခဲ့တာပဲ..ထား ပါဗျာ၊ သူ့ဟာသူ ဘယ်သူနဲ့ညားညား ဘာလုပ်လုပ်.."

"ငါကတော့ မထားနိုင်ဘူး..ဘယ်သူတရားပျက်ပျက် ကိုယ်မ နဲ့၊ ငါတို့ကို မျိုးရိုးစွဲမှုဝါဒနဲ့ ကျင့်ကြံနေထိုင်မှုမရှိလို့ အမျိုးဖျက် အကျင့်ဖျက်တယ် ဘာပဲပြောပြော ငါတို့စိတ်ဓာတ်မပျက်စီးဘူး ပြရမယ်..ခေတ်နဲ့အညီ လွတ်လပ်သလိုနေထိုင်စားသောက်တာ စ နဲ့မဆိုင်ဘူးဆိုတာလည်း သိစေချင်တယ်.."

"အဲ့ဒါနဲ့ပဲ သျှန့်ကိုပြန်ခေါ်ပြီး မင်္ဂလာဆောင်ပေးမလို့လား လုံးဝမခိုင်လုံတဲ့အကြောင်းပြချက်ပဲ.."

ညစာထမင်းစားခါနီးမှ ဝင်လာသည့်သတင်းတစ်ရပ် မောင်နှမနှစ်ယောက် ခွန်းကြီးခွန်းငယ်ငြင်းခုံခြင်းတွေဖြစ်ရလေ ဒေါ်မြင့်မိုရ်ချောင်းဆိုးနေသဖြင့် ဆေးခန်းသွားပြတော့ ဒေါက်တာ



ပြတ်သူတို့မိသားစုတွေနှင့် ဆုံမိခဲ့ပြီ.. ။

"အဲ့ဒီနေ့က ဆွဲခေါ်သွားတယ်ဆိုပြီး ခုထိလည်း လက်မထပ်ဘူး ဆိုကြားတယ်..ကြီးကြီးသိရိက ဘယ်လိုပဲခွဲခြားခွဲခြား ပြောရရင် အား လုံးကဆွေမျိုးမကင်းတွေပါ၊ ကနုတ်ရောင်လေးကို ဒီထဲမှာကြားညှပ်မှာ တော့ သနားမိတာအမှန်ပဲ..ညီမတို့ချင်း ဘာပြဿနာတွေရှိရှိ ကလေး တွေရဲ့မင်္ဂလာကိစ္စကို စီစဉ်ပေးလိုက်ပါလား.."

"ငါတို့လည်း အဲ့ဒီပွဲမှာ နင့်သားရောက်လာတော့ ကောင်လေး အက်က စိတ်မကောင်းဖြစ်မိပါတယ်..အဲ့ဒီအထိ သူတို့လွန်တယ်ပေါ့နော် ဒါပေမယ့် မိန်းမပျိုလေးတစ်ယောက်ကို လက်မထပ်ဘဲ အစမ္မပေါင်း သင်းနေတယ်ဆိုရင်တော့ ကိုယ့်အလွန်ဖြစ်သွားလိမ့်မယ်..ဒါကလူမဆန် အဲ့လုပ်ရပ်ပဲလေ၊ ငါတို့တွေထဲမှာ ကိုယ့်ဆွေမျိုးချင်းဖြစ်ရတဲ့ မသင့်မြတ် ထိခိုက်မှုတွေနဲ့ပတ်သက်ပြီး ဘယ်လိုကြီးမားတဲ့ပြဿနာဖြစ်ဖြစ် ဘယ် သူကမှ ဥပဒေနဲ့ဖြေရှင်းဖို့ ကြိုးစားမှာမဟုတ်ဘူး..အချင်းချင်းထိန်းသိမ်း ကြတဲ့ ဂုဏ်သိက္ခာပေါ့.."

တွေ့လိုက်တာနဲ့ တစ်ယောက်တစ်ခွန်း ထောက်ရှုဝေဖန်ပြသွား ာ ကိုယ့်မှာဘာဂုဏ်သိက္ခာမှ မရှိတော့.. ။

"ဆွေမျိုးချင်းကျွန်ဓာတ်သွင်းလိုက်လို့ ကျွန်မတို့အားလုံးတာဝတ် အိမ်ကို ပြင်းပြင်းထန်ထန်ရှုချနေကြတာ ဒီအချိန်မှာ ကိုယ်ကအနိုင် င်းပြီး ငြိမ်ငြိမ်လေးနေလိုက်ရုံပဲလေ.."

ပြောသွားတာတွေမှ အများကြီးပါ။ ယမုံခင်သူ့သားအပေါ်မှာ ယ်လိုမှလွှမ်းမိုးနိုင်မှာမဟုတ်တာလည်း သိနေသားနဲ့ သျှန့်ကိုခေါ်ပြီး းမသင့်ဘူးလား.. ။

"မမပြောတာကို ဒီတစ်ခါတော့ မင်းနားထောင်စမ်းပါမောင်လေး .."

ဒေါ်မြင့်မိုရ် ဒါကိုပြန်စတော့ ဦးနေမင်းသစ်ကလည်း ခေါင်းခါနေ လျက်.. ။

"ဒီတစ်ခါက ပြဿနာအကြီးဆုံးပဲမမမ..သျှန့်ကိုပြန်ခေါ်ဖို့က လုံး နိုင်ဘူး၊ သူအခု ပါဝါမရှိ အာဏာမရှိ ခွေးဖြစ်နေတာတောင် မိ န်လာသလား..ဒါကိုမိဘက ပြန်လျှော့လိုက်ရင် နောက်ဘယ်လို

ဆိုးမမလဲ.."

"ဒါက သားလေးဆိုးလို့ဖြစ်တဲ့ကိစ္စမဟုတ်ဘူးလေ.."

"ဟုတ်တယ်..အပြစ်ရှိလို့ အပြစ်ရှိတဲ့လူကို အပြစ်ပေးတော့ သင် ကမိဘကို အပြစ်ထောက်ပြီး ထွက်သွားတာ.."

"ဒါပေမယ့် မမတို့လည်း နည်းနည်းတော့လွန်ခဲ့တာပဲ.."

ဦးနေမင်းသစ်မျက်နှာကြီး ဆတ်ခနဲလှည့်လာသည်။ ဒေါ်မြင့်မို က စည်းရုံးသလိုကြည့်လိုက်ရင်း.. ။

"လူတွေမှာ နားတွေမျက်စိတွေရှိတယ်..သူတို့နည်းလမ်းမကျ မကျတဲ့လုပ်ရပ်က ပေါ်လာတာပဲ၊ မမတို့က အပြစ်မဲ့တဲ့.."

"ဘာကိုအပြစ်မဲ့တာလဲ..သူဝန်မခံခဲ့ဘဲနဲ့ ဒေါ်မြမင်းသီရိမှာတဲ့ တိုင်း သစ္စာစောင့်သိနေတာ အပြစ်မဲ့တာလား၊ ထမင်းကျွေးပြီးခိုင်းထ တဲ့လူတွေကို သစ္စာရှိပြီး တစ်သက်လုံးအရိပ်မိုးပေးထားမယ့်လင် ကျွတ်.."

"ကဲပါ..အဲ့ဒါတွေပြန်ပြန်ပြောပြီး မင်းကိုယ့်စိတ်ကိုသံပတ်ပေး တာ တော်ပါတော့၊ မင့်သားကို မင်းချစ်လို့စိတ်နာနေတာ..ယမုံကိုလည်

"တော်ပါမမရာ.."

ဒေါ်မြင့်မိုရ် သက်ပြင်းရှည်ကြီးချလိုက်ရင်း.. ။

"ငါကတော့ ကလေးနှစ်ယောက်ကို လက်ထပ်ဖြစ်အောင် လုပ် ရမှာပဲ.."

"အနေသာကြီးမမရာ..သျှန်က ကလေးမှမဟုတ်ဘဲ သူလ ထပ်သင့်ဘူးထင်လို့ လက်မထပ်တာ၊ သူ့စိတ်ကူးနဲ့သူ့ဘာသာ လု တာတွေ လွှတ်ထားလိုက်ပါ.."

"နေစမ်းပါဦး..မင်းက စိတ်နာသလိုလိုနဲ့ ကလေးထင်ရာလု တာကို အားပေးနေတာလား.."

"ဘာကိုထင်ရာလုပ်လို့လဲ..သူကခံလာရတဲ့သူ၊ ကိုယ်ရခဲ့ တိုင်း ပြန်ပေးတာ လုပ်ပေ့စေပေါ့.."

"သိပြီ..ငါလုံးဝသိသွားပြီ.."

ဒေါ်မြင့်မိုရ် စိတ်လိုက်မာန်ပါ ထရပ်လိုက်ပြီး.. ။

"သားအဖစိတ်ချင်းဆက်နေတာပဲ..နင်တို့ချင်းစိတ်ဆိုးစိတ်



ဘာမဟုတ်ဘူး၊ ထင်ရာလုပ်ကြဖို့ မသိချင်ယောင်ဆောင်နေကြတာ.."

"အဲ့လိုထင်ရာတွေးပြီး ဆရာမကြီးထထလုပ်တာလည်း မမပဲရှိ တယ်.."

"ဘာ.."

"ကျွန်တော်လည်း ထင်ရာတွေးကြည့်တာ.."

## အခန်း(၅၅)

## ပြစ်မှတ်၏ နိဒါန်း

"ထိုင်ပါဦးဆရာရယ်..လာနှုတ်ဆက်ရုံပဲတော့ မလုပ်ပါနဲ့၊ ဆ
တပည့်တွေတောင် မစုံသေးဘူး.."

"ဟုတ်ပါတယ်ဆရာကလည်း သမီးမာမီတို့လာနေကြပြီ..တေ
ကြာရောက်တော့မှာ.."

"ဆရာ့..ဆရာ့ကိုသားပြောထားတာနော်၊ သားအဖေလာရင် သ
တန်းတက်ခိုင်းအောင် ဆရာပဲပြောပေးမယ်ဆိုပြီး.."

ဦးအောင်သိန်းရောက်သွားတာနဲ့ တပည့်ဆိုသည့်ကလေးတွေ
ကလေးမိဘတွေရော ထိုင်တဲ့သူကထိုင် ထတဲ့သူကထရပ်လိုက်ရင်း
ဆွဲမတတ် ကြိုဆိုကြသည်။ မြင်ကွင်းက ပီတိဖြစ်စရာပေမယ့် ဒေ
ထွတ်ဦးစိတ်မသက်မသာဖြစ်နေခဲ့မိသည်။ ထို့ပြင် အတူတူရှိနေသ
ဒေါ်မြပုလဲဖြူက ရှုံ့မဲ့နေကာ.. ။

"စိတ်ပျက်စရာကောင်းလိုက်တာနော်..အဲ့ဒါကြောင့် မမကြီး
ကိုယ့်လမ်းကြောင်းနဲ့ကိုယ်သွားရအောင်ပါဆိုတာ သူ့ချစ်ခင်ပွန်းကြ



မှ.."

"မဟုတ်ပါဘူးညီမလေးရယ်..လက္ခဏာမေးတယ်ဆိုတာ လင်နဲ့
ယောနှစ်ယောက်တိုက်စစ်ကြည့်မှ ပိုထင်ရှားမှာပေါ့.."

"မမကြီးကိုဘယ်သူပြောလဲ.."

"အဲ့ဒီဆရာမကိုယ်တိုင်ဟောလိုက်တာ..ငါမေးချင်တာလည်း သူ့
ကိစ္စပဲလေ.."

ကိုယ့်အစ်မသောကများနေရတာကိုကြည့်ကာ ဒေါ်မြပုလဲဖြူသိပ်
သည်းမကျေနပ်ချင်သလို အပြစ်လည်းမတင်ရက်ပါ။ ဒါပေမယ့် သူမက
တော့ ကိုယ်ကပဲအေးအေးနေတတ်လို့လား မယ်မယ်ကလွဲပြီး ဘာအ
ကြောင်းကိစ္စမှ ခေါင်းထဲမထည့်ခဲ့လို့လား ဒါမှမဟုတ် ကိုကိုကျော်က
အကယ်ပဲမပွေမရှုပ်တာလားဆိုတာမသိ။ အိမ်ထောင်ရေးသောကဆိုတာ
ဒီနေ့ထိဘာမှန်းတောင်မသိတာအမှန်ပင်။ သားသမီးချင်းဆိုလည်း ဇင်
လေးက ငယ်ငယ်တည်းက ဆုံးမရင်ဂျစ်ကန်ကန်။ လူလူကတော့ ယော
ကျ်ားလေးပေမယ့် စိတ်ထားနူးညံ့သည်။ မောင်နှမချင်းကစားကြရင်
တောင် ဇင်လေးအနိုင်ကျင့်သမျှခံခဲ့ရ၏။ ခုနောက်ပိုင်း တာဝတီံသာမှာ
ပြဿနာတွေပေါ်ပြီး သားကိုပြန်မကြည့်နိုင်ခဲ့ခြင်းကြောင့်သာ အပေါင်း
အသင်းတွေစုံပြီး ခြေလှမ်းပျက်ခဲ့ရတာ.. ။

"မမကြီးကိုလည်း ပုလဲသနားလည်းသနားတယ်..ဒေါသလည်း
ဖြစ်တယ်အဟုတ်ပဲ.."

ကိုယ့်ဘာသာကြိတ်တွေးနေရင်း မျိုသိပ်မရတော့သဖြင့် ထုတ်ပြော
လိုက်မိသည်။ ဒေါ်မြထွတ်ဦးက သင်တန်းသူတွေနဲ့မိခင်တွေစုဝေးရယ်
မောနေသည့်အလယ်က ခင်ပွန်းဖြစ်သူကို လှမ်းကြည့်နေရင်း.. ။

"ဘာဖြစ်လို့လဲ.."

ဒေါ်မြပုလဲဖြူဘက်လှည့်လာပြီး သူ့ကိုပြောလိုက်တာမှန်းတောင်
မသိသည့် မျက်ဝန်းတို့နှင့်မေးနေလျှင်.. ။

"ဘာဖြစ်ရမှာလဲ..အသက်ကြီးမှ ဥစ္စာခြောက်နေရတာလေ..အဲ့ဒါ
ပြောတာပေါ့၊ မလှုပ်တလှုပ်အေးတိအေးစက်နဲ့လူတွေ လှုပ်လာပြီဆိုရင်
မနိုင်တော့ဘူး.."

"တိုးတိုးပြောပါညီမလေးရယ်..အဲ့လိုကြီးဖြစ်နေတာလည်း မဟုတ်

ပါဘူး၊ အစ်ကိုအောင်က အေးအေးနေတာပါ..သတင်းထွက်နေတာ အဲ့ဒီ
လက်ထောက်အကူဆရာမရဲ့တူမ ချစ်ချစ်ချောဆိုတဲ့ကောင်မလေးပဲ..

"ဘယ်မှာလဲအခု..ဒီထဲမှာပါလာလား.."

"မပါဘူး..အဲ့ဒီကောင်မလေးက ဆံပင်ကျောလောက်နဲ့ ကြံရည်ရောင်ဆေးဆိုးထားတာ၊ တအားခေတ်ဆန်တယ်..ရဲလည်းရဲမယ့်ပုံပဲ..

"မမကြီးနဲ့ခင်တယ်ပေါ့.."

"ခင်တော့မခင်ပါဘူး..သူ့ကိုယ်တိုင်ငါ့လက်လာဆွဲပြီး နှုတ်ဆက်တာ.."

"ရဲလိုက်တာ.."

ဒေါ်မြပုလဲဖြူ နှာခေါင်းရှုံ့ရေရွတ်ရင်း.. ၊

"အဲ့လိုမိန်းမတွေရှိလို့ လိုက်မမီတဲ့မိန်းမတွေ ငုတ်တုတ်မေ့ကျန်တာ.."

ပြောပြီး နှာရှိုင့်ကြည့်သေးသည်။ ပြီးတော့.. ၊

"အဲ့ဒီဆရာမက တိုကင်ကျော်သွားရင် ပြန်ခေါ်မပေးဘူးဆို..ရမ်းနောက်ကျရင်တော့ သွားမနေနဲ့တော့.."

"အေးပါ..ဟိုမှာလာကြပါပြီ.."

ဆိုင်ထဲကလှမ်းကြည့်တော့ ကားပါကင်မှာအမျိုးသမီးနှစ်ယောက်နှင့် စုံတွဲတစ်တွဲရယ် ဦးအောင်သိမ်ခံရဲ့သင်တန်းသူလို့ထင်ရသည့် ပျို့အရွယ်မိန်းကလေးနှစ်ယောက်ရယ် ကားတွေထဲက အသီးသီးထွက်လာကြတာ မြင်နေရ၏။

ဒေါ်မြပုလဲဖြူကလည်း ထိုဆီလှမ်းကြည့်ကာ.. ၊

"ပါလာပြီလားချစ်ချစ်ချော.."

"ပါလာပြီ..ဒီကနေဒုတိယနေရာမှာ ဆွဲသားကိုယ်ကျပ်အဝါရောင်နဲ့.."

"အို..ကိုယ်လုံးကလည်း ကာတွန်းရုပ်လား..လူလား၊ ဖောင်းဖောင်းရွနေတာပဲ.."

ကိုယ့်ဘာသာရေရွတ်ပြီးမှ အစ်မနားကပ်၍.. ၊

"အဲ့ဒါမျိုးကိုကိတ်တယ်လို့ခေါ်ကြတာသိလား..ချာတိတ်မလေး
အသက်ငယ်ငယ်လေးရှိသေးတာ.."



"ဘာဆိုင်လို့လဲ.."

"ဩော်..ခုခေတ်က ပညာစုံဖို့ မစဉ်းစားကြတော့ဘူး..အဲ့ဒီလိုဖောင်းဖကြဖို့တွေပဲ နည်းမျိုးစုံနဲ့ကြိုးစားနေတော့တာ၊ ဇင်လေးတောင်ခုမှအင်တာနက်ခိုးသုံးတာမို့လို့..သူများကလေးတွေလိုသာ ဂျင်ခြေလည်နေရင် မကြီးသမီး အဲ့လိုတွေပါ လိုက်လုပ်မှာသေချာတယ်.."

မမကြီးသမီးဆိုကာမှ သမီးမျက်နှာဖျတ်ခနဲပေါ်လာသည်။

"ခိုးစားတဲ့အသီး ပိုချိုတယ်တဲ့..အဲ့ဒါမေမေတို့ ချုပ်ချယ်တားမြစ်တာနဲ့လို့ ပိုလုပ်ချင်နေတာ၊ သူများတွေ ဖုန်းတစ်လုံးနဲ့စိတ်တိုင်းကျကဲနေတဲ့အချိန်မှာ ဇင်တို့ကျတော့ သူများတွေလက်ထဲက ဖျတ်ခနဲပျောက်ကွယ်ခနဲလင်းနေတဲ့ တက်ရှ်ဖုန်းစခရင်နိလေးကို အငမ်းမရလိုက်ကြည့်နေရတယ်.."

"ဇင့်ကိုမိန်းကလေးဖြစ်ပြီး လူလူထက်ကဲတယ်လို့ မေမေတို့ပြောနေကြတာ..လူလူဇင့်လိုမျိုး ခံစားလာရရင် ဇင့်နေသလိုနေနေမယ် ထင်တယ်လား.."

"ကြီးကြီးထွတ်မသိပါဘူး..မေမေကသားကို နည်းနည်းမှကိုမစာတာ၊ တက်ရှ်ဖုန်းတောင် သားတို့သေချာမမြင်ဖူးဘူး..အင်တာနက်ဆိုတာ ဘာမှန်းမသိဘူး၊ ခုနစ်ထောင်တန်ရှစ်ထောင်တန်ကားကြီးနဲ့ ကျောင်းလိုက်ပို့တာနဲ့ သူဌေးသားဖြစ်တာမဟုတ်ဘူး..ခုဆို သားကိုသူငယ်ချင်းတွေက လှောင်ကုန်ကြပြီ.."

"အင်တာနက်သုံးတတ်ရင်ပဲ စကြာဝဠာအပြင်ဘက်ရောက်သွားမလိုကျနေတာပဲ.."

"ဖုန်းကိုင်ရပါတယ်..အိမ်ကခေါ်ရင်ထူးဖို့ မေးရင်ဖြေဖို့.."

"မုန့်ဖိုးများများပေးရင် အပေါင်းအသင်းစုံပြီး ပျက်စီးတယ်တဲ့..ပိုက်ဆံတပြားမှမပါဘဲ ကျောင်းတက်ရတယ်၊ မုန့်ဆိုင်သွားရင် ကိုယ့်ဘာသာမီနူးကိုင်ခွင့်မရှိဘူး..အဲ့ဒါပြောလွန်းလို့ မုန့်ဖိုးပေးတာတစ်နေ့ငါးထောင်၊ ပြီးရင် ဘယ်လောက်ကုန်ခဲ့လဲ..ဘာစားခဲ့သလဲတဲ့.."

"ဘာမှမသုံးဘဲ စုထားလို့ လွယ်အိတ်ထဲမှာတွေ့တော့ အကုန်ပြန်သိမ်းတယ်..သားကဘယ်တော့မှ ပိုက်ဆံကိုင်သုံးခွင့်မရှိတော့ဘူးလား.."

နားထဲမှာ ကလေးတွေရဲ့ရင်တွင်းဖြစ်စကားသံတွေက ခုပဲထိုင်

ပြောနေကြသလို တလစပ်ဝင်လာကြ၏။ ရင်တွေပူအာခေါင်တွေခြောက် လာကာ တံတွေးမျိုလိုက်တော့ ကျပ်ကျပ်ခဲခဲ.. ။

"မမကြီး.."

"ဟင်.."

"ဘာဖြစ်သွားတာလဲ..ဟိုမှာဝင်လာကြပြီ.."

"အင်း..အင်းလေမြင်သားပဲ.."

ကြည့်နေပေမယ့် မမြင်ခဲ့တာကို ကိုယ့်ကိုယ်ကိုတောင်သတိမထား မိလိုက်.. ။

"ကြည့်ပါဦး..ကျောင်းသားမိဘတွေရော ကျောင်းသူမိဘတွေရေ လာလိုက်တာ အမေတွေချည်းပဲ..အမေတွေကလည်း သမီးလားအမေ လားမနည်းခွဲရတယ်၊ ပုလဲတို့လို တစ်ပတ်လျှိုတွေ နောက်တွဲဆံထုံးကြ တွေနဲ့ မဟုတ်ဘူး..တိုနံ့နံ့ ကောက်ကောက်ကွေးကွေး နီကြောင်ကြော တွေရောပဲ.."

"သူများကိုထိုင်ကြည့်ပြီး ဘာလို့ကဲ့ရဲ့နေတာလဲညီမလေးရယ် အဲ့ဒါအကုသိုလ်စိတ်ပဲ.."

"အကုသိုလ်စိတ်ဝင်လာတဲ့ အကြောင်းအရင်းက မမကြီးယော ကျ်ားသွားကြီးအဖြီးသားနဲ့ ခေ့ခံနေတာ စိတ်တိုလာလို့လေ..မသိ ပြိုင်ပွဲဆုရလို့ ဆရာကိုကျေးဇူးတင်တဲ့ပွဲက ကလေးအမေတွေနဲ့ နဖူး ဒူးတွေ့သွားဖြီးပြတဲ့ပွဲကျနေတာပဲ.."

ဒေါ်မြထွတ်ဦး ညီမမျက်နှာကိုကြည့်၍ ကိုယ်တွေးနေတာ ပြောဖို့တောင် အံ့အားမဲ့သွားမိသည်။ မယ်မယ့်စိတ်နဲ့တစ်ထပ်တည်း သည့် မယ်မယ့်စည်းကမ်းအတိုင်း လိုက်နာနိုင်သည်။ ဒါပေမယ့် ပု လောက်စိတ်ဆတ်တာလည်း မရှိပေ။ ပြီးတော့.. ။

"မျက်စိတစ်ဆုံးမကြည့်နိုင်ပါဘူး..မျက်မွေးတစ်ဆုံးလေးကြည့် တာတောင် အမြင်မတော်တာတွေ တွေ့ရလွန်းလို့ ဒီလောက်အကုသို များနေရတာ.."လို့ သူမနှုတ်က ဖွင့်ပြောခဲ့သေးသည်။ သားအိမ်မှာ တာလည်း သူမအလှူအလိုမ့်ငိုပစ်လိုက်တာ ခဏပင်။ အိပ်ရာထဲ ဆေးသွင်းလိုက်ရတာ နှစ်ရက်။ ပြီးတော့ သားကိုထရှာသည်။ လူ ဖြန့်ပြီး လိုက်ရှာခိုင်းသည်။ မတွေ့တော့မတွေ့ရကောင်းလားလို့



မောင်းမဲ့သည်။ သူမပွက်လောရိုက်နေတတ်ပေမယ့် အစားမပျက် သွားမပျက်။ ဒါကိုခံစားနေတုန်း နောက်အကြောင်းပေါ်လာရင် ထို ကြောင်းထဲမှာ စီးမျောသွားတတ်ခဲ့ပြီး.. ။

"ဒီကောင်လေးဘာတွေလျှောက်လုပ်နေတယ် မသိဘူး..မယ်မယ် ရင်တော့ ဒုက္ခပါပဲ.."လို့ ညည်းနေတာ တဖွဖွ။ ခုလည်း ဗေဒင်လက္ခ နာနှံ့သည့် ဆရာမတစ်ယောက်ရဲ့လိပ်စာရလို့ ဒေါ်မြထွတ်ဦးဖုန်းလှမ်း ပြီး ဒီနေ့ဒီလိုသွားကြဖို့ ချိန်းခဲ့တာဖြစ်သည်။ သူမက သားအတွက် ကိုယ်ကတော့ သမီးနဲ့ခင်ပွန်းဖြစ်သူအတွက်.. ။

"မမကြီး မစ်ရှိတ်တွေအေးကုန်လိမ့်မယ်..သောက်လေ.."

"အေးပါ.."

"မမကြီးဘာတွေတွေးနေတာလဲ..ပြောပေါင်းလည်းများပြီမမကြီး ယောကျ်ားတစ်ယောက်အတွက် အဲ့လောက်ဦးနှောက်ခြောက်မခံ နဲ့..မမကြီးဘယ်တုန်းကမှ ဗေဒင်လက္ခဏာဝါသနာမပါခဲ့ဘဲနဲ့ ခု ကျတော့ ညီမလေးတကယ်အံ့သြသွားတာ.."

"အဲ့ဒါ နင့်သားအတွက်နင်မေးချင်နေတာ သိလို့ပါ.."

ဒေါ်မြပုလဲဖြူက ခေါင်းခါပြီး ခပ်မဲ့မဲ့နှင့် ငြိမ်သွားသည်။ ပြီးတော့ သောက်နေသည့် သံပုရာရည်ကို ခံတွင်းမတွေ့ဘဲ မျိုချနေခြင်းကို လက် ၏။ ဖန်ခွက်ကို ခပ်ဆောင့်ဆောင့်ဘေးဖယ်လိုက်ကာ.. ။

"ကြည့်လုပ်ပါဦး..တော်ကြာ အထူးကုဆရာဝန်မကြီး စိတ်ကျန်း ဆေးရုံ ရောက်နေလိမ့်မယ်.."

"ငါအဲ့လိုပဲ အတွေးတစ်ခုရရင် လွှယ်လွှယ်ဖျောက်မရတတ်တာ သားနဲ့..နောက်ပြီး နင်ကသားရှင် ငါကသမီးရှင်လေ.."

"သားရှင်မို့ သမီးရှင်လောက် မပူရဘူးလို့ မမကြီးထင်လို့လား.."

"အဲ့လိုလည်းမဟုတ်ဘူး..ငါတွေးမိတာက နင့်သားလည်းငါ့သား တော့ ကလေးတွေက ငါတို့နှစ်အိမ်မှာပဲ လဲလှယ်သွားလာနေကြ ယောက်စလုံးအတွက် ငါစိတ်ပူနေခဲ့တာ.."

သားသမီးကိစ္စတွေပါလာတော့ ရင်ထဲကအပူတွေပြန်ကြွလာပုံပေါ် မြပုလဲဖြူ ဦးအောင်သိခ်တို့စားပွဲဆီ အာရုံမရောက်နိုင်တော့

"ဟုတ်တယ်..တစ်သက်လုံးဖိဖိစီးစီးပြောဆို ထိန်းချုပ်နိုင်လာ
တာ ခုတလောဘာတွေဖြစ်ကုန်မှန်း မသိဘူး၊ မမကြီး သမီးကအိမ်မှ
ရှိပါသေးတယ်..လူလူက ပြန်ကိုမလာတော့တာ တစ်လကျော်သွားပြီ

"ငါတစ်ခါတလေတွေးမိတယ်.."

"ဘာလဲ.."

"မယ်မယ့်ကိုအာဏာသျှန်ပြောသွားတဲ့ စကားတွေလေ.."

ဒေါ်မြထွတ်ဦးပြောလိုက်မှ ဒေါ်မြပုလဲဖြူ သတိရသလိုမျက်မှော
ကုတ်သွားသည်။

"ငါတို့ယက္ခကြေးခေါင်းလေးကို သူကောက်ပြီး ဒီတစ်ခါသူ
လှည့်လို့ သူပြောသွားတာ.."

"ဘာလဲ..မမကြီးက ဒီလိုတွေဖြစ်နေတာ အာဏာသျှန်ကျိန်
တိုက်သွားလို့လို့ ထင်နေတာလား.."

"ကျိန်စာမဟုတ်ဘူးညီမလေး..အဲ့ဒီလိုပြောတာ ကျိန်စာမဟုတ်
ဒါပေမယ့် မမမပြောတတ်ဘူး..ဂလဲစားချေတာဆိုရင်တောင် သူမယ်
ကိုတိုက်ရိုက်.."

"အမလေး..ကြောက်စရာလားမမကြီးရယ်၊ သူကဘာမို့လို့
တို့ကံကြမ္မာတွေကို ဖန်တီးနိုင်ရမှာလဲ..ခုဖြစ်လာတာတွေက ကလေး
ကို ပုလဲတို့ကရှေးရိုးလမ်းစဉ်အတိုင်း အတင်းအကျပ်ဖိနှိပ်ပုံသွင်းထ
လို့ဖြစ်ရတာ..ငယ်တုန်းကအဆင်ပြေတယ်၊ ကလေးတွေကြီးလာ
မရတော့ဘူး၊ ဒါပဲလေ.."

"အေးပါ..ငါလည်းအကျင့်မကောင်းပါဘူးဟာ၊ ဒီလိုမျိုးပူ
ရတာမျိုး တစ်ခါမှမဖြစ်ခဲ့ဘူးတော့ ငါ့ကိုယ်ငါခံနိုင်ရည်မရှိတော့
ပဲ..အကျင့်လုပ်ရတာလည်း စိတ်မပါဘူး၊ စားချင်သောက်ချင်စိတ်
မရှိဘူး..ဘာဆိုဘာမှ လုပ်ချင်သယ်ချင်စိတ်ကိုမရှိတော့တာ.."

"ဩော်..ဖြစ်ရလေ.."

စိတ်တွေလည်း ညစ်ရပါသည်။ သားအိမ်ကထွက်သွားလို့
ဆင်းရဲကိုယ်ဆင်းရဲနှင့် သေမလိုရောဂါဖြစ်လိုက်တာက ကိုယ်ပါ။
နှယ့်မမကြီးက ကြုံတွေးပြီး သောကကိုပဝါလို ခြုံနေရတာလဲ..

"နှင်အပြစ်တင်ရင်လည်း ခံရမှာပဲ..ဇင်လေးနဲ့အာဏာသျှန်



တွေတယ်လို့ သတင်းကြားပြီးတည်းက ငါ့မျက်လုံးထဲမှာ အဲ့ဒီကောင်
လေးကိုပဲ ဘာဖြစ်လို့မြင်ယောင်နေမှန်းမသိဘူး.."

"အဲ့ဒီကျွန်မျိုးကျွန်နွယ်တွေနဲ့ ပတ်သက်နေတော့ သမီးကိုစိတ်ပူ
တာကိုး..ဒါဖြစ်တတ်တာပဲမမကြီးရယ်.."

"မဟုတ်သေးဘူး.."

အာဏာသျှန့်မျက်လုံးတွေကို စိတ်ထဲမှာ ခံစားမိနေတာဘာဆိုတာ
ညီး ပြောမပြနိုင်.. ၊

"အာဏာသျှန်က အရမ်းစမတ်ထိဖြစ်တယ်..သူ့ကိုမြင်လိုက်တဲ့
ကလေးတိုင်း မူးမိုက်လဲကျမသွားနိုင်ပေမယ့် ဇင်လေးကတော့ အဲ့
တက်ထိကို ဖြစ်ခဲ့တာ..ပြီးတော့ ဇင်လေးကမလိမ်မာဘူး၊ သူတို့ပြန်
နေကြတယ်ဆိုတာ.."

"သေချာလို့လားမမကြီးရယ်.."

"သေချာတယ်..အဲ့ဒါလည်း နင့်တူမကပဲ ဖွဲလမ်းနေတာဆိုရင် က
ဂဲလာပွဲတုန်းကလိုအဖြစ်မျိုး.."

သူမတို့ပတ်ဝန်းကျင်ကိုမေ့ကာ ကိုယ့်သောကထဲမှာပိတ်မိနေကြ

"ဩော်..သမီးဖေဖေကလည်း ဦးအောင်သိခ်ပဲလား၊ ထူးဆန်းလိုက်

ဟင်.. ၊

ဟိုဘက်စားပွဲက ထွင်းဖောက်လာတဲ့စကားသံတွေ.. ၊

"ဟုတ်..ဖေဖေက မရှိတော့ဘူး.."

"ဩော်.."

"ဟုတ်ပါတယ်..သမီးအဖေက သမီးကိုယ်ဝန်လွယ်ထားရတည်း
နေးမှာမရှိတော့တာ.."

ဒေါ်မြထွတ်ဦးနဲ့ဒေါ်မြပုလဲဖြူ မျက်လုံးချင်းဆုံသွားသည်။ တောင့်
သွားသည့် ကိုယ်ခန္ဓာတွေက ဖျတ်ခနဲလှည့်ကြည့်လိုက်ရင် လွယ်
လေးပေမယ့် ရုတ်တရက်မလှည့်ကြဘဲ ကြက်သေသေသွားကြသ

ဘာသိမ်း.. ၊

"စိတ်မကောင်းလိုက်တာညီမရယ်.."

"စိတ်မကောင်းမဖြစ်နဲ့..သီတာသိမ်းကသတ္တိကောင်းတယ်၊ ခ
အိမ်ထောင်မပြုဘဲ သမီးကိုလူတန်းဆင့်မီအောင် ပြုစုထိန်းကျောင်း
တဲ့အမေနော်.."

"အေးပါ..ကောင်းပါတယ်၊ သမီးလေးက ဝါသနာရှင် ဒုတ်
တန်းအဆင့် အောင်ပြီးပြီနော်.."

"ဟုတ်ပါတယ်..ပထမဆုနဲ့အောင်တာပါ.."

"တော်လိုက်တာဟယ်..မိဘကအနုပညာမျိုးရိုး မရှိဘဲနဲ့နော်"

"ရှိပါတယ်..သူ့အဖေကလည်း စန္ဒယားဆရာပဲလေ.."

ညီအစ်မနှစ်ယောက်စလုံး လှည့်ကြည့်မိသည့်အချိန်တွင် သီ
သိမ်းသည် ပခုံးသာသာဆံပင်အဖြောင့်ကို နားသယ်စပ်ဆံစလေး
သိမ်းလှန်းထားပြီး ရင်စေ့အင်္ကျီလက်ကျအဖြူရောင်လေးနှင့် ယဉ်စ
သေးမျှင်သည့်မျက်ခုံးတန်းလေးနှင့် ခပ်ရှည်ရှည်မျက်ဝန်းအိမ်တို့
ဟိုအရင် သူမတို့ရှေ့မှာ ငိုယိုတောင်းပန်ခဲ့သော သီတာသိမ်းပဲ
ပီပြင်စွာပြသနေခဲ့၏။ ပြီးတော့ လူတွေအများကြီးမို့ စားပွဲရှည်န
ဆက်ထားသည့်ထဲမှာ အားလုံး၏စိတ်ထဲမှာ သို့လောသို့လောအ
တွေဖြစ်ကုန်စေသည့် သူမအကြည့်တွေ.. ၊

ဦးအောင်သိခ်နဲ့သူမကို ဘေးတစောင်းအနေအထားတို့နှင့်မြ
တာမို့ ခင်ပွန်းဖြစ်သူမျက်နှာဟန်မဆောင်နိုင်အောင် ပျက်ယွင်းန
နှင့် တစိုက်မတ်မတ်ကြည့်နေသော သီတာသိမ်းရဲ့မျက်ဝန်းတို့သ

"အဲ..ဟုတ်လား၊ အဟွန်း.."

"ဩော်..မသိလို့ပါနော်၊ ဆောရီး.."

သူမအကြည့်တွေကြောင့် သက်ဆိုင်သူတွေကို ရိပ်မိကုန်ကြ
ဘေးလူတွေကတောင် အနေခက်ကုန်ကြသော်လည်း.. ၊

"ရပါတယ်..ဒါကလူတိုင်းသိတဲ့ကိစ္စတွေပါ၊ သေသွားတာ
မဟုတ်ဘူးလေ..ကျွန်မတို့ချင်းလည်း မုန်းခဲ့ကြတာမဟုတ်တော့
တော့ သူပြန်လာမှာပါ.."

"သီတာသိမ်း.."

ဒေါသကြောင့် မျက်လုံးထဲမှာ မီးပွင့်သွားသည်။ ဒေါ်မြ



လှမ်းဆွဲလိုက်ပေမယ့် မမီလိုက်ဘဲ.. ၊

"ကောင်မ..နင်ကများ ငါတို့ရှေ့ကိုမျက်နှာလာပြရဲတယ်၊ ဟုတ်
လား.."

"အယ်..လုပ်ကြဦး.."

"သူနဲ့ဘာဆိုင်လို့လဲ.."

"ပုလဲ..မလုပ်နဲ့.."

ဒေါ်မြပုလဲဖြူ လက်ရွယ်ရင်း တစ်ခါတည်းပြေးရိုက်သည်။ ဦး
အောင်သိခ်က ကမန်းကတန်းထလိုက်ရသဖြင့် လူလည်းယိုင်သွားကာ
ထိုင်ခုံကအရင် လဲကျသွားသည်။ ဒေါ်မြပုလဲဖြူကို မီမိရရဆွဲမိသည့်အ
ချိန်တွင် လန့်တက်လာသည့် ခုံခြေထောက်နဲ့ပြန်ငြိကာ နှစ်ယောက်စ
လုံးပုံပျက်ပန်းပျက် လဲကျသွားလေသည်။ ထိုအခါသီတာသိမ်းက အန္တ
ရာယ်ကင်းစွာ အေးဆေးထရပ်လိုက်ပြီး သမီးလက်ကိုဆွဲ၍.. ၊

"ကျွန်မတစ်ယောက်တည်းတုန်းက တော်ရာမှာနေပေးခဲ့တယ်..အ
ခု သူ့သမီးရှိလာပြီ၊ ဘာဖြစ်စေချင်သေးလို့လဲ..ဘယ်ကိုထပ်ပို့ချင်တာလဲ၊
ရေတော့ဘူး..လူမတော်တ်ပေမယ့် လက်ဖက်ထုပ်တတ်တယ်ဆိုတာ မ
ကြားဖူးဘူးလား.."

"ဟဲ့..နင့်ကိုမဆုံးအင်ကာ ပေးလွှတ်လိုက်တာလေ၊ နင်လိုသ
လောက်ရသွားတုန်းကတော့ ဘာသံမှမထွက်ပါလား.."

ဒေါ်မြထွတ်ဦး ညီမကိုပြေးထူကာ သီတာသိမ်းတို့ကို တွန်းပစ်
လိုက်ပြီး.. ၊

"သွား..သွားကြတော့.."

"မသွားခိုင်းနဲ့..ပါးရိုက်ပစ်လိုက်၊ ဒါသည်းခံစရာမဟုတ်ဘူး..သက်
သက်လာအရှက်ခွဲတာ၊ ယုတ်မာတာ.."

"ကျွန်မကအရင်ယုတ်မာခံခဲ့ရတာပါ.."

"မခံနိုင်ရင် မယူနဲ့လေ.."

ဒေါ်မြပုလဲဖြူနေရာမှ အတင်းပြန်ကျုံးထ၏။ သို့သော် ဦးအောင်
သိခ်နဲ့ဒေါ်မြထွတ်ဦးတို့ ဆွဲထားသဖြင့် ဘာမှမတတ်နိုင်ဘဲ.. ၊

"နင်ရသွားတော့ ငြိမ်နေခဲ့တာပဲ..အခုမှဘာလဲ၊ ပြန်လိုချင်ရင် နင်
ယူသွားတာတွေ ခုချက်ချင်းပြန်ချပေး.."

"ဟွန်း..ကျွန်မက ရှင်တို့ဆီမှာ ကိုကို့ကိုအပေါင်ထားခဲ့တာမှမဟုတ်ဘဲ၊ နေစမ်းပါဦး..ကျွန်မက ကိုအောင်သိခ်မိန်းမနဲ့ ရန်ဖြစ်ရမယ်မှတ်နေတာ၊ ဘာလဲ..နှစ်ယောက်စလုံးပဲလား.."

"ဖြန်း.."

နေရာတကာမှာ မျိုသိပ်သည်းခံနိုင်ခဲ့သည့် ဒေါ်မြထွတ်ဦးရဲ့လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားသည်။ ထိထိမိမိခံလိုက်ရသဖြင့် သီတာသိမ်းပက်ခနဲလန်ကျသွား၏။ သို့သော် သူမနောက်မှာ နောင်ချိန်ကရောက်နေခဲ့လျက်.. ၊

"တော်လောက်ပြီ..ခင်ဗျားသမီးငိုပြီး ထွက်ပြေးသွားပြီ.."

ဟင်.. ၊

သီတာသိမ်းပါးတစ်ဖက်အုပ်၍ ချက်ချင်းပြေးထွက်သွားလေသည်။ ရက်စထရန့်တစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်သွားခဲ့ပြီး..၊

"လာပြန်မယ်..မင်းကိုငါပြောသားပဲ၊ ဒီလိုရှုံးပုံရှုံးပန်းနဲ့ လုပ်စားနေတာတွေ တစ်ပုံကြီး.."

အမျိုးသားကြီးတစ်ယောက်က အော်ကြီးဟစ်ကျယ်ပြောကာ သား နဲ့ဇနီးဖြစ်သူကို လက်တစ်ဖက်စီဆွဲထွက်သွားရင်း.. ၊

"ဒီလိုလူဆီမှာ ငါ့သားသမီးကို ဘာပညာတွေသင်ပေးမှာလဲ..ဏ ရှုံဖို့ကောင်းလိုက်တာ.."

ဘယ်လိုမှ ထိန်းချုပ်တားဆီးဖို့မဖြစ်နိုင်လိုက်သောအခြေအနေမှ ဆံထုံးတွေပြေ အင်္ကျီကြယ်သီးတွေပြုတ်လျက် သုံးယောက်စလုံးဘယ် လိုပုံစံဖြစ်နေပြီဆိုတာ မသိ။ ထိုစဉ် စားသောက်ဆိုင်အပေါ်ထပ်ကနေ ဆင်းလာသော လူတစ်ယောက်ကိုမြင်လိုက်လျှင် ဒေါ်မြထွတ်ဦး ပေ ကြောင်သွားလေသည်။

အာဏာသျှန်.. ၊

အနီရဲရဲရှုပ်အင်္ကျီလက်ဖျားကို ကုတ်အင်္ကျီအနက်လက်ဝနှင့် နှ ခေါက်လောက်လိပ်တင်ထားသည်။ ဘောင်းဘီရှည်အနက် မျက်မှန်အ နက်နှင့် ဆံပင်တွေကို မျက်နှာပြောင်အောင် စုသိမ်းချည်ထား၏။ နှ ခမ်းသားတို့က လိုတာထက်ပို၍ တင်းတင်းစေ့နေကာ ရုပ်ရုတ်သဲသဲ တွေရဲ့ဟိုဘက်ကကနေ တစ်လှမ်းချင်း လျှောက်ထွက်သွားသည်။ ပြ



တော့ သူမမျက်နှာမှုရာတည့်တည့်အရောက်မှာ မျက်မှန်ဆွဲချွတ်လိုက်ပြီး မျက်လုံးချင်းတည့်တည့်ဆုံအောင် ကြည့်သည်။

"အာဏာသျှန်.."

ခေါ်တာမဟုတ်ပေမယ့် နှုတ်ခမ်းတွေလှုပ်ခတ်သွားတဲ့အထိ သတိ သက်လွတ်ဖြစ်သွားခဲ့၏။ ပြီးတော့ နှုတ်ခမ်းထောင့်တစ်ချက်ညွတ်သွား ခဲ့လိုက်သည့် အပြုံးသည် မျက်မှန်ပြန်တပ်လိုက်သည့်အချိန်မှာ အားလုံး ကို စိန်ခေါ်သွားခြင်းဖြစ်ကြောင်း နားလည်လိုက်၏။ ပြီးတော့ ပျောက် ကွယ်သွားလေသည်။

သူမ ညတိုင်းမက်ခဲ့တဲ့အိပ်မက်ဆိုးက တကယ်ပဲ အာဏာသျှန် ဘား.. ၊

## အခန်း(၂၆)

"ဂုတ်..ဂုတ်.."

"ဟဲ့ ဟဲ့..ခွေးထွက်လာမယ်နော်.."

လိပ်စာအတိအကျသိရသဖြင့် တိုက်ခန်းရှေ့ကနေရပ်ပြီး နာမည် ခေါ်လိုက်တာ လူကမထူးဘဲ ခွေးဟောင်သံအရင်ထွက်လာသည်။ ဒေ မြင့်မိုရ်တံခါးတစ်ချပ်လုံးခံနေတာကိုမေ့လျော့ကာ လန့်ဖျန့်ဆုတ်လိုက် မိ၏။ ထိုစဉ် တံခါးနောက်မှာ လူရိပ်ပေါ်လာကာ.. ။

"အန်တီက ဘယ်သူနဲ့တွေ့ချင်လို့လဲဟင်.."

ပြန်ဖြေဖို့သတိမရဘဲ ဆံပင်ရှည်ကြီးတွေ ဖြန့်လျက်သားနှင့် မျ နှာပြည့်ပြည့် နှာတံလုံးလုံးလေးတွေကို စူးစိုက်ကြည့်လိုက်မိသည်။ ပြ တော့ ကောင်မလေးကလှလိုက်တာလို့ စိတ်ထဲမှာရေရွတ်မိ၏။ ထူပြ သော နှုတ်ခမ်းလေးမဟတဟနှင့် သူမမဖြေသေးတာကို ပြန်စောင့်ကြ နေတာလေးကလည်း အညိုရောင်မျက်ဝန်းလေးတွေနှင့် ချစ်စရာလေ မျက်ခုံးထူထူလေးတွေက စိမ်းညို့နက်မှောင်နေသည်။ မျက်တောင်ေ လေးတွေကလည်း သိသာသည်။ ကိုယ်လုံးသွယ်သွယ် မနိမ့်မမြင့်အ လေးနှင့်.. ။



"သမီးက ကနုတ်ရောင်လား.."

ကနုတ် အံ့သြသလိုဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်ရင်း.. ။

"ဟုတ်ကဲ့..အန်တီက.."

"ငါကနေမင်းသစ်ရဲ့အစ်မ ဒေါ်မြင့်မိုရ်.."

ဦးနေမင်းသစ်. ။

ကနုတ် ထိတ်ခနဲဖြစ်သွားကာ သော့ပြေးဖြုတ်လိုက်ရင်း ကမန်း ကတန်းတံခါးဖွင့်ကာ.. ။

"ဘေးဖယ်နေဟာကျူလီ..မဟောင်ရဘူးနော်၊ သွား အထဲဝင်နေ.. သွား.."

မဟော်ဂနီရောင်ခွေးလေးက ဝတုတ်တုတ်ချစ်စရာလေးပေမယ့် ခြေထောက်လေးတစ်ဖက်ထော့နေသည်။ ထို့ပြင် သခင့်စကားကိုနား ထည်နေတဲ့အတိုင်း ဖင်လေးထိုင်ချလိုက်ပြီး လူကိုစူးစိုက်ကြည့်နေသဖြင့် ဒေါ်မြင့်မိုရ်သတိထားကြည့်နေမိစဉ်.. ။

"မမ.."

ဒေါ်ယမုံခင် အိမ်ထဲကထွက်လာသည်။ ဒေါ်မြင့်မိုရ်ကိုမြင်တွေ့ လိုက်သဖြင့် သစ်သီးဗန်းကိုင်ထားသည့်လက်အစုံက ပို၍တင်းကျပ်သွား ပြီး.. ။

"မမလိုက်လာတယ်.."

"အေးပေါ့..ညည်းသားကို ညည်းနိုင်မှာမဟုတ်ဘူးဆိုတာ ငါသိ တယ်လေ.."

ပြောရင်းဝင်လာကာ အသင့်အတင့်ပြည့်စုံကောင်းမွန်ပါသော တိုက်ခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်ပြီး.. ။

"စိတ်ပျက်ဖို့ကောင်းလိုက်တာယမုံရယ်..လက်တစ်ဝါးလောက် ကျဉ်းကျဉ်းလေးကို စုတ်ပြတ်သပ်နေတာပဲ.."

ချိုးမွမ်းခန်းနှင့်အစချိပြီးမှ ဆိုဖာမှာဝင်ထိုင်သည်။ ပြီးတော့ အိမ် အဝင်သွားသည့်ကနုတ့်ကိုလှမ်းကြည့်ကာ.. ။

"ဘယ်နှယ့်လဲ..အေးဆေးပါလား.."

"ဟင်.."

"သားကအတင်းဆွဲခေါ်လာတာဆို..သူတို့ချင်းချစ်ချစ်ခင်ခင်ဖြစ်

နေပြီလား.."

ဒေါ်ယမုံခင် မျက်လွှာချခေါင်းခါ၏။ ဒေါ်မြင့်မိုရ်အံ့သြသွားခဲ့ လျက်.. ।

"ဟဲ့..အစမ္မချုပ်နှောင်ထားရတဲ့ပုံလည်း မပေါ်ပါလား.."

"ခေါ်လာကာစက နေ့ရောညရောငိုနေတာပဲ..ဒါပေမယ့် ကျွန်မနဲ့ ရင်းနှီးသွားတော့ မငိုတော့ဘူး.."

"ဖြစ်ရမယ်.."

"ကလေးပုံစံကြည့်ရတာ စံအိမ်ကြီးမှာ အရမ်းတင်းကျပ်လွန်းတော့ ဒီမှာပျော်သွားတဲ့ပုံပါပဲ.."

"ဒါတော့ဖြစ်နိုင်တယ်..ဒါပေမယ့် သားနဲ့ဘယ်လိုပြေလည်သွား ကြတာလဲ၊ ခုမှနစ်လတောင်မပြည့်သေးဘူးမို့လား.."

"မပြေလည်ပါဘူးမမရယ်..သားကအရမ်းဆိုးတာ၊ ကျွန်မတားဆ တောင်းပန်နေတဲ့ကြားက ကနုတ်ကို.."

"ကနုတ်ရောင်ဆိုတဲ့နာမည်လေးကြားတည်းက ငါကသဘော နေတာ.."

"မမဘာစားမလဲဟင်..ဟို မမကြိုက်မှာစိုးလို့ပါ၊ မမအတွက်တ ခုခုလုပ်ပေးမလို့..အဲ့ဒါ.."

"အဲ့ဒါတွေပြောမနေနဲ့တော့..ရုတ်တရက်ဒေါသဖြစ်သွားတာမ တယ်၊ ညည်းကိုယ်တိုင်က ဖုံးကွယ်ခဲ့တာကိုး၊ ဒါပေမယ့် ပြီးဆုံးသွ ကြမှာမှ မဟုတ်ဘဲ.."

ဒေါ်ယမုံခင် ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်နေရင်း ခေါင်း သွားရှာသည်။ တစ်ပတ်လျှိုဆံထုံးသည် ရင်ဘက်ပေါ်မှာ ပြန့်ချထ သည့်ဆံမြိတ်က ခါးလောက်ထိပြန့်ကျနေလျက် ကိုယ်လုံးကိုယ်ထ အားဖြင့်လည်း သားလူပျိုကြီးရှိနေတဲ့အမေပါလို့ ပြောရင်တောင်အံ့ သွားနိုင်၏။ ယောက်မဖြစ်သူကို စီးမိုးကြည့်ရင်း ဒေါ်မြင့်မိုရ်ပင့်သ ရှိုက်မိသည်။ ဒီတစ်နှစ်တည်းမှာတော့ အဖေအတွက်ရော သားအတ ရော သူမလုံးပမ်းရတော့မှာပါ။ ပြဿနာအရင်းအမြစ်သည် အဏ္ဍ သူတို့၏ တမင်တကာပုံဖော်မီးမွှေးလိုက်ခြင်းသာဖြစ်ကာ တွေးကြည့် ထိုသူတွေမှာသာ အပြစ်ရှိလေသည်။



"ငါအခု ကလေးတွေမင်္ဂလာကိစ္စအတွက် လာခဲ့တာ.."

"ဟင်.."

"ဘာဖြစ်သွားတာလဲ.."

ဒေါ်ယမုံမျက်လုံးပြူးသွားတော့ ငုံ့ကြည့်ပြီး မျက်မှောင်ကုတ်မိ တာ.. ।

"ကဲ..အပေါ်တက်ထိုင်စမ်းပါယမုံရယ်၊ ညည်းကိုနေမင်းပြောပြော နေတာ အဲ့ဒီပုံစံတွေပဲ.."

"မမရယ်..သူပြောတာလည်းမမှားပါဘူး၊ ကျွန်မက.."

"တော်တော့ယမုံခင်.."

ဒေါ်မြင့်မိုရ်အသံက ဒေါသကြောင့်မာကျောသွား၏။ မမှားဘူးဆို တာသိတာပဲ။ အမှန်တရားရဲ့ခါးသီးမှုကို ဘယ်လိုမှမခံစားချင်လို့မေ့ ပျောက်ဖို့ ကြိုးစားနေကာမှ.. ।

"သိပ်ရိုးစင်းမနေနဲ့ယမုံခင်..အမှန်တရားဆိုတာ အဖြူထည်သက် သက်ပဲ၊ ဒါပေမယ့် အဖြူကြောင့်အရိပ်မထင်နိုင်ဘူး..ရိုးသားတာကို လူ အထင်သေးစားတယ်၊ 'အ'တဲ့သူ လူရာမဝင်ဘူး..ညည်းဘယ်လိုမိန်းမပဲဖြစ်နေ နေ ငါ့သားအတွက် ညည်းလူ့ဘောင်မှာ ဝင်ဆံ့ဖို့ကြိုးစားရမယ်..ကျွန်း သွယ်တစ်ခုလုံးဝယ်ပြီး ကိုယ်ပိုင်လေယာဉ်ထောင်နိုင်နေတဲ့ အာဏာသျှန် ဆိုတာ နင့်သား၊ တာဝတိံသာက ညည်းရဲ့အရှင်သခင်တွေကို ဂျွမ်းထိုး ပျောက်ခုံဖြစ်ကျန်ခဲ့အောင် လူဘုံအလယ်မှာ ဒုက္ခပေးခဲ့တာနင့်သားပဲ.."

ဒေါ်ယမုံ ဆိုဖာပေါ်မှာ တင်ပါးလွှဲလေးဝင်ထိုင်ပြီး မျက်လွှာချထား ၏၊ ဒါပေမယ့် ဒေါ်မြင့်မိုရ်ပြောနေသည့်စကားလုံးတိုင်းက သူမရင်ထဲကို ထိရှဝင်ရောက်နေခဲ့လျက်.. ।

"ကျွန်းဆွယ်ရက်ဆော့ဒ်ဖွင့်ပွဲ ဒီနှစ်ကုန်ပိုင်းမှာလုပ်တော့မယ်..အဲ့ဒီ ကျ ညည်းဘယ်လိုလူတောတိုးမှာလဲ.."

"ကျွန်မ.."

"ညည်းရဲ့သားနဲ့ လက်တွဲထွက်ချင်ရင် ဒီလိုပုံစံလုံးဝမရဘူး..မတွဲ ချင်လည်း နေပါစေဆိုရင်လည်း ညည်းကနေနိုင်လို့နေခဲ့ရင်တောင် ဒေါ်မြ င့်မိုရ်တို့ရဲ့လုပ်ရပ်ကြောင့် ညည်းရဲ့ဇာတ်ရုပ်ကို လူတွေပိုသတိထား မိကုန်အောင် လုပ်သလိုဖြစ်မှာပဲ..အခု ငါလာခဲ့တာ ငါ့သားအတွက်ပဲ၊

ဒါကြောင့် တာဝတိံသာနဲ့ညည်းကို ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ ငါ့သားလေးရဲ့ဂုဏ်သိက္ခာအတွက် အားလုံးကိုမေ့ဖျောက်ပစ်ဖို့ ဆုံးဖြတ်ခဲ့တာ.."

"ဟုတ်ကဲ့ပါ..ကျွန်မနေတာထိုင်တာတွေကြောင့်ဆိုတာ သိပါပြီ မမစကားနားထောင်ပါ့မယ်.."

"အေး..အဲ့ဒါကိုလိုချင်တာ.."

ဒေါ်မြင့်မိုရ်ကျေနပ်သွားသည်။ ပြီးတော့ သူမလက်မှာချိတ်ထားသည့် အိတ်ကြီးကိုဖွင့်ကာ အထဲကရတနာဘူးနှစ်ဘူးကို ထုတ်ယူလိုက်ပြီး..၊

"ဒီမှာ ညည်းပစ္စည်းတွေ.."

"မမအဲ့ဒါတွေက.."

"ညည်းဟာတွေပဲ..အဲ့ဒါတွေကို ဝတ်ထားရမယ်၊ စတန့်တက်ရှိတဲ့ ဝတ်စားနေထိုင်မှုတွေနဲ့ ကိုယ့်ကိုယ်ကိုမြှင့်တင်ရမယ်.."

သူမမှာကိုယ်ပိုင်ဟန် ကိုယ်ပိုင်အလှအပတွေရှိသည်။ ဒါကိုလွှင်စေရမည်။ ယောကျ်ားကအထင်မြင်သေးနေသည့် အမူအကျင့်ပါ ပျောက်ပျက်သွားမည်ဆိုလျှင် အိမ်ထောင်ရေးပြန်လည်သာယာဖို့ အများကြီး မျှော်လင့်လို့ရပြီဖြစ်၏။ သူမတို့ရဲ့အိမ်ထောင်ရေးသည် သားလေးရဲ့ဘဝအရေးပဲမို့ အားလုံးအတွက်အကောင်းဆုံးဖြစ်ဖို့ဆိုလျှင် နှိမ့်သင့်တာရင်းနှိမ့်ရမည် ပေးဆပ်သင့်ရင် ပေးဆပ်ဖို့အပြင်မရှိပေ။ ဒါကြောင့် ကိုယ့်ဘက်ကအရာရာကို သင်ပုန်းချေလိုက်ပြီဆိုတာ တာဝတိံသာကိုအသိပေး၍.. ၊

"ငါ့ဘက်ကလုပ်စရာရှိတာတွေ လုပ်ရဦးမယ်..အဲ့ဒါတွေထဲ ညည်းရဲ့ဝတ်စားနေထိုင်မှု ပြောင်းလဲရေးလည်းပါတယ်၊ အခုငါပြော ကို ညည်းနားထောင်.."

"ဟုတ်ကဲ့.."

"ပထမတစ်ခုက ညည်းပုံစံကိုပြင်ရမယ်..နောက်တစ်ခုက ကနေ ရောင်ကို ဒီလိုလူမဆန်စွာ ခိုးယူပေါင်းသင်းနေတာက.."

"မမ.."

အလျင်စလို ပြောမိပြီးမှ စကားဖြတ်လိုက်သလိုဖြစ်သွားသ



သမုံခင် ထစ်ငေါ့သွားသည်။ ဒေါ်မြင့်မိုရ်က စိုက်ကြည့်ပြီး.. ၊

"ပြော..ဘာလဲ.."

"မမသားက ကနုတ်ကိုခေါ်လာတာပဲရှိတာပါ..ဟိုလိုဒီလိုပုံစံမျိုးနဲ့တောင် မကျူးလွန်ခဲ့ဖူးဘူး.."

"ဘယ်လို.."

ကြားလိုက်ရတာကို မယုံနိုင်ဘဲ.. ၊

"ခေါ်လာတုန်းက ခင်ဗျားတို့သမီး 'ကျွန်နဲ့ညားသွားပြီ'လို့ စိန်ခေါ်သေးတယ်ဆို.."

"အဲ့ဒါက အနိုင်အရှုံးသက်သက်ပြောတာတွေပါ..မမသားက အဲ့လိုမျိုးမဟုတ်ပါဘူး၊ ပြီးတော့ ကျွန်မကလည်း အဲ့လောက်ထိတော့ ပါဘူး.."

"အမလေး..တော်သေးတာပေါ့အေ.."

ဒေါ်မြင့်မိုရ် ရင်ဘက်ကိုဖိလိုက်ပြီး သက်ပြင်းလုံးကြီးချသည်။ ပြီး ကြည့်လာသောမျက်နှာက သိသာစွာပြောင်းလဲသွားခဲ့လျက်..၊

"ငါ့သားလူတော်လူကောင်းလေး ကျန်းမာချမ်းသာပါစေ..ငါခုမှ ချမ်းသာသွားတယ်.."

စိမ်းသာအားရကြီးပြောလိုက်ပြီးမှ ခေါင်းတညိတ်ညိတ်နှင့်.. ၊

"ငါတို့ဘက်က အပြစ်ကင်းတော့ ပြောအားရှိသွားပြီ.."

"ဒါပေမယ့် သားကတော့ သူ့ကိုယ်သူဘယ်လိုလူဖြစ်ဖြစ် သူတို့ ကြတဲ့အတိုင်း ရှိနေစေချင်တာမမ..သူကအဲ့လိုပုံစံမျိုး တမင်လုပ် တာလေ.."

"အေးပါ..ငါသိပါတယ်၊ ဒါပေမယ့် အနိုင်လိုချင်တာ အနိုင်ရရင် လေ..အတွင်းစကားကတော့ ပြောရမှာပေါ့၊ ကလေးတွေရဲ့မင်္ ဆွေမျိုးအကြီးအကဲတွေအစုံအလင်နဲ့ တခမ်းတနားကျင်းပမယ် ရဲ့မျိုးဆက်လေးကျရင် ဘယ်လိုအမည်းစက်အစွန်းအထင်းမှ စိတ်ဆင်းရဲစရာတွေအားလုံး ဒီလောက်နဲ့ပဲတော်ကြပါတော့ ပါစေ.."

## အခန်း(၅၇)

"ဘယ့်နှယ်လဲ..ငါရိုက်ထားတာ ပြည့်စုံတယ်မို့လား.."

"အိုခေ.."

သုံးယောက်သားခေါင်းချင်းဆိုင်ကြည့်နေကြကာ သျှန်ကအင
မှာ စီးကရက်လက်ကြားညှပ်ရင်း မောက်စ်မှာလက်တင်ထားလျှ

"ထက်မြက်..ဒါတွေမင်းအက်ဒစ်လုပ်ရင် ငါပြောထားတဲ့အ
လေးတွေပဲနော်.."

"အေးပါ..ပြီးရင် မင်းဆီငါပြန်ပို့ပေးမှာပဲ၊ ကြည့်လိုက်ပေါ့.

အောင်ထက်မြက်က သျှန့်နောက်မှာမတ်တပ်ပဲရှိနေကာ ဖြ
နဲ့မျိုးခိုင်တို့က ဘေးမှာဝင်ထိုင်လိုက်ကြပြီး.. ၊

"မင်းကိုငါမရှင်းဘူး.."

"ရှင်းရအောင် ငါကခြုံမှမဟုတ်တာ.."

"အဟွန်း.."

သူ့စကားမှားသွားတာကို ဖြိုးခိုင်ကရယ်လိုက်ရင်း.. ၊

"မင်းရဲ့ပြိုင်ဘက်က ဒေါ်မြမင်းသီရိလေ..တာဝတီံသာမို့လ

"ဘာဖြစ်လဲ.."



"ရန်ကုန်က 'နတ်ရေကန်'ဒေါ်မြပုလဲဖြူတို့ 'သုခိတာ'ဒေါ်မြထွတ်
ဦးတို့က.."

"အင်း.."

"မင်းလုပ်တာ နည်းနည်းလွဲနေလားလို့.."

"မလွဲဘူးဟေ့ကောင်..သျှန်လုပ်နေတာကို ငါနားလည်တယ်၊ ပင်
ညီလုံချင်ရင် အခက်တွေအရင်ချိုင်ရတယ်.."

အောင်ထက်မြတ်ပြောသည့်စကားကို သျှန်ကပြုံးလိုက်ပြီး စီးက
တ်ရှာ၏။ သူ့အကြည့်တွေက မော်နီတာပေါ်က ဒေါ်မြထွတ်ဦးတို့၏
ဆီမှာ စူးစိုက်နေခဲ့လျက်.. ၊

"ဟုတ်တယ်..ပင်စည်သိပ်ခိုင်နေရင်အကိုင်းကိုခုတ်ရမယ်၊ အကိုင်း
န်နေရင် အခက်တွေကို ချိုင်ပစ်ရမယ်..ငါ့ဂိမ်းပြီးတော့မှာပါ.."

"ဟမ်..ဘာလဲ၊ တုံးတိတိ.."

"မင်းကိုပရိုဂရမ်အစအဆုံး ရှင်းပြရမှာလား.."

အောင်ထက်မြတ်က ဖြိုးခိုင်ကိုစိတ်မရှည်သလိုပြောပြီး သျှန်နဲ့
ချင်းဆိုင်နေရာကို လျှောက်သွားကာ.. ၊

"ငါကသဘောပေါက်တယ်..ဒါပေမယ့် မင်းသူတို့တွေရဲ့အ
င်းကို ဒီလောက်တောင်အနုစိပ်သိသွားအောင် ဘယ်လိုတောင်လှုပ်
တ်တာလဲ..တကယ်ဆို ဒေါ်မြမင်းသီရိကိုတောင် မင်းသိခဲ့တာမ
ဘဲနဲ့.."

"အေး..ဟုတ်တယ်.."

သုံးယောက်စလုံး ဒါကိုစိတ်ဝင်တစားဖြစ်လာကြသည်။ ဖြိုးခိုင်

င်းခမ်းဆိုရင် ငါတို့ဒီကိစ္စနဲ့ဆုံဖြစ်တိုင်း ဒါပဲပြောနေတာ..ငါတို့
သွားပါဆိုမှ သွားတာ၊ ဒါရှာခဲ့ပါဆိုမှ ရှာပေးတာ..စဥ့်အိုးထဲမှာ
ဘဲ မြွေပဲရှိနေတယ်ဆိုတာကျတော့ မင်းပဲသိနေတာလေ.."

ဖြိုးခိုင်းက ဥပမာတွေနဲ့ဆွဲထုတ်မေးမြန်းလာသည်။ သျှန်က မော်
ါက အကြည့်ကိုခွာ၍ စီးကရက်တစ်ရှိုက်နှင့်မော့လာ၏။ ပြီး
ဖြူတို့နှင့် ခပ်လွှန့်လွှန့်မှုတ်ထုတ်ရင်း.. ၊

ဘယ်လောက်တော်တဲ့သူဖြစ်ဖြစ် ချိုယွင်းချက်တစ်နေရာတော့

ရှိတယ်ကွ.."

"အင်း..ဟုတ်တယ်.."

"လူတော်လူကောင်းဆိုတဲ့လူတွေမှာလည်း လူမသိစေချင်တဲ့ ဝှက်ချက်ဆိုတာ ရှိတာပဲ.."

"ဒါပေမယ့်ကွာ.."

"လူတိုင်းမှာသမိုင်းရှိတယ်မို့လား.."

အောင်ထက်မြတ် ဘာပြောရမှန်းမသိ.. ၊

"ငါကသမိုင်းတွေကို စိတ်ဝင်စားတယ်.."

ပြောသွားတာအဖြေတစ်ခုတည်းနဲ့ မေးခွန်းအားလုံးပြီးဆုံး သည်။ သူတို့လည်းဘာမှမေးစရာမကျန်တော့သလို သျှန်ကထရ ရင်း စီးကရက်ကိုခွက်ထဲထည့်လိုက်သည်။

"ဘာလဲ..ငါတို့နဲ့လိုက်တော့မလို့လား.."

"မင်းတို့သွားနှင့်လေ..ငါ့ဂိမ်းမပြီးသေး မင်းတို့နဲ့ငါတွဲသွား တွေ သိပ်လုပ်လို့မရဘူး.."

"ပြီးရော..ဒါဆို မနက်ဖြန်ည စိုင်းမင်းခမ်းတို့ပြန်ရောက်မှ ဂျိုရက်စထရန့်မှာဆုံမယ်.."

အောင်ထက်မြက်က စတစ်ဖြုတ်ယူလိုက်ပြီး ဖုန်းနဲ့အတူ ကောက်ထည့်လိုက်သည်။ ပြီးမှ.. ၊

"ဒေါ်သီတာသိမ်း စလုံးပြန်ဖို့လည်း ငါတို့ပဲလေယာဉ်လ လုပ်ပေးလိုက်တယ်..ဒါပေမယ့် မင်းနဲ့တွေ့ချင်တယ်လို့ သူပြော တာ.."

"ထားလိုက်ပါတော့ ပြီးသွားပြီ.."

သူ့မှာလည်း နာကျည်းချက်ရှိနေသည်။ ကိုယ်ကလည်း သည်။ ထို့ကြောင့် ဒေါ်သီတာသိမ်းဆီမရရအောင် ဆက်သွယ် သည်။

"အမှန်ဆို အန်တီတို့ချင်းဘာမှမရှိတော့ပါဘူး..ဒါပေမ မောက်မာခဲ့တာတွေက ရင်ထဲမှာကျန်နေတယ်၊ ကိုယ့်မှာလည်း မီးရှိနေတော့ အာဏာသျှန့်အဖြစ်ကို သားသမီးလိုပဲခံစားပေးလို့ ဒီကိစ္စအတွက် ဘာမှပေးဖို့မလိုဘူး၊ သမီးဆီလည်း တစ်နှစ်တ



အန်တီပြန်နေကျပါ..ကိုယ့်စားရိတ်ကိုယ်စားပြီး ကူညီမယ်.."လို့ ပြော တဲ့အတိုင်း တကယ်ကူညီခဲ့၏။

အမှန်တကယ် ကလေးကလည်း ဦးအောင်သိန်းရဲ့ရင်သွေးဖြစ်ကာ ကျောင်းပြီးရင် လက်ထပ်ကြဖို့လည်း ရည်ရွယ်ခဲ့ကြသည်။ ဒါပေမယ့် မျိုးရိုးဂုဏ်မောက်လွန်းသည့် ဦးအောင်သိန်းရဲ့မိဘတွေက မျိုးနွယ်တူချင်း ထဲမှာ ချမ်းသာဆုံးဖြစ်သည့် ဒေါ်မြထွတ်ဦးနဲ့သာ လက်ထပ်ပေးဖို့ဖွတ် ခဲ့သည်။ ခမည်းခမက်ချင်းတိုင်ပင်ကာ သီတာသိမ်းကို ရွှေငွေလက်ဝတ် လက်စားတွေနှင့် ငွေသားပါပေး၍ မောင်းထုတ်လိုက်ကြ၏။ မိဘမဲ့တစ် ကောင်ကြွက်ဖြစ်ခဲ့သောကြောင့် သီတာသိမ်းကပြတ်သားစွာဆုံးဖြတ် သည်။

ကလေးရှိနေပြီမို့ ညာတာဖို့တောင်းပန်ပေမယ့် အမျိုးမျိုးနှိမ့်ချရက် စက်သော အပြောတွေကြားမှာ နောက်ထပ်မထူးစာတော့မခင်းတော့ဖို့ ဆုံး ဖြတ်လိုက်၏။ ငွေကိုလည်းယူသည်။ ချစ်သူကိုလည်း ကျောခိုင်းထွက်ခဲ့ ၏၊ သူမပျောက်ကွယ်သွားသည်ဟုသာ သိခဲ့သော ဦးအောင်သိန်းက တော့ သူ့ရင်သွေးပါသွားတာကိုတောင် မသိခဲ့ပါ။ အဖြစ်တွေက ဤသို့ ခဲ့သည်ဖြစ်ရာ သူမနဲ့ပတ်သက်ခြင်းကို သျှန်ကရအောင်စုံစမ်းပြီး သူမ ဆီရောက်အောင်သွားခဲ့၏။ သူမကလည်း ကူညီခဲ့သည်။ ဒါပေမယ့် နောက်ထပ်ပတ်သက်ဖို့ မျှော်ကိုးတာမျိုး အနည်းငယ်မျှမဟုတ်ခဲ့ပေ။ အောင့်စေ့ဘောင်ပိတ်သည့် သျှန့်ခြေလှမ်းတွေကို သူငယ်ချင်းချင်း ကောင်အုံ့ညြယူရတဲ့အထိ.. ၊

"ဩော် သျှန်..ဟိုကောင်လေး ဒီညလှုပ်ရှားမယ်ကြားတယ်၊ ငါတို့ လည်း မင်းပြောလို့နောက်ထပ်မငြိချင်တာနဲ့ ကိုယ်ယောင်ဖျောက်ထား တာ.."

"အဲ့ဒီကိုယ်တော်လေးကလည်း အားကိုးရတာနဲ့ ခြေလှမ်းကျဲလိုက် တာ လိုက်လို့မမီဘူး.."

"ဟုတ်တယ်ကွ..လမ်းကြောင်းပေါ်တင်ပေးလိုက်တာနဲ့ သူ့ဟာသူ ရှုတ်ရှတ်ရမ်းနေတော့တာပဲ.."

"ရှုပ်ရှတ်ရမ်းနေတာ မဟုတ်ဘူးဟ..သျှန်တင်ပေးတဲ့လမ်းကြောင်း ကတာ ကုန်းဆင်းဖြစ်သွားတာ၊ ထပ်မမေးနဲ့တော့ အာဏာသျှန်ဆိုတာ

ဘိုးလင်းကင်း.."

သူငယ်ချင်းတွေ အိမ်ရောက်လာကြသဖြင့် အလုပ်လုပ်ရင်း ရယ်
မောနောက်ပြောင်နေမိပေမယ့် စိတ်ထဲမှာ မေမေလေးနဲ့မေမေရှေ့ပင်
ထွက်သွားကြသည့်အဖြစ်ကိုပဲ မကြာခဏတွေးမိနေခဲ့သည်။ မေမေလေး
ရောက်လာတာ သုံမရှိခဲ့ပေ။ မေမေ့ကိုခေါ်သွားပြီးမှ သူရောက်လာတာ
ဖြစ်ကာ သိပ်မကြာခင် ဖြိုးခိုင်တို့ရောက်လာကြသဖြင့် ဒီကိစ္စကို ခဏ
တဖြုတ်မေ့သွားခဲ့၏။ သွားတာ တော်တော်ကြာပြီကို ခုထိပြန်မလာကြ
သေး။ သူအိမ်ထဲပြန်ဝင်လာခဲ့စဉ် ကနုတ်အသံကြားလိုက်သဖြင့် ခြေ
လှမ်းရပ်ပြီး နားစွင့်လိုက်မိသည်။

"ဖေကြီးလားဟင်..ကနုတ်လေ ဖေကြီးကိုဖုန်းခေါ်တာ လေးခါ
ပြီ၊ ဘာဖြစ်လို့မကိုင်တာလဲ.."

"................"

"ဟင်..ဘာဖြစ်တာလဲ၊ ခုရော နေကောင်းရဲ့လား.."

"..............."

"ဒါဆို ဖေကြီးကအခု တောင်ကြီးမှာပေါ့..ဖေကြီးနေမကောင်းဘ
နဲ့ လုပ်နေရတာလား၊ ကနုတ်ကိုမပူပါနဲ့ဖေကြီးရယ်.."

"......................"

"ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါဦး.."

"..............."

ကနုတ်ဖုန်းကို အားမလိုအားမရဖိဆုပ်ရင်း ရေချိုးခန်းရှေ့က
နောက်ဖေးအဝတ်လှန်းသည့် ဝရန်တာလေးဘက်ကို ထွက်လာခဲ့၏
မျက်ရည်ကျချင်ပြီဆို နှာခေါင်းတွေကအရင် စပ်ဖျင်းဖျင်းပူချင်လ
သည်။ မျက်ရည်ကျတာနဲ့ နှပ်ကပါ၏။ ကိုယ့်အတွက်ဖေကြီးအလုပ်
ပစ် အိမ်ကိုပစ်၍ ရန်ကုန်မှာသောင်တင်နေခဲ့တာသိသည်။ ခုတော့ 
လုပ်မှာပြဿနာတွေဖြစ် ကျန်းမာရေးမကောင်း။ ကိုယ့်ကြောင့် ဖေ
ဘယ်လောက်တောင် ဒုက္ခများနေရပြီလဲ.. ၊

"အခု ဖေကြီးစိတ်ပူစရာမလိုတော့ဘူးသိလား..ဖေကြီးစိတ်ပူနေ
ဟာကို အန်တီမြင့်မိုရ်လာရှင်းပေးသွားပြီ.."

"..............."



"ဦးအာဏာသျှန်နဲ့ကနုတ်ကို လက်ထပ်ပေးတော့မှာ.."

"မင်းကိုလက်ထပ်ရအောင် ငါကအရူးလား.."

စကားသံနှင့်အတူ လက်ထဲကဖုန်းကို အာဏာသျှန်က ဆွဲယူလိုက်
ာ၏ ၊

"နောက်ဘဝကျမှ အိပ်မက်ဆက်မက်တော့..အာဏာသျှန်ကို
ကိုယ့်ဘာသာကျွန်စာရင်းသွင်းပြီး ရွှေမင်းသမီးကို ခုန်ပေါက်ယူမှာပဲထင်
နေတာလား..တာဝတီံသာအကြောင်းသိရင် သူတောင်းစားတောင် ဆွေ
မျိုးတော်ချင်မှာမဟုတ်ဘူး.."

"ခွမ်း.."

"အား.."

ဖုန်းကိုပြန်လုဖို့စိတ်ကူးနှင့် ရှေ့တိုးပြီး လက်လှမ်းလိုက်စဉ် သျှန်
ကဖုန်းကိုကိုင်ပေါက်ပစ်လိုက်သဖြင့် ကနုတ်ဇက်လေးပုသွားပြီး လန့်
သွားမိ၏။

"မင်းကိုဘယ်သူဖုန်းပေးပြောတာလဲ.."

"အန်တီပေးတာ.."

"နောက်ဆိုမှတ်ထား..မေမေပေးပေး ဘယ်သူပေးပေး ဘယ်သူနဲ့
ဖုန်းပြောဖို့မကြိုးစားနဲ့၊ မင်းရဲ့စကားတစ်ခွန်းကြောင့်လည်း ကမ္ဘာ
ကြီးတွေ ငြိမ်းချမ်းရေးရသွားမှာမဟုတ်ဘူး..အခု မင်းနဲ့ဖုန်းပြော
ရတဲ့အတွက် မင်းအဖေပျော်သွားပြီလား.."

"အဲ့လိုဖြစ်အောင် ဦးသျှန်လုပ်လိုက်တာကိုး.."

"လုပ်တယ်.လုပ်တော့ဘာဖြစ်လဲ၊ မင်းကိုခေါ်လာတာ ငါလုပ်ချင်
လုပ်ဖို့ပဲ..မင်းကစပြီး ဘယ်သူမှအေးချမ်းမှုမရအောင် နေ့ရှိသရွေ့ကြံ
စည်ရှုပ်ရှားနေရတဲ့ ငါ့စိတ်ငါ့ခွန်အား ဘယ်တော့မှအလကားမဖြစ်ရ

သျှန်က ပြောချင်သလိုပြောပြီး ခြေလှမ်းပြင်သည်။ ကနုတ်က
ယ်ဘဲရပ်နေပြီး သူ့မျက်နှာကို စေ့စေ့ကြည့်၍.. ၊

"ဦးသျှန်လည်း သားသမီးတစ်ယောက်ပဲ..မိဘတွေလည်းရှိသေး

"အဲ့ဒီတော့ဘာဖြစ်လဲ.."

"သူများမိဘ သားအဖတွေကို လိုက်ဒုက္ခပေးနေတာ ရှင်လည်းဝင့်လည်မှာပဲ.."

"ငါကတော့ မင်းအဖေ မင်းအဘွားတွေဝင့်လည်ဖို့အတွက် ဖြည့်ဆည်းပေးနေရတာလို့ ထင်တာပဲ.."

"ရှင် ကနုတ့်ကိုတစ်ခုလေးပဲလိုက်လျှောပေးပါ..ကနုတ်တို့ဘာမှမဟုတ်ဘဲ လူတွေတစ်မျိုးထင်ကုန်အောင် ဦးသျှန်ပြောတယ်၊ အဲ့ဒါတွေအကုန်လုံး ကနုတ်ပါဝိုင်းပြောပေးပါ့မယ်..ဖေကြီးကိုတော့ ကနုတ့်ကိုလက်ထပ်မယ်လို့ ပြောထားပေးပါ.."

"မင်းကိုငါက လိုက်လျှောစရာအကြောင်း ဘာရှိလို့လဲ.."

မျက်နှာကြည့်ပြီးမေးပုံက သွေးအေးလွန်းသည်။ မျက်တောင်တင်ချက်မခတ်ဘဲစိုက်ကြည့်ရင်း ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်လိုက်ပြီး.. ၊

"မင်းကိုယ်မင်း ဘာထင်နေတာလဲကနုတ်ရောင်..ငါ့မျက်လုံးထဲမှာမင်းကအားနွဲ့တဲ့မိန်းမသားမဟုတ်ဘူး၊ ဒေါ်မြမင်းသီရိရဲ့မြေး..လှတပတမျက်နှာလေးက ငါ့ရင်ထဲကအမုန်းသွေးကို ပွက်ပွက်ဆူစေတဲ့ ငရဲမီး..

မေးဖျားကိုမျက်နှာလေးမော့လာအောင်ဆွဲယူပြီး အကြမ်းပတမ်းခါပစ်လိုက်ကာ.. ၊

"ငါ့အမေစိတ်ထားနူးညံ့မှန်းသိလို့ အခွင့်အရေးမယူချင်နဲ့..မေမေဆီက မင်းတစ်ခုရရင် ငါမင်းဆီက နှစ်ခုပြန်ယူမယ်.."

"နှစ်ခုဖြစ်ဖြစ် သုံးခုဖြစ်ဖြစ် ဦးသျှန်ကြိုက်သလိုယူလို့ရနေတာပဲ ဘွားဘွားတို့ဖေကြီးတို့က ဆွေမျိုးချင်းဆိုပြီး ရဲမတိုင်ကြဘူး၊ ဦးသျှန်ကတော့ ရက်ရက်စက်စက်တွေလုပ်နေတယ်..အခွင့်အရေးယူနေတာက ကနုတ်မဟုတ်ဘူး..ဦးသျှန်.."

ကြည့်စမ်း..မပြောတော့မပြောလို့၊ ပြန်ပြောဖို့ရှိလာတော့ စွာလှချေလား.. ၊

ပါးပြင်တွေ မျက်စပ်လေးတွေ ရဲတက်လာအောင် ပြန်ခံအော်သည်။ ပြီးတော့ ရှေ့ထပ်တိုးကာ လက်သီးလေးနှစ်ဖက်ဆုပ်၍ ခြေဖျားထောက်ပြီး အော်၏။

"လူကြီးတွေက ညှာနေလို့ ထင်တိုင်းလုပ်ခွင့်ရနေတာများ ကို



ကိုယ်ကိုဆရာကြီးလုပ်မနေနဲ့..ဖေကြီးကလည်း ဦးသျှန်ကိုသမက်တော်ချင်လွန်းလို့မဟုတ်ဘူး၊ ကနုတ်ကလည်း ရှင်ကြီးကိုလိုချင်လွန်းလို့ထင်နေသလား..တစ်နေ့ကို အကုသိုလ်ရှစ်ပိသာလောက်ယူနေတဲ့ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်လိုက်ဦး၊ သူများသားသမီးကို ခိုးယူလာတာဘယ်သူလဲ.."

"အာဏာသျှန်.."

သူကလည်း အေးစက်စက်ဖြေသည်။ ပြီးတော့.. ၊

"ဟုတ်တယ်..ဒါပေမယ့် လိုနေသေးတယ်၊ အကုသိုလ်ရှစ်ပိသာမဟုတ်ဘူး..တာဝတိံသာကို ဇောက်ထိုးလုပ်ပစ်ဖို့ ငရဲကြီးရှစ်ထပ်ထိလေ့ကျင့်ထားသေးတယ်၊ အဲ့ဒါငါ့အတွက်မဟုတ်ဘူး..သစ်ငုတ်တိုဖြစ်ပြီး ဘယ်တော့မှကျွတ်လွတ်မှာမဟုတ်တဲ့ မင်းတို့တာဝတိံသာအုပ်စုအတွက်.."

"ဖြစ်တတ်တာလည်းရှိသေးတယ်..သူများမဆင်းရဘဲ ကိုယ်ဆင်းရဖို့ ကိုယ့်ဘာသာလေ့ကျင့်ထောင်မိတာမျိုး.."

ဒေါသကထောင်းခနဲဖြစ်သွားသည်။ သို့သော်ချက်ကောင်းထိသွားတာလားဆိုသည့် မေးခွန်းထွက်လာနိုင်တာမို့ အံကြိတ်လိုက်ရင်း..၊

"အဲ့လိုဖြစ်ရင်လည်း အနည်းဆုံးတစ်ယောက်တော့ ငါနဲ့အတူခေါ်သွားလို့ရသေးတယ်..ဦးမြမင်းစံ.."

ဟင်.. ၊

ကနုတ့်မျက်နှာလေး ပျက်သွားတော့ သူပြုံးလိုက်မိကာ.. ၊

"မင်းအဖေ နောက်ဖွင့်ထားတဲ့ ဘဏ်ခွဲသုံးခုကို ဝင်ငွေခွန်မဆောင်ဘူးနဲ့ ပြည်တွင်းအခွန်ဦးစီးဌာနက မကြာခင်တရားစွဲလိမ့်မယ်.."

ကနုတ်အသံတိတ်သွားတော့ သျှန်ကဖုန်းထုတ်လိုက်ရင်း ပြုံးသည်။

"ပြီးတော့ ရှိသေးတယ်..သိချင်လား.."

ကနုတ်နှုတ်ခမ်းလေးပွင့်နေတဲ့အထိ ငေးနေလျက် တစ်ခွန်းမှုပြန်မပြောနိုင်.. ၊

"အမည်ပေါက်မဟုတ်တဲ့မြေပေါ်မှာ ရော်ဘာခြံစိုက်ထားတယ်..အခုတော်တော်တောင် ကြီးထွားသန်မာနေကြပြီ.."

အထင်ကြီး ချီးမွမ်းသလိုနှင့်.. ။

"ဒါပေမယ့် ရေနံဆီတွေ ဘော်ဒီပေ့စ်တွေ တော်တော်ဝယ်ခြမ်းနေရတယ်ဆိုတော့ သူ့ရော်ဘာပင်တွေ ရောဂါရနေပုံပဲ.."

ကိုယ့်အတွက်ကတစ်ဖက်နဲ့ ဖေကြီးဘယ်လောက်တောင် ဗျာများနေရှာမလဲ.. ။

"ဒါပေမယ့် သူမသိသေးတာက အဲ့ဒီပိုင်ရှင်ဆီက ဧကသုံးရာလုံးကို သူဌေးတစ်ယောက်ကဝယ်လိုက်တယ်.."

"အဲ့ဒါဦးသျှန်လား..ဟုတ်သလား ဦးသျှန်လားလို့.."

"မင်းမေးတာကိုဖြေဖို့ ငါ့မှာတာဝန်ရှိလား.."

"ရှိရှိမရှိရှိ ရှင်ကြီးဘယ်သူ့ကိုဂရုစိုက်လို့လဲ..အားလုံးပြောပြနေပြီမှ ဒါကိုမပြောရဲဘူးလား.."

"ငါပြောရဲတာမပြောရဲတာလည်း မင်းသိဖို့မလိုဘူး.."

လက်ကိုလှမ်းဆွဲပြီး အတင်းမေးနေသဖြင့် သျှန်ကကနုတ်လက်ကို ဖြုတ်ချပစ်သည်။ ပြီးတော့ ထိုနေရာကိုလက်ဖျားနဲ့ တစ်ချက်ခါပစ်လိုက်ပြီး.. ။

"အခုသိထားရမှာက မင်းအဖေရဲ့ပိုင်ဆိုင်မှုတွေ ဘာမှမကျန်တော့အောင် ငါလုပ်မယ်..ဒါပဲ.."

ပြောပြီးတာနဲ့ ဖုန်းထုတ်ပြီး သူမရှေ့ကနေလူကိုတိုးတိုက်ပြီး ထွက်သွား၏။ နီးနီးလေးကို ရှင်ဘက်ချင်းကပ်တိုက်ပစ်လိုက်သဖြင့် ကနုတ် နောက်ပြန်ယိုင်သွားကာ တံခါးဘောင်ပေါ်လန်ကျသွားသည်။ အားနည်း သူကို ဒီလိုမလုပ်သင့်ပေမယ့် လူကိုသွက်သွက်ခါရန်တွေထားတာ ခုန နားတွေအူနေတုန်း.. ။

"အေး..ကိုဖေ ဒီနေ့အဲ့ကိစ္စဖြစ်လား.."

"................"

"သူ့ဟာသူနေမကောင်းလို့သေသေ..ငါသူတို့အတွက် ပြန်လည်ထူထောင်ရေးလုပ်နေတာ မဟုတ်ဘူး၊ ဒါဖြို့ခွင်းရေး.."

"မလုပ်ရဘူး.."

ဘယ်လိုမှမထင်မှတ်လိုက်ခင် လက်ထဲကဖုန်းကိုဆတ်ခနဲလုယူလိုက်ရသဖြင့် သျှန်'ဟာ'ခနဲဖြစ်သွားသည်။ ခုလေးတင်ပုံပျက်ပန်းပျက်



လဲပြိုကျန်ခဲ့တာကို ကိုယ့်ဆီချက်ချင်းပြေးလိုက်လာမယ်မထင်။ ဒီလိုလုပ်ရဲမယ်လည်း မထင်ခဲ့သဖြင့် ဖုန်းသည်သူမလက်ထဲ ပါသွားခဲ့ပြီး..၊

"ဟိတ်..ရပ်နေစမ်း.."

"မနေဘူး..လုံးဝမပေးဘူး.."

ဒီဖုန်းနဲ့ညွှန်ကြားနေတာ သူအမိန့်ပေးလိုက်တာနဲ့ ဖေကြီးကိုဟိုမှာဘာတွေလုပ်ကြမည်မသိ။ ကိုယ်ထင်ရာတွေး၍ စိတ်ပူကာ ဖုန်းကိုကျစ်နေအောင်ဆုပ်ထားရင်း ကနုတ်စွပ်ပြေးသည်။ အိမ်ရှေ့တံခါးနားရောက်မှ အန်တီအိမ်မှာမရှိတာကို သတိရသည်။

သွားပြီ..။ နင်ဘာအားကိုးနဲ့ ဒီလူကြီးကိုသွားစတာလဲကနုတ်..။ အခု ဘာလုပ်မှာလဲ.. ။

သူမလျှောက်ပတ်ပြေးစရာနေရာလည်း မရှိတော့ပေ။ ဒေါသတကြီးလိုက်ပါလာသည့် ခြေလှမ်းတွေကိုကြည့်ကာ လက်ဖျားတွေပါအေးအေးခဲ့လျက်.. ။

"မပေးဘူးနော်..လုံးဝပြန်မပေးဘူး.."

နောက်ဆုတ်ပြေးရင်း အိမ်ရှေ့ဝရန်တာတံခါးကို ပြေးဖွင့်လျှင်..၊

"အား.."

ဖုန်းကိုင်ထားသည့်လက်ကို နောက်ကနေဆောင့်ဆွဲလိုက်သဖြင့် နာနာနှင့်အော်မိ၏။ ပြီးတော့ ခိုချပစ်လိုက်ပြီး ဖုန်းနဲ့ဒူးနှစ်ဖက်ကိုသိမ်းထား၍ သျှန်နည်းနည်းမှလာလုနေလို့မရအောင် ကာကွယ်ထားလိုက်သည်။

"ကနုတ်ရောင်.."

"ဟင့်အင်း.."

"အဲ့ဒါ မင်းနဲ့ဘာဆိုင်လို့လဲ..ထစမ်း.."

ကြမ်းပေါ်မှာ ငုတ်တုတ်ထိုင်ပြီး မျက်နှာပါဝှက်ထားသဖြင့် သျှန်ဘယ်လိုလုပ်ရမှန်းမသိဖြစ်သွားသည်။ သို့သော် သူချက်ချင်းရှေ့တိုးလာကာ ကနုတ့်ကိုယ်လေးကို ငုတ်တုတ်လေးအတိုင်း ပွေ့ယူလိုက်သည်။

"အား..အန်တီရေ၊ ဟင့်အင်း.. ချပေးနော်၊ ဖုန်း ဖုန်းကျသွားပြီ.."

ဒီလောက်ဒုက္ခပေးရဲနေသည့်သူမကို သည်းခံဖို့နည်းနည်းလေးမှ

စိတ်ကူးမရှိတော့ဘဲ.. ။

"ဒုန်း.."

ခပ်ဟဟရေချိုးခန်းတံခါးကို ဆောင့်ကန်ဖွင့်သည်။ ထို့နောက်..

"အား.."

"ဗွမ်း.."

ရေဖြည့်ထားပြီးသည့်ကန်ထဲကို ပစ်ချပေးလိုက်၏။

"ဦး..ဦးသျှန် အ..ဝူး.."

ကြွေကန်ကြီးထဲ ပက်လက်ကျသွားသဖြင့် ရုတ်တရက်ပြန်ထလို့ ရ။ ရေတွေလမ်းကြောင်းလွဲဝင်ကုန်ကာ ကြောက်လန့်တကြား ကျုံးရုန် ထတော့လည်း သျှန်ကပြန်ဖိချလိုက်၏။

"ဝူး.."

"ဝုန်း..ဒုန်း.."

နှာခေါင်းထဲမှာ စပ်ဖျင်းမွှန်ထွန်နေသည်။ မျက်လုံးတွေဖွင့်ပေမ နာကျင်နေလျက် ပြန်မှိတ်ပစ်ရသည်။ သို့သော် ကန်ဘောင်မှာထိုင်ရာ နေ မတ်တပ်ရပ်လိုက်သည့် သျှန့်အရိပ်ကို သေချာမြင်လိုက်၏။ ထ နောက်.. ။

အခန်း(၅၈)

"ဘယ်လိုနေလဲဆရာ.."

"မခိုးရိမ်ရပါဘူး..လန့်ပြီးဖြစ်သွားတာပါ၊ ရေကူးရင်း ကြွက်တက် ထင်တယ်.."

နှစ်တယ်ပဲပြောပြထားတာမို့ ဆရာဝန်မေးတော့ သူဘာပြောရ မိုးချုပ်တဲ့အထိ မေမေပြန်မလာလို့ ဖုန်းဆက်တော့လည်း မေ ပဲ ဖုန်းကိုင်ကာ.. ။

"သူနဲ့သားရေ..သားအမေ မေမေလေးနဲ့အတူရှိတယ်၊ မင်းသမီး ဆလေ မေမေလေးသူငယ်ချင်း..သူ့ဆီမှာဒီညအိပ်လိုက်တော့ လေးလည်း နေမင်းကိုဖုန်းဆက်ပြီးပြီ.."

"မေမေလေးက ဘာစိတ်ကူးပေါက်ပြီး ထလုပ်နေတာလဲ..မေမေ့ ထွက်ဖို့ခေါ်သွားတာတွေ မင်းသမီးအိမ်သွားကြတာတွေက.."

"မင်းတို့သားအဖကြောင့် ကတောက်ကဆတွေဖြစ်ခဲ့တာလေ..မေ သမီးယောက်မမှာ ဘာပြဿနာမှမရှိဘူး၊ ခုလည်း လိုအပ်လို့ ပြီးတော့ မေလေးတို့မိန်းမသားချင်း ပြောဆိုတိုင်ပင်စရာတွေ ရှိသေးလို့.."

"မေမေလေး မေမေ့ကိုအိမ်ခေါ်သွားတာမဟုတ်ရင် ပြီးတာ

"အမလေး အိမ်မှာလည်း မင်းအဖေဒေါ်သကုမ္ဘရနဲ့ပါသား
မေလေးကလုပ်စရာလား၊ မင်းအမေနဲ့ပြောဦးမလားသား.."

"နေပါစေတော့.."

ဖုန်းချလိုက်ပြီး ဆံပင်ဖွနေမိကာ ပြီးတော့ ကျွတ်ခနဲညည်း
မေမေတစ်ယောက်တည်းနဲ့တောင် ဒီကောင်မလေးအတွက်နဲ့ စကာ
ရ အဆင်မပြေဖြစ်ရတာတွေ ခဏခဏ။ အခုမေမေလေးပါလာ
သူမရှိတုန်းရောက်လာပြီး ဘာတွေပြောသွားသလဲ.. မေမေ့ကိုခေါ်
သွားတာ ဘာအတွက်လဲ..။ ကနုတ်ရောင်ဖုန်းပြောနေပုံအရ သူနဲ့
လက်ထပ်ပေးဖို့အကြောင်း တစ်ခုခုပြောသွားတာဖြစ်နိုင်သည်။ အဲ
က သူမသိဘဲ ကြိတ်ကြံပြီး သူမပါဘဲပြီးဆုံးသွားမှာမို့လို့လား..

ဆံပင်တွေကို သိမ်းလှန်ဖိသပ်ရင်း ကနုတ့်အိပ်ခန်းဆီလ
ဖြိုးခိုင်ဆီက ဖုန်းလာလျှင်.. ၊

"ပြော.."

"မင်းကောင်တွေမလည်ဘဲရှုပ်တာ တိုင်ပတ်ကုန်ပြီကွ.."

"ဘာလို့လဲ.."

"အခု ကယ်ရီကိစ္စသေးသေးလေး မဟုတ်တော့ဘူး..
လှည့်နဲ့ ဆွဲထည့်လိုက်တာထင်တယ်၊ ပစ္စည်းပျောက်သွားတယ်
တယ်.."

"ပစ္စည်းကဘာလဲ.."

"အဲ့ဒါငါလည်း သေချာမသိဘူး..အစကအရှိင်းတုံးလေ
ပြီး သူတို့ကိုကယ်ရီလောက်ပဲ သုံးတယ်ထင်တာ.."

"မင်းကနယ်စပ်ကကောင်တွေနဲ့ ချိတ်ပေးလိုက်တာလ

"နိုးပါဆရာရေ..ငါကမင်းခိုင်းတာထက် တစ်လက်မမှမ
တို့ဘာသာ အလုမ်းကျယ်တာ..မင်းကိုငါတို့မပြတ်သတင်းပို့
ဒီကောင်လေးတွေ ငွေများများစားစားကိုင်ရတာနဲ့ လောဘတွေ
သွားတာ.."

"စိတ်မကောင်းစရာတော့ မရှိပါဘူး..အကုသိုလ်အကျိုး
တွန်းချဖို့တောင်မလိုဘူး၊ ကိုယ့်ခြေထောက်နဲ့ကိုယ် ခလုတ်



ဆိုးဆင်းမှာပဲ.."

"ဒီကောင်မထင်ရဘူးကွ..ပိတ်ဆို့မှုတစ်ခုဟာ အင်အားကောင်းတဲ့
ကို ဖြစ်စေတယ်ဆိုတာ ခုမှကွင်းကွင်းကွက်ကွက်တွေ့လိုက်ရ
လုငယ်ဆိုတာ တီထွင်ချင်တယ်၊ ဆန်းသစ်ချင်တယ်..အသစ်အ
တွေကို ခံစားချင်တယ်၊ ဒါကိုတစ်သက်လုံး မျိုသိပ်နေခဲ့ရတော့ ဖွင့်
ပြီဆိုတာနဲ့ လွတ်ပြီပေါ့.."

"သူတို့အစီအစဉ်တွေကို မျက်ခြေမပျက်စေနဲ့..ဒီလောက်ဆိုရင်
လေတိုက်ဖို့က လိုရင်းပဲ..အမှိုက်ပါပါ ဖုန်ထထ .."

ဖုန်းပိတ်ပြီး ဖျတ်ခနဲပေါ်လာသည့် ကျေနပ်အားရဖြစ်သွားသည့်
လက်ရှိအခြေအနေဆီပြန်ရောက်လာတော့ စိတ်ပျက်သွားခဲ့သည်
ချလိုက်လို့ သူမဖျားနေသည်။ သူမနဲ့သူ ဒီလိုဖြစ်လာတိုင်း
နေခြင်းက တိုက်ပွဲတိုက်ဆိုင်လွန်းပါသည်။ မေမေရှိမနေလို့
လား မေမေရှိမနေကာမှ တိုက်တိုက်ဆိုင်ဆိုင်လာဖြစ်နေရတာ

ဆီမှာအိခနဲထိုင်ချလိုက်ပြီး စီးကရက်တစ်လိပ်ထုတ်သည်။ ပြီး
ခြစ်ကိုပါ ကိုင်ထားပြီးမှ မီးမညှိဖြစ်ဘဲ ညဦးကအဖြစ်တွေကို
နေမိသည်။ သူမအပေါ်သူလွန်ခဲ့လို့လား..။ ဒီလိုနောင်တမျိုး
ဘယ်တော့မှရမှာ မဟုတ်ပေ။ တာဝတိံသာနဲ့ပတ်သက်ပြီး သူ
စီစဉ်ထားခဲ့သည့်အတိုင်း ပစ်မှတ်အားလုံးကိုအတိအကျချိန်
ခဲ့ပြီးပြီ။ ဒီထဲမှာလွတ်နေသေးတာ သူမပဲရှိသည်။ သူမရှေ့မှာ
ကြားခံနေသည်။ တခြားပစ်မှတ်တွေအတွက် ပြင်ဆင်နေရ
ကြောင့် သူမဘက်ကိုလှည့်ဖို့ မဖြစ်နိုင်သေးတာလည်းပါသည်။
အပေါ်ပြုမူမိသမျှအားလုံးက ရုတ်ချည်းဖြစ်လာသည့်ဒေါသ
ရန်ငြိုးနဲ့တုံ့ပြန်တာ ဘာမှမရှိခဲ့သေးပေ.. ၊

တောင် ဒီကောင်မလေးတော်တော်ထိန်းရခက်တာ ဘယ်
သည်းခံနေရမလဲ..။ ပင့်သက်ရှည်ကြီးရှိုက်ရင်း စီးကရက်မီး
ဟာကျူလီတရေးနိုးထလာသည့် လှုပ်ရှားသံကြားလိုက်
ခင်ကိုယ့်နားရောက်လာမည်ထင်လိုက်ပေမယ့် ပေါ်မလာ။
ဆီအနောက်မှီပေါ်ကကျော်ပြီး အထဲကိုလှည့်ကြည့်လိုက်မိ

သည်။ ဟာကျူလီကအတွင်းလမ်းကြားထိပ်လေးမှာ သူ့ကိုရပ်ကြည့် တာဖြစ်ကာ သူလှည့်ကြည့်လိုက်ကာမှ အသံလေးတစ်ချက်ပေးပြီး လှည့်ဝင်သွား၏။

တစ်ခုခုလာပြောနေတာများလား.. ။

စီးကရက်နဲ့မီးခြစ်ကို စားပွဲပေါ်တင်ထားခဲ့ပြီး သူထလာခဲ့သ ဟာကျူလီက ကနုတ့်အခန်းရှေ့မှာ တံခါးကိုလက်လေးတစ်ဖက်နဲ့ နေပြီး တအီအီအော်၏။

"ဒီကောင် နဂိုတည်းကခွေးလိမ္မာကွ..သူ့ထရိန်နာတောင် အံ့ တာ၊ အရမ်းအတတ်မြန်လို့တဲ့..အရိပ်အကဲလည်းသိတယ်၊ အက တယ်တဲ့..မင်းကိုသူစကားပြောလိမ့်မယ်၊ သူ့အမူအရာတွေကို ဂရု ကြည့်ကြည့်.."လို့ ဖြိုးစိုင်ပြောလိုက်တာကို သတိရလိုက်မိသည်၊ တော့ပိတ်ထားသည့်တံခါးကို လက်နဲ့ဖိကြည့်လိုက်တော့ အထဲက ထားတာ သေချာသွားသည်။ တအောင့်ကြာရင် ကိုယ်ပူကျသွားမ ဆရာဝန်ပြောခဲ့သည်။ သူလည်းတံခါးပိတ်ထားခဲ့တာမဟုတ်။ ဒါ မတံခါးတော့ ထပိတ်နိုင်ပြီပဲ.. ။

သျှန့်နှုတ်ခမ်းတွေ လွန့်ခနဲမဲ့သွားသည်။ ပြီးတော့ သော့ ကာ တံခါးဖွင့်လိုက်လျှင်.. ။

"ဟင်..ရှင်.."

ခုတင်တိုင်မှာ စောင်တွေနဲ့ဆက်ချည်ထားသည့် ကြိုးစကို ပေါက်ကနေ တန်းလန်းချထားလျက် တွေ့လိုက်ရကာ ညဝတ်အ ဖား ဆံပင်တွေဝဲဖြာလျက်နှင့် ပြတင်းပေါက်ဘောင်ပေါ်မှာ ဟို ရောက် ဒီဘက်မရောက် ကို့ယို့ကားယား.. ။

"တံခါးပိတ်ထားတာကို ရှင်ဘာလို့ဝင်လာတာလဲ.."

မျက်နှာပေါ်ကဆံပင်တွေ ဖရိုဖရဲကိုတောင် မဖယ်ရှာ ဘောင်ပေါ်မှာ ခြေမအားလက်မအားတွယ်ကပ်နေရင်း ရန်လ သေးသည်။ သျှန်က ခြေလှမ်းရပ်လိုက်ပြီး.. ။

"ဘာလဲ..ထွက်ပြေးမလို့လား.."

ဟုတ်တယ်လို့တော့ မဖြေဘဲ မေးဖျားလေးဆတ်ခနဲပင့် မျက်နှာလွှဲပစ်၏။ သျှန်က ခေါင်းညိတ်လိုက်ကာ.. ။



"ဘာလို့ဒုက္ခခံနေတာလဲ..ဒုတိယထပ်ကခုန်ချတာနဲ့ ပွဲချင်းပြီးမသေဘူး.."

"ဘာ.."

"အောက်တစ်ခါတည်းရောက်တဲ့နည်း ငါပြမယ်.."

"ရှင်နော်.."

လှမ်းလာသည့်ခြေလှမ်းကြီးတွေကြောင့် သူဘာလုပ်တော့မယ်ဆိုတာ သိလိုက်ပြီး ကနုတ်သွေးပျက်သွားသည်။

"မလုပ်နဲ့..မလုပ် ရှင်..အား.."

သျှန်အနားမရောက်ခင် ကနုတ်ကြောက်လန့်ပြီး ကိုယ့်ဘာသာချော်ကျသွားလေသည်။ ခြေထောက်သည် အဲရ်ကွန်းအောက်ဒိုးပေါ်ထောက်မိသွားကာ လက်မောင်းတစ်ဖက်ကို သျှန်ကဖမ်းဆွဲထားလိုက်သဖြင့်.. ။

"ငုံ့ကြည့်လိုက်..အောက်မှာနိမ့်နိမ့်လေးရယ်.."

ကြည့်ဆိုတော့ ကြည့်သည်။ မှောင်မည်းနေသည့်တိုက်တန်းလမ်းကြားလေးထဲကို ဘာမှလည်းသဲကွဲစွာမမြင်ရပေမယ့် ညဦး၏တိတ်ဆိတ်ခြင်းနှင့်အမှောင်ထုကြောင့် ကနုတ်ခေါင်းတွင်တွင်ခါ၍ သူ့လက်မောင်းအင်္ကျီစကို တစ်ဖက်နဲ့အသေပြန်ဆွဲထားပြီး... ။

"မလုပ်ပါနဲ့..လွှတ်မချလိုက်နဲ့နော်၊ ပြန်ဆွဲတင်ပေး.."

"မင်းပဲထွက်ပြေးဖို့လုပ်နေတာ မဟုတ်ဘူးလား..ငါကကူညီမလို့.."

"ဟင့်အင်း ဟင့်အင်း..ကနုတ်ကြောက်တယ်၊ ပြန်ဆွဲတင်ပေးပါ.."

ပြောနေရင်း မျက်ရည်တွေပါကျလာသဖြင့် သျှန်ကစူးစိုက်ကြည့်၏.. ။

"မင်းချထားတဲ့ကြိုးစနဲ့ ပြန်တွယ်တက်ခဲ့..ငါလုပ်တာမဟုတ်တဲ့ကိစ္စကို တာဝန်မယူနိုင်ဘူး.."

ခပ်ပြတ်ပြတ်ပြောကာ သူမကိုင်ထားသည့်လက်ကိုရုန်းလျှင် ကဘော်ကလေးလို ဇွတ်အတင်းဖက်တွယ်ငိုယိုရင်း.. ။

"ဟုတ်တယ်..ကနုတ်အဲ့လိုလုပ်ဖို့ကြံတာ၊ ဒါပေမယ့် အခုပြုတ်ကျသွားရင်ရှင့်ကြောင့်.."

"ဟုတ်လား...အဲ့လိုဆို ငါကအလုပ်တစ်ခုကိုစပြီးရင် တဆုံးထိသွား

ပြီးမှရပ်တာ.."

"အား.."

သူမဆွဲထားသည့်လက်ကို ခါချလိုက်သဖြင့် ကိုယ့်ကိုယ်ကိုပြုတ်ကျပြီ သေပြီလို့မှတ်လိုက်၏။ သို့သော် သူမရဲ့ရှိုင်းနှစ်ဖက်အောက်ကနေလက်လျှိုကာ အထဲကိုဆွဲယူလိုက်ခြင်းဖြစ်လျက် ကိုယ့်ကိုကားယားပါလာသည့် သူမကိုထိန်းမထားနိုင်ဘဲ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်လဲကျသွားကြ၏။ ကနုတ်သည် သျှန့်ရင်ဘက်ပေါ်မှာ မှောက်လျက်လေးဖြစ်လျက် ဆံပင်တွေကနှစ်ယောက်အတူ စောင်ခြုံထားသလိုဖြစ်သွားခဲ့သည်။ နီးကပ်နေသည့်မျက်နှာနှစ်ခု၏အနေအထားသည် အသက်မရှူဖို့အောင်ဖြစ်နေခဲ့လျက် ရုတ်တရက်တစ်ယောက်နဲ့တစ်ယောက် ငေးကြည့်နေမိရင်း စက္ကန့်များစွာတိတ်ကျသွားခဲ့၏။ သျှန့်မျက်ဝန်းတွေက သူမရဲ့လုံးစင်းသည့် နှာတံလေးကနေ နှုတ်ခမ်းလွှာလေးတွေဆီ စုန်ဆင်းသွားခဲ့လျှင် ကနုတ့်ရင်တွေဒိန်းခနဲဆောင့်ခါသွားသည်။ ပြီးတော့ သျှန့်ရင်ဘက်ပေါ်ကနေ ရုန်းထဖို့ပြင်လိုက်၏။ သို့သော် သျှန်ကသူမပခုံးလေးနှစ်ဖက်ကို ဖမ်းဆွဲထားလိုက်ပြီး.. ။

"ရှင်ဘာလုပ်တာလဲ..ဟင့်အင်း.."

သူတစ်ချက်လှုပ်တာနှင့် ကနုတ့်ကိုယ်လေးသူ့ရင်ခွင်အောက်ရောက်သွားခဲ့သည်။ ပြီးတော့ အနမ်းတို့သည်.. ।

အမုန်းသည် ဘယ်မှာပြေးပုန်းနေသည် မသိခဲ့ဘဲ
အချစ်သည် ဝတ်ရုံလွှာပါးနှင့် ကသုတ်ကရုတ်ရောက်လာခဲ့ပြီး
အနမ်းဖြင့်မေ့မေ့မူးမူး...ထို့ကြောင့်..
ရင်ခုန်သံဥ္ဈ်သို့ရှိသော်.. ।

အခန်း(၅၉)

"မင်းကိုငါမပြောချင်တော့ဘူးပုလဲ..မင်းအဲ့ဒီလိုမိန်းမမျိုးဖြစ်ရအောင် မင်းယောကျ်ားငါက ဖောက်ပြန်ပွေရှုပ်နေသလား.."

ခင်ပွန်းသည်ပြောသွားသည့်စကားတွေကို ကြားယောင်ရင်း မိတ်ကပ်လိမ်းမလို့ မှန်တင်ခုံရှေ့ထိုင်နေပြီးမှ ဘာမှလည်းမကိုင်ဖြစ်။ ဖြီးလိမ်းဖို့ ကြိုးစားထားရသည့်အားအင်တွေလည်း ကုန်နေခဲ့သည်။

"ထစ်ခနဲဆိုလက်ပါ..စိခနဲဆို မင်းပဲ၊ ဘာလဲ..မင်းက မယ်မယ့်ဟီးရိုးလား၊ မမဦးလက်သပ်မွေးထားတဲ့ သက်တော်စောင့်လား.."

"မင်းခုလိုပြဿနာဖြစ်တာ ဘယ်သူ့ကိုထိခိုက်လဲမင်းသိလား..မင်းယောကျ်ားငါလေ၊ ဟောဒီကောင်ကိုလာထိခိုက်တာ၊ ဘယ်မိန်းမက ခဲအိုအတွက် ပါးဝင်ရိုက်မှာလဲ..လူဘုံအလယ်မှာ ခဲအိုအတွက်နဲ့ ဆံမြိတ်ပြေရက်ပြုတ်ဖြစ်အောင် ဘယ်လိုမိန်းမလုပ်တာ ကြားဖူးသလဲ.."

"ခင်ဗျားမိန်းမရန်တွေဖြစ်ကြတယ်ဆို..ဘယ်လိုလဲ၊ ဘာတွေဖြစ်ကြတာလဲတဲ့..မသိတဲ့လူတွေကျတော့ ခင်ဗျားဘာတွေလျှို့ထားတာလဲ၊ ပြသင့်ပြီနော်တဲ့..ကဲ၊ ငါရှုံးသားသားနေတဲ့အတွက် မင်းပေးတဲ့ဆုလာဘ်က အဲ့ဒါတွေလား.."

"မင်းလည်းထင်ရာလုပ် ငါလည်းပျော်သလိုနေမယ်..တစ်ခုခုဆိုရင်တော့ အပြစ်တင်ဖို့မစဉ်းစားနဲ့၊ အဲ့ဒါမင်းသင်ပေးတဲ့အတိုင်းပဲ.."တဲ့..၊

ဦးကျော်မြတ်ခေါင်ပြောခဲ့သည့် စကားတွေက ဘယ်နှစ်ခါပြန်တွေးတွေး ရင်ကိုဓားထက်ထက်နဲ့မွှန်းနေသကဲ့သို့ရှိကာ ထိုနာကျင်မှုကြောင့် အစားအသောက်ပျက်ရတာလည်း ဦးကျော်မြတ်ခေါင်အိမ်ပြန်ချိန်မမှန်တော့ကတည်းက.. ၊

"မမကြီးရှင့်..သစ်ခွပန်းတွေရပါပြီ.."

အခန်းရှေ့ကနေ စကားသံထွက်လာသည်။ ဒေါ်မြပုလဲဖြူတုပ်တုပ်မှမလှုပ်။ မှန်ထဲမှာပေါ်နေသည့် တစ်ဆစ်ချိုးကော့တက်နေသော မျက်ခုံးတန်းနှင့် မျက်အိမ်ကျယ်ကျယ် မျက်နက်ဆံအနည်းငယ်သေးသည့်မျက်ဝန်းတစ်စုံ။ ပြီးတော့ ပါးချင်သလိုရှိသည့် နှုတ်ခမ်းသားတို့ကို ငေးနေမိကာ ကိုယ့်ပုံကိုမြင်နေရတာမဟုတ်သလို စူးစိုက်ကြည့်နေမိ၏။

"မမကြီးရှင့်..သစ်ခွပန်း.."

"ဟိတ်..တိတ်စမ်း.."

"ဒုန်း...ခွမ်း.."

"အား.."

နှောင့်ယှက်နေသည့်အသံတစ်ရပ်အဖြစ် ဒေါသကဆောင့်ခုန်ထွက၏။ မှန်တင်ခုံပေါ်ကပစ္စည်းတစ်ခု ဘာဆိုတာရွေးချယ်မနေဘဲ ဆတ်ခနဲဆွဲယူပြီး လှည့်ပေါက်ပစ်လိုက်သည်။ ပြီးတော့ နေရာမှထရပ်လိုက်အထိ စိတ်နဲ့လူကမကပ်။ သူမပစ်ပေါက်လိုက်သည့် ပစ္စည်းတစ်ခုသည်ရေမွှေးပုလင်းကြီးဖြစ်နေခဲ့လျက် တစ်ထွာကျော်ကျော်သုံးလက်မပလည် ပုလင်းတစ်လုံး၏အရှိန်က အိမ်အကူမိန်းကလေး၏ နဖူးထေကို ရုပ်မှန်ကာနံရံဆီခွမ်းခနဲပြေးဆောင့်သွားသည်။ မိန်းကလေး၏နကွဲသွားခဲ့လျက် ဖြာကျလာသည့်သွေးစက်တွေက သူမယိမ်းယိုင်ညည်းညူနေစဉ်မှသည် ထွက်ပြေးသွားသည့်အချိန်ခဏအတွင်း ထိုနေရာသွေးစက်သွေးပေါက်များစွာ စွန်းထင်းကျန်ရစ်ခဲ့လေသည်။

သို့သော် အဖြစ်အပျက်အားလုံးကို ဒေါ်မြပုလဲဖြူလှည့်လည်ကြည့်။ သိလည်းမသိ။ သိလည်းမသိချင်သလို လှည့်ကြည့်ဖို့လည်းစိတ်မဝင်စားပေ။ မှန်ရှေ့ကထလာပြီး မွေ့ရာထက်မှာ တစောင်းလေး



လိုက်ရင်း ကိုယ့်ထက်အရင် ခွေကျဖြန့်ဆင်းသွားသည့်ဆံပင်တွေပေါ်လက်ဖဝါးတစ်ဖက်တင်သည်။ ထို့ပြင် ထိန်းချုပ်ထားခဲ့သမျှ မျက်ရည်စက်တွေက လက်ခုံထက်သို့ တပေါက်ပေါက်ကျလာခဲ့ကြလျက် ထိုမှတစ်ဆင့် ဆံပင်တွေထဲသို့ စီးဝင်လေသည်။

"တစ်မျိုးလုံးတစ်ဆွေလုံး မင်းတို့တာဝတိံသာစံအိမ်ကို လက်ညှိုးထိုးနေကြတာ မင်းနားလည်လား..အများနဲ့တစ်ယောက်ဖြစ်လာရင် အဲ့ဒီတစ်ယောက်မှာတစ်ခုခုတော့ရှိနေပြီဆိုတာ မင်းစဉ်းစားသင့်တယ်.."

"ငါတို့ကဆယ်ကျော်သက်တွေတော့ မဟုတ်ကြပါဘူး..ဒါပေမယ့်မင်းအမေနဲ့စာရင် လူငယ်ပေါ့၊ ဒါကိုလူကြီးတစ်ယောက်က အယူသည်းအစွဲကြီးနေရင် ငယ်တဲ့လူတွေက ပြောပြတည့်မတ်ပေးရမှာမဟုတ်ဘူးလား..မင်းကငါ့သားကိုတောင် လှောင့်ချိုင့်ထဲထည့်လိုက်သေးတယ်၊ ရတယ်..မပြောသေးဘူး၊ ကြည့်နေတာ.."

ဒီစကားတွေပြောနေတည်းက မယ်မယ့်အပေါ်မှာ ခင်ပွန်းဖြစ်သူအမြင်လွဲနေပြီဆိုတာ သူမသိသည်။ ဒါပေမယ့် ကိုယ့်မိခင်ဖြစ်သလိုသူနဲ့ဆိုလည်း ကြီးတော်တော်နေသေးတာပဲ။ ဒါကြောင့် ကိုကိုကျော့အသူအဆ ဒီလိုတစ်လမ်းဖြစ်နေတာကို ဂရုတစိုက်လည်းမတွေးဖြစ်ခဲ့သေးဘူး။ ခုတော့ အကြီးအကျယ်ကွဲလွဲခဲ့ပြီဖြစ်သည်။

"ငါနားလည်သလိုတွေးရရင်တော့ ကိုအောင်ကလည်း မင်းတို့လိုသူပဲ..မယ်မယ်ကအဖြူဆို သူကလည်းဘယ်တော့မှမမည်းခဲ့တဲ့သူ၊ ဒါကြောင့်များ ကိုအောင့်ကို ကြိတ်အထင်ကြီးနေတာလား..သူကမှ ငါတို့နဲ့အကြောတည်းလူဆိုပြီး.."

ဒီစကားမှာ ဒေါ်မြပုလဲဖြူပေါက်ကွဲခဲ့သည်။

"ဟုတ်တယ်..မယ်မယ့်ကိုဘယ်တော့မှ အပြစ်မထောက်ဘူး၊ သားသားကိုလည်း သားသမီးရှေ့မှာ မဝေဖန်ဘူး..အဲ့ဒီလိုလူမို့လို့ ကိုယ့်ရှေ့မှာ အရှက်တကွဲဖြစ်နေတာ ကြည့်မနေနိုင်တာ ဝင်ပါမိတာ၊ အဲ့ဒါဘာဖြစ်သွားနိုင်သလဲ.."

"သူကမင်းယောကျ်ားမဟုတ်တော့ လင်လုကြတဲ့ပြဿနာက ငါ့ကြောင့်ဖြစ်တာလို့ နာမည်ကြီးသွားတယ်လေ..အဲ့ဒါမင်းကြောင့်.."

"ကိုကြီးအောင်ကို အဲ့ဒီကလူတွေအားလုံးမြင်တယ်..ရှင်ပုလဲကိုအ

ဖြစ်ရှာမပြောနဲ့.."

"မျက်မြင်သက်သေတွေရှိတော့ အဲ့ဒီကိစ္စက ခုံရုံးရောက်မယ့်ကိစ္စမို့လို့လား..ဒီမှာပုလဲဖြူ ငါပြောနေတာ သတင်းကြီးသွားတဲ့အကြောင်းနော်၊ လေထဲမှာပျံ့နှံ့သွားတဲ့ စကားသံတွေမှာ မျက်မြင်သက်သေစာရင်းတွေ ကပ်လျက်ပါသွားတာမဟုတ်ဘူး.."

"အို ဘာပဲဖြစ်ဖြစ်..မမကြီးတို့လင်မယားက ရိုးသားတယ်၊ မမကြီးက အေးလွန်းတယ်..ဒီလိုလူတွေကိုထိရင်တော့ လုံးဝမခံနိုင်ဘူး.."

"အေး..မင်းမခံနိုင်တာတွေလည်း ငါခုမှသေချာသိရတာပါ၊ ခုမှသိဆို ခုမှမဖြစ်ဘူးတာတွေ ဖြစ်လာတာကိုး..အကုသိုလ်ဆိုတာ အဲ့ဒါပဲ၊ ဒါပေမယ့် ကိုယ့်လုပ်ရပ်ကြောင့် ကိုယ့်ဆီရောက်လာတဲ့အကုသိုလ်မင်းပဲခံ..ငါမခံနိုင်ဘူး.."

ဆိုပြီးထွက်သွားလိုက်တာ နှစ်ရက်ကြာမှအိမ်ပြန်လာသည်။ ပြန်ရောက်လာပြီး လင်မယားမဆုံဖြစ်အောင် နေသည်။ ဆုံလည်းစကားမပြော။ ကိုယ်ကသာတမျှော်မျှော် နားစွင့်နေပေမယ့် သူကတော့ သီချင်းတအေးအေးနှင့် ဖုန်းတွေပြောလိုက်တာ မနား။ နောက်ပိုင်းမှာ အိမ်ပြန်ချိန်တွေက ဖြစ်ချင်သလိုဖြစ်လာခဲ့ပြီး.. ။

ဖုန်းသံ.. ။

အတွေးများမှာ နစ်မျောရင်း ဖုန်းမြည်သံကြောင့် မျက်ရည်သုတ်၍ ကမန်းကတန်းထကြည့်လိုက်မိသည်။ ပြီးတော့ ဝမ်းသာအားရဖြင့်သွားခဲ့လျက်.. ။

"သား..သားဘယ်မှာလဲ၊ ဘာလို့ပြန်မလာတာလဲသား..မေမေတို့စိတ်ဆိုးနေမယ်ထင်လို့ ပြန်မလာရဲတာလား.."

"မေမေ့.."

"ပြန်လာခဲ့သား..သားဘာလုပ်ခဲ့လုပ်ခဲ့ အခုဘာတွေဖြစ်နေနေ မေမေလိုက်ရှင်းနိုင်တယ်၊ ပြန်ခဲ့နော်သား.."

"ပြန်လာလို့မရသေးဘူးမေမေ..သားဘာမှလည်းမဖြစ်ဘူး၊ အိမ်ရှေ့မှာ ဘကြီးတိုးနဲ့သားအိတ်တစ်လုံးပေးခဲ့တယ်..အဲ့ဒါလေးခဏသိမ်းထားပေးပါ.."

"ဟင်.."



ဒေါ်မြပုလဲဖြူ ပြတင်းပေါက်ဆီပြေးကပ်ပြီး ခြံရှေ့ကိုလှမ်းကြည့်လိုက်သည်။ ဒီလောက်ခြံကျယ်ကြီးမှာ အိမ်ရှေ့ကိုလှမ်းမမြင်နိုင်မှန်း မသိတာလည်းမဟုတ်ဘဲ သားအိမ်ရှေ့ရောက်လာသည်ဆိုသည့်အသိနှင့် ကယောင်ကတမ်းတွေဖြစ်သွားခဲ့သည်။

"သား..သားခဏနေဦး၊ အခုမေမေထွက်လာခဲ့မယ်..သားမှာဘာအခက်အခဲရှိနေလို့လဲ၊ မေမေ့ကိုပြော..မေမေအကုန်လုံးဖြေရှင်းပေးမယ်၊ မေမေလေ.."

ခလုတ်တိုက်မတတ်ပြေးနေရင်း ကားသော့ပါလိုရမယ်ရဖြုတ်ခဲ့သေးသည်။ သို့သော် အိမ်ရှေ့ကိုအပြေးတစ်ပိုင်းထွက်လာခဲ့ပြီးမှ ဖုန်းကျသွားပြီမှန်းသိလိုက်ရကာ ဟင်ခနဲဖြစ်သွားခဲ့၏။ သားလေးပုံစံက ဝရမ်းပြေးတစ်ယောက်လို ပြောလာခိုးတွေဖြစ်နေတာလား.. ။

ဘုရား..ဘုရား.. ။

မဟုတ်ဘူး..ငါ့သားအဲ့လိုမျိုးဖြစ်စရာ ဘာအကြောင်းမှမရှိဘူး..ငါ့သားမိုက်လို့ ဒီလိုဖြစ်နေရင်တောင် ငါ့မှာသားအတွက် ရွှေငွေစည်းစိမ်တွေရှိတယ်..ငါဖြေရှင်းနိုင်တယ်.. ။

"မမလေး.."

ဆံပင်တွေဖြူနေပြီဖြစ်သည့် ခြံစောင့်ဦးတိုးလှက အတက်ချိုကော့စ်ခွံအိတ်အမည်းလေးတစ်လုံးဆွဲလျက် ရောက်လာကာ.. ။

"ကလေးကဒါလေးမမလေးကို ပေးခိုင်းလိုက်တယ်.."

အိတ်ကိုကိုင်လိုက်တော့ အထဲမှာမာကျောသည့်သေတ္တာလိုအရာကို ထိတွေ့မိသည်။ အထဲကလက်ပ်တော့ပ်လား အတက်ချိုကော့စ်လား..ဘာမှန်းမသိပေမယ့် အိတ်ကိုပိုက်လိုက်တော့ အေးနေတာကိုသတိထားမိလိုက်၏။

"ဦးလှ နေဦး.."

"ဟုတ်ကဲ့မမလေး.."

"သားပုံစံ ဘယ်လိုနေသလဲ..ဘာအကျီဝတ်ထားလဲ၊ ကျွန်မကိုဘာမှာသွားဘူးလား.."

"အဲ.."

ဦးလှဘာကစပြောရမှန်းမသိဖြစ်သွားသလို ယောင်နနဖြစ်သွားပြီး

မှ.. ။

"ကလေးကအထဲကိုဝင်လာတာ.."

"ဟင်.."

"နည်းနည်းဝင်လာပြီးမှ ဖုန်းပြောတာမြင်လိုက်တယ်..အဲ့ဒီမှာပြန်လှည့်လာပြီး ကျွန်တော့်ကိုဒါပေးသွားတာ၊ အဲ ပြီးတော့..မမလေးကို ဖုန်းဆက်တာထင်တယ်၊ မေမေလို့ပြောနေရင်းနဲ့ ဖုန်းပြောရင်းပြန်ပြေးထွက်သွားတာပဲ.."

"ခြေထောက်နဲ့ပြေးသွားတာလားဟင်.."

"မဟုတ်ဘူးမမလေး..သူလာကတည်းက ကားအနီလေးနဲ့၊ အဲ့ဒီကားလေးကလည်း အစတည်းကအပြင်မှာပဲ.."

"ဒါဆိုနောက်တစ်ယောက်ပါသေးတာပေါ့.."

"အဲ့ဒါတော့.."

"တော်ပြီ.."

သိချင်တာသိနေရတော့ ကျေနပ်နေသည်။ မဖြေနိုင်တာတစ်ခုကြောင့် ဒေါသကခေါင်းထောင်လာ၏။

"ဦးလှကိုအိမ်ရှေ့မှာ တာဝန်ပေးခဲ့တာ မှားတာပဲ..အိမ်ရှေ့မှာ ကားရပ်ရင် ဘယ်သူတွေပါသလဲ၊ ဘာကားလဲ..ပတ်ဝန်းကျင်ကို သတိမထားတတ်ဘဲ၊ ငါ့ခြံထဲမဝင်ရင် ငါနဲ့မဆိုင်ဘူးလို့ ထင်နေတာလား.."

ကလေးဆူသလို အဆူခံနေရပေမယ့် ဦးလှခေါင်းငုံ့ထားကာ တခွန်းမှပြန်မပြောပေ.. ။

"သွားတော့..သွား၊ တကယ်ပဲ အရမ်းစိတ်တိုဖို့ကောင်းတယ်..ရေးဆို ဘာမှအားမကိုးရဘူး.."

ဦးလှထွက်သွားပြီး အိမ်ထဲဝင်ဖို့လှည့်လိုက်ကာမှ အလုပ်သမတန်းလျားဘက်ကနေ အိမ်ရှေ့ထွက်လာသည့်အိမ်အကူနှစ်ယောက်မြင်လိုက်ကာ.. ။

"ဟဲ့..လာစမ်း.."

တစ်ယောက်သည်နဖူးမှာ ပတ်တီးနဲ့ဖြစ်ကာ တစ်ယောက်ကကနေ ပွေ့တော့မလို ထိန်းတော့မလို စိုးရိမ်ပိုနေသည့်ပုံနှင့်.. ။

"ဒါဘာဖြစ်လာတာလဲ.."



"ဟို..ဟိုဥစ္စာ.."

"ပြောစမ်းပါမြန်မြန်.."

"ဟုတ်ကဲ့..ဟို မမကြီးပုလင်းနဲ့ပေါက်လိုက်တာ၊ နဖူးကွဲသွားလို့.."

ဒေါ်မြပုလဲဖြူမျက်နှာတင်းသွားသည်။ မကြည်သန်းပျာပျာသလဲ ခေါင်းငုံ့လိုက်ရင်း.. ။

"အိမ်မှာဆေးထည့်ပေးပါသေးတယ်..ဟို အဲ့ အဲ့ဒါအကြီးကြီးကွဲနေ ချုပ်..ချုပ်မှရမှာဆိုပြီး.."

"ဆေးခန်းသွားကြတယ်ပေါ့.."

နှစ်ယောက်စလုံးခေါင်းတွေတွင်တွင်ငုံ့ထားလျက် မဖြေရဲကြတော့ ဒေါ်မြပုလဲဖြူအကြည့်တွေက ခြံဝဆီရောက်သွားခဲ့လျက်.. ။

"ဒါမျိုးကျတော့ ငါ့အမိန့်တောင်မစောင့်ဘဲ ခြံစောင့်ကတံခါးဖွင့်လိုက်တယ်ပေါ့.."

"မဟုတ်ပါဘူးမမကြီး..ကျွန်မတို့နောက်ဖေးကနေသွားတာပါ.."

"ဘာပြောတယ်.."

နှစ်ယောက်သားတုန်ခနဲဖြစ်သွားကြ၏။ ဒဏ်ရာရနေသည့် မိဖြူကြည်သန်းထက်အသက်ငယ်တာမို့ ကြောက်ကြောက်လန့်လန့်နှင့် မှာကွယ်၍ ပုနေရှာသည်။

"နောက်မှာက ခြံဘေးမှာတင် ဆေးခန်းကကပ်နေတာမို့လို့ပါမမ ..မမကြီးကလည်း စိတ်ညစ်.."

"ဖြန်း.."

ကြည်သန်းပါးတစ်ဖက်ဖွေးခနဲဖြစ်သွားသည်။ ပြီးတော့ ချက် လာခဲ့၏။ ဒေါ်မြပုလဲဖြူ၏မျိုးသိပ်ခံစားရသမျှ အရာရာသည် နည်းရပ်ဝန်းသို့ အားပြင်းစွာဖြင့်.. ။

"ငါစိတ်ညစ်နေလား ပျော်နေလားနင်တို့ဘာသာ အကဲခတ်ဆုံး အောင် ဒီအိမ်မှာနင်တို့ကဘာလဲ.."

နှတုန်ယင်ယင်ဖြစ်နေသည့်နှစ်ယောက်ကို စိုက်ကြည့်ရင်း သ တာစိတ်မဖြစ်သည့်ပြင် သူတို့ကြောင့်နာကျင်သွားသည့် လက် ဆုပ်ပစ်လိုက်ရင်း.. ။

"ကျွန်က ကျွန်လိုမနေဘူး..နင်တို့ကိုယ့်နေရာကိုယ်မနေတတ် မပြောချင်ဘဲပြောနေရတာ၊ အဲ့ဒါကြောင့် ကျွန်တွေကို မယံမယ်ဘ တော့မှ နေရာမပေးတာ အရမ်းမှန်တယ်..ခွေးတောင် သခင်ဒေါသထ နေရင် ချောင်ကုတ်နေရမှန်းသိတယ်၊ အဲ့ဒီမိဖြုမ ခွေးနာလောက်ကို လို ငါ့ရှေ့မှာလာအီနေတာ ခေါင်းရိုက်မခွဲဘဲ ပန်းကုံးပြေးစွပ်ရမလာ

မကြည်သန်းတို့လက်ပိုက်လျက်ကနေ တုပ်တုပ်မှမလှုပ်ဝံ့ကြ

"သွားစမ်း..အလုပ်သမားရှိသမျှ နောက်ဖေးတန်းလျားမှာ အ တန်းစီထား၊ ခြံစောင့်ပါမကျန်စေနဲ့.."

"ဟုတ်..ဟုတ်ကဲ့.."

"ငါ့ကိုကျော်ချင်တဲ့ဟာတွေ အကုန်လုံးအဝတ်တွေချွတ်ပြီး လှန်းပစ်မယ်.."

ဟင်.. ၊

မကြည်သန်းနဲ့မိဖြုမျက်လုံးပြူးတွေနှင့် မော့လာကြ၏။ ဒေ ဒီလောက်မထွက်ဘဲနဲ့တောင် မညှာမတာအပြစ်ပေးတတ်တာမို့ ခြောက်ရှုံသက်သက်မဟုတ်မှန်း သိလိုက်ကြသည်။

"ဘာကြည့်တာလဲ..နောက်ပါးတစ်ဖက်ယားနေလို့လား.."

ဒေါ်သက မျက်လွှာပင့်တာလည်း မခံနိုင်။ ဆံပင်ဆွဲပြီး ရိုက် ပစ်ချင်စိတ်တွေ တကယ်ဖြစ်လာခဲ့တာဖြစ်သည်။

"သွား..ရွှေဖလားနဲ့နို့ထည့်၊ နံ့သာသွေးပြီး ပြင်လာခဲ့.."

"ဟုတ်ကဲ့ပါမမကြီး.."

အလုပ်သမားတွေကို အပြစ်ပေးဖို့ဆို လက်ယဉ်သည်။ လုပ် နဲ့ နောင်တရ၏။ ထို့ကြောင့်လည်း လက်ကိုနို့ရည်နဲ့ဆေးပြီး နံ့သ လောင်းရတာတွေ ခဏခဏ.. ၊

လွတ်မြောက်ခွင့်ရသွားသလို ခပ်ကုတ်ကုတ်ထွက်သွားကြ နှစ်ယောက်ကိုကြည့်၍ ဒေါ်သမပြေစွာ တက်ခေါက်လိုက်မိသည်၊ ထဲတန်းဝင်ချင်တာတောင် လက်ဆေးဖို့ပြန်စောင့်နေရတာ အသုံ တဲ့ကျေးကျွန်တွေကြောင့်.. ၊

ထိုစဉ် ခြံထဲဝင်လာသည့်ကားကြောင့် ဟင်ခနဲဖြစ်သွားမိလ ကိုကိုကျော်..



ဦးကျော်မြတ်ခေါင်ရဲ့ကားကိုမြင်လိုက်ကာ ပြေးဝင်ရတော့မလို ဒီ ဒိုင်းရပ်နေရမလိုဖြစ်သွား၏။ လက်တစ်ဖက်မှာ ပွေ့ပိုက်ထားခဲ့သည့် ရှုဆွဲအိတ်ကိုသတိရတော့ မျက်လုံးပါပြူးသွားမိသည်။ သို့သော် ပါလာ သည့်ကားသော့နှင့် လော့ခ်ဖြုတ်လိုက်ပြီး နောက်ဖုံးအောက်ခင်းထဲ ညှပ်ဝှက်ထားလိုက်သည်။ ဦးကျော်မြတ်ခေါင်၏ကားက အိမ်ရှေ့စက် ဝိုင်းကတ္တရာလမ်းအတိုင်း မောင်းဝင်လာတာဖြစ်ကာ ခြံအဝင်ဝမှာ တစ် ချက်မြင်လိုက်ရပြီး အနားရောက်မှပြန်ပေါ်လာ၏။ ပြီးတော့ ဒေါ်မြပု ကြွေနဲ့ မလှမ်းမကမ်းမှာ ရပ်သွားပြီး.. ၊

"လာဗျာ..ခဏနားပြီးမှ သွားတာပေါ့.."

ညှိသည်နှစ်ယောက်ပါလာသည်။ နှစ်ယောက်စလုံး အသက် အတော်လူကြီးပိုင်းတွေပဲဖြစ်ကာ ဒေါ်မြပုလဲဖြူကိုမြင်တော့ ပြုံးပြကြသည်။ ကျော်မြတ်ခေါင်က မိတ်ဆက်ပေးမလားဆိုသည့်အကြည့်နှင့် လှည့် ကြည့်တာလည်းတွေ့၏။ သို့သော်.. ၊

"လာ..ကိုသက်၊ အထဲမှာ လွတ်လွတ်လပ်လပ်ပဲ.."

လူတစ်ယောက်လုံးကို မမြင်သလိုလုပ်သွားပုံကြောင့် ဒေါ်မြပုလဲ ဖြူ စိတ်ကြောင့် မျက်နှာတစ်ပြင်လုံးရဲတက်သွားသည်။ စားသောက် ဆိုင်ထဲမှာ သိတာသိမ်းနဲ့ဖြစ်ခဲ့သည့်ကိစ္စကြောင့် ဒီလောက်ထိတင်းမာ လိုသလား..။ ကိုယ့်အမျိုးကိုထိရင် မချိအောင်နာတတ်တဲ့လူစား ဆိုတာ မရှိတတ်လို့လား.. ၊ ငှင်ပိ

ရှက်ခြင်း သိမ်ငယ်ခြင်းစသည့် ခံစားချက်တွေကြောင့် ကိုးတင်းနေ ကိုယ်လုံးကနေ အငွေ့တွေတလူလူထွက်လာသလို ခံစားနေရ၏နှာတံက

"နေပေ့စေပေါ့..သင်းက အစတည်းက မကျေနပ်ချက်ဖွေရှိနေတာ သာနေရင်

ကိုယ့်စိတ်ကိုသံပတ်တင်းနေတုန်း နို့နဲ့နံ့သာရည်ယူလာ သန်းသည် အိမ်ထဲဝင်သွားသည့် ဦးကျော်မြတ်ခေါင်နဲ့ဇစုအသီးသီး ည်၊ ဒါမြင်ရင် ဘာအတွက်ယူခိုင်းမှန်း သိသွားမှာမို့ ဘော် ငေးမော ထဲမှာ ဒိန်းခနဲမြည်ဟီးသွားသည်။ ဘယ်တုန်းကမှမဆုံတွေရော ဒီအခြေအနေမှာ မြင်မြင်သမျှအပေါ် အပြစ်ဆိုဖွယ်တွေဝ်မိသည်။ ရာသည်။ ထင်သည့်အတိုင်း မကြည်သန်းလက်ထဲက ဂျွန့်ကိုအာ

တွေကို ငုံ့ကြည့်ပြီး သူမရှိရာနောက်ပြန်ငဲ့ကြည့်၏။ ပြီးတော့ စိတ်ပ
သောမျက်နှာတင်းတင်းကို ဆတ်ခနဲလွှဲ၍ အထဲဝင်သွားသည်။ ဒေါ်
ပုလဲဖြူရင်ထဲမှာ ပျာယာခတ်သွားပေမယ့် မျက်နှာကိုတင်း၍ မေ
လိုက်သည်။ သူက ဒီလိုနေပြတာကိုခံစားနေရအောင် ငါကဘယ်သူ
လို့လဲ.. ။

မာန်မာနအပြည့်နှင့် ဘယ်သူ့ကိုမှလည်း မကြည့်တော့ဘဲ က
အခန်းထဲကိုယ်ဝင်နေလိုက်သည်။ အနည်းဆုံးတော့ အင်္ကျီဝင်လဲ
ဒီကိစ္စကိုထေ့လုံးငေါ့လုံးတွေနဲ့ မေးဦးမှာပင်။ ကိုယ်ဘာပြန်ပြော
စကားလုံးစီထားရုံ.. ။

သို့သော် အထဲဝင်မလာခဲ့ဘဲ ကားသံကြားလိုက်ရသဖြင့် ဒေါ်
ပုလဲဖြူအံ့ကြိတ်မိသည်။ ဆက်ရန်ရှိသေးသည့်မျက်ရည်တို့က ဇေ
ချိန်တောင်မပေးဘဲ ချက်ချင်းပိုးပိုးပေါက်ပေါက်ကျလာကြ၏။ အ
ကြီးနေမှ အိမ်ထောင်ရေးပဋိပက္ခကို ဘာဖြစ်လို့ခံနိုင်ရည်မရှိရတာ
မွေ့ရာပေါ်ကနေ ထရပ်လိုက်ရင်း ခွန်အားမဲ့နေသလိုဖြစ်နေခဲ့တာက
ကျင်မိသည်။ မျက်ရည်တွေသုတ်ပစ်၍ အပြင်ထွက်လာမိစဉ် ပေါ
အောက်ကို လှမ်းမြင်လိုက်ကာမှ သားပေးလိုက်သည့်အိတ်ကို သ
သွားသည်။

"မီကြည်..ဟဲ့ လာစမ်း.."

"ဟုတ်ကဲ့မမကြီး.."

မကြည်သန်း အနားရောက်လာလျှင်.. ။

"နင်ခုနစောင်တွေထွက်လှန်းတယ်မို့လား..ငါ့ကား ကိုကို
နဲ့ နော်ထွက်သွားတာတွေ့လိုက်လား.."

လောင်း၊ဟုတ်ဘူးမမကြီး..ဆရာက ဆရာ့ကားပဲမောင်းတာ၊ မ

"ဟာကို ဆရာကညည်သည်တွေကို ပေးလိုက်တာ.."

နှစ်ယောက်ပြား ဘုရား.. ။

ထဲတန်း၀

တဲ့ကျေး

ထ

ဂ

အခန်း(၆၀)

"ဟယ်..ဟိုမှာအာဏာသျှန်.."

"ခင်.."

ခေါ်မြထွတ်ဦး ထိတ်ခနဲဖြစ်သွားကာ လှုပ်လှုပ်ရှားရှားထဖြစ်သွား
သည် သမီးကိုအချိန်မီတားဆီးလိုက်ရသည်။ သူမလှမ်းကြည့်လိုက်တော့
ကလို့ထွက်လာပုံရသည့် အာဏာသျှန်သည် အဝါရောင်တီရှပ်နှင့်ငပိ
ရောင်ကုတ်အင်္ကျီရှည်ကိုဝတ်ထားကာ ဆံပင်တွေကို ပြောင်တင်းနေ
အောင်စုစည်းထားသဖြင့် နဖူးပြေပြေနှင့်ကော့ထင်းနေသည့်နှာတံက
ပေါ်လွင်နေသည်။ မြင်လိုက်ရတိုင်း အသိုင်းအဝိုင်းခြံရံတွေရှိနေတာ
မဟုတ်ပါ။ သို့သော် တစ်ယောက်တည်းလှုပ်ရှားသွားလာနေရင်
အောင် သူ့ပုံစံကထည်ဝါနေတာဖြစ်သည်။

သမီးမျက်နှာကိုငဲ့ကြည့်လိုက်တော့ စီးပွားရေးလုပ်ငန်းစုအသီးသီး
သူကြီးတချို့နှင့်လက်ဆွဲနှုတ်ဆက်နေသည့် အာဏာသျှန်ကို ငေးမော
နေတာ အထင်တကြီးရှိန်းရှိန်းစားစား။ ကိုယ့်လိုပဲ တခြားသူတွေရော
သတိထားမိနေသေးလားလို့ မသိမသာအကဲခတ်လိုက်မိသည်။
ကမှ အံ့သြရတော့သည်။ စားပွဲတိုင်းလိုလို အာဏာသျှန့်ကိုအာ

ရှုံရောက်နေကြကာ မိန်းကလေးတွေချည်းရှိသည်ဝိုင်းတွေကျတော့ သျှ
ကိုကြည့်ပြီး ခေါင်းချင်းဆိုင်ကာ ဘာတွေပြောပြီး တခိခိရယ်နေကြသည်
မသိ။ ထို့ပြင် တစ်ယောက်တလေက စားပွဲကိုကျော်ခိုင်းထိုင်ကာ သျှ
ကိုမျက်နှာမူ၍ အအေးကိုတစိမ့်စိမ့်သောက်တာလည်းရှိကာ.. ၊

"ဟင်..ကနုတ်.."

ဇင့်အသံကြောင့် ဒေါ်မြထွတ်ဦး သူမကြည့်တဲ့ဆီလှမ်းကြည့်လို
မိသည်။

"ဒါ.."

ကနုတ့်လက်ကိုဆွဲလာသည့် ဒေါ်မြင့်မိုရ်ကို ဒေါ်မြထွတ်ဦးရှ
တရက်မမှတ်မိဘဲ မျက်မှောင်ကုတ်ထားရင်း စဉ်းစားနေမိသည်။

"မေမေ..အဲ့ဒီအန်တီကဘယ်သူလဲဟင်.."

ဇင်ကထပ်မေးလိုက်ကာမှ ယမုံခင်မင်္ဂလာပွဲတုန်းက မြင်ဖူးရုံ
လိုက်ရသည့် မျက်နှာတစ်ခုကို တွေးလိုက်မိသည်။

"မြင့်မိုရ်.."

"ဟုတ်လား..မေမေသိလား၊ ဒေါ်မြင့်မိုရ်က ဘာတော်တာလဲ..
နုတ့်ကိုလက်ဆွဲခေါ်လာတာ သူက.."

"သူက အာဏာသျှန့်ကြီးတော်ပဲ..နေမင်းသစ်ရဲ့အစ်မ.."

ဟင်.. ၊

ဇင့်မျက်နှာသွေးစုတ်မရအောင် ဖြစ်သွား၏။ ဒါဆိုအခြေအနေ
ငြိမ်းချမ်းရေးအသွင်ဆောင်နေပြီပေါ့။ သျှန့်ကိုကြည့်လိုက်တော့လ
ဒေါ်မြင့်မိုရ်တို့ဝင်လာတာကို လှမ်းကြည့်ပြီး ရုတ်တရက်မျက်နှာမ
စကားပြောမပျက်။ မင်္ဂလာစနီးမောင်နှံကလည်း ပျာပျာသလဲဆီးကြို
ဆက်ကြလျက် ထိုနေရာမှာ သျှန်တို့သုံးယောက်သာ အထူးနှုတ်ဆ
မည့် ပုဂ္ဂိုလ်ထူးတွေဖြစ်နေသလိုလို တကယ်ဆိုပြန်ဖို့ထွက်လာကြ
ကို ဒီလောက်ပျာပျာသလဲကြိုးဖြစ်နေဖို့လိုလို့လား.. ၊

"မေမေ အန်တီချိုမာလွင်က မေမေနဲ့လည်းရင်းနှီးတယ်မို့
သူတို့ကျမှ ဘာဖြစ်လို့တိုက်ထဲမှာ ညှိခံတာလဲ၊ ညှိခံပွဲကခြ
အားလုံးအတူတူပေါ့.."

"ချိုမာနဲ့ရင်းနှီးလို့ မေမေကလာတာလေ..သတို့သားသတို့



တော့ အာဏာသျှန်နဲ့ရင်းနှီးလို့ဖြစ်မှာပေါ့၊ ပြီးတော့ ချိုမာ့အမျိုးသား
လည်း စီးပွားရေးသမားဆိုတော့.."

အာဏာသျှန့်နာမည်ကို ထပ်မခေါ်ချင်တော့သဖြင့် ဒေါ်မြထွတ်
ဦးဆက်မပြောဘဲနေလိုက်သည်။

"တောက်.."

ဇင့်တက်ခေါက်သံကြောင့် ဒေါ်မြထွတ်ဦးထိတ်ခနဲဖြစ်သွားသည်။
အသံကို တခြားစားပွဲကလူတွေ ကြားသွားရင် ရှင်းဖို့ခက်တော့မည်။
မလို့လှည့်ကြည့်တော့ ဇင်ကစားပွဲပေါ်တင်ထားသည့်လက်ကို ကျစ်
အောင်ဆုပ်ထားပြီး စူးစိုက်ကြည့်နေသည်။ အံကြိတ်ထားပုံအရ လက်
ဆုပ်က စားပွဲကိုထုချလိုက်ဖို့ရှိနေရာ.. ၊

"မြတ်ပန်းသဇင်.."

ခပ်ကြိတ်ကြိတ်ခေါ်လိုက်ပြီး ထိုလက်သီးဆုပ်ကို စားပွဲပေါ်က
ကျအောင် တွန်းပစ်လိုက်သည်။ ပြီးတော့ သူမဘက်ကို ခပ်ယိုင်
တိုး၍.. ၊

"ဘယ်လိုဖြစ်နေတာလဲဇင်..ဒီနေရာမှာ ပညာတတ်လူကြီးလူ
ကောင်းတွေချည်းပဲ၊ သမီးဘာဖြစ်လို့ သရုပ်ပျက်ချင်နေတာလဲ.."

"သူတို့ကကနုတ့်ကိုပဲ အသိအမှတ်ပြုနေကြပြီမေမေ..အာဏာသျှန်
မီးစိမ်းပြတာနဲ့ လက်ထပ်ပေးတော့မယ့်ပုံ.."

"တိုးတိုးပြောစမ်းသမီး.."

"ဇင်အရှမ်းခံစားရတယ်..သူနဲ့အတူတူရှိနေခဲ့တာကဇင်ရယ်၊ လက်
တော့ကနုတ့်ကိုလား..သူကနုတ့်ကိုမင်္ဂလာပွဲပျက်အောင် တမင်ဆွဲ
သွားတာ၊ နည်းနည်းလေးမှချစ်တာမဟုတ်ဘူး.."

"ဇင်.."

ပြောရင်း စကားသံကျယ်လာသဖြင့် ဒေါ်မြထွတ်ဦးခြေမကိုင်မိ
ကိုင်မိဖြစ်လာသည်။ ဇင်ကအသံကိုပြန်နှိမ့်လိုက်သော်လည်း အံ
ကြိတ်ကြိတ်နှင့်.. ၊

"အဲ့ဒီဟာမကို အာဏာသျှန့်ဘေးက ဇင့်ဘာသာရအောင် ဆွဲထုတ်
.."

ဇင်အသံထွက်ကြိမ်းဝါးလိုက်သဖြင့် ဒေါ်မြထွတ်ဦးထိတ်လန့်သွား

သည်။ တော်သေးတာက အားလုံးသည်မင်္ဂလာမောင်နှံနှင့် မိသားစုတွေ ဝိုင်းဝန်းအရေးစိုက်နေကြသည့် အာဏာသျှန်တို့လူစုစုဆီမှာသာ အများအားဖြင့် မျက်လုံးတွေရောက်နေကြခြင်းပင်.. ၊

ထို့ပြင် ဒေါ်မြင့်မိုရ်က ကနုတ်လက်လေးကိုဆွဲထားရင်းကနေ သျှန့်လက်ထဲထည့်ပေးလိုက်ပြီး ဒေါ်ချိုမာလွင်နဲ့အတူ တိုက်ကြီးထဲပြန်ပ သွားကြ၏။ အာဏာသျှန်ရဲ့ကြီးတော်နဲ့ဒေါ်ချိုမာလွင် ဘာကြောင့် လောက်ရင်းနှီးနေရတာလဲ..။ ဒီလိုအခွင့်အရေးမျိုး ဘာကြောင့်မေမေမ ခဲ့တာလဲ.. ၊

အာဏာသျှန်နဲ့ပတ်သက်သမျှ အသိုင်းအဝိုင်းအားလုံးသည် အ ဏာသျှန်တို့အပေါ် ဘုရားတစ်ဆူ ဝတစ်လုံးဖြစ်နေခဲ့ကြပြီး မေမေ ဘွားဘွားတို့ဘက်မှာတော့ ရန်ငြိုးရန်စတွေ အထင်မြင်သေးမှုတွေနဲ့သ ရစ်ပတ်ရှုပ်ထွေးနေခဲ့သည်။ အရာရာဟာ ဘာဖြစ်လို့ကိုယ့်ဘက်မှာမ တာလဲ..။ ဆုံဆည်းခွင့်မရှိကြဘူးဆိုရင် အာဏာသျှန်နဲ့သူမနှစ်ယော တည်း တစ်ညတာကုန်ဆုံးခဲ့ကြသည့်အခြေအနေမျိုး ဘာကြောင့်ဖြ လာခဲ့တာလဲ.. ၊

ထိုအဖြစ်ကို ဇင်ဘယ်လိုမှမမေ့နိုင်ပေ။ သူ့ကိုမြင်မြင်ချင်း စွဲလ သည့်စိတ်နှင့် မင်္ဂလာပွဲမှာ ကိုယ့်အရှက်သိက္ခာရစရာမရှိအောင် နင်း ပစ်ခဲ့တာကိုတောင် နာကျင်ရမှန်းမသိခဲ့တဲ့အထိ။ ဒါနဲ့တောင် နီးစပ် က ဘာဖြစ်လို့ကိုယ့်အတွက် မဟုတ်ခဲ့တာလဲ.. ၊

ကနုတ်ကိုလက်ဆွဲပြီး အာဏာသျှန်ပြန်သွားသည်။ ဒေါ်မြင့် ကျန်ခဲ့သည်ဆိုတော့ တစ်လမ်းလုံးနှစ်ယောက်တည်းပေါ့.. ၊

"ဒုန်း.."

"ချလွမ်.."

စားပွဲကို သတိလက်လွတ်ထုပစ်လိုက်မိကာ ဖွန်း ခပ်ရင်းတွေ ခွက်တွေ ကစဉ့်ကလားထိခတ်လဲပြိုကုန်၏။ ဘေးစားပွဲက မျက်လုံး ချက်ချင်းစုဝေးရောက်ရှိလာကြသည်။ ရှေ့မှာအာရုံစိုက်စရာမရှိ သောလူတွေရဲ့အကြည့်တွေက ဒေါ်မြထွတ်ဦးတို့သားအမိကိုမြင် လျှင်.. ၊

"သူပဲ သူပဲ..ဟိုတစ်ခါ ဆိုင်ထဲမှာသတ်ပွဲဖြစ်ကြတာ.."



"ဟဲ့..အဲ့ဒါ Thamarဆေးရုံက ဆေးရုံအုပ်မို့လား.."

"ဟုတ်ပ..အဲ့ဒီဆေးရုံလောက် ဆက်ဆံရေးညံ့ပြီး ဈေးကြီးတာမရှိ ဘူး.."

"လူကြည့်တော့ ယဉ်သလိုလိုနဲ့ စနိုက်ကျော်ဆိုလားဘာလား.. ခေတ်အင်တာနက်စကားလေ၊ ဒီအသက်အရွယ်ကြီးကျမှ လင်လုပွဲတွေ ဖြစ်ရတာ အဲ့ဒါသူပဲ.."

"သူကလုတာလား.."

"ပြောတတ်ပါဘူး..ဟိုဘက်ကမိန်းမက သူ့သမီးတောင် မြတ်ပန်း အင်ထက်ကြီးသလိုလို.."

ဇင့်ရဲ့ဒုန်းခနဲထုချလိုက်သံအပြီးမှာ တိတ်ကျသွားခြင်းသည် ဒေါ် မြထွတ်ဦးကိုဝေဖန်အတင်းပြောကြဖို့ သတိပေးလိုက်တဲ့အတိုင်း။ ခေါင်း ချင်းဆိုင်ကြ လက်တို့ကြနှင့် တချို့ကရှိကာ အသံတိတ်စိုက်ကြည့်နေကြ သည့် စားပွဲတစ်လုံးမှာတော့ ဆွေမျိုးစုတွေထဲက 'မေတ္တာစံအိမ်'၏ ညီ အစ်မသုံးယောက်ရှိနေကြ၏။ ဒေါ်မြထွတ်ဦးမျက်နှာမပျက်အောင်ထိန်း ချုပ်ရင်း အေးဆေးထပြန်မည့်ပုံစံချိုးလိုက်ပေမယ့် ထိုညီအစ်မထိုင်နေ သည့် စားပွဲဘက်ကို မျက်နှာမူလိုက်မိသလိုဖြစ်သွားခဲ့၏။ ဒေါ်သော်တာ ဆွေတို့ညီအစ်မနှင့် မျက်လုံးချင်းဆုံမိသွားလျှင် နှာခေါင်းခပ်တွန့်တွန့် နှင့်မဲ့လိုက်သောအကြည့်တွေက လူတွေကိုမစင်ပုံတစ်ပုံကဲ့သို့..၊

ဒေါ်မြထွတ်ဦးရင်ထဲမှာ မီးစတစ်စနဲ့အထိုးခံလိုက်ရသလို ပူ လောင်ပြင်းပြသွားခဲ့သည်။ ဒေါ်သော်တာဆွေတို့က အပျိုကြီးတွေဖြစ် သော်လည်း ချမ်းချင်းမောင်နှမတွေလည်း များသည်။ အထူးသဖြင့်သာရေးနာ ရေးကိစ္စတွေမှာ သူမတို့ညီအစ်မတွေကပဲ တက်ကြတာဖြစ်သည်။ သေ ရေးသာတ ကနုတ်မင်္ဂလာပွဲတုန်းက သူမတို့တက်ရောက်ခဲ့ကြသည်။ ပြောသူများတွေပြောစကားတချို့ကိုလည်း ကြားနေကြ၏။ မျက်လုံးချင်း ဆုံတော့ ခပ်မဲ့မဲ့မျက်နှာလွှဲပစ်ပုံက ရှက်တတ်လျှင်လဲသေဖို့ကောင်းလေ ဒါပေမဲ့ ဒေါ်မြထွတ်ဦးလဲမသေခဲ့ပေမယ့် ခြေလှမ်းတွေမှားခဲ့၏။ တစ်ခုခု ကို ဇာဆန်လုပ်နေမှာစိုးပြီး ဇင့်ကိုဆွဲကိုင်ထားမိသည့်လက်သည် တုတ်တုန်လျက်.. ၊

အပြင်ရောက်လို့ သူမရှန်းထွက်လိုက်တော့ အသာလေးလွှတ်

ထွက်သွားခဲ့ပြီး.. ။

"ပြောပါဦးမေမေ..ဇင့်ကိုကျတော့မိမနိုင်ဖမနိုင် မိဘမျက်နှာအ မည်းသုတ်တဲ့သမီးတဲ့၊ မေမေတို့ကျတော့ ဘယ်သူ့မျက်နှာကိုအိုးမည် သုတ်တာလဲ.."

ကားထဲမဝင်ဘဲ ပြန်လှည့်မေးရင်း ဇင်ကမျက်ရည်တွေဝေ့လျက်..

"ဘာလဲ..ဆရာမှားတော့ ဆောရီးလား.."

"လျှောက်ပြောမနေနဲ့ဇင်..မေမေတို့ဖြစ်ခဲ့တာ အဲ့လိုမဟုတ်ဘူး၊ ရဲ့သားနဲ့ ကိုယ်အလိုမကျတိုင်း အပြစ်ထောက်မနေနဲ့.."

"မေမေတို့ဟုတ်ခဲ့တာ မဟုတ်ခဲ့တာတွေရော ဘယ်သူသိလို့လဲ အခု လူတွေကိုယ့်ရှေ့မှာပဲ အတင်းပြောနေတော့ မေမေဘာတတ်နိုင် လဲ.."

"တတ်နိုင်တယ်ဆိုတာ ဘာလဲဇင်..ပြောချင်တဲ့လူတွေက ပြော ဖြစ်လာရင် ပြောကြမှာပဲ.."

"ဒါဆိုလည်း ဇင်တို့က သူတို့ကိုပန်းကုံးပြေးစွပ်သင့်တာပေါ့.. တို့ပြောစရာဖြစ်အောင် လုပ်မိတာ.."

"တောက်.."

"မေမေဒေါသထွက်နေရင် ဇင့်ကိုရိုက်ပစ်လိုက်ပါ..သားသ ကြောင့် မိဘအရှက်ရတာ ဘယ်လိုဆိုးရွားသလဲ ဇင်မသိဘူး၊ မိဘရဲ့ မိုင်းမကောင်းလို့ လက်ညှိုးထိုးခံရတဲ့ သားသမီးတွေကျတော့ တစ်သ လုံးလူရာမဝင်တော့အောင် အညွန့်ကျိုးရတာ မေမေသိရဲ့လား..အခု ဘွားတို့တာဝတိံသာနာမည်ပျက်ပြီ.."

"ဇင်..ကားပေါ်တက်တော့.."

ဒေါ်မြထွတ်ဦး အံကြိတ်ပြောပေမယ့် ဇင်ကကြောက်ရမှန်းမ

"ဘာမဟုတ်တဲ့ရှေးရိုးစွဲဝါဒတွေနဲ့ လူတိုင်းအထင်ကြီးလေးစ ရတဲ့လူစုကို 'ကျွန်'စာရင်းသွင်းဖို့ကြိုးစားတယ်..ပြီးတော့ ဒီအသ ရှယ်ရောက်နေမှ ဖေဖေ့ကိစ္စပေါ်လာပြီး မေမေတို့.."

"မြတ်ပန်းသဇင်.."

ဒေါ်မြထွတ်ဦး ဒေါသတကြီးအော်ကာ ဇင့်ကိုယ်လေးကို ကာ လန်ကျသွားတဲ့အထိ တွန်းပစ်လိုက်၏။ ပြီးမှ ဘေးပတ်ဝန်းက



သတိရကာ ဇင်နဲ့ရင်ဘက်ချင်းကပ်အောင် ဖိကပ်လိုက်ပြီး.. ။

"အရိပ်သုံးပါးနားလည်စမ်းဇင်..ညည်းရဲ့မိဘနှစ်ပါးဘယ်လောက် စိတ်ဆင်းရဲနေကြသလဲ ညည်းသိလား.."

"ဇင်လည်းပျော်ရွှင်နေလို့လားမေမေ..ဇင့်ကိုကျတော့ မေမေတို့နား ည်ပေးလို့လား၊ ဘွားဘွားကြောင့်သာမဟုတ်ရင် အာဏာသျှန်နဲ့မုန်း ကြ မှာမဟုတ်ဘူး..ဒီလိုတွေလည်း ဖြစ်ကြဖို့မဟုတ်ဘူး၊ ဇင်နဲ့အာဏာ သျှန်လက်ထပ်ပြီး အေးအေးချမ်းချမ်း.."

"တက်..ခုချက်ချင်းကားပေါ်တက်စမ်း၊ ညည်း..ညည်းကိုငါသတ် မိတော့မယ်.."

သားအမိမျက်လုံးချင်းဆုံနေခဲ့ကြသည်။ ကားတွေရပ်နေသည့်နေ ရောင်ရိပ်ကျနေပေမယ့် သူမတို့က မီးရောင်နဲ့အနီးဆုံးမို့ မျက်နှာတစ် စီမှာ လင်းနေ၏။ ဇင်က ဒေါ်မြထွတ်ဦးကို စိုက်ကြည့်နေရင်း..၊

"ကနတ့်ကိုပြန်ခေါ်မပေးဘူးဆိုရင် ဇင်လုပ်ချင်ရာလုပ်မှာပဲ.."

"ညည်း.."

ဒေါသအလျောက် ဖိကပ်လိုက်မိသည့်လက်သည် ဇင့်လည်မျိုဖြစ် လျက် အသိစိတ်တို့ပါ အမှောင်ကျ၏။ ထိုမြင်ကွင်းကို ထင်ရှားစွာ နေရသည့်လူစု သည်းထိပ်ရင်ဖိုတိတ်ဆိတ်နေခဲ့ကြလျက်.. ။

"အဟမ်း.."

လည်ချောင်းတွေခြောက်ကပ်လာသလို ကိုဇေကချောင်းဟန့် သည်။ နောင်ချိန်တို့က တံတွေးတွေမျိုရင်း လည်ချောင်းရှင်းလိုက်ကြ

"ဘေးမှာလူသွားလူလာရှိလို့ တော်သေးတယ်.."

"အေးလေ..ငါတော့ မြတ်ပန်းသဇင်သွားပြီထင်တာ.."

သျှန်က ဘာမှဝင်မပြောသေးဘဲ မော်နီတာကိုပဲ စူးစိုက်ကြည့်နေ ဒေါ်မြထွတ်ဦး ဘေးကကားမီးရောင်လင်းလာသဖြင့် ဇင့်လည်ပင်း ကပ်ထားသည့်လက်ကို ဖျတ်ခနဲဖယ်သည်။ ပြီးတော့ ဇင့်လက်ကို ပြီး ကိုယ့်ဘာသာတံခါးဖွင့်၍ ကားထဲတွန်းထည့်လိုက်၏။ ခြ ကားထွက်သွားတဲ့အထိ ကြည့်နေပြီးမှ.. ။

"အဟွန်း.."

နှုတ်ခမ်းခပ်လွန့်လွန့်နှင့်ပြုံးလိုက်ပြီး မော်နီတာရှေ့ကစွာသည် ကိုဧကေဖုန်းထုတ်လိုက်ပြီး.. ။

"မျိုးခိုင်..အေး ပြီးပြီ၊ မင်းတပ်ထားတဲ့ကင်မရာ ပြန်ဖြုတ်ခဲ့တော့..

"..................."

"အခုလုပ်ပေ့ကောင်..စားစရာနောက်မှစား၊ အန်တီချိုတို့မရိပ် စေနဲ့..ရှုပ်ကုန်မယ်.."

သျှန်က စီးကရက်နဲ့မီးခြစ်ကိုင်ပြီး ခပ်လှမ်းလှမ်းမှာသွားရပ်လို ၏။ ဒီပွဲမှာ သားအမိနှစ်ယောက်စလုံး လာမယ်မထင်ခဲ့သဖြင့် သူတို့ တော်အလုပ်ရှုပ်သွားခဲ့ကြသည်။ ဒေါ်မြထွတ်ဦးဇနီးမောင်နှံလာမည် ထင်နှင့် စီစဉ်ထားသမျှကိုဖျက်လိုက်ရပြီး ဒုတိယအစီအစဉ်နဲ့ လှုပ် ခဲ့ရသော်လည်း.. ။

"သျှန်..မင်းခေါင်းကိုတော့ ရွှေကွန်ချာနဲ့အုပ်ပြီး တပ်သား ထောင်လောက်နဲ့ ကာကွယ်ထားသင့်ပြီကွ.."

"အေး..တွေးလိုက်တိုင်း ပြေးကြည့်လိုက်တဲ့အတိုင်းပဲ.."

ထိုစဉ် မျိုးခိုင်စပ်ဖြဲဖြဲနဲ့တက်လာကာ.. ။

"ဘယ်လိုလဲ..သူတို့ကားရပ်ထားခဲ့တာနဲ့ ငါပြေးတပ်လိုက်တဲ့ မရာ..အားလုံးရရဲ့လား.."

ကိုဧကေ ပါးစပ်ကမဖြေတော့ဘဲ လက်မထောင်ပြ၏။ မျိုးခိုင် လည်း လက်မထောင်ကာ လက်မချင်းထိကပ်လိုက်ပြီးမှ ရယ်လိုက်ရ

"အသံတွေရော.."

"အားလုံးရတယ်ဆိုမှ..နှစ်ခါတော့ မချီးကျူးဘူး၊ ထပ်ကြား ရင် ခဏစောင့်.."

"ဟား ဟား ဟား.."

"ကြည့်..သျှန့်မျက်နှာကြီးပြုံးအီနေတာ.."

"ဖိုးသျှန်..ကောင်မလေးသနားပါတယ်ကွာ၊ ခရက်ရှ်ဖြစ်ရတာ ကလေးဆို ပိုထိမှာနော်.."

"နေပါဦး..မင်းတို့ရဲ့မူလအစီအစဉ်က ကနုတ်နဲ့ဒေါ်မြထွတ် မဟုတ်ဘူးလား.."

"ဟုတ်တယ်..ဒါပေမယ့် ဇင်ပါလာတော့ အဲ့ဒါကိုပြောင်းလ



"

ဒုတိယအစီအစဉ်ကိုလည်း သျှန်ပဲအကွက်ရွှေ့ခဲ့တာဖြစ်ကာ.. ။

"မျိုးခိုင်ကို ကင်မရာပြောင်းချိတ်ခိုင်းလိုက်..ဒေါ်မြထွတ်ဦးတို့ကား တဲ့နေရာနဲ့ အနီးဆုံးချိတ်၊ အသံလည်းလိုချင်တယ်.."

ညဉ့်ခံပွဲကို အပေါ်စီးကနေကြည့်နေရင်း သျှန်ကညွှန်ကြားနေခဲ့ သည်၊ ဇင်ရဲ့ဟန်မဆောင်နိုင်အောင် တောက်ပနေသည့်မျက်လုံးတွေ ညည်းဖို့မေ့သွားတတ်သော နှုတ်ထွက်စကားတွေကြောင့် ဒီအစီအ ရခဲ့တာဖြစ်သည်။ ကိုဧကေ အံ့ဩကျေနပ်နေရင်း ခေါင်းတခါခါ ပြီးကြီးနှင့်.. ။

"မြတ်ပန်းသဇင်ဆိုတဲ့ကောင်မလေး မင်းကိုအဲ့လောက်ထိခရက်ရှ် ဘယ်လိုသိနေတာလဲ..ငါတို့သိသမျှ ဒီကောင်မလေးကို မင်းအ ရေးမပေးခဲ့ဘူးလားလို့.."

"ငါနဲ့လန့်ချ်အတူစားဖူးတယ်.."

"အေးလေ..ငါတို့သိသားပဲ.."

သျှန်က စီးကရက်မီးညှိနေရင်း ပြုံးလိုက်ကာ.. ။

"အဲ့လောက်နဲ့မလုံလောက်ဘူးလား.."

"အေးလေဖိုးဇော..သိပ်မရှင်းလိုက်ရင် ဟိုမှာရီကော့ဒ်ပြန်ကြည့် ..အဲ့ဒီကောင်မလေး သျှန့်ကိုချေးစိမ်းတွေပါအောင် ကြိုက်နေ

"

"ထဲ..ငါသွားမယ်၊ အဲ့ဒီစတစ်ထုတ်.."

သျှန်က လူစုခွဲဖို့ပြောပြီး နာရီကြည့်သည်။ နောက်ထပ်ညှိခန်း နုတ်ကိုသူစောင့်ခိုင်းထားခဲ့တာဖြစ်သောကြောင့်.. ။

အခန်း(၆၁)

"မင်းပြောခဲ့တာ သေချာဖို့လိုတယ်..သေချာရင် မီနီမတ်နဲ့ ရှင်းနိုင်တယ်.."

ဦးနေမင်းသစ်က Plazaတစ်ခုလုံးကိုမြင်ရသည့် မျက်နှာစာ ထောင့်ကနေ သေချာကြည့်နေခဲ့သည်။ ကိစ္စအဝဝကို သူယုံကြည် လူရင်းတပည့်က ဘယ်လိုသေချာကြောင်း ရှင်းပြနေလျက်.. ။

"နေရာကစင်တာကျတယ်..ဒီမှာ ဘယ်စီးပွားမဆို အလု တယ်၊ ဒါပေမယ့် သူဌေးဒေါ်ကြာဖြူရဲ့ဆက်ဆံရေးက ဒေါက်နည်း ရှိတယ်..သူသာဘေးက မီနီမတ်လေးကသူဌေးနဲ့ အဆင်ပြေပြေ ဆံနိုင်ရင် ဘာမှကိုဖြစ်ဖို့မရှိတာ.."

"အင်း..မီနီမတ်က ဦးမိုးလွင်နဲ့ငါသိတယ်.."

တပည့်ဖြစ်သူက လက်ဖျစ်တီးလိုက်ပြီး အားတက်သရေ ကာ.. ။

"ဒါပဲလေ..နည်းနည်းငြိနေတဲ့မြေပိုအတွက် သူဌေးကမီနီမ ရှင်နဲ့ ညှိလိုက်နိုင်ရင်ပြီးပြီ၊ သူဌေးတွက်ကြည့်လေ..ခုနဝင်ကြ နောက်ထောင့်က စကွဲရ်ဖိလေးပဲလိုတယ်.."



ဦးနေမင်းသစ်ခေါင်းညိတ်သည်။ ဒီအဆောက်အဦးနဲ့ပတ်သက် ရောင်းထုတ်ဖို့ဖြစ်နေသည့်အကြောင်း အောင်နိုင်ကသတင်းပေးသော ကြောင့် သိပ်မယုံပေမယ့် စုံစမ်းကြည့်လိုက်သည်။ မြေအောက်ကားပါ သည်းရှိသည်။ သုံးထပ်အဆောက်အဦးပုံစံက မဆန်းပြားဘဲထည် ရှိသည်။ မြင်မြင်ချင်းသဘောကျသွားတာမို့ လောလောဆယ်လုပ် သုံးအတွက် အစီအစဉ်မရှိသေးပေမယ့် ရအောင်ယူထားဖို့ ဆုံးဖြတ် ၏။ စိတ်ကူးတွေနဲ့အဆောက်အဦးကို ကြည့်နေမိဆဲ.. ။

"အမလေး.."

"ဟ.."

တစ်စုံတစ်ယောက်သည် နောက်ကနေဝင်တိုက်ပစ်လိုက်ပြီး အာ သံတို့ နှစ်ယောက်စလုံးဖြစ်သွားခဲ့လျက်.. ။

"ဟင်.."

"ယမုံ.."

ဆောင်မှက်တဲ့ နီးနီးကပ်ကပ်မြင်လိုက်ရသဖြင့် တအံ့တသြကြီးဖြစ် သည်။ ထို့ပြင် ဒေါ်ယမုံခင်သည် မြင်နေကျတစ်ပတ်လျှိုဆံထုံး တဲ့ အနီရောင်ခေါင်းစည်းကွင်းပွပွကြီးနှင့် ဆံပင်တွေကို မှာ စည်းချထားကာ ဝတ်နေကျရင်ဖုံးအင်္ကျီအစား ရင်စေ့လက် နုရောင်လေးကို ထမီစကပ်အရှည် ပန်းရင့်ရောင်လေးနှင့်ဝတ် ။ အမြဲတမ်းလက်ရှည်အင်္ကျီရင်ဖုံးကြောင့် မပေါ်လွင်ခဲ့သော ဖြူ ညို့လက်မောင်းသားတို့သည် ဒီအရွယ်ထိ သွယ်လျလှပနေဆဲ အချိုးအစားတို့နှင့် လိုက်ဖက်ညီစွာ ရှိနေလေသည်။

ဒေါ်ယမုံခင်ဝင်တိုက်လိုက်လို့ ခြေလှမ်းယိုင်သွားသည့်ပုံစံအတိုင်း သစ်ကိုယ့်ကိုယ်ကို ပြန်လည်တည့်မတ်ဖို့တောင် မေ့နေခဲ့၏။ ညက်မျက်နှာလေးမှာ သနပ်ခါးရေကျဲလေးရှိနေတာက မ သော်လည်း မျက်ခုံးတန်းခပ်ပြားပြားလေးက ခပ်သွယ်သွယ် ရင့်နေခဲ့လျက် ဒေါ်ယမုံခင့်မျက်နှာလေးသည် အသက်အရွယ် အောင် ဝင်းညက်ညက်စိုပြေနေဆဲ.. ။

"ကျွန်မမသိလို့ပါ.."

တသြကြည့်နေပြီးမှ ဒေါ်ယမုံခင်ဖျတ်ခနဲ ခေါင်းငုံ့ပစ်သည်။

ပြီးတော့ ချက်ချင်းလှည့်ထွက်သွားလေသည်။

"နေဦး.."

ဦးနေမင်းသစ်လှမ်းခေါ်လိုက်ရင်း ကမန်းကတန်းလိုက်သည်။ ကြားထဲမှာ ပျောက်သွားမှာစိုးသောကြောင့် စိတ်စောပြီးလှမ်းဆွဲလိုက် မှ တစ်စုံတစ်ယောက် သူမဘေးကိုရောက်လာပြီး.. ၊

"ဟိုဘက်မှာ ကားသွားစီးရမှာမေမေ.."

ဒေါ်ယမုံခင့်လက်ကို ဆွဲယူလိုက်၏။ ဦးနေမင်းသစ် လက်လ ကျက်သားနှင့် ဒီတိုင်းကျန်ခဲ့၏။ မအေ့ပခုံးကိုဖက်ပြီး အေးဆေး ထွက်သွားသည့်ကျောပြင်ကိုကြည့်ကာ ဦးနေမင်းသစ် ဘယ်သူသိ သိသိ ရှက်လေသည်။

ဘာဖြစ်ဖြစ် သိတယ်ဒီကောင်စုတ်လေး တမင်လုပ်တာ.. ၊

'မအေပေးမျိုး'လို့ တိတ်တိတ်ကြိတ်ဆဲမိကာ ကိုယ့်ဘာသာလ ပြန်ရုတ်၍ မျက်နှာကိုတစ်ချက်ပွတ်မိသည်။ ဘယ်လောက်ရှက်သွ သလဲဆိုလျှင် မျက်နှာကြီးထူအမ်းနေတာ ထုံဆေးမိနေတဲ့အတိုင်း။ လ နဲ့ပွတ်တာတောင် ထိလို့ထိမှန်းမသိ.. ၊

အခန်း(၆၂)

"မေမေလေးက မေမေ့တစ်ယောက်တည်း ပြန်ဖို့ပြောတယ်..ဟုတ် တာ.."

"ဟုတ်တယ်..အဲ့ဒီကပတ်လာခဲ့တဲ့၊ ကားငှားလို့ရတယ်တဲ့.."

ပြောပြနေရင်း သားမျက်နှာကို ပြန်မော့ကြည့်မိကာ.. ၊

"မေမေ့ကိုသွားရဲလာရဲဖြစ်စေချင်လို့ ကိုယ့်ဘာသာကားငှားပြီး တစ်ခါလောက် ပြန်ကြည့်ခိုင်းတာပါ.."

"ဟုတ်ပါပြီ..သားဘာပြောလို့လဲ.."

မပြောသောစကားတွေက ဖေဖေ့မျက်နှာကြီးကိုမြင်ယောင်ရင်း မ လုံးနဲ့အတူ လည်ချောင်းထဲမှာ တစ်လစ်ခံနေသည်။ မေမေ့ကိုအ ဆိုင်ခေါ်သွားပြီး ဆံပင်မိတ်ကပ် အဝတ်အစားကအစ ပြောင်းလဲ သည်။ ပြောဆိုနေထိုင်တာတွေပါ ပြောင်းလဲပေးဖို့ကြိုးစားနေတာ သိပ်မကြိုက်ပေမယ့် သူကြည့်နေခဲ့တာပါ။ ဒါပေမယ့် ဖေဖေရှိ နေရာ ရောက်သွားအောင်တွန်းပို့နေတာက ဘာလဲ... ၊

"သား..မေမေသားနဲ့တွေ့ပြီဆိုတာ မမကိုဖုန်းဆက်ရမလားဟင်.."

"သူသိပါတယ်.."

"ဟင်..ဘယ်လို.."

မေမေ့ကို တစ်နေရာကနေစောင့်ကြည့်နေမှာပဲဆိုတာ သျှန်က တွက်မိနေသည်။ ထင်သည့်အတိုင်း ကားငှားဖို့စောင့်နေကာမှ နောက်ကရောက်လာကာ.. ။

"ဘယ်လိုဖြစ်လို့ အားကိုးရှာနေတာလဲယမုံ..ကိုယ့်ဘာသာပြန်ဖို့ ပြောထားတာကို.."

"မမ.."

"ဟုတ်တယ်..ညည်းကိုငါက မျက်နှာလွှဲခဲပစ်လွှတ်လိုက်တယ်မှတ် လို့လား၊ နည်းနည်းလောက် ကိုယ့်အားကိုယ်ကိုးဖို့ ကြိုးစားစမ်းပါ.."

"မေမေ့မှာသားတစ်ယောက်လုံးရှိနေတာကို ဘာဖြစ်လို့ကိုယ့်အား ကိုယ်ကိုးနိုင်းနေတာလဲမေမေလေး.."

"အောင်မလေး..အဲ့ဒီသားက မိဘနဲ့ဘယ်လောက်ထိနေနိုင်မှာမို့ လဲ.."

"ကျွတ်.."

သိနေတာတွေကို ပြောချင်စိတ်လည်းမရှိတော့ဘဲ တက္ကစီတားပြ လှမ်းကြည့်နေလိုက်သည်။ ထိုစဉ် သူတားလိုက်သည့်ကားကမရပ်ဘဲ တက္ကစီရှေ့က ကားအဖြူလေး သူတို့ရှေ့မှာရပ်သွားကာ.. ။

"ကိုသျှန်..လာလေ.."

အဝါအနက်ကွက်ကျားဆွဲသားအင်္ကျီလက်ရှည်လေးနှင့်ဇင်က မျက်မှန်လေးချွတ်လိုက်ကာ.. ။

"လာပါ..ကားငှားမလို့မလား၊ ဇင်လိုက်ပို့ချင်လို့ပါ..အကုန်လ လာ၊ ရတယ်.."

သုံးယောက်စလုံး သူမကိုကြည့်ပြီး စကားမပြန်ဘဲရှိနေကြလျှ ဇင်ကကားပေါ်ကဆင်းလိုက်ပြီး ဒေါ်မြင့်မိုရ်လက်ကိုသွားဆွဲ၍.. ။

"အန်တီကဇင့်ကိုမသိလို့ပါ..ဇင်ကဒေါက်တာမြထွတ်ဦးရဲ့သမီး.."

"မြထွတ်ဦး.."

မြမျိုးမြနွယ်၏နာမည်ထိပ်စီးတွေ့ကြားလိုက်တော့ ချက်ချင်း လိုက်သည်။ သို့သော် သူမလေးကိုတော့မသိ.. ။

"လာပါ..တစိမ်းတွေမှမဟုတ်တာ၊ လာ ကိုသျှန်တက်.."



သျှန်က စကားမပြန်သဖြင့် ဒေါ်မြင့်မိုရ်ဘက်လှည့်၍.. ။

"အန်တီမြင့်ကိုလည်း လိုက်ပို့မယ်နော်..အိမ်လိုက်လည်ချင်လို့ပါ.."

စကားသွက်လွန်းကာ မျက်နှာချိုနေသည့်ဇင့်ကို အံ့ဩမပြေစွာ ကြည့်နေဆဲနှင့် ဒေါ်မြင့်မိုရ်ခေါင်းခါ၏။

"ငါ့မှာကားပါတယ်.."

"ဟုတ်လား.."

ဇင့်မျက်နှာလေးပျက်သွားသည်။ ဒါပေမယ့် ဒေါ်မြင့်မိုရ်ဆိုသည် မိန်းမကြီးနဲ့မရမနေရောဖို့ ဆုံးဖြတ်ထားသဖြင့် လက်ကိုမလွှတ်တမ်းဆွဲ ကိုင်ထားရင်းရယ်ကာ.. ။

"ဒါဆိုလည်း ခုတွေ့တုန်း ဇင်လိုက်လည်မယ်လေ..ရတယ်မို့လား"

"ဘယ်ရမလဲ.."

ကိုယ့်သားလေးအလှည့်တုန်းက သင်းတို့လုပ်ထည့်လိုက်တာတွေ ညည်းလား..။ ခုကျမှ ကလေးလိုလို ချွေးလိုလို။ ဒေါ်မြင့်မိုရ်၏ခပ်တည် တည်ပြင်းရှသောအကြည့်တို့က ပြုံးနေသည့်ဇင့်မျက်နှာလေးပေါ်မှာ စူး စိုက်လျက်.. ။

"မင်းအလည်လာချင်ရင် မင်းမိဘတွေနဲ့မိသားစုလိုက်လာခဲ့ပါ.. ငါတို့မိုးထိစံအိမ်က နွားနို့တော့ဆောင်မထားဘူး၊ ဒါပေမယ့် စိတ်ရင်းမှန် နဲ့လာတဲ့သူမဟုတ်ရင် ခြံဝမှာခလုတ်တိုက်ကြတယ်..မင်းတစ်ယောက် တည်းဆို ဆွဲထူမယ့်သူမရှိဘဲဖြစ်နေမှာပေါ့.."

စိမ်းသက်သည့်အကြည့်တစ်ချက်နှင့် ဆတ်ခနဲမျက်နှာလွှဲသည်။ ပြီးတော့ ဘယ်သူ့ကိုမှ ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားလေသည်။ ဇင့်မျက်နှာလေး ရဲတွတ်ကျန်ရစ်ခဲ့လျက်.. ။

"ကိုသျှန်.."

"ကိုယ်ကကားကြုံလိုက်မစီးတတ်ဘူး..မင်းအရှက်ပြေအောင် မေ မေ့ကိုထည့်ပေးချင်ပေမယ့် မေမေလည်းမင်းကိုလန့်နေတဲ့ပုံပဲ.."

ဇင် ဒေါ်ယမုံခင့်ကိုကြည့်လိုက်မိသည်။ ဖျတ်ခနဲမျက်လွှာချသွား တတ်သည့် မျက်ဝန်းတစ်စုံက ဒီတစ်ခါလွှဲဖယ်မသွားခဲ့ဘဲ အတန်ကြာ အောင် တုံ့ပြန်ကြည့်၏။ ပြီးတော့ လူကိုမပတ်သက်ချင်သလို မျက်နှာ လွှဲခဲ့ကာ.. ။

"သွားမယ်သား.."

သျှန်က လာဆုပ်ကိုင်သည့်မိခင်လက်ကို ပြန်ဆုပ်ထားလိုက်ရင်း ဖင့်မျက်နှာလေးကို စိုက်ကြည့်သည်။ ပြီးတော့ အေးစက်စက်ပြုံး၍..

"ချစ်ခြင်းမေတ္တာဆိုတာ လိုလျှင်သုံးပစ္စည်းတစ်ခုမဟုတ်ဘူး..မင်း စိတ်ပျက်ရင် လွှတ်ချလိုက်လို့ရတယ်၊ လိုချင်တိုင်းပြန်ကောက်လို့မရဘူး ..နောက်ဆို မင်းဒီ့ထက်ပိုသိဦးမှာ.."

ဘာကိုသိရမှာလဲ.. ၊

ဖင့်မျက်ဝန်းလေးတွေ မီးဝင်းဝင်းတောက်သွားသည်။

မလိုချင်ရင် ပစ်ချမယ်.. လိုချင်လာရင်လည်း ပြန်ယူနိုင်တယ် ကျွန်မက မြတ်ပန်းသဖင်.. ၊

☎

အခန်း(၆၃)

"မမ.."

"ဟုတ်တယ်..ငါပဲ.."

တံခါးဖွင့်တာမစောင့်နိုင်ဘဲ တိုးဝင်လိုက်သည်။ ပြီးတော့ ပါးကို [illegible]လွှဲရိုက်ပစ်၏။ ကနုတ်'အား'ခနဲအော်ရင်း ကြမ်းပေါ်ခွေကျသွား [illegible]

"နင့်ကိုငါသိပ်မုန်းတယ်..နင်ကဘာမို့လို့ အာဏာသျှန့်လက်နဲ့ထိ [illegible]တဲ့သူဖြစ်ရတာလဲ၊ သူ့အငွေ့အသက်တွေက ဘာလို့နင့်အတွက် [illegible]တာလဲ..ငါကသာသူရဲ့မဟေသီဖြစ်ရမှာ.."

[illegible]င်သည်ဘီလူးသရဲစီးနေသကဲ့သို့ ကနုတ့်ဘေးမှာထိုင်ချလိုက်ကာ [illegible]လက်တိုလေး ဝတ်ထားသည့်ရင်ဘက်ကို ဆောင့်ဆွဲခါ၍.. ၊

"ငါ့မင်္ဂလာပွဲမှာ နင့်ကိုအစားထိုးဆောင်ခိုင်းလိုက်လို့ ဒီလိုအခွင့် [illegible] နင်ရသွားတာ..မင်္ဂလာပွဲကို ဖျက်ချင်လို့ နင့်ကိုခွေးတစ်ကောင် [illegible]သွားတာ၊ နင့်လိုမိန်းမက ဒီ့ထက်ပိုပြီး အခွင့်အရေးရသင့်လို့ [illegible]

"[illegible]ဘာတွေလာပြောနေတာလဲ.."

အတင်းဆွဲခါနေသဖြင့် ကနုတ်ကဇင့်လက်တွေကို ပြန်ဆွဲဖြု
ကာ နာကျင်သွားသည့်ဒေါသနှင့် ပြန်အော်သည်။

"ဖယ်..ကနုတ်ကိုလွှတ်.."

"နင့်ကိုသတ်မလို့..ငါနင့်ကိုဘဝတုံးပေးမယ်၊ အစတည်းက ဒီလ
လုပ်ခဲ့သင့်တာ.."

ဇင်က ကနုတ်ရုန်းထလို့မရအောင် အတင်းဆွဲချုပ်ဖိနှိမ်ထားသည်
သူမတစ်ကိုယ်လုံးမှာ မတော်လောဘစိတ်တို့ အဆိပ်တက်လျက် ညီအ
မဆိုတာလည်း မမြင်။ မလုပ်သင့်ဘူးဆိုတာလည်းမသိ။ ဒေါ်မြင့်မို
ပြောသွားသည့်စကား ကြည့်သွားသည့်မျက်လုံးတွေကြောင့် မခံရပ်နိ
သည့်မာနတို့က ဆူပွက်နေသည်။ ကနုတ်ရသည့်အခွင့်အရေးတွေ
မလိုလားခြင်းက တစ်စုံတစ်ရာကို နာကျင်အောင်တိုက်ခိုက်ချင်စိတ်ေ
ပဲဖြစ်ပေါ်နေကာ.. ।

"နင် ခုချက်ချင်း ငါနဲ့လိုက်ခဲ့..မလိုက်ဘူးလို့ပြောရင် နင့်ကိုငါသ
ကျွတ်အောင်ရိုက်မှာ.."

"မမအဲ့လိုမတရားလုပ်ချင်တိုင်းမရဘူး..ဖယ် လွှတ်.."

"ဒုန်း.."

အတင်းအကျပ်ဖိကပ်ထားသဖြင့် မခံရပ်နိုင်အောင်နာကျင်ခြ
တွေက ဒေါသကိုအုံကြွလာစေကာ ဇင့်ကိုယ်ကြီးကိုအားရှိသမျှနဲ့ ဆေ
တွန်းချလိုက်သည်။ ပြီးတော့ ကမန်းကတန်းထရပ်လိုက်ပြီး ကြယ်
တွေပြုတ်ထွက်ကုန်သည့် ရှပ်အင်္ကျီရင်ဘက်ကို လက်တစ်ဖက်နဲ့ဆွဲ
ထားရင်း.. ।

"မမဘာဖြစ်လာတာလဲ..ကနုတ်ကဘာလုပ်လို့ သတ်မယ်ဖြ
မယ်တွေဖြစ်လာတာလဲ.."

"ဘာလုပ်လို့လဲဟုတ်လား..နင့်ကိုငါ ဒီကနေထွက်ခဲ့ဖို့ခေါ်
ဘယ်နှစ်ခါလဲ၊ နင်အာဏာသျှန့်ကိုမက်နေတာမို့လား၊ ဆွဲခေါ်ခံရတ
မက်မောနေတာရောပြီး ချော်လဲရောထိုင်နေတာ..ထွက်ဖို့လမ်းဖွင့်
တာတောင် မထွက်နိုင်ဘဲ မှိန်းတုပ်နေတာ.."

"ကနုတ် ဘွားဘွားကိုကြောက်လို့ ထွက်မပြေးခဲ့တာ..မမခေါ်
တွေကရော ကနုတ့်ကိုကယ်တင်ချင်လို့မှ မဟုတ်ဘဲ.."



"ဟုတ်တယ်..နင့်ကိုငါ ဒီကဆွဲထုတ်ချင်တာ၊ ဒါပေမယ့် အခုပို
သွားပြီ..ခေါ်လို့မရရင် ဒီမှာတင်သတ်ပစ်ခဲ့မယ်.."

"ဟင့်အင်း.."

ကနုတ်အတွင်းဘက်ကို ပြေးမိသဖြင့် ပြေးပေါက်မှားနေသည်။
ဇင်ရှေ့တိုးလာလို့မရအောင် ထိမိသမျှကို ဆွဲယူပြီး ပစ်ပေါက်နေမိ၏။
အိမ်မှာ ဘယ်သူမှမရှိကြပေ။ ဒီလိုမှန်းမသိဘဲ တံခါးဖွင့်ပေးလိုက်မိတာ
သူမအတွက် မဟာအမှားဖြစ်သွားခဲ့သည်။

"မမရှေ့တိုးမလာနဲ့နော်.."

ကနုတ် မီးဖိုချောင်ထဲရောက်သွားသည်။ လက်နဲ့စမ်းမိလို့ဆွဲယူ
လိုက်တော့ ဓားတစ်ချောင်းပါလာ၏။

မဟုတ်ဘူး.. ।

ဓားကြီးမြင်ကာ လန့်ဖျန့်ပြီး ပြန်ချလိုက်မိသည်။ ပြီးတော့ နောက်
ဆင်ပေါ့ပါးသည့် ပစ်ပေါက်စရာတစ်ခုရှာနေစဉ် ဇင်ကဓားကိုပြေး
ကောက်လိုက်၏။

"အမလေး.."

"လာစမ်းနင်.."

ကနုတ် နောက်လှည့်ပြေးစဉ် ဆံပင်တွေဝေ့ခနဲ ခါသွားသဖြင့်
ဇင်ကဆံပင်ကိုဖမ်းဆွဲထားလိုက်ပြီး လည်မျိုကိုဓားနဲ့ထောက်၍.. ।

"ငါက အာဏာသျှန်နဲ့လက်ထပ်ရဦးမှာ..နင့်ကိုသတ်ပြီး ထောင်
ကျခံနိုင်သေးဘူး၊ အဲ့ဒီတော့ နင့်ကိုနောက်ဆုံးမေးမယ်..အခု ငါနဲ့လိုက်
မလား၊ နင့်မျက်နှာကို ဓားနဲ့မွှန်းပစ်ခဲ့ရမလား.."

"အ.."

"ပြောလေ..မြန်မြန်ပြော.."

"မမ..အ မမ..ကနုတ့်လည်ပင်းကို ထိနေပြီ၊ အား..နာတယ်.."

ထိုစဉ် ဓားကိုင်ထားသည့် ဇင့်လက်ခုံပေါ်ကို လက်တစ်ဖက်က
ရုတ်ခနဲ အုပ်ကိုင်လာခဲ့ပြီး.. ।

"အား.."

"ဒေါက်.."

လက်ကိုဆွဲလှန်ပစ်လိုက်သဖြင့် အသည်းခိုက်အောင်နာသွားပြီး

ကိုလွှတ်ချလိုက်မိသည်။

အာဏာသျှန်.. ။

"ခင်းရမ်းကားလှချေလားမြတ်ပန်းသဇင်.."

"အမလေး သွေးတွေပါလား..ကနုတ်.."

ဒေါ်ယမုံခင် လက်ကိုင်အိတ်လေးပစ်ချခဲ့ပြီး ကနုတ့်ဆီပြေးဝင်... ကနုတ်ဘာမှမပြောနိုင်ဘဲ လည်ပင်းကိုလက်နှစ်ဖက်နဲ့ ဖိအုပ်... အိအိထိုင်ကျသွား၏။

"ဒေါက်တာမေမိုးသက်ကိုခေါ်လိုက်မေမေ..သူကဒီနားတင်.. ပြောခဲ့ပြီး ဇင့်လက်ကိုဆွဲထုတ်လာခဲ့၏။ ဇင်က ပြန်ရုန်းနေသ... ဆတ်ဆတ်ဆွဲခါလိုက်ပြီး.. ။

"အဲ့ဒီလိုကြမ်းရမ်းပေါက်ကွဲရမှာက ငါမဟုတ်ဘူးလား.."

မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ပြီး မျက်နှာချင်းနီသွားအောင် ...၍.. ။

"ဇင်တရားလွန်တာမဟုတ်ဘူး..ဖြစ်သင့်တာတွေမဖြစ်ဘဲ ... ကျော်နေလို့ အစကနေပြန်လိုချင်တာ.."

"ဘာ.."

"ရှင်တာဝန်ယူရမှာ ကနုတ်မဟုတ်ဘူးအာဏာသျှန်..ရှင်နဲ့အ... တစ်ခန်းထဲမှာရှိခဲ့တာက မြတ်ပန်းသဇင်၊ လူဘုံအလယ်မှာ ပန်းက... အညွန့်ကျိုးပြောဆိုပြီး ရှင်နဲ့ကျူးလွန်ပြီးပြီလိုလို ကြေညာခံခဲ့ရတာလ... မြတ်ပန်းသဇင်ပဲ..အဲ့ဒီလိုတွေခံခဲ့ရပြီး ရှင်လက်ဆွဲခေါ်ထုတ်သွား... ဘာဖြစ်လို့ကနုတ်ဖြစ်နေရတာလဲ.."

"မင်းတို့မိသားစုအသိုင်းအဝိုင်းတွေကို ငါလုံးဝစိတ်မဝင်စား... ငါလုပ်ခဲ့သမျှ လုပ်သင့်လို့လုပ်ခဲ့တာတွေပဲ၊ အဲ့ဒီအတွက်လည်း မင်... ခွန်းထုတ်ဖို့မလိုဘူး..အခုဘာဖြစ်ချင်တာလဲ.."

"ရှင်ကနုတ့်ကို လက်မထပ်ရဘူး.."

"အဲ့ဒီတော့ မင်းကိုလက်ထပ်ရမယ်ပေါ့.."

ဇင်အံလေးကြိတ်၍ ခဏငြိမ်နေသည်။ ပြီးတော့ ခေါင်းညိတ်... ပြီး.. ။

"ဟုတ်တယ်.."



...ပဲဖြေမှာကိုသိပေမယ့် ဖြေတာကိုစောင့်လိုက်ပြီး ပြုံးသည်။ ပြီး... ချွေးတို့ဖြင့်စိုနစ်နေသည့် ဇင့်မျက်နှာလေးကို စေ့စေ့စပ်စပ်ကြည့်... ။

"မင်းအဘွားက ဘာပြောမယ်ထင်လဲ.."

"မဆိုင်ပါဘူး..ဇင်တို့က ဘွားဘွားလက်အောက်ခံနေကြတာမ...ဘူး.."

"အိုခေ..ဒါဆို အခုမင်းအဖေဘယ်မှာရှိနေမလဲပြော.."

ဆိုမေးခွန်းကြောင့် ဇင့်မျက်နှာလေးမှာ အံ့ဩခြင်းတွေ မျှော်လင့်...တွေနှင့် တဖျတ်ဖျတ်အရောင်ပြောင်းသွားခဲ့သည်။

"သား..သားဘာတွေလုပ်နေတာလဲ.."

...နားစွန်နားဖျားကြားလိုက်ရုံနှင့် ဒေါ်ယမုံခင်ခြေမကိုင်မိ လက်မ...ခဲ့သွားပြီး အနားပြေးလာသည်။ သို့သော် သျှန်ကဇင့်လက်တစ်...ဆွဲ၍ အပြင်ထွက်သွားပြီဖြစ်ကာ.. ။

"ဘဲခါးသေချာပိတ်ထားမေမေ.."

...လှကားဆီရောက်သွားပြီးမှ လှမ်းပြောသွား၏။ ဒေါ်ယမုံခင် ဘာ...မလည်နိုင်ဘဲ ကျန်ခဲ့လျက်.. ။

## အခန်း(၆၄)

**"အစ်ကိုဈော်ဖြေရေးအဖွဲ့တွေနဲ့ ခရီးထွက်မလို့ဆို.."**

**"မဟုတ်ဘူး...ဒါပေမယ့် မင်းဒီကိုဘာလာလုပ်တာလဲ.."**

**ခင်ပွန်းဖြစ်သူ၏** မျက်လုံးစိမ်းတို့ကို ဒေါ်မြထွတ်ဦးကတော သလိုကြည့်သည်။ **သူမမှားခဲ့ပါသည်။** ပုလဲရဲ့စိတ်လိုက်မာန်ပါအ မှုကြောင့် မထင်မှတ်ဘဲ ပြဿနာကြီးထွားခဲ့ရသည်။ ဒီအဖြစ်ေ မသိခဲ့ကြတာလည်း မဟုတ်။ သိလည်းသိခဲ့ကြသည်။ လူကြီးေ လိုဖြေရှင်းခဲ့သလဲဆိုတာလည်း သိထားခဲ့သည်။ ထို့ပြင် သိတ ကိုယ်တိုင် ကျေကျေနပ်နပ်နောက်ဆုတ်ပျောက်ကွယ်သွားခဲ့တ ကြာခဲ့ပြီဖြစ်၏။ အားလုံးထဲမှာ သူ့ချစ်သူမှာကိုယ်ဝန်ပါသွားခဲ့မှ ခဲ့တာက ဦးအောင်သိခ်သာဖြစ်လေသည်။

အုန်းခနဲပြဿနာကြီးသွားရသည့်အကြောင်းရင်းသည် သိမ်းဘယ်လိုတွေစိတ်ပြောင်းပြီး ရုတ်တရက်ရောက်လာခဲ့သလဲ အချက်ပင်။ ခုတော့ ဘယ်သူ့မှာမှအကျိုးမရှိဘဲ ဒေါ်မြထွတ်ဦးနဲ့ဦ သိခ်တို့အိမ်ထောင်ရေးက အက်ရာထင်ခဲ့ပြီဖြစ်သည်။ ကျောင်းသ တွေ မဲ့ရွဲ့ကဲ့ရဲ့ကုန်ကြသည်။ သင်တန်းကာလမပြီးဆုံးသေးဘဲ နှ



ကြတာတွေလည်းရှိကာ မရင်းနှီးသည့်ဂီတဆရာတစ်ဦးက သူတို့ပါ ည်ဖျက်မှာစိုးသောကြောင့် တခြားသင်တန်းပြောင်းကြမလိုလိုဖြစ် သည်။ ဦးအောင်သိခ်ကိုယ်တိုင် ယဉ်ကျေးမှုအနုပညာသင်တန်း ကျောင်းကနေ နုတ်ထွက်လိုက်ပြီး ကိုယ်ပိုင်ဖွင့်ထားသောသင်တန်းမှာပဲ ၏။

"အစ်ကိုပြန်မလာတာ တစ်လပြည့်တော့မယ်..ကျွန်မကိုဘယ်လို ောင်းပန်စေချင်တာလဲပြောပါ၊ အခု အစ်ကို့သမီးကလည်း ပြောဆိုဆုံး ကောင်းတော့ဘူး..ကျွန်မမှာတိုးတိုးဖော်တစ်ယောက်မှ မရှိတော့ ဖြစ်ခဲ့သမျှအတွက် ပုလဲအစားကျွန်မတောင်းပန်ပါတယ်.."

"မင်းတောင်းပန်တာ ငါ့ကိုထုရိုက်နေသလိုပဲမဦး..ငါ့သင်တန်းမှာ ာ်အေးချမ်းအောင်နေချင်တယ်၊ မင်းနောက်ထပ်မလာနဲ့တော့.."

"အစ်ကို.."

"ဒီနေ့သင်တန်းဆရာအသစ်နဲ့ ကလေးတွေကိုမိတ်ဆက်ပေးဖို့ရှိ ပြန်တော့.."

ခန်းမထဲမှာ ရုတ်စုရုတ်စုရှိနေကြပြီဖြစ်သည့် လူငယ်တွေကို လှမ်း ကာ ဒေါ်မြထွတ်ဦးနောက်ပြန်မလှည့်ချင်ဘဲဖြစ်နေမိသည်။ ထိုစဉ် တွေလေးငါးယောက်တန်းစီသလို ရှေ့နောက်ဝင်လာကြပြီး.. ၊

"အာ..ဟုတ်သားပဲ စောသေးတာပဲ၊ ကလေးတွေတောင်မစုံသေး

သင်မယားစကားပြောနေမှန်းသိတော့ အားတုံ့အားနာပြန်ထွက် ခြေလှမ်းပြင်ကြ၏။ ဦးအောင်သိခ်က ခေါင်းညိတ်ခေါ်လိုက်ပြီး..၊

"ကလေးတွေကစုံနေပြီ..ကျွန်တော်ခင်ဗျားတို့ကိုစောင့်နေတာ.." ပြောလိုက်ပြီး နေရာမှထသည်။ ဒေါ်မြထွတ်ဦးကို တစ်ချက်မှ ကြည့်ဘဲ သင်တန်းခန်းထဲဝင်လာခဲ့စဉ်.. ၊

"စောနေပါဦး..."

ဘင်.. ၊

ဒေါ်မြထွတ်ဦး မျက်လုံးတွေကျွတ်ကျမတတ် ပြူးကျယ်သွား ခေါင်းထဲမှာမိုက်ခနဲဖြစ်၏။ တွန့်ဆုတ်ဆုတ်ပါလာသည့် ဇင့် ဆွဲလျက် အာဏာသျှန်၏ခြေလှမ်းတို့သည် ဦးအောင်သိခ်ဆီ

တည့်တည့်ဦးတည်လာလျှင်.. ။

"ရပ်နေစမ်း.."

ဒေါ်မြထွတ်ဦးကတုန်ကယင်အော်ရင်း ရှေ့ကဖြတ်တားသ... သျှန်ခြေလှမ်းတုံ့သွားပေမယ့် တင်းမာစူးရဲသောမျက်လုံးတွေက မောင်နံ့နှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်၍.. ။

"ဒီမှာပဲရပ်နေရမယ်ဆိုရင် ခင်ဗျားယောကျ်ားကြားအောင် ... တော်အော်ပြောရမှာနော်.."

"မင်း..မင်း.."

လက်ညှိုးထိုးပေမယ့် ကတုန်ကယင်ရှိနေခဲ့လျက် ပြောစရာ... မရှိ။ သိလည်းသိနေသော ခံစားချက်က နှင့်သီးလွန်းရကာ.. ။

"အဲ့ဒါယုတ်မာဦး.."

အင်အားအပြည့်သုံး၍ ရိုက်ချလိုက်ပေမယ့် သျှန်ကအသ... ခြေလှမ်းဆုတ်ရှောင်လိုက်ပြီး ဒေါ်မြထွတ်ဦးကိုယ့်အရှိန်နဲ့ကိုယ် ယိုင်သွားစဉ် သွေးပျက်မတတ်နီရဲသောမျက်နှာကြီးနှင့် ရပ်ကြည့်နေ... ဦးအောင်သိန်ရှေ့ကိုသွားရပ်လိုက်ပြီး.. ။

"ခင်ဗျားမိန်းမက နှုတ်ပိတ်ချင်တဲ့ပုံပဲ..ကျွန်တော်က သ... ရှောင်းဖို့လာတဲ့သူမဟုတ်ဘူး၊ ခင်ဗျားသမီးကိုဆုံးမထားဖို့လာပြော...

"အာဏာသျှန်..ရှင်ဘာလုပ်တာလဲ၊ ရှင့်အိမ်မှာပြောတုန်း... မျိုး၊ ဖယ်..လွှတ်.."

ဇင်က သူမမျှော်လင့်သလိုမဟုတ်တော့မှန်းသိလျှင် အတ... ရှုန်းတော့သည်။ သို့သော် သူမစကားတွေကြောင့် အားလုံးပြီး... ခဲ့ပြီဆိုတာမသိခဲ့.. ။

သျှန်က သူမလက်ကိုဆောင့်ဆွဲ၍ ဖအေရှေ့မှာတစ်ကိုယ်... ကျသွားအောင် တွန်းပို့လိုက်ပြီး.. ။

"ခင်ဗျားလည်းရှုပ်တတ်သလို ကျွန်တော်လည်းလူကောင်း... ဘူးနော်..နောက်တစ်ခါခင်ဗျားသမီး ကျွန်တော့်အိမ်ပေါ်အတ... လာရင်တော့ တာဝန်မယူဘူး.."

အားလုံးငိုင်းကြည့်နေကြသည်။ စကားတွေတိတ်ကျ... အောင်သိန်လက်သီးဆုပ်ထားပေမယ့် ထိုလက်သီးကတဆတ်...



လေသည်။ ဇင်ဒေါသမထိန်းနိုင်ဘဲ သျှန့်ကိုပါးပြေးရိုက်၏။ သျှန်ကသူ့ လက်ကိုဖမ်းကိုင်ထားလိုက်ပြီး.. ။

"မင်းနောက်ထပ် ငါ့ဇနီးလောင်းကို မခြိမ်းခြောက်နဲ့..ငါ့အိမ်ပေါ် ... ထုံးဝတက်မလာနဲ့၊ စတုဒီသာတောင် အိမ်ထိလိုက်ကျွေးတဲ့စတုဒီသာမရှိ ဘူး..မင်းအဘွားပြောတဲ့ဂုဏ်သိက္ခာတွေက ဒါမျိုးတွေပဲဆိုရင်တော့ ရှုံ့ ရောပဲ.."

နောက်ပြန်ခြေလှမ်းဆုတ်ရင်း တစ်ခွန်းခြင်းပြောသွားသည်။ ပြီး တော့ ချာခနဲလှည့်ထွက်သွား၏။ ဒေါ်မြထွတ်ဦး နောက်တစ်ခါလှုဘုံ အလယ်မှာ အရှက်ရခဲ့ပြန်ပြီမို့ ဘယ်လိုချုပ်တီးဖို့မှ သတိမရတော့ဘဲ သျှန့်နောက်ကိုပြေးလိုက်လေသည်။

ခြေလှမ်းလှုပ်ရှားသည့်အတိုင်းအတာကို ကြားလိုက်တည်းက ရန် ပြုမည့်ခြေသံဆိုတာ သျှန်သိသည်။ ထို့ကြောင့် ကျောနောက်နီးလာကာမှ ချာခနဲကိုယ်တစ်ခြမ်းတိမ်း၍ ရှောင်လိုက်၏။ ထင်သည့်အတိုင်း ဒေါ် မြထွတ်ဦးက ချာလီထီးကောက်နှင့် တအားလွှဲရိုက်ပစ်လိုက်တာဖြစ်ကာ ...တစ်ခါလည်းလွဲလေသည်။ နောက်ထပ်မထိမချင်းရိုက်ပစ်ချင်သည့် ဒေါသတွေဆူပွက်နေပေမယ့် တုန်ယင်နေသောကိုယ်ခန္ဓာသည် ဘယ်လို ...မတတ်နိုင်ခဲ့ဘဲ.. ။

"အာဏာသျှန်..မင်း မင်းရဲ့အငြိုးတွေ မကုန်သေးဘူးလား၊ ငါတို့ ...ရောက်နေတာတွေ မင်းကြောင့်..အဲ့ဒါတွေမင်းလုပ်နေတာမို့လား၊ ...စမ်းပါ..မင်းဒီလောက်တောင် အငြိုးကြီးရလား.."

သျှန်က မပြောသေးဘဲ ဒေါ်မြထွတ်ဦးပြောပြီးတဲ့အထိ စောင့်နေခဲ့ ... ဒေါသကြီး၍ လှိုက်ဖိုနေသော ရင်အစုံသည် လှိုင်းထသလိုကြမ်း ...နေခဲ့လျက် အသက်အရွယ်ကြောင့်ပို၍တုန်ယင်နေတာလည်း သိ ...ည်။ သူမသည်မျက်နှာစေ့စေ့ကြည့်ကာ.. ။

"မင်းသိပ်တော်ပါတယ်.."

"တော်ပါဘူး.."

သျှန်က ရယ်မြူးရိပ်ဆင်နေသည့် မျက်ဝန်းတို့ဖြင့်.. ။

"ကျွန်တော်တော်တာမဟုတ်ဘူး..ခင်ဗျားတို့တွေ အကုသိုလ်ကြီး ...သေးသန်တာ.."

"မင်းစကားတတ်တိုင်းမပြောနဲ့..မယ်မယ်မင်းကိုပြောခဲ့တာ လေ ပဲ.."

"ဩော်..ဩော်.."

"ဟုတ်တယ်..မင်းတုံ့ပြန်တာ အရမ်းပြင်းထန်လွန်းတယ်၊ ယု မာတာ ကောက်ကျစ်တာ..မင်းကကြံစည်နေခဲ့တာ.."

"ဟွန်း.."

"အခုမင်းဘာလိုချင်သေးတာလဲ..ဘာလုပ်ဖို့ရှိသေးလဲ၊ ငါနည် နည်းတော့ ကြုံသိပါရစေ.."

"သိရပါတယ်..ခင်ဗျားတို့မိသားစုအတွက်ကဒါပဲ၊ ဒါပေမယ့် ခ ဗျားတို့မိသားစုဘဝ ကမ်းစပ်မှာခြေထိုးခံပြီးဆောက်တဲ့ သဲအိမ်ဖြစ်သ ပြီ.."

ဒေါ်မြထွတ်ဦး နှုတ်ခမ်းတလှုပ်လှုပ်နှင့် ယိုင်ခနဲဖြစ်သွားသည် သျှန်ကမှဲ့ပြီး ဘောင်းဘီအိတ်ထဲလက်တွေထည့်သည်။ ပြီးတော့ သ တွေပေါ်အောင် အသံတိတ်ရယ်ရင်း.. ၊

"အဲ့ဒါကိုခြစားတာလို့ ခေါ်တယ်..ကျွန်တော်ခင်ဗျားတို့ကို ဘ လုပ်တာမဟုတ်ဘူး၊ ခင်ဗျားတို့ဘာသာလုပ်ဖြစ်အောင် လှုပ်ပေးလိုက် ပဲ.."

ဒေါ်မြထွတ်ဦး ဘာမှခွန်းတုံ့ပြန်နိုင်စွမ်းမရှိတော့သလို အံကြိ ထားရင်း တောင့်မတ်စွာရပ်နေခဲ့၏။ သျှန်က အေးဆေးသည့်အပြုံး ကျောခိုင်းထွက်သွားခဲ့ရင်း.. ၊

"ဂုဏ်သိက္ခာပါတော်မူခန်း..ဆိုဇင်ဝမ်း.."

လက်နောက်ပြန် လက်ညှိုးထောင်ပြပြီး ထွက်ခွာသွားလေသ ဒေါ်မြထွတ်ဦးကိုင်ထားခဲ့သည့်ထီးက လက်ထဲကနေ ဘုတ်ခနဲလွ ၏။

"ဂုဏ်သိက္ခာပါတော်မူခန်း..ဆိုဇင်ဝမ်း.."

ထိုစကားသံသည် နားစည်ထဲကနေ နှလုံးသားထဲထိ ပဲ့တင် လျက်.. ၊

☎

## အခန်း(၆၅)

ကနုတ်ဘယ်လောက်ထိကြောက်နေလဲဆိုလျှင် တံခါးလော့ခ်ဖြုတ် ကြားတာနှင့် လှဲနေရာကနေ အတင်းလူးလဲထထိုင်၏။

"သားပြန်လာတာပါသမီးရယ်..ငြိမ်ငြိမ်လေးနေဦးလေ.."

သျှန်အထဲဝင်လိုက်တော့ ကနုတ်မျက်ဝန်းလေးတွေ ပြူးဝိုင်းနေ တာ သျှန့်နောက်ကိုကြောက်လန့်တကြားကြည့်လိုက်သေးသည်။ ဆံ တ်အတိုမထားသောရှေဆံပင်တို့သည် ခွဲကြောင်းတစ်ဖက်စီကနေ ရင် က်ပေါ်သို့ ကပိုကရိုပြုဆင်းနေကြကာ တချို့သည်ရင်ခွင်ထဲမှာပုံလျက် ချို့သည်ဆင့်ခံထားသော ခေါင်းအုံးထက်မှာခွေဝိုက်နေကြ၏။ အမြ မ်းဝင်းဖန့်ဖန့်မျက်နှာလေးက သွေးမရှိတော့သလို ဖြူဖျော့နေကာ က်ဝန်းမှာခိုတွဲနေသည့် မျက်ရည်တို့က မျက်တောင်မခတ်ပါဘဲ လှုပ် လှုပ်လှဲ့စိုလက်နေလေသည်။

"ဘာကိုကြောက်နေတာလဲ..မင်းကိုသူဘာမှလာမလုပ်နိုင်တော့ .."

"ဦးသျှန်ရောက်မလာရင် သူကနုတ့်ကိုတကယ်သတ်ပစ်မှာ.."

ကိုယ့်လည်ပင်းကိုပြန်စမ်းပြီး မျက်ရည်တွေပို၍ပြည့်သိပ်လာသည်

ပြီးတော့ တလိမ့်လိမ့်ပြုကျ၏။

"သားဘာလုပ်ခဲ့လဲဟင်..သူ့ကိုပြန်ပို့ပေးလိုက်တာမို့လား.."

တကယ်မေးချင်တာက လက်ထပ်ဖို့စကားတွေပြောပြီး ဆွဲထုတ်သွားတာ ဘာအတွက်လဲ..။ ဘာတွေဆွေးနွေးဖို့လဲ..။ မကျေနပ်ချက်တင်ခဲ့နဲ့ ဒီမိန်းကလေးကိုချစ်ချစ်မချစ်ချစ် လက်ထပ်မယ် နိပ်စက်မယ်ဆိုပြီး တော့လား..။ ဒေါ်ယမုံခင် တကယ်သိချင်တာတွေကို တိုက်ရိုက်မေးဖို့ သင့်တော်မှန်းလည်း သိနေကာ.. ၊

"အခု သူ့မိဘတွေနဲ့တွေ့.."

"နှစ်ယောက်စလုံးနဲ့တွေ့ခဲ့တယ်.."

ဟင်.. ၊

သျှန်က နားမလည်နိုင်ဖြစ်နေသည့် မိခင်မျက်နှာကိုငဲ့ကြည့်ကာ တနုတ်ဘေးမှာ ခုံဆွဲထိုင်လိုက်ပြီး.. ၊

"သမီးပျိုတစ်ယောက်ကို ဒီတိုင်းလွှတ်မထားဖို့ပဲ ပြောခဲ့တာ.."

"သားက သားကမမကြီးကိုအဲ့လိုပြောခဲ့တာ.."

"နှစ်ယောက်စလုံးရှိတယ်..ဦးအောင်သိန်းကိုပြောခဲ့တယ်၊ သူ့လက်ထဲပဲ အပ်ခဲ့တယ်.."

သျှန်က ဆက်တိုက်ပြောချသွားကာ.. ၊

"မအေမဆုံးမလို့ သမီးကဒီလိုဖြစ်နေတာဆိုရင် ဆုံးမနိုင်မယ့်သူဆီအပ်လိုက်တော့ ကိစ္စပြန်ပြန်ရှင်းတယ်မဟုတ်ဘူးလား.."

"သားရယ်.."

ဒေါ်ယမုံခင် နားလည်သွားသည်။ 'သူ့ကျေးဇူးကိုမှတ်ထားပြီး ကိုယ့်ကျေးဇူးကို မေ့ပစ်တတ်သည့်'သူမအကျင့်ကိုက ကိုယ်ကပေးဆပ်လိုက်ရရင် ဝဋ်ရှိရင်ကျေပါစေသာ ဆုတောင်းတတ်ခဲ့ပြီး သူများထိခိုက်နစ်နာပြီဆို စာနာစိတ်နှင့် ရင်နင့်မိရစမြဲ။ ကိုယ့်ကျေးဇူးရှင် အရှင်သခင်ဖြစ်သော အသိစိတ်မှာ စွဲနေခဲ့သည့် ဒီမိသားစုတွေအပေါ် ကိုယ့်အနေ ဘယ်လိုဥပေက္ခာတွေနဲ့ ရက်စက်ပါစေ၊ သူတို့တွေ ထိခိုက်ကုန်ကြမည့် သတင်းကိုတော့ မကြားလိုပါ.. ၊

"အဲ့ဒါကိုသားက.."

"မေမေ.."



သျှန်က စီးကရက်ထုတ်လိုက်ပြီးမှ ဒီတိုင်းကိုင်ထားရင်း.. ၊

"အဲ့ဒီအုပ်စုတစ်စုလုံးက ကျွန်တော်လေးစားအားကျရတဲ့လူတွေ မဟုတ်တာ မေမေသိပါတယ်.."

"သိပါတယ်..ဒါပေမယ့်သားရယ်.."

"ကျွန်တော့်လုပ်ရပ်တိုင်းကို မေမေရင်ဘက်နဲ့မကြည့်ပါနဲ့.."

ဒေါ်ယမုံခင် ဟင်ခနဲဖြစ်သွားသည်။ ပြီးတော့ ကနုတ့်ကိုငဲ့ကြည့်ရင်း ပင့်သက်ရှိုက်မိသည်။ သျှန်က စီးကရက်ကို လက်ထဲမှာပဲ ဒီတိုင်းကြည့်ပတ်ဆော့ရင်း အောက်မေးဖျားလှုပ်ရှုံ့မဲ့လိုက်ပြီး.. ၊

"တာဝတီံသာကပြန်လာပြီး ကျွန်တော်လေလွင့်နေတာ မဟုတ်ဘူး..ကိုယ့်ဘဝ ကိုယ့်အနာဂတ်ထက် အဓိကဖြစ်နေတဲ့အလုပ်တစ်ခုအပေါ်မှာ အချိန်ပေးနေတာ.."

ပြောနေရင်း ကနုတ့်ကိုစိုက်ကြည့်သည်။ ကနုတ်ကလည်း သူ့ပြောလာမှာကို စိတ်ဝင်စားနေသဖြင့် မျက်နှာမလွှဲ.. ၊

"အဲ့ဒါ တာဝတီံသာကျဆုံးရေးပဲ.."

"ဦးသျှန်ဘယ်လိုကြိုးစားကြိုးစား ဘယ်တော့မှအောင်မြင်မှာမဟုတ်ဘူး.."

ကနုတ်က ပိုင်နိုင်သည့်မျက်နှာလေးနှင့်ပြောတော့ သျှန်ကပြုံးသည်။

"ဘွားဘွားက စိတ်ခတ်ခိုင်မာတယ်..အပေးအကမ်းရက်ရောတယ်၊ ပေးလည်းပေးနိုင်တယ်.."

"ဒါပဲလား.."

"အရမ်းစေ့စပ်သေချာတယ်..အမြင်စူးတယ်.."

"အဟွန်း.."

"ဦးသျှန်မှာနေစရာတောင်မရှိဘူး...အလုပ်မရှိ ပိုက်ဆံမရှိ ပြီးတော့ ...ကြီးတယ်.."

"...င်းအဘွားကဒေါသမကြီးတတ်ဘူးလား.."

...နုတ်လွှတ်ခနဲပြန်ဖြေဖို့ ပါးစပ်ဟသည်။ ပြီးမှ ဘာပြောရမှန်းမ...ရင်ဘက်လေးပြန်နိမ့်ကျသွားကာ.. ၊

...ါပေမယ့် ဦးသျှန်မှာဘာမှမရှိတဲ့အတွက် ဘွားဘွားကိုဘယ်

တော့မှနိုင်မှာမဟုတ်ဘူး.."

ရင်ထဲရှိတဲ့အတိုင်း ကျကျနနနှိုင်းယှဉ်ဝေဖန်နေသည့် ကနုတ့် ရှုးစိုက်ကြည့်နေပြီး သျှန့်မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့ထင်လာ သည်။ သားစိတ်တိုပြီး ထအော်လိုက်မှာစိုးကာ တားဆီးဖို့ပြင်နေသ ဒေါ်ယမုံခင်အံ့ညြသွား၏။ မျက်ဝန်းတွေထဲက နူးညံ့မှုကိုမြင်နေပါလျ နဲ့မယုံချင်။ ဒီဘက်ကိုပြန်ကြည့်တော့ ကနုတ်ကသူမအနိုင်နဲ့ပိုင်းနိုင်နေ ထင်ကာ မေးဖျားလေးတောင် ပင့်လိုက်သေးသည်။ ပြီးမှ ဒဏ်ရာ လက်ဖဝါးလေးတစ်ဖက်နဲ့ ပြန်ဖိထားလိုက်ရင်း.. ।

"မမဇင်က ဒေါသကြီးတတ်လို့ ဒေါသကြီးတာမှ ဦးသျှန်ထက် ပိုကြီးသေးတာ ဖေကြီးပြောသလိုပဲ ဒေါသကြီးတဲ့လူတွေမှာ အမှား များဆုံးပဲတဲ့..ဒေါသစိတ်က အမှောင်ကျတတ်တဲ့အတွက် သွေးအေ တည်ငြိမ်နေတဲ့သူကို ဘယ်တော့မှမနိုင်ဘူးတဲ့.."

"မင်းအဘွားကို သွေးအေးတည်ငြိမ်တဲ့သူလို့ သတ်မှတ်လိုက် လား.."

"အဲ့ဒါက..!"

ကနုတ့်မျက်နှာလေး တစ်ချက်ပျက်သွားသည်။ ဖျတ်ခနဲပေါ် သည့် ပုံရိပ်တချို့မှာ ဘွားဘွားသည်.. ।

"ဒီလိုစည်းကမ်းမဲ့တာ ငါလုံးဝခွင့်မလွှတ်ဘူး..သွားခုချက် တွေ့တဲ့နေရာမှာ မှတ်လောက်အောင်ဆုံးမခဲ့၊ ပစ္စည်းပြန်ယူပြီး တော ခါတည်းပြန်ပို့..ငါ့စံအိမ်ထဲပြန်လာခွင့် မရှိတော့ဘူး.."

"မယ်မယ်ရယ်..ကလေးကဆယ့်ခြောက်နှစ်ပဲရှိသေးတာကို ဘမျက်နှာထောက်ဖို့သင့်ပါတယ်.."

"ခွင့်လွှတ်ခြင်းအားဖြင့် နောက်ထပ်မှားဖို့ ငါခွင့်မပြုနိုင်ဘူး.. ဆုံးဖြတ်တာ မကျေနပ်ရင် မိသားစုလိုက်နှင်လွှတ်လိုက်.."

အဟမ်း..။ တွေးမိတော့ လည်ချောင်းတွေပါ ကပ်လာသည်။ ကြီးဘယ်လိုဖြေရှင်းပေးဖို့ ကြိုးစားပေမယ့် မရခဲ့သောပြဿနာတ ကို ပြန်မြင်ယောင်ရင်း သျှန့်ကိုလည်းမကြည့်တော့ဘဲ မျက်လုံးနှ ကို ဘယ်အရပ်ဆီပို့ရမှန်းမသိအောင် ဖြစ်နေခဲ့၏။

"အဟွန်း.."



သျှန့်ထံက ရယ်သံလိုလို မဲ့လိုက်တာလိုလို အသံကြားလိုက်မှ ကနုတ်ဖျတ်ခနဲလှည့်ကြည့်၏။ မျက်တောင်ဖျားတို့ မှေးစင်းကြည့်နေ သော သျှန့်မျက်ဝန်းတွေက ဘယ်လိုဆွဲအားတို့နှင့် ညှို့နိုင်စွမ်းသည်မသိ၊ ကနုတ့်ရင်တွေ ဒိန်းခနဲဆောင့်ခါသွားသည်။ အပူလုံးကြွသွားသည့်နှယ် တစ်ကိုယ်လုံးရှိန်းရှိန်းထလျက် ကယောင်ကတမ်းလက်သီးဆုပ်လိုက်မိ သည်အထိပင်။ တစ်ဆက်တည်းသတိရလိုက်သည်က ဇင့်ဒေါသတွေ..।

"ငါက အာဏာသျှန်နဲ့လက်ထပ်ရဦးမှာ.."

"နင့်မျက်နှာကို ဓားနဲ့မွှန်းပစ်ရမလား.."

"အာဏာသျှန့်ကိုကြိုက်လို့ နင်ဒီမှာတွယ်ကပ်နေတာမို့လား.."

အဲ့လိုတော့ မဟုတ်ပါဘူး.. ।

စိတ်ထဲမှာဖြစ်လာသည့်အတိုင်း ကနုတ့်မျက်နှာလေးမော့၍ ခေါင်း ခါပစ်လိုက်သည်။ ထိုအခါ.. ।

"အ.."

"ဘာဖြစ်တာလဲသမီး.."

"နာလိုက်တာ..အား.."

ဒေါ်ယမုံခင် ကနုတ့်ကိုပဲ အကဲခတ်နေတာမို့ ပျာပျာသလဲအနား ပ်ထိုင်မိကာ.. ।

"လည်ပင်းသိပ်မလှုပ်ရဘူးလေ..ခုနကမှ ဆရာဝန်လာပြီး ဆေး းဆေးထည့်ပေးသွားတာ သမီးဒဏ်ရာကသွေးတောင်မတိတ်သေး း.."

ဒေါ်ယမုံခင့်စကားအဆုံးမှာ သျှန်ကနေရာမှထရပ်လိုက်ပြီး.. ।

"မင်းသိနေတဲ့လူတွေအကြောင်း မင်းမသိသေးဘူး..အဲ့ဒီတော့ ောက်ထပ် ဘယ်သူ့ဘက်ကမှ ကာကွယ်မပြောနဲ့၊ ငါ့ကိုလည်းမဝေဖန် မင်းကငါနဲ့အနီးဆုံးမှာရှိနေတဲ့အတွက် ငါ့ရဲ့အခိကပစ်မှတ်မဟုတ်ခဲ့ မယ်.."

"ကနုတ်က ဘာမှမဟုတ်တာ လုပ်မထားဘဲနဲ့ ဘာဖြစ်လို့ပစ်မှတ် ရမှာလဲ.."

သူများစကားမဆုံးခင် ပက်ခနဲပြန်ပြောပြီး မျက်နှာလေးက ချက် းပြေပြေပြစ်ပြစ်ဖြစ်သွားပြန်ကာ.. ।

"ဘွားဘွားတို့နဲ့မမတို့နဲ့ ဦးသျှန်ဘာဖြစ်ခဲ့ဖြစ်ခဲ့ ကနုတ်သေ
မသိပါဘူး..ဒါပေမယ့် ဖေကြီးကတော့ ကြားနေလူပါ၊ နောက်ပြီး ဘွ
ဘွားတို့နဲ့လည်း သိပ်အဆင်မပြေခဲ့ဘူး..အဲ့ဒါလည်းဘာဖြစ်လို့မှန်း
နုတ်မသိဘူး၊ ဒါပေမယ့် ဖေကြီးရယ် ကနုတ်ရယ်က တာဝတိံသာစံအိ
ကြီးမှာ ကိုယ့်ဝန်းကိုယ့်ခြံနဲ့ သီးခြားနေကြတာ.."

"ဘယ်လို.."

သူရယူထားနိုင်သမျှ သတင်းတွေထဲမှာ ဒီသတင်းမပါခဲ့ပေ၊
ထူးဆန်းပေမယ့် ပုံမှန်မဟုတ်သော နေထိုင်ခြင်းဖြစ်သောကြောင့် သ
မျက်မှောင်ကုတ်သွားသည်။ ခေါ်ယမုံခင်ကိုယ်တိုင် အံ့သြနေခဲ့ပြီး က
မျက်နှာလေးကို စေ့စေ့စပ်စပ်ကြည့်နေခဲ့သည်။ ပြီးတော့ နောက်ကို
လှမ်းဆုတ်လိုက်ပြီး ဘာမှမပြောဘဲ လှည့်ထွက်သွားလေသည်။ သျှ
စားပွဲစွန်းမှာ လက်ထောက်၍.. ၊

"အချစ်ဆုံးသားမို့လို့ အနားမှာပဲခေါ်ထားတယ်..မင်းအဖေ
ပြောပြော အောင်မြင်တယ်၊ မင်းအဖေအတွက်ဆို ဘာဖြစ်ဖြစ်လိုက်
ခဲ့တယ်..အဲ့ဒါတွေကို မဟုတ်ဘူးလို့ပြောချင်တာလား.."

"ဟုတ်တယ်..အဲ့ဒါဘွားဘွားဘက်က၊ ဒါပေမယ့် ဖေကြီးက
ဘွားနားသိပ်မကပ်ဘူး..ဘွားဘွားပြောသမျှလည်း လိုက်မလုပ်ဘူး
နုတ်တို့ခြံကို ဖေကြီးက 'ချစ်သမီးရိပ်မြုံ'လို့ နာမည်ပေးတော့လည်း
က 'ချစ်သမီးစံအိမ်'ပေးရမယ်လို့ ပြောသေးတယ်၊ မြန်မာနိုင်ငံအ
ပြားမှာ တာဝတိံသာမျိုးနွယ်စုတိုင်း 'စံအိမ်'တွေဖြစ်နေတာကို ဖေ
စံအိမ်မထည့်ဘူးဆိုလို့ စကားလည်းများကြတာ.."

"ပြီးတော့ရော.."

"ပြီးတော့ ဘွားစိတ်ဆိုးတယ်..ဖေကြီးကနိုင်သွားတယ်.."

"မင်းအဖေက ဘာဖြစ်လို့စံအိမ်လို့ မပေးချင်တာလဲ.."

"ကနုတ့်ကိုတော့မပြောပါဘူး..ဒါပေမယ့် 'စံအိမ်'ဆိုရင် 'ငေ
အိမ်'နဲ့ဆင်တူနေလို့လို့ ပြောလိုက်တာလေ၊ အဲ့ဒါကြောင့် ဘွားစိ
သွားတာ.."

သူ့နှုတ်ခမ်းတွေပြုံးရိပ်ထင်သွားတော့ ကနုတ်ဝမ်းသာအ
သွားမိကာ.. ၊



"အဲ့ဒါကြောင့်လေ ဖေကြီးနဲ့ကနုတ်က နှစ်ယောက်တစ်ဘဝပါ..
ဘွားတို့ကို မကျေနပ်တာနဲ့တော့ ဖေကြီးကိုဒုက္ခမပေးပါနဲ့ဦးသျှန်
ဖေကြီးစီးပွားရေးလုပ်နေတာကလည်း ကနုတ်တို့သားအဖနှစ်
တည်း အေးအေးချမ်းချမ်းနေကြဖို့ပါ..တစ်နေ့မှာ ကနုတ်ဖြစ်ချင်
တွေ လိုချင်တာတွေရှိလာရင် ဖေကြီးက ဘယ်သူ့မျက်နှာမှမကြည့်
ည့်ဆည်းပေးနိုင်အောင် ကြိုးစားနေတာတဲ့.."

ီးကရက်မီးညှိနေသည့်သျှန့်ကို သူမပြောတာ နားထောင်နေရဲ့
ကနုတ်တကြည့်ကြည့်ဖြစ်နေရှာသည်။ ပြီးတော့ မွှေရာပေါ်က
ချထိုင်လိုက်ပြီး မော့ကြည့်ကာ.. ၊

ဦးသျှန် ဘွားဘွားတို့နဲ့ အဆင်မပြေဖြစ်ခဲ့တာပဲဆိုရင် ဖေကြီးနဲ့
င်ဘာ..အဲ့ဒါတွေကို အခု.."

"ဘယ်သူနဲ့ဆိုင်တာမဆိုင်တာ ဘာကြောင့်အကျိုးဝင်တာမဝင်တာ
ငါသတ်မှတ်ချက်..အရှင်းလဲရင် အဖျားထင်းဖြစ်မှာပဲ.."

ကနုတ်စိတ်တိုသွားသည်။ ထို့ကြောင့် နေရာမှထရပ်လိုက်ရင်း..၊

"အရှင်းလဲစေချင်ရင်လည်း လှဲ့ပါလား..အဖျားထင်းဖြစ်တာမဖြစ်
ဦးသျှန်နဲ့ဘာဆိုင်လဲ.."

သနားခံနေရင်းကနေ ချက်ချင်းထရန်တွေတော့ သျှန်ကငဲ့ကြည့်
သူမကိုယ်သူမ သတိမထားမိသော်လည်း ပလာစတာအုပ်ထား
အောက်က ဝွမ်းစတွေကနေ သွေးတို့စိမ့်ထွက်လာသည့် လည်ပင်း
ရာကို သူမြင်နေရ၏။

"အခု ဦးသျှန်က အရှင်းကိုလဲစေချင်တယ်ဆိုပြီး ကိုင်းဖျားတွေကို
နေတာ.."

ကိုဘာလုပ်ဖို့မလုပ်ဖို့ မင်းကညွှန်ကြားနေတာလား.."

သျှန့်မျက်နှာတင်းလာတော့ ကနုတ်တစ်ချက်တွန့်သွားသည်။

"မင်းအဘွားကို ငါဘာဖြစ်စေချင်တာလဲ မင်းသိလား.."

တရက်မို့ ကနုတ်ခေါင်းခါမိမလိုဖြစ်သွားသည်။ သျှန်က စီး
ရှိုက်နှင့် ကနုတ့်ရှေ့ကိုတိုးလိုက်သည်။ ပြီးတော့ သူ့နှုတ်ခမ်း
ားဆီက စီးကရက်ခိုးတို့နှင့် စူးရဲသောမျက်ဝန်းအစုံသည် ပဋ
ှာ ညှို့ငင်နေခဲ့လျက်.. ၊

"သူ့မှာအများကြီးရှိတယ်လို့ သူထင်နေတယ်.."

ဘာတွေကိုလဲ..။ ဘွားဘွားက တကယ်လည်းချမ်းသာ ဘွားမှာအကုန်လုံးရှိတယ်.. ।

ကနုတ်တွေးလိုက်တာကို မျက်ဝန်းလေးတွေကနေ သိဖို့ကြ ရင်း သျှုန်ကခပ်မဲ့မဲ့ပြုံးသည်။

"တကယ်တော့ ဘာမှမရှိဘူး..သူ့မှာဘာမှမရှိခဲ့ဘူးဆိုတာ ချင်တာ.."

သျှုန်ဘာကိုပြောမှန်းသိနေသလိုနှင့် နားမလည်။ ဒါပေမယ့် လှည့်ထွက်သွားပြီမို့.. ।

"ဦးသျှုန်.."

ကနုတ်က လှမ်းခေါ်ရင်း.. ।

"ဘွားမှာဘာမှမရှိဘူးဆိုတာ ဘာကိုပြောတာလဲဟင်..က နားလည်အောင်ပြောစမ်းပါ၊ ကနုတ်က ဘွားဘွားနဲ့ပတ်သက်တ မှလည်းမတောင်းပန်ပါဘူး..ဖေကြီးအတွက်ပဲနည်းနည်းလေးပ အခုလေ.."

အားတက်သရောရှင်းပြဖို့ကြိုးစားရင်း သူ့နောက်ကိုအပြေ လိုက်မိလျှင် သျှုန်ကဖျတ်ခနဲပြန်လှည့်လိုက်သဖြင့် လူချင်းပစ်တို သည်။ ကနုတ်ဘယ်လိုမှ အရှိန်ပြန်မထိန်းလိုက်နိုင်သော်လည်း သွယ်နွဲ့သည့်ခါးလေးနှစ်ဖက်ကို သျှုန်ကထိန်းကိုင်လိုက်သဖြင့် ဖ မိသလိုဖြစ်သွား၏။ သူ့မျက်နှာနီးကပ်သွားတိုင်း တမေ့တမောငေး တတ်သည့် ကိုယ့်အဖြစ်ကိုရှက်လည်းရှက်မိသည်။ ဒါပေမယ့် ငေး ပဲသတိရတတ်ကာ.. ।

"ကနုတ်ပြောလို့ မပြီးသေးလို့.."

ရှက်ကိုးရှက်ကန်းပြောရင်း ခါးထက်မှာရှိနေသည့် သူ့လက် ဖယ်ချမိသည်။ သူမလက်လေးတစ်ဖက်ကို ဆွဲထားလိုက်ပြီး နံရံ ကပ်၍.. ।

"ဒဏ်ရာသွေးထွက်နေတယ်.."

နံရံမှာရှိသည့်စင်လေးပေါ်က တစ်ရှူးလှမ်းဆွဲကာ ကနုတ်ခြေ လေးကို သူ့လက်နဲ့အသာလေးမော့လိုက်၏။



"ဒီဘက်နည်းနည်းလှည့်.."

"ဘာလုပ်မလို့လဲဟင်..နာနေတယ်.."

"ငါ့ကိုရန်တွေ့နေတုန်းက မနာဘူးလား.."

ကနုတ်အသံတိတ်သွားသည်။ မေးဖျားသွယ်သွယ်လေးနှင့် ရှိန်း တ်သော လည်တိုင်ဝင်းဝင်းလေးကို ငုံ့ကြည့်ရင်း တစ်ရှူးနဲ့သွေးစ သုတ်ပေးနေသည့် သျှုန့်ရဲ့လှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။ လှ မိန်းမငယ်လေးတစ်ယောက်၏ လည်တိုင်မော့မော့သည် သူ့စိတ် ကို ကယောင်ချောက်ချားဖြစ်လာစေလျက်.. ।

"မေမေ့.."

စိတ်ကူးမဖြစ်လိုက်ခင် အော်ခေါ်မိခြင်းက လက်လွှတ်စပယ်ထွက် သည်။ ထို့ပြင်.. ।

"မေမေရှိတယ်.."

တံခါးဝမှာ မေမေရပ်နေတာ သူနဲ့နီးနီးလေး.. ।

သူဘာဖြစ်လို့ လန့်ဖျန့်ပြီး အမေ'တ'တဲ့ကလေးလိုဖြစ်သွားတာ ရှိတယ်ဆိုပြီး မေမေကလည်းရှေ့တိုးမလာ။ ဒါဆိုသူ့ခေါ်မှ မေမေ ာတာ မဟုတ်ဘူးပဲ.. ।

သျှုန့်မျက်နှာနီသွားသည်။ ပြီးတော့ ဒေါ်ယမုံခင်နဲ့မျက်လုံးချင်းဆုံ င်မကြည့်ဘဲ သူကိုင်ထားသည့်တစ်ရှူးလက်ထဲထည့်ပေးလိုက်ပြီး ပြင်တောက်လျှောက်ထွက်ခဲ့လေသည်။ ထူပူရှိန်းဖိန်းနေသည့် ခနှာက အခိုးအငွေ့တွေထွက်နေတာလား.. ဒါမှမဟုတ် သူ့ခြေ က်နဲ့မြေကြီးထိနေရဲ့လား.. ।

ကိုယ့်ကိုယ်သည် ကိုယ်မဟုတ်တော့သလို ဘာတွေဖြစ်သွားခဲ့မှန်း တော့ပေ။ ဒါပေမယ့် ဒေါ်ယမုံခင့်နှုတ်ခမ်းမှာ အပြုံးတို့ခိုတွဲနေခဲ့၏။ င် ရင်ထဲမှာလည်း တသိမ့်သိမ့်ကြည်နူးနေလေသည်။ သူမမြင်ခဲ့ ၊ နားလည်းနားလည်လိုက်သည်။ ထို့ကြောင့် ဝမ်းသာလွန်းလို့ ွက်အောင်ရယ်မိတဲ့အထိ.. ।

"ကနုတ့်ကိုငါသားရင်ခုန်နေပြီပဲ.."

## အခန်း(၆၆)

"ဒီလိုအကောင်မျိုးနဲ့ နင့်သမီးကိုရင်ခုန်သံအနုအရွတွေနဲ့ [illegible]
စေချင်နေတာလားမောင်မောင်.."

ဦးမြမင်းစံ ဘာစကားမှမပြောဘဲ ငူငူကြီးထိုင်နေခဲ့သည်။ [illegible]
ပုလဲဖြူဖုန်းတစ်လုံးနှင့် ယောက်ယက်ခတ်နေဆဲ ဦးမြမင်းစံ[illegible]
ရောက်လာခဲ့တာဖြစ်သည်။ ကားပေါ်ကဆင်းလာတော့ ချုံးချုံး[illegible]
သည့် ဦးမြမင်းစံပုံစံက မှတ်မိချင်စရာတောင် မရှိတော့ပေ။ [illegible]
မမြင့်မှာ ခပ်ဖိုင့်ဖိုင့်နှင့်ဖြူဝင်းနေသည့်မြင်နေကျမျက်နှာက နဖူး[illegible]
တာကတောင် ပိုခန့်နေသလိုလို နဖူးပြောင်နေလို့ပဲ ပိုပြီးပြည့်[illegible]
လိုလိုပါ။ ခုတော့ မျက်နှာသေးသေးနဖူးပြောင်ပြောင်သည် ဘ[illegible]
ဖြစ်နေပြီလဲဆိုတာ မြင်ရတာနဲ့တင် ရင်နင့်နေပါပြီ.. ।

ထို့ကြောင့် ကိုယ့်သောကနဲ့ဒေါသနစ်ရပ်ပေါင်းကာ [illegible]
ဖြူဖုန်းကိုပါ ဆိုဖာဆီလွှဲပေါက်ပစ်မိ၏။ ဖုန်းသည် ဆိုဖာ[illegible]
မြောက်ခုန်တက်သွားပြီး နံရံဆီပြေးဆောင့်သည်။ ထိုအခါနံ[illegible]
ကြေးကလပ်စင်နှင့် တခမ်းတနားတင်ထားသည့် ရွှေသံလျက်[illegible]
ကို တည့်တည့်ပစ်ခွင်းသလိုဖြစ်သွားခဲ့ပြီ.. ।



"ဒေါက်..ဒုန်း.."

ဖုန်းကိုဂရုမစိုက်စွာ ပေါက်ထည့်လိုက်တာပေမယ့် ခုန်တက်ဖြိုချသွားမည်မထင်ခဲ့သဖြင့် မောင်နှမနှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြသည်။ ဖုန်းသည် ကြမ်းပြင်ပေါ်မှာကွဲထွက်သွားကာ သံလျက်က အမှိုက်ပုံးထဲမှာ ငွမ်းစိုက်လျက်။ ဦးမြမင်းစံ အစ်မမျက်နှာကိုပြန်ကြည့်သည်။ ဒေါ်မြပုလဲဖြူသံလျက်ကို ငေးစိုက်ကြည့်နေဆဲရှိကာ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတွေမှာ မခံရပ်နိုင်ခြင်းက ထင်ရှားနေခဲ့သည်။ ပြီးတော့ ထမီတစ်ဖက်'မ'၍ အမှိုက်ပုံးဆီလျှောက်သွားကာ သံလျက်ကို ကောက်ယူလိုက်ပြီး.. ।

"ကဲဟာ..မတန်မရာလာနေချင်ဦး.."

"ဒုန်း.."

အမှိုက်ပုံးကို တအားလွှဲကန်ပစ်လိုက်၏။ ထို့နောက်.. ।

"ဟဲ့..တစ်ကောင်မှမရှိဘူးလား၊ ခုချက်ချင်းလာစမ်း.."

သန့်ရှင်းရေးအကူဖြစ်သည့် မကြည်သန်းပဲပြေးရောက်လာလျှင်..

"ဖြန်း.."

အနားရောက်သည်နှင့် ပါးရိုက်ပစ်လိုက်၏။ မကြည်သန်းဒယိမ်းဒယိုင်ဖြစ်ကာ တံခါးပေါ်ပခုံးစောင်းနှင့် ပစ်ကျသွားလေသည်။

"သွား..ဒီအမှိုက်ပုံး ခုချက်ချင်းရှင်း၊ ညနေခင်းမှာအမှိုက်ပုံးချထားအောင် နင်ရှုးနေလား.."

"မမကြီးပဲ တောင်းလို့လာချပေးထားတာပါ"လို့ မကြည်သန်းမပြောဝံ့ပေ။ ပြီးခဲ့တဲ့ တစ်နာရီလောက်ကမှ စာရွက်စာတမ်းတွေနဲ့ အလုပ်ရှုပ်နေပြီး အမှိုက်ပုံးယူခဲ့ဖို့ပြောသည်။ ပြီးတော့ ဘာတွေဒေါသထွက်ပြီး စာရွက်တွေဓာတ်ပုံတွေကို လုံးချေပစ်နေသည်မသိ။ အမှိုက်ပစ်ဖို့စောင့်နေတာလည်း.. ।

"ဘာရပ်ကြည့်နေတာလဲ..နင့်ကိစ္စဘာပါလို့လဲ၊ သွား..ဝေးဝေးသွားနေ.."လို့ အော်ထုတ်ခဲ့တာသူမပဲဖြစ်၏။ ဒါပေမယ့် ဒေါသထန်နေသည့်ဒေါ်မြပုလဲဖြူ ဘာဆိုဘာမှမမြင်တော့ပေ။ သံလျက်ကိုင်ထားပြီး မာန်တွေထပ်တက်သလို တက်ခေါက်ထမီ'မ'ထားလျက်.. ।

"နင်အဲ့ဒီသတ္တဝါလေးကို အောက်ကျခံယနေတယ်မို့လား..ငါ့ကို

မှန်မှန်ပြောမောင်မောင်..နင့်သမီးကို မယ်မယ်ဘယ်လိုမှလက်မခံ မှန်းသိလို့ လက်ထပ်ယူစေချင်လို့မို့လား.."

ဒါလည်း ဦးမြမင်းစံပြန်မဖြေခဲ့ပေ.. ၊

"နင့်မှာမာနမရှိတော့ဘူးလား..နင်မယ်မယ့်သားပါမောင် ရယ်၊ နင့်စိတ်က မယ်မယ့်စိတ်လို တစ်ထပ်တည်းမကျရင်တောင် မယ့်သွေးတွေ နင့်ကိုယ်ထဲမှာ စီးမျောနေတာပါ..ဒါနဲ့တောင် မယ်မ ရင် ရှက်လို့လဲသေသွားမယ့်ကိစ္စကို နင်လုပ်ရဲတယ်.."

ဦးမြမင်းစံ ဆတ်ခနဲမော့လာသည်။

"မယ်မယ်မာနကြီးနိုင်ခဲ့တာ ကြီးလို့ရလို့ပါ..မယ်မယ့်တုန်းက နဲ့လက်နဲ့ တစ်ထပ်တည်းကျနိုင်တယ်၊ ဘာလုပ်လုပ်ဖြစ်တယ်..အ တော်မယ်မယ့်လို ဘာမှဖြစ်မလာဘူး၊ အဲ့ဒါကြောင့် မယ်မယ့်လိုမ ကျွန်တော်မထားနိုင်ဘူး.."

"ဖြစ်လာတာက နင့်သမီးကံပဲလေ..အဲ့ဒီစုန်းကောင် ဘယ် ယူဖမ်းစားနေသလဲမသိဘူး၊ မမကြီးသမီးက အဲ့ကောင်နောက် ကောက်ကောက်လိုက်နေတာ အရှက်တွေကွဲ အကျိုးတွေနည်းဖြ ပြီ..အခု နင်ပဲသမီးမွေးဖူးတာမဟုတ်ဘူး၊ နင့်မှာပဲမိဘပီသတဲ့စိ တယ်မထင်နဲ့၊ မမကြီးက နင့်ထက်အများကြီးအဖြစ်ဆိုးတယ်..ဒါ ပေးစားဖို့လုံးဝမစဉ်းစား.."

"ဟိုကမယူလို့မို့လား.."

"မောင်မောင် နင်အစ်မကိုပြန်လှန်မေးခွန်းမထုတ်နဲ့နော်..ကို သမီးရှင်ပဲ၊ ငယ်တဲ့သူမိုက်တာ မိုက်ပေလေ့စေ၊ သားသမီးကြော အရှက်ရတာ ခံသာတယ်..အဲ့ဒီသတ္တဝါကို မရလို့ လဲသေတော့မ လည်း ခုသေခုဆွဲချပစ်ရုံပဲ၊ တစ်မျိုးလုံးကျွန်မျိုးကျွန်နွယ်ဖြစ် ဘယ်တော့မှမလုပ်ဘူး.."

ဦးမြမင်းစံမျက်နှာမှာ စိတ်ပျက်လက်လျှော့ခြင်းတို့ကြောင့် ရော်အိုမင်းနေခဲ့လျက် နေရာမှထရပ်လိုက်သည်။ ပြီးတော့.. ၊

"ကျွန်တော်ပြန်မယ်.."

"ဘာ.."

ပြန်မယ်ဆိုတော့လည်း ဒေါ်မြပုလဲဖြူမျက်နှာပျက်သွား



ကို စားပွဲပေါ်မှာချထားလိုက်ကာ.. ၊

"လူကလဲတော့မလိုဖြစ်နေပြီ..ဘယ်တွေသွားပြီး ဘာတွေလုပ်နေ ငါ့ကိုဘာမှပြောတော့ဘူးလား.."

"ကျွန်တော်မမကြီးကို ဖုန်းဆက်ခဲ့တယ်..သူဒီမှာလာစောင့်နေ တ်လို့.."

"ဩော်..မမကြီးမလာတာနဲ့ ငါကတော့တိုင်ပင်စရာမလိုတဲ့လူ "

ဒေါသထွက်နေပေမယ့် အရင်လိုခပ်ထေ့ထေ့ရယ်မြူးရိပ်နှင့် ခွန်း ပြန်မလာတော့သည့်အခါ ဒေါ်မြပုလဲဖြူစိတ်မကောင်းဖြစ်သွားခဲ့ .. ၊

"မောင်မောင်ရယ်..ငါနင့်ကိုသနားလို့ပြောနေတာတာပါ၊ နင်အဲ့ဒီ ကောင်ကို အောက်ကျပြောဆိုနေရတာ နင်ကဖုံးထားပေမယ့် ငါတို့မသိ ဆင်နေလို့လား.."

ဦးမြမင်းစံက အစ်မဖြစ်သူကိုမကြည့်တော့ဘဲ ဆိုဖာမှာပြန်ထိုင် သည်။ ပြီးတော့ နဖူးပွတ်လိုက်ရင်း.. ၊

"ကျွန်တော်ဖုံးမထားပါဘူး.."

ပြောရင်း ဆိုဖာမှာခပ်လျော့လျော့မှီလိုက်ပြီး.. ၊

"တိုင်ပင်လည်း အားပေးကြမှာမဟုတ်မှန်းသိလို့ ဘာမှမတိုင်ပင်ခဲ့ "

"အေးပါ..အခု နင်နေမကောင်းဘူးမို့လား၊ ဘာတွေလုပ်နေလို့လဲ.. ြားတယ်၊ ခြံကိစ္စပြဿနာတက်နေတယ်ဆို.."

"ဟုတ်တယ်..မမကြီးကို ကျွန်တော်ပြောပြလိုက်တယ်၊ ဒါပေမယ့် ည်း.."

မောင်နှမနှစ်ယောက်သား တိတ်သွားကြသည်။ ဒေါ်မြပုလဲဖြူအစ် သတိရကာမှ ကိုယ်လည်းသူ့လိုပဲ ရင်ဆိုင်နေရတာကို ပြန်တွေးမိ ည်။ ထိုအခါ ဒေါသက ဦးမြမင်းစံရောက်မလာခင် ဖုန်းပြောနေ အတိုင်း.. ၊

"အဲ့ဒီကောင်စုန်းကောင်..လူယုတ်မာ၊ သူလုပ်တာ သူ့ကြောင့်ငါ

ဘာတွေဖြစ်ကုန်ပြီလဲ..ဘာတွေဖြစ်လာမှာလဲ..။ ဘာမှမသိရသည့် အနာဂတ်ဟာ မမကြီးရဲ့ရှိုက်သံတွေကို ကြားယောင်လာရင်း မှုန်ဝါးသွား ခဲ့သည်။

"ခြစားတာလို့ခေါ်တယ်တဲ့.."

"တာဝတိံသာကျဆုံးခြင်း ဆီစင်ဝမ်းတဲ့ညီမလေးရယ်.."

"သူမယ်မယ့်ကိုနာကျည်းပြီး ငါတို့တစ်မျိုးလုံးကိုဖြိုလှဲဖို့ကြိုးစား နေတာ.."

"အာဏာသျှန်ဆိုတာ ဘိုးလင်းကစားတာသိပ်တော်တာတဲ့..ကိုင် ယားမှာတောင် ပရော်ဖက်ရှင်နယ်လ်ဘိုးလားအဖြစ် ဝမ်းတူတမ်းဝင် တာ၊ သူငါတို့ကို ကစားနေတာ.."

ဒေါ်မြပုလဲဖြူ ရပ်နေရာကနေ ဆိုဖာမှာတအိအိထိုင်ကျသွားခဲ့ရင်

"မမကြီးခံရတာလည်း ဇင်လေးကြောင့်ပဲ..နင်လည်း နင့်သ ကြောင့်ပဲ၊ ငါ့သားနဲ့မဆိုင်ဘူး.."

ကိုယ့်ဘာသာပြောရင်း ခိုင်မာအောင်အတည်ပြုနေမိသည်။

"ငါ့သားကမိန်းကလေးတွေလို မတုံးဘူး..သူဖြုစားလို့လည်း ဘူး၊ ငါ့သားဘာမှမဖြစ်ဘူး.."

သူမဘာသာရေရွတ်နေခဲ့တာဖြစ်သော်လည်း.. ।

"လူလူပြန်မလာဘူးလား.."

ဦးမြမင်းစံမေးတော့ ဒေါ်မြပုလဲဖြူအသံတိတ်နေသည်။ ပြီးေ ဖုန်းထဲက သားရဲ့အလျင်စလိုပြောသံတွေကို ပြန်ကြားနေခဲ့၏။

"သားပေးထားတဲ့အိတ် သားကိုလာပေးပါမေမေ..ပို့ရမယ့်လိ သားမက်ဆေ့ချ်ပို့လိုက်မယ်၊ တခြားဖုန်းနဲ့ပို့မှာနော်မေမေ..အရေးကြ ပါ.."

"ဟာ..သွားပြီ၊ သေပြီမေမေ..အဲ့ဒီအိတ်လုံးဝမရလို့မဖြစ်ဘူး၊ သ ဘာဝပျက်မှာ.."

အိတ်ကကားနောက်ခန်းထဲမှာ ပါသွားသည်။ ကားကို ကိုကို ညွှန်သည်တွေငှားသွားကြ၏။ မေးကြည့်ဖို့ပေမယ့် ကိုကိုကျော် လည်းပြန်မလာ၊ ဖုန်းဆက်တော့လည်း နောက်ထပ်မကိုင်တော့ဘဲဖြ ခဲ့သည်။ ခေါင်းမီးတောက်အောင် စဉ်းစားပေမယ့် ဘယ်လိုနည်းလ



မတွေ့သည့်အပြင် ဒီအိတ်ထဲက သေတ္တာထဲမှာ ဘာတွေပါနေသလဲ ဆိုသည့် ချောက်ချားမှုက အကြီးအကျယ်နှိပ်စက်နေခဲ့၏။

"မလတ်ကို ကျွန်တော်ဘာမှမကူညီနိုင်တာ စိတ်မကောင်းပါဘူး.."

"ငါ့သား မဟုတ်တာတစ်ခုခု လုပ်နေပြီဆိုတာတော့ သေချာတယ်"

ဒေါ်မြပုလဲဖြူ အသံတွေတုန်နေကာ ဆိုဖာလက်တင်မှာ ကိုင်ထား သည့်လက်က အကြောတွေထောင်နေတဲ့အထိ ဖိဆုပ်ထားခဲ့ပြီး.. ।

"ငါတို့..ငါတို့သားအမိသားအဖသုံးယောက် မဆုံဖြစ်တာ တစ်လ ကျော်ပြီ.."

"ဒါဆို လူလူပြန်မလာတာ သူ့အဖေမသိဘူးလား.."

"တစ်ရက်မှပြန်မလာတာကို မသိဘူး.."

ဦးမြမင်းစံမှိုင်ကျသွားခဲ့၏။ ကိုကျော်က ရုပ်ရည်ရှိသည်။ သဘော ကောင်းသည်။ လုပ်ငန်းကလည်းမျက်စိကျလောက်ဖွယ်ရှိ၏။ ဒီ လူက အရွတ်ဆန်ချင်လာရင် မဟုတ်တာတွေအကုန်လျှောက်လုပ် မှာဖြစ်သည်။ ဘာတွေဖြစ်ကုန်တာလဲ.. ।

"မမကြီးယောကျ်ားလည်း ထွက်သွားပြီ.."

"ဟင်..ဘယ်လို.."

ဦးမြမင်းစံ အလန့်တကြားဖြစ်သွားတော့ ဆတ်ခနဲလှည့်ကြည့် ।

"နင့်ကိုမမကြီးမပြောဘူးလား.."

သူခေါင်းခါလိုက်တော့ ဒေါ်မြပုလဲဖြူမျက်နှာတင်းတင်းမာမာမဲ့ ခဲ့လျက်.. ।

"သင်းက အစ်ကိုအောင့်မိတ်ဆွေတွေ တပည့်တွေရှေ့မှာ ဇင့်ကိုဆွဲ ပြီး ကိုယ့်သားသမီးကိုယ်ဆုံးမထားပါလို့ လာပြောတယ်လေ.."

နောက်ထပ်တစ်ခါ အရှက်ခွဲသွားပြန်ပြီဆိုတာတော့ ပြောပြသည်။ သနစ်ကို မသိခဲ့။ ဒေါ်မြပုလဲဖြူအားလုံးပြောပြမှ သူသိရကာ..।

"သံသယမရှိနဲ့ ဒီကောင်လုပ်နေတာ.."

"ဘာပြောတယ်.."

Bowling Kingဆိုတည်းက ဦးမြမင်းစံမျက်လုံးထဲမှာ ဒီကစား တွေကိုပဲ မြင်ယောင်နေမိကာ.. ।

"လူဘုံအလယ်မှာ ဇင်လေးနဲ့အရှက်ခွဲတယ်..အဲ့ဒီကနေ အငယ်
ခေါ်ထုတ်သွားတယ်၊ ပြီးတော့ ကိုကြီးအောင်ရဲ့ဟိုအမျိုးသမီးရဲ့အ
ကိုဖော်ပြီး သိက္ခာချတယ်.."

စကားသံတို့သည် တစ်ခွန်းချင်းတိကျပီပြင်နေခဲ့လျက်.. ၊

"ထပ်ပြီးဇင်လေးနဲ့ပဲ.."

"အဲ့ဒါ ဇင်အသုံးမကျလို့ဖြစ်တာမောင်မောင်..အဲ့ဒီသတ္တဝါကို
အထင်ကြီးမနေနဲ့.."

"ကိုယ်ခံရပြီဆိုတည်းက ကိုယ်ညံ့တာဖြစ်ဖြစ် သူကတော်နေ
ဖြစ်ဖြစ်ခံလိုက်ရတဲ့အကြောင်းက အဖြေပဲ..မလတ်သား လူပေါင်းမှာ
ရော ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတစ်ခုလို့ မလတ်ထင်နေတာလား.."

"အဲ့ဒါလည်း ငါတို့တင်းကျပ်ခဲ့တာတွေ အစွန်းရောက်တာမို့
ခဲ့လို့ပဲ..ရုန်းကန်ထွက်ပေါက်ရှာနေတဲ့သူကို ယိုင်နဲ့နဲ့တဲ့စုတ်ထဲ
ပိတ်ထားခဲ့မိတာ.."

အစ်မဖြစ်သူကို မျက်မှောင်ကုတ်ကြည့်နေသည့် ဦးမြမင်းစံ
လုံးတွေက ဘာမှဆက်မပြောတော့ဘဲ ထပြန်သွားချင်တဲ့အထိ စိတ်
ရှုပ်ထွေးသွားသည့်အရိပ်တို့ လွှမ်းခြုံနေခဲ့၏။ သို့သော် ပင့်သက်
လိုက်ပြီး.. ၊

"အလုပ်တစ်ခုကို အပြီးသတ်ဖို့က ကိုယ့်အပိုင်းမှန်တယ်..ပြ
တစ်ခုကိုဖြေရှင်းဖို့ကျတော့ ကိုယ်ချည်းပဲမဟုတ်တော့ဘူး၊ အဲ့ဒါ
ဦးနှစ်ဖက်ရှင်းရမှာ.."

"ဒါနဲ့ပဲ ငါတို့ကအာဏာသျှန်ဆိုတဲ့ပုဏ္ဏကကို ကန်တော့ပွဲပေ
လား.."

"ကိုယ့်အတ္တကိုခဏဖယ်ပြီး ဖြစ်လာတဲ့အရင်းအမြစ်ကို ရှာဖို့
လိုတယ်မလတ်..ကိုယ့်ကိုယ်ကိုငါတော်တယ်လို့ ယုံကြည်လို့ရတယ်
ညံ့တယ်ဆိုတာလည်း မေ့ထားလို့မရဘူး..အခု ကျွန်တော်တို့အား
ဆိုင်ခဲ့ကြတော့မယ်.."

"နေပါဦးမောင်မောင်..ဒုက္ခများနေတာက ငါတို့၊ နင်က
လို့ ဒီကောင်လေးကို.."

"ကျွန်တော့်စီးပွားတွေကုန်ပြီ.."



ဟင်..။ ရုတ်တရက်ဘာကိုပြောလိုက်မှန်းတောင် မသိလိုက်.. ၊

"အဲ့လိုမဖြစ်ချင်ရင် ကျွန်တော့်ကိုသူထောင်ချမှာ.."

"နင်ဘာတွေပြောနေတာလဲ.."

စီးပွားရှာကြတဲ့ထဲမှာ မောင်မောင်ကအေးဆေးလွန်းသည်။ လော
ည်းသည်လို့တောင် သူတို့ထင်ခဲ့ကြတာပါ။ ဟိုစပ်စပ်ဒီစပ်စပ်လုပ်
သည်။ ဖြစ်မြောက်သည်လည်းမဟုတ်။ မဖြစ်ဘူးလည်းမဟုတ်။ သူ
တွယ်တာက စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်၏။

"ကျွန်တော့်ရာဘာစိုက်ခင်းတွေအားလုံး လေလံတင်ခံရတော့မယ်"
ဦးမြမင်းစံ သူ့အကြောင်းတွေပြောပြရင်း.. ၊

"ဒီမနက် စာချုပ်အသစ်ပြန်ချုပ်ဖို့သူနဲ့ဖုန်းပြောဖို့ ကြိုးစားတယ်.."

"မကိုင်ဘူးပေါ့.."

"နောက်ဆုံးကျမှကိုင်တယ်..ညှိလို့မရဘူး၊ သူ့ရှေ့နေမနက်ဖြန်
ကျွန်တော့်ဆီလာတော့မယ်.."

"ဒီကိစ္စ ဒီလိုလုပ်လို့ရမလား.."

ဒေါ်သသည် ဘယ်နေရာမှာဆုပ်ညှစ်ကိုင်ပေါက်နေသည်မသိဘဲ
တွေတလုပ်လုပ်တုန်ကာ ခေါင်းထဲမှာရိပ်ခနဲပြာခနဲဖြစ်လာခဲ့သည်။
မောင်လေးကို အငယ်ဆုံးမို့ ဦးစားပေးခဲ့ကြသည် ပျော်စရာဆိုပြေး
ခေါ်ကာ စိတ်ညစ်စရာဆိုလေသံတောင်မဟကြတဲ့အထိ တယုတယ
ထုတ်မြတ်နိုးခဲ့ကြတာ.. ၊

"တောက်..သင်းက.."

"မလတ်မှာလည်း စိတ်ဆင်းရဲစရာတွေနဲ့ ကျွန်တော့်အတွက်မပူ
ကိုယ့်ရောဂါမဆိုးအောင်ပဲ ဂရုစိုက်ပါ.."

"ဘယ်လိုပြောလိုက်တာလဲမောင်မောင်ရယ်.."

"ကျွန်တော်လာခဲ့တာ မလတ်နဲ့မမကြီးတို့ကို တွေ့ချင်လို့ပါ.."

ကြည့်စမ်း.. ၊

ပြောပုံက နောက်ဆုံးမြင်တွေ့ချင်တာလိုလို..။ ဒေါ်မြပုလဲဖြူ မျက်
ပါ ပြူး၏။

"နောက်ပြီး မလတ်တို့ကို သတိပေးချင်တာတွေလည်းရှိတယ်.."

"ဘာတွေလျှောက်ပြောနေတာလဲမောင်မောင်..ငါ့မှာဘာရောဂါရှိ

ရှိ သက်တမ်းမစေ့ဘဲ သေရမယ်ဆိုရင်တောင် အာဏာသျှန်ဆိုတဲ့ကေ
ကိုသတ်ပြီးမှသေမှာ..ငါ့အစ်မနဲ့ငါ့မောင်ကို သင်းဘာမှလုပ်လို့မရဘူး

"သူ့ပစ်မှတ်ကမယ်မယ်.."

"ဖြစ်ရဦးမယ်အားကြီး..မစင်ပုံတိုးတဲ့ချေးပိုးထိုးကောင်က ပ
ကိုအိပ်မက်နေတာ.."

"လူတိုင်းမှာအိပ်မက်ရှိတယ်မလတ်..မယ်မယ်ချမ်းသာလ
ပလ္လင်ကြီးတစ်ခု ဖန်ဆင်းနိုင်ရင်တောင် အဲ့ဒါကပလ္လင်ပဲ ရာဇပလ္လင်
ဖြစ်မှာမဟုတ်ဘူး..ကျွန်တော်ပြောချင်တာက ရန်သူကိုအထင်မသေ
နဲ့၊ ကျွန်တော်တို့အားလုံး သူ့မိဘအရွယ်တွေချည်းပဲ..ဒါကြောင့်
လောက်မသိဘူးလို့ တရားသေတွက်ထားရင် မှားမှာပဲ.."

ဦးမြမင်းစံ အားလုံးကိုစံစားမိနေသည်။ အစတည်းက မယ်
အယူအဆဝါဒတွေ အစွန်းရောက်နေသည်လို့ ထင်ခဲ့တာကြောင့်နဲ့
အာဏာသျှန်ကို အထင်တကြီးဖြစ်မိတာလည်း မဟုတ်ပေ။ ဒါ
သူသိသည်။

"အာဏာသျှန့်မှာ ကျွန်တော်တို့မသိတဲ့ စံနစ်တကျတွေရှိခဲ့
ဘယ်သူမှမသိလိုက်ခင်မှာ သူအကွက်ရွှေ့ထားတဲ့စံနစ်တကျတွေ
ပြိုင်တည်းဖြိုချပစ်လိမ့်မယ်..ခုဖြစ်နေတဲ့ပြဿနာတွေက သူ့ရဲ့
တွေပဲ.."

"ဘာတွေလဲ..သူအကွက်ရွှေ့ချင်တိုင်းရွှေ့လို့ရရအောင် ငါ
လက်ထဲက နယ်ရုပ်တွေလား.."

"အဲ့လိုနည်းတွေမဟုတ်ဘူး..ဒါကြောင့် ကျွန်တော်တို့
ချိန်မရခဲ့တာ၊ ခုထိလည်း ဘယ်အရုပ်မျက်နှာကို ပြေးရှောင်ရ
မသိဘူး..သူဘာလုပ်ချင်တာလဲ၊ ဘယ်လောက်ထိဘာမှမသိ
တော်စံစားမိနေတယ်၊ သူမယ်မယ့်ဆီရောက်အောင်သွားလိမ့်

အခန်း(၆၇)

"တောက်.."

ဒါသက်သက်ရန်စတိုက်ခိုက်ခြင်းပဲဆိုတာ သိလိုက်သည်။ လှုပ်
ညှိပုံရိပ်တို့က မျက်စိရှက်ဖွယ်ဖြစ်သလို ပြောနေသောစကား
က စက်စုတ်ရွံရှာဖွယ်အတိ.. ၊

"ဒါအစေခံလား.."

"အားပါး..ရင်တွေပူ အာခေါင်ခြောက်လာပြီ၊ ငါဒီစားပွဲပေါ်ကဘာ
နိုင်တော့ဘူး.."

"လုပ်စမ်းပါ..မင်းခြွေထားတဲ့ပန်းဆိုရင်လည်း ငါတို့လည်းနည်း
ပါ၊ သူငယ်ချင်းရင်းတွေပဲကွာ.."

ဒါမြမင်းသီရိ အံကြိတ်ထားသော်လည်း အသက်ရှူနှုန်းတို့မြင့်
လေ ခန့်ညားစွာထိုင်နေသည့် ကိုယ်ခန္ဓာကြီးက တောင့်မတ်
.. ၊

ဒီတိရစ္ဆာန် တမင်ယုတ်မာနေတာ..သက်သက်ခွေးဇာတ်ခင်းပြ

တီဗီဖန်သားပြင်ထက်မှာ စားပွဲသုံးဝိုင်းနှင့်လူငယ်တွေဆယ့်လေး

ငါးယောက်ရှိနေသည်။ ပုလင်းတွေဖန်ခွက်တွေစားသောက်ဖွယ် တာ မြင်လို့တောင်မကောင်း။ ဒီကြားထဲမှာ ကနုတ်ကအကျီ လားမထားလားတောင်မသိတော့အောင် အသားရောင်ကိုယ်က သည် ပခုံးတစ်ဖက်ပဲချိတ်ထားပြီး ပခုံးတစ်ဖက်နဲ့ရင်ဘက်ပြင်က အကွယ်မဲ့။ အကျီဝတ်ထားပေမယ့် ကိုယ်လုံးတီးလိုကပ်နေသည် အကွယ်မဲ့နေသည့် လစ်ဟာနယ်တွေမှာ မိန်းမတစ်ယောက်ရဲ့ ကွာတွေက မကြည့်ဝံ့အောင် ရှန်းကွပေါ်လွင်နေ၏။ ဒီလိုပုံစံနှ ကျားတွေကြားထဲမှာ အရက်လိုက်ငှဲ့ပေးနေသည့် ကနုတ်ရော

သူမကို အာဏာသျှန်က ခါးကနေဆွဲဖက်ပြီး စကားပြေ လား..မဖွယ်မရာတွေ ပြုခဲ့သည်လား..။ လူချင်းပူးကပ်သွားသ ကနုတ်ရဲ့ကျောဘက်ကနေမြင်ရတာမို့ ဘာလုပ်လိုက်သည်ကို ပြီးတော့ ယောကျ်ားတွေရဲ့လက်တို့က ကနုတ်ရောင်ထံကမ်း ထိုလက်ဘယ်ရောက်သွားသည်ကိုမတွေ့.. ၊

ဘယ်လောက်ထိတောင် မိုက်ရိုင်းရမ်းကားနေကြတာလဲ ဆုံးသည် အာဏာသျှန့်ဖိနပ်ပေါ် ဖိတ်စင်သွားသည့်အရက်တို့ က သုတ်သင်သန့်စင်ပေးနေရ၏။ ပြီးတော့ ကြမ်းပေါ်ကို တိုက်ချွတ်စေကာ ရယ်သံတွေတဟားဟားနှင့်.. ၊

"ဘယ်လိုလဲအာဏာသျှန်..ခုနေသာ တာဝတိံသာက ဒေါ် ရှိဆိုတဲ့ မာနမင်းသမီးကြီး သူ့မြေးမလေးကျွန်ဖြစ်နေတာကိုမြင် လိုနေမလဲ.."

"ဟား ဟား ဟား.."

" 'ကျွန်'ပဲမဟုတ်ဘူးလေကွာ..အခု သျှန့်အတွက်အ လေးဆိုလည်း ဟုတ်သေးတာပဲ..ဟား ဟား ဟား.."

တောက်.. ၊

ဒေါ်မြမင်းသီရိ နေရာမှဆတ်ခနဲထရပ်မိကာ စားပွဲပေါ် လေးကို လှမ်းကိုင်လိုက်မိစဉ် sceneကတစ်မျိုးပြောင်းသွားခဲ့၏

"အဲ့ဒီတော့ ခင်ဗျားသမီးကို လက်ထပ်စေချင်တာလား.."

အာဏာသျှန့်စကားသံကို သေချာကြားနေရသည်။

"မိကောင်းဖခင်သားသမီးဆိုရင်တော့ ဒီလိုလုပ်မှာပဲ..



"ကျွန်တော်ဘယ်သူ့သားသမီးလဲဆိုတာ ခင်ဗျားသိပါတယ်.."

"နောက်ဘယ်တော့မှ ထပ်မလာနဲ့.."

"ခင်ဗျားသမီးကိုလက်ထပ်ယူဖို့ခေါ်လာတာ မဟုတ်ဘူး..ခိုင်းဖို့.."

"ငါ့သမီးလေးက ဒီကိစ္စတွေနဲ့ ဘာမှမပတ်သက်တဲ့သူပါ.."

သမ်းပေါ်မှာ အချေအတင်တွေဖြစ်နေကြပုံက ရှက်ဖွယ်လီလီ.. ၊ မြမင်းစံ.. ၊

ကိုယ့်သားက ဒီလိုကောင်မျိုးကို သမီးကိုလက်ထပ်ဖို့ ခြေသလုံး ခြင်းသည်.. ၊ ကိုယ့်မျက်စိကိုယ်မယုံနိုင်။ ကြားနေရတာတွေ တကယ်ပြောနေတာဟုတ်ရဲ့လားလို့ထင်၏။ ဦးမြမင်းစံ၏ ဘက်ကနေရိုက်ထားပေမယ့် စကားသံကျတော့ အာဏာသျှန်ပြော လောက် မပီပြင်။ ဒါပေမယ့် ကြားနေရသည်။ သမီးကိုလက် တောင်းပန်နေတာ ကိုယ့်သား.. ၊

သားဖြစ်သူ ဒီလိုတွေဖြစ်ဖို့ ကြိုးစားနေတာသိတော့သိပေမယ့် ဒီ ထိလှုပ်ရှားနေလိမ့်မယ်မထင်ခဲ့။ ငါ့အမေဘယ်လိုမိန်းမမျိုးလဲဆို ည်းနည်းလေးတောင် ထည့်မတွေးဘဲ ဘယ်လိုတောင်သိက္ခာမဲ့ လဲ..။ သမီးတစ်ယောက်အတွက်နဲ့ မအေတစ်ယောက်လုံးကို ဆဲပို့ရက်တဲ့သား.. ၊

ဂုဏ်သိက္ခာပါတော်မူခန်း season oneဆိုသည့် စာတမ်းနှင့် မြင် စ်ခုပြောင်းသွားတိုင်း ဘီလူးခေါင်း logoဖြင့် ပြောင်းသွားခဲ့ နောက်ထပ်ပေါ်လာတာက သမီးကြီးမြမင်းစံနဲ့မြေးမြတ်ပန်း ။ မှောင်ရိပ်ကျနေသော ကားပါးကင်နားမှာ.. ၊

"ဆရာမှားတော့ ဆောရီးလားမေမေ..တာဝတိံသာက နာမည်ပျက် ဒီအသက်အရွယ်ရောက်မှ ဖေဖေ့ကိစ္စပေါ်လာတယ်.. ဘွားဘွား ငံ့သာမဟုတ်ရင် အာဏာသျှန်နဲ့မုန်းကြမှာမဟုတ်ဘူး၊ ဖင်နဲ့အာ သျှန်လက်ထပ်ပြီး အေးအေးချမ်းချမ်းနေရမှာ.. ကနုတ်ကို ပြန်မခေါ် ဘူးဆိုရင် ထင်ရာလုပ်မှာပဲ.."

အရှက်မဲ့လိုက်တဲ့စကားတွေ။ ဒီမိန်းမသားနှစ်ယောက်က ငါ့သမီး ွေးတဲ့လား..။ သမီးကိုမနိုင်တဲ့အမေရယ်..ဂုဏ်သိက္ခာမဲ့တဲ့သမီးရယ်..၊ ို့အဖေက အရှုပ်တွေပေါ်ကုန်ပြီတဲ့..။

ဒေါ်မြမင်းသီရိကိုယ်မှာ ဒေါသမောဟတို့လောင်မြိုက်သေး ချွေးတို့ တပြိုက်ပြိုက်ပြိုဆင်းလာကြသည်။ ပြီးတော့ သျှန်ဖုန်း ခြင်း.. ၊

"ခြေသလုံးဖက်တောင်းပန်လည်း မရတော့ဘူးဦးမြမင်းစံ.. အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ တောင်းစားရမယ့်ဘဝမရောက် ဘူး၊ အဲ့လိုဖြစ်အောင်လည်း ဒေါ်မြမင်းသီရိကထားမှာမဟုတ် ဖြစ်လို့ ဒီလောက်သွေးပျက်နေတာလဲ၊ ဒူးထောက်နေရတာ ရာမကောင်းဘူးဗျာ..ဆောရီးပဲ.."

"ငါ့ခြံ ငါ့မြေတွေက ငါ့အသက်ပဲကွ.."

"ဒေါ်မြမင်းသီရိကိုမေးကြည့်ပါဦး..သူဆိုရင် ဂုဏ်သိက္ခ သူ့အသက်လို့ပြောမယ်ထင်တယ်၊ ဘာဂုဏ်သိက္ခာလဲတော့ သိ မှာ.."

တောက်..။ ခွေးတိရစ္ဆာန်ကောင်က လူပါးဝနေတာ..

တက်ခေါက်ပေမယ့် တက်ခေါက်သံကမပီပြင်။ မငိုဘဲန ရည်တွေပြည့်လာခဲ့သည်။

"ခင်ဗျားမိန်းမက နှုတ်ပိတ်ချင်တဲ့ပုံပဲ..ခင်ဗျားလည်း ရှ လို ကျွန်တော်ကလည်းလူကောင်းမဟုတ်ဘူး၊ နောက်တစ်ခါ မီး ကျွန်တော့်အိမ်ပေါ်အတင်းတက်လာရင် တာဝန်မယူဘူး..

အာဏာသျှန်ဆိုတဲ့လူသား ဒါတွေဘယ်လိုရအောင်ယူခဲ့ သရုပ်ဆောင်တွေကို ဒါရိုက်တာက ခိုင်းလို့ရပေမယ့် ကိုယ့် မြေးတွေကိုတော့ သရုပ်ဆောင်ခိုင်းထားတာ မဖြစ်နိုင်။ သူ့ထက် ဝါကြီးတဲ့လူတွေကို ဘယ်လိုအနိုင်ပိုင်းပြီး ပြောနိုင်တာလဲ..

ကြည့်နေတုန်းမှာ လူမင်းရာဇာနှင့် လူငယ်လေးတွေဖြ ကာ.. ၊

"အဲ့လိုချုပ်ကိုင်မှုတွေကို ကျွန်တော်သိပ်မုန်းတယ်..ဒီအရွ နေပြီ ပိုက်ဆံကိုင်သုံးခွင့်မရှိခဲ့ဘူး၊ လူတိုင်းအင်တာနက်ကို တက်နေပြီ..ကျွန်တော်တို့ ဘာမှန်းမသိခဲ့ဘူး၊ အဲ့ဒါတွေက ကြောင့်ပဲ..အတူတူမနေပေမယ့် မေမေ့ခေါင်းထဲမှာ ဘွားဘွ အာဏာတွေကလွဲပြီး ဘာမှမရှိဘူး.."



"ကျွန်တော့်ကိုအလုပ်လုပ်ခွင့်ပေးပါကိုကြီးဖြိုးရာ..ကိုယ့်ငွေကိုယ် ရှာနိုင်ပြီဆိုတာ မေမေတို့ကို ပြချင်လို့ပါ၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ချမ်း သာလာအောင်မလုပ်နိုင်ဘဲ ကျွန်တော်အိမ်မပြန်ဘူး.."

"ဟလို..ဒီဖုန်းက အာဏာသျှန့်ဖုန်းမို့လား၊ ငါက ဦးမြမင်းစံပါ.. အာဏာသျှန်နဲ့ စကားပြောချင်တယ်၊ ခြံကိစ္စကိုသက်ညှာစဉ်းစားပေးဖို့ ..ခုလစာချုပ်နဲ့ပတ်သက်ပြီး လိုအပ်တာဖြည့်စွက်ရအောင်၊ စာချုပ်အ သစ်ချုပ်ဖို့ လက်ခံမယ်ဆိုရင်.."

"ဒုန်း..ခွမ်း.."

ကိုင်ထားသည့်ပန်းအိုးသည် တီဗီဖန်သားပြင်ဆီ အရှိန်နှင့်ပြေး ချက်သွားသလို ဒေါ်မြမင်းသီရိကုလားထိုင်ပေါ် နောက်ပြန်ပြိုလဲကျ သွားခဲ့၏။ တကျိကျိအံကြိတ်နေသည့်ကြားက မျက်ရည်တွေတသော သော ကျလာကြသည်။ ချွေးတို့စိုနစ်လာခဲ့ပြီး မျက်လုံးတွေဝေဝါးလာ သည်။

မဟုတ်ဘူး..။ ငါဘာမှမဖြစ်ဘူး..အာဏာသျှန် ဒီကောင်ကိုငါပ ညာပေးရဦးမယ်.. ၊

ကိုယ့်ကိုယ်ကို သတိမလစ်အောင်ထိန်းချုပ်နေရင်း အနားပြေး ရောက်လာကြသည့် မိန်းကလေးတွေကို အနားမကပ်ဖို့လက်ကာတား ခဲ့သည်။ အကူမိန်းကလေးတွေ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကြ ရက် ကပ်လည်းမကပ်ရဲကြပေ။ တီဗီကွဲကျသွားသည့်တိုင် အောက်စက် နေ စကားသံတွေက ဆက်လက်ထွက်ပေါ်နေဆဲရှိကာ.. ၊

"ဘယ်လိုလဲဒေါ်မြမင်းသီရိ..ကျွန်တော့်မျက်နှာမြင်ရတဲ့အထိ ခင် ဗျားဒေါသထိန်းနိုင်ရဲ့လား၊ မထင်ပါဘူး..အခုသေချာပြောရဲတယ် ခင် ဗျားဒေါသနဲ့လက်ရောက်ဖျက်ဆီးမှုတွေလုပ်မိပြီ..ဟား ဟား ဟား.."

ကြည့်စမ်း..တိရစ္ဆာန်ကောင်.. ၊

"သိလား..ဂုဏ်သိက္ခာဆိုတာ ငွေကိုခေါ်တာမဟုတ်ဘူး..ခင်ဗျား ..ထူးခံနေရတာလည်း ဂုဏ်သိက္ခာမဟုတ်ဘူး၊ အခု ခင်ဗျားရဲ့ ..ဘက်ရင်အုံမှာ မီးလောင်နေပြီ..အဲ့ဒါခင်ဗျား'စ'ခဲ့တဲ့ဇာတ် ခင်ဗျားပဲ ..မယ့် 'ဂုဏ်သိက္ခာပါတော်မူခန်း'.."

"ဟဲ့ကောင်တိတ်စမ်း..တော်တိတ်.."

ဒေါ်မြမင်းသီရိလူးလဲခေါင်းထောင်ထပြီး အာခေါင်ခြစ်အော်
သည်။ ပြီးတော့ ကတုန်ကယင်လက်ညှိုးထိုးနေရင်း.. ၊

"ပိတ်..အဲ့ဒါကိုပိတ်ပစ်၊ ဘာလုပ်နေကြတာလဲ..ပိတ်ပစ်စမ်း.."

"မယ်တော်ကြီးရှင့်..မယ်တော်ကြီးသတိထားပါဦး.."

အောက်စက်ပိတ်တဲ့လူက ပြေးပိတ်သည်။ ဒေါ်မြမင်းသီရိကိုပြု
ထူသူက ထူ၏။ ရေစိုခွဲနေသလို ချွေးတို့ဖြင့်လူးနေသောဒေါ်မြမင်းသီ
ရိကိုယ်ခန္ဓာသည် ကိုင်လို့မရအောင် တုန်ယင်နေခဲ့၏။ ပြီးတော့ စကား
သံတို့သည် ပြတ်တောက်ထစ်ငေါ့နေလျက်.. ၊

"သက္က..သက္ကကိုခေါ်စမ်း၊ ကျောက်ဆူးတို့.."

ဒေါ်မြမင်းသီရိအခြေအနေကြောင့် စံအိမ်မှာရှိသမျှလူတွေကို
ဆော်ပေးလိုက်သလိုဖြစ်သွားကာ အနီးအနားမှာ အားလုံးရှိနေကြ
ထို့ကြောင့် နာမည်ခေါ်လိုက်တာနှင့် ဦးသက္ကနှင့်ဦးကျောက်ဆူးတို့
လွှားဝင်လာကြ၏။

"သွား..အားလုံးသွားကြ.."

အတွင်းစကားပြောတော့မည့်အချိန်မို့ မိန်းကလေးတွေကို
ကျောက်ဆူးက အခန်းပြင်ထွက်ခိုင်း၏။ ဒေါ်မြမင်းသီရိသည် ကိုယ့်
သစိတ်ကို မာန်မာနနှင့် မရမကထိန်းချုပ်ရင်း အသက်မှန်မှန်ရှူဖို့ကြိုး
နေသည်။ ရှက်တတ်ရင် လဲသေလို့ရသည်ဆိုသော စကားကိုလည်း
ကြည်သွားခဲ့၏။ အရှက်တရားကြောင့်လူတွေ အသက်ပေးသွားကြ
ဒီလိုမျိုးလား..။ ကိုယ့်သားသမီးတွေကတော့ အရှက်သိက္ခာကိုထိုး
ပြီး အသက်ရှင်ရပ်တည်ဖို့ ကြိုးစားနေကြသည်။ မြေးတွေက တ
သာစံအိမ်နဲ့ ဘွားအေကို ဆန့်ကျင်တော်လှန်ဖို့ လူသူလက်နက်စုဆေ
နေကြလေသည်။

"တာဝတိံသာစံအိမ်က နာမည်ပျက်နေပြီ.."

"ကျွန်တော့်အမေက ဘွားဘွားရဲ့ထိန်းချုပ်မှုအောက်မှာ ဘွား
ရဲ့အယူဝါဒအတိုင်းပဲ.."

"ကိုယ့်နည်းကိုယ်ဟန်နဲ့ ချမ်းသာအောင်လုပ်ပြနိုင်မှဖြစ်မယ်

"ငါ့သမီးလေးက ဒီကိစ္စတွေနဲ့ မပတ်သက်ပါဘူး.."

မျက်လုံးထဲမှာ ခနမြင်တွေကြားသိခဲ့ရသမျှ ပုံရိပ်တွေက ဒုတ်



ကြိမ် လှုပ်ရှားသက်ဝင်ဖို့ ခေါင်းထောင်လာကြသည်။ ဒေါ်မြမင်းသီရိ
မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီး အသက်ဝဝရှူသွင်းသည်။ ခေါင်းထဲ
ဗလာဖြစ်သွားအောင် မောင်းထုတ်ထိန်းချုပ်၏။ ပြီးမှ ဘာလုပ်ဖို့ရှိ
သည်ပဲတွေးရင်း မျက်လုံးတွေဖြည်းဖြည်းချင်း ပြန်ပွင့်လေသည်။ ထို့
နောက်.. ၊

"သက္က.."

"အမိန့်ရှိပါမမကြီး.."

"မင်းစံကို တာဝတိံသာစံအိမ်နဲ့ဘာမှမသက်ဆိုင်တော့ကြောင်း
ပြင်းပြင်းထန်ထန်ရေး.အမွေဖြတ်ကြော်ငြာထည့်.."

ဦးသက္ကအံ့အားသင့်သွားသည်။ သို့သော် ကွဲကြေပျက်စီးနေသည့်
စီနဲ့ပန်းအိုးအပိုင်းအစတို့ဆီ မျက်လုံးတစ်ချက်ဝေ့ပြီး ကမန်းကတန်း..၊

"အမိန့်အတိုင်းပါမမကြီး.."

"သွားတော့.."

ဦးသက္ကချက်ချင်းထွက်သွား၏။ ဦးကျောက်ဆူးက ကုလားထိုင်
အတိုးရပ်လိုက်ကာ အမိန့်ကိုစောင့်၏။ ဒေါ်မြမင်းသီရိမျက်ဝန်းမှာ မျက်
ရည်စတို့ ဝေ့သီနေဆဲနှင့် နှုတ်ခမ်းတို့ကတင်းတင်းစေ့၏။

"ဖုန်းယူပေးစမ်း.."

"ဟုတ်ကဲ့.."

ဦးကျောက်ဆူးက ကုလားထိုင်နှင့်လက်တစ်ကမ်းလေးမှာရှိနေ
သည့် တယ်လီဖုန်းကို ပျာပျာသလဲယူလေသည်။ ဒေါ်မြမင်းသီရိက ဖုန်း
လက်တင်ထားပေမယ့် မကိုင်သေးဘဲငေးနေကာ.. ၊

"နင့်ကိုငါခိုင်းစရာရှိတယ်.."

"အမိန့်ရှိပါမယ်တော်ကြီး.."

"ရန်ကုန်ကိုချက်ချင်းသွား.."

"ဟုတ်ကဲ့.."

ဒေါ်မြမင်းသီရိစကားသံ တိတ်ကျသွားသည်။ ဖုန်းကိုပုခက်ပေါ်
ယူ၏။ သို့သော် ဒီတိုင်းငေးနေဆဲရှိလျက်.. ၊

"ငါခိုင်းတဲ့အတိုင်း အတိအကျလုပ်..ငွေကြိုက်သလောက်သုံး၊ ငါ့
မ်းနှစ်ယောက်ကလွဲရင် ငါ့အတွက်ဘာမှအဓိကမရှိတော့ဘူး.."

ဦးကျောက်ဆူးမျက်နှာမှာ အံ့သြခြင်းတွေလွှမ်းခြုံနေသော်လည်း..

"ဟုတ်ကဲ့ပါ.."

"ပုလဲနဲ့တွေ့ပြီး ငါမှာတဲ့အတိုင်းပြော..နင့်ကိုငါဘာလုပ်ခိုင်းထား တယ်ဆိုတာ မသိစေနဲ့.."

ညွှန်ကြားသည့်စကားသံတို့သည် ကျောက်စက်ရေကဲ့သို့ စည်း ချက်မှန်အေးစိမ့်နေခဲ့ပြီး အမိန့်ရှင်၏မျက်နှာသည် ခံစားချက်မဲ့သော လူသေမျက်နှာကဲ့သို့.. ။

## အခန်း(၆၈)

ကုလားထိုင်မှာထိုင်နေရင်း စီစီတီဗီကင်မရာကနေမြင်နေရသည့် ...ရှုံရှိဆက်ပ်ရှင်ကို ငေးကြည့်နေမိသည်။ သို့သော် သူမြင်နေတာ ...မော်နီတာပေါ်က ပုံရိပ်တွေမဟုတ်ဘဲ ခင်ပွန်းဖြစ်သူ၏မျက်ရည် ...င်လက်နေသော မျက်ဝန်းတစ်စုံပဲဖြစ်၏။ ပြီးတော့ နာကျင်သော ...းသံတွေ.. ။

"အားလုံးပြီးသွားပြီမဦး..ငါ့မှာဘာမှမကျန်တော့ဘူး.."

"ငါအားလုံးနဲ့အဆင်ပြေအောင် နေခဲ့တယ်..ငါမွေးထားတဲ့သမီးကို ...င် မင်းတို့စိတ်ကြိုက်မောင်းနှင်ခဲ့တဲ့အတိုင်း ငါတစ်ခွန်းမှမဟန့်တား ... အခုတော့ ပြီးသွားပါပြီ..မင်းတို့စီစဉ်ပုံချခဲ့တဲ့ဘဝမှာပဲ မင်းတို့နေ ...ါ၊ ငါဘယ်တော့မှ ပြန်မလာတော့ဘူး.."

ဦးအောင်သိန်းပြတ်သားစွာ ကျောခိုင်းသွားခဲ့သည်။ ငိုယိုတားဆီး ...ပ့်မရ အမျိုးမျိုးတောင်းပန်ပေမယ့် နားမထောင်တော့ပေ။ ခင်ကိုယ် ...တောင် တောင်းပန်ပါရစေပြောတော့လည်း လက်မခံတော့ဘဲ..၊

နားထဲမှာ သံစဉ်လေးတစ်ခု ပျံ့လွင့်လာသည်။ ဖုန်းလာနေတာမှန်း ...မယ့် ဒေါ်မြထွတ်ဦးမကိုင်ဘဲနေလိုက်၏။ ခင် ခဏခဏဖုန်းခေါ်

နေပေမယ့် သူမနားထောင်ချင်စိတ်လည်းမရှိ။ သူ့အဖေထွက်သွားပြီး သည့်အကြောင်းလည်း ပြောမပြချင်။ ထို့ကြောင့် မကိုင်ဘဲနေခဲ့သည်။ မရမချင်းခေါ်နေမည့်ပုံပေါ်သည့် ဖုန်းသံက လေးကြိမ်မြောက်ထပ်မြည် လာမှ လက်ကိုင်အိတ်ထဲကထုတ်ယူလိုက်ပြီး နားမှာကပ်၍.. ၊

"ဟလို.."

"သမီးကြီးအလုပ်လုပ်နေတာလား.."

ဟင်.. ၊

ခပ်လျော့လျော့ခန္ဓာကိုယ်က မတ်ခနဲဖြစ်သွားသည်။

"မယ်မယ်.."

တစ်ကိုယ်လုံးကို တစ်ယောက်ယောက်ကဆောင့်တွန်းလိုက်သလို တိုင်း ခေါင်းထဲမှာပါ ဒိန်းခနဲမြည်၏။ မယ်မယ်အဆက်အသွယ် ထားခဲ့တာ ကြာပြီပဲ.. ၊

"ဟုတ်..ပြောလေမယ်မယ်၊ မယ်မယ်မှန်းသမီးမသိလိုက်လို့ မီးစိတ် ဟိုလေ..အလုပ်တွေရှုပ်နေလို့ပါမယ်မယ်၊ တောင်းပန်ပါတ

"မယ်မယ်ကလည်း အရေးကြီးပြောစရာရှိလို့ပဲ.."

"ဟုတ်ကဲ့မယ်မယ်.."

"သမီးတို့မောင်နှမသုံးယောက် ဘာတွေဖြစ်နေကြသလဲ မယ်မယ်သိတယ်.."

ဟင်.. ၊

ဒေါ်မြထွတ်ဦးနှုတ်ခမ်းအစုံ ပွင့်ဟသွားတဲ့အထိ အံ့လည်း ကာ ထိတ်လန့်သွားမိ၏။ မယ်မယ်ဘယ်လောက်ထိသိနေပြီလဲ.. သူပြောလိုက်တာလဲ..။ ညီမလေးတော့ ဘယ်လိုမှမဖြစ်နိုင်..

"သမီး.."

"ဟုတ်..ဟုတ်မယ်မယ်.."

"ဘာတွေဖြစ်ကြတာလဲလို့ မယ်မယ်မမေးချင်ဘူး..လိုလည်း တော့ဘူး၊ သမီးတို့အားလုံး ကျွန်တစ်ယောက်ရှေ့မှာ ပျားပျား ကုန်ကြတာ ခွေးလိုမိုက်တဲ့သားသမီးတွေကြောင့်ပဲ..မယ်မယ် တာကို နားထောင်.."

မယ်မယ် အသံခဏတိတ်သွားတာ ဒီဘက်ကနာခံခြင်းကို



ဘာဖြစ်မည်။ ဒါပေမယ့် ဒေါ်မြထွတ်ဦး 'ဟုတ်ကဲ့'ပြောဖို့ ဆွံ့အနေခဲ့၏။ ဒေါ်မြမင်းသီရိကလည်း နားလည်သွားခဲ့လျက် မာကျောသည့်လေသံ သည်.. ၊

"မြတ်ပန်းသဇင်ကို သမီးအဖြစ်ကစွန့်လွှတ်လိုက်ပါ.."

ဒီတစ်ခါ ဒေါ်မြမင်းသီရိ သမီးဆီကစကားသံကိုမစောင့်တော့ဘဲ..၊

" 'ကျွန်'မသားကိုယူပြီး ကျွန်ဇာတ်ခင်းချင်တာ လွှတ်ပေးလိုက် တော့.."

"မယ်မယ်.."

"သမီးကိုဘာလုပ်ကြမလဲလို့ မယ်မယ်တိုင်ပင်နေတာမဟုတ်ဘူး.. ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပေးနေတာ.."

ချက်ချင်းလက်ငင်းမာကြောပြင်းထန်လာသည့် မယ်မယ့်အသံ ကြောင့် ဒေါ်မြထွတ်ဦးတစ်ခွန်းမှ မပြောရဲတော့ပေ။ ညွှန်ကြားချက်တို့ သည် စစ်တိုက်ထွက်ရမည့်တပ်သားတို့ကို စစ်ဗျူဟာခင်းပြနေသည့် သူကြီး၏လေသံအတိုင်း.. ၊

"သားသမီးတွေက မိဘဆိုတာ သူတို့အတွက်ဘာမဆို ဖြည့်ဆည်း ရမှာပဲဆိုတဲ့ အတ္တတွေရှိကြတယ်..မိဘတွေလည်း ဒီတိုင်းပဲရှိခဲ့တယ်၊ တစ်သက်လုံး ဒူးနဲ့မျက်ရည်သုတ်နေဖို့ မလိုပါဘူး..အပြစ်လုပ်ရင် အပြစ် အတွက် ပေးဆပ်ရမယ်ဆိုတာ သူတို့သိရမယ်၊ ဒါကိုမလုပ်ရက်ရင် သမီး တို့တစ်သက်လုံး ဆုံးမလို့ရမှာမဟုတ်ဘူး.."

ဒေါ်မြမင်းသီရိ အသံခဏတိတ်သွားသည်။ ပြီးမှ.. ၊

"ရက်စက်မှ ကြေကွဲတယ်တဲ့..မိဘကိုရိုသေလေးစားမှုမရှိရင် ချစ် ကြောက်ရိုသေခံရတဲ့မိဘမျိုး ညည်းဘယ်တော့မှဖြစ်ခွင့်ရမှာမဟုတ်ဘူး၊ ချက်ချင်းဆုံးဖြတ်ပြီး ကြော်ငြာထည့်ပါ..သင်းကိုအိမ်ရိပ်တောင် မနင်း စေနဲ့.."

ဒေါ်မြထွတ်ဦး ဘယ်လိုပြန်ဖြေမိခဲ့သလဲ..။ မယ်မယ်ဘယ်လိုဒေါ အဆုံးသတ်သွားသလဲ.. ၊

ဘာမှန်းမသိတော့ဘဲ ဖုန်းကိုင်သည့်လက်က တဖြည်းဖြည်းလျော ခေါင်းပေါ်ထိပြုကျသွားခဲ့သည်။ ဆိုးတဲ့သားသမီးတွေကို မိဘတိုင်း စွန့်လွှတ်နိုင်ကြသလား..။ ဒါဆို သူမတို့အားလုံး မယ်မယ့်စကားနား

ထောင်ခဲ့တဲ့ သားသမီးတွေမို့ မယ်မယ်ပြုစုထိန်းကျောင်းခဲ့တာလား ဖင့်လိုသမီးမျိုးဖြစ်ခဲ့ကြရင် မယ်မယ်ဘာလုပ်မလဲ..။ မျက်ရည်တို့ တရစ်ရစ်ပြည့်တက်လာလိုက် ပြိုကျသွားလိုက် အဆက်မပြတ်စီးနေခဲ့လျက် ရင်ဘက်တစ်ပြင်လုံး တသိမ့်သိမ့်ခါလာသည့်တိုင် ရှိုက်သံက ထွက်မလာခဲ့ပေ.. ၊

"သမီးတို့အားလုံး ကျွန်တစ်ယောက်ရှေ့မှာ ပျားပျားဝပ်ရှုံးနိမ့်ကြတာ.."

"ခွေးလိုမိုက်တဲ့သားသမီးတွေကြောင့်.."

မယ်မယ့်စကားသံတွေ နားထဲမှာကျန်ရစ်ခဲ့ကြသည်။ အဲ့ဒါ အားလုံးက 'ကျွန်'လို့မယ်မယ်ကိုယ်တိုင် ခေါင်းစဉ်တပ်ပြီး ဖြတ်ချလိုက်တဲ့ ဂုဏ်သိက္ခာတွေ မဟုတ်ဘူးလားမယ်မယ်..။ အဲ့ဒီဂုဏ်သိက္ခာအတွက် သူတို့တိုက်ပွဲဝင်နေကြတာ..။ အခုဘယ်ဟာက ဂုဏ်သိက္ခာဆိုတာ အာဏာသျှန်ပြသွားပြီ။ သမီးတို့မိသားစု ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူး..။ အားလုံးပျောက်ရှပျက်စီးကုန်ပြီ.. ၊

မယ်မယ်ပြောတဲ့'ကျွန်'ကိုမှ တမ်းတမ်းစွဲချစ်နေတဲ့သမီးမိုလည်း သူကိုယ်တိုင် မိုက်ဇာတ်ခင်းခဲ့တာ..။ သူကိုယ်တိုင်ရွေးချယ်ခဲ့တဲ့ ဒါတွေကို အာဏာသျှန်လုပ်ယူခဲ့တာ မဟုတ်ဘူး။ သူလိုချင်တာ သူရသွားတယ်။ သူဖြစ်ချင်တဲ့အတိုင်း ကံကြမ္မာကတွန်းပို့ခဲ့တယ်၊ ဆိုးရွားမှုတွေကို 'ကျွန်'ဆိုတဲ့ခေါင်းစဉ်တပ်ပြီး မယ်မယ်ပဲစခဲ့တာပါ၊ ကြိတ်ကြိတ်ရှိုက်သံတို့သည် တစစကျယ်လောင်လာခဲ့လျက် ချုံးပွဲကြွေးခြင်းသို့ ရောက်ခဲ့၏။

ခင်ပွန်းသည်ထွက်သွားခဲ့သည်။ သမီးက ပြောစကားနားမထောင်။ ကိုယ်ကိုယ်တိုင်လည်း မိတ်ဆွေအပေါင်းအသင်းတို့နှင့် မျက်နှာမဆိုင်ရဲတော့တဲ့အထိ မျက်နှာငယ်အရှက်ရခဲ့သည်။ ထို့ကြောင့် အာဏာသျှန့်ကို နာနာကျည်းကျည်းမုန်းမိလေသည်။ ဒါပေမယ့် ဘာလုပ်ရမလဲ.. ၊

ဒီကောင် ငါ့သမီးစွဲလမ်းအောင် ဖြားယောင်းမြူဆွယ်နေတာ ပြီးတော့လား..။ ဘာမို့လို့ သင်းကငါ့သမီးကို ဆတ်ဆတ်ခါခါ ရတာလဲလို့ ပြေးမေးရမလား..။ အမိပွာယ်မဲ့နေသည့်အဖြေများစွာ



မယ်မယ့်ဆီက နောက်တစ်ခါကြားလိုက်ရသည့် 'ကျွန်'ဆိုသည့်စကားကြောင့် အဖြေမှားများအဖြစ် တဖြုတ်ဖြုတ်ပျောက်ကွယ်သွားကြ၏။

"တော်ပါတော့မယ်မယ်..မယ်မယ့်ဆီက ခွဲခြားရေးတွေတော်ပါ

"

ငိုသံရှိုက်သံတွေထဲကနေ တယ်လီဖုန်းသံက ထိုးဖောက်ဝင်လာသည်၊ ဒုတိယတစ်ခါထမြည်မှ လှမ်းယူလိုက်ပြီး.. ၊

"ဟလို.."

"ဆရာမကြီးရှင့်..အိုဂျီဒေါ်မြင့်မြင့်စိန် ကားအက်ဆီးဒင့်ဖြစ်နေလို့ ခွဲစိတ်လုပ်လိုက်ရပါတယ်၊ မွေးလူနာက အရမ်းအခြေအနေဆိုးနေလို့ ဆရာမကြီးတစ်ချက်လောက် လာကြည့်ပေးပါလို့.."

## အခန်း(၆၉)

"ဘယ်လို.."

ဒေါ်မြပုလဲဖြူအံ့ဩသွားသည်။ ဘယ်တုန်းကမှကိုယ်မသိဘဲ မသွားခဲ့သည့် ခင်ပွန်းဖြစ်သူက အရေးတကြီးပုံစံနဲ့ ခရီးထွက်သွား တစ်ပတ်တောင်ရှိပြီဟုဆိုသည်။ ရှိုးရွမ်းတစ်ခုလုံးကို ဦးစီးနေ မန်နေဂျာနဲ့လက်ထောက်ကလည်း ဒေါ်မြပုလဲဖြူမသိခဲ့သည့်အ အံ့ဩနေကြကာ.. ၊

"ကျွန်တော်တို့ဟိုတယ်လ်မှာ စနူကာစကားနေကြတုန်း ဖု လာတာ..နှုတ်ဆက်တဲ့ပုံစံကတော့ မိတ်ဆွေထဲကပဲ..ဒါပေမယ့် ချ အပြင်ထွက်သွားပြီး ပြန်ဝင်လာတော့ မျက်နှာမကောင်းဘူး.."

"အကျိုးအကြောင်းဘာမှမပြောပြဘူးလား.."

"မပြောဘူး..တော်ရုံကိစ္စဆို အရင်ကတိုင်ပင်တယ်၊ အခု ကြီးလို့ခရီးထွက်ရဦးမယ်ပဲ ပြောသွားတယ်..ရှိုးရွမ်းပြန်ရောက် တန်းထွက်သွားတော့ အိမ်ပြန်ပြီးမှသွားတယ်ထင်တာ.."

ထိုရက်ပိုင်းအရင်တည်းက အိမ်ကိုပြန်မလာခဲ့တာ ကိုယ် အယ်သူသိမှာလဲ.. ၊



"တကယ်ဆို နင်တို့အိမ်ကိုဖုန်းဆက်သင့်တယ်.."

"ဗျာ.."

ဘယ်လိုပုံစံဖြစ်ဖြစ် ကိုယ့်အလိုကျဖို့သာ ဖြည့်ဆည်းပေးရမည့် တာဝန်ရှိနေကြသလိုလို ဒေါ်မြပုလဲဖြူမျက်လုံးတွေက မန်နေဂျာနဲ့လက် ထောက်ကို စူးစူးရဲရဲကြည့်သည်။ အလုပ်ရှင်နဲ့အလုပ်သမားဆိုသည့်အ ဆင့်အတားထက်ပို၍ မျက်ဝန်းတွေက ခက်ထန်နေကာ.. ၊

"ဘာမှမပြောခဲ့ပေမယ့် ကိုယ့်သူဌေးအိမ်ထောင်ရေးအဆင်မပြေ ဘူးဆိုတာတော့ နင်တို့သိထားကြမှာပဲ.."

အံ့ဩနေသည့်မျက်လုံးတွေက အပြစ်ရှိသလို အိုတို့အမ်းတမ်းတွေ သွားတာမြင်လျှင် ဒေါ်မြပုလဲဖြူမျက်နှာက ဒေါသရိပ်တွေဖြစ်လာ တော့တယ်.. ၊

"သူဌေးမရှိတော့ လွတ်လပ်နေကြမှာပေါ့.."

"ဟာ..အစ်မ၊ အဲ့ဒါတော့ များသွားပြီ.."

"ဘာ.."

"ကျွန်တော်တို့နဲ့ သူဌေးကြားမှာ ဘော်ဒါအကန့်ပါပါတယ်..ယုံ ကြည်မှုနဲ့လုပ်နေကြတာပါ၊ ပြီးတော့ ဒါကားရှိုးရွမ်းကြီးပါ..ပြောင်းဖူး မြေပဲပြုတ်ရောင်းနေကြတာ မဟုတ်ပါဘူး.."

"ပြောင်းဖူးတွေ မြေပဲတွေက တန်ဖိုးမှမရှိဘဲ လစ်ဟာမှုဆိုတာ ဒီလိုတာကာမှာရှိတယ်..ကြည့်နေတဲ့သူမြင်တာပဲ၊ ဟဲ့..ဟိုအလုပ်သမား အကုန်လုံးခေါ်စမ်း.."

ရှုပ်ထွေးနေသည့်စိတ်က အရာရာကိုစိတ်တိုင်းမကျဘဲရှိကာ ရှိုး ရွမ်းမှာရှိနေကြသည့် ဝန်ထမ်းအကုန်လုံး သန့်ရှင်းရေးပါမကျန်ခေါ်၍.. ၊

"ကိုကိုကျော်ပြန်မလာမချင်း ကားတစ်စီးမှမရောင်းရဘူး..အ ရောင်းအဝယ်ကိစ္စဘာတစ်ခုမှ မလုပ်ရဘူး၊ သန့်ရှင်းရေးပုံမှန်လုပ်..နေ့ အလုပ်ဆင်း.."

အားလုံးကိုတန်းစီရပ်ခိုင်းပြီး တစ်ယောက်ချင်းကြည့်သွားသည့် မျက်လုံးတွေက မန်နေဂျာနဲ့လက်ထောက်ဆီမှာ စူးစိုက်ရပ်တန့်သွားခဲ့

"ဆိတ်ကွယ်ရာမှာတောင် မကောင်းမှုကိုမပြုတာဘုရားပဲရှိတယ်..

ဘယ်သူ့ကိုမှမယုံဘူး၊ ငါ့ကိုယ်ငါတောင်မယုံဘူး.."

ထင်သလိုပြောဆိုပြီးမှ အမိန့်တွေချမှတ်ပြီး ထွက်လာခဲ့သ ဒရိုင်ဘာအေးကိုက အပြင်မှာရပ်စောင့်နေကာ တံခါးပြေးဖွင့် ကားထဲကို ဒေါသနှင့်ဆောင့်ထိုင်ပစ်လိုက်မှ ဦးကျော်မြတ်ခေါင် ဖုန်းဝင်လာလျှင်.. ।

"ဟလို..ကိုကိုကျော်.."

"...................."

"ဟင်..ကိုကိုကျော်ဘာဖြစ်လို့လဲ၊ ငါ့ကိုဘာမှလည်း ပြော ဘူး..အခု သူ့ဖုန်းက နင့်ဆီဘယ်လိုရောက်နေတာလဲ.."

အဘိုးကြီးအဘွားကြီးတွေမှလွဲလျှင် 'နင်' 'ငါ'လို့သာပြော သည့် ဒေါ်မြပုလဲဖြူအကျင့်ကိုက မျက်နှာစိမ်း မျက်နှာကျက်မ မှုရေးလည်းဂရုမစိုက်။ တစ်ဖက်က ကိုယ်စားပြောပေးနေသူက သူဝတ္တရားရှိတဲ့အတိုင်း ဦးကျော်မြတ်ခေါင်အချုပ်ကျနေကြောင်း ပြသွား၏။

"...................."

"ဘုရား ဘုရား.."

"...................."

"မဟုတ်ဘူး..အဲ့ဒီသေတ္တာထဲမှာ ဘာတွေပါသလဲ၊ ငါတက ဘူး..အဲ့ဒါလေ.."

သားလာအပ်သွားတာဆိုသည့် စကားကိုတော့ ကြားခဲ့လ မပြောဖြစ်လိုက်ပါ။ သို့သော် ထိုသူကပဲ ဒီကိစ္စလုလုနဲ့ပတ်သက် ဦးကျော်မြတ်ခေါင်သိထားကြောင်းပြောသွားရာ.. ।

"ဟုတ်ပါတယ်..ဖုံးထားဖို့မရည်ရွယ်ပါဘူး၊ အဲ့ဒီနေ့က ဘ မထင်မှတ်ဘဲဖြစ်သွားတာပါ..ခုက္ခပါပဲ၊ ကိုယ်ကျိုးတော့နည်းကု အခု ကိုကိုကျော်ကျန်းမာရဲ့လားဟင်၊ ငါဘာလုပ်ရမလဲ.."

"ကျွန်တော်က တရားလွှတ်တော်ရှေ့နေဦးသက်တင်ပါ.."

သူ့ကိုလေးစားသမှုထားစေချင်တာလား..။ လိုအပ်လို့ပြေ လားမသိ။ ရှေ့နေတစ်ယောက်ဆိုတာ ထည့်ပြောလာတော့ နည တော့အမ်းသွားမိ၏။ သို့သော် ရှေ့နေလည်း ငွေလိုချင်လို့ ကြား



...၊ အတွေးကချက်ချင်းဝင်သည်။ ကိုယ်ကခိုင်းမယ့်သူကို လေးစား မှာလား.. ငွေလိုချင်တဲ့လူက လေးစားရမှာလား..။ ဘယ်လိုအရေးအ ကြောင်းနဲ့ဖြစ်စေ မာနကလက်ခတ်သံညံနေဆဲ.. ।

"အခု ဦးကျော်မြတ်ခေါင်က အချုပ်ထဲမှာဆိုတော့.."

"သူ့ကိုအာမခံရအောင် လုပ်ပေးရမှာပေါ့..အဲ့ဒါနင်လုပ်နိုင်ရင် ပိုက် ဘယ်လောက်ကုန်ကုန် ငါလုပ်မယ်.."

တစ်ဖက်က အသံတိတ်သွားသည်။

"မလုပ်နိုင်ရင်လည်းပြောလေ..ရန်ကုန်မှာ အကောင်းဆုံးရှေ့နေငါ ခေါ်လာခဲ့မယ်၊ ငါ့ယောကျ်ားကိုဆူးခြစ်ရာတောင် အထင်မခံနိုင်ဘူး.."

"ဟုတ်ပါပြီဗျာ..အဲ့ဒီငွေရေးကြေးရေးတွေ နောက်မှပြောမယ်၊ အခု ကျွန်တော်က ဦးကျော်မြတ်ခေါင်ရဲ့ရှေ့နေဆိုတော့ ဒေါ်မြပုလဲဖြူရဲ့သား ဒီသေတ္တာဘယ်လိုရောက်လာတယ် ဘယ်လိုဖြစ်တယ်ဆိုတာ အသေး စိတ်ပွင့်ပွင့်လင်းလင်း ပြောပြပေးဖို့တော့ လိုတယ်.."

"နေဦးလေ..မင်းကိုခုနပြောပြီးပြီ၊ ဒီအမှုကိုလက်ခံမယ်ဆိုရင် ငါ ချင်တာအားလုံးမင်းတာဝန်ယူနိုင်မှဖြစ်မယ်..ငွေရေးကြေးရေးမင်းပြော ဘူး၊ မင်းလုံးဝမှန်းမထားတဲ့ကြေး ငါချက်ချင်းထုတ်ပေးမှာ.."

"အဲ့ဒါကလည်း အမှုသွားအမှုလာရှိသေးတယ်..ဦးကျော်မြတ်ခေါင် သူ့ခေါင်းခံမှာလား၊ သားဖြစ်တဲ့.."

"နေပါဦး..ကိုကိုကျော်က အဲ့လိုတွေပြောခဲ့လို့လား.."

"ပြောတယ်..လူငယ်တစ်ယောက်ရဲ့တက်လမ်းကို ဦးမကျိုးစေချင် သူ့အမှုအဖြစ်နဲ့ပဲ ဒါကိုရင်ဆိုင်ချင်တာ.."

ဒေါ်မြပုလဲဖြူ ဝမ်းသာသွားသည်။ ခင်ပွန်းဖြစ်သူအပေါ် ပို၍ လေးစားသွားမိသည်။ ကိုယ့်ကိုဒေါသထွက်တာထွက်ပါစေ။ ဘာ တွေပဲလုပ်ထားစေဦး သားလေးအပေါ်ဒီလိုငဲ့ညှာပေးလိုက်ခြင်းအ တိဖြစ်မိ၏။ ထို့ကြောင့် လုလုရောက်လာသည့်နေ့က ပြောသွား ကားတွေရော နောက်ထပ်ဖုန်းဆက်မေးသေးတာကိုပါ ပြောပြ သည်။ တကယ်တော့ ထိုနေ့ကကားငှားသွားသည့်လူတွေကလည်း ဘိမထားမိခဲ့ပေ။ နယ်စပ်ထိမောင်းသွားမိကာမှ ရှာဖွေရေးနဲ့တွေ ဘ္တာပါလာတာကို သိခဲ့တာဖြစ်သည်။ ဦးကျော်မြတ်ခေါင်နဲ့မိတ်

ဆွေရင်းတွေဖြစ်သော်ငြားလည်း သေတ္တာထဲကအပြည့်အသိပ်

သည့် မှုးယစ်ဆေးတွေကြောင့် သူတို့လည်းမတတ်နိုင်ဘဲ ကားပိုင်ရှင်

လွှဲချလိုက်ရတာဖြစ်သည်။ ဒါတွေသိရကာမှ ဦးကျော်မြတ်ခေါင်

တရက်ခရီးထွက်သွားရသည့်အကြောင်းရင်းကို နားလည်သွားရ

"သူကတစ်ယောက်တည်း ဒုက္ခခံနေတယ်..ငါကတော့ အထင်

လွဲလို့.."

ဘာမှမဆိုင်သည့် ရွှေနေ့ရွှေမှာပဲ ဖုန်းပြောရင်း နောင်တစက

မိသည်။ ပြီးတော့ ငိုချင်လာတာကို မျက်တောင်တွေခတ်ရင်း..

"အဲ့ဒီတော့ ငါဘာလုပ်ရမလဲပြောပါ.."

"ကျွန်တော်ဆက်သွယ်ပါ့မယ်..ဦးကျော်မြတ်ခေါင်သဘော

တော့ ဒေါ်မြပုလဲဖြူကို ကောင်လေးနဲ့ဆက်သွယ်ပြီး အိမ်မှာပဲသို

သိပ် နေခိုင်းစေချင်တယ်.."

ရွှေနေပြောပြသမျှ အကုန်လုံးတစ်ဆင့်ပြန်ပြောပြီး ဖုန်းချ

ကာ.. ၊

"ဘာလို့ ငါ့ကိုအကြံဉာဏ်တွေပေးခိုင်းနေတာလဲသျှန်..

ကောင်လေးကို.."

"ပိုးကိုက်ရုံနဲ့အပင်သေမသွားပါဘူး.."

"သေချင်လည်းသေမှာပေါ့ကွ..သူ့အမေနဲ့သူ့သား ဖုန်းအဆ

သွယ်အမြဲတမ်းရှိနေတဲ့ဟာ၊ နောက်ပြီး ဦးကျော်မြတ်ခေါင်ရထား

နေက နာမည်ကြီးနော်.."

"မင့်ဦးလေးမို့လို့ ကြွားနေတာလား.."

"လျှောက်နောက်မနေနဲ့အတည်ပြောနေတာ..ဒီမိန်းမကြီး

ပြောတာ ရေလည်ရင့်တယ်၊ ရွှေနေပုံစံနဲ့သာပြောနေရလို့ပေါ့.."

မရယ်ချင်ဘဲ ပြုံးသည့်သျှန့်မျက်နှာက အေးစက်စက်ရှိနေခဲ့

"အဲ့ဒါမအေတူသမီး.."

"အေး..သူ့အမေဘယ်လိုရှိမလဲ ပြေးကြည့်ဖို့လည်းစိတ်မ

ဘူး၊ ဒီမိန်းမကြီးနဲ့ နောက်ထပ်ပြောရရင်တော့ ရှောခ်ရှိတယ်နေ

ပြောထားတာ.."

ဒီတစ်ခါ သျှန်ကသွားတွေပေါ်အောင်ရယ်ကာ သောက်လ



ကာရက်ကို လမ်းပေါ်ပစ်ချသည်။ ပြီးတော့ ခြေဦးထိပ်နဲ့ဖိနင်းပစ်လိုက်

၏ ၊

"ဒီအဆင်ကိုကြည့်လိုက်ရင် မသိဘူးလားကျော်ခိုင်..တာဝတိံသာ

နဲ့နဝင်ချိန်က ငါ့ဘက်မှာနေသာတဲ့နေ့ပဲ၊ ရာသီဥတုက ငါ့ဘက်မှာလုံး

ရှိတယ်.."

နှစ်ယောက်သား ကန်စပ်ကနေ ကားဆီအတူလျှောက်ခဲ့ရင်း..၊

"ဟုတ်တော့ဟုတ်တယ်ကွ.."

"အဟွန်း..သိလာပြီ.."

"သိတာက သိတယ်လေ..ဒါပေမယ့် မင်းတော်လိုက်တာပဲ တွေးမိ

ကြတာ.."

သျှန်က ရယ်နေရင်း ခေါင်းခါ၏။

"တကယ်တမ်းကျတော့ မင်းကလျှင်ပေမယ့် အခြေအနေအချိန်အ

ခါကိုက မင်းအတွက်ချည်းပဲ အလိုအလျောက်ဖြစ်ဖြစ်လာတာ.."

ဦးကျော်မြတ်ခေါင်တို့ ဒီသေတ္တာကြောင့် ရှုပ်ထွေးကုန်ကြသည့်အ

ခါတွေကို သူတို့လုပ်ယူခဲ့ကြတာမဟုတ်ပေ။ ဒီမိသားစုကို စောင့်ကြည့်

တာဝန်ယူထားသည့် မျိုးခိုင်တို့ထံမှ အဆက်မပြတ်ရနေသော သတင်း

အရ ဦးကျော်မြတ်ခေါင်ပြဿနာတက်ပြီဆိုတာကို သိခဲ့ကြသည်။

ကြောင့် ဆက်လက်သိခဲ့ရသောအကြောင်းအရာများအရ.. ၊

"တိုက်တိုက်ဆိုင်ဆိုင် သူတို့လှုပ်ရှားလိုက်တဲ့ရွှေနေက ငါ့ဦးလေး

နေတာကြည့်ဦး..ဘယ်လောက်တောင်လဲဆိုတာ.."

"ဟား ဟား ဟား.."

"တစ်ခုကြားဖူးသေးတယ်..တစ်ယောက်ကောင်းစားချင်ရင် တစ်

ယောက်ပျက်စီးရတယ်တဲ့.."

"ရှိသေးရင် ထပ်ရှာကြည့်ဦး.."

"ပြောချင်တာက ကိုယ်တော်အစွမ်းချည်းပဲမဟုတ်ဘူး..ညောင်စွမ်း

တာ.."

"ဟား ဟား ဟား.."

သျှန်ရယ်နေသည့်မျက်နှာကိုကြည့်၍ ကားတံခါးဖွင့်လိုက်ပြီးမှ

ကျော်ခိုင်ကခေါင်းညိတ်ကာ.. ၊

"ရယ်နိုင်သူဆိုတော့ ရယ်ပေါ့ကွာ..ငါလည်းကြိုပြောနိုင်တာ
တယ်ကွ၊ 'နတ်ရေကန်ကြီးတစ်ခုလုံး မင်းလက်ထဲမှာမှောက်လိုမှော
သွန်လိုသွန် ရောက်လာဦးမှာ.."

"မှောက်လည်းမမှောက်ချင်ဘူး..သွန်ဖို့လည်း စိတ်ကူးမရှိဘူး
ရေကန်ခမ်းသွားဖို့ပဲ..ငါ့လက်နဲ့ငါဘာမှမလုပ်ရဘဲ သူတို့မှာန သူ
တ္တတွေနဲ့ လောင်ကျွမ်းပြာကျသွားတာမျိုး.."

နှစ်ယောက်ကားထဲမဝင်ဖြစ်ကြဘဲ ကျော်နိုင်ကတံခါးပြန်ပိတ်
ကျောကပ်မှီလိုက်၏။ ပြီးတော့ သျှန့်ကိုကြည့်၍.. ၊

"ဘာပဲဖြစ်ဖြစ် ခေါင်ကိုဖြိုရမှာမဟုတ်ဘူးလား..အခု ကိုယ့်တ
အားမပါဘဲ အချုပ်ထဲရောက်သွားပြီ၊ ဒီအဘွားကြီးပျာသွားပြီလေ
ထောင်ကျသွားရင်ပြီးပြီပေါ့.."

"ဒါ ခေါင်မဟုတ်သေးဘူး.."

သျှန်က ပြောရင်းလက်ပိုက်လိုက်ကာ.. ၊

"ဦးနောက်ကိုထိပြီး တစ်ချက်တည်းသေတာမလိုချင်ဘူး
ထောက်တွေလက်တွေချိုးပြီး ဘဝတုံးအောင်လည်းမလုပ်ဘူး၊ ငါပေ
တာ နှလုံးသားတည့်တည့်ပဲ..အဲ့ဒီနှလုံးသားက သွေးစိမ်းရှင်ရှင်ကျ
ဒုံးတုပ်ကျသွားတာကို မြင်ချင်တယ်.."

ပြောပြီး ကျိုခနဲအံကြိတ်သည်။ ပြီးတော့.. ၊

"အဲ့ဒါ နောက်ကွယ်ကစည်းစိမ်ပလ္လင်ပေါ်ထိုင်နေတဲ့ ဒေါ်မြမ
ရို.."

## အခန်း(၇၀)

ကြားနေရသည့်အဖြစ်အပျက် အကြောင်းအရာတို့အပေါ် မယုံနိုင်
င်ဖြစ်နေမိကာ ဖုန်းနားထောင်ရင်း ဒေါ်ယမုံခင်ဆွံ့အနေခဲ့သည်။
နေသည့်ဒေါ်မြင့်မိုရ်ကိုယ်တိုင်လည်း ဘာမှမတတ်နိုင်သည့်အခြေအ
စ်ခုပေါ်မှာ ခေါင်းခဲနေပုံရှိလျက်.. ၊

"အဲ့ဒီလူတွေကို နင့်သားဒုက္ခပေးနေတာတော့ ငါသိတယ်..သူ့အ
ည်းသိတယ်၊ ဒါပေမယ့် ဒီလောက်ထိဖြစ်လာတာတွေက သူလုပ်
တွေဆိုရင်တော့ သတ္တဝါနဲ့လက်နက်မျှတော့ဘူးပြောရမှာပဲ..အခု
တ်ဦးမျာ.."

"သားအဲ့လောက်မလုပ်ဘူးမမ..ကျွန်မသေချာမသိပေမယ့် ယုံ
သူဘယ်လောက်နာကျည်းနေပေ့စေ သူ့လက်နဲ့ဘယ်သူ့အပေါ်မှာ
ိုက်အနာတရဖြစ်စေမယ့်သူ မဟုတ်ဘူး..အိမ်မှာ ဟာကျူလီဆိုတဲ့
လေးကိုမမြင်ပါတယ်၊ ညအချိန်မတော် သူ့ကားနဲ့တိုက်မိပြီး အဲ့ဒီ
လုသေခင်လေးကို ကောက်ပွေ့လာတာ ဘယ်သူမှလည်းမသိဘူး..
လေးတစ်ကောင်ကို ဒီတိုင်းထားခဲ့လို့ ဘယ်သူမှလည်း ပြဿနာ
ရှာမှာမဟုတ်ဘူး..အဲ့ဒါတောင် ငွေကုန်ကြေးကျခံပြီး ခုလိုပုံလေး

ဖြစ်လာတဲ့အထိ ကျွေးမွေးစောင့်ရှောက်ထားခဲ့တာ.."

ဒေါ်ယမုံခင်ပြောသွားတာတွေကို တစ်ဖက်ကလည်း ငြိုးဆုံးအော နားထောင်နေသည်။ ထိုစဉ် သျှန်ဝင်လာပြီး ဖုန်းကိုအသာလေးချ သွားကာ ဘာမှမပြောသေးဘဲ နားထောင်နေလိုက်၏။

"ဟုတ်တယ်..ဒါပေမယ့် နာကျည်းတဲ့စိတ်ဆိုတာ ပြောရခက်တ ယမုံ၊ နောက်မှသားရင်ထဲက ငုတ်စိတ်ကပြန်ပေါ်ချင်ပေါ်မယ်..ေ လောဆယ်မှာတော့ သူကအပြောအဆိုခံထားရတာလေ၊ ဒါပေ လည်း လွဲနေသေးတယ်..မြထွတ်ဦးတို့မောင်နှမတွေက သီးခြားပြ ကြပြီ၊ ကြီးကြီးမြကိုနာကျည်းလို့ ဒီလိုတွေဒုက္ခပေးနေတာ လုံး တယ်.."

"ကျွန်တော်ဘာဒုက္ခမှမပေးရသေးဘူးမေမေလေး.."

"ဟင်..သားလား.."

"ဟုတ်တယ်..မေမေလေးတစ်ခါတည်း သိစေချင်လို့ သားဝင် တာပါ၊ ကျွန်တော်ဘာလုပ်နေသလဲဆိုတာ ကျွန်တော့်ကိုယ်ကျွန် သိပါတယ်.."

"ဒါပေမယ့် သားမှာမိဘနဲ့အဒေါ်သားရင်းနဲ့ ရှိသေးတယ် တော့်ကိုကျွန်တော်သိပါတယ်ဆိုရုံနဲ့ မဖြစ်ဘူးလေ၊ အတုံ့အလှည့် ကြောက်စရာကောင်းတယ်သား..ကိုယ်ခံလိုက်ရလို့ သူ့ကိုပြန်လ သူကပြန်လုပ်တဲ့အလှည့်လည်း ရောက်လာဦးမှာပဲ၊ အခုမြထွတ် သားစုပြိုကွဲသွားပြီ.."

"ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားတာပါ.."

"အဲ့ဒါသားက.."

"အဲ့ဒီမီးကို ကျွန်တော်ရှို့တာမဟုတ်ဘူး..မီးဘယ်လိုမျိုး နည်းပေးလိုက်ရုံပဲ.."

ဒေါ်ယမုံခင် ဖုန်းပြောနေသည့်သားမျက်နှာကို မျက်လုံးအ သားနှင့် ကြည့်နေမိသည်။ ပြောပြီးတဲ့အထိစောင့်နေရင်း မေးရ မေးခွန်းတွေကို စီစဉ်ထားသော်လည်း.. ၊

"ဘာကိုသိချင်သေးတာလဲမေမေ..ခုနပြောနေတော့ သ တယ်ဆို.."



"ယုံပါတယ်.ဒါပေမယ့်.."

"ဒါပေမယ့်မပါနဲ့တော့..သူတို့ဘာသာ အကုသိုလ်ကြီးနေတဲ့အဖြစ် မှာ သားကနာကျည်းတဲ့အဖြစ်တစ်ခုတည်းနဲ့ ဓားခုတ်ရာလက်ဝင်လျှို တာ..အဲ့ဒီထက်ဘာမှမပိုသေးဘူး၊ သူတို့ပိုပိုဆိုးနေကြတာ သူတို့အ .."

ကိုယ့်သားကိုယ်တော့ စိတ်မချနိုင်စွာရှိနေတုန်းပါ။ ဒါကယုံကြည် တာနဲ့လည်း မဆိုင်ပေ။ ဒါပေမယ့် သားကိုကိုယ်ကပြန်မော့ကြည့် သည့်အဖြစ်မှာ အသက်လည်းသုံးဆယ်ကျော်နေပြီဖြစ်သည်။ မ ဘဲ မျိုသိပ်လိုက်တော့မယ် စိတ်ကူးပေမယ့် စိတ်မအေးနိုင်။ ပြော ရင်လည်း မယုံကြည်တာတွေနဲ့ စွပ်စွဲလာဦးမည်မို့.. ၊

"ဘာချက်လဲမေမေ..ဒီနေ့ အိမ်မှာထမင်းပြန်စားချင်တာနဲ့ မေမေ့ ပြန်လာတာ၊ မေမေမစားရသေးဘူးမို့လား.."

ဒီစကားကြားသည်နှင့် ဒေါ်ယမုံခင်အပူမှန်သမျှအားလုံးမေ့၏။ သွားသည့်မျက်နှာနှင့် သားလက်မောင်းကိုဖက်ထားလိုက်ပြီး.. ၊

"သားအိမ်မှာပြန်စားစားမစားစား ထမင်းစားချိန်တိုင်း မေမေက ကိုစောင့်တယ်.."

အတူလျှောက်လာရင်း သျှန်ကလှည့်ကြည့်ပြီးရယ်သည်။

"တကယ်ပြောတာ..ထမင်းဆာလာတာနဲ့ သားလေးထမင်းစား သား မသိဘူးလို့ တွေးမိတယ်၊ ချက်ချင်းဘယ်တော့မှ မစားဖြစ် "

"မေမေရာ..အဲ့လိုမလုပ်ပါနဲ့.."

"ဘာမှမဖြစ်ပါဘူးသားရယ်..အရင်တည်းကလည်း ဒီတိုင်းပဲ၊ အ သားအဖေနဲ့သားဆိုတော့ နှစ်ယောက်ကိုစောင့်ရတယ်..အခုသား ဦးမလားပဲစောင့်ရတယ်.."

ကြေကွဲရိပ်လေးထင်သွားသည့် မိခင်မျက်နှာကို ငုံ့ကြည့်ရင်း စိတ် ဖြစ်သွားမိသည်။ ထို့ကြောင့် လိုးလွှဲစရာစကားရှာ၍.. ၊

"ဟိုကောင်ကြီးရော..ဟာကျူလီထွက်မလာဘူး.."

"ရေချိုးပေးနေတယ်ထင်တယ်..အခု ဟာကျူလီအတွက်ဆို ဘာမှ မလိုဘူး ကနုတ်ကတအားချစ်တာ..သားကောင်လေးကလည်း

ကနုတ်နားကပ်နေရင် ငြိမ်နေတာပဲ..ပြောစကားနားထောင်တာလည်
မပြောနဲ့တော့.."

"အဆင်ပြေရင် ပြီးတာပဲ..ကျွန်တော်လည်း သူ့ကိုထိန်းကျောင်း
နေနိုင်တော့.."

"အခု သူ့ရဲရဲလေးမပါဘဲနဲ့တောင် တော်တော်လေးမာမာချာ
သွားလာနေပြီသားရဲ့.."

ထမင်းစားပွဲမှာ အုပ်ဆောင်းဖွင့်၍ ပန်းကန်တွေလှန်ရင်း..

"ဒီနေ့မေမေလည်း သားကြိုက်တာလေးတွေတွေ့တာနဲ့ သေ
ချက်ထားတာ အတော်ပဲ.."

ပြောရင်း ဟင်းအိုးတွေဆီ သွားဖွင့်ပြီး ခူးခပ်ပြင်ဆင်နေက

"သားအကြိုက် မဆလာမပါတဲ့ဆိတ်သားနပ်လေးလေ..ဒီမှ
ကြာဇံဟင်းချိုလေးရယ် မရမ်းသီးသုပ်ချဉ်စပ်လေးရယ်.."

ကိုယ်ကြိုက်တဲ့ဟင်းတွေမို့ သျှန့်မျက်နှာပြုံးကြည်သွားပေ
ကွက်ခနဲမျက်နှာပျက်ကာ.. ।

"သားလည်းပြန်လာချင်မှ လာမှာကို သားအတွက်စိတ်တွေ
အပင်ပန်းမခံပါနဲ့မေမေရာ..သားပြန်မစားဖြစ်တဲ့နေ့တွေအတွက်
လိုတောင်းပန်ရမလဲတောင် မသိတော့ဘူး.."

"သားကနေ့ဘက်ပြန်မစားလည်း ညစာတော့စားတာပဲလေ
မင်းပွဲဆိုတာ ဟင်းတစ်ခွက်တည်းနဲ့တော့ မစိုပြေပါဘူးသားရယ်
တို့စရာလေးပဲဆိုရင်တောင် စားချင်စဖွယ်ပြင်ဆင်ထားမှ မိသားစု
ဝိုင်းလေးဖြစ်တာ.."

ပျက်သွားပြန်ပြီ မေမေ့မျက်နှာ..။ သူမမြင်သလိုနေလိုက်ပြ
ထိုင်ကာ.. ।

"ကျွန်တော်ပြောတာ မေမေ့ကိုသက်သက်သာသာနေစေချ
..ကနုတ်ရောင်ကလည်း.."

"သြော်..သားကိုပြောရဦးမယ်၊ ကနုတ်လည်းဟင်းချက်သ
တဲ့..ဒီနေ့တောင် မီးဖိုသုံးတာသင်ပေးလိုက်သေးတယ်၊ ရှောသာ
သီးသုပ်လေး ထည့်မြည်းကြည့် ထမင်းမြိန်အောင်.."

ဟုစကားပြောရင်း သားကိုလည်း ဟင်းတွေခပ်ထည့်ပေ



"သိလား..နောက်ပြီးတော့ ဟင်းအနှစ်ထောင်းတာလည်း သူမှတ်
တယ်၊ ရယ်ဒီမိတ်တွေကို မေမေလည်းမသုံးတတ်တော့ သူ့ကိုလည်း
ယ်မလုပ်စေချင်တော့လေ..ဒီညနေတော့ အသီးအရွယ်လေးတွေ သု
တ်အောင် ဘဲဥနဲ့သီးစုံအချဉ်ပေါ့လေး သင်ပေးမယ်.."

ထမင်းစားနေရင်း သျှန်ကတစ်ခွန်းမှပြန်မမေးသဖြင့် သားမျက်
လည်း ကြည့်လိုက်သေးသည်။ ဒီအနေအထားဆို သူမသိလိုက်
၊ သားစိတ်ထဲမှာ 'မေမေဒီကောင်မလေးကို ဘာတွေရည်ရွယ်ပြီး
ထပ်သင်ပေးနေတာလဲ'လို့ တွေးနေလောက်ပြီ။ သို့သော် မသိကျိုး
ာ ပြောလက်စကို ဆက်၍.. ।

"သူဟင်းချက်ဖို့အားလုံး ပြင်ဆင်ထားမယ်ဆိုပြီး ကြက်ဥလည်း.."

ပြောနေတာ မဆုံးလိုက်ပေ။ မျက်လုံးက ဆလိုက်မှန်နှင့်ကြောင်
ဆီရောက်သွားခဲ့၏။ ဘဲဥကိုဘယ်လိုခွာထားတာလဲ..။ ကိုယ်
မြင်မှားတာလား.. ।

ဒေါ်ယမုံခင် စားလက်စဇွန်းကိုချထားခဲ့ပြီး ချက်ချင်းထကြည့်လျှင်

"ဟော့တော်.."

ဘယ်လိုမှကို တိုးတိုးတိတ်တိတ်ကြိတ်မတွေးနိုင်ဘဲ ဘဲဥတွေရှိ
လုံးကိုယူထုတ်လိုက်မိသည်။ ဘဲဥလေးလုံးကို အပြီးမခွာဘဲ တစ်
ကိုလို့တစ်လစ်။ ထမင်းစားရင်း လှည့်ကြည့်လိုက်သဖြင့် သျှန်
မြင်သည်။

"ကနုတ်ရေ.."

"ရှင်..လာပြီ.."

အကျယ်ကြီးအော်ခေါ်လိုက်သဖြင့် ကနုတ်ခွေးကိုပိုက်ပြီး ရောက်
ည်၊ ဝင်လာပြီးမှ ချက်ချင်းပြန်ထွက်ကာ ဟာကျူလိုကိုထမင်း
အပြင်မှာ ချထားလိုက်၏။ ပြီးမှ.. ।

"ဘာဖြစ်လို့လဲဟင်.."

"ဒီမှာ ဘဲဥတွေကို ဘာလုပ်ထားတာလဲသမီး.."

"အန်တီကအခွံခွာထားဆို.."

"ဟုတ်တယ်လေ..ဘာဖြစ်လို့ပြီးအောင် မခွာတာလဲ၊ လေးလုံးစ
လုံးမှ.."

"အန်တီပဲတစ်ဝက်ပဲခွာလို့ မှာခဲ့တာလေ.."

သူမလေးကပဲ ကြောင်တောင်တောင်ပြန်မေးနေသေးကာ..

"အတိအကျမဖြစ်မှာစိုးလို့ ဘဲဥလေးတွေကို တုံးလုံးလေး
ပြီး သေချာတိုင်းပြီးမှခွာထားတာ.."

"အမလေးတော်.."

ဒေါ်ယမုံခင် 'အမလေး'အော်မိလျက် သျှန်ရယ်ချင်သွားကာ
ချိုမျိုချလိုက်တော့ လမ်းကြောင်းတွေလွဲကုန်တော့မလို့ သိသိလေ

"အဟမ်း..အဟမ်း.."

ချောင်းဟန့်ရင်း ပုံစံမပျက်အောင် ထိန်းသော်လည်း ရယ်ချ
ကျိုကိုယ့်မျက်နှာကြီး ဘယ်မှာသွားထားရမှန်းမသိ.. ।

## အခန်း(၇၁)

"တောက်..ဘာတွေဖြစ်နေကြတာလဲမသိတော့ဘူး.."

အစ်မဖြစ်သူဆီဖုန်းဆက်တော့လည်း မရ။ ဇင့်ဆီခေါ်တော့လည်း
တ်ထားပါသည်ပဲပြောနေသည်။ ဒီကောင်မလေး သူ့ကြောင့်မိဘ
ရသည်ဆိုပြီး စာတစ်စောင်ရေးပြီး ထွက်သွားခဲ့တာ ဘယ်ထိ
ရောက်နေတာလဲ..။ ဒီမှာဖြစ်ပျက်နေတာတွေကို မယ်မယ်လည်း
ဟုတ်တစ်နေ့ သိမှာပင်။ ဇင်နောက်ထပ်ဒီလိုပြဿနာတွေထပ်
ကို မယ်မယ်ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်။ ထို့အတူ လူလူထင်
နေတာတွေ ကိုကိုကျော်ပြဿနာရင်ဆိုင်နေရာတွေသာ မယ်မယ်
ခဲ့လျှင်.. ।

ခေါ်မြပုလဲဖြူ မျက်တောင်တွေဖိခတ်ရင်း ပင့်သက်တစ်ဝကြီးရှိုက်
တ်မိသည်။ သူမ ဒီနေ့ ဦးကျော်မြတ်ခေါင်ဆီလိုက်သွားဖို့ စီစဉ်
သည်။ ဘာလေးဖြစ်ဖြစ် ဖုန်းဆက်ပြောတတ်သည့်အစ်မဖြစ်သူ
ရကာ ဒီပြဿနာကြီးကိုတော့ ကိုယ်လည်းရင်ဖွင့်တိုင်ပင်ပစ်
သည်။ ဖုန်းဆက်လို့မရလေ ပြောချင်တာတွေများလာခဲ့လေ။ ဒါ
မမခမျာလည်း တစ်ယောက်တည်းစိတ်တွေလေတိုင်း ဖြစ်ချင်

တာဖြစ်နေရှာလိမ့်မည်။ ညီအစ်မချင်း အားပေးချင်ပေမယ့် ဒီမှာလ
အေးချမ်းနေတာမဟုတ်သည်မို့.. ။

“ဒေါက်..”

ဆွဲကြိုးမှာစိတ်လော့ကတတ်တပ်နေရင်း လက်ထဲကပြုတ်ကျ
၏။ ပြန်ကောက်တော့ မှန်တင်ခုံအောက်ခြေမှာ ရှိတ်ကညပ်နေ၏။
မကထုတ်ယူလိုက်တော့ ရှိတ်ကျိုးသွားလေသည်။

“တောက်..”

စိတ်တိုသွားကာ ဆွဲသီးကိုကိုင်ပေါက်ပစ်မလို့ လက်မြှောက်
စဉ် ဖုန်းသံမြည်လာသဖြင့် အာရုံကနောက်တစ်မျိုးကို ပြောင်းသ
ပြီး.. ။

“ဟလို..”

“ဒွေးတော်..ဇင်လေးပါ..”

“ဟင်..ဖုန်းဘာဖြစ်သွားလို့လဲဇင်..”

“ဇင့်ဖုန်းပျောက်သွားလို့ အဲ့ဒါကအရေးမကြီးပါဘူး..အခုမေ
ကူညီပါဦး၊ မေမေထောင်ကျတော့မယ်..”

“ဟင်..ဘာ..”

ကိုင်ထားသည့်ဖုန်းကို ယောင်ရမ်းလွှတ်ချလိုက်မိ၏။ တင်
တည်းပဲ ကမန်းကတန်းကိုယ်နဲ့ပြန်ဖိပြီး ဖမ်းထားလိုက်ရကာ..

“ပြန်ပြောစမ်းဇင်လေး..ဘာဖြစ်တယ်..”

“မေမေ့ခွဲစိတ်ပေးတဲ့လူနာ ဆုံးသွားလို့..မေမေ့ကိုတရားစွ
တယ်တဲ့၊ ဖေ့စ်ဘွတ်ခ်မှာ သတင်းတက်လာလို့ဇင်သိတာ..ဇင်
တောင်ကြီးရောက်နေလို့..”

“ဘုရား..ဘုရား..”

“ဖေဖေကလည်း လုံးဝဆက်သွယ်လို့မရဘူး..ဇင်ဘွား
လည်းမပြောရဲလို့..”

မဖြစ်ဘူး.. ဒီကိစ္စမယ်မယ်သိလို့ ဘယ်လိုမှမဖြစ်။ တစ်ခု
သွားတာနဲ့ အားလုံးသိသွားနိုင်သည်။

“မမကြီးဆီငါသွားလိုက်မယ်..နင်ကရော မိဘအရိပ်က
လောက်တောင်ဝေးဝေးလံလံသွားနေတာ ဘယ်လိုသတ္တိတွေနဲ့



ခနေဒုက္ခရောက်နေတော့ အနားမှာဘယ်သူမှမရှိဘူး..ခုချက်ချင်းနင်ပြန်
လာခဲ့..”

စိတ်တွေလှုပ်ရှားလွန်းသဖြင့် အသားတွေပါတုန်လာခဲ့သည်။ မှန်
တင်ခုံမှာ ခဏပြန်ထိုင်လိုက်ရင်း ခင်ပွန်းဖြစ်သူနဲ့အစ်မအတွက် ဘယ်သူ့
ဆီဘယ်လိုသွားရမလဲတွေးနေမိ၏။

မောင်မောင်.. ။ မောင်မောင်ကိုဖုန်းဆက်ကြည့်ရမည်။ သူ့မှာ
သည်း သောကရှိနေမှာပေမယ့် ဒီမှာကလောလောဆယ်ဖြေရှင်းရမည့်
ပြဿနာတွေဖြစ်သည်။ ခရီးသွားဖို့ပြင်ဆင်စီစဉ်ထားပြီးမှ မသွားဖြစ်
တော့ဘဲ ဦးမြမင်းစံထံ ဖုန်းခေါ်လိုက်လျှင်.. ။

“မောင်မောင်..”

“မမကြီးရှင့်..အောက်ထပ်မှာ တာဝတိံသာစံအိမ်က ဘဘကြီးတွေ
ရောက်နေပါတယ်ရှင့်..”

ဟင်.. ။

နားမှာကပ်ထားသည့်ဖုန်းက ချက်ချင်းကွာသွားသည်။ ဦး
ကျောက်တို့လား..။ ဒေါ်မြပုလဲဖြူ အထိတ်တလန့်ဖြစ်သွားကာ ကော်ရစ်
ဒါဆီ အပြေးတပိုင်းသွားပြီး ငုံ့ကြည့်လိုက်မိသည်။ ပြီးမှ နောက်ပြန်
လှည့်ကာ.. ။

“မိသီတာ..ဧည့်ခန်းထဲမှာ ဘယ်နှစ်ယောက်လဲ..”

မိသီတာက လက်လေးပိုက်၍ ခေါင်းငုံ့ထားရင်း.. ။

“တစ်ခါကလာတဲ့ ဘဘကြီးကဧည့်ခန်းမှာပါ..တခြားဘဘတွေ
က အပြင်မှာပါပဲ..”

မယ်မယ်ဘာဖြစ်လို့ ဦးကျောက်တို့အားလုံးကို လွှတ်လိုက်တာလဲ..
ကိစ္စတွေ မယ်မယ်သိကုန်ပြီလား..။ ဘုရားတလိုက်မိပေမယ့်
ကျောက်စိတ်မပြေဘဲ အောက်ထပ်ကိုဆင်းလာခဲ့သည့်တောက်လျှောက်
ခြေထောက်နဲ့လှေကားထစ်တို့ ထိသည်မထင်။ ဦးကျောက်သည်
၏ အထူးလူယုံကြီးဖြစ်သလို လုံခြုံရေးအဖွဲ့ခေါင်းဆောင်ဆိုသည့်အ
မယ်မယ့်အမိန့်တစ်အာဏာမှလွဲလျှင် ဂေါ်ထန်ပြတ်သား၏။ မယ်
ကိုယ်တိုင်ကလည်း ကျေးကျွန်တစ်ယောက်လို ဆက်ဆံခဲ့တာမ
သောကြောင့်.. ။

"ဦးကျောက်တို့ ဘာမှလည်းအကြောင်းမကြားဘဲနဲ့ ဖြုန်းစားကြီး ပါလား.."

ဦးကျောက်ဆူးကလှည့်ကြည့်ပြီး ခေါင်းညိတ်သည်။ တာဝတိံသာ နှင့်တစ်ပုံစံတည်း ဆောက်ထားတာမို့ နတ်ရေကန်မှာလည်း ဧည့်ခန်းက နှစ်ဖက်ရှိကာ ဦးကျောက်ဆူးက ဧည့်ခန်းငယ်ဘက်မှာရပ်နေခဲ့လျှင် ထိုင်လည်းမထိုင်.. ၊

"မယ်တော်ကြီးက အမှာစကားပါးလိုက်တယ်.."

ဒေါ်မြပုလဲဖြူ ခေါင်းညိတ်ပြလိုက်လျှင်.. ၊

"အမှုအခင်းရင်ဆိုင်နေရတဲ့ လူတွေဆီမသွားနဲ့..မဆက်သွယ်နဲ့-

"ဘယ်လို.."

"ဘယ်လိုကြောင့်လဲဆိုတာ ကျွန်တော်မသိပါဘူး..ဒီကသတင် တွေ ပို့လိုက်တဲ့အချိန်မှာ မယ်တော်ကြီးထပ်ပို့လိုက်တဲ့အမိန့်ပါ.."

"ဦးကျောက်တို့ရန်ကုန်ရောက်နေတာ ကြာပြီပေါ့.."

"ပြောခွင့်မရှိလို့ပါ..ဘယ်လောက်ကြာအောင်နေမယ်ဆိုတာလည မသိသေးပါဘူး.."

"ဘယ်မှာ.."

"မယ်တော်ကြီးစီမံပေးလိုက်တဲ့အတိုင်း နေပါတယ်.."

ဒေါ်မြပုလဲဖြူ ကိုယ့်စိတ်တည်ငြိမ်အောင် သက်ပြင်းမှုတ်ခ သည်။ ပြီးမှ.. ၊

"ဦးကျောက်တို့က စံအိမ်က သစ္စာရှိလူယုံတွေပါ..ဒီကအခြေ နေမှန်ကို ကျွန်မပြောပြချင်တယ်.."

"မယ်တော်ကြီးအားလုံးသိပါတယ်.."

"မယ်မယ်ဘယ်လိုသိသွားတယ်ဆိုတာတော့ ကျွန်မသိရမှဖြစ် ..အဲ့ဒါက.."

"အာဏာသျှန်ဆီက စီဒီချပ်တစ်ချပ်ပို့လိုက်တာပါ..ဒီကအ ခင်းကိစ္စတွေက ကျွန်တော်တို့သတင်းပို့မှ မယ်တော်ကြီးသိတာပ

ဦးကျောက်ဆူးတို့ရဲ့အကင်းပါးမှုကို ဒေါ်မြပုလဲဖြူအထင်ကြ သည်။ လုံခြုံရေးအဖွဲ့ပီသစွာ လှုပ်ရှားလိုက်သည့်အဖြစ်ကြောင့် ယောက်တည်းမကြံတတ်မစည်တတ်ဖြစ်နေချိန်မှာ အားတက်သွ



"အာဏာသျှန် မယ်မယ့်ကိုဘာတွေပို့လိုက်တာလဲသိချင်လိုက်တာ သိပ်ကိုလူပါးဝတယ်တိရစ္ဆာန်.."

"နောက်ထပ်ရှိပါသေးတယ်.."

စလိုက်ပြီး ရှေ့မဆက်သဖြင့် ပြောရခက်သည့်စကားဖြစ်မယ်မှန်း လည်လိုက်သည်။ ရင်ခုန်သံလည်း ချက်ချင်းမြန်လာခဲ့၏။ လူလူ့ကိ တွေ မယ်မယ်အတွင်းကျကျသိတာတော့ မဖြစ်နိုင်ပါ.. ၊

"လူလေးကို အမွေပြတ်စွန့်လွှတ်ရပါမယ်.."

"ဘယ်လို.."

ဒေါ်မြပုလဲဖြူနောက်ပြန် ယိုင်ခနဲဖြစ်သွားသည်။ ဦးကျောက်ဆူး င်းငုံ့မျက်လွှာချထားလျက်.. ၊

"မမကြီးကိုလည်း ဒီတိုင်းအမိန့်ပေးပါတယ်..မယ်တော်ကြီးအရမ်း ဆိုးနေတယ်.."

"ဒါ..ဒါနဲ့ပဲ ပုလဲတို့က ကိုယ့်သားသမီးတွေကို.."

ဒီထက်လည်းမပြောရဲတော့ပေ။ ဆိုဖာမှာ နောက်ပြန်ထိုင်ကျသွား လက်တွေပါတုန်ယင်လာခဲ့သည်။

"မမကြီးအမှုကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကြိုးစားသွားမှာပါ.. လေးဒီမှာပဲ အေးဆေးနေပါ၊ ဆရာကျော်အမှုကိစ္စရော ဆရာအောင့် နာတွေရော ဘာတစ်ခုမှမပတ်သက်ဖို့လည်း မှာပါတယ်.."

ဦးကျောက်ဆူး ခဏရပ်နေပြီး လှည့်ထွက်သွားသည်။ ဒေါ်မြပုလဲ တ်ခနဲဖြစ်သွားကာ.. ၊

"ဦးကျောက်..ပုလဲကို ဖုန်းနံပါတ်ပေးခဲ့ပါ.."

"မယ်တော်ကြီးဆီက တစ်ခုခုအကြောင်းကြားခိုင်းတာရှိရင် ကျွန် ဆက်သွယ်ပါ့မယ်.."

လမ်းဆုံးသွားသည်။ ဦးကျောက်ဆူးရောက်လာလို့ ရင်ထဲမှာပေါ ည့်ခိုင်းဖို့တွေ လုပ်ဖို့ရှိလာတာတွေ အကုန်လုံး ဘာမှမရနိုင်တော့ တာ သိလိုက်သည့်နောက်.. ၊

☎

## အခန်း(၇၂)

သင်းက ဘာကိုလိုချင်နေတာလဲ..။ ဘာဖြစ်ချင်လို့ ငါ့သား
တွေကို ဒုက္ခပေးနေတာလဲ.. ၊ နင်ငါ့ကိုလှျော့တွက်နေတာပဲအာဏာ
နင်စိန်ခေါ်လိုက်တဲ့သူက နင့်ပြိုင်ဘက်မဟုတ်ဘူး..အဲ့ဒီမိန်းမကမြင်
ရဲ့.. ၊

လှုပ်ကုလားထိုင်က တစ်စုံတစ်ရာကိုတွန်းအားပေးနေသည်။
သကိုလား..မာနကိုလား..ကိုယ့်ကိုယ်ကိုယုံကြည်မှုတွေလား..။ တစ်
လုံးသည် ကုလားထိုင်၏လွှဲရမ်းမှုကြောင့် လှုပ်ခါနေပေမယ့် မျက်
တွေက ရှေ့တည့်တည့်မှာရှိနေသည့် ခေါင်းမရှိတော့သော ဘီးလူး
ရုပ်၏ကိုယ်ထည်ပေါ်မှာ မမှိတ်မသုန်ရှိနေခဲ့သည်။ သို့သော် သူမရဲ့
မျက်လုံးထဲမှာတော့ တီဗီဖန်သားပြင်မှာပေါ်လာသည့် ဘီလူးနေ
Logoနှင့် တာ့ဂတ်နံပါတ်စဉ်တွေကိုသာ မြင်ယောင်နေခဲ့၏။
ဆိတ်နေသော ညဦးနက်ထဲမှာ ညအိပ်မီးအပြာရောင်လေး၏မှိန်
ခြင်းက စိတ္တဇဆန်နေသည်။ နာရီသံတစ်ချပ်ချပ်က တိတ်ဆိတ်
လှောင်ရယ်နေ၏။ ခေါင်းမပါတော့သည့်ဘီလူးရုပ်က ဘွဲ့ဖြူလ
တဆဆနှင့် သူ့ခေါင်းပြန်ပေးဖို့ ဒေါသမာန်ကြီးစွာ တောင်းဆိုနေ



ဒီဘီလူးရုပ်ထုကို မက်မက်မောမောရှာဖွေသိမ်းဆည်းခဲ့တဲ့ မူလ
ရှင်ကဘယ်သူလဲ..။ ခပ်ရှည်ရှည်မျက်နှာပုံနှင့် အသားညိုဝင်း နှုတ်
သားတို့ ညိုရပ်ဆင်သောမျက်နှာတစ်ခုပေါ်လာခဲ့သည်။ ဇင်ယော်
ာင်ပံဖျန့်နေသကဲ့သို့ ရှူးသွယ်သောမျက်ခုံးတန်းခပ်မှေးမှေးမျက်ခွံ
နှင့် မျက်ဝန်းအစုံသည် အလွန်မာနကြီး၍ လက်ညှိုးညွှန်ရာ ရွှေဖြစ်
ခဲ့သူ.. ၊

တာဝတီံသာစံအိမ်ကြီးရဲ့တတိယမျိုးဆက်သွေး ဒေါ်မြစောရှင်..။
သည် 'ဇမ္ဗူတလူ'စံအိမ်ကြီး၏ ဒုတိယသားဦးဘောဂမင်းနှင့်အ
င်းဆက်ပေါင်းဖက်ခဲ့ကြပြီး ဘုန်းမြမင်းနှင့်မြမင်းသီရိတို့ကို ရွှေ
န်းနှင့်အချင်းဆေး၍ ကြီးမြတ်ခြင်းနိမိတ်ဖော်ကာ သန့်စင်မွေးဖွား
သည်။ သို့သော် သားသည်ဆယ့်သုံးနှစ်အရွယ်မှာပဲ သစ်ပင်ပေါ်က
ဆုံးပါးသွားခဲ့၏ ။

"ဒီကလေးက ငါတို့ကိုဂုဏ်သိက္ခာကျစေတဲ့ကလေးပဲ.."

"ကျွန်မတို့ပဲသိတဲ့ကိစ္စပါကိုဘောဂရယ်..စံအိမ်ကိုကိုယ်မဖိတ်ဘဲ
သူမှမလာပါဘူး၊ နာရေးကိစ္စ ဘယ်သူမှပေးမသိဘဲ စံအိမ်တွင်းထဲ
သင်္ဂြိုလ်မယ်..ပြာကိုယူပြီး သွားပစ်လိုက်.."

စိတ်တူကိုယ်တူလိုက်ဖက်ညီကာ တစ်ယောက်ကမီးစာကိုင်လိုက်
နှင့် တစ်ယောက်ကမီးခြစ်ခြစ်ပြီးသား။ တစ်ယောက်ကဒေါသနှင့်
ခေါက်ပြီဆို တစ်ယောက်ကဓားကိုင်ထွက်၏။ ဤသို့သောညီညွတ်
ဖြင့် သားတစ်ယောက်လုံး၏ရုပ်အနကို ဖျောက်ဖျက်ပစ်လိုက်ကြ
ငါတို့သာဖြောင့်မှန်သည်။ ငါတို့မှာသာသိလသိက္ခာကြီးမား
ထို့ကြောင့် တာဝတီံသာမျိုးဆက်တိုင်း သက်တမ်းမကုန်ခင်သေ
ည်ဆိုတာမရှိ။ သက်ရှည်ကျန်းမာခြင်းဖြင့် အမျိုးဂုဏ်ကိုမြင့်တင်

ဤသည်တို့သည် မျိုးဆက်တိုင်းမှာစွဲမြဲလာခဲ့သော အတ္တမာနများ
ဒေါ်မြစောရှင်လက်ထက်မှာ ဇနီးမောင်နှံနှစ်ယောက်ပေါင်း၏
ဖြင့် ပို၍ပြင်းထန်ခဲ့သည်။ ထို့ကြောင့် ငယ်ရွယ်စဉ်မှာ သေဆုံး
ဖြင့် ဥပစ္ဆေဒကကံဖြင့် ဆုံးပါးသွားခဲ့သော သားဖြစ်သူအတွက်
သောကဖြစ်ရခြင်းထက် အရှက်ရစေသူအဖြစ် အမျက်သင့်ခဲ့

သည်။ ရွာပနကိစ္စတစ်ခုလုံးကို ဖျောက်ဖျက်ပစ်ခဲ့သည့်ပြင် ဒေါ်မြစော
ရှင်မှာ သားသမီးနှစ်ယောက်လား သမီးတစ်ယောက်ပဲလားဆိုတာ
တောင် ဆွေမျိုးအသိုင်းအဝိုင်းတွေ ဇဝေဇဝါဖြစ်ခဲ့ကြ၏။ ဆွေစဉ်မျိုး
ဆက်ဓာတ်ပုံမှတ်တမ်းကအစ ဘုန်းမြတ်မင်းနဲ့ပတ်သက်ပြီး လူသိ
သည့်ကိစ္စတချို့ကိုပါ ဘူးကွယ်ပစ်လိုက်သည်။ မြမင်းသီရိနဲ့ဦးထွန်းဝေ
ကို လက်ဆက်ပေးသည့်ပွဲမှာ ဆွေမျိုးတွေဆုံကြကာမှ.. ।

"အကြီးကိုကျော်ပြီး အငယ်ကိုလက်ထပ်ပေးတာလား.."

"ဒီသမီးပဲရှိတာပါ.."

"မဟုတ်ဘူးလေ..တို့တွေဟိုတစ်ခါ ရှင်တစ်ရာပြုပွဲတုန်းက.."

"အဲ့ဒါသားမဟုတ်ဘူး..သမီးအဖေက သားလိုချင်လို့ လျှောက်
နေတာ.."

ဒီတိုင်းပြောပြီး ပြည်ဖုံးကားချပစ်ခဲ့သည်။ ဇဝေဇဝါမေးသည့်
ရော သိထားသည့်လူရော အားလုံးပဲဇဝေဇဝါတွေပြန်ဖြစ်သွားခဲ့ပြီး
မြမင်းဆိုတာ လောကကြီးကနေ တိတ်တဆိတ်ပျောက်ကွယ်သွားခဲ့
ဒါတွေဟာ ဟိုးအရင်အတိတ်က ဒေါ်မြမင်းသီရိသေချာမှတ်မိနေ
ပုံရိပ်တွေပဲဖြစ်လေသည်။ ဦးဘောဂမင်းနာမကျန်းဖြစ်ကာခြေထော
တွေ မသန်တော့သည့်ကာလမှစ၍ တာဝတိံသာမှာ သာရေးနာရေး
ရေး ဘာမှမရှိတော့ဘဲ ပတ်ဝန်းကျင်နဲ့ရော ဆွေမျိုးတွေနဲ့ပါ အဆက်
သွယ် ဖြတ်ခဲ့သည်။

ခင်ပွန်းဖြစ်သူရောဂါအတွက် မြန်မာပြည်အနှံ့ဆေးဆရာလှ
ခဲ့သည်။ မှတ်မိပါသေးသည်။ ထိုခရီးစဉ်တုန်းက ဒေါ်မြမင်းသီရိ
ငယ်မြမင်းစံကို လွှယ်ထားရသည့်အချိန် လမ်းခရီးက တောမကမြို့
လမ်းကလည်းမကျဉ်းမကျယ် ချောသည်လည်းမဟုတ် ကြမ်း
လည်းမမည်။ ထို့ပြင် မိုးတွေလည်းရွာနေသည်။ မိသားစုကားနဲ့
ရေးကားနှစ်စီးတည်းဖြစ်သည့်ပြင် ကိုယ်ဝန်သည်သမီးကပါနေ
ဒေါ်မြစောရှင်မိုးစောင့်ရင်း ကားနားဖို့နေရာရှာခိုင်းတော့သည်၊

ထိုအချိန်မှာပဲ လမ်းဘေးညောင်ခြေထောက်ပင်ကြီး
အောက်က ခြေထောက်ခွကြားမှာ မိုးရေတွေစိုကာ ချမ်းလို့ပုတုန်နေ
မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထို့ပြင် သူမမှာ



သစ္စာကိုယ်ဝန်နဲ့မို့ ချမ်းလို့ညည်းနေတာလားမသိ။ ဗိုက်နာနေတာလား
ဆိုတာ ခွဲခြားရခက်နေခဲ့သည်။ အစက ခါးခါးသီးတားဆီးပေမယ့် တား
မရင်းမိန်းကလေးက မွေးတော့မည်ပုံပေါက်နေသဖြင့် မွေးဖွားပြီးတဲ့အ
ထိ ကူညီပေးခဲ့သည်။ နာမည်နဲ့ဇာတိကိုမေးတော့ သူမနာမည်ရွှေမှုန်ဖြစ်
ကာ နတ်မောက်အနီးရွာတစ်ရွာကဟုဆိုသည်။ ခင်ပွန်းသည်က ရန်ကုန်
ဆင်းပြီး အလုပ်ရှာဖို့ထွက်သွားတာ ပြန်မလာတော့ကြောင်း တစ်အိမ်
တည်းနေကြသည့်ခင်ပွန်း၏ညီမဝမ်းကွဲတွေက လိုက်သွားသင့်ကြောင်း
ပြောကာ ရန်ကုန်သွားမည့်လူကြုံနှင့် ထည့်ပေးလိုက်ကြောင်း..။

တကယ်တော့ ထိုလူကြုံက ခင်ပွန်းနဲ့ဆက်သွယ်ပေးမယ့်လူမ
ဟုတ်သည့်ပြင် ယောကျ်ားက နင့်ကိုမပေါင်းချင်လို့ထွက်သွားတာလို့
လည်း ပြောသည်။ နင့်ယောက်မတွေက ငါ့ဆီကပိုက်ဆံတွေချေးပြီး
ပြန်မဆပ်နိုင်လို့ ထည့်လွှတ်လိုက်တာလို့လည်း ပြောခဲ့၏။ နောက်တော့
မင်းကြားမှာ အလုပ်သွားလုပ်ချင်ရင် အဆက်အသွယ်ရှိကြောင်းပြောလာ
ကာ ကိုယ့်ကိုရောင်းစားတော့မလိုဖြစ်လာသဖြင့် သူမထွက်ပြေးလာခဲ့
ကြောင်း အားလုံးပြန်ပြောပြခဲ့၏။

ထို့နောက် သူမမှာဆွေမျိုးကျောထောက်နောက်ခံလည်းမရှိ က
လေးငယ်လေးနဲ့ သွားလာစရာနေရာလည်းမရှိကြောင်းပြော၍ လိုက်ပါ
ချင်ကြောင်းလျှောက် ဒေါ်မြစောရှင်ခဏပဲစဉ်းစားသည်။ ပြီးတော့ ခေါင်း
ညိတ်လိုက်ကာ.. ।

"လိုက်ချင်ရင်ခေါ်မယ်..အစေခံတန်းလျားမှာ နေစရာရမယ်၊ ငါတို့
အပေါ်မှာ ကျွန်ကောင်းပီသရမယ်..ငါ့မူငါ့ဝါဒအတိုင်း စံအိမ်တော်မှာ
ကြည်းဘဝကိုမြုပ်နှံဖို့ ဆုံးဖြတ်နိုင်သလား.."

သူမက ရှိသမျှလူတွေကို လှည့်ပတ်ကြည့်နေရင်း ခဏကြာအောင်
ငိုင်သက်နေသည်။ ပြီးမှ ခေါင်းညိတ်လိုက်ပြီး.. ।

"သူများနိုင်ငံမှာ ကျွန်လုပ်ဖို့အပို့ခံရတာနဲ့စာရင် ကိုယ့်နိုင်ငံမှာပဲ
နေရာ စားစရာလေးရရင် ကျေနပ်ပါတယ်..ကျွန်မတို့သားအမိကို အန်
တီကြီးတို့ အသက်ကယ်ထားတာပါ၊ ဘာခိုင်းခိုင်းလုပ်ပါ့မယ်.."

ထိုအခါ ဒေါ်မြစောရှင်က စိုက်ကြည့်ပြီး ခေါင်းတဆတ်ဆတ်
ညိတ်ရင်း.. ।

"ကောင်းတယ်..ခေါ်လာခဲ့ကြ၊ စံအိမ်မှာကျွန်တစ်ယောက်တိုးတ
ပေါ့.."လို့ ရေရွတ်၏။ တကယ်က ကျွန်နှစ်ယောက်တိုးခဲ့တာဖြစ်သည်
ရွှေမှုန်သည် ယမုံခင်ဆိုသောသမီးအလှလေးကိုလည်း ဒေါ်မြစော
လက်သို့အပ်ကာ.. ။

"ကျွန်မသမီးလေး စာသင်ခွင့်ရတာကို ဝမ်းသာလွန်းလို့ပါ..မ
တော်ကြီးရဲ့ကျေးဇူးတွေ ဆပ်လို့မကုန်ပါဘူး၊ သမီးလေးကို မယ်
ကြီးကိုအပ်ပါတယ်.."

ဒီစကားရပ်ကိုတော့ ဒေါ်မြစောရှင်ကျေနပ်မဆုံးဖြစ်သွားသ
စံအိမ်က ဗေဒင်ကျော်လင်မယားကလည်း ယမုံခင်က စံအိမ်ကို ကော
ကျိုးပြုမယ့်မိန်းကလေးလို့ ဟောကိန်းထုတ်ထားတာရှိရာ.. ။

"ဘွဲ့လက်မှတ်မကိုင်ရပေမယ့် တာဝတီံသာကပေးတဲ့ဘွဲ့
ညည်းရနေပါပြီ..တကယ်လည်း တော်တယ်ဆိုတော့ ငါ့စံအိမ်ကကျေ
မှာပဲ ညည်းကိုဆရာမလုပ်ခိုင်းမယ်..အဲ့ဒီအတွက် ညည်းအမေလည်
ထူးမြင့်သွားမယ်၊ စံအိမ်မှာ စားဖိုဆောင်ကွပ်ကဲသူပေါ့.."

ရွှေမှုန်သည် ကျေးဇူးသိတတ်ရုံမက ကိုယ့်ကောင်းခြင်းကို
သူ့ကောင်းခြင်းကိုသာ အသေစွဲထားတတ်သော မိန်းမမျိုးဖြစ်၏၊
ကြောင့် စံအိမ်မှာအားလုံးနဲ့သင့်မြတ်သည်။ မြမင်းသီရိသည် သူမနဲ့
တူဖြစ်ပေမယ့် စကားပြောရိုင်းသလောက် လက်ပါတတ်၏။ ဘယ်
ဝေါက်နာကျင်ပါစေ ဒေါ်ရွှေမှုန်က ကွယ်ရာမှာပြေးငိုပစ်လိုက်ခြင်
ကြေကွဲမှုကိုဖော်ထုတ်တတ်ကာ ဘယ်သူ့အပေါ်မှာမှ မေတ္တာမပ
ပေ။ အခြေအနေတစ်ခုကြောင့်သာမဟုတ်လျှင် ဒေါ်မြစောရှင်၏
ထက်မကသော အရေးပေးခြင်းတို့ကိုပါ ရခဲ့မှာဖြစ်သော်လည်း..

"ကြီးမှုန်ရော.."

မြမင်းစံက ရွှေမှုန်မှရွှေမှုန်..။ မိခင်ဖြစ်သူက စည်းကမ်းတင်
တတ်သလောက် သားသမီးအရှိသေတန်မှာစိုးရိမ်ပြီး ဖက်လဲတက
ထိုင်ခြင်းမရှိ။ ရွှေမှုန်ကတော့ ကိုယ့်သမီးအရွယ်လေးမို့ ငယ်ငယ်
က နို့ခိုးတိုက်ဖူးသည်။ ထိုအဖြစ်ကြောင့် နေပူထဲမှာ တစ်နေ့လုံးပ
ပြီး ဒဏ်ပေးခြင်းလည်းခံခဲ့ရ၏။ ဒါပေမယ့် ကလေးနဲ့သူမကိုေ
လို့မရခဲ့။ မြမင်းစံသည် ရွှေမှုန့်နားမှာနေရမှ ပျော်ပျော်ရွှင်ရွှင်ရှိတ



တာနဲ့ မေးနေတတ်၏။ ဒါကို မြမင်းသီရိက နည်းနည်းလေးမှမ
.. ။

"မယ်မယ်ရေ..မောင်မောင်ရယ်ဟော့ဒီမှာ ဒေါ်မှုန့်အခန်းထဲသွား
.."

မြပုလဲဖြူက ဒါကိုချွန်တွန်းလုပ်ဖို့ အမြဲတမ်းချောင်းနေသူဖြစ်ကာ
ကိုင်လို့ချည်းပဲ ပြဿနာတက်ခဲ့ရတာတွေ အကြိမ်ကြိမ်။ ထိုအ
ကြောင်းအရာတွေထက်ပိုဆိုးတာတစ်ခုက ယမုံနဲ့ဆို ကစားဖော်လိုရင်း
မောင်နှမရင်းကဲ့သို့ နွေးထွေးကြင်နာခဲ့သည့်မြမင်းစံက အစ်မ
ယောက်ကိုတော့ ခပ်တန်းတန်းအေးစက်စက်။ အရွယ်တွေရောက်
ည့်အချိန်ထိ လူကြီးတွေကတားရင်း ဆူပြောရိုက်နှက်ရင်း မခွဲမခွာ
ခင်မင်မပျက်ရှိလာခဲ့သည့်နောက်.. ။

"ညည်းက စံအိမ်ထဲမှာကုပ်ကုပ်လေးနေပြီး ငါ့သားကိုအပိုင်ကြံနေ
ားမိယမုံ..ဒီစံအိမ်မှာ 'ကျွန်'ဆိုတာ ခွေးသာသာပဲ၊ ဈေးထဲက
က်နဲ့ရွှေခွက်ထဲကခြသေ့ဆီကို အိပ်မက်မက်နေတာလား.."

"မဟုတ်ရပါဘူးမယ်တော်ကြီးရယ်..အိပ်မက်မပြောနဲ့၊ ဖျတ်ခနဲ
မျိုးမှာတောင် တစ်စိုးတစ်စိမှ မပါခဲ့ဖူးပါဘူး..အစ်ကိုလေးရောက်
မတားဝံ့လို့ပါ.."

"ဘယ်လိုအခြေအနေမှ ငါ့ကိုဘာမပြောနဲ့..ဒီအိမ်မှာသူ့အစ်မတွေ
သူတို့မောင်ကိုမျက်နှာညိုခံတာမဟုတ်ဘူး၊ ဘာဖြစ်ဖြစ် ညည်း
ရမယ်.."

သားလေးအငယ်ဆုံးမို့ အစ်မတွေကလည်း အမေလိုဂရုစိုက်ကြ
သုတ်စွအဆုံး မြမင်းစံကအသူရာချောက်ကမ်းပါးကနေ ခုန်ချချင်
ည်ဆိုရင်တောင် ချောက်ကမ်းပါးကိုသာ ပြေးရွှေ့ထားသည်။ သား
ညီအောင် တားဆီးမှာမဟုတ်သည့် အစွန်းရောက်ချစ်ခြင်းတွေ
။ ယမုံက စာသင်ဆောင်လေးထဲမှာ ကလေးတွေကိုစာသင်ပေး
မြမင်းစံကဝင်သင်ပေးသည်။ စံအိမ်မှာ အထူးပွဲတွေကျင်းပပြီဆို
မိကို တစ်ယောင်တစ်ဆောင်ခေါ်ထုတ်လာသည်။ အမုန်းတ
သည် လူကိုမဟုတ်ခဲ့ဘဲ သားသမီးဇောကြောင့် အမာခံဖြစ်လာ

"ရွှေမှုန်..ညည်းသမီးယမုံကို 'မိုးထိ'စံအိမ်က တော်ဝင်ေ
လက်ထပ်ပေးမယ်.."

တစ်ခါတည်းပြောရင်း အမိန့်ပြန်တမ်းကို ကြော်ငြာလိုက်သ

"ငါ့သမီးအဖြစ်နဲ့သွားရမယ်..ဒါကိုတစ်သက်လုံး မပေါက်
အောင် ထိန်းသိမ်းရမယ်၊ စံအိမ်ကိုဘယ်တော့မှပြန်မလာရဘူး..ပြ
ရင် တာဝတိံသာရှိတဲ့အရပ်ကို မျက်နှာမူမထိုင်စေနဲ့၊ ညည်းတို့သ
ငါ့သားအပေါ်ရိုးသားတယ်ဆိုတာ ဒီနည်းနဲ့သက်သေပြပါ..ဒါက
ရင်တော့ ညည်းတို့ဘာဖြစ်သွားမလဲသိရလိမ့်မယ်.."

ဒေါ်ရွှေမှုန်မျက်နှာအကြီးအကျယ်ပျက်သွားတာကို သိသည
ပေမယ့် အချိန်တန်ရင် လက်ခံမှာပဲဆိုတာလည်း သိနေသည်၊
ကျွန်ဆိုတာ အရှင်သခင်ကစီမံရင် နာခံရမည်သာ။ သို့သော် မြ
ရောက်လာပြီး အကြီးအကျယ်အရေးဆိုတော့သည်။

"သူတို့မှာလည်း သူတို့အခွင့်အရေးရှိတာပဲ..ရွေးချယ်ခွင့်ေ
ရမှာပေါ့၊ မယ်မယ်လုပ်တာအာဏာရှင်ဆန်လွန်းတယ်.."

"မောင်မောင်ဘယ်လိုပြောလိုက်တာလဲ..မယ်မယ်ကြားသွ
လွယ်ဘူးသိလား.."

"သိတယ်လေ..ဒါပေမယ့် သားအမိခွဲပြီး တစ်သက်လုံးရ
စေတာ ကောင်းလား၊ ပါသွားတဲ့လူကလည်း အလိမ်အညာေ
မယ်..နေမင်းသစ်ဆိုတဲ့လူက လူရှုပ်လူပွေ.."

"ဒါကြောင့် မယ်မယ်ကငါနဲ့သဘောမတူတာလေ..ငြင်း
လည်း ကိုယ့်ထက်ဝါစဉ်ကြီးတဲ့လူကြီးတွေက ကမ်းလှမ်းတာ
မမကြီးတို့ကိုတော့ ဒီလူရှုပ်နဲ့သဘောတူတယ်ပေါ့.."

"မဟုတ်ပါဘူး..ဒါပေမယ့် ကိုယ့်ပြဿနာကိုယ်ရှင်းေ
အိမ်ကလူတွေကို ကျေးကျွန်ဆိုတဲ့မျက်လုံးနဲ့ကြည့်ပြီး ခွေးတစ်
လိုရာကြိုးဆွဲနေတာ အကျည်းတန်လွန်းတယ်.."

ဒီစကားတွေကို ဒေါ်မြမင်းသီရိကြားသွားတော့ တစ်အိမ်
နာတွေ တက်ကုန်ကြ၏။ ဒေါ်မြမင်းသီရိက မိဘခြေရာနင်း
ကြိုးစားရင်း ဆထက်ထမ်းပိုး ခက်ထန်လာ၏။ မြမင်းစံကို 
ထောင်လိုက်သည်ထင်ကာ အခန်းထဲဝင်ပြီး ကြာပွတ်နဲ့လိုမ့်ရိ



ခင်ဝင်ကာတော့ ရောသောရိုက်ပစ်၏။ သို့သော်.. ၊

"ဟိုကောင်မကိုဆွဲထုတ်စမ်း..သူ့ကိုယ်မှာဒဏ်ရာတွေရှိရင် မင်္ဂလာ
ကျက်မယ်.."

ယမုံခင့်ကိုဆွဲထုတ်ပြီး အခန်းထဲကြာပွတ်သံတွေ ဆူညံနေ၏။

"ငါ့သားကို ငယ်ငယ်လေးတည်းက သိမ်းသွင်းခဲ့တဲ့လောဘအ
..ကဲ.."

"သူဌေးဖြစ်ချင်ဦး..ငါတို့စိတ်ဝမ်းကွဲအောင် အတို့အထောင်လုပ်
ကဲ..သေစမ်း.."

ကြာပွတ်ရိုက်ချက်တွေက မျက်နှာတွေခေါင်းတွေပါမကျန်အောင်
ပြားကျရောက်နေခဲ့ပြီး ခံရသည့်လူရော ရိုက်နေသည့်လူပါ နှစ်
ကိုလုံးသတိလစ်မေ့မျောကုန်မှ ကြာပွတ်သံစဲလေသည်။ ဒေါ်ရွှေ
သေအုံးမူးမူးခံလိုက်ရသည့်အဖြစ်ကြောင့် အိမ်မှာရှိသမျှ ကျေးကျွန်တွေ
အကြီးအကျယ်ထိတ်လန့်ကာ ပျားပျားဝပ်ဖြစ်ကုန်ကြ၏။ ဒေါ်
သီရိအတွက် ဂုဏ်ယူဖွယ်ပြယုဂ်ကြီးဖြစ်ခဲ့လျက်.. ၊

"မှတ်ထား..မတန်မရာဆို ဘာတစ်ခုမှစိတ်ကူးမယဉ်နဲ့၊ စိတ်မဝင်
နင်တို့အတွက်တစ်ဘဝလုံးစာ ပြည့်စုံဖို့ ငါစီစဉ်ပေးထားတယ်၊
မကြီးနဲ့..ငါ့အိမ်ကကျွန်ကို ငါသတ်ပစ်လို့ရတယ်၊ ငါ့စံအိမ် ငါ့
မှာ ငါ့ဥပဒေပဲ.."

အားလုံးရင်ထဲမှာ ကျေးဇူးတင်ခြင်းတွေရှိခဲ့ပေမယ့် ကြောက်ရွံ့ခြင်း
နှင့် ငြိမ်သက်ခေါင်းငုံ့သွားခဲ့ကြ၏။ အာဏာရှင်ဆန်သော မင်္ဂ
တဲ့အထိ သတိရတစ်ချက်မရတစ်ချက်နှင့် ဆရာဝန်တွေကိုယ်
သက်လျှော့ခဲ့ကြသည်။ သေအုံးမူးမူးဖြစ်နေသော ဒေါ်ရွှေမှုန် ကိုယ့်
ကိုသမီးဖြစ်သူမမြင်စေဖို့ ပုန်းကွယ်နေရင်း နောက်ဆုံးမြင်တွေ
သောခံစားချက်နှင့် အားတင်းထပါသော်လည်း.. ၊

"ငါ့သမီးလေးရော..ငါ့သမီးလေးပါသွားပြီလား."

အနားမှာဝိုင်းနေကြသည့် လုပ်ဖော်ကိုင်ဖက်တွေ မျက်နှာမကောင်း
ရင်း.. ၊

"ခုနလေးကပဲ ထွက်သွားကြတာ.."

"သမီးလေး.."

"ယမုံကို မမလေးပါးရိုက်သေးတယ်.."

"အမလေး.."

ဒေါ်ရွှေမှုန်ရင်ဘက်ဖိရင်း ဒယိမ်းဒယိုင်ထရပ်သည်။ အခန်း ရောက်တော့ သနပ်ရှင်းရေးမိန်းကလေးတွေကို တွေ့ကာ.. ။

"ငါ့သမီးလေး အရိုက်ခံလိုက်ရတယ်ဆို..သမီးလေး ငါ့သ

ဒေါ်မြမင်းသီရို လှေကားကြီးတစ်ဝက်လောက်ကနေ အား မြင်နေရသည်။ ဒေါ်ရွှေမှုန်အခြေအနေမကောင်းဘူးလို့ ကြားနေ ထူထူထောင်ထောင်ပြောဆိုလှုပ်ရှားနေတာမြင်ရသဖြင့် အံ့ဩနေ

"ငါ့ကြောင့်..အဲ့ဒါငါသတ္တိမရှိလို့ဖြစ်ရတာ၊ ငါ့သမီးထွက်သ ကို မကြည့်ရဲလို့ ငါပုန်းနေမိလို့..သမီး ငါ့သမီးလေး.."

ဆံပင်တွေဖရိုဖရဲပြေကျလျက် ယိုင်တိယိုင်တိုင် ပြေးထ သည့် ဒေါ်ရွှေမှုန်သည် အပြင်ကိုမရောက်လိုက်ဘဲ ပုံခနဲခွေကျသ ထိုစဉ်.. ။

"ဟာ..ကြီးမှုန်.."

မြမင်းစံပြန်ဝင်လာတာနှင့်တည့်တည့်တိုးကာ အပြေးအလွ ပွေ့သည်။

"ဒါ..ဒါဘာတွေလဲ၊ ဒီဒဏ်ရာတွေက ဘာတွေလဲ..မမကြ မယ်.."

မြမင်းစံလည်းချောင်းစင်းအောင် အာခေါင်ခြစ်အော်သည်၊ မင်းသီရိုလှေကားအလယ်မှာ တောင့်မတ်စွာရပ်နေလျက် နည်းန တောင်မလှုပ်။ မြဟွတ်ဦးတို့ပြေးလွှားရောက်လာကြသည်။ ဒေ ကို သွေးတိုးစမ်းကြည့်ပြီး.. ။

"သူဆုံးသွားပြီ.."

မြမင်းစံမျက်ရည်တွေကျပြီး အားလုံးကိုမျက်လုံးစိမ်းနဲ့ကြ

"တော်တော်ရက်စက်တဲ့လူတွေ..သူ့ရင်ကိုလည်းခွဲသေးတ ကိုလည်း နှိပ်စက်တယ်..သေတဲ့အထိ ရက်စက်ကြတယ်၊ အ တ္တသမားတွေပဲ.."

လက်ညှိုးထိုးပြောရင်း လှည့်ပြေးသွားသည်။ သူ့ကို စောင့်ရှောက်နေသည့် အားကစားနဲ့နည်းပညာရေးရာဆရာဦး



မြမင်းစံအဖြစ်ကို ကွယ်ရာကနေ ရပ်ကြည့်နေရင်း သက်ပြင်းချလျက်။ သသူထက် ရှင်သူဒုက္ခပိုကြီးတယ်ဆိုတာ အမှန်ပဲ..ဟုရေရွတ်၏။ ထို့နောက် သူသည်လည်းဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ တိတ်တဆိတ် ပျောက်ကွယ်သွားလေသည်။

"ဘယ်မှာလဲ..အဲ့ဒီဆရာရော ဘယ်ရောက်သွားတာလဲ၊ ရအောင် ခိုးမိးစမ်း..ဒီဆရာငါ့သားငယ်ကို ခေါ်ထုတ်သွားတာ.."

ဒေါ်မြမင်းသီရို ဒေါသချောင်းချောင်းထွက်၏။ သို့သော် မြမင်းစံ ပြန်ရောက်လာခဲ့သဖြင့် အားလုံးဒီမှာတင် ပြီးဆုံးသွားခဲ့လေသည်။ ဆိုးရွားသည့်အခြေအနေတစ်ခု ကျန်ရစ်ခဲ့သည်မှာ ဦးမြမင်းစံဘယ်သူ့ကိုမှ စကားမပြောတော့ခြင်းဖြစ်ကာ ခြံလုပ်ငန်းအကြောင်းပြ၍ အပြင်ထွက်သွားများလာသည်။ အခြားသောအရောင်းအဝယ်တွေလုပ်၍ အချိန်ဖြုန်း၏။ ဒေါ်မြမင်းသီရိုတို့သားအမိ ဘယ်လိုချော့မော့ပေါင်းသင်းလို့မှ နွေးထွေးသောရင်းနှီးမှုကို ပြန်ရမလာခဲ့ဘဲ ကနုတ်ရောင်မည်သော သမီးလေး မျက်နှာကို မြင်လိုက်ပါမှ.. ။

"ဟွန့်.."

တိတ်ဆိတ်ခြင်းကို ထွင်းဖောက်လိုက်သည့်နှာကျင်သံက နှလုံးသားကမြစ်ဖျားခံတာမို့ ငိုညည်းသံနဲ့တူနေသည်။ ကုလားထိုင်သည်အခန့်နှင့် လှုပ်ရမ်းနေဆဲဖြစ်ကာ နာရီသံတချပ်ချပ်ကလည်း စည်းချက်ညီနေဆဲ။ သားသမီးဆိုတာ 'မီး'ပါပဲ။ လောင်မြိုက်သည်ဖြစ်စေ မလောင်သည်ဖြစ်စေ လောင်ကျွမ်းဖို့အမြဲအသင့်ရှိနေသော ပူပြင်းသည့်သန္ဓေတစ်ခု.. ။

တွေးနေသည့် ဒေါ်မြမင်းသီရိုမျက်နှာက တင်းမာလာခဲ့သည်။ ကုလားထိုင်လှုပ်အားက အရှိန်မြန်လာသည်။ သမီးကြီးမြထွတ်ဦး သမီးငယ်မြပုလဲဖြူ သားငယ်မြမင်းစံ.. အချိန်တန်တော့ ဇာတိပြလာကြသည်၊ မိဘရှေ့ရောက်လာကြတော့ ပိဘိကလေးငယ်လေးတွေလို သိုးငယ်လို အားနွဲ့ဖြူစင်ပုံလေးတွေနှင့်။ တကယ်တော့ မိဘအရိပ်ကခွဲထွက်သွားပြီဆိုတည်းက 'တို့ဝန်တို့ထမ်း တို့လမ်းတို့လျှောက်မယ်'ဆိုတဲ့ မာနတွေနဲ့ပါ။ သားသမီးတွေအတွက် အမြဲတမ်းနူးညံ့နေတတ်သည့်မိဘတို့ရဲ့ရင်ဘက်က သားသမီးတို့ခြေစုံကန် အားပြုရာငြမ်းစင်ကြီးလား..။

ဒါကိုတော့ သူမလက်မခံနိုင်ပါ။ မိဘနဲ့သားသမီးကြားမှာ ဘယ်လိုပေး ဆပ်မှု ရယူမှုတွေရှိနေပါစေ မသက်ဆိုင်သည့်အခြေအနေအရပ် ကြောင့်ဆိုရင်တော့ သူမမိဘမပီသတဲ့မိန်းမဖြစ်သွားပါစေ... ။

ကိုယ်ကပေးဆပ်ရရင်လည်း သူ့မှာရယူဖြစ်ထွန်းသွားတာဖြစ် မည်။ သူတို့ဘာသာ ရယူသွားတာဆိုရင်လည်း သူတို့အတွက် လိုအပ် တာပြည့်စုံသွားရင် ကျေနပ်သည်။ တစ်ပါးသူမှာသာ ရရှိအောင်မြင်သွား သည့် ပေးဆပ်မှုမျိုးကိုတော့ မိဘပီသဖို့အတွက်နဲ့ မပေးနိုင်ပါ။ တစ်ထ တည်းမှာ မှတ်ချက်ချလိုက်သည်က သူမလုပ်သမျှ မှန်သည်။ ဒီတိုင်း ဖြစ်ရမည်။

မင်းစံဟာ စွန့်လွှတ်သင့်တဲ့သား..ဘိုးဘွားရတနာနဲ့ မထိုက်တ တဲ့သူ.. ။

## အခန်း(၇၄)

"နင်လည်းစွန့်လွှတ်ခံရမှာပဲ..လူလူ့ကိုလည်း ငါစွန့်လွှတ်ရတော့ နင့်အမေအချုပ်ထဲရောက်နေသလို လူလူ့အဖေလည်း အတူတူပဲ.. တွေမီးမွှေးခဲ့တာ အာဏာသျှန်ပဲ.."

"ဟုတ်တယ်..သူ့ကိုစင်အရမ်းစိတ်နာတယ်၊ သူ့ကိုစွဲလမ်းမိတဲ့စိတ် စင်မိုက်ခဲ့တာ.."

"ငိုနေလို့မထူးဘူးစင်..ခြစားနေတာသိတယ်၊ ခြလမ်းကြောင်းကို မြင်နေသားနဲ့ ငါတို့ကဘာဖြစ်လို့ လက်စမတုံ့နိုင်ရမှာလဲ.."

ဒေါ်မြပုလဲဖြူ စင်နဲ့စိုးတွေ့နေရသည်။ ပြီးတော့ မိန်းမမိုက်ကလေး မကျေနပ်မိပေမယ့် ခုချိန်မှာတော့ ဒုက္ခသည်ချင်းဖြစ်နေပြီမို့ တိုင် ရာက ဒီလူနှစ်ယောက်ပဲရှိတော့သည်။ ဒုက္ခပွေလာလို့ ရင်ထဲမှာ ောက်လာတိုင်း ဒီမီးဘယ်သူမွှေးခဲ့တာလဲဆိုသည့်အတွေးက နှိပ် သည်။ အာဏာသျှန့်မျက်နှာကို မြင်ယောင်လာတိုင်း ဓားပြေးကိုင် ။ ကြာလာတော့ ဒီမီးကိုဘယ်လိုမှငြိမ်းဖို့မလွယ်တော့ပေ.. ။

"နင်ခွေးတော်ပြောသလို လုပ်ရမယ်..အာဏာသျှန်လိုကောင်ကို ချင်းနှလုံးချင်း ပြေးယှဉ်ဖို့က လက်ရည်တူရင်တောင် အချိန်ကြာ

မယ်၊ အဲ့ဒီတော့ ငါတို့ကမိန်းမညာဏ်သုံးမှဖြစ်မှာ.."

ဇင်ကလည်း သွေးဆူလွယ်သူမို့ ချက်ချင်းခေါင်းညိတ်၏။ သူ အောက်ကျိုခယခဲ့သည်။ ဂုဏ်သိက္ခာကိုချခင်းဝပ်စင်းပြီး ဖွင့်ဟခဲ့သည် သင်းကတော့ ယောကျ်ားဆိုသည့် ငဲ့ညှာမှုလေးတောင် မထားခဲ့ဘဲ ရ စက်ယုတ်မာခဲ့သည်။ ခုတော့ ဘွားဘွား၏အမိန့်ဖြင့် သူမကအမွေပြ စွန့်လွှတ်ခံရတော့မည့် အခြေအနေရောက်ခဲ့ရပြီ။ အကယ်၍ မေမေသ အချုပ်ကျမနေခဲ့လျှင် ဘွားဘွားစကားကို တစ်သွေမတိမ်းနားထောင် မည်ဆိုလျှင် သူမကူကယ်ရာမဲ့ပြီဖြစ်၏။

ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ ကိုယ်က တစ်ဦးတည်းသောသမီး မိဘလက်ငုတ်လက်ရင်းတွေအပြင် ဘိုးဘွားအမွေအနှစ်တွေလည်း ရ မည်။ ဒါတွေကို ဘယ်လိုမှဆုံးရှုံးမခံနိုင်ပေ။ နောက်တစ်ချက်က သူ ကိုသူမမုန်းသည်။ ဒါပေမယ့် ချစ်နေခဲ့သည်။ ကိုယ်မှမရရင် သူမျ လည်း မကြည်ဖြူနိုင်။ ထို့ကြောင့် သျှန့်ကိုသတ်ပစ်ဖို့ ချက်ချင်းဆုံးဖြ လိုက်မိ၏။

သူ့ဘေးမှာ ကနုတ်ရှိနေသည်။ အာဏာသျှင် ကနုတ်နဲ့လက် ပြီး ညားကြလေသတည်းဆိုတဲ့အဖြစ်ကို မရောက်စေရ။ ဖြစ်နိုင်လျှ နှစ်ယောက်စလုံးကို နုပ်နုပ်စင်းချင်၏။

"ဘာမှမကြောက်နဲ့ဇင်..ညည်းနောက်မှာ ဒွေးတော်ရှိတယ် ကောင်သေသွားရင် လောင်နေတဲ့မီးတွေအားလုံး ငြိမ်းသွားမှာပဲ.."

"ဇင်မကြောက်ဘူးဒွေးတော်..နည်းနည်းလေးမှ ဂရုမစိုက်ဘူ

"အေး..ကောင်းတယ်၊ ငါ့သားလေးလည်း ဘယ်ရောက်လို တွေဖြစ်နေပြီလဲမသိဘူး..သူ့သေတ္တာအကြောင်းလည်း ထပ်မပြော ဘူး၊ ခုတော့ ငါသူ့ကိုအမွေဖြတ်ရတော့မယ်..မနက်ဖြန်ပဲ ကြော် လာတော့မှာ.."

ဇင်က မျက်နှာငယ်လေးနဲ့မော့ကြည့်ကာ..

"ဇင့်ကိုရောဟင်..ဇင်ဘယ်လိုဖြစ်မှာလဲ.."

"ဖြစ်လာသလို ရင်ဆိုင်လိုက်တော့ဇင်..ဒါပေမယ့် ဘာမှပူ လိုပါဘူး၊ တစ်ချိန်ချိန်မှာ အားလုံးအဆင်ပြေသွားမှာပါ..တို့မော သုံးယောက်စလုံး မိဘစကားကိုနာခံရမယ်..ဒါပေမယ့် ကိုယ်မွေ



သားသမီးတွေကို ပစ်နိုင်တဲ့ထိ အသည်းမမာဘူး.."

ဇင့်မျက်နှာလေး ကြည်လင်သွားသည်။ ဒေါ်မြပုလဲဖြူလက်မောင်း ဖက်ထားလိုက်ပြီး နဖူးလေးမှေးတင်ကာ..။

"မေမေ့ကိုသနားလိုက်တာဒွေးတော်ရယ်..ဘယ်သူမှသတင်းမေး သူမရှိဘူး.."

ပြောပြီးငိုလေသည်။ ဒေါ်မြပုလဲဖြူ မျက်ရည်ဝဲနေလျက် ဇင့်ခေါင်း ကိုပွတ်၍..။

"ဒီမှာဦးကျော်တို့လူတွေ စောင့်ကြည့်နေကြတယ်..မယ်မယ်ဘာ ထားသလဲမသိပေမယ့် ငါလည်းမလှုပ်ရဲဘူး၊ အမှုကိစ္စကို သူတို့လိုက် ကြပါတယ်..စိတ်မပူနဲ့.."

ဦးကျော်ဆူးတို့ကို လက်ညှိုးထိုးပြလိုက်ရုံနှင့် အာဏာသျှန်ဆို ကောင် နောက်ဘဝကူးသွားနိုင်သည်။ ထိုစိတ်ကူးနှင့် ဦးကျော်ဆူး မြင်လိုက်ရတုန်းကလည်း သူမအားတက်သွားမိသေးသည်။ ဒါပေ သူတို့တွေရောက်လာကြတာက အမှုကိစ္စအတွက် လျှို့ဝှက်ထောက် ဖို့သာဖြစ်ပြီး မယ်မယ့်အမိန့်မပါဘဲ ဘာမှခိုင်းလို့ရမှာမဟုတ်..။

"ဒွေးတော်ကို ဇင်တစ်ခုလောက်ရင်ဖွင့်ပါရစေ.."

"ဟင်..ဘာလဲ.."

ဇင့်အသံကြားမှ လှည့်ကြည့်ဖြစ်ကာ..။

"ပြောလေ..ပိုက်ဆံလိုလို့လား.."

"ဟင့်အင်း..ဇင့်ကိုဒွေးတော်စိတ်မဆိုးဘူးဆိုရင် စိတ်ထဲရှိတာလေး ချင်ရုံပါ.."

"ဘာမို့လို့လဲ..ပြောလေ.."

ဇင့်မျက်နှာလေးက တင်းမာနေကာ မပြောသေးဘဲ နှုတ်ခမ်းလေး ၍ အံကြိတ်လိုက်သေးသည်။ ပြီးမှ..။

"ကနုတ့်ကိုလည်း ဇင်သတ်ပစ်ချင်တာ.."

ဒေါ်မြပုလဲဖြူ ကွက်ခနဲမျက်နှာပျက်သွားသည်။ ကနုတ်ကိုသတ် ပြောလို့တော့ မဟုတ်ပေ။ သို့သော် ထိုမျက်နှာကို ဇင့်အကဲမခတ် င် မသိမသာမျက်နှာလွှဲမိရင်း..။

"ရည်းစားလူလု အုန္နကျွဲခတ်ဆိုတာ ဒွေးတော်နားလည်ပါတယ်..

ကြိုးဝိုင်းတစ်ခုထဲမှာ ရင်ဆိုင်တိုက်ရတဲ့ပြိုင်ဘက်ထက် ရည်းစားလုဘ
ကို ပိုငြိုးတယ်..ဒါသဘာဝပဲ.."

"ဒွေးတော်မမြင်ရလို့သိလား..ကနုတ်အရမ်းမုန်းဖို့ကောင်းတ
အစကသိမ်းပိုက်ခံရတာပေမယ့် အခုသူအာဏာသျှန်ကို ကြိုက်နေပြ

ဒီသတ္တဝါကိုက ဘယ်လိုညှို့နိုင်စွမ်းတွေနဲ့ မိန်းကလေးတွေအ
လွှမ်းမိုးနေရတာလဲ..။ ပြီးတော့လည်း ကနုတ်ကိုသူဆွဲချခေါ်သွား
အတွက် တာဝတီံသာစံအိမ်က တုတ်တုတ်မှမလှုပ်ဘဲ ငြိမ်သက်နေခဲ့
အပေါ်မှာ သူ့ကိုယ်သူတော်လှထက်လှပြီ ထင်နေခဲ့သည်။ ထိုစဉ်တ
က ဥပဒေအတိုင်းစီရင်ပစ်လိုက်ရင် ဒီနေ့လိုပြဿနာတွေရှိလာမှာမဟု
ခုတော့ အသိုင်းအဝိုင်းဂုဏ်သိက္ခာအပေါင်းကို အသက်နဲ့လဲကာ
မည့်အတ္တနှင့် လွင့်ကျသွားသည့် မီးပွားတစ်စကို ဥပေက္ခာထားခဲ့မိသ
အမှားသည်.. ၊

☎

အခန်း(၇၅)

"ငါ့ကိုတွေ့ချင်တာ မင်းလား.."

ကလပ်ထဲကိုဝင်လာတည်းက သူမြင်သည်။ ပျောက်တိပျောက်
စပို့ရှပ်အပြာနှင့် ဘောင်းဘီရှည်တကားကား ကုတ်အကျီရှည်ရင်
။ ပြီးတော့သူ့ဘေးတစ်ဖက်တစ်ချက်မှာပါလာသည့် လူနှစ်ယောက်
ဆော်ဒီဂတ်တွေမှန်းသိသာစေသော မျက်နှာသေများနှင့်။ သူနဲ့ကိုစေ
သည့်စားပွဲကို တည့်မတ်စွာလျှောက်လာပြီး ခုံတစ်လုံးကိုခြေထောက်
ကိုက်ဖယ်သည်။ သျှန့်ရှေ့မှာလက်ထောက်ကိုင်း၍ မေးဆတ်မေးရင်း..

"ဟော့..ဖြေလေကွာ.."

သျှန်က သောက်လက်စဝိုင်ကို ဒီတိုင်းပြန်ချလိုက်သည်။ ပြီးတော့
လိုက်၏။ လက်ထောက်ငုံ့ရင်း ဟန်ကျပန်ကျမေးနေသည့်ပုဂ္ဂိုလ်
ကိုမတ်မတ်ရပ်လိုက်ရကာ ဒါတောင်သျှန့်ကိုမော့ကြည့်နေရသည့်
နှင့်.. ၊

"ဘာလဲ..မင်းသားရုပ်နဲ့စိန်ခေါ်နေတာ၊ ရုပ်ရှင်ရိုက်နေတာများ
.."

ပေါ်ဖြဲဖြဲပြောရင်း ဘေးဘီကိုလှည့်ပတ်ကြည့်သလို လှောင်ရယ်၏။

"မင်းရုပ်ချောနေလည်း နေရာတကာတော့ လုပ်စားလို့မရဘူး…
ငါတို့ကဒါရိုက်တာခိုင်းတာစောင့်နေမယ့် လူကြမ်းတွေမဟုတ်ဘူး…

"ငါကလည်း သရုပ်ပြနေမယ့်မင်းသားမဟုတ်ဘူး…အဲ့ဒီတော့…
အပိုပြောတာတွေ အရမ်းများနေပြီ၊ အခု ချာတိတ်ဘယ်မှာလဲ.."

"အိုး..အိုး.."

ရန်အောင်လို့အများသိထားကြသည့် ဘဏ်သူဌေးအမည်ခံ…
ကော်သည် ကရင်ပီသစွာဖြူရဲနေသော မျက်နှာပြောင်ပြောင်ကို မီး…
ဘက်လှည့်ပြီးမှ လှောင်ပြောင်သလိုမဲ့ရွဲ့လျက်.. ၊

"မင်းလူမှားနေပြီထင်တယ်..ငါက.."

"ရန်ကော်.."

"ဟာ.."

သျှန်က ရန်ကော့်အင်္ကျီကော်လံစတစ်ဖက်ကို ဖျတ်ခနဲဆော…
လိုက်ကာ.. ၊

"ကျားတစ်ကောင်လို ဟိန်းပြမနေနဲ့..မင်းက ကျားဆိုရင်…
ဘယ်ကျားမှ အမြီးမသိမ်းတတ်ဘူး၊ ငါကအဲ့ဒီအမြီးကို မီးနဲ့ရှို…
ကောင်.."

ရန်ကော့်မျက်နှာတင်းသွားသည်။ သျှန်က အင်္ကျီစကိုဆောင့်…
လိုက်ပြီး ခုံကိုနောက်ပြန်ကန်၍ ဘောင်းဘီထဲလက်ထည့်၏။ ပြီး…

"ပျော်နေတဲ့လူတွေ အနှောင့်အယှက်မဖြစ်အောင် အေးဆေး…
ရအောင်..အိုခေ.."

ရန်ကော့်ရင်ဘက်ကို လှမ်းပုတ်ပြီး ကလပ်ထဲကထွက်သည်…
ပည့်နှစ်ယောက်က လက်တပြင်ပြင်ဖြစ်နေပေမယ့် ရန်ကော်ကမ…
မပြသေးသဖြင့် မလှုပ်ကြပေ။ သို့သော် အပြင်ဘက်မှောင်ရိပ်ကျ…
ရာကိုရောက်သည်နှင့်.. ၊

"သျှန်သတိထား.."

ကိုဇေ့သတိပေးသံနှင့်ထပ်တူ သျှန်ဖျတ်ခနဲနောက်လှည့်…
သော် လှုပ်ရှားလိုက်သည့်အရိပ်က ကိုယ့်နောက်ကပ်နေပြီမို့ နော…
တစ်ပတ်လည်အောင်ကိုယ်ကို လှည့်ပစ်လိုက်ပြီး တိုးဝင်လာသ…
ကို ဖမ်းကိုင်လိုက်၏။ နောက်တစ်ယောက်ဝင်လာတော့ ကိုဇေက…



…သည်။ ထိုစဉ် ကားပါကင်ကနေ ဝင်းခနဲကျလာသည့်အလင်း…
…ကြောင့် အပြင်မှာရှိနေသည့် လုံခြုံရေးနှစ်ယောက်က လှမ်းမြင်
…၊ ကလပ်ထဲကထွက်ပြီး ပြဿနာရှင်းနေကြသည့် စုံတွဲတစ်တွဲပါ
…ကြကာ.. ၊

"ဟိုမှာ ဓားတွေနဲ့ဖြစ်နေကြတာ.."

"ဟေ့လူတွေရပ်လိုက်..တော်ကြတော့.."

လူတချို့ပြေးလာတော့ ရန်ကော်ကပျောက်ချင်းမလှပျောက်နေပြီ
…ကာ.. ၊

"ဘာမှမဖြစ်ဘူး..ကျွန်တော့်ညီလေးပါ၊ အိမ်ပြန်ခေါ်တာမရလို့
…လုန့်နေတာ.."

…ရံမှာကျောကပ်လျက် ဓားနဲ့ထောက်ခံထားရသည့်လူက မျက်လုံး
…နေပြီး ဘာမှမပြော။ သျှန်က ဓားကိုပြန်သိမ်းပြီး အေးဆေးပုံစံ
…ကာ.. ၊

"လာ..ကားပေါ်တက်၊ မင်းကိုပြောစရာရှိတယ်.."

ကိုဇေနဲ့တိုက်နေသည့်တစ်ယောက်ကလည်း ကိုယ်လွတ်ရုန်းသွား
…လျက် သျှန်ဓားလုပြီးပြန်ချုပ်ထားသဖြင့် တစ်ယောက်ကိုဖမ်းမိ
…ကာ.. ၊

"ပြောဟေ့ကောင်..လူလူဆိုတဲ့ချာတိတ်ဘယ်မှာလဲ.."

"မသိဘူး.."

"မင်းသိတယ်..မင်းတို့ပစ္စည်းပြန်မရလို့ ချာတိတ်ကိုမင်းတို့ပဲမဲဓာ
…ထားနေတယ်.."

"သူကဘာအသုံးကျလို့ မဲဓာပို့ရမှာလဲ..အလကား ကြောက်..မိန်း
…"

"…ါဖြင့်ဘယ်မှာလဲ.."

…ားနားထိဆွဲခေါ်လာပြီး မေးနေသဖြင့် ထိုလူ့မျက်လုံးအစုံက
…နပ်စူးရဲနေသည်။ သျှန့်ကိုအညှဲမခံချင်သော်လည်း ဆရာအမိန့်
…ာမပါ။ ပတ်ဝန်းကျင်ကလည်း ရှိနေသေးသည်မို့ အကြာကြီး
…ကြည့်နေပြီးမှ.. ၊

"…ါတို့ဆီမှာမရှိဘူး…နယ်စပ်ကုန်ကြိုအဖွဲ့မှာခိုင်းဖို့ ပို့လိုက်ပြီ.."

"ဘာ.."

"သျှန်.."

ကိုဇေက သတိပေးသလိုခေါ်သည်။ ကိုယ်ကအလင်းရောင်ထဲ လူဆိုပြီး ထင်သလိုမွှေနှောက်ပြောဆိုလို့မရ။ ဒီလိုလူတွေက အမှောင် ထဲကနေ ကျူးကျော်လာနိုင်၏။ ထို့ပြင် ဒီကောင်လေးက ဆေးထိုး လွယ်သည်ဆိုတာ ကိုယ်တွေပဲချိတ်ဆက်လမ်းညွှန်ပေးခဲ့တာမို့..

"ဒီမှာဟေ့ကောင်.."

ကိုဇေရှေ့တိုးလိုက်ပြီး ခါးထောက်ကာ.. ၊

"နယ်စပ်တွေနယ်ကျွံတွေပို့လို့ မဖြစ်ဘူး..ဒီကောင်ကလေလွင့် ဝါလေး မဟုတ်ဘူးနော်၊ မင်းတို့မိုင်းနင်းမိသလိုဖြစ်သွားလိမ့်မယ် မိဘသူ့ဘိုးဘွားဘယ်သူတွေဆိုတာ မင်းတို့သိတယ်၊ မင်းတို့ဘယ်သူ တာ သူတို့သိသွားရင် ဘာတွေဖြစ်ကုန်မယ်ထင်လဲ.."

"ဒါတွေသူတို့သိတယ်..ပြောမနေနဲ့၊ ဒီမှာ မင်းတို့ဆရာကို လိုက်..ငါတို့အလုပ်ချင်းမတူပေမယ့် ချာတိတ်နဲ့ငါတို့ပတ်သက်မှု အတွက် မင်းတို့နဲ့ငါတို့အတူတူပဲ၊ ငါလည်းဓာတ်တူသားမစားဘူး တို့လည်း စားခွင့်မရှိဘူး၊ အဲ့ဒီတော့ တစ်ရာဖိုးဆုံးသွားတာကို နှ ဆုံးဖြစ်နေရင် တစ်သိန်းဖိုးထပ်ဆုံးမယ်ဆိုတာ မမေ့ဖို့ပြောလိုက်

"မင်းသွားပြောလိုက်လေ..ငါတို့အချိုကြီးထိထားတာ ဘယ်သူ လျော်မှာလဲ.."

"မင်းတို့ခိုင်းခဲ့တုန်းက အလျော်အစားတွေပါခဲ့လို့လား.."

ထိုသူတိတ်နေတာကို သျှန်ကစိုက်ကြည့်ကာ.. ၊

"မင်းတို့ဆုံးရှုံးကာ နစ်နာတာတွေ ငါမသိဘူး..အဲ့ဒီချာတိ လည်းမဆိုင်ဘူး၊ အခု ငါပြောချင်တာ သူ့ကိုမြန်မာပြည်ကနေ နယ် ပြီး တခြားတစ်ပါးပို့လိုက်တဲ့ သတင်းကြားတာနဲ့ မင်းတို့မလွယ် အဲ့ဒါမှတ်ထား.."

"ဟွန့်.."

"ဘာလဲ..ခြိမ်းခြောက်နေတယ်ထင်လို့လား၊ သူ့ကိုမင်းတို့လ လာပို့တာ ဘယ်သူမို့လို့လဲ.."

မေးဆတ်မေးရင်း မဲ့လိုက်ကာ.. ၊



"လာပို့နိုင်သလို ပြန်ဆွဲထုတ်နိုင်တယ်..မင်းတို့ဆရာရဲ့ဆရာ မြ တီက လေးလုံးကိုပြောလိုက်၊ အာဏာသျှန်က အဲ့ဒီလိုပြောလိုက်တယ် "

ကိုဇေအံ့ဩသွားသည်။ နှစ်ယောက်တည်းကျန်ခဲ့ကြတော့မှ.. ၊

"မြဝတီက လေးလုံးဆိုတာ သိန်းအုပ်စိုးကိုပြောတာလား..လူလူပို့ တဲ့ ဗီဒီယိုဖိုင်ထဲက နက်ခ်တိုင်အစင်းကျားအမြဲတပ်ထားတဲ့ ရွှေကိုင်း မှန်နဲ့လေ..မင်းတို့သိနေတာလား.."

"အဲ့ဒီကောင် မျက်လုံးတစ်ဖက်က မွေးရာပါတိမ်..ကောင်းတဲ့မျက် လည်း ဆယ်တန်းစာမေးပွဲဖြေမယ့်နှစ်ကျမှ ထိခိုက်မိပြီး ခွဲစိတ်ရမ ဖြစ်သွားတယ်..သူကမိဘမဲ့၊ ဦးလေးတွေက မဆင်းရဲပေမယ့် ဂရုမ ကြဘူး..လောင်းကစားသန့်တဲ့အုပ်စုတွေပေါ့.."

"အဲ့ဒီမျက်စိ မင်းခွဲပေးလိုက်တာလား.."

"မေမေလေးကို ပြောပေးရုံပါ..မေမေလေးပဲ တာဝန်ယူခဲ့တာ.."

ကိုဇေဝမ်းသာအားရဖြစ်သွားသည်။ တစ်ဖက်နိုင်ငံမှာ ဘယ်လိုအ အသွယ်နဲ့ ဂိုဏ်းချုပ်ဂိုဏ်းအုပ်တွေထပ်ရှိသေးသည်မသိပေမယ့် ပြည်တွင်းက မလောက်လေးမလောက်စားလေးတွေကို အုပ်ချုပ် နေသူကတော့ သိန်းအုပ်စိုးပဲဖြစ်၏။

"အဲ့ဒီဗီဒီယိုကြည့်တုန်းကတော့ မပြောဘူး..သူကဗုက်ဖဲကိုင်ထား ကြိတ်ကြဲနေတာ..ခွေးကောင်.."

သျှန်က စီးကရက်ထုတ်ပြီး မီးညှိရင်းရယ်သည်။ ပြီးတော့ တံခါး ပြီး ကိုဇေ့ကိုကားထဲတွန်းထည့်လိုက်ကာ.. ၊

"ငါဦးဆောင်ခဲ့တဲ့ အာမခံလုပ်ငန်းသက်တမ်းတစ်လျှောက်မှာ ဘာ အောင်မြင်ချမ်းသာလာခဲ့သလဲ နည်းနည်းတွေးကြည့်လိုက်.."

"ဟင်.."

"ဟား ဟား ဟား.."

ကိုဇေမျက်ခုံးတွေ ပင့်တက်သွားတော့ သျှန်ကရယ်ကာ.. ၊

"ငါ့လုပ်ငန်းအတွက် လောကအစုံ လူစုံနဲ့ငါပေါင်းတယ်..ငွေရ နိုင်ရင် ရတဲ့ငွေအန္တရာယ်ကင်းဖို့အတွက်လည်း ဒုတိယပြင်ဆင် ရှိရတယ်..အဲ့ဒါကိုမမေ့တာ အာဏာသျှန်.."

"အေးပါကွာ..မင်းဟိုဥစ္စာကျယ်မယ်ဆို ကျယ်လောက်ပါ
ဆရာခေါ်ပါတယ်ကွ်ီးသျှန်ရယ်.."

သျှန်ကရယ်ရင်း တံခါးပိတ်ပေးလိုက်၏။ သို့သော် ကိုဧေ
ချင်းပြန်ဖွင့်ကာ.. ।

"ဟော့ကောင်..ဘာလုပ်တာတုံး၊ တက်လေ.."

"နီး..လမ်းလျှောက်ပြန်မယ်.."

"ဟာ..သျှန်.."

ကိုဧစိုးရိမ်သွားကာ ကားထဲကကမန်းကတန်းဆင်းသည်
သော် သျှန်ကသွားတော့ဖို့ လက်နောက်ပြန်ထောင်ပြပြီး တစ်ချက်
မကြည့်တော့ပေ.. ।

"ဒီကောင်ဇွတ်ပါလား.."

## အခန်း(၇၆)

အင်းလျားလမ်းမကြီးပေါ်မှာ ကားမီးရောင်တွေမပြတ်ရှိနေပေမယ့်
မ်းဘေးတချို့နေရာတွေက မှောင်ရိပ်တွေကများသည်။ တက္ကသိုလ်
သာလမ်းပေါ်ရောက်မှ တက္ကစီငှားဖို့စိတ်ကူးနှင့် သူလျှောက်လာခဲ့စဉ်
သွားမည့်ရှေ့မှာ ကားတစ်စီးနှင့် လူရိပ်တချို့ကို မသက်သာဖွယ်မြင်လိုက်
၏၊ ခြေလှမ်းတော့နည်းနည်းတုံ့သွားမိသည်။ ပလက်ဖောင်းကကျဉ်း
သည်၊ လမ်းဘေးနဲ့ကပ်နေသည့်ကားက သူဖြတ်လျှောက်သွားတာနှင့်
ချင်ဘဲ မြင်ရမည်။ မကြားချင်ပေမယ့် ကြားရနိုင်၏။ ရှောင်ထွက်
ရ ကောင်းမလားစဉ်းစားရင်း လှမ်းနေဆဲခြေလှမ်းက နီးသထက်နီး
သည်။

"ဟိတ်..မအော်နဲ့နော်.."

"ဟင့်အင်း..လွှတ်နော်.."

ကားသံတွေပီပြင်လာတော့ သူခြေလှမ်းတုံ့သွားသည်။ သူတို့
သားတွေလား..မတော်မတရားမှုလား..။ ဘာဖြစ်ဖြစ် ဝင်မပါဖို့ဆုံး
၍ လမ်းမပေါ်ခြေဦးလှည့်လိုက်လျှင်.. ।

"ကိုသျှန်..ဇင့်ကိုကယ်ပါဦး၊ ကယ်ပါဦးကိုသျှန်.."

မြတ်ပန်းသဇင်.. ၊

သျှန်ချက်ချင်းပြန်လှည့်သည်။ ကားနဲ့ပလက်ဖောင်းကြားက ရိုပ်သုံးခုမှာ ဆံပင်ရှည်တွေဖားလျားဖြန့်ချထားသည့် ဇင့်အရိပ်လေး မြင်လိုက်ရကာ သူမကိုဆွဲချုပ်ထားကြတာ ယောကျ်ားနှစ်ယောက်..

"ဟေ့..လွှတ်လိုက်.."

ကားထဲဆွဲတင်လိုက်မှာစိုးကာ အသံကျယ်နှင့်အော်ရင်း ဘေး တစ်ယောက်ကို ပြေးကန်ပစ်လိုက်သည်။ ကန်ချက်က အတိအကျ သည်။ ထိုသူပလက်ဖောင်းပေါ် ဖင်ထိုင်လဲကျသွားသည်။ သို့သော် ထင်မှတ်သည့်အလစ်ဒိုက်တစ်ခုသည်.. ၊

"ဖောင်း.."

"အား.."

ခါးစပ်မှာ ပူခနဲစူးအောင့်သွားသဖြင့် ဘာရယ်မဟုတ်ဘဲ လ ပြန်ရိုက်ချပစ်လိုက်လျှင်.. ၊

"မြတ်ပန်းသဇင်.."

သူကြံစည်ခံရပြီမှန်းသိလိုက်သည်။ ဇင်သည်ဓားကိုင်လျက် ဘေးမှာခွေခွေလေး လဲကျနေကာ သူလှည့်လာမှန်းသိသည်နှင့် အ တကြားပြန်ကျုံးထသည်။ ပြီးတော့ ဓားကိုလက်နှစ်ဖက်နဲ့စုံကိုင်ပြီး ရှူးထိုးပြေးထိုး၏။ သျှန်က မရှောင်တော့ဘဲ ကိုယ်ရှေ့ရောက်လာမှ နဲ့လက်ကို ဖမ်းဆုပ်၍ လက်ကိုလိမ်ပစ်လိုက်သည်။

"အား..လွှတ် အ.."

"မိန်းမတစ်ယောက်ကြောင့် ငါ့အသားသွေးထွက်ရတာ ခံရ ဆုံးပဲ.."

အနားမှာလဲကျသွားတဲ့သူရော အကောင်းတိုင်းရှိနေတဲ့သူ တစ်ယောက်မှ မရှိတော့ပေ။ သျှန်က အခြေအနေကိုသဘောပေါက် ကာ.. ၊

"မင်းရဲ့တစ်ထွာတစ်မိုက်ဉာဏ်လေးနဲ့ ငါ့ကိုလုပ်ကြံဖို့ကြိုး တယ်ဟုတ်လား.."

"ဟုတ်တယ်..ရှင့်ကိုသိပ်မုန်းတယ်၊ ရှင့်ကြောင့် ဇင်တို့မိသား ဝပျက်ရတာ..ရှင့်ကိုသတ်ချင်နေတာ ဇင်တစ်ယောက်တည်းလို့ထ



လား၊ ဒီနေ့ရှင်မသေလည်း သိပ်မကြာခင်မှာ အပေါက်ကျဉ်းကျဉ်းနဲ့ ပေါက်ပိတ်ပြီး သေမှာပဲ.."

သူဒဏ်ရာရနေလို့လား..ကိုယ့်ကိုသတ်မပစ်ဖို့ စိတ်ကူးလိုက်တာ မသိ။ ဆွဲချုပ်ထားသည့်လက်တို့ လျော့ရိလျော့ရဲဖြစ်သွားစဉ် ဇင် အားဆောင့်ရုန်းလိုက်သည်။ သျှန်ယိုင်ခနဲဖြစ်သွားသည်နှင့် အတင်း ထွက်လိုက်ကာ ကားပေါ်ပြေးတက်သည်။ ပြီးတော့ လှည့်မကြည့် မောင်းထွက်ခဲ့လေသည်။ သူမမပြေးရင်လည်း သျှန်သူမကို ထပ်ဖမ်းချုပ်မထားနိုင်တော့ပါ။ ဆောင့်ရုန်းလိုက်သဖြင့် ဒဏ်ရာ ထပ်မံထိခိုက်မိသွားကာ အဆမတန်နာကျင်ခြင်းက ခြေခိုင်အောင်မ ရပ်နေရသည်။ ထို့ပြင် ဒဏ်ရာကပူနွေးသောစီးကြောင်းတစ်ခုက လိမ့်လိမ့်ဆင်းကျနေတာကိုသိနေသည်။ ဒီအချိန်ဒီပုံစံမျိုးနဲ့ ကားငှား ယ်မှန်း တွေးမိလိုက်စဉ် ဘယ်ညာနှစ်ဖက်စလုံးမှ မီးရောင်ကိုမြင် ရ၏။

"ဒီကောင်တစ်ခုခုဖြစ်နေပြီဆရာ..သေချာတယ်.."

"ဟိုမှာ ဟိုကားကသူ့ဆီလာနေတာထင်တယ်.."

"ဟုတ်တယ်..သိတဲ့လူဖြစ်မယ်.."

သျှန့်ဘေးကို အလျှင်စလိုရပ်သွားသည့်ကားသည် ကိုဇေကားဖြစ် သျှန့်ကိုထားခဲ့ပြီး စိတ်မဖြောင့်စွာ ပြန်ခဲ့ရင်း ဘယ်ကိုမှဆက်မောင်း တော့သဖြင့် ပြန်လှည့်လိုက်လာခဲ့ခြင်းဖြစ်သည်။

"သျှန်..သျှန်ဘာဖြစ်တာလဲ.."

"ဓားထိထားတယ်..ကျွတ် ကျွတ်.."

ခါးကိုဖိထားပြီး ခပ်ကြိတ်ကြိတ်ညည်းလျှင် ကိုဇေကဒဏ်ရာကို ကြည့်ကာ.. ၊

"ဟာ..သွေးတွေမနည်းဘူးဟေ့ကောင်.."

ထိုစဉ် ဟိုဘက်ကြောကနေ ခပ်ဖြည်းဖြည်းဖြတ်သွားသည့် ကား ကို သူတို့သတိမထားမိကြ။ ကားပေါ်မှာ ဦးကျောက်ဆူးတို့အ ကာ.. ၊

"ဒဏ်ရာရထားတယ်ဆရာ..ကားပေါ်ဆွဲတင်သွားပြီ.."

"အင်း..ဒီလောက်စည်းစံနစ်ကြီးပြီး ဂုဏ်သိက္ခာကိုတန်ဖိုးထားတဲ့

မိဘမျိုးရှိနေတာတောင် မလိမ္မာကြတဲ့မြေးသားတွေပဲ.."

ဟု စိတ်ပျက်စွာ ရေရွတ်၏။ ပြီးတော့ ဖုန်းခေါ်လိုက်ပြီး.. ၊

"ကျွန်တော်အစီရင်ခံစရာရှိလို့ပါမယ်တော်ကြီး.."

☎

အခန်း(၇၇)

"သား..သားနေမကောင်းဘူးလား၊ မျက်နှာလည်းမကောင်းပါ [illegible]"

"ကောင်းပါတယ်မေမေ.."

"မကောင်းဘူးအန်တီ..သူ့ခါးမှာဒဏ်ရာရလာတယ်.."

"ဟင်.."

ဒေါ်ယမုံခင် မျက်လုံးပြူးသွားသည်။ ကိုဇေက သျှန့်မျက်နှာကိုမ [illegible]ဘဲ ဖော်ကောင်လုပ်ပစ်သည်။ ပြီးတော့ ဘာဖြစ်လဲဆိုသည့်မျက် [illegible] သျှန့်ကိုပေစောင်းစောင်းကြည့်လိုက်သေးသည်။ ပြီးမှ.. ၊

"ဒဏ်ရာကမစိုးရိမ်ရပေမယ့်.."

"ဟော့ကောင်.."

"ဘာလဲကွာ..မင်းကိုယ်မင်း ပြုစုလို့မှမရတာ၊ ပြုစုပေးမယ့်သူတွေ [illegible]သိမပေးလို့ရမလား.."

"ဟုတ်တယ်..ဟုတ်တာပေါ့၊ ဘာဖြစ်လာတာလဲဟင်..ဘယ်နေရာ [illegible] ဘာနဲ့ခိုက်မိလာတာလဲ..တစ်ယောက်ယောက်ချောင်းမြောင်းလုပ် [illegible]က်တာလား.."

"ဟုတ်တယ်.."

"ကိုဖေ..မင်းပြန်တော့.."

"အေးပါ..ပြန်မှာပါ၊ အန်တီရော..ဒီမှာဆေးတွေ၊ မနက်က ဒေါက်တာလာလိမ့်မယ်နော်.."

ပြီးတော့ ဒေါ်ယမုံခင့်ကိုလက်ဆွဲခေါ်သွားပြီး ဘာတွေကပ် သွားမှာမှန်းမသိ။ မကြားရပေမယ့် သူသိပါသည်။ ကိုဖေအကုန်ဖော် လုပ်သွားပြီဟု.. ၊

"သား မေမေ့ကိုပြစမ်း.."

"ဘာမှမဖြစ်ဘူးမေမေ..ဆေးခန်းမှာပြခဲ့ပြီးပြီ၊ မေမေကြည့်လ ပတ်တီးနဲ့ပလပ်စတာပဲမြင်ရမှာ.."

"ပတ်တီးနဲ့ပလပ်စတာပဲ ကြည့်ချင်တာ..ပြပါဆိုသားရယ်.."

ဒေါ်ယမုံခင်က ဖွတ်တရွတ်အကျီဆွဲချွတ်သည်။ ဟာကျူလီ လာပြီး ဆေးနံ့တွေရနေပါသည်လို့ ပြောနေတဲ့အတိုင်း သူ့နှုတ်သီးနံ မှ အတင်းလိုက်နမ်းနေတော့သည်။ ပြီးတော့ လိုက်မော့ကြည့်နေ မျက်လုံးလေးတွေက သူလည်းစိုးရိမ်နေပါသည်လို့ ပြောနေတဲ့အင

"ဟိတ်ကောင်..သွားကွာ၊ ဘာလို့လျှောက်နမ်းနေတာလဲ.."

"သူလည်းသိနေလို့ပေါ့သားရယ်..မောင်းထုတ်မနေပါနဲ့၊ သ ပြန်နောက်ကျရင် မေမေနဲ့အတူ သားကိုစောင့်နေကျ.."

ပြောနေရင်း ပတ်တီးစည်းထားသည့်ဒဏ်ရာကို ငုံ့ကြည့်

"အမလေး..ပလပ်စတာအုပ်ထားရတာ အကြီးကြီးပါလ ရယ်၊ ဘုရား ဘုရား..အတွင်းသာနက်သွားရင်.."

"ဟာ..မေမေ့ သားဘာမှမှမဖြစ်တာ.."

ဒေါ်ယမုံခင် မျက်ရည်တွေချက်ချင်းပြည့်တက်လာကာ တ ပေါက်ကျကုန်ကြတာလည်း မြန်၏။ တဆက်တည်းမှာ ကတုန် တွေဖြစ်လာခဲ့လျက်.. ၊

"ရန်ငြိုးဆိုတာ အတုံ့အလှည့်တွေနဲ့ မပြီးဆုံးနိုင်ပါဘူးသ သားအဲ့လိုတွေကြုံလာမှာစိုးလို့ မေမေတားနေတာ.."

"ဘာမှမဖြစ်ဘူးမေမေ..အခု မိန်းမသားတစ်ယောက်ဆို ကြောင့် တစ်ချက်လေးအငိုက်မိသွားတာ.."



"သားကိုယောကျ်ားတွေကချည်း မုန်းနေမယ်လို့ ဘာနဲ့ခိုင်မာနေ ဘာလဲ..လူမုန်းများပြီဆိုရင် အမှောင်ထဲက ခုန်ထွက်လာမယ့်လက်နက် တွေက တုတ် ဓား ကျော်ခဲသလဲ အစုံပါမှာပဲ၊ အမြောက်ဆံလည်းပါချင် ပါမယ်..သားရေကွင်း လောက်စလုံးတွေလည်းပါမှာပဲ၊ ဘယ်လိုသတ္တ ဝါတွေ ဘယ်လိုလက်နက်နဲ့ တိုက်မယ်လို့ သားဘယ်လိုကြိုသိမှာလဲ.."

"မေမေစိုးရိမ်နေသလောက်ဖြစ်ရအောင် ကျွန်တော်ဘက်က အဲ့ သောက်ရမ်းကားထားတာ ဘာမှမရှိဘူး..ဒါပေမယ့် ကိုယ်မှာဓားရာလေး တစ်ချက်ထင်သွားရုံနဲ့ လန့်ဖျန့်ပြီးနောက်ဆုတ်ဖို့လည်း မစဉ်းစားဘူး မေမေ..ခုမှဘက်ညီသွားတာ၊ သူတစ်လှမ်းကိုယ်တစ်လှမ်းလှမ်းပေါ့.."

ဒေါ်ယမုံခင်မျက်ရည်တစမ်းစမ်းနှင့် ဘုရားပြေးရှိခိုးလိုက် သားကို ကြည့်လိုက်နှင့် တစ်ညလုံးအိပ်လို့မပျော်။ သျှန်လည်းသွားအိပ်ပါလို့ ခဏခဏပြောသေးသည်။ နောက်တော့ မေမေစိတ်ချမ်းသာအောင် အိပ်ပျော်သလိုလုပ်နေရင်း ဘယ်လိုအိပ်ပျော်သွားသည်မသိ။ သူနိုးလာ တော့ ကနုတ်က ညကမေမေထိုင်ခဲ့တဲ့ ဒရင်းဘက်ခ်ပေါ်မှာ စောင်းစောင်း လေးကွေးလေး.. ၊

"ဟိတ်.."

ဖက်လုံးနဲ့လွှဲရိုက်ပစ်လိုက်သဖြင့် ကနုတ်လန့်ဖျန့်ထထိုင်သည်။ သည် မနက်အာရုံတက်တော့မည်ဖြစ်ကာ မျက်တောင်တွေတဖျတ် ခတ်ရင်း ဖွင့်မရသည့်မျက်လုံးကို ဖွတ်ဖွင့်နေရပုံနှင့်.. ၊

"ဦးသျှန်သက်သာသွားပြီလား..ဒါဆို ကနုတ်သွားအိပ်တော့မယ်.."

သူမဘာသာဆုံးဖြတ်ပြီး စောင်လေးကိုလုံးထွေးပိုက်ရင်း ထရပ် ။ သူ့တစ်ကိုယ်လုံးပုပုထုထုကြီးဖြစ်နေလျက် ခါးကလည်းနာနေ ။ သူမကိုနှိုးတာတောင် ပက်လက်ကနေ ခေါင်းအုံးနဲ့လှမ်းရိုက်ရတာ သည်ဘူးလား.. ၊

"ကနုတ်ရောင်.."

"ဟင်.."

"ဒီထဲမှာဘာလုပ်နေတာလဲ.."

ကနုတ်က သူမအိပ်ခဲ့သည့်ဒရိုင်းဘက်ခ်နဲ့ သူ့ကိုကြောင်တောင် ပြန်ကြည့်သည်။ ခုထိအိပ်ချင်မပြေသေးဘဲ လွတ်နေတဲ့လိပ်ပြာ

က ကိုယ်မှာပြန်မကပ်သေးသလိုလို.. ။

"ဦးသျှန်ကိုစောင့်နေပေးပါလို့ အန်တီခိုင်းလို့လေ.."

"ငါဘာဖြစ်နေလို့လဲ.."

"နေမကောင်းလို့တဲ့.."

"တောက်.."

ဟင်.. ။ ဒေါသနဲ့ဆက်ဆံလေ့ရှိသူ၏ 'တက်'ခေါက်သံကြ
ကနုတ်ရောင်မျက်တောင်တွေ ပင့်ခနဲကပ်သွားသည်။ သူမမျက်လုံးက
သွားပါပြီ.. ။

"ဦးသျှန်အကောင်းကြီးဥစ္စာ..ကနုတ်က ထပ်စောင့်ရဦးမှာလ

"ငါ့နားမှာ မင်းလာအိပ်နေဖို့မလိုဘူး..ငါခိုင်းတာကိုလုပ်ပေ

ကနုတ်မျက်နှာလေး မသိမသာမဲ့သွားသည်။ ခုနက အန်တ
နိုးသည်။

"မိုးလင်းတော့မယ်သမီး..ဒီနေ့တော့ စောစောထလိုက်တော့
သမီးအစ်ကိုရန်ဖြစ်လာလို့ ဒဏ်ရာရှိနိုတက်ပြီး တစ်ယောက်တည်းခ
မှာစိုးလို့သမီးရယ်..သမီးသွားစောင့်ပေးနော်၊ အန်တီအရမ်းမူးနေလို့

ရန်ဖြစ်လာသည့်ဒဏ်ရာရလာသည်ဆိုတာတွေ ခုမှပြန်တွေး
မိကာ.. ။

"ဘာလုပ်ပေးရမလဲဟင်..ဒဏ်ရာရလာတယ်ဆိုတာ ဘယ်မှ

"ဒီမှာ ဓာတ်ဘူးနဲ့ရေနွေး မေမေထားခဲ့တာတွေတယ်..ဟို
ထည့်ပြီး ဒဏ်ရာဘေးကို ရေနွေးဖက်ကပ်ပေး.."

"အဲ့လိုလုပ်လို့ရလို့လား.."

"မင်းမရှုပ်ပါနဲ့.."

စကားပြောရင်း တဆစ်ဆစ်နာလာသဖြင့် သျှန့်မျက်နှာရှုံ့
သည်။ ဓားနဲ့ထိုးလိုက်တာက ကြားထဲမှာဖုန်းသာခံမနေခဲ့လျှင် န
သူရေခဲတိုက်ထဲရောက်နေနိုင်၏။ ကြောက်အားလန့်အားနဲ့ အင်
သွားတာလား..ဘယ်လောက်တောင်နာကျည်းနေလို့လဲဆိုတာ မ
မယ့် ဇင့်လုပ်ရပ်အပေါ်မှာ သူကြိတ်ခဲနာကျည်းခြင်းတော့ မဖြစ်
သူမဘက်က ရန်လိုလာခြင်းဟာ ကိုယ်ကရန်စခဲ့၍သာဖြစ်သ
တော့ သူမကနငယ်တဲ့မိန်းကလေးတစ်ယောက်.. ။



သူ့ရင်ထဲက ငြီးမာန်ဖွဲ့ခဲ့သည့်ပုံရိပ်တွေထဲမှာ သူမမပါပေ။ ပဲလော်
ဆားညပ်သလိုဖြစ်ခဲ့သည့် သူမအပေါ် နားလည်ဖို့ကြိုးစားရမည်။
လုံးတွေမှိတ်၍ ကိုယ့်အဖြစ်ကိုပြန်တွေးနေမိစဉ် တံခါးဖွင့်သံကြောင့်
ကြည့်လိုက်မိ၏။ ကနုတ်က ခုနပုံစံမဟုတ်တော့ဘဲ မျက်နှာကနေ
င်တွေကို အပြောင်သိမ်းပြီး ကျောနောက်မှာ စည်းချထားသည်။
တ်အင်္ကျီကနေအဖြူရောင်တီရှပ်လေးနဲ့စကက်ရှည်လေးဝတ်ထား၏။
သူမတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်မိရင်း စိတ်တိုသွား၏။

"ငါကတော့စောင့်နေတာ..မင်းကအင်္ကျီပြေးလဲ အလှပြင်လိုက်
တယ်.."

"ဟင့်အင်း..အလှမပြင်ပါဘူး.."

သူမက ကိုယ့်မျက်နှာလေးကိုပြန်စမ်းပြီး ခေါင်းခါ၍.. ။

"အိပ်ရာထရင် မျက်နှာမသစ်ဘဲ စိတ်ကမကြည် မျက်လုံးကမ
နဲ့..ပြီးတော့ ဘွားဘွားကသင်ထားတယ်၊ မိန်းမဆိုတာ အိပ်ရာထ
ကိုယ့်ဆံပင်ကိုအရင်ရှင်း ခိုင်အောင်ထုံးဖွဲ့ပြီး မျက်နှာသစ်..သရ
တ်တည်ရတယ်တဲ့.."

"ဟွန်း.."

သျှန်က မဲ့ကာ.. ။

"လာသေးတယ်..မတန်မရာတွေ.."

ကနုတ်ရဲဖြေရှင်းချက်လေးတွေ တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

"သရဏဂုဏ်ပါးစပ်ကရွတ်နေတိုင်း အဝိစိကလွတ်တာမဟုတ်ဘူး
ရင်ပြောထားလိုက်ဦး၊ ငါဘယ်သွားရမလဲသိချင်ရင် အပေါ်မော့
နဲ့..ကြမ်းဖြဲရှာလိုက်၊ အဝီစိထိ ဒိုးယိုပေါက်ပွင့်နေတဲ့လမ်းကြီးက
င်းသိရှိသွားရမယ့်လမ်း.."

"ဦးသျှန်တော်တော်ရိုင်းပါလား..လောလောဆယ် ဒဏ်ရာနဲ့ခုတင်
တက်နေတာ ဘယ်သူလဲ.."

"ငါလေ..အဲ့ဒါဘယ်သူလုပ်တာမို့လို့လဲ၊ မင်းအစ်မခြတ်ပန်းသဇင်"

"အယ်.."

ကနုတ်လန့်သွားတော့ သျှန့်မျက်နှာက စူပုတ်တွန့်မဲ့လျက်.. ။

"မြန်မြန်သွားလုပ်.."

"ဟုတ်.."

သူ့အစ်မကြောင့်ဖြစ်မှန်းသိတော့ ပြောင်းသွားတဲ့အရိုးကချက်
ပြီးတော့ အလုပ်လုပ်ရင်း စိတ်ကတခြားနှင့်.. ၊

"ဦးသျှန်ကို မမဘယ်လိုလုပ်ထည့်လိုက်တာလဲဟင်..ဟို.."

"ဘယ်လိုလုပ်ထည့်ထည့် ခင်ဗျားအပူမပါဘူး..မျက်လုံး
အောက်ကိုကြည့်လုပ်၊ အပူလောင်သွားမှ ခင်ဗျားကိုပြန်ပြုစု..ဟော

ပြောနေရင်း အမြင်မတော်ဖြစ်လာသဖြင့် ကမန်းကတန်း
တားရကာ.. ၊

"ဇလုံထဲ အဝတ်ကြီးပုံထည့်ပြီး လောင်းမချနဲ့လေ..ရေနွေး
ဘေးကန်ကုန်မှာပေါ့.."

"အား.."

သူပြောတာ နောက်ကျသွားသည်။ ကနုတ်လည်းရပ်လိုက်
မယ့် ခတ်ဘူးကိုစောင်းချလိုက်ပြီမို့.. ၊

"ပူလိုက်တာ..အား.."

"ကျွတ်.."

"တော်ပြီ..တော်ပြီ၊ သွား..အဲ့ဒါတွေဒီနားယူချပေး.."

"ရပါတယ်..နည်းနည်းပဲစင်သွားတာပါ.."

ရေနွေးတွေက အဝတ်ပေါ်ကနေ ပြန်စင်ပြီး သူမခါး
ရောက်ကုန်တာဖြစ်ကာ ဂရုတစိုက်ငုံ့ထည့်နေတော့ ကျောနောက်မှ
ထားသည့် ဆံနွယ်ရှည်တွေက ပခုံးစွန်းကိုကျော်၍ ဝေ့လွဲကျလာ
ရေနွေးထည့်ရင်း မျက်နှာလေးကလည်း မဲ့ချင်ချင်နှင့် ဇလုံထဲက
သည့် ရေနွေးပူက ရေစက်ချနေတဲ့အတိုင်း။ သျှန် ကိုယ့်လည်
ပွတ်နေမိရင်း ထိုင်မကောင်းထမကောင်းသည့် ကိုယ့်ဒုက္ခကိုပဲ
ထွက်မိတော့သည်။ တစ်ရေးပြန်နိုးကာမှ ဒဏ်ရာပတ်လည်က
ကျပ်ကျပ်ကြီးဖြစ်ကာ ပူပူကိုက်ကိုက်ဘယ်လိုဝေဒနာကြီးမှန်းမ

"အဲ့ဒါကိုရေနဲ့စပ်ပြီး.."

"ကနုတ်လုပ်တတ်ပါတယ်..ဖေကြီးနေမကောင်းရင် နဖူး
ပတ်ကပ်ပေးနေကျ.."

"ဘာဆိုင်လို့လဲ.."



"ဖေကြီးခြေလက်တွေကိုလည်း ရေနွေးပတ်လေးနဲ့ သန့်ရှင်းပေး
တယ်လေ..ဖေကြီးကို ကနုတ်ကိုယ်တိုင်ပဲပြုစုတာ၊ ဖေကြီးကလည်း
နေခုဖြစ်ရင် ဘယ်တော့မှလူမသိရဘူး..ဆေးတိုက်လည်းမသောက်
ချင် ဆေးလည်းမထိုးချင်..ဖေကြီးအတွက် ကနုတ်မရှိလို့ ဖြစ်ကိုမဖြစ်
ဘူး.."

ဒါလေးပြောပြီး ပျက်ကျသွားသည့်မျက်နှာက 'ခုကျတော့ အဖေ
ဘယ်လိုနေလဲ'လို့များ မေးလိုက်ရင် ဘာဖြစ်သွားမည်မသိ.. ၊

"ဦးသျှန်ဒဏ်ရာကနီနေတယ်..အနာရင်းနေပြီထင်တယ်.."

"ဟုတ်တယ်..နာနေတယ်.."

ရေနွေးဖက်လေးကိုရေညှစ်လိုက် ပလပ်စတာအုပ်ထားသည့်ဘေး
က ကပ်ပေးလိုက်နှင့် ကနုတ်ရဲ့မျက်နှာလေးက သူ့မျက်နှာအောက်မှာ
ရောက်လာလိုက် ပြန်ငုံ့သွားလိုက်နှင့်ဖြစ်နေသည်။ သူမကိုယ်က သနပ်ခါး
ရနံ့လေးကိုရနေသဖြင့် သနပ်ခါးလိမ်းလာသေးတာထင်ပြီး မသိမသာငုံ့
ကြည့်မိသေးသည်။ နှုတ်ခမ်းစိုသည့်ပါးပြင်လေးတွေက သနပ်ခါးမရှိ
သည့်အပြင် မျက်နှာသစ်လာကာစမို့ ပြောင်တင်းတင်းလေးတောင်ဖြစ်
နေသေးသည်။ ပြီးတော့ အပေါ်ကစီးမိုးကြည့်နေရသည့် နှာတံလုံးလုံး
လေးရယ် ထောင့်ချိုးလေးတွေပေါ်နေသည့်အပေါ်နှုတ်ခမ်းဖူးလေးတွေ
.. ၊ သျှန်မျက်နှာလွှဲပစ်လိုက်သည်။ ပြီးတော့ အဓိပ္ပာယ်မဲ့ဆံပင်တွေ
သိမ်းလိုက် လည်ပင်းကုတ်မိလိုက်.. ၊

"ဦးသျှန်သက်သာလားဟင်.."

"အင်း.."

"စားပွဲပေါ်မှာဆေးတွေရှိတယ်..ဆေးသောက်လိုက်ပါလား.."

"မသောက်ချင်ပါဘူး.."

"ဦးသျှန်ကို မမစားနဲ့ဘယ်လိုထိုးလိုက်တာလဲဟင်.."

သူမစကားတွေများနေတာ ဒါကိုမေးချင်လို့.. ၊

"မင်းကိုထိုးပြရမလား.."

သူဘေးပြောလိုက်တော့ မျက်တောင်ကော့လေးတွေ ပင့်တက်လာ
သည်။

"မမကသေးသေးလေးရယ်လေ..ဦးသျှန်ကကြီးပြီးတော့.."

"ဟာ.."

"အဲ့ဒါဘယ်လိုထိုးလိုက်တာလဲဆိုတာ.."

သျှန် သူမလက်ကိုတိုက်ဖယ်ပစ်လိုက်ကာ.. ।

"စကားမများနဲ့သွားတော့.."

ကနုတ်က လက်လေးဖယ်သွားတော့ သူ့မျက်နှာကိုမော့ကြ
သည်။ ထို့နောက် မလျှော့သောအဖွဲ့ဖြင့်.. ।

"ဦးသျှန်နဲ့မမနဲ့ချိန်းတွေ့ကြတာလား.."

"ဟုတ်တယ်.."

ကနုတ် ဟင်ခနဲဖြစ်သွားသည့်အသံမထွက်ပေမယ့် နှုတ်ခမ်း
ပွင့်မလိုဖြစ်သွားလျက်.. ।

"တကယ်.."

"အဲ့ဒီတော့ ဘာသိချင်သေးလဲ.."

"အဲ့ဒါဆို မမဒီလာပြီးကနုတ်ကို သတ်ဖို့လုပ်တာ မမလွှန်

သူမပြောဘဲကြည့်နေလိုက်သည်။ ကနုတ်က သူ့မျက်လုံး
ပြန်စိုက်ကြည့်ကာ.. ।

"ဦးသျှန်ကရော အန်တီစိတ်ပူအောင် ဘာလို့ညာနေတာလ
နေကြရင်လည်း မမကိုပဲခေါ်လာလို့ရနေတဲ့ဟာ.."

ကနုတ်မျက်နှာလေးမှာ အကြီးအကျယ်တွေးစရာ အံ့ဩစ
ဖြစ်နေခဲ့လျက် သူ့ကိုကြည့်နေရင်း ဒေါသထွက်စရာတွေ ထပ်ပါ
ကာ.. ।

"ခုတော့ မမစိတ်တိုပြီး လိုက်လုပ်သမျှ ကြီးကြီးထွတ်တို့
လုံးဒုက္ခရောက်ကုန်ကြပြီ..မမရောဦးသျှန်ရော တကယ်လွန်လွန်း

ကနုတ်ဖြစ်သွားပုံက ချက်ချင်းငိုချလိုက်တော့မလို။ အငေ
သေးသည့်ရေနွေးဇလုံကို ကောက်ယူပြီး ထဖို့ပြင်လိုက်လျှင် သျှန်
လက်လေးကို ဆွဲထားလိုက်ကာ.. ।

"နည်းနည်းဆက်တွေးကြည့်ဦး..ချိန်းတွေ့တာကို မားနဲ့
ထိုးချင်အောင် ငါဘယ်လိုတောင်ကဲခဲ့လဲလို့.."

ကနုတ်မျက်နှာလေး ရဲတွတ်သွားသည်။ ပါးပြင်လေးငေ
သောမျက်နှာလေးသည် စိမ်းမှောင်သောမျက်ခုံးတန်းလေးတွေ



ရင်ခုန်သံတွေကို တသိမ့်သိမ့်ဆွဲငင်နေခဲ့၏။

'ဒီကောင်မလေးကို မချစ်နဲ့..'

ကိုယ့်ကိုယ်ကိုအမြဲတမ်းသံပတ်တင်းထားခဲ့ပေမယ့် မကြည့်မိ
အောင် မျက်နှာလွှဲနေလို့ရသည်။ မြင်ယောင်ကျန်ရစ်ခဲ့ခြင်းကို ဖျောက်
ခင်လို့မရ.. ।

'ကောင်မလေးကို မတွေးနဲ့..'

သူ့အတွက်အရေးကြီးနေသည့် အရာရာနဲ့ဖုံးဖိမေ့ဖျောက်ဖို့ကြိုးစား
သော်လည်း ရင်ခုန်သံတွေဖြစ်လာပြီဆို အရာရာက သူမမှလွဲ၍ တခြား
မရှိ.. ।

"ဦးသျှန်ဘာလုပ်တာလဲ..ကနုတ်လက်ကိုလွှတ်.."

သူစိုက်ကြည့်နေသည့်ဒဏ်ကိုမခံနိုင်ဘဲ ကနုတ်အတင်းရုန်းမိ
သည်။ သူ့လက်ကိုဖယ်ချဖို့ကြိုးစားသည့် လက်လေးတစ်ဖက်ကိုပါ သျှန်
ဆွဲယူလိုက်ပြီး.. ।

"မင်းသေချာမသိသေးတာတွေ ပြောချင်လို့.."

"ဟင့်အင်း..မသိချင်တော့ဘူး၊ လွှတ်ပါ.."

သျှန်က သူမကိုယ်လေးပါအောင် ဆွဲယူလိုက်ပြီး ရင်ခွင်ထဲမှာ
သိမ်းပိုက်ပွေ့ဖက်ထားလိုက်ကာ.. ।

"မရုန်းနဲ့နော်..ကိုယ့်မှာဒဏ်ရာတွေရှိတယ်.."

"ရှင်လူလည်မကျနဲ့..ဟင့်အင်းလွှတ်၊ ကနုတ်အော်လိုက်မှာ.."

လှုပ်လို့မရအောင်သိမ်းဖက်ထားကာ သူမဆံနွယ်တွေကြားမှာ သူ့
မျက်နှာကိုဖိနှစ်တိုးကပ်ထားရင်း.. ।

"မေမေဝင်လာလည်း မင်းနဲ့ကိုယ်ဒီတိုင်းပဲရှိနေမှာ.."

"ဟင့်အင်း.."

ကနုတ်တစ်ကိုယ်လုံး ကျင်ခဲသွားသည်။ သူ့ရင်ခွင်ထဲရောက်သွား
ခြင်း သူမသတိလစ်သွားတာလား..ကြောင်တောင်ကန်းသွားတာလား..။
ဘာမှလည်းမသိ။ ဘာကိုမှလည်းမမြင်တော့ဘဲ သူ့အနမ်းများမှာ ကမ္ဘာ
ကြီးတစ်ခုဖြစ်သွားခဲ့ရလျက်.. ।

အဲ့ဒီလူကြီးကို မုန်းတယ်.. ।

☎

အခန်း(၇၈)

အာဏာသျှန်.. ၊

လူလူတီးတိုးရေရွတ်လိုက်သည်။ ထိုနာမည်ကို သူသိသည်၊ မည်ကြားတည်းက အထင်ကြီးအားကျခြင်းဖြင့် စွဲလာခဲ့သည့်နာမည် ထိုသူဟာ တစ်မျိုးလုံးတစ်ဆွေလုံး ဖိနှိပ်တုန်အောင်ကြောက်ရတဲ့ ဘွားကို လူဘုံအလယ်မှာ စိန်ခေါ်ရဲခဲ့တဲ့သူ။ ဒီနာမည်ကြားတဲ့သူ သူ့ကိုစိတ်ဝင်စားသွားသည်။ သိထားတဲ့လူတိုင်း အထင်တကြီးရှိ သည်။ သူဖြစ်ပျက်ရင်ဆိုင်နေရသမျှအားလုံးက ဒီလူနဲ့ပတ်သက် သည်တဲ့လား.. ၊

ဖြိုးခိုင်က သူ့မျက်နှာကိုစေ့စေ့ကြည့်နေရင်း.. ၊

"ဒါပေမယ့် မင်းစဉ်းစားကြည့်လိုက်..မင်းလျှောက်တဲ့လမ်း ဘယ်ချိုးညာကွေ့ မောင်းနှင်နေတာ ဘယ်သူမှမဟုတ်ဘူး၊ မင်း တိုင်.."

လူလူ ငူငူကြီးထိုင်နေလျက် ဘာမှမပြောနိုင်.. ၊

"မင်းဖြစ်ချင်နေတာတွေ ငါကဖြစ်ဖို့လမ်းပြတယ်..ခုန်ချချင် ခုန်တက်ချင်တာက မင်းပဲဆုံးဖြတ်ခဲ့တာ.."



ဒါလည်း သူ့မှာငြင်းစရာ စကားမရှိခဲ့။ သူ့တစ်ကိုယ်လုံးမှာ ဒဏ် ရာတွေပွနေသည်။ လူလိမ်ဆိုသည့်နာမည်လည်း သူ့ဗိုက်မှာရှိနေသည်။ တက်တူးထိုးထားတာလည်းမဟုတ် ဆေးရေးပန်းချီလည်းမဟုတ်။ ရဲရဲ တောက်သံပြားနှင့်အသားပေါ်မှာ ခပ်နှိပ်လိုက်တာဖြစ်သည်။

"အခု မင်းအဖေအချုပ်ထဲရောက်နေရတဲ့အထိဖြစ်တာလည်း.."

"ကျွန်တော့်ကြောင့်ပါ.."

"အိုခေ..မင်းတစ်ခုခုပြောသင့်နေတာကို ငါစောင့်နေတာ.."

"ကျွန်တော် အာဏာသျှန်ကိုမမုန်းပါဘူး..သူနဲ့လည်းမဆိုင်ဘူး.."

ဖြိုးခိုင်ကျေနပ်သွားသည်။

"တာဝတိံသာနဲ့အာဏာသျှန်ရဲ့စက်ကွင်းထဲမှာ မင်းတို့ပါနေပေမယ့် သူကယုတ်မာတဲ့သူမဟုတ်ပါဘူး..ခုလည်း သူ့အနေသာကြီးပါ၊ ပေမယ့် မင်းကိုအဲ့ဒီထဲက သူပြန်ဆွဲထုတ်ခဲ့တာ.."

"အဲ့ဒါမလိုပါဘူး..ကျွန်တော်.."

"ဆက်ပြောပါ.."

"ကျွန်တော်တခြားနေရာမှာပဲ သေသွားချင်တယ်.."

"မင်းသေရမှာမဟုတ်ဘူး..သေတာထက်ဆိုးမှာ၊ ဒီအလုပ်တွေနဲ့ ငြည်ရပ်ခြားမှာ ပြီးတော့ သူတို့အဖွဲ့မှာ မင်းကအပြစ်သားဖြစ်နေပြီ၊ ဆည်းတွေကို မင်းအမေဆီပြေးအပ်လိုက်တာ မင်းလုံးဝကိုမှားခဲ့တာ.."

လူလူ့မျက်နှာငုံ့သွားကာ မျက်ရည်တွေတပေါက်ပေါက်ကျလာကြ သည်။ မြင်ရတာတော့ ရင်နင့်ဖွယ်ပါ။ အသက်အရွယ်ရှိသလောက် အ ကြွယ်သောရှင်သန်မှုသည် ပတ်ဝန်းကျင်ဆိုတာ ပန်းချီကားချပ်တစ် သာ မြင်တွေ့ဖူးရုံထက် ဘာမှမပိုခဲ့။ ပိတ်လှောင်မှုတစ်ခုထဲကနေ ထွက်လွတ်လပ်ချင်စိတ်တစ်ခုတည်းနှင့် ဘဝကိုဖြတ်သန်းခဲ့သူ.. ၊

ဒီကလေးမျိုးတွေမှ မမှားရင် ဘယ်သူမှားမလဲ..။ လူတိုင်းဟာ ဘဝနဲ့ကိုယ်နေသားကျနေခြင်းမှာ ပြောင်းလဲချင်းမရှိတတ်ပေမယ့် မဟုတ်သည့် တခြားဘဝတစ်ခုအပေါ် စိတ်ဝင်စားခြင်း လွှမ်းမိုး ပုတ်ခတ်မိခြင်းစသည့် တစ်စုံတစ်ရာတို့မွှေနှောက်ရောယှက်လာ ရင်တော့ ကိုယ့်ဘဝနဲ့ကိုယ် ဘယ်လိုမှတည်ငြိမ်အေးချမ်းနိုင်တော့ တ်ပေ။ တာဝတိံသာဆိုသည့် သီးခြားအသိုက်အမြုံတစ်ခု၏ အ

စွန်းထွက်အတွက်အဆိပ်တို့ တခြားသို့ပျံ့နှံ့ရောယှက်လာခြင်းနှင့်ပတ်သ…
သော ပြောင်းလဲခြင်းသည်ကား.. ။

"ကျွန်တော်တို့တွေ လောဘကြီးသွားမိတာ.."

လူလူ့ထံမှ ရှိုက်သံရောသော စကားသံတို့ ခပ်အက်အက်ထွက်လာ
ခဲ့လျက်.. ။

"အထဲမှာ အဲ့ဒါတွေပါမှန်းမသိဘူး..ကျွန်တော်တို့ကို အဲ့ဒါ…
တောင် ခိုင်းနေပြီဆိုတာလည်း လုံးဝမသိဘူး၊ သူတို့ပိုက်ဆံတွေအများ
ကြီးပေးလို့ မကောင်းတာတစ်ခုခုပါနေမယ်ဆိုတာသိပေမယ့်.."

"ဘာဖြစ်နိုင်တယ်ဆိုတာရော ခန့်မှန်းမကြည့်ခဲ့ဘူးလား.."

"အဲ့ဒါလို့တွေးမိသေးတယ်..ကျွန်တော်တို့သုံးယောက်တည်း…
ခိုင်းတော့ ဖြစ်နိုင်မယ်လို့ မထင်တာ.."

မျက်ကွင်းလိုက်ညိုမည်းနီရဲနေတာတွေကြောင့် မျက်ရည်သ…
တော့ လက်ချောင်းထိပ်နဲ့တို့လိုက်ခါပစ်လိုက်ဖြစ်နေရှာကာ မျက်…
သုတ်သည့်လက်ခုံက ဒဏ်ရာတွေကိုပဲ ကိုယ့်ဘာသာပြန်မြင်ပြီး လူ…
ခပ်ကြိတ်ကြိတ်တက်ခေါက်၏။

"ကျွန်တော်သေသင့်ပါတယ်..မေမေ့ဆီလည်း မသွားချင်ဘူး၊ ခ…
လည်းမချမ်းသာချင်တော့ဘူး..ဘယ်ကရမယ့်ချမ်းသာခြင်းကိုဖြစ်…
မလိုချင်တော့ဘူး.."

တစ်ဖက်ခန်းမှာရှိနေသည့် သျှန်နဲ့ကျော်ခိုင်တို့က သူတို့…
မျက်မှန်မည်းကြီးနဲ့ထိုင်နေသည့် သိန်းအုပ်စိုးနဲ့မျက်နှာမူလျက်…
လူလူက သူနဲ့ဖြိုးခိုင်ပဲရှိနေသည်ထင်ကာ သူတို့စောင့်နေသည့်လူ…
ရောက်မလာသေးဘူးပဲ သိထားတာဖြစ်၏။ ထို့ကြောင့်.. ။

"အာဏာသျှန့်ကို ကျွန်တော်မမုန်းဘူး..ဒါပေမယ့် ကျွန်တော်…
ဒီဘက်ပြန်ရောက်အောင် လုပ်လိုက်တာကိုမကျေနပ်ဘူး၊ ဒီဘ…
လည်း ကျွန်တော်ငရဲကျမှာပဲ.."

"မင်းကိုယ်ပေါ်က အပ်ချစရာမရှိအောင်ရထားတဲ့ဒဏ်…
ထက် ပိုဆိုးဖို့ရှိတာလား.."

"ဒါတွေနဲ့ကျွန်တော့်ကို လူကောင်းလို့ဘယ်သူက သတ်မ…
လဲ.."



"လူတွေတစ်ခုခုသတ်မှတ်ပေးတာကို ဘဝထက်အရေးထားနေဖို့
…လို့လားလူလူ..တခြားလူတွေလည်း မင်းတို့ငါတို့လိုပဲ လူတော်တွေ
…ည်းလုပ်ပဲ..လူညံ့တွေလည်း လူတွေပဲကွ၊ မင်းတို့သူတို့ခိုင်းတာ လုပ်
…လိုက်..အဲ့ဒီမှာ ကန့်သတ်ချက်ရှိလိမ့်မယ်၊ မင်းအဲ့ဒါကလွတ်မြောက်
…င်တောင့်ထား..ကိုယ့်အန္တရာယ်ကိုကြည့်ရှောင်.."

"အာဏာသျှန့်ကြောင့် ကျွန်တော့်ကိုဒီဘက်ပြန်လွှတ်လိုက်တာ
…သူတို့ကျွန်တော့်ကို ထောင်ကျအောင်လည်းလုပ်နိုင်တယ်၊ သေ
…အောင်လည်း သတ်နိုင်တာပဲ..ကျွန်တော့်အတွက် ဘာမျှော်လင့်ချက်ရှိ
…သဲ.."

တိတ်ဆိတ်စွာရှိနေကြသည့်တစ်ဖက်ခန်းထဲက သိန်းအုပ်စိုး၏
…မှာ ခပ်မဲ့မဲ့တွန့်သွားသည်။ ပြီးတော့ အေးစက်သည့်အပြုံးနှင့်.. ။

"ဒီကောင်သိပ်မအဘူးပဲ.."

"ချုံးပွဲချငိုနေတဲ့ချာတိတ်တစ်ယောက်ကို မအဘူးပြောနေတာ
…"

သိန်းအုပ်စိုးအကြည့်တွေ သျှန့်ဆီရောက်လာသည်။ ပြီးတော့ အ
…ကြီးတိတ်နေ၏။ နှုတ်ခမ်းမှာ ကြည်လင်မှုမရှိသော အပြုံးတစ်ရပ်
…လာပြီး.. ။

"ဘယ်လိုလဲ..သူဘယ်လောက်'အ'သလဲပေါ့မှာ မင်းနဲ့ငါဒိုင်လုပ်
… အမှတ်ပေးကြမှာလား.."

သျှန်ကအသံမထွက်ဘဲ သွားတွေပေါ်အောင် ရယ်၏။

"နေပါဦး..မင်းကရော ကိုယ်ကိုယ်တိုင်ဆွဲချပြီး အခုပြန်တင်ဖို့လုပ်
… ပြီးတော့ အဲ့ဒါငါပဲဆိုပြီး ဖော်ကောင်လုပ်ပြန်တယ်..ဘာလဲ မင်း
…ယ်က ဟီးရိုးဖြစ်ချင်တယ်လို့ ပြောသံမကြားဘူးပါဘူး.."

မကျေနပ်တာကြောင့်လား..သူငယ်ချင်းမို့ပွင့်လင်းတာလားမသိ။
…အုပ်စိုးက တည့်တည့်မေးသည်။ သျှန်ကလည်း မျက်နှာမပျက်..၊

"လူတိုင်း ကိုယ်ထင်ရာကိုယ်လုပ်ခွင့်ရှိတာပဲကွ..ငါ့စိတ်ကူးထဲမှာ
…ချင်နေတယ်ဆိုတာ ပြောချင်မှပြောမှာပေါ့.."

"ဒါပေမယ့် မင်းကတော့ သူများလုပ်ခွင့်ရှိတာတွေပါ လိုက်ပိတ်နေ
…ဲ..ကိုယ့်ကိုယ်ကိုလည်း ပြန်တွေးဦး.."

"ဘာလဲ..မင်းက ဒါကိုအီလယ်လယ်လုပ်လိုက်ရတာလား.."

"ဒါကတော့ ဆီးဝမ်းလေမှန်တော့ ဘယ်ဟုတ်မလဲကွ..ငါ့မှာလည် ငါ့အထက်လူကြီးရှိသေးတယ်၊ မင့်ကောင်မလည်ဘဲရှုပ်ထားတာ မင်းမှမသိဘဲ.."

မျက်မှန်ကြီးတပ်ထားသည့်နောက်မှာ မျက်လုံးထဲမှာ ဘာစာ နေသလဲမသိပေမယ့် သိန်းအုပ်စိုးက အပြုံးအရယ်နည်းသူဖြစ်ကာ ဒီ နဲ့ပတ်သက်ပြီး သူ့ဘက်မှာဘယ်လောက်ခက်ခဲနေမှန်းလည်း သူ့မျ နှာမှာပေါ်နေသည်။ ပြောနေရင်း မျက်မှန်ကြီးတပင့်ပင့်နှင့်.. ၊

"သျှန်..မင်းနဲ့ငါပြီးပြီနော်၊ မင်းလိုချင်တာ ငါသိတယ်..ငါလ ငါပေးနိုင်တာ ငါပြောပြီးပြီ၊ ဒီကောင့် နောက်ကြောင်းထိ မင်းမ တော့.."

"အေးပါ..မင်းကိုလည်းကျေးဇူးတင်တယ်၊ ငါနောက်ထပ်ဝင် တော့ဘူး..သူမြန်မာပြည်ထဲမှာ ရှိနေရမယ်၊ မင်းပယောဂနဲ့သူတ မဖြစ်ဘူးဆိုရင်ရပြီ..လူတစ်ယောက်က လဲနေရင်ပြန်ထရမယ်၊ တွ ကျနေရင် ပြန်တက်ဖို့ကြိုးစားရမယ်..ငါဖြစ်စေချင်တာက ဒီချာ သူစိုးဂျပိုးလေးဖြစ်သွားပြီဆိုတာပဲ၊ ဒါပေမယ့် ဘဝဆုံးတဲ့အထိ မျ မလား..သူ့ဘက်မှာကြိုးစားခွင့်ချန်ခဲ့ချင်တယ်.."

"ရှောင်မနေနဲ့ဟော့ကောင်..မင်းဟီးရိုးဝင်လုပ်တာ ရှင်းနေ ငါကတော့ မင်းနဲ့ငြိနေတဲ့အတွက် ဒီကောင့်ကိုလက်ရှောင်မယ်.. မယ့် ငါ့ပစ္စည်းအတွက် တန်ရာတန်ကြေးသူပေးနိုင်မှ.."

နံရံတစ်ဖက်ခြားပြီး နှစ်ဖက်ရှိနေကြကာ ဖြိုးခိုင်နဲ့လူလူတို့ မှု သူတို့ကသိနေရကာ လူလူတို့ကတော့ ဘာမှမသိကြပေ.. ၊

"ငါပြန်မယ်.."

"ကိုကြီးဖြိုး..သူတို့လာအောင်မစောင့်တော့ဘူးလား.."

ဖြိုးခိုင်ထရပ်လိုက်တာနှင့် အားကိုးမဲ့သွားသလို လူလူမျာ ထဖြစ်သွားပုံက သနားဖွယ်ပင်။ ထို့ပြင်.. ၊

"ကျ..ကျွန်တော့်ကိုသိန်းကိုးထောင်ပြန်တောင်းတဲ့ကိစ္စ ကျွန် ဘာလုပ်ရမလဲ၊ ပြောခဲ့ပါဦး.."

"ငါလည်းမသိဘူး.."



စိတ်မကောင်းစွာ ခေါင်းခါလိုက်ရကာ.. ၊

"အသက်ထက် တန်ဖိုးကြီးတာမရှိဘူးမို့လား..သူတို့မင်းဘဝကို ချိုးပစ်မယ့်ထဲက ငွေရရင်လူလွှတ်မယ်ဆိုတာ ကျေနပ်စရာပါ၊ ဒီကိစ္စ ကြောင့် တစ်ဖွဲ့လုံးခြေရာဖျောက် အလုပ်ပျက်ကြတာတွေကို သူတို့က ချော်ပစ်လိုက်ရတာ.."

ဒီလောက်တော့ မင်းပြန်ပေးလိုက်ပါလို့ ဆိုလိုတာလား..။ သူ့မှာ ဘယ်ကရမှာလဲ..။ ငွေကအသက်လောက်တန်ဖိုးမကြီးဘူးလို့ ဘာလို့ ပြောကြတာလဲ..။ သူ့ကိုမသေရုံတမယ် နှိပ်စက်နေကြတာ ငွေအတွက် ဆိုတဲ့ရင်ဘာလဲ..။ ဒီဒဏ်ရာတွေနဲ့ သူသေသွားခဲ့ရင်ရော ငွေကြောင့် ဆိုတဲ့ရင် ဘာကြောင့်လဲ.. ၊

"ကိုကြီးဖြိုး.."

ဖြိုးခိုင်ထွက်သွားရာကို လူလူကအတင်းလိုက်ဆွဲပြန်ကာ.. ၊

"ကျွန်တော့်မိဘက ချမ်းသာပေမယ့် ကျွန်တော့်ကိုတောင် ငွေပေး ခဲ့တာမဟုတ်ဘူး..ပြီးတော့ ကျွန်တော့်ကိုအမွေဖြတ်လိုက်ပြီ၊ ဒီငွေ ဘယ်ကဘယ်လိုရှာရမလဲ.."

"ဖြုန်းတောင်ဖြုန်းတတ်ရင် ရှာလည်းရှာနိုင်ရမယ်.."

စကားသံသည် ဖြိုးခိုင်ဆီကမဟုတ်ပေ။ လူလူနောက်လှည့်ကြည့် လိုက်တော့ ကနုတ်မင်္ဂလာပွဲတုန်းက မြင်ဖူးလိုက်သည့်ပုံစံအတိုင်း နက် သောဝတ်စုံနှင့် ဆံပင်တွေကို နဖူးကနေသိမ်းလှန်ဖြီးထားသည့် အာ သျှန်..။ အဆောက်အဦးထဲ ဘယ်လိုရောက်နေသည်မသိပေမယ့် ကိုမြင်လိုက်သည့်အချိန်မှာ ပြောချင်တာတွေ မေးချင်တာတွေ ပြီး မှန်းသည့်စိတ် နာကျည်းမိခဲ့သည့်စိတ်ကူးအားလုံးတို့ဖြင့်.. ၊

"ခင်ဗျားက အာဏာသျှန်.."

ညီအစ်ကိုတော်ကြသည်။ ဒါပေမယ့် သူ့ကို 'ကျွန်'မသား၊ ကျွန် ခြမ်းနဲ့ မျိုးမစစ်ကောင်လို့ ဘွားဘွားပြောခဲ့သည်။ ဒါပေမယ့် မှာ 'ကျွန်'ဆိုသည့်အရောင်က ဘယ်လိုသီးခြားတည်ရှိနေခဲ့သလဲ၊ င်းဆုပ်မရအောင် နာကျင်နေသည့်လက်ချောင်းတွေကို မရဲတရဲ ကြည့်မိသည်။ ကုန်းလို့ကော့လို့မရအောင် နာကျင်နေဆဲ ရင်ဘက် လိမ်ဆိုသော အသားတံဆိပ်ကြီးကို အသက်ပြင်းပြင်းရှူလိုက်ရင်း

ခံစားကြည့်ရှုသည်။

'လူလိမ်'လို့ စာတမ်းကပ်ခံထားရတာ ဘယ်သူလဲ..။ မဟာ
ဟာသွေးဆိုတဲ့ လူမင်းရာဇာဘယ်မှာလဲ..။ သူ့မျက်လုံးတွေက သျှန့်
နာပေါ်မှာ စူးစိုက်ငေးမောနေခဲ့လျက်.. ।

"ခင်..ခင်ဗျား ကျွန်တော့်ကိုဘာဖြစ်စေချင်တာလဲ.."

"လူဆိုးလူမိုက်.."

လူလူမျက်ရည်တစ်ချက် ဝေ့သွားခဲ့လျက် အံကြိတ်သည်။
က မတည်မပြုံးကြည့်နေရင်း.. ।

"မင်းလျှောက်ချင်တဲ့လမ်းကို မင်းကိုယ်တိုင်ရွေးတာ..ခလုတ်
တာ နွံနစ်တာ မင်းနဲ့ပဲဆိုင်တယ်၊ မင်းကိုယ်ကိုမင်းကိုယ်တိုင်မ
အဲ့ဒီနေရာကနေ မင်းဘယ်တော့မှ ရှေ့တိုးခွင့်မရနိုင်တော့ဘူး.."

လူလူက သူ့ကိုကြည့်နေရင်း မဲ့လိုက်သည်။ ငိုလွယ်ပေမယ့်
ရှိုက်ခက်တာ မငိုရတဲ့သူတွေမသိနိုင်။ သိချင်လို့ ငိုကြည့်ချင်တဲ့လူ
ရှိမှာမဟုတ်။ ဒါပေမယ့် သူငိုကြည့်ဖို့ကြိုးစားခဲ့သည်။ ငိုလည်းငို
ပြီဖြစ်ကာ.. ।

"အခု ခင်ဗျားဖြစ်စေချင်တာ ဖြစ်နေပြီဆိုတော့ ပျော်သွားပြီလ

"ဘယ်ပျော်မလဲ..မင်းကငါ့အတွက် ကြမ်းတုံးပဲရှိသေးတာ၊
မယ့် မင်းကပျော့လွန်းတယ်..ငါ့အတွက် အသုံးမတည့်ဘူး၊ မင်း
မင်းလည်း ဖျက်ဆီးတယ်..ငါရေးတဲ့ဇာတ်က တန်ပိုမြင့်မလာဘဲ
ကျသွားတယ်၊ ငါမင်းကို ဒီပုံစံနဲ့မြင်ချင်တာမှမဟုတ်ဘဲ.."

"ဒါကြောင့် ကျွန်တော့်ကိုမြန်မာပြည် ပြန်ရောက်အောင်
ပေါ့.."

သျှန်က ဖုန်းဝင်လာတာကိုထုတ်ကြည့်ပြီးမှ ဖြတ်ချလိုက်ပြီး
ထဲပြန်ထည့်သည်။ သူ့ပုံစံသည် သွေးအေးတည်ငြိမ်လွန်းခဲ့လျက်

"ရေနစ်နေတဲ့ကြွက်ကို ကမ်းပေါ်ထိုးကော်တင်လိုက်ရုံပဲ..
တာက မင်းကိုဘယ်သူမှမကူညီဘူး.."

ပြောပြီးတာနှင့် ချက်ချင်းဆက်လျှောက်၏။ သူ့နောက်က
ခိုင်တို့ပါသွားကြကာ.. ।

"အာဏာသျှန်.."



ကိုယ့်ထက်အသက်ကြီးမှန်းသိပေမယ့် ကျန်ခဲ့ပြီးမှ အမိအရလှမ်း
င်း ပြောလိုက်မိသည်။ သျှန်ကလှည့်မကြည့်ဘဲ ရပ်စောင့်နေ၏။
စ်ဖက်ထော့နဲ့ပြေးလာပြီး သျှန့်နောက်မှာပဲရပ်ကာ.. ।

"ခင်ဗျားကြောင့်လို့ ကျွန်တော်မတွက်ဘူး..ဒါပေမယ့် ခင်ဗျားကို
ယ်.."

ပြုံးမလိုဖြစ်သွားသည့် သျှန့်မျက်ဝန်းတို့မှာ ရယ်မြူးရိပ်ဆင်လျက်၊

"နေပါဦး.."

သူခြေလှမ်းပြင်လိုက်တာနှင့် လူလူကတားဆီးရင်း သူ့ရှေ့ကျော်
ရပ်ကာ.. ।

"ခင်ဗျားအပေါင်းအသင်းတွေနဲ့ ကျွန်တော့်ကိုမုဆိုးရှေ့ရောက်
င် တောခြောက်သလို ခြောက်ထုတ်တယ်..ခုကျမှ ခင်ဗျားက လှ
ကြက်ပြတာ ဘာလုပ်တာလဲ.."

ဆောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေထည့်လိုက်ပြီး သျှန်ကလူလူ့
ာကို စူးစိုက်ကြည့်သည်။ ပြီးမှ.. ।

"မင်းသေရင်တောင် ကိုယ့်ကိုယ်ကိုဘာလက်နက်နဲ့သေမှန်း မသိ
နိုးလို့.."

ပြီးတော့ မျက်နှာချင်းနီးအောင် ခပ်ငုံ့ငုံ့တိုးလိုက်ပြီး.. ।

"သိပ်ပျော့မနေနဲ့လူမင်းရာဇာ..နာမည်ကိုအားနာဦး.."

ပြောရင်း ရှေ့တိုးသည်။ လူလူ့ကိုတိုးတိုက်သွားမလိုခြေလှမ်းက
င်းချိတ်မိကာမှ လွတ်ရုံလေးတိမ်းရှောင်သွား၏။ အားလုံးကိုမှန်
ပ်၏နောက်ကွယ်ကနေ ရပ်ကြည့်နေသည့် သိန်းအုပ်စိုးက
က်နေသည့် စီးကရက်ကို ပစ်ချသည်။ ထွီခနဲထွေးလိုက်တာ ဘာ
မသိဘဲ စီးကရက်ကိုဖိနင်းချေ၏။ ပြီးတော့ ခပ်ကြိတ်ကြိတ်ဆဲ

ဘာလဲ..လူမင်းရာဇာ..။ ဒီလိုကောင်ကို ဘယ်လိုမိဘက ပေးထား
ါနာမည်.. ।

## အခန်း(၄၈)

"ဟုတ်တယ်..လူမင်းရာဇာ၊ ဒါပေမယ့် သူ့ကိုအဲ့ဒီနာမည်ဘ
မှမသိဘူး..လူလူပဲသိတယ်၊ ကိုယ်လုံးသွယ်သွယ် အရိပ်မနိမ့်မမြင့်
ဖြူ.."

"ဟဲ့..ဓာတ်ပုံမှာ နာမည်တပ်ဖို့ဆိုတာ ငါ့သားအတွက်ရော
တွက်ရော ဘယ်လောက်အန္တရာယ်များသလဲ နင်မသိဘူးလား..
နင့်မှာ ဘယ်လောက်တောင်အလုပ်တွေများနေလို့ ဓာတ်ပုံတွေ
ရတာလဲ..ဘယ်သူကဘယ်လောက်တောင်ပေးလို့ လူပျောက်တွေ
ရှာပေးနေတာလဲ၊ အဲ့ဒီဟာတွေအကုန်ဘေးချိတ်ထားပြီး ငါ့သား
ပေးစမ်း.."

"..................."

"ဒီမှာဟေ့..ငါ့သားကိုငါ့ဆီရောက်အောင်ပို့ပေးရင် နင့်ကို
တာထက် ငါးဆတိုးပေးမယ်၊ ငါ့သားဘယ်မှာရှိနေတယ်ဆိုတာ
ရင်ကို အဲ့ဒီအတိုင်းပေးမှာ..ငါ့ကိုခုချက်ချင်းအရေးကြီးရှာပေး..

"................."

"အံမာ..လောဘကြီးလှချေလား၊ အေး..ပေးမယ်၊ ငါ့သား



ဖြတ်ထားလို့ ငါဘာမှလုပ်လို့မရဘူး..ငါ့သားကိုယ်မှာမှဲ့တစ်ပေါက်ရှိရင် ငါ့ဆီပြန်ခေါ်လာပေး၊ နင်ပြောတဲ့အတိုင်း တစ်ရွေးသားမှမလျှော့စေရဘူး.."

ဖုန်းပြောနေရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာ ဘယ်နှစ်ကြိမ်မှန်းတောင် မသိတော့ပေ.. ၊

ငါ့သားလေး.. ၊

"လူလူ့ကို မဲဆောက်မှာတွေ့ခဲ့တယ်.."လို့ သတင်းရထားသည်။

"ဘယ်လိုပုံပေါက်နေမှန်းမသိဘူး..မှတ်တောင်မမှတ်မိဘူး.."လို့တောင် ပြောသွားသေးသည်။ သတင်းပေးတဲ့လူက ဆွေမျိုးမကင်းထဲက သားအကြောင်းမေးချင်လွန်းလို့ နှုတ်ခမ်းကိုက်ထိန်းချုပ်နေရတဲ့အထိ ခဲ့ရသည်။ သားကိုအမွေဖြတ်ထားခဲ့သည်။ သားဘယ်လောက်ထိ လိုဘဝမျိုးရင်ဆိုင်နေရပေစေ သူ့အပြစ်အတွက်ပြတ်သားစွာ ဖြစ်ပေးထားသည့်မျက်နှာမျိုးနှင့် ဟန်ဆောင်နေရသည်။ ရင်ထဲမှာတော့ မှိုင်ငိုကြွေးနေရလေသည်။

ဘယ်လိုဘဝကဝင့်ကြွေးတွေလဲ..။ သားကမိုက်ဓာတ်ခင်းသွားပြီး ထောင်ကျမယ့်အဖြစ်နှင့် တခြားရောက်နေသည်။ လင်နဲ့သားကို ည်းပေါက်မတတ်ချစ်ပေမယ့် ခေါင်းအုံးပေါက်အောင်ငိုခွင့်မရ။ မှာစည်းစိမ်ဥစ္စာတွေ ဇယ်တောက်ကစားလို့ရတဲ့အထိ ကြွယ်ဝချမ်းမယ့် လင်ကိုလည်းမထုတ်နိုင်။ သားကိုလည်းပြန်မရ.. ၊

"ဘယ်သူ့ကြောင့်မှမဟုတ်ဘူး..ဒါကျွန်တော်တို့ပြုခဲ့တဲ့ ဘဝင်းက မကောင်းမှုကြေးပဲ.."တဲ့.. ၊

မောင်ဖြစ်သူပြောတာကို မကြာခဏသတိရပေမယ့် သတိရတိုင်းသွက်မိသည်။ ဒါတွေကို အစပျိုးခဲ့တာဘယ်သူလဲ.. ၊

အာဏာသျှန်.. ၊

သင်းကိုမသတ်ရမချင်း ဉာဏ်ရှိသရွေ့ကြံမည်။ အခွင့်ရှိသမျှကြိုးည်။

"ငါအသက်ရှင်နေသရွေ့ နင့်ရဲ့ရှင်သန်မှုကို ဖျက်ဆီးမယ်..နင့်ထက်မသေခဲ့ဘူးဆိုရင် မနက်ဖြန်တိုင်းက နင့်အတွက်မသေချာဘူးဆိုတ်ထားလိုက်၊ 'ကျွန်'မသား အယုတ်တမာကောင်.."

ဘယ်လိုမှထိန်းချုပ်မရတော့ဘဲ ဖုန်းကိုင်သည့်လက်နှင့် ခေါင်းကိုယ်ထုၡ တအားအော်ဟစ်နေမိသည်။ ဒါနဲ့တောင် ဘယ် ဖြေရာမရနိုင်ခဲ့သည့်အဖြစ်သည် မပင်္ကာမြေလူးသလို သူမဘဝထပ် ခဲ့ပြီလားဆိုတာ မသိ.. ၊

"ဒွေးတော်.."

မိုးချုပ်နေမှ ဇင်ရောက်လာပုံက ဝတ်စားပုံသေသပ်နေသေး ချွေးစို့နေသည့်မျက်နှာမှာ ကျိုးကန်းတောင်းမှောက်မျက်လုံးတွေ

"နင်လည်းအသုံးမကျဘူး.."

ဒေါ်မြပုလဲဖြူ လှည့်အော်လိုက်သဖြင့် ခေါင်းလည်းညိတ် မျက်ရည်တွေလည်း ဝေ့လျက်.. ၊

"ဟုတ်တယ်..ဇင်အသုံးမကျပါဘူး၊ နောက်ထပ်ကြိုးစားခွင့် တယ်ဒွေးတော်..ဒီတစ်ခါ သူမသေရင်ကိုယ်သေပဲ၊ ပထမဆုံးအ ပျာသွားခဲ့တာ..နောက်တစ်ခါဆို မဖြစ်စေရဘူး.."

"နင့်လိုပဲနေမှာပေါ့မြတ်ပန်းသဇင်ရယ်..အာဏာသျှန့်ကို နေလို့လဲ၊ ဒီကောင်ကအလွှာပေါင်းစုံနဲ့ပေါင်းတယ်..သူ့မှာစရိုက် စုံရှိတယ်၊ လူကြီးလူကောင်းလိုနေပြရမလား..ကလိန်ကကျစ် ချင်းယှဉ်မလား၊ မိုက်ပြတိုက်ပြရမလား..သူဂရုစိုက်တာဘာမှမရှိ တွေကို ငါအားလုံးစုံစမ်းထားလို့ နင့်ကိုအားကိုးခဲ့တာ..မိန်းမကြံ ခံနိုင်မှာလဲဆိုပြီး.."

ဇင်အံလေးကြိတ်ထားလျက် ငိုင်ကျသွားသည်။ ဒွေးတော် မှန်တယ်။ ဒီတိုင်းလုပ်လို့သင်ပေးလိုက်တဲ့အတိုင်း အာဏာသျှန် အနားကို တန်းရောက်လာခဲ့သည်။ ဒါပေမယ့် သူမလွဲချော်သွ သည်။

"နင့်ကိုသူနောက်ထပ်ကြံစည်ခွင့်ပေးတော့မှာ မဟုတ်ဘူ တော့ဇင်၊ ငါ့အလုပ်ငါလုပ်မယ်..ညည်းလည်း.."

"ဇင်ဘာမှလုပ်လို့မရတော့ဘူးဒွေးတော်..မေမေ့ကိုလည် တွေ့ရဲတော့ဘူး၊ ဘဘကျော်တို့လူတွေ မေမေ့နားမှာရှိတယ် တစ်ခါတွေ့တာ ခွေးမောင်းသလိုမောင်းထုတ်တယ်၊ သူတို့က သဘက ကျေးကျွန်တွေမဟုတ်ဘူးလား..ဇင်ကသုခိတာစံအိမ်



ညည်းသော မျိုးဆက်သွေး၊ ဇင့်ကိုဘာဖြစ်လို့ မောင်းထုတ်ရဲတာလဲ.."

"ညည်းကအမွေခံသမီးမှ မဟုတ်တော့ဘဲ.."

ဒေါ်မြပုလဲဖြူမျက်နှာနှင့်လေသံသည် စိတ်နဲ့ကိုယ်မကပ်တော့ သည့်အတိုင်း လေသံပျော့သွားလိုက် တင်းမာလာလိုက်။ မျက်နှာတစ် ခြင်လုံးက လျော့ရဲပြေကျသွားသည်ရှိလျက် တင်းမာနီမြန်းကာ ဆတ်ခ နေ့လာသည်လည်း ရှိကာ.. ၊

"ငါ့သားလေးက ညည်းထက်ဆိုးတယ်..အခု ဖုန်းလည်းထပ်မ ဆက်တော့ဘူး၊ ဘာသတင်းမှလည်း မရတော့ဘူး..အမွေဖြတ်လိုက်တာ သိသွားလို့ စိတ်နာသွားတာလား၊ တစ်ခုခုများ.."

"မမကြီးရှင့် ခြံရှေ့မှာတာဝတီသာက ဘဘကြီးတို့ရောက်နေပါ တယ်.."

ဘယ်သူလာလာ ခြံထဲမဝင်ခင် ကြိုအကြောင်းကြားလို့မှာထားသ ဖြင့် မကြည်သန်းနောက်ထပ်ပါးရိုက်မခံရရေးအတွက် အပြေးအလွှား လာပြောတာဖြစ်သည်။ ဒေါ်မြပုလဲဖြူမျက်လုံးပြူးသွားသည်။ ဇင်ချက် ချင်း ဟိုပြေးရမလို ဒီပြေးရမလိုဖြစ်သွားကာ.. ၊

"ဒုက္ခပဲ..အဲ့ဒီလူကြီး ဇင့်ကိုသတိပေးထားတာ.."

"အခန်းတစ်ခုခုထဲဝင်နေလိုက်.."

"ဟုတ်.."

ဇင်အပြေးအလွှားထွက်လိုက်ပြီးမှ.. ၊

"မဖြစ်ဘူး..ဖိနပ်ချွတ်မှာ ဇင့်ဖိနပ်ရှိတယ်၊ အဲ့ဒီလူတွေဇင့်ကိုရှာမှာ .."

ပြောလိုက်ရင်း လေ့ကားကနေ တအားပြေးဆင်းလေသည်။ ကော်ဖေးတံခါးကနေထွက်၏။ ဦးကျော်ဆွေတို့မှာ လူငါးယောက် ခန့်ရှိသည်။ ခြံထဲမှာနေခဲ့တဲ့လူတွေရှိသလို အိမ်ပေါ်ထိပါပြီး ခပ်လှမ်း လှမ်းမှာစောင့်နေတဲ့လူတွေလည်း ရှိကြသည်။ ဇင် ချက်ချင်းခြံထဲကနေ ထွက်မပြေးဝံ့ဘဲ ကားဂိုဒေါင်အပြင်ဘက်မှာ နှစ်စီးတွဲရပ်ထားသည့် PRADOနဲ့ BMWကြားထဲ ဝင်ပုနေလိုက်သည်။ သူမပုန်းလိုက်တာ တစ်ချက်လေးပဲဖြစ်ကာ ဦးကျော်ဆွေတို့ရဲ့ အဲရ်ဖက်အဖြူရောင်ကား ပေါ်တီကိုအောက်မရောက်တရောက်မှာ ထိုးရပ်သွားပြီး.. ၊

"ကိုပေါ..မင်းဒီမှာစောင့်နေခဲ့၊ ကိုမြင့်မော်က မျက်လုံးသိ ကောင်းဘူး..ကားရောက်လာရင် ဟိုနောက်မှာသေချာထိုးပေးလိုက်.."

ဦးကျောက်ဆူးမျက်နှာက တင်းမာနေသည်။ မလိုအပ်ဘဲပြော သည့် ခြံစောင့်ရဲ့ယောင်နနပုံစံကို ဒေါသလည်းထွက်သည်။ မသ လည်းဖြစ်မိ၏။ ထို့ကြောင့် အိမ်ထဲကိုတန်းဝင်ခဲ့လျှင် ဖန်ဒေါက်မြင့်ဖိ နှင့်ပလက်တီနမ်ကြိုးသိုင်းပါသော ဇင့်ဖိနပ်ကိုမြင်လိုက်တာ တန်းခ မြတ်ပန်းသဇင်က ပလက်တီနမ်ကိုနှစ်သက်သည်။ လက်ဝတ်လက် တင်မကဘဲ အသုံးအဆောင်ပစ္စည်းတွေ ခါးပတ်တွေ ဖိနပ်တွေမှ ပလက်တီနမ်နှင့် အထူးအော်ဒါလုပ်ပြီး ဝတ်တတ်သူ.. ။

"သူတို့ညီအစ်မ ပြတ်တောက်နေမှာမဟုတ်ဘူး..ဒါပေမယ့် လုံ မဆက်သွယ်စေနဲ့၊ သုခိတာတစ်ခုလုံးကို ငါ့စာရင်းထဲကပယ်ပြီး ငါ့ဝ သိက္ခာကို အဖက်ဆယ်ခဲ့ရတာ..မြတ်ပန်းသဇင်ကအစ သူ့အမေနား မသိစေနဲ့၊ ပုလဲအိမ်နားကို အရိပ်တောင်မနင်းအောင် စောင့်ကြည့်ေ နင်တို့က တာဝတိံသာနဲ့ပတ်သက်တဲ့လူတွေဆိုတာလည်း ဘယ်သူ သိစေနဲ့..သတိကြပ်ကြပ်ထားကြ.."

မယ်တော်ကြီးရဲ့စကားကို ပြန်တွေး၏။ သူ့အတွက် ကိုယ့်အ သခင်ကျေးဇူးရှင်၏အမှာစကားသည်သာ အဓိကဖြစ်နေရာ ဖိန ကြည့်ပြီးတာနှင့် မျက်လုံးတို့က တစ်အိမ်လုံးကိုဝေ့ဝဲရောက်ရှိသွား

"အိပ်ခန်းတွေကလွဲရင် အကုန်လိုက်ရှာကြ.."

တာဝန်ပေးပြီးမှ ဒေါ်မြပုလဲဖြူကို ဧည့်ခန်းရှေ့ကနေ စော လိုက်သည်။ တစ်ပတ်လျှိုဆံထုံးက ခပ်ပြေပြေ။ အရေခြုံမှုန်နံ့သာ တောင်တင်မထားနိုင်သည့်ပြင် ခုလေးတင်မျက်နှာသစ်လာပုံရသည် နှာတစ်ခုလုံးက နီရဲရဲပြောင်လက်လက်.. ။

"မိုးချုပ်မှ ဘာကိစ္စနဲ့လဲဦးကျောက်.."

"ဟုတ်ပါတယ်..ကျွန်တော်တို့.."

"နတ်ရေကန်က တာဝတိံသာစံအိမ်မဟုတ်လို့ ဂရုမစိုက်ချ လား.."

ဒေါ်မြပုလဲဖြူမျက်နှာက လေသံထက်ပိုတင်းနေကာ ရင်ဘက် မှာ ဖိတ်ဖိတ်လက်နေသည့်စိန်တစ်ရစ်မြတစ်ရစ်လည်ဆွဲကုံးနဲ့အပြ



သောမျက်ဝန်းတို့သည်.. ။

"ပုလဲအိမ်ကို ဝရမ်းပြေးဖမ်းသလို အချိန်မရွေးဝင်ထွက်လေ့လာနေ ဘ ပုလဲမကြိုက်ဘူး.."

ထိုစဉ် နောက်ခန်းတွေထဲဝင်သွားကြသည့် ဦးကျောက်ဆူးတပည့် တွေ ပြန်ထွက်လာကြကာ.. ။

"အခန်းတွေထဲမှာ ဘယ်သူမှမရှိဘူးဆရာ.."

"ကျွန်တော်တို့အပေါ်တက်ရမလား.."

"ဘာပြောတယ်.."

ဒေါ်မြပုလဲဖြူ ဒေါသချောင်းချောင်းထွက်သွား၏။ လူနှစ်ယောက် ကို ချက်ချင်းရောက်သွားကာ.. ။

"ဘယ်သူ့ကိုမေးတာလဲ..ငါ့အိမ်ထဲကို ဘယ်သူ့အမိန့်နဲ့ဝင်ရှာတာ လဲ.."

မေးနေရင်း လက်သည်အာပါးတရ လွှဲမြောက်သွားလျက်.. ။

"ဖြန်း..ဖြန်း.."

ယောကျ်ားကြီးနှစ်ယောက်၏ပါးကို တအားလွှဲရိုက်ပစ်ရင်း.. ။

"လူပါးဝတဲ့ကျွန်တွေ..ငါ့အိမ်ထဲဝင်ပြီး ကျွန်ချင်းအပေးအယူဖြစ် ကြတယ်၊ အဲ့ဒါလူပါးဝဦး.."

နောက်ထပ် တဖြောင်းဖြောင်းလွှဲရိုက်ပစ်သည်။ ပြီးတော့ လက်ဖ ကို ဖိဆုပ်ပစ်ရင်း ဦးကျောက်ဆူးရှေ့ကိုရောက်လာခဲ့ပြီး.. ။

"ရှင့်ကိုဘယ်သူခွင့်ပြုလို့ ဒီအိမ်ထဲဝင်ရှာတာလဲ.."

"ငါခွင့်ပြုတာ.."

မယ်မယ်.. ။

ချက်ချင်းကြီး ဘွားခနဲပေါ်လာသလို မျက်စိရှေ့ရောက်လာသဖြင့် ဒေါ်မြပုလဲဖြူ ငေးကြောင်သွားသည်။

"အပြင်မှာဖိနပ်တွေတယ်..ဒီထဲမှာ မြတ်ပန်းသဇင်ရှိနေတယ်၊ ရှာ ...တစ်ခန်းမကျန်ဝင်ရှာ.."

"မယ်မယ်.."

"မယ်မယ်လို့ခေါ်ဝံ့သေးတာလားညည်းက.."

"ဒီလိုကျွန်တွေရှေ့မှာ ပုလဲကိုမဆူပါနဲ့မယ်မယ်.."

"ဆူတာမခံချင်ရင် မခံရအောင်နေရတယ်လေ..ညည်းကိုငါနဲ့တူ သမီးဆိုပြီး နေရာတကာငါအားကိုးခဲ့တယ်..အပြစ်ရှိရင် ဖော့တွေး တယ်၊ ညည်းကတော့ မိဘဂုဏ်သိက္ခာ မိဘရဲ့စည်းမျဉ်းစည်းကမ်း ဂရုမစိုက် မိဘအမိန့်ကိုလည်း မနာခံဘဲ မြတ်ပန်းသခင်ကို ထောက်ပံ့ တယ်..အာဏာသျှန့်ကိုသတ်ဖို့ ညွှန်ကြားခဲ့တယ်၊ ညည်းလုပ်တာ ပြန်စဉ်းစားစမ်း.."

ဒေါ်မြပုလဲဖြူအကြည့်တွေ ဦးကျောက်ဆူးထံတန်းခနဲ့ရောက်

"ဘယ်လိုကြောင့်များ ကလေးတွေးတွေးပြီး ဦးနှောက်မရှိတဲ့အ မျိုး လုပ်ရတာလဲ..အာဏာသျှန့်ကိုအားလုံးသိတယ်၊ မိုးထိစံအိမ်နော ရှိတယ်..ဒီသတ္တဝါနဲ့ငါတို့ကို ဆွေမျိုးတွေစောင့်ကြည့်နေကြတာလေ ကောင်ကို မစင်ပုံလိုရွံနေရင်လည်း ကိုယ့်အလွန်ဖြစ်မယ့်ကိစ္စဘာမှ လို့မရဘူးဆိုတာ ညည်းနားမလည်တော့ဘူးလား.."

"မယ်မယ်က ပုလဲကိုမယုံကြည်တော့လို့ ကျွန်တွေလွှတ်ပြီး ကိုအကျဉ်းချထားတာလား.."

မိဘကို ဘယ်တုန်းကမှ ပြန်လှန်မေးခွန်းမထုတ်ရဲခဲ့သည့် သ မီးတွေမို့ မျက်နှာကိုစပ်စိန်းစိန်းကြည့်မေးတော့ ဒေါ်မြမင်းသီရိမျက် ကုတ်သွားသည်။ ဒေါ်မြပုလဲဖြူကလည်း မျိုသိပ်ရခြင်းတွေ စုပြုံ ခဲ့ပြီမို့ လင်အပူသားအပူတွေအပြင် မိဘ၏အထင်မြင်သေးခြင်း ကြည်ခြင်းတို့ကို နောက်ထပ်ဘယ်လိုမှမခံစားနိုင်တော့ဘဲ.. ၊

"ရှင်က နတ်ရေကန်ကိုစောင့်ကြည့်ပြီး မယ်မယ့်ဆီသတင်း ကုန်ပို့နေတယ်ပေါ့.."

ဦးကျောက်ဆူးမျက်လွှာချပစ်သည်။ ဒေါ်မြပုလဲဖြူက ရှေ့ လှမ်းချင်းတိုးသွားကာ.. ၊

"ကျွန်မပိုက်ဆံပေးခိုင်းတဲ့ကောင်လေးတစ်ယောက်ကို လမ်း တားပြီး စစ်လိုက်မေးလိုက်တာဆိုတော့ အဲ့ဒီညက ဇင်လေးဘယ် ရာယ်ကြီးသွားတယ်ဆိုတာလည်း ရှင်တို့သိကြမှာပဲ.."

ဦးကျောက်ဆူးက ခေါင်းငုံ့ထားလျက်မလှုပ်.. ၊

"ပြောပါဦး..မယ်မယ့်ဆီသတင်းပို့ဖို့က အရေးကြီးနေတာ ဇင့်ကို ဟိုကောင်ပြန်သတ်လိုက်ရင် သေသွားနိုင်တဲ့ကိစ္စက အရေး



ဘူးလား.."

ဒေါ်မြပုလဲဖြူရဲ့မေးခွန်းတွေက ဆက်တိုက်ဖြစ်နေခဲ့လျက် ဒေါ်မြ မင်းသီရိကလည်း မတား။ ခြေသံလည်း ပါမလာခဲ့ဘဲ.. ၊

"အဲ့ဒါမျိုးကို ကျေးကောင်းကျွန်ကောင်းလို့ခေါ်တာလား..ရွှေး အောင် သခင်ကျွေးထားတဲ့မိသားစုတွေအပေါ် စောင့်ရှောက်ရမှန်းသိ တယ်..ရှင်ကဘာလဲ၊ မယ်မယ့်ဆီက ဘာတွေရနေလို့လဲ..မယ်မယ်ကလွဲ ရင် တခြားလူတွေကို သခင်လို့မမှတ်တာလား.."

"သမီးငယ်..တော်စမ်း.."

"ကျွန်တွေရှေ့မှာ ကိုယ့်သားသမီးကို ဘက်လိုက်ဆူတာ မယ်မယ်မှ ထုတ်ရဲ့လား..မယ်မယ့်ကို ပုလဲမယုံနိုင်တော့ဘူး.."

"ဖြန်း.."

ဒေါ်မြမင်းသီရိရဲ့ရိုက်ချက်က ညာတာမှုတော့ပါခဲ့ပေမယ့် ဒေါ်မြ ပုလဲဖြူ မျက်နှာငဲ့ပါသွား၏။ ဆံပင်တွေလည်း ပြေကျလေသည်။ ဒေါ်သ ည် နိုင်ရာကိုဦးတည်ပေါက်ကွဲခဲ့လျက်.. ၊

"ရှင့်ကြောင့်.."

အသက်အရွယ်တွေဘာတွေမမြင်။ တရားသည်မတရားသည်မ သိ။ ဒေါ်မြပုလဲဖြူ ဦးကျောက်ဆူးပါးကို ဖြောင်းခနဲလွှဲရိုက်ပစ်လိုက် သည်။

"နင့်အသက်ဘယ်လောက်ကြီးကြီး ငါခိုင်းထားတဲ့ကျွန်..ငါရိုက်ခွင့် ရှိတယ်၊ နောက်ဆိုမှတ်ထား..နတ်ရေကန်ဖြစ်ဖြစ် သုခိတာဖြစ်ဖြစ် ငါတို့ ကောင်နှမတွေ ဘယ်ဘဝရောက်နေနေ တာဝတိံသာရဲ့မျိုးဆက်တွေ မိ သားစုဝင်တွေပဲ..မယ်မယ်ခေါ်မှ အမြီးနံ့ရမှန်းမသိနဲ့၊ မယ်မယ့်အပေါ် ကျွန်ပီသဖို့ မကြိုးစားနဲ့.."

"ဘိတ်စမ်းပုလဲ..ညည်းသိပ်ကိုမိုက်ရိုင်းနေပါလား၊ ငါလာခဲ့တာ ညည်းမှားနေတာတွေကို ပြုပြင်တည့်မတ်ပေးဖို့..လိုအပ်နေတာတွေ တိုင် ပင်လုပ်ကိုင်ကြဖို့၊ ညည်းအမှားလုပ်တာတွေကို ဝန်မခံတဲ့အပြင် ဘာဖြစ် လို့ ဒီလောက်တောင်မိုက်ရိုင်းနေတာလဲ.."

မိန်းရောင်အောက်မှာ မြပုလဲဖြူမျက်နှာတစ်ခုလုံး နီရဲညိုပုတ်နေကာ ညည်တို့နှင့်မျက်ဝန်းတွေက ဝင်းဝင်းလက်လက်ဖြစ်နေကြလျက်.. ၊

"သမီးမှာဘာမှမရှိတော့ဘူးမယ်မယ်..ကိုကိုကျော်လည်း အချုပ်
မှာ..သမီးသားလေးလည်း ဘယ်ရောက်နေမှန်းမသိဘူး၊ တိုင်ပင်စရာ
ကြီးလည်း အချုပ်ထဲရောက်နေပြီ..အဲ့ဒါတွေကို နာရီစက္ကန့်အမျှ
တုတ်ထိုင်တွေးပြီး ငိုကြွေးနေရတာလေ၊ အာဏာသျှန်ဆိုတဲ့ ကျွန်
ကို ဘယ်လိုမေတ္တာပွားနေရမလဲ..ပြောပါဦး.."

"အေး..အဲ့ဒါမှန်တယ်၊ ညည်းဒီတိုင်းခံစားရမှာ ငါသိတယ်..
မယ့် ညည်းကသားတစ်ယောက်အတွက်ပဲပူရတာ၊ ငါ့မှာငါ့သား
တွေအားလုံး ထောင်ကျတန်းကျတကွဲတပြားဖြစ်ကုန်တာပါ..ငါ့ရင်
ညည်းဝင်ကြည့်နိုင်ရဲ့လား.."

"မယ်မယ့်မှာ မယ်မယ်တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာတွေကျန်
တယ်..မယ်မယ်မြတ်နိုးတဲ့တစ်ခုခုနဲ့ ဖက်တွယ်ဖြေသိမ့်နိုင်သေး
သမီးမှာဘာမှမရှိတော့ဘူး.."

ဒေါ်မြမင်းသီရိမျက်နှာမှာ မာန၏အငွေ့အသက်တို့ တရိ
တက်လာသည်။ သူမလေးကို ကိုယ့်ရဲ့ကိုယ်ပွားလေးသဖွယ် ချစ်
နိုးခဲ့သည်။ အမှားတွေလုပ်နေရင်တောင် ပြုပြင်တည့်မတ်ရင်း ကိုယ်
ကိုယ့်ဝါဒအတိုင်း တဆုံးထိဆွဲခေါ်သွားနိုင်မယ်လို့လည်း ယုံကြ
သည်။

ခုတော့ ဒီလိုမဟုတ်ပါလား.. ၊

"ဟေ..ဘာလုပ်နေကြတာလဲ၊ အပေါ်မှာ သွားတက်ရှာကြ
မိန်းကလေးရှိတယ်၊ တွေ့အောင်ရှာပြီး ခေါ်လာခဲ့.."

"မယ်မယ်.."

"ညည်းတို့ပေါက်ဖွားထားတာတွေကို ညည်းတို့ကြိုက်သလို
ကျောင်းခွင့်ရှိတယ်ထင်ရင် ငါလည်းငါမွေးထားတဲ့သားသမီးတွေ
ကြိုက်သလိုစီမံအုပ်ချုပ်ခွင့်ရှိရမှာပေါ့..ငါခိုင်းတာကိုလုပ်၊ တွေး
တဲ့တွေးဖြစ်ပေ့စေ ပြန်မျိုးချဆိုရင် မျိုးနိုင်ရမယ်..သားသမီးကိုယ့်
လို့ အခုငါ့ဂုဏ်သိက္ခာ ငါ့မာနကိုသူတစ်ပါးက နင်းချေဖို့ကြိုးစား
ညည်းတို့ကစပြီး မိဘကိုလိမ်တာ၊ ညည်းတို့သားသမီးတွေကြေ
ရဲ့တာဝတီံသာရေစုန်မျောတော့မယ်.."

"အဲ့လိုမဖြစ်ရပါဘူးမယ်မယ်..ပုလဲတို့မိသားစု စည်းစည်း



သာယာယာရှိနေကြမယ်ဆိုရင် ဘယ်လိုရန်သူတိုက်ခိုက်တာကိုမှ မှုစ
မလိုပါဘူး..ကလေးတွေကို ခွင့်လွှတ်ပေးပါ.."

"လုံးဝခွင့်မလွှတ်ဘူး..ခုကစပြီး ညည်းကိုလည်းအပြစ်သားလို့ပဲ
သတ်မှတ်မယ်၊ ငါဆိုတဲ့မိန်းမက မိဘကလက်နဲ့ရေးခဲ့တဲ့ ဒီစနစ်ဒီဝါဒကို
ပြီးရှေ့နဲ့မွှန်းခဲ့တာ..တော်ဝင်မျိုးတူရင်တောင် တာဝတိံသာကို နန်း
တော်တည်သလို တည်ခဲ့တာ၊ တိုင်းပြည်ကိုအုပ်ချုပ်တာမဟုတ်ပေမယ့်
နေရာ ငါ့တိုင်းပြည်မှာ ငါ့ပလ္လင်နဲ့ငါ့ထီးရိပ်နဲ့ တသီးတသန့်နေခဲ့တာ.."

ရာဇမာန်ဆိုသည့် အေးစက်မာကြောသောလေသံ ရင်ဖွင့်၍မေးပင့်
ထားသော မျက်နှာဟန်ပန်တို့သည် ဘုရင်မတစ်ပါး၏စိတ်ဝိညာဉ်ပူးကပ်
နေသည့်နှယ်။ ဒေါ်မြမင်းသီရိ၏ဆံထိုးထိပ်ဦးမှာ ထိုးစိုက်ထားသည့်
ရွှေထားသည့်ပတ္တမြားဆံထိုးကြီးက သူမ၏ဦးခေါင်းလှုပ်ခတ်နေသမျှ
ပြိုးပြက်ပြက် လက်နေခဲ့လျက်.. ၊

"တာဝတိံသာစံအိမ်ဟာ မဟာပလ္လင်မှာစံတဲ့မျိုး..အသုံးမကျတဲ့မြေး
ဘိတွတ်တွေကြောင့် ငါ့ပလ္လင်အပျောက်မခံနိုင်ဘူး၊ ခြေမကောင်း
လက်မကောင်းလက်မပဲ..အသိမရှိ သုံးစားမရတဲ့ခေါင်းနဲ့ ငါ့ကို
ပေးလာရင် လည်ချောင်းသွေးပါ ဖောက်ထုတ်ပစ်မယ်..သွေးကိုမား
တ်လို့မပြတ်ပေမယ့် လည်ပင်းလှီးပစ်ရင်တော့ ပြတ်လို့ရတယ်.."

မယ်မယ်.. ၊

ဒေါ်မြပုလဲဖြူ ဘာစကားမှမဆိုနိုင်တော့ပေ။ နှုတ်ခမ်းတလှုပ်လှုပ်
မိခင်ကိုငေးနေရင်း ကိုယ့်ပါးပေါ်ကမျက်ရည်တွေကိုလည်း မေ့သွား
သည်။

"ဘာမှမတွေ့ပါဘူးမယ်တော်ကြီးခင်ဗျ.."

အပေါ်ထပ်ကနေဆင်းလာသည့်လူတွေက ဒေါ်မြမင်းသီရိနဲ့မ
ကမ်းမှာ ခေါင်းငုံ့လာရပ်ရင်း သတင်းပေးသည်။ ဒေါ်မြမင်းသီရိ
လုံးတွေက သမီးဖြစ်သူမျက်နှာထက်မှာ မယုံသင်္ကာခြင်းတို့ဖြင့် စူး
နေခဲ့လျက်.. ၊

"ငါထပ်ပြောမယ်..ဘယ်သူ့သားသမီးကိုမှ အိမ်ရိပ်မနင်းစေနဲ့.."

"မယ်မယ်..မယ်မယ်ဘယ်သွားမလို့လဲ.."

ထွက်ခွာသွားတော့မည့် ခြေလှမ်းတွေက တုံ့သွားကာ.. ၊

"ညည်းတို့အားလုံး ရန်သူအားရလက်ပမ်းပေါက်စေတဲ့အောင် ကို
ဂုဏ်သိက္ခာကို ချစ်ခင်းပစ်ချင်နေကြတာ..ဒီလိုသားသမီးတွေရှိတဲ့နေရာ
ငါကျောမချဘူး.."

"မဟုတ်ပါဘူး..မယ်မယ့်ဆန္ဒအတိုင်း ဖြစ်ရပါ့မယ်၊ ဒီမှာပဲနေ
မယ်မယ်ရယ်.."

ဒေါ်မြပုလဲဖြူက ဆွဲထားမတတ် ရှေ့တိုးသည်။ ကိုယ်အမြဲလ
ပွန်းတတီးနေခဲ့သည့် မိခင်ပေဖယ့် အေးစက်စက်ထန်နေသည့်မျ
ထားကြောင့် လက်ကိုတောင်မဆွဲပုံ့ဘဲရှိလျက်.. ၊

"ပုလဲကိုစိတ်ဆိုးရင်လည်း မနက်မိုးလင်းတဲ့အထိတော့ နေ
နော်..ဟိုတယ်လ်မှာဆိုတာလည်း သူ့ဝင်ငါထွက်နဲ့ အိပ်ခန်းတွေ

ဒေါ်မြမင်းသီရိ ဘာမှပြန်မပြောဘဲ ထွက်သွားသည်။ ဒေါ်မြ
ဖြူက မျက်နှာကိုလက်နဲ့ကမန်းကတန်းပွတ်ပစ်ရင်း နောက်ကထပ်
ကွာ ပါလာ၏။ မြို့ထဲမှာလည်း ပေါ်တီကိုကမီးရောင်ကြောင့် အ
လင်းထိန်နေလေသည်။ ပြန်ထွက်မယ်ဆိုတာသိလိုက်တည်းက
ကျောက်ဆူးက အရင်ထွက်သွားတာဖြစ်ကာ ဒေါ်မြမင်းသီရိထွ
တာနှင့် ကားတွေအစီအစဉ်တကျ ဦးလှည့်ပြီးသား တံခါးဖွင့်ပြီးသ
ဖို့ တာဝန်ကျေနေကျတဲ့အတိုင်း စီစဉ်သည်။ သို့သော်.. ၊

"ဘာဖြစ်နေတာလဲကျောက်ဆူး.."

ဦးကျောက်ဆူးက ကားနောက်ကိုရောက်နေတာဖြစ်ကာ
မောင်ကပဲ ခပ်ငုံ့ငုံ့ရှေ့တိုးလာကာ.. ၊

"ကျွန်တော်အပြစ်ပါမယ်တော်ကြီး.."

"ဘာဖြစ်လို့လဲ.."

"ကားပါကင်သွင်းဖို့ ကိုပေါကလာကူပါတယ်..ကျွန်တော်
မီးလင်းနေတာပဲဆိုပြီး ကိုယ့်ဘာသာသွင်းဖို့ ဘက်ခ်ဆုတ်လိုက်
ဒါ.."

"ဟာ..ဟော့ ကား ကားရှေ့တိုးလိုက်စမ်း၊ အဲ့ဒီကဦးတည်ပြ
ကားရှေ့မီးဖွင့်.."

ဦးကျောက်ဆူး၏စကားသံက အလျင်စလိုပေါ်လာလျှင်
လူက ကားပေါ်တန်းတက်ပြီး မောင်းထွက်လိုက်သည်။ တစ်ယေ



ဦးတည်ပြီးသည့်ကားကို မီးဖွင့်လိုက်လျှင်.. ၊

"ဟာ..ဒီ ဒီမှာကြည့်ပါဦးမယ်တော်ကြီး.."

"ဘာလဲ.."

ကားတွေထပ်နေသည့်နောက်ပိုင်းမှာ မီးရောင်ကသိပ်မရှိ။ တစ်
ကားမီးဖွင့်လိုက်တော့ ချောင်ကြားထဲထိ မီးရောင်ဖြာကျသွားခဲ့
ည်။ ထိုအခါ နောက်မြီးချင်း ထောင့်ကျဉ်းပုံစံတိုက်ဆောင့်မိထားသော
နှစ်စီးကြားမှာ ငုတ်တုတ်ပုံစံအတိုင်း ရုပ်ပျက်ဆင်းပျက်သေဆုံးနေ
မြတ်ပန်းသစင်.. ၊

"ဇင်..အမလေး.."

ဒေါ်မြပုလဲဖြူ အော်လိုက်ရင်း ခွေခနဲပြိုကျသွား၏။ ဒေါ်မြမင်းသီ
သိမ်းဒယိုင်နောက်လန်သွားလျှင် ရှိနေသည့်လူတွေကပြေးတွဲလိုက်
။

"မယ်တော်ကြီး.."

"သတိထားပါမယ်တော်ကြီး.."

သတိပေးသံတွေ တို့လှုပ်နေတာတွေကို အားယူပြီး မတ်မတ်ပြန်
သည်။ ခေါင်းထဲမှာလျှပ်စီးလက်သလို ရောင်စုံအလင်းတန်းတွေ
နဲ့ပြက်ခနဲ ရှိနေဆဲဖြစ်သော်ငြား.. ၊

ငါစီမံရမယ်..ငါ့အမိန့်လိုတယ်၊ ငါယိုင်လဲလို့မဖြစ်ဘူး.. ၊

ထွက်သက်ဝင်သက်ကို ချိတ်ဆက်မှုမှန်မှန် ရှူရှိုက်နေရင်း စိတ်ကို
၍ အလောင်းကိုကျောခိုင်းလိုက်သည်။ မြေးမို့ ရင်ထဲမှာနင့်နေသော်
။

"သားတစ်ယောက်ကြောင့်တော့ အမျိုးပျက်မခံနိုင်ဘူး..ဒီနာရေး
သူမှမသိစေနဲ့၊ မြို့ထဲမှာပဲသင်္ဂြိုလ်..ပြာကိုယူပြီးလွှတ်ပစ်၊ တာဝတိံ
ဉ်အဆက်စာရင်းမှာ လုံးဝမရှိစေနဲ့..ငါတို့ကသီလ သမာဓိ ဉာဏ်
ကြီးတဲ့သူတွေ၊ အသက်ရှည်တယ် အနာကင်းတယ်..ဥပစ္ဆေဒကကံ
တဲ့သူ မရှိဘူး.."

ဘာတွေပြတ်သားခဲ့ကြပုံကိုပြန်တွေးပြီး လွမ်းတာရှိရင် နာတာနဲ့
အသက်တစ်ဝရှိုက်မိ၏။ စပြီး စည်းဖောက်တဲ့သူတွေ အသေစော
လူကြီးမိဘစကားနားမထောင်ဘဲ သိက္ခာမဲ့တဲ့မိန်းကလေး..သူ့

မိုက်ပြစ်သူခံရတာ၊ ဒါကြောင့် အသေဆိုးနဲ့သေရတာ..ဒါဘ
ကြောင့်ဖြစ်ရမှာလဲ.. ၊

"ကျောက်ဆူး.."

"အမိန့်ရှိပါမယ်တော်ကြီး.."

"ခုချက်ချင်း ကားပေါ်ဆွဲတင်ပြီး မန္တလေးမောင်း.."

"အမိန့်အတိုင်းလုပ်ပါ့မယ်.."

"ဒီအလောင်းနဲ့ဒီကား တာဝတိံသာမပြောနဲ့ မန္တလေးမြေ
မနင်းစေနဲ့..လမ်းမှာတင်မီးရှို့ဖျောက်ဖျက်ပစ်.."

သူ့စကားဆုံးသည့်အချိန်မှာ ဦးကျောက်ဆူးကလှုပ်ရှားနေ
ကာ ဒေါ်မြပုလဲဖြူကို အိမ်ထဲပြန်ပွေ့ခေါ်သွားသည့်အချိန်မှာ
လောင်းလည်း ကားပေါ်ရောက်နေပြီဖြစ်သည်။

"ဒီကိစ္စ ဘယ်သူမှမသိစေနဲ့..လမ်းမှာလည်းစကားတစ်လုံး
နဲ့၊ ဒီအကြောင်း ဒီနာမည်ပါးစပ်ထဲထည့်ပြောတဲ့လူ လျှာဖြတ်ခံ
မှတ်ထား.."

ရာဇသံပြင်းနှင့် တစ်ချက်လွှတ်အမိန့်ကိုပေးကာ ဒေါ်မြမင်း
စံအိမ်ကြီးထဲပြန်ဝင်လေသည်။

အတ္တညအ၏ အကျည်းတန်ခြင်းသည်.. ၊

☎

အခန်း(၈၀)

သျှန် ဟိုတယ်လ်ထဲဝင်လာတည်းက နှစ်ယောက်တည်းတွေ့ဖို့ ဦး
စံကြိုးစားနေတာဖြစ်ကာ အပေါ်ထပ် Meeting roomထဲဝင်
ကျမှ သျှန့်ဘေးကိုကပ်လို့ရသည်။

"အာဏာသျှန်.."

သူတို့လေးယောက်စလုံး ခြေလှမ်းတွေနှေးကျသွားသည်။ ဦးမြ
အနားရောက်လာတော့မှ မျက်နှာချင်းဆိုင်ရပ်လိုက်မိကာ.. ၊

"ငါမင်းနဲ့စကားပြောချင်တယ်.."

"အခုအချိန်မရဘူး..ရှေ့နေကြီးတွေရောက်နေကြပြီ.."

"အာဏာသျှန်.."

သူခြေလှမ်းပြင်လိုက်တော့ ဦးမြမင်းစံက လက်နဲ့ပါကာထားကာ..၊

"အဖြစ်ကမင်းနိုင်တယ်..ငါရှုံးပါတယ်၊ ငါ့ရဲ့လက်ရောက်ပိုင်ဆိုင်
င်းဆီရောက်မှာပါပဲ..ရှေ့နေဆီအရေးတကြီးသွားဖို့ မလိုပါဘူး.."

ဦးမြမင်းစံနှုတ်ခမ်းတွေ တင်းခနဲစေ့သွားသည်။ မျက်ကွင်းညိုတို့
ခေါင်းရိုးကြီးငေါထွက်နေသည်ထင်ရလောက်အောင် ချောင်ကျ
ည့်မျက်နှာကို စိုက်ကြည့်ပြီး သျှန်မျက်နှာလွှဲသည်။ ဦးမြမင်းစံ

ကတော့ သျှန့်ပုံစံကိုခြေဆုံးခေါင်းဆုံးကြည့်၏။ ဘောင်းဘီရှည်အ ရှပ်လက်ရှည်အဖြူကို ကြယ်သီးစုံတပ်ထားကာ မြင်နေကျလို ကု ကြိုထပ်ဝတ်ထားတာမပါသောကြောင့် မြင့်မားပါးလျသည့်ကိုယ်ခန္ဓာ ထင်းနေသည်။

ပခုံးကျော်အောင်ရှည်သည့်ဆံပင်တွေက သေသပ်လှပသည် ဟုတ်သော်လည်း သူ့ပုံစံနှင့်တော့ ကြည့်ရမဆိုးပေ။ အရောင်မပါသ မျက်မှန်အကြည်ကိုတပ်ထားကာ ကိုင်းကလည်းမထင် မှန်ကလ ကြည်နေသဖြင့် သူ့မျက်နှာလှည့်လိုက်လွှဲလိုက်မှ မျက်မှန်ကလက် ပြောင်ခနဲကိုယ်ယောင်ပြ၏။ အာဏာသျှန့်ကိုမြင်လိုက်ရသမျှ နှ ညိုးငယ်နေတာမရှိ။ ငေးငိုင်ထိုင်ငေးနေတာမမြင်။ လူတစ်ယော လှည့်ကြည့်လိုက်ပြီဆို သူ့ပင်ကိုယ်အရပ်အမြင့်ကြောင့် အပေါ် ကြည့်သလိုရှိနေတတ်သည့်ပြင် မျက်တောင်ဖျားတို့မှေးစင်းကြည် တစ်ဖက်သား၏စိတ်ကို တစ်ဆင့်ချချိုးနှိမ်ပြီးသားဖြစ်နေခဲ့၏။ ဖြစ်ဖြစ် ကိုယ်ကတော့ ဦးကျိုးရှောင်ဖယ်သွားလို့မဖြစ်။ သူ့ဘေးက ရှယ်တွေကို တစ်ချက်ကြည့်လိုက်ပြီးမှ.. ।

"မင်းငါ့လုပ်ငန်းကို ဘယ်လိုသဘောနဲ့ရယူချင်တာဖြစ်ဖြစ် မှာပါ..ငါတောင်းပန်ချင်တာက လေလံမပစ်ဖို့ပါ.."

"ကျွန်တော့်လက်ထဲရောက်သွားတဲ့နောက်မှာ ဒီမြေကြီးကရွေ တာမြေထွက်တာ ခင်ဗျားနဲ့မဆိုင်တော့ဘူးမို့လား.."

"ငါ့ဂုဏ်သိက္ခာနဲ့ဆိုင်တယ်.."

"ဟား ဟား.."

သျှန်ကရယ်ရင်း မျက်မှန်ချွတ်လိုက်သည်။

"ခင်ဗျားတို့တာဝတီံသာအုပ်စုတွေ ဂုဏ်သိက္ခာတွေကို ခေ နေခဲ့ပြီး ကန်းကုန်ကြတာလား..ဒါမှမဟုတ် တစ်ယောက်ယော များ ဂုဏ်သိက္ခာကျိန်စာတိုက်ခဲ့တာလား၊ ဟွန်း..စိတ်မကောင်းစရာ ကောင်းနေပြီ.."

မျက်မှန်ကိုဘောင်းဘီအိတ်ထဲထည့်လိုက်ရင်း ကိုဇေနဲ့စိုင်းမ တို့ကို ငဲ့ကြည့်သည်။ ပြီးတော့ ပြန်လှည့်၍.. ।

"ဒါပေမယ့် ခင်ဗျားနဲ့ဧကပေါင်းများစွာသောမြေတွေကို ကျွ



တစ်ယောက်တည်းဝယ်တာမဟုတ်ဘူး.."

"အဲ့ဒါတွေ မင်းဒီထက်ပိုရှင်းအောင်ပြောရင်လည်း ငါစိတ်မဝင်စား ဘူးအာဏာသျှန်..ငါဆိုတဲ့ရပ်တည်မှုဟာ ဂုဏ်သိက္ခာနဲ့ပဲဖြစ်ဖြစ် ကြွယ် မှုနဲ့ဖြစ်ဖြစ် ငါကကနုတ်ရောင်ရဲ့အဖေပါ..မင်းနဲ့ငါ့သမီးနဲ့ပတ်သက်ပြီး တစ်ချိန်ချိန်မှာ.."

"ယောက္ခမတော်ရဖို့ ဖြစ်လာနိုင်တယ်လို့ ပြောချင်တာလား..အဲ့ ဖြစ်ရိုးဖြစ်စဉ်တွေကို စိတ်ကူးမယဉ်ဘဲ ဒဲ့ရှင်းကြရင် ပိုမကောင်းဘူး လား.."

မျက်လုံးချင်းဆုံစဉ်မှာ ကိုယ်သည်သာ ကျရှုံးနိုင်ချေများစွာနှင့် အားနည်းဖျော့ကျနေခဲ့လျက် ဦးမြမင်းစံ တရားကျသလိုခေါင်းဆတ် လိုက်သည်။

"မင်းကတော့ ဒါတွေပဲကြားနေရတယ်လို့ ထင်မှာပေါ့..ကနုတ်ကို မင်းမျက်လုံးထဲမှာ မိန်းမတစ်ယောက်ဆိုတာထက် ပိုမြင်လာတဲ့အခါ အနားငြိုးနေတဲ့ ငါ့စကားတွေကို မင်းပြန်တွေးမိလာလိမ့်မယ်.."

သျှန်က လက်မနဲ့နဖူးခြစ်ရင်း ပြုံးနေ၏။ ဘယ်လိုပုံစံနဲ့တုံ့ပြန်ပါ ဦးမြမင်းစံစွဲမလျှော့ဘဲ.. ।

"ငါမင်းကို ဒီနေ့ကိစ္စတွေထက် ပိုအရေးကြီးတာတွေ ပြောချင်သေး တယ်..အဲ့ဒါက ကနုတ်နဲ့.."

"ကျွန်တော့်မှာ ကနုတ်ရောင်ထက်ပိုပြီး အရေးကြီးတာတွေရှိသေး တယ်..ခင်ဗျားတို့ဆွေမျိုးစုတွေရဲ့ ဂုဏ်သိက္ခာစီးကြောင်းတွေကို နား ထောင်ဖို့လည်း စိတ်မဝင်စားဘူး..ကျွန်တော်နားလည်တဲ့ဂုဏ်သိက္ခာကို လည်း ခင်ဗျားတို့နားလည်မှာ မဟုတ်ဘူး..ဒီမှာဦးမြမင်းစံ.."

ပြောနေရင်း ပြဿနာရဲ့အရင်းအမြစ်တွေပါလာကာ သျှန့်မျက်နှာ တင်းလာသည်။

"ဂုဏ်သိက္ခာဆိုတာ တစ်ဦးချင်းစီရင်ထဲကဖြစ်တည်လာတဲ့ ကိုယ် သတ်မှတ်ချက်တွေပဲ..ခင်ဗျားသတ်မှတ်တဲ့ဂုဏ်သိက္ခာကို ခင်ဗျားဆုပ် ထားပါ၊ ဂုဏ်သိက္ခာဆိုတာ ဘာကြီးလဲလို့သိဖို့မလိုဘူး..ခင်ဗျားနဲ့ ဘော် ဒါမှမဟုတ် တာဝတီံသာနဲ့ကျွန်တော် ရှုံးတဲ့လူထွက် နိုင်တဲ့ ဂုဏ်သိက္ခာပဲ.."

ဦးမြမင်းစံ အံကြိတ်လိုက်တာသိပေမယ့် သျှန်ကဂရုမစိုက်
ကြည့်၍.. ။

"ကျွန်တော်ကကျွန်တော်သတ်မှတ်တဲ့ဂုဏ်သိက္ခာနဲ့ ပန်းဝင်
ဖြတ်မှာ.."

သူခြေလှမ်းကျဲတို့ဖြင့် လှည့်မကြည့်စတမ်းထွက်လာခဲ့သည်။
သော် ဦးမြမင်းစံ နေရာမှာပဲရပ်နေခဲ့ရင်း.. ။

"အတ္တမကင်းတဲ့ဂုဏ်သိက္ခာတွေပဲ အာဏာသျှန်..မင်းအနိုင်ရ
တောင် ပျော်နိုင်မှာမဟုတ်ပါဘူး.."

ကျော်နိုင်းလျက် ဝေးကွာသွားကြကာမှ သျှန်ခြေလှမ်းတုံ့
သည်။ သူလည်းပြန်လှည့်မကြည့် ဦးမြမင်းစံကလည်း နောက်လှ
ကြည့်ခဲ့ဘဲ.. ။

"မင်းအတ္တတွေကို ငါနားလည်နေပြီ..ဒါပေမယ့် ငါ့ဘက်ကို
မသိဘူး၊ အောင်မြင်မှုကြီးလေ ပေးဆပ်မှုကြီးလေဆိုတာ မင်းမမေ့ပါနဲ့

ဦးမြမင်းစံက meeting roomဆီကို မသွားခဲ့ပေ။ သူတို့
လာသည့်အတိုင်း ဆန့်ကျင်ဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့
သျှန်လည်း နေရာမှမရွေ့လျားမိဘဲရှိစဉ် ကိုဇေတို့သူ့နားကို ခပ်
ဖြည်းလျှောက်လာကာ.. ။

"ငါ့အမြင်ပြောရရင်တော့ မင်းရဲ့တာဝတိံသာစက်ကွင်းထဲမှ
မြမင်းစံကမငြိဘူးနော်.."

"ဟုတ်တယ်သျှန်..ဒီဘိုးတော်က အစတည်းက စည်းတစ်ဖက်
မှာနေလာတာ မင်းအသိပဲ၊ သူမင်းနောက်ကိုလိုက်နေတာ ဒေါ်မြမင်
တို့အတ္တမျိုးနဲ့မဟုတ်ဘူး..သူ့သမီးကြောင့်.."

"ဘာကြောင့်ဖြစ်ဖြစ် တာဝတိံသာက မိသားစုပဲ.."

သျှန်က နှေးကွေးသည့်ခြေလှမ်းတို့ဖြင့် စတင်ရွေ့လျားရင်

"ငါခုထိဘာလက်နက်မှ မသုံးသေးဘူး..ငါ့ဒေါသ ငါ့ပစ်မှ
ကို သူတို့ဘာသာဝင်လာကြတာ.."

"အဲ့ဒါကိုက ကောင်းနေတာမဟုတ်ဘူးလား..သူတို့ရဲ့မှားယွ
အယူဝါဒတွေကို လောကစံကပညာပေးနေတာ..တောက်လျှောက်
မာခဲ့တဲ့အပြောအဆိုတွေ မောက်မာမှုတွေအတွက်.."



"ဟုတ်တယ်..မင်း ဒီဘက်မှာမင်းတစ်ယောက်လို့ ထင်ရပေမယ့်
အဒိဋ္ဌိတွေကိုချွတ်ဖို့ သူတော်စင်တွေအများကြီးမှ မလိုတာ.."

"အဟမ်း..အဟမ်း နည်းနည်းများနေသလားလို့.."

ပြောနေသည့်ကိုဇေ့မျက်နှာ ပြုံးစိစိဖြစ်သွားကာ.. ။

"အာဏာသျှန်ဆိုတဲ့ကောင်က သူတော်စင်မဟုတ်သော်လည်းပေါ့
..အဟမ်း ပြောတာတော့ ဆုံးအောင်နားမထောင်ဘူး.."

ကိုဇေတို့ကိုကြည့်၍ သျှန့်မျက်နှာပြုံးယောင်သမ်းလာသည်။ ဒေါ
သည်အနိုင်ရခြင်းမှာ ပြန်လည်ပျော်မွေ့သွားခဲ့လျက်.. ။

"သူတော်စင်မဟုတ်လို့စက်နေတာ..မြွေကိုသတ်ချင်ပေမယ့် သေ
သွားတာလည်း မကြိုက်ဘူး.."

"ဟာ..သေပြီ၊ သေသွားပြီဟေ့ကောင်..ဒီမှာ.."

ဖုန်းထဲက မက်ဆေ့ချ်ဖွင့်ကြည့်ပြီး မျိုးခိုင်က သူတို့ကြားထဲတိုး
လာကာ.. ။

"ဒီမှာသျှန်..ဖြိုးခိုင်ပို့လိုက်တာ၊ မနေ့က နတ်ရေကန်ကသတင်း
တဲ့.."

မြတ်ပန်းသဇင် ကားညပ်ပြီးဆုံးသွားပြီ

မနေ့ည ကိုးနာရီဆယ်မိနစ်က

အလောင်းကို မန္တလေးပြန်သယ်သွားတယ်

အတင်းအမှောင်ချလိုက်တယ်

သူတို့အားလုံး ဟာခနဲဖြစ်သွားကြသည်။ ဒေါ်မြပုလဲဖြူတို့ဒရိုင်
ဆီမှ အိမ်တွင်းသတင်းတွေ သူတို့ရနေခဲ့တာ ဘယ်သူမှမသိ။ နေရာ
မှာ ကျိုးပေါက်မှုတစ်ခုတော့ ရှိနေတတ်သည်။ အထူးသဖြင့် ငွေ
နေသည့်လူကို ငွေပေးခိုင်းလို့ရသည်။ ချစ်ခင်လေးစားမှုကို ငွေနဲ့ဝယ်
နင်တို့ကို ငါပိုက်ဆံပေးခိုင်းတာလို့ မောက်မာစွာဆဲဆိုနေတတ်
ဒေါ်မြပုလဲဖြူကိုယ်တိုင် ကိုယ့်အိမ်တွင်းမှာ စည်းပေါက်နေနိုင်သ
ဆိုသည့် အတွေးမဝင်။ ချမ်းသာကြွယ်ဝခြင်းဖြင့် အရာရာပြည့်စုံ
ည်ထင်ခဲ့သမျှ.. ။

"ဘာတွေဖြစ်ကုန်ကြတာလဲ.."

"မင်းသွားမေးပါလား.."

တစ်ယောက်တစ်ခွန်းပြောရင်း သျှန့်ကိုကြည့်လိုက်မိကြသည်။ ပြီးတော့.. ။

"သျှန် မင်းဘုန်းကြီးတာလား..ကျိန်စာများတိုက်လိုက်တာလား.."

"ဒီမှာမက်ဆေ့ချ်ထပ်ဝင်တယ်ကွ.."

မျိုးခိုင်က ဖုန်းကြီးတကားကားနှင့်ပြပြန်ရာ.. ။

"ဟာ..ဘွားတော်ကြီး ရန်ကုန်ရောက်လာပြီတဲ့.."

သျှန်က ပြုံးလိုက်ကာ.. ။

"ငါစောင့်နေတာ အဲ့ဒီအချိန်ကို.."

☎

အခန်း(၈၁)

မျက်စိရှေ့ရောက်လာကြသည့်လူတွေကိုစိုက်ကြည့်ရင်း ဒေါ်မြ...ဦးမျက်နှာ အေးစက်စက်ဖြစ်သွားသည်။

ဒေါ်မြင့်မိုရ်နဲ့ဒေါ်ယမုံခင်.. ။

စံအိမ်ကထွက်သွားပြီဆိုတည်းက ပထမဆုံးပြန်ဆုံရသည့်အချိန်... သူမက စိန်ရွှေရတနာတွေ ညွတ်သီးလျက် တစ်ပတ်လျှိုကောသာမှာ ...န်းခိုင်စိုက်ထားလိုက်သေးသည်။ ကိုယ်ကတော့ သံတိုင်တွေရဲ့ ...ကာမှာ.. ။

"မမကြီးထွတ်.."

"နင်ဘာလာလုပ်တာလဲယမုံ.."

"နင့်ကိုငါတို့အားပေးဖို့လာကြတာမြထွတ်ဦး..အခု အမှုနဲ့ပတ်...ပြီး တရားလိုဘက်ကလူတွေနဲ့ တွေ့ဖို့လည်း စီစဉ်ထားတယ်.."

ဒေါ်မြင့်မိုရ်ကဝင်ပြောတော့ ဒေါ်မြထွတ်ဦးက ရန်လိုနေသည့် စူး...မျက်လုံးများနှင့်.. ။

"ငါ့မှာ ငါ့မိသားစုတွေရှိတယ်..ဒီနေရာကျက်သရေယုတ်လို့ မ...ပေမယ့် ငါ့အတွက်နင်တို့ကူဖို့ မလိုဘူး.."

ပြောနေရင်း ဒေါ်ယမုံခင့်ကိုစိုက်ကြည့်၏။ ထိုမျက်ဝန်းတွေကြော ဒေါ်ယမုံခင် မျက်လွှာချသွားလျှင် ဒေါ်မြင့်မိုရ်ကြားဝင်ရပ်လိုက်က

"တရားလိုဘက်က နင်တို့ညီအစ်မနဲ့ ရန်စရှိဖူးတဲ့လူတွေဆိုတာ သိမှာပါ.."

သီတာသိမ်းနဲ့ပတ်သက်ကြသည်ဆိုတည်းက ဒီအမှုဘယ်လ လွယ်လွယ်နဲ့ပြီးမှာမဟုတ်တာကို သိထားခဲ့သည်။ ဒါပေမယ့် ကိုယ် ကယ်ပဲမှားယွင်းခဲ့တာပါ။ ကိုယ့်စိတ်တစ်ချက်လွတ်သွားမိသည့်ခဏ မွေးလူနာနဲ့ကလေးသေဆုံးသွားခဲ့ခြင်းအတွက် ဘယ်လိုမှခွင့်မလွတ် ဒီအပြစ်အတွက် ငါခံသင့်သည်ဆိုသည့်စိတ်မှလွဲ၍ တခြားသော လင့်ချက်ဘာမှမထားချင်တော့တာလည်း အမှန်.. ၊

ဦးကျော်ဆွေးတို့ ဒီကိစ္စကိုညှိနိုင်းလို့ရသည်ဖြစ်စေ မရသည် စေ ကိုယ့်အတွက်ဘာမှ ထူးခြားမှာမဟုတ်သည့်အပြင် လုပ်ငန်းတွေ သိက္ခာကျအရှက်ရလျက် တစ်ခုလပ်ဆိုသည့်အမည်းစက်ကြီးနှင့်ဘ ရှေ့ဆက်ရတော့မည်။ ထို့ပြင် ဂုဏ်သိက္ခာကိုအသက်လိုတန်ဖိုးထား မယ်မယ့်ထံမှ အမျက်ဒေါသတွေနှင့် သူမကတာဝတီသာမိသားစု ပယ်ခံဖြစ်သွားပြီဆိုတာလည်း အလိုလိုသိနေပြီမို့.. ၊

"လူတိုင်းမှာမာနရှိတယ်မြတ်ထွတ်ဦး..ဒီလိုတွေဖြစ်လာတာ သူ့ကြောင့် ဘယ်ဝါကြောင့်လွှဲချမတွေးဘဲ ဘယ်သူမပြု မိမိအမှုပဲလို့ ပါ..တကယ်ဆို ငါတို့ကပိုပြီးကင်းကင်းနေလို့ရတယ်၊ ဝါသနာ 'ဝမ်းသာလိုက်တာ'လို့ ထအော်နေလို့တောင် ရသေးတယ်.."

ဒေါ်မြထွတ်ဦးက မဲ့ကာ.. ၊

"စိတ်ချမ်းသာသလိုလုပ်ပါ..မိုးထိစံအိမ်ကို ငါတို့ခေါင်း လည်းမရှိဘူး..လာဖို့ဘယ်သူ့မှာမှ တာဝန်မရှိသလို ခုလိုရောက်လ အတွက် ကျေးဇူးတင်မှာလည်းမဟုတ်ဘူး.."

"အေးပါ..ငါတို့ကကိုယ့်စရိတ်ကိုယ်စားပြီး လာကြတာပါ

ဒေါ်မြင့်မိုရ်စိတ်တိုသွားသည်။ ကိုယ်လည်းလောကီသားပဲ တစ်ယောက်က သနားစဖွယ်ဖြစ်လာလို့ သနားခဲ့မိတာ။ စော်ကားခံ တော့ မခံနိုင်။ သို့သော်.. ၊

"တစ်ခါစော်ကားခံရတာ နည်းသေးလို့ ငါတို့ကထပ်လာခ



..ဒါပေမယ့် တစ်ခုတော့ သိထားပါအေ၊ လူမှန်ရင် လူ့အသိုင်းအဝိုင်း တာရှိတယ်..ဆွေမဲ့မျိုးမဲ့ဆိုရင်တောင် လူမှုရေးနယ်ပယ်က တာဝန်ယူ တွေရှိလာကြသေးတာ..ငါတို့ကဆွေမျိုးတွေပါ.."

"မတော်ချင်လို့..မယ်မယ်ဘာပြောလွှတ်လိုက်သလဲဆိုတာ ပြန် ရဦးမလား.."

"မြထွတ်ဦး.."

ဒေါ်မြင့်မိုရ်တအံ့တသြကြည့်မိလေသည်၊ သံတိုင်တွေရဲ့နောက်မှာ နာကဖြူဖျော့ပိန်လိုက်ကာ စက္ကူတစ်စလိုဖြစ်နေပြီ။ ထို့ပြင် ရှည်လျား ခဲနေသည့်ဆံပင်တွေက တစ်ပတ်လျှိုထုံးဖွဲ့ထားပေမယ့် မျက်နှာသေး ပေါ်မှာ.မသေမသပ်ဖရိုဖရဲ၊ ဒါနဲ့တောင် ဒီဆင်းရဲမှုတွေကြားကနေ နေက တလက်လက်အရောင်ထနေဆဲ။ မွေးချင်းတွေထဲမှာ မြထွတ်ဦး တော့ စိတ်ထားနူးညံ့သူပါလို့ တွက်ခဲ့မိတာ တကတ်တက်စင်လွဲလေ သည်၊

"သူ့အရမ်းစိတ်ဆိုးနေပြီမမ..ပြန်ရအောင်နော်.."

ဒေါ်ယမုံခင်က နောက်ဆုတ်ရပ်နေရင်း ကပ်ပြောသည်၊ ဒေါ်မြင့် သက်ပြင်းချမိကာ.. ၊

"ငါတို့ကဒေါသထွက်ပြီးပြန်သွားရင် သူတို့လိုလူမျိုးဖြစ်သွားမှာ ..ငါအဲ့လိုမဖြစ်ချင်ဘူး.."

ပြောပြီး မျက်နှာကိုပြေပြစ်အောင် ထိန်းချုပ်ပြင်ဆင်လိုက်ရင်း..၊

"ဒီအမှုကို မကြီးကြီးအောင်ပုဒ်မတပ်တာ သီတာသိမ်းပဲ..နင်ခွဲစိတ် ယွင်းခဲ့တာ တကယ်ပဲဆိုရင်တောင် ကာယကံရှင်က အမှုကိုရုတ် ပေးရင်ရတယ်..သီတာသိမ်းကြောင့် ဒီအမှုကကြီးကျယ်နေခဲ့တာ.."

ဦးကျော်ဆွေးတို့လည်း ပြောပါသည်။ ငွေပေးလည်းမရ ကျေရာ ကြောင်းလည်း အပြောမခံသဖြင့် ဘယ်လိုမှစေ့စပ်ညှိနှိုင်းလို့မရသေး အကြောင်း။ ထို့ကြောင့်လည်း သူမကံကိုသာ လုံးလုံးပုံချထားလိုက် ၊ ဒီလိုပြဿနာကြီးဖြစ်ရသည့် ကံကြမ္မာကိုက သီတာသိမ်းရဲ့လူ ပက်ပင်းတိုးခဲ့ရတာ ဘယ်လိုဆိုးရွားမှုတွေလဲ.. ၊

"ကိုယ့်စိတ်ကို တတ်နိုင်သမျှတင်းထားဖို့ပဲလိုတယ်မြထွတ်ဦး..ကြိုး လည်း ကြိုးစားနေမှာပေမယ့် အမှုအပေါ် သက်ရောက်မှုရှိစေတဲ့

သူကို သူတို့ညှိနိုင်းဖို့ခက်လိမ့်မယ်..ဒါပေမယ့် ငါတို့အနေနဲ့ဆိုရင် ဆင်ပြေသွားနိုင်တယ်.."

ဒါပေါ့.. သီတာသိမ်းကို အာဏာသျှန်အသက်သွင်းခဲ့တာကို

ပထမဆုံးနာကျင်ခဲ့ရတဲ့ ပေါက်ကွဲမှုကြီးကို ဖန်တီးခဲ့တာတယ် မို့လို့လဲ.. ।

ဒေါ်မြထွတ်ဦးမျက်လုံးကပြောသည့်စကားတွေကို ဒေါ်မြင့်မိုရ် လည်နေကာ... ।

"ပြန်ပြင်ဆင်လို့မရနိုင်တော့တာတွေကို ခံစားပြီး ကိုယ်ရနိုင် အခွင့်အရေးတွေကို ဆုံးရှုံးမခံပါနဲ့..ဒီအမှုပိတ်ပေးဖို့အတွက် သီတာ တို့ဘက်နဲ့ ငါတို့ဆွေးနွေးဖို့ အားလုံးစီစဉ်ပြီးပြီ.."

"အံမယ်..နင်က ကြည့်စမ်း.."

အသံသည် ခပ်လှမ်းလှမ်းကနေ သွားကြားစေ့သံနှင့် ကတု ယင်ထွက်ပေါ်လာကာ ဒေါ်မြပုလဲဖြူ ထမိမပြီး လှမ်းလာသည့်ခြေ တို့သည်.. ।

"သွား..ခုချက်ချင်းထွက်သွားဒီက.."

အနားရောက်လာသည်နှင့် စားစရာတွေပါလာသည့်ဘူးနဲ့ ဒေါ မုံခင့်ဗိုက်ကို လှမ်းထိုးပြီး တွန်းပစ်လိုက်သည်။

"မြပုလဲဖြူ.."

"ရှင့်ပါးစပ်ခုပိတ်.."

ဒေါ်မြင့်မိုရ်သာ ခံမနေလျှင် ဒေါ်ယမုံခင်လဲကျသွားမှာဖြ ဘီလူးသရဲစီးသလိုဖြစ်နေသည့် ဒေါ်မြပုလဲဖြူက ဒေါ်မြင့်မိုရ်ကိုပါ ညှိုးငေါက်ငေါက်ထိုး၍.. ।

"သွား..ခုထွက်သွားကြ.."

"ဘာအတွက်လဲမြပုလဲဖြူ..ဒါအချုပ်ထောင်နော်၊ တာဝတိံ အိမ်မဟုတ်ဘူး.."

"ရှင်တာဝတိံသာကို ထည့်မပြောနဲ့..'

"ညီမလေး.."

မြထွတ်ဦး သံတိုင်တွေကိုကိုင်ရင်း ကမန်းကတန်းလှမ်းခေါ

"ပုလဲ..မမပြောတာမကြားဘူးလား၊ တော်တော့ဆို.."



**"အချုပ်ထောင်ဖြစ်ဖြစ် ဘယ်နေရာဖြစ်ဖြစ် ငါတို့ရှိတဲ့အရပ်ကို နှာတောင်လာမပူနဲ့..ငါတို့ကျွန်တွေထဲမှာ နင့်လို'ကျွန်'မကို ပိုရွံတယ်၊ ရိုးပန်းနဲ့ ခြေဖွေးတစ်ကောင်မွေးပြီး ငါတို့ကိုခံကိုက်ဖို့ နှစ်ပရိစ္ဆေဒ ညည်အားထုတ်နေတာ..အယုတ်တမာသားအမိ.."**

**အသံကိုထိန်းချုပ်ပြောနေတာပေမယ့်** မျက်လုံးတဝင်းဝင်း တွန်း **ထိုးထိုးတွေလုပ်နေသဖြင့်** မကျေလည်သည့်အခြေအနေတစ်ခုမှန်း **သာနေလေသည်။ ဒေါ်မြင့်မိုရ်** ဒေါ်ယမုံခင့်လက်ကိုဆွဲ၍ နောက်ဆုတ် **သည်၊ ပြီးတော့ စိတ်ပျက်သည့်**အကြည့်တို့ဖြင့် စိုက်ကြည့်ရင်း.. ।

**"သွားမယ်ယမုံ.."**

**ဘာစကားမှ ဖက်ပြိုင်**ပြောမနေတော့ဘဲ ထွက်ခွာသွားလေသည်။ **မြထွတ်ဦးရဲ့သံတိုင်ကို** ကိုင်ထားသည့်လက်တွေ လျော့ရဲပြေကျသွား **သည်၊ ညီမဖြစ်သူကိုလည်း** ဘာမှမပြောတော့ဘဲ ကျောခိုင်းရပ်နေမိ၏။ ဆိုကို ပထမဆုံးရောက်လာခဲ့သည့် ညီမဖြစ်သူပုံစံကို မြင်လိုက် ဦးက နားလည်လိုက်သည်။ ခိုပြာရောင်ကတ္တီပါတဘက်ရှည်ကို ကနေ ပခုံးတွေပေါ်ထိ ပတ်ထားကာ အပြင်ထွက်တိုင်းကော့ကျော့ အောင် ပြင်ဆင်ဝတ်စားထားတတ်သည့်ကိုယ်မှာ အိမ်မှာနေရင်းအ ဘာမှမထူး.. ।

"သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ်မမရယ်..သူများနာရေးဖြစ်တာနဲ့ ပေးရမှာလား၊ မျက်နှာပြောင်နဲ့ အပူသည်ရုပ်ဖမ်းပြီး မသွားနိုင်ပါ ကိုယ့်အိမ်ထဲမှာနေတာတောင် ပုလဲတို့က ကိုယ်ရောင်ကိုယ်ဝါနဲ့နေ လို့ ကြွေးကြော်တဲ့သူ။ ခုတော့ မျက်ကလဲဆန်**ပျာမျက်လုံးတွေနှင့်** တာ ကပိုကရို.. ।

"လူပါးဝလို့..ဟွန်း သူများသားသမီးကိုသေတဲ့**အထိ ခုက္ခပေးပြီး** အကိုလာပြီး ပျားရည်နဲ့ဝမ်းချနေတယ်.."

ဟင်.. ।

ကြိတ်မနိုင်ခဲမရ နောက်ဆက်တွဲ**ရေရွတ်သံကြောင့် ဒေါ်မြထွတ်ဦး** နဲ့ဖြစ်သွားသည်။ ပြီးတော့ **မြပုလဲဖြူဘက်ကို အလန့်တကြား** လိုက်မိကာ.. ।

"ပုလဲ..ဘာပြောလိုက်တာလဲ၊ ငါ့သမီးလားဟင်..ငါ့သမီးလေး ဘာ

ဖြစ်လို့လဲ.."

သွားပြီ.. ।

ကိုယ့်ဒေါသနဲ့ကိုယ် လွှတ်ခနဲပြောလိုက်မိကာ ဒေါ်မြပုလဲဖြူ
လုံးအဝိုင်းသားနှင့် တံတွေးမျို၏။ သူမဘာပြောရမှန်းလည်းမသိ။
မြထွတ်ဦးသည် တရစ်ရစ်ဝေ့တက်လာသည့်မျက်ရည်တွေနှင့် သူမ
လုံးထဲကို ငေးစိုက်ကြည့်ရင်း.. ।

"ငါ့သမီး..ငါ့သမီးမရှိတော့ဘူးပေါ့.."

ထပ်မေးတော့လည်း ဖြေသံကမလာ။ ဒေါ်မြပုလဲဖြူနှုတ်ခ
တလှုပ်လှုပ်နှင့် ဆွံ့အနေခဲ့၏။ ပြောဖို့မရည်ရွယ်ခဲ့ပေ။ ဒါပေမယ့် ဦး
မချင်းပြောဖို့စကားတွေရှိသည်။ ရင်ဖွင့်ချင်သည်။ မမရင်ထဲကို
ခေါက်ကြည့်ပြီးမှ မသိမသာသတင်းချန်ခဲ့ပြီး မမခံနိုင်ရည်မွေးနိုင်
ပြင်ဆင်ပေးချင်လို့။ သို့သော်.. ।

"ငါသိပြီ..ငါသိပါပြီ.."

သားသမီးကို မကာကွယ်နိုင်။ မတတ်သာသည့်နေရာကနေ
နေခွင့်လေးတောင်မရ။ ဒီအမေရင်ထဲမှာ ဘယ်သို့ရှိမည်နည်း..။
ပုလဲဖြူ အစ်မအတွက် စာနာစိတ်တို့ဖြင့် မျက်ရည်တွေတဖြုတ်ဖြု
ဆင်းလာကြသည်။ ဒေါ်မြထွတ်ဦးကတော့ နောက်ထပ်တကြိမ်
တွေကို ကျောကပ်မှီလိုက်ပြီး ညီမကိုကျောခိုင်းသွားလေသည်။ သူ
လုံးထဲမှာ မြင်နေသည်၊ ကြားခဲ့သည့်စကားသံတွေကို ပြန်ကြားနေ

"တာဝတိံသာစံအိမ်ကြီးက မျိုးနွယ်စုတွေရဲ့စံပြပဲ..ဒီမှာမ
မှုဘာမှမရှိဘူး၊ မျိုးဆက်တိုင်း သက်တမ်းစေ့နေနိုင်ရမယ်..သက်
စေ့ဘဲ သေတာတွေ ဥပစ္ဆေဒကကံနဲ့သေရတာတွေ၊ တာဝတိံသာမှာ
တုန်းကမှ မရှိခဲ့ဘူး..နောက်လည်းမရှိရဘူး၊ ရှိလာရင်လည်း တို့မျိုး
လို့မသတ်မှတ်ဘူး..စံအိမ်မှာ ဂန္ထဝင်မျိုးဆက်စာရင်းထဲ ပါချင်ရင်
လူလိုသေနိုင်အောင် ကျင့်ကြံကြပါ.."

ဘိုးဘွားဘီဘင်တို့ရဲ့ စာကြည့်တိုက်ဟောင်းကြီးထဲမှာ
တမ်းတွေရှိသည်။ မယ်မယ့်နှုတ်ဖျားကနေ ဒီစကားတွေကို မကြား
ကြားခဲ့ရသည်။

ကိုယ့်သားကိုတောင် ခွေးသေဝက်သေလို မီးပုံရှို့ပစ်ခဲ့



တို့ရဲ့ မာန်မာနတို့ကို တရေးရေးမြင်နေရင်း.. ।

"သွားပေတော့ သမီးရယ်..မေမေ့ကိုခွင့်လွှတ်ပါ.."

ရင်ထဲကနေ တောင်းပန်ငိုကြွေးနေမိသည်။ ဇင်ဘယ်လိုသေဆုံးခဲ့
ကို သူမသိစရာမလိုတော့ပေ။ ဒီသေဆုံးမှုကို မယ်မယ်ဘယ်လိုစီ
တ်ပြီလဲဆိုတာ ဒေါ်မြထွတ်ဦးရဲ့နှလုံးအိမ်ကို ဖျစ်ညှစ်ဆုပ်ချေနေ
အသိပေးနေခဲ့လျက်.. ।

"မမ..မမဘာဖြစ်သွားတာလဲ၊ လုပ်ကြပါဦး.."

သံတိုင်တို့ကိုမှီရင်း တအိအိပြိုကျသွားခဲ့သော ဒေါ်မြထွတ်ဦးရဲ့
ကို အပြင်ကနေ ဆွဲထိန်းဖို့ကြိုးစားရင်း ဒေါ်မြပုလဲဖြူပါ ဒူးထောက်
သွားလေသည်။

*ဤသူသည် သောက်တော်ရေချမ်းကို ကပ်လှူ၏။*
*ဓော်ထားသည့် ဆီမီးဖြင့် မိမိကိုယ်ရှုံလွှာကို လောင်စေသော်..၊*

☎

## အခန်း(၈၂)

ဘုရား..ဘုရား.. ။

ဖုန်းချထားလိုက်ပြီး ရင်တွေတုန်နေတာကိုထိန်းရင်း ဆိုဖာ... ချလိုက်ရသည်။ အချုပ်ထဲမှာ ဒေါ်မြထွတ်ဦး သတိလစ်သွားလို့ ... တင်လိုက်ရသည်တဲ့.. ။

ဒေါ်မြင့်မိုရ်ပြောသည့်စကားသံက နားထဲမှာပဲ ပဲ့တင်ထပ်... ၏။ ကိုယ်တွေသွားတွေ့တုန်းက ပိန်လှီနွမ်းလျနေသည့် မျက်နှာ... မြင်ယောင်နေမိသည်။ 'အကူအညီမလိုပါဘူး'လို့ ပြောလွှတ်ခဲ့... သူမကိုစိတ်မဆိုးမိပါ။ မကူညီနဲ့ဆိုလို့ မကူညီဘဲနေဖို့လည်း သ... ဒေါ်မြင့်မိုရ်မှာပါ စိတ်ကူးမရှိခဲ့ပေ။ အမြဲတမ်းအနိုင်ရနေသည့်... အရှုံးကိုရင်ဆိုင်ရပြီဆိုရင် ကယောင်ချောက်ချားတွေဖြစ်တတ်ကြ... ဒေါ်မြင့်မိုရ်ကိုယ်တိုင် ဒါကိုနားလည်နေတာပါ.. ။

"သူ့အိမ်က ဘယ်သူမှသွားမကြည့်ကြပေမယ့် ငါတို့က... တွေ..မကြည့်လို့မဖြစ်ဘူး၊ သူတို့ဘယ်လိုထင်ထင် ဘာပြောပြော... ဘက်က ဝတ္တရားမပျက်ဖို့ပဲလိုတယ်..နောက်ပြီး ကိုယ့်ကလေ... သက်ခဲ့တဲ့ပြဿနာဖြစ်နေတော့ ငါတို့ကလူကြီးမိဘပီပီ ဝင်ထ...



...ယ်.."

ဒေါ်မြင့်မိုရ်ဒီလိုပြောပြီး အတူသွားဖို့လာခေါ်ခဲ့တာဖြစ်သည်။ ...ိုယ်ကမသွားဖုံတာတောင် အရှိုးရှိုးအားပေးပြီး ခေါ်သွားခဲ့၏။ ဖြစ်...ကတ်ခဲ့သမျှတွေက ရုပ်ရှင်ပြကွက်တွေလို တရုပ်ရုပ်ပေါ်လာနေကာ ဒေါ်...ကုလဲပြူရောက်လာခဲ့သည့်အကြိမ်မှာ အနီရောင်မြင်ကွင်းနှင့် အဆုံးသတ်...ပြီ.. ။

ငါ့ကြောင့်လား..။ ငါတို့သွားလိုက်မိလို့လား..။ မမလေးနဲ့ငါတို့...ခဲ့မိတဲ့နောက်မှာ တစ်ခုခုရှိခဲ့တာလား.. ။

တွေးနေရင်း ကိုယ့်ကြောင့်ဖြစ်သွားမှာစိုးသည့် ရင်ခုန်သံတွေက ...ဒိန်းဒိန်းဆောင့်ခါလာ၏။

"အန်တီ..အန်တီဘာဖြစ်လို့လဲ၊ အန်တီသတိထားလေ.."

ဆိုဖာပေါ်မှာထိုင်နေရင်း ခေါင်းကိုကိုင်လျက် စိုက်ခနဲလန်သွား...ည့် ဒေါ်ယမုံစင်ကို ကနုတ်နိုးရှိမ်တကြီး ပြေးပွေ့၏။

"အန်တီ..အန်တီ.."

"အင်း..ရတယ်၊ နည်းနည်းမူးသွားတာ..အား မူးလိုက်တာ.."

"ရော့..အန်တီ၊ ရှူဘူးလေးရှူလိုက်နော်..ကနုတ် နှိပ်ပေးမယ်.."

နှိပ်တတ်ပုံလည်းမရဘဲ ပခုံးနှစ်ဖက်ကိုနှိပ်လိုက်။ နားထင်နှစ်ဖက်...ရောက်သွားလိုက်နှင့် မျက်နှာကိုလည်း ငုံ့ကြည့်သေးသည်။ ပြီးတော့...ပေါ်မှာ ဟိုထောက် ဒီထောက်.. ။

"ရပါပြီသမီးရယ်..သမီးက သမီးဘွားဘွားကို နှိပ်ပေးခဲ့ဖူးလို့လား"

"ဟင်..အန်တီစံလို့ကောင်းသွားလို့လား၊ အကြောထိတယ်ပေါ့.."

"အင်း.."

ဒေါ်ယမုံစင်ခေါင်းညိတ်ပြလိုက်တော့ ကနုတ်ဝမ်းသာအားရလေး...သွားခဲ့လျက်.. ။

"အနှိပ်ကောင်းတဲ့လူဆို ဘွားဘွားကလက်ပေါက်တယ်လို့ ချီးမွမ်း..."

"သမီးကိုလား.."

"ဟင့်အင်း.."

ပြုံးမိမည်မထင်ဘဲ ပြုံးလိုက်မိသည်။ ဒီမိန်းကလေးမျက်နှာလေး

ကို မြင်ရတိုင်း စိတ်ချမ်းသာခြင်းကို ဖြစ်စေပါ၏။ သူမကိုယ်တိုင်က ပွလောင်ပြင်းပြတာမရှိသလို အငြိုးအထည်နဲ့စိတ်ကောက်ငိုယိုနေတတ်တာ မရှိသောကြောင့်ထင်သည်။ များသောအားဖြင့် မျက်ဝန်းလေးတွေက ကြည်နေတတ်ကာ တာဝတီံသာစံအိမ်က တခြားလူတွေလို မာန်မာနထောင်လွှားသည့်ပုံလည်းမရှိ။ သူမရှေ့မှာ လူကြီးတွေ ခွဲခြားနှိမ့်ချပြောနေကြတာတောင် ကိုယ့်ကိုဆက်ဆံသည့်နေရာမှာ အထင်မြင်သေးသည့်ပုံစံအနည်းငယ်မျှ မရှိ.. ၊

ဒါလည်း အစ်ကိုလေးရဲ့သမီးလေးမို့ အစ်ကိုလေးနဲ့တူတာဖြစ်မှာပါဟု တွေးမိရင်း ဒေါ်မြထွတ်ဦးအကြောင်းက ဖျတ်ခနဲပြန်ပေါ်လာကာ..

ဘုရား.. ၊

အိပ်မက်ဆိုးကြီးတစ်ခုဖြစ်ပါစေ။ မျက်လုံးတွေပြန်မှိတ်လိုက်မိကာ ပြင်းပြင်းထန်ထန် ဆုတောင်းလိုက်မိသည်။ သို့သော် မျက်လုံးတွေဖွင့်လိုက်တော့လည်း ဒီအတိုင်း.. ၊

"အန်တီ တကယ်သက်သာရဲ့လားဟင်..ကနုတ်ထပ်နှိပ်ပေးမလေ.."

"ရပါပြီသမီးရယ်.."

"အန်တီ့မျက်တောင်မှာ မျက်ရည်တွေနဲ့.."

"ဟင်..ဟုတ်လား.."

မျက်ရည်သုတ်ဖို့ သတိမရတာက မျက်ရည်ကျနေမိမှန်းတောင်မသိခဲ့၍ဖြစ်သည်။ သို့သော် သုတ်ပစ်နေရင်း မျက်ရည်ကထပ်ကျခဲ့လျက်.. ၊

"မဟုတ်ပါဘူး..ဟို ရှေးဟောင်းနှောင်းဖြစ်တွေ သတိရလို့ပါ.."

"ရှေးဟောင်းနှောင်းဖြစ်ထဲမှာ ဘွားဘွားတို့ ကြီးကြီးထွတ်တို့လားဟင်.."

ဘေးမှာထိုင်ချလိုက်ရင်း မျက်နှာကိုငုံ့ကြည့်ပြီးမေးတော့ မျက်နှာချင်းဆုံသွားခဲ့သည်။ ကနုတ်က ပြုံးပြကာ.. ၊

"အဲ့ဒီတုန်းကဆိုရင် အန်တီ့ကိုကြီးကြီးတို့ဘွားတို့က ဆူခဲ့မှာတာတွေပဲဖြစ်မှာကို တွေးမိလို့ပါ..ကြီးကြီးထွတ်က အေးပေမယ့် ကြီးကြီးပုလဲက ဒေါသကြီးတယ်၊ ဘွားဘွားကမာနကြီးတယ်..စံအိမ်က အ



လုပ်တဲ့လူတွေ ဘသစ်တို့ ဒေါ်စုစုတို့ မအေးငြိမ်းတို့ သူတို့တွေဆို အမြဲအဆူခံရတာ ဘွားဘွားခြေသံကြားတာနဲ့ သူတို့တအားကြောက်ကြတာ..ဒါပေမယ့် အရိုက်ခံရတာပဲ၊ ဖေကြီးကပြောတယ်..ကြောက်လွန်းရင်လည်း အများတွေ့တာပဲတဲ့၊ ကြောက်လေမှားလေပဲတဲ့.."

"ဟုတ်တယ်.."

ကိုယ့်ခံစားချက်နဲ့နှိုင်းပြီး ခေါင်းညိတ်ထောက်ခံမိသည်။

"မဖြစ်မနေကိုယ်ရင်ဆိုင်ရမှာပဲဆိုတာသိထားရင် ရင်ဆိုင်ဖို့ဖြစ်အောင်တိုင်း ကြောက်နေလို့အပိုပဲတဲ့..အဲ့ဒါကြောင့် ကနုတ်လည်းမကြောက်တော့ဘူး၊ အစကဆို ဘွားဘွားသူများတွေကို ရိုက်ဆုံးမနေရင် ကနုတ်လည်းကြောက်တာပဲ.."

"သမီးကိုရိုက်ဖူးလို့လား.."

"ဟင့်အင်း..ဒါပေမယ့် ခဏခဏဆူဖူးတယ်၊ ဖေဖေမရှိရင်ပိုပြီးအဆူခံရတယ်..နောက်ကျတော့ ဖေဖေကအပြင်သိပ်မထွက်တော့ဘူး၊ ဘွားဘွားလည်း သဘောကျသွားတယ်ထင်တယ်..နောက်ထပ်ဘာသံမှမကြားတော့ဘူး.."

ဟုတ်မှာပါ..။ မယ်တော်ကြီးက သားသမီးတွေကို သူ့လက်အောက်ကနေ ဘယ်မှထွက်သွားတာ မကြိုက်။ အိမ်ထောင်ရက်သားကျကြလည်း မိဘလက်ငုတ်လက်ရင်းအလုပ်တွေမှာပဲ လုပ်လို့ရသည်။ လမ်းညွှန်တဲ့အတိုင်းပဲ လုပ်ကိုင်နေထိုင်လျှင်ရသည်။ ခွဲထုတ်ဖို့မလိုသည့်ဝါဒနှင့် အစ်ကိုလေးတစ်ယောက် စံအိမ်မှာပဲမြဲနေတာကို သဘောကျမှာ အမှန်ပင်.. ၊

"မမတို့ ကိုကိုလူတို့ဆို တက္ကသိုလ်တက်ရတယ်..ကနုတ်ကျတော့ စာယူနဲ့ပဲ ဘွဲ့ရခဲ့တာ၊ ကနုတ်ကလည်း တက္ကသိုလ်တက်ချင်ပေမယ့် မပြောခဲ့ပါဘူး..ဘာဖြစ်လို့လဲဆိုတော့ ကနုတ်ပူဆာရင် ဖေကြီးက ဘွားဘွားကိုပြောမှာ၊ အဲ့ဒီကျ ဖေကြီးပဲအဆူခံရမှာလေ.."

"သမီးက သမီးဖေကြီးကိုသိပ်ချစ်တာပဲလား.."

"ချစ်တာပေါ့..ဖေကြီးကလည်း ကနုတ်ကိုအရမ်းချစ်တာ.."

ကနုတ်ရဲ့ လက်ဖဝါးလေးကို ဆွဲကိုင်လိုက်ရင်း မျက်နှာလေးကိုကြည့်၍.. ၊

"သမီးသိလား..သမီးဖေကြီးက သားနဲ့သမီးကို လက်ထပ်စေ တာ.."

ကနုတ် မျက်နှာလေးတည်သွားသည်။

"သားနဲ့လက်ထပ်ပေးမယ်ဆိုရင် သမီးလက်ခံမယ်မို့လားဟင်.."

"သူခေါ်လာတည်းက ကနုတ်က သူ့စိတ်တိုင်းဖြစ်စေရမယ့်သူ ဖေကြီးကိုသနားလို့ လက်ထပ်ဖို့ထိလည်း ကနုတ်ကိုယ်တိုင်ပြောခဲ့ တယ်.."

"အဲ့ဒါတွေအန်တီသိပါတယ်သမီးရယ်..သားလေးကလည်း ဆိုးလူရမ်းကားတစ်ယောက် မဟုတ်ပါဘူး၊ သူ့စိတ်ဒဏ်ရာဖြစ်သွား တဲ့ ကိစ္စကြီးသာပေါ်မလာခဲ့ရင် အားလုံးအေးချမ်းနေမှာ.."

သားကိုအစတည်းက တာဝတီံသာစံအိမ်က မိန်းကလေး ယောက်နဲ့လက်ထပ်ပေးဖို့ ကမ်းလှမ်းမယ့်အစီအစဉ်ရှိခဲ့တာတွေ ဒေါ် ခင်က ပြောပြနေကာ.. ၊

"သားကိုမပြောလိုက်ပေမယ့် သားနဲ့ပေးလိုက်တဲ့စာထဲမှာ လမ်းချင်တဲ့စကားပါးလိုက်တာ..ဒါပေမယ့်မပေးဖြစ်ခဲ့ဘူး.."

"ဦးသျှန်ကလည်း ဘွားဘွားတို့ကို ကြိမ်းဝါးသွားတယ်လို့ တယ်..အဲ့ဒီတုန်းက ဖေကြီးကတောင်ပြောနေသေးတယ်၊ အာဏာ ဆိုတဲ့ကောင်လေးကိုတော့ ကြိုက်တယ်တဲ့..ဘာတွေပြောသွားတ တာမသိဘူး.."

"အန်တီလည်းမသိပါဘူးသမီးရယ်..အဲ့ဒီကပြန်လာတော့ သာ အခန်းအောင်းနေတာ ပြန်လည်းမပြောပြဘူး..မျက်နှာလည်းမ ဘူး.."

ထိုစဉ်က အဖြစ်တို့ကိုပါပြောပြနေမိရင်း ကနုတ်အမြင်မှာ သာ ပေါ် အမုန်းနဲ့အုံ့ဖွဲ့ခြင်းကင်းစေရန် ရည်ရွယ်၍.. ၊

"သားစိတ်ကိုအန်တီသိတယ်..သူ့အဖေအပေါ် စိတ်တိုင်းမ အမွေဖြတ်စွန့်လွှတ်ထားတယ်လို့ သိထားတည်းက တာဝတီံသာ ဘွားတွေအပေါ်မှာ သူစိတ်မကွက်ခဲ့ဘူး..မိဘကိုလည်း မဝေဖန်ခဲ့ ဘိုးဘွားတွေရဲ့စည်းကမ်းကြီးမှုအပေါ်မှာ အထင်တကြီးရှိနေခဲ့တယ် ကြီးတွေစိတ်ဆိုးရင်လည်း ဆိုးလောက်တာပဲလို့ နားလည်ပေးခဲ့



.."

"ဟိုကိုလာတုန်းက တကယ်ပဲကန့်တော့ချင်လို့ပေါ့နော်.."

ဒေါ်ယမုံခင်က ခေါင်းညိတ်ကာ.. ၊

"ဟုတ်တယ်..အဲ့ဒီမတိုင်ခင်တည်းက အလုပ်အားတာနဲ့ မန္တလေး ဘိုးဘွားတွေဆီ သွားမယ်ချည်းဖြစ်နေတာလေ၊ အန်တီသိတယ်..အဲ့ ကြောင့် မသွားဖြစ်အောင် အမျိုးမျိုးတားခဲ့တယ်၊ တားနေခဲ့လို့လည်း သွားမယ်ပြင်တိုင်း မသွားဖြစ်ခဲ့ဘူး..တားလို့မရတော့တဲ့အချိန်မှာ ခုလို ဖြစ်ကုန်တာပဲ.."

ဒါတွေတွေးပြီး မျက်ရည်ကျရှာသည်လို့သဘောပေါက်ကာ ဒေါ် မုံခင့်ကို ကနုတ်သနားသွားမိသည်။

"အားလုံးကပြီးသွားပြီပဲအန်တီ..တွေးမနေပါနဲ့တော့၊ ကနုတ် ည်းဖေကြီးကနုတ်ကြောင့် စိတ်ဆင်းရဲပြီး ကျန်းမာရေးထိခိုက်သွားမှာ နေတာ..ကျန်တာတော့ ကိုယ့်ကိုယ်ကိုစိတ်မဆင်းရဲအောင် ကြိုးစား တာပဲ.."

ပြောနေရှာပေမယ့် ကြွေကွဲရိပ်လေးတွေနှင့် ငိုင်ကျသွားသည့်မျက် လေးက ကလေးလိုပင်.. ၊

"သမီးရယ်.."

ဒေါ်ယမုံခင်က လက်လေးကိုကိုင်လိုက်တော့ ပြုံးပြရှာ၏။ ပြီး .. ၊

"ကနုတ်တကယ်ပြောတာ..တာဝတီံသာမှာဆို စံအိမ်ခြံဝင်းကြီးထဲ ရေတံခွန်အတုတွေ တောတောင်အတုတွေကအစ ဖန်တီးပေးတာပဲ.. မယ့် အပြင်လောကဆိုတာကို စိတ်ဝင်စားလာတော့ အဲ့ဒါတွေနဲ့ တော့ဘူး..သူများတွေလို လွတ်လွတ်လပ်လပ်သွားလာ ပျော်ပါး တယ်၊ မမက ရန်ကုန်မှာဘယ်လိုပျော်ဖို့ကောင်းတာတွေ ပြောပြ ပို့ဆိုးသွားတာပေါ့..ကနုတ်ရန်ကုန်ကို အရမ်းရောက်ဖူးချင်တာ.."

"ဒါကြောင့် သားကခွတ်ခေါ်လာပေမယ့် သမီးကထင်သလောက် ည စ်ခဲ့တာပေါ့.."

ကနုတ်က သွားလေးတွေပေါ်အောင်ရယ်ရင်း ခေါင်းညိတ်သည်။ ပြတင်းပေါက်တွေကို လက်ညှိုးထိုးပြရင်း.. ၊

"အဲ့ဒီတံခါးတွေကနေ ငုံ့ကြည့်လိုက်ရင် လမ်းပေါ်ကလူတွေကား
တွေကို မြင်နေရတယ်..ဘေးကအိမ်တွေကိုကြည့်လို့လည်းရတယ်၊ ...
တို့တွေသီချင်းဖွင့်တာ၊ အလှူခံစက်တွေက အသံချဲ့စက်တွေနဲ့အော်...
တာ..အာလုံးပဲ၊ မိုးလင်းလာရင် ကိုယ့်အိမ်ကမဟုတ်တဲ့ အသံဗလံ...
လေ အဲ့ဒီအသံတွေကြားပြီး အိပ်ရာကနိုးရတာကို ကြိုက်တယ်.."

ဖြစ်ရလေလို့ ညည်းရမလား.. ထူးဆန်းပါဘိလို့ပဲ ပြောရမလား

"နောက်ပြီး ဦးသျှန်ကိုကြောက်ပေမယ့် ကနုတ်အရမ်းတော့ ...
မနည်းပါဘူး..အန်တီရော ဦးသျှန်ရော ကနုတ်တို့ကဆွေမျိုးတွေပဲဟာ
လူစိမ်းတွေမဟုတ်ဘူးဆိုတဲ့အသိနဲ့ ရင်းနှီးလို့ရတယ်.."

"သမီးရဲ့မသိစိတ်မှာ သားကိုတိမ်းညွတ်နေမိတာရော.."

"ဟင်.."

"အဲ့လိုမဖြစ်နိုင်ဘူးလား.."

ကနုတ်မျက်နှာလေး ပန်းနုရောင်ပြေးသွားသည်။ ပြီးတော့ မျက်
တောင်လေးတွေခတ်နေရင်း ခေါင်းခါ၏။

"မဖြစ်နိုင်ပါဘူး..ကနုတ်ကို သူအရမ်းမုန်းတာ.."

"သမီးရင်ထဲကိုပြောနေတာလေ.."

"ဟင့်အင်း..ကိုယ့်ကိုမုန်းနေတဲ့လူကို ကနုတ်ကဘာဖြစ်လို့ တိမ်း
ညွတ်ရမှာလဲ.."

"သားကချစ်နေတယ်ဆိုရင်ရော.."

ကနုတ်မျက်နှာလေး ဖျတ်ခနဲမော့လာ၏။ ပြီးမှ.. ၊

"မဖြစ်နိုင်ပါဘူး..အဲ့လူကြီးက သူ့ကိုယ်သူအရမ်းချောတယ်ဆို...
မာန်တက်နေတာ.."

"သမီးကရော သူ့ကိုအရမ်းချောတာပဲလို့ တစ်ခါမှမတွေးမိ...
လား.."

တွေးမိတာပေါ့..။ သူတကယ်ချောတာပဲဟာ။ ဒါပေမယ့်ဒီလော...
ဒေါသကြီးမာန်တက်နေတဲ့လူကို ဘာဖြစ်လို့ သဘောကျရမှာလဲ..

ကနုတ်မျက်နှာလေး မော့လိုက်လျှင် ဒေါ်ယမုံခင်ကပြုံးကာ

"သမီး အန်တီ့ကိုညာပြောတော့မယ်ထင်တယ်.."

ဟင်.. ၊



"သမီးမှန်ပါတယ်..သားအပေါ်မှာ နားလည်ဖို့ နည်းနည်းလေးလို
...သေးတာပဲရှိတယ်.."

ကနုတ်ပါးလေးကို လက်ဖျားတို့နှင့် တို့ထိလိုက်ရင်း ဖြန့်ချထား
...သည့် ဆံနွယ်ရှည်တို့ပေါ် တယုတယပွတ်သပ်၍.. ၊

"ဘာပဲဖြစ်ဖြစ် သားနဲ့သမီးတို့ ချစ်ချစ်ခင်ခင်ပေါင်းစည်းသွားကြ
...ယ်ဆိုရင် ဒီပြဿနာတွေပြေလည်သွားမှာပဲ..ဖြစ်လာခဲ့တာက ဒေါသ
...မာနတွေနဲ့ပေမယ့် အချစ်ကအရာရာကိုကျော်ဖြတ်နိုင်တယ်၊ သားက
...သမီးကို မြတ်နိုးမှုရှိလာရင် သူ့ရင်ထဲက ဒေါသတွေဂလဲ့စားချေချင်
...တာတွေလည်း ပျောက်သွားမှာပဲ.."

ဒီအဖြစ်တွေဟာ သားကအစပျိုးတုံ့ပြန်ခဲ့တာဖြစ်သည်။ ဆက်
...တိုက်ပျက်စီးဆုံးရှုံးမှုတွေဖြစ်ရခြင်းနှင့်ပတ်သက်၍ ဘယ်သူ့အပေါ်ဘယ်
...က ပြုမူကျူးလွန်ခဲ့သည်ဖြစ်စေ သားနဲ့သူတို့ရဲ့အမုန်းတရားတွေက
...တော့ အားကောင်းနေမှာပင်။ ဒီအမုန်းတွေပြီးဆုံးသွားစေချင်သည်။
...လောဆယ် ဆက်တိုက်ပျက်စီးဆုံးရှုံးနေတာက တာဝတီံသာမိသား
...တွေသာဖြစ်ပေမယ့် ဒေါ်ယမုံခင်ဘယ်လိုမှ မအေးချမ်းနိုင်ပါ။ ဘယ်သူ
... ဘယ်သူ့အပေါ် အနိုင်ယူလိုက်တာမျိုးတွေ ဘာမှမရှိဘဲ ကိုယ့်ဘဝနဲ့
...ယ် အေးချမ်းစွာနေလိုပါ၏။

## အခန်း(၈၃)

"အေး..အဲ့ဒီသတင်းဖွပစ်လိုက်.."

"..............."

"ဒေါ်မြထွတ်ဦးအခြေအနေမကောင်းဘူးမို့လား..ပုံနှင့်တကူ ပစ်လိုက်၊ ဖော်မြူလာဂရု(ပ်)တွေ သိသွားရင်ပြီးပြီ၊ ဒေါ်မြမင်း လေးထားတဲ့ဆွေမျိုးစုက သူတို့ပဲ..အဲ့ဒီလူတွေသိကုန်ရင် ဒေါ်မြမ ကွဲပြီ.."

ဖုန်းပြောရင်း စီးကရက်မီးညှိနေမိစဉ်.. ၊

"ဟာ..တက်လေ လိုက်ပါလား၊ တောက် ညံ့လိုက်တာ.."

ကနုတ် ဂိမ်းဆော့နေသည့်အသံက ဝင်လာ၏။ နာရီကြည့် တော့ ညကိုးနာရီကျော်နေပြီ.. ၊

"ဟေ့အေး..ငါ့ဆီကိုဘာမက်ဆေ့ချ်မှ မပို့ဘူး.."

"................."

"သူ့လူမိုက်ကြီးတွေကို ဘယ်သူကဂရုစိုက်မှာမို့လဲ.."

"ဟား..သွားပြီ၊ သေပြီ..သေပြီ.."

ကျွတ်.. ၊



ကနုတ်အသံက ပိုတောင်နီးလာသလိုရှိကာ သူ့ပဲအခန်းပြင်ထွက် လာရ၏။ ထိုအခါ ကနုတ်ကလည်း အပြင်ထွက်လာတာနှင့်ဆုံကာ ယောက်မျက်နှာချင်းဆိုင်မိကြ၏။

"အဲ့.."

သူ့ကိုမြင်တော့ ကနုတ်ဖုန်းကိုင်ပြီး ချက်ချင်းပြန်လှည့်၏။ ညဝတ် အနက်အဖြူလေးနှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသည့် ကနုတ်ပုံစံ ကတော့ အပြင်ကိုထွက်လာပြီးမှ ဖျတ်ခနဲ ပြန်လှည့်ဝင်သွားသဖြင့် ဂါဝန် အတူ ဆံနွယ်တွေက လွင့်ဝေ့ဝဲသွားကြ၏။ ပြီးတော့ တံခါးကိုက တန်းပိတ်လိုက်သောကြောင့် ကြမ်းပြင်နားမှာ ဂါဝန်စက တံခါး ညပ်ကျန်ရစ်၏။ တစ်ဆက်တည်းတွင်.. ၊

"ဒုန်း.."

"အ.."

အထဲက အသံကိုကြားလိုက်ရလျှင် သူပြုံးလိုက်မိကာ ဖုန်းပြော ကို လက်စသတ်လိုက်ပြီး.. ၊

"ဒေါက် ဒေါက်.."

အထဲမှာ လေးဘက်ထောက်လဲကာ ကနုတ်အဖြစ်ဆိုးနေစဉ် တံခါးခေါက်လိုက်သဖြင့် အလန့်တကြားလှည့်ကြည့်မိသည်။ ထို ကျမှ ဂါဝန်ညပ်နေသည့်တံခါးကိုသတိရကာ အပြင်ကနေ ကိုယ့် ဝန်စကိုမြင်သွားပြီဆိုတာ သိလိုက်၏။ လွတ်ထွက်သွားသည့်ဖုန်းကို ကောက်ဖို့မကြိုးစားတော့ဘဲ ကိုယ့်ဂါဝန်စကို အသည်းအသန်ပြန်ဆွဲ သည်။

"ဒေါက် ဒေါက်.."

"ဟေ့..ဘာဖြစ်နေလဲ၊ တံခါးဖွင့်.."

"ဘာမှမဖြစ်ပါဘူး..သူများဟာသူများ.."

ဘာဖြစ်ဖြစ်..သူ့အပူကျလို့.. ၊

မပြောဖြစ်သည့်စကားဆက်က ရင်ထဲမှာအပြီးသတ်ကာ တံခါးဆီ ချက်စောင်းတစ်ချက်ပစ်ဝင်၏။ ပြီးတော့ ဂါဝန်စကို အံကြိတ်ဆွဲရင်း.. ပြီတော့မှာပဲ.. ၊

ဂါဝန်ပျော့လေးမို့ နမျောစိတ်ကလည်းဖြစ်သေးသည်၊ သို့သော်

ဒါမပြုတ်သရွေ့ သူမဒီနားကသွားလို့ရမှာမဟုတ်။ ဒူးတစ်ဖက်နာ
ပေမယ့် အားတင်းပြီးပြန်ထကာ ဂါဝန်အနားစကို စုလုံးကိုင်လိုက်သ
ညပ်နေသည့်နားကနေ ကပ်ဆွဲဖို့စိတ်ကူးနှင့် အသက်အောင့်ပြီး တ
ဆွဲပစ်လိုက်လျှင်.. ။

"အား.."

"ဟာ.."

သျှန်က တံခါးဖွင့်ပစ်လိုက်သဖြင့် ကနုတ်အဖြစ်သည်..

"ဒုန်း.."

"အား..သေပါပြီ.."

သျှန် လှမ်းဆွဲပေမယ့် မမီလိုက်ဘဲ ကြမ်းပေါ်ဖရိုဖရဲပစ်ကျ
ခဲ့ပြီး.. ။

"ကနုတ်ရောင်.."

"အား..မရတော့ဘူး၊ ဒီတစ်ခါတကယ်ကျိုးပြီ..အား.."

အနားရောက်သွားပေမယ့် ပိုးလိုးပက်လက်လန်ကာ ခါးကော
နေသဖြင့် သျှန်ဘယ်ကကိုင်ပြီး ဘယ်လိုထူပေးရမှန်းလည်းမသိ၊
ပြင်နေရင်း ဘယ်ကိုမှလည်းမကိုင်ဖြစ်ဘဲ.. ။

"မင်းကအသံမှမပေးဘဲ.."

"ဘာမှမဖြစ်ဘူးလို့ ဦးသျှန်ကိုကနုတ်ပြောနေတာပဲ.."

"မင်းဘာပြန်ပြောမှန်းကိုမသိဘူး..ထူပေးမယ် ထ.."

"နေဦး..အား ခါးနာနေတယ်၊ အား မရဘူး..လက်ကိုမဆွဲ
တယ်.."

လက်တစ်ဖက်ကို ဆွဲထူတော့လည်းအော်။ ကျောကထိန်း
တော့လည်း နာသည်။ သူဘာလုပ်ရမှန်းမသိတော့ဘဲ.. ။

"ကဲ..မင်းဘာသာထလိုက်တော့.."

"ဘယ်လိုလုပ်ရမလဲ..အဲ့ဒါဦးသျှန်ကြောင့်.."

"ဘာ.."

"သူများအခန်းကို ထွက်လိုထွက်..ဝင်လိုဝင်.."

ကိုယ့်ဘာသာသော့သွားယူပြီး ဖွင့်လိုက်မိသည့်အပြစ်နှ
မျက်နှာနီသွားသည်။



"ဒီက ဂါဝန်ညပ်နေလို့ ဆွဲထုတ်နေတာကို.."

"ငါလည်း မင်းဂါဝန်စဆွဲမရဘူးဆိုတာသိလို့ တံခါးဖွင့်လိုက်တာ"

"ဦးသျှန်ကို ဘယ်သူကဖွင့်ခိုင်းလို့လဲ.."

"မင်းခိုင်းတိုင်း ငါကလုပ်မှာမို့လို့လား.."

"သိပါတယ်..မာနအိုးကြီး၊ သူလုပ်ချင်ရင် ဘယ်သူ့မျက်နှာမှမ
ဘူး..အတင်းလုပ်တာ၊ ဒီမှာ ခံရတဲ့လူက.."

"ဟိတ်.."

သျှန် မျက်လုံးပြူးသွားကာ ကနုတ်နှုတ်ခမ်းလေးကို လက်တစ်
ကပ်ပိတ်ပစ်လိုက်ပြီး.. ။

"ဘာတွေလျှောက်ပြောနေတာလဲ..မေမေကြားရင် တစ်မျိုးထင်
ထိမ့်မယ်.."

ပြောလိုက်မှ မျက်လုံးပြူးလေးနှင့် ပြန်ကြည့်၏။ ပြီးတော့ သူမ
တွေးမိကာ ပါးပြင်လေးတွေနီမြန်းသွားခဲ့လျက် သူ့လက်ကိုဖယ်
လိုက်ပြီး.. ။

"ကနုတ်ဘာသာရိုးရိုးပြောတာ.."

"ရိုးရိုးပြောလည်း ကိုယ့်စကားဘယ်ရောက်သွားမလဲတွေးပါ့လား..
ကြားလိုက်ရင်အလဲလဲအကွဲကွဲ၊ အုန်းခနဲဆို မင်း.."

"ပြောဖို့ဆိုဖို့ ပြေးပြေးလာရတာလည်းရှင်ပါပဲ..ဟွန်း သူများကို
ဆို အမြဲတမ်းကို အားယားနေတာ.."

နှာခေါင်းရော နှုတ်ခမ်းပါမဲ့ရွဲ့ပါသွားအောင် မြည်တွန်တောက်တီး
ညှိုပုံစံကို သျှန်အသည်းယားနေမိသည်။ ပြီးတော့ သူမဘာသာထ
အားရင်း ပြန်လဲသွားလျှင်.. ။

"ပြောရင်လည်းမကြိုက်ဘူး.."

မကြိုက်ပေမယ့်လည်း ပြောနေရကာ သူမတစ်ကိုယ်လုံးကို ပွေ့
ကိုက်ရင်း.. ။

"ရောက်လာတည်းက ကျိုးလာတဲ့ခြေထောက်က ဒီလောက်တ
လဲနေတာ ဘယ်လိုလုပ်ပြန်ကောင်းမှာလဲ..ကိုယ့်ကိုယ်ကို ဒုက္ခ
တာလည်း သတိမရ.."

သူမပက်ခနဲပြန်ပြောတော့မှာကို သိနေသောကြောင့် မွေ့ရာပေါ်ကို

ချပေးလိုက်ပြီး တန်းထွက်သွားရို့။ သို့သော်.. ।

"ဦးသျှန်.."

ကနုတ်က သျှန့်ကျောမှာတစ်ချက် ရင်ဘက်အကျီမှာတင်

မလွှတ်တမ်းဆုပ်ဆွဲထားသဖြင့် သူမကအိပ်ရာပေါ်ပက်လက်လေး

သွားပေမယ့် သျှန်ပြန်စော်လို့မရဘဲမျက်နှာနစ်ရသည်.. ।

"ဦးသျှန်..ဟိုလေ ကနုတ်ကိုမေကြီးနဲ့ စထောလောက်ဖုန်းပြော

ပေးပါလားဟင်.."

"အမေကဘယ်ကနေ ကောက်ကပ်ပါလာတာလဲ..ချက်ချင်း

ပြောရင်း လက်ကိုဆွဲထုတ်ပေမယ့် သူမကကျောအောက်

လက်ကိုလည်း ဖိထားကာ ဆွဲထားသည့်အကျီစတွေကိုလည်း

ဘဲ.. ।

"လုပ်ပါ..ခုတစ်ခါတည်းခေါ်ပေးပါ၊ မေကြီးနေမကောင်း

အိပ်မက်မက်တာ နှစ်ခါရှိပြီ..နေကောင်းရဲ့လား သိချင်ရုံပါ၊ ဖုန်း

ပါရစေလို့..နော်.."

"အဲ့ဒါပြောတာ လူကိုဆွဲထားစရာလိုလို့လား..လွှတ်လိုက်

"ဟင့်အင်း..ထွက်သွားရင် ပြောလို့ရတော့မှာမဟုတ်ဘူး

ကျားလေးတွေကို တစ်ခုခုလိုချင်တာပူဆာရင် ညဘက်အခန်းထဲမှာ

ရတယ်..အဲ့ဒီအချိန်မှာဆို ပြောသမျှအောင်တယ်တဲ့.."

သျှန့်မျက်နှာ မရှုံ့မချဉ်ဖြစ်သွားသည်။

"ဘယ်သူပြောတာလဲ.."

"ကြီးကြီးစံတို့စံအိမ်ရောက်လာတုန်းက ဘွားဘွားပြော

ကြားတာ.."

"ဟွန်း.."

မီးရောင်အောက်က ဝင်းနစ်နေသည့်မျက်နှာလေးကို စီးမိုး

ရင်း သျှန်ကပြုံးသည်။ ပြီးတော့ ရင်ဘက်မှာဆုပ်ဆွဲထားသည့်

လက်ကို ဖြည်ယူလိုက်ပြီး.. ।

"ဟုတ်တယ်..လင်ယောကျ်ားအိပ်ရာဝင်တဲ့အချိန် စနီးမယား

အဲ့လိုလုပ်ကြတယ်.."

သူအလွယ်တကူနားလည်သွားတာလားလို့ ထင်လိုက်ပြီး



ကိုယ်လင်မယားမဟုတ်တာကို သတိရသည်။

ကြည့်စမ်း..ကနုတ်ရောင်၊ နင့်စိတ်ထဲမှာ သူနဲ့လက်ထပ်ထားသလို

ဘာဖြစ်လို့ခံစားနေခဲ့တာလဲ.. । သျှန်နဲ့သူမလက်ထပ်ထားခဲ့သည့်

အကြောင်းမျိုးနှင့် ပြောထွက်မိသွားတာက ဘာကြောင့်လဲ.. ।

အတင်းအကျပ်ဆုပ်ဆွဲထားမိသည့်လက်တွေကို ကမန်းကတန်း

ဖြုတ်၍ လူးလဲထဖို့ပြင်သည်။ သို့သော် သျှန်ကသူမလက်လေးတစ်ဖက်

ကို လက်ဖဝါးချင်းထပ်ကပ်ပြီး မွေ့ရာမှာဖိထားလိုက်ကာ.. ।

"ဘယ်လိုလဲ..လင်မယားတမ်းကစားကြည့်မလား.."

"ဟင့်အင်း..ဟင့်အင်း.."

"မင်းလိုချင်တာပေးမယ်..မျှမျှတတပေါ့ကွ.."

"ဟင့်အင်းနော်..ဦးသျှန်မညစ်ပတ်နဲ့.."

သျှန် အသွားည်းယားကာ ဒီကောင်မလေးကို ဒုက္ခပေးဖို့ ဆုံးဖြတ်

လိုက်သည်။ သူမရင်ဘက်လေးပေါ်မှာ မျက်နှာကိုဝှေ့ဝဲလျက် မဟားတ

ရားကဲတော့မလို ဖွတ်အတင်းဖိချုပ်ထားလိုက်ပြီး.. ।

"ရှင်နော်..သူများမေ့သွားတာ၊ မလုပ်နဲ့ဆို..ဟင့်အင်း.."

နှုတ်ခမ်းလေးတွေကိုဖမ်းဖို့ကြိုးစားရင်း ပါးချင်းကပ်သွားလိုက်

မျက်နှာချင်းတိုက်သွားလိုက်။ သူမကိုဒုက္ခပေးဖို့ဟန်ပြင်နေရင်း သူ့ရင်

ထဲက ခုန်လာသည်။ နီထွေးနေသည့် နှုတ်ခမ်းလေးတွေကို ဟန်ဆောင်

ကြိုးစားနေရင်း ကိုယ်သာဒုက္ခတွေ့လာခဲ့သည်ရှိရာ.. ।

မလုပ်နဲ့အာဏာသျှန်..။ ကနုတ်ရောင်က တာဝတီံသာစံအိမ်က

မျိုးဆက်သွေး..။

သူ့စိတ်ကို သတိပေး၍ နေရာမှထရပ်သည်။ ပြီးတော့ သူမကိုတစ်

ချက်မှပြန်မကြည့်တော့ဘဲ လှည့်ထွက်လာခဲ့မိ၏။ 'အချစ်တစ်ပွဲ စစ်ပွဲ

တစ်ရာ'ဆိုတာ ဘာမှန်းမသိ။ ဒါပေမယ့် ရန်သူနဲ့သူတင်ကိုယ်တင်ယှဉ်

ပြီးသတ်ပုတ်ရတာထက် ပင်ပန်းလေသည်။ ဝရန်တာဘက်ကိုထွက်လာ

ခဲ့အထိ သူ့စိတ်တွေလှုပ်ရှားနေဆဲ။ ထို့ပြင် တစ်စုံတစ်ရာအပေါ်မ

ကျနပ်သည့်စိတ်ကို ကိုယ့်ကိုယ်ကိုပုံချရင်း.. ।

မင်းနောက်ထပ် ကနုတ်ရောင်နားကို မကပ်နဲ့တော့..လို့ အထပ်

ထပ်သတိပေး၏။ ဘယ်မိန်းမအပေါ်ဖြစ်ဖြစ် သူရင်ခုန်လို့ရသည်၊ ချစ်

ခွင့်ရှိသည်။ ဒါပေမယ့် ကနုတ်ရောင်အပေါ်မှာ ရင်ခုန်လို့မဖြစ်.. ၊

"တာဝတိံသာကို ထင်သလိုဆွေမျိုးလာစပ်ချင်လို့မရဘူး.."

"အမျိုးမြတ်ရမယ်..ဂုဏ်သိက္ခာကြီးရမယ်.."

ဒေါ်မြမင်းသီရိရဲ့ တရားလက်လွှတ်စကားတွေကို ခုထိနားထဲ နေတုန်း.. ၊

"သား.."

နောက်ကခေါ်သံကြောင့် သူလှည့်ကြည့်လိုက်သည်။ ဝရန်တာ မီးရောင်ဖျော့ဖျော့မှာ မေမေ့မျက်နှာက ပိုရှုံ့ဝင်းမှုန်နေသလိုရှိလျက်..

"သား ကနုတ်အခန်းထဲရောက်သွားတာလား.."

"ဟာ..မေမေ သားအဲ့လိုမျိုးမဟုတ်ဘူး၊ သူချော်လဲ.."

"မေမေသိပါတယ်သားရယ်..အတူတူနေကြတဲ့ နီးစပ်ရင်းနှီးမှု တာ အဲ့ဒါပဲလို့ သားကိုပြောချင်တာ.."

ပြောရင်း သူ့နားကိုလျှောက်လာကာ.. ၊

"သား ဘယ်လိုခံစားနေရသလဲဆိုတာ မေမေ့ကိုပွင့်ပွင့်လင်းလင်း ပြောပြပါလား.."

ခဏစောင့်ပေမယ့် သျှန်အသံတိတ်နေသောကြောင့်.. ၊

"ဒါမှမဟုတ် မေမေပြောရမလား.."

သျှန်က ဆံပင်တွေထဲလက်ထည့်ဖွကာ ရှေ့ပြန်လှည့်သွားသ ဒေါ်ယမုံခင်ကလည်း သားဘေးမှာပဲအတူ ယှဉ်ရပ်လိုက်ပြီး လူသွား လာ ကင်းရှင်းနေသည့်လမ်းကိုငုံ့ကြည့်ရင်း.. ၊

"ကနုတ်ကိုသားချစ်နေပြီ.."

သျှန့်ထံမှ ဘာသံမှထွက်မလာပေ။ ဒေါ်ယမုံခင်က စတီးတန် ကျောကပ်လိုက်ပြီး သျှန့်မျက်နှာကိုကြည့်၍.. ၊

"မုန်းနေတာလည်းကိုယ်ပဲ..ချစ်မိတာလည်းကိုယ်ပါပဲသား ကိုယ့်ကိုယ်ကို နားမလည်ချင်ယောင်ဆောင်ရတာ ပင်ပန်းပါတယ် စိတ်ကဖြစ်လာတဲ့အတိုင်း သားခံစားလို့ရတယ်၊ ဘယ်သူမှမတား မတားတဲ့အပြင် ကြည်ဖြူနေကြတာပါ.."

"မဖြစ်ဘူးမေမေ.."

သျှန်က ခါးခါးသီးသီးငြင်း၏။



"ကနုတ်က ဒေါ်မြမင်းသီရိရဲ့မြေး..တာဝတိံသာနဲ့ဆွေမျိုးတော်ဖို့ ဆက်ထပ်ဖို့ ခိုးယူသွားတာလို့ သားအပြောမခံနိုင်ဘူး.."

"သားရယ်.."

"သူဒီတိုင်းပြောခဲ့တယ်..အဲ့ဒါ သားနားနဲ့သေချာကြားခဲ့တာ.."

ပြေသင့်သလောက်တော့ ပြေလောက်ပါပြီလို့ ထင်ခဲ့ပေမယ့် ပြော ရင်း ဒေါသတွေလတ်လတ်ဆတ်ဆတ်ကြီးထဖြစ်လာတော့ ဒေါ်ယမုံ ခင်အံ့သြနေခဲ့၏။ သျှန်ကပြောပြီးမှသတိရသွားသလို လေသံကိုပြန် လျှော့ချလိုက်ပြီး.. ၊

"မေမေ့တစ်ယောက်ကိုစော်ကားခံရတာနဲ့တင် သေမယ်ဆို သုံးဘ လောက် ပြောင်းလို့ရနေပြီ.."

အံကြိတ်ထားသည့်လေသံက မကျယ်လောင်ပေမယ့် အက်ရှခက် နေခဲ့၏။

"သူတို့ကိုတုံ့ပြန်ဖို့ သားအများကြီးစီစဉ်ခဲ့တာ..အခု ကိုယ်ဘာမှ လုပ်ရသေးဘူး၊ သူတို့ချည်းပဲ ထဖြစ်နေကြတာ ဒုက္ခတွေမလောက် ဘူး.."

"ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်ဆိုတာ အဲ့ဒါပဲသား..သူတို့အတွက် စိတ်မကောင်းဘူး၊ ဒါပေမယ့် ကိုယ့်သားရဲ့ပြုလုပ်ချက်မပါဘူးဆို ကိုယ့်အကုသိုလ်မပါဘဲ သူတို့ဘာသာဖြစ်ကုန်တာလေ.."

"ရန်ငြိုးဆိုတာ သူတို့အကုသိုလ်သူတို့အကျိုးပေးပါစေဆိုပြီး ထိုင် ကောင်းနေတာကို ခေါ်တာမဟုတ်ဘူးမေမေ..ပန်းနဲ့ပေါက်တာဖြစ်ဖြစ် လေးနဲ့ပဲထုထု အဲ့ဒါကိုယ့်လက်နဲ့ပဲဖြစ်ချင်တာ.."

ဒေါ်ယမုံခင် စိတ်မသက်သာစွာ ကြည့်နေရှာ၏။ သျှန်က စိတ် ရှုပ်ရှားတိုင်း ဆံပင်တွေဖွလိုက် တစ်ဖက်လှည့်သွားလိုက်ရှိလျက်.. ၊

"သူတို့တစ်ယောက်ပြီးတစ်ယောက် သေကုန်လည်းမတတ်နိုင်ဘူး ကျွန်တော်ကိုယ့်အလုပ်ကိုတော့ လက်စသတ်ရမှာပဲ.."

ဘုရား..ဘုရား.. ၊

အထဲလှည့်ဝင်သွားသည့်သားကို တအံ့တသြလိုက်ကြည့်ရင်း ရင် ထဲမှလောင်လာခြင်းက လည်ချောင်းတွေပါ ခြောက်ကပ်လာခဲ့သည်။ ကြောင့် သားကိုကနုတ်နဲ့ချစ်ချစ်ခင်ခင် ဖြစ်သွားစေချင်တာပါ။ က

နတ်ကဖြစ်ဖြစ် သားနဲ့ပြိုင်ဆိုင်ရန်ဖြစ်မနေဘဲ သားရဲ့စိတ်ကိုယိမ်းယို လာအောင် နူးညံ့ဆွဲဆောင်စေချင်ခဲ့သည်။ ဒါပေမယ့် မိန်းမတစ်ယော ရဲ့ဣန္ဒြေသိက္ခာကို ကိုယ့်လောဘကြောင့် ချိုးဖဲ့မသုံးစွဲရက်ပါ.. ।

ရင်ထဲကခံစားချက်တွေကို မျိုသိပ်ကာကွယ်ရင်း ရန်သူလိုသဘော ထားနေကြသည့် နှစ်ယောက်ကြားမှာ ဒေါ်ယမုံခင်ဘာလုပ်ရမှန်းလည်း မသိတော့ပေ။ ထိုပြင်'သူတို့တစ်ယောက်ပြီးတစ်ယောက် သေကုန်လည်း မတတ်နိုင်ဘူး'လို့ ဘာလို့ပြောသွားတာလဲ..။ ဘယ်သူဆုံးသွားလို့လဲ

ဒေါ်မြထွတ်ဦးအတွက် ပူလောင်ခဲ့တာ မနေ့တစ်နေ့က အဖြေ တွေက အသစ်ပြန်ဖြစ်လာခဲ့ပြီး.. ।

## အခန်း(၈၄)

ကိုယ့်အစ်မမျက်နှာကိုငေးရင်း ဒေါ်မြပုလဲပြူးမျက်ရည်တွေတ တ်ပေါက်ကျလာခဲ့သည်။ ဘယ်လိုဝဋ်ကြွေးတွေလဲ..။ ဘယ်အချိန် ဆင့်ခဲ့တဲ့ ကျိန်စာတွေလဲ..။ အာဏာသျှန်ဟာကျိန်စာတိုက်ခဲ့တဲ့သူ ..။ ကျိန်စာကိုဖော်ထုတ်ခဲ့သူလား.. ।

သူတို့အားလုံး ကြုံတွေနေရတဲ့မကောင်းခြင်းတွေက အာဏာသျှန် ကြောင့်ဆိုလျှင် ကိုယ့်ခြံထဲမှာပဲ မတော်တဆဆောင့်တိုက်မိသည့် ကား ကြားမှာ ညပ်ခဲ့ရသည့်ဖေ့အဖြစ်က ဘယ်သူ့ကြောင့်လဲ..။ လူလု တစ်လုံးနဲ့ပြေးလာပြီး ကိုယ့်လက်ထဲအပ်သွားတာ အိတ်ထည့်လိုက် ကားကို ကိုကိုကျော်သူများလက်ထဲထည့်ပေးလိုက်တာ အဲ့ဒါတွေ အာဏာသျှန်ညွှန်ကြားနေတာလား.. ।

မယ်မယ်ဖွင့်ပြသည့် ဗီဒီယိုရီကော့ဒ်တွေကို ပြန်တွေးကြည့်တော့ လုလုဒီလိုဖြစ်နေအောင် အာဏာသျှန်ကပဲမောင်းသွင်းခဲ့တာလို င်ရူးသွပ်လောက်အောင် စွဲလမ်းမျှော်လင့်နေခဲ့တဲ့အဖြစ်ကလည်း တ်မာနဲ့သာ သက်ဆိုင်နေသလိုလို။ ဘာတွေဖြစ်ပျက်ခဲ့ပါစေ သာ နှစ်နှာဆုံးရှုံးမှုတွေ တနင့်တပိုးဖြစ်နေခဲ့ရကာ သင်းကတော့

အမြဲတမ်းအောင်နိုင်သူအပြုံးတို့နှင့်.. ။

"တောက်..အယုတ်တမာကောင်.."

အံကြိတ်ဆဲရေးမိကာ ခုတင်စွန်းကို ဖိဆုပ်ထားရင် လက်တွေ တုန်၏။

"ဟိုဘက်က ရာဇဝတ်သားထင်တယ်..ရဲအစောင့်တွေနဲ့နော်.."

"ဟုတ်မှာပေါ့..စိတ်ဝင်စားမနေနဲ့၊ ကျက်သရေမရှိ.."

စကားသံတွေနားထဲဝင်လာတော့ ဒေါသထောင်းခနဲထဖြစ် ရာဇဝတ်သားမို့ လှမ်းကြည့်ရုံနဲ့ကျက်သရေယုတ်တယ်ပြောရအော ဆေးရုံကြီးမှာလာတက်ရတဲ့ သင်းတို့ကရော ဘယ်လောက်အဆင့်ရှိ လဲ.. ။ကန့်လန့်ကာတစ်ခုခြားနေပေမယ့် အပြင်ကပြောနေတာကို တိုင်းကြားနေရသည်။ ကိုယ့်အဖြစ်ကိုယ်မေ့ကာ ဒေါ်မြပုလဲဖြူဒေါသ ထရုပ်လိုက်မိသည်။ ထိုစဉ်.. ။

"စကားကိုတရားလက်လွတ်မပြောနဲ့ဂေါ်သဇင်..ဆေးရုံဖြစ် ထောင်ဖြစ်ဖြစ် ဘယ်သူမှပျော်ပျော်ကြီးသွားနေကြတာ မဟုတ်ဘူး ဆယ့်ခြောက်ပါးသောရောဂါဆိုတာ အရွယ်မရွေးအချိန်မရွေးထဖြ တယ်..အမှုအခင်းဆိုတာလည်း အသက်တစ်ရာမနေရပေမယ့် အမှု ရာတွေ့ရတယ်တဲ့၊ လူတစ်ခု ပူမှုရယ်တဲ့ဆယ်ကုဋေဆိုတာ နည်းတဲ့ သောကတွေလား.."

ဆုံးမနေသည့်စကားသံကြောင့် ဒေါ်မြပုလဲဖြူထိတ်ခနဲဖြစ် သည်။ ထို့ပြင်.. ။

"နင်တို့ဆွေမျိုးအရင်းကြီး မြထွတ်ဦးတောင် တရားစွဲခံရမယ် သွားသေးတာ..သူများကို ကျက်သရေမရှိဘူးသွားပြောမနေနဲ့၊ သူမျာ ပြောချင်ရင် ကိုယ့်မှာရောပြောစရာလွတ်ရဲ့လား ပြန်ကြည့်ဦး.."

"ဟုတ်တယ်နော်..လူနာနဲ့ကလေးဆုံးသွားတယ်ဆိုပြီး အန် ထွတ်ဦးတို့အမှု ဘယ်လိုပြီးသွားသလဲမသိဘူး.."

"ငွေများတရားနိုင်ဆိုတာ အလကားထားခဲ့တဲ့စကားမှမဟု ဒါပေမယ့် အဲ့လိုအမှုက တရားလိုဘက်ကကျေအေးရင်လည်း ပြီ တတ်ပါတယ်..စိတ်ဝင်စားမနေပါနဲ့၊ သူတို့တောင် မသိစေချင်လို့ မျိုးချင်းကို တိုင်တိုင်ပင်ပင်မရှိဘဲ ဖုံးဖိထားတာ.."



"တာဝတိံသာကလူတွေက သူတို့ကိုယ်သူတို့ မိုးကျရွှေကိုယ် လောက်ထင်နေတာ..ဘဝင်မြင့်ချက်က ကမ်းကုန်တယ်၊ ချမ်းလည်းချမ်း သာတာကိုး..သူတို့မိသားစုတွေအကုန်လုံးကိုက အောင်မြင်ကြတယ်၊ ဒိတ်ဒိတ်ကြဲချမ်းသာကြတယ်..မြမင်းသီရိဆိုတဲ့မိန်းမမှ ဘဝင်မမြင့်ရင် ဘယ်သူမြင့်မလဲ.."

ဘုရား..ဘုရား.. ။ဘယ်လိုအကြောင်းတွေတိုက်ဆိုင်ပြီး ဆေးရုံကြီး ပေါ်မှာ ခုတင်ချင်းလာကပ်နေရတာလဲ..။ ဒေါသသည် တုန်လှုပ်ချောက် ချားခြင်းသို့ ပြောင်းသွားခဲ့ပြီး ဒေါ်မြပုလဲဖြူထိုင်မရထမရဖြစ်သွား ရသည်။ အချုပ်ကနေ ဆေးရုံတင်လိုက်ရတာမို့ ကိုယ်ချမ်းသာတိုင်း ကြိုက်တဲ့ဆေးရုံကို ခေါ်သွားလို့မရ။ ခုနေသာ ကိုယ့်ကိုမြင်သွားကြရင် ...မဟုတ် ဒီထဲမှာ ဒေါ်မြထွတ်ဦးရှိနေမှန်း သိသွားကြရင် ဒီအမှုနဲ့ပတ် သက်ပြီး သတင်းအမှောင်ချထားခဲ့သမျှ အားလုံးဘူးပေါ်သလို ပေါ်ကုန်တော့မည်။ ဦးကျော်တို့ဘယ်ရောက်ကုန်ကြသလဲ.. ။

"ဟိုမှာ ကိုကြီးသျှန်လာတယ်..ကြီးကြီး.."

"ဩော်..အာဏာသျှန်၊ လာ သား.."

ဟင်.. ။ ဒေါ်မြပုလဲဖြူ ရုတ်တရက်အကြောအချဉ်တွေ ဆိုင်းသွား ...နယ်။ ခုန်နေသည့် နှလုံးခုန်သံတောင် ရပ်သွားသလားထင်ရလျက်၊ ...အာသျှန်.. ဒီကောင် ဒီကောင် ငါတို့ကိုသိတယ်။ ဒီထဲမှာ မမကြီး ...တာလည်း သူသိတယ်..။ ဒီလိုသတ္တဝါကို ကြောက်လန့်စရာ မ ...ဘဲ လက်ဖျားတွေပါ အေးစက်လာ၏။

"ကျန်းမာရေးနဲ့ပတ်သက်လာလို့သာ လွှတ်ရတာ..ဒါတစ်ယောက် ...က်ကနေ ပေါက်ကြားသွားရင် ဆွေမျိုးတွေကြားထဲမှာ မလွယ်ဘူး ...မယ်မယ်တို့ကဖုံးထားခဲ့လို့ ပိုဆိုးတယ်၊ သမီးဂရုစိုက်သွားမှဖြစ် ..."

ဘယ်လိုပဲပြတ်သားပါစေ။ ဆေးရုံတင်လိုက်ရသည်..သတိတစ် ... ပြန်လည်မလာသေးဆိုသောအဖြစ်မှာ မယ်မယ်လည်းတုန်လှုပ် ...သည်။ ထို့ကြောင့် လွှတ်လိုက်ရသော်လည်း.. ။

"ကြီးကြီးတို့တောင် ခုပဲပြန်တော့မလို့..မာမာတို့မောင်နှမလည်း ...လာတော့လေ.."

"ရပါတယ်..ကျွန်တော်လည်းခဏတော့ အဖော်လုပ်ပေးလို့ရ ပဲ၊ အန်ကယ်လ်ရော.."

"လူနာကို အိတ်စ်ရေးခန်းခေါ်သွားတယ်လေ..လူနာစောင့် ဒီမှာ စကားထိုင်များနေကြတာ.."

"ကြီးကြီးကလည်း ဘိုးဘိုးကအကြောက်ကြီးလို့ပါ..ဖြစ်လို တော့ ဒီလိုပဲအလန့်တကြား၊ ပြီးရင် ဟိုဟာစစ် ဒီဟာစစ်..စစ်လိုက် ဘာမှမဟုတ်ဘူး.."

"မာမာရယ်..ညည်းတို့အဘိုးက အသက်ပဲရှစ်ဆယ်ကျော် အယူပဲသည်းသည်း အစွဲပဲကြီးကြီး သူစိတ်ချမ်းသာတာလုပ်ပေး ပါ.."

ကြားနေရသည့်စကားတွေအရ လူနာပြန်လာရင် လူနာ လိမ့်မည်။ လူတွေများသွားတာရှိပေမယ့် လူနာကိုထပြီး ထုကြ နေရာပြန်ချကြနှင့် သူတို့ဘာသာအလုပ်ရှုပ်သွားကြမည်။ ထို သူတို့ရှေ့ကမဖြတ်ဘဲ ဒီဘက်ကနေ ကော်ရစ်ဒါဘက်ပြန်ပတ်ပြီး ထွက်သွားလို့ရသည်။ ဒါပေမယ့် သျှန်ကဒါကိုသိနေတယ်ဆို လွှတ်ပေးပါ့မလား.. ၊

"လူနာအတွက်လား.."

မြင်ကွင်းထဲကို ဆေးရုံက အစောင့်ကောင်လေးတစ်ယော စည်းလေးနဲ့ရောက်လာသည်။ ပြီးတော့ ရဲလက်ထဲကိုပန်းစည်း ရဲကပန်းစည်းကိုင်ပြီး ဝင်လာကာ.. ၊

"မိတ်ဆွေတစ်ယောက်ပေးတာတဲ့..လူနာအတွက်ဆိုပြီး.."

လက်ထဲလာထည့်တော့ ပန်းစည်းရဲ့လက်ကိုင်နားမှာ ခေါင်းပုံကို ဖဲပြားအလှလေးချည်သလို ချည်ထား၏။ ရဲကလည် မြပုလဲဖြူကိုလှမ်းပေးကာမှ ဘီလူးခေါင်းပုံကို သတိထားမိသွား တစ်ချက်တော့ ကိုင်ကြည့်၏။ ပြီးမှ Personalကိစ္စမှန်းသိသ လှည့်ထွက်သွား၏။ ဒေါ်မြပုလဲဖြူ ပန်းစည်းကိုင်ပြီး ကျိုးခနဲအံ စိတ်ရှိလက်ရှိအော်ဟစ် ကိုင်ပေါက်ပစ်ချင်ပေမယ့် ဆေးရုံပေါ်မှ သည်။ လူမသိအောင်ပုန်းနေရ၏။ သင်းက သူမဒီထဲမှာရှိနေမှ သိနေခဲ့သည်။ တာဝတိံသာအပေါ် ဘယ်လောက်ထိငြိုးပြီး



မျက်လုံးဒေါက်ထောက်ကြည့်နေခဲ့တာလဲ.. ၊

ဒေါ်သထွက်ကာ ဘီလူးခေါင်းပုံကို ဖိဆုပ်ပစ်လိုက်လျှင်.. ၊

"အား.."

စက္ကူ၏ကျောဘက်မှာ ဘာအတွက်မှန်းမသိသော ပင်အပ်သေး လေးတစ်ချောင်း ပါနေသောကြောင့် လက်ဖဝါးကိုဖောက်ဝင်သွား

"အား..သေပါပြီ.."

လက်ဖြန့်လိုက်တော့ လက်မှာအပ်ကတန်းလန်းစိုက်လျက်.. ၊

"ဘာမှမဟုတ်ဘူး.."

ရဲတွေလှမ်းကြည့်နေလျှင် ခေါင်းခါပြပြီး ကျောခိုင်းရပ်လိုက်၏။ လုံးစုံမှိတ်ပြီး အပ်ကိုဆွဲနှုတ်လိုက်လျှင် သွေးတွေစိမ့်ခနဲတိုးထွက် သည်။

"အား..ကျွတ် ကျွတ်.."

ဒေါ်မြပုလဲဖြူ သွေးတွေစီးကျလာသည့်လက်ကို ဒီတိုင်းဖိဆုပ်ထား အသံမထွက်အောင် အံကြိတ်ညည်းသည်။ ပြီးတော့ တွန့်ကြေ သည့် ဘီးလူးခေါင်းပုံစာရွက်နောက်ကျောဘက်မှာ စာတွေမြင်လိုက် ဖြန့်ကြည့်လိုက်လျှင်.. ၊

တာဂတ်၏စာကိုယ်

စာကို မြန်မာလိုပဲရေးထားတာဖြစ်ကာ ဘာကိုဆိုလိုမှန်းမသိ။ တာ ၏ စာကိုယ်ဆိုတော့ နိဒါန်းရှိခဲ့တာလား..နိဂုံးကဘာလဲ..။ လက်က ကိုတောင် မေ့လေသည်။ သင်းမျက်နှာကိုပြေးကြည့်ပြီး မေးပစ် သည်၊ စိတ်ရှိလက်ရှိ ပါးတွေချည်း လိမ့်ရိုက်ပစ်ချင်၏။ သင်း တမင် တာ..။ ဒီပုံကိုမြင်ရင် ဒီလိုဖိဆုပ်ပစ်မှာပဲဆိုတာသိလို့ ဒီအပ်ကိုတ ထည့်လိုက်တာ.. ၊

လူယုတ်မာ.. ၊

လက်ဖဝါးကိုဖြန့်လိုက်တော့ လက္ခဏာအရေးအကြောင်းတွေက ကြောင်းတွေဖြစ်နေသည်။ နာကျင်မှုကြောင့် လက်ဖျားတွေက တုန် ၏။ အပ်လေးနဲ့စိုက်တာတောင် နာနေရလားလို့ ကိုယ့်ကိုယ်ကို း‌ဖို့ကြိုးစားပေမယ့် အပ်စိုက်ရာလေးက လက်ဖဝါးတစ်ခုလုံး

ကိုက်ခဲနာကျင်လာ၏။ သို့သော် ဒေါသကိုပေါက်ကွဲဖို့ထက် သင်း…
ဖြစ်ချင်တာလဲကို ဖျတ်ခနဲတွေးမိလိုက်ကာ သျှန်ရှိနေသည့်ဘက်…
ခေါင်းထောင်သွားသည်။ အာဏာသျှန် တစ်ခုခုအပေးအယူလုပ်ချင်…
လား..ဒါကြောင့် ကိုယ်ရှိနေသည့်ဘက်ကို ဒီပန်းစည်းပေးလိုက်တာ…

တာဝတိံသာစံအိမ်မှာ ဖြစ်ပျက်နေတာတွေကို ဆွေမျိုးတွေ… အောင် တတ်နိုင်သမျှ ဖုံးထားခဲ့သည်။ အထူးသဖြင့် သေဆုံးမှုတွေ… လုံးကို ဘယ်သူမှမသိခဲ့ကြ။ ဟိုးအရင်တည်းက ဖုံးကွယ်ထားခဲ့တာ… ရော ခုဖြစ်နေတဲ့ လူလူ့ကိစ္စ ဖင့်ကိစ္စ မမကြီးရဲ့အမှုကိစ္စတွေ။ ဒါတွေ… လုံးကို သတင်းအဖြစ် သိုးသိုးသန့်သန့်ကြားလိုက်ကြတာ ရှိရင်ရှိ… တကယ်တမ်း ဂဃနဏဘယ်သူမှမသိခဲ့ကြပေ။ ဒါပေမယ့် အာဏာ… ကတော့ သိနေသည်။ ဒီညနေ သူမဒီအခန်းထဲရောက်နေလိမ့်မည်… ပါသိနေတဲ့အထိ စောင့်ကြည့်နေခဲ့၏။

ဘာလိုချင်တာလဲ..။ 'ပြောချလိုက်ရမလား'လို့ စိန်ခေါ်နေ… ရင် မပြောဖို့ညှိနှိုင်းရုံအပြင် တခြားမရှိ။ လက်ကနာနေတာကို… ဂရုမစိုက်နိုင်တော့ဘဲ ဒေါ်မြပုလဲဖြူအပြင်ကို ချောင်းကြည့်လိုက်… မတ်တပ်ရပ်လိုက်သည့် သျှန့်မျက်လုံးတွေနဲ့ ဒိုင်းခနဲဆုံသွားလျှင် … ချင်းပြန်ဝင်လိုက်၏။ ထိုအခါ နံရံဘောင်နဲ့တိုက်မိကာ ဆံထုံး… စိုက်ထားသည့် ကျောက်စိမ်းဆံထိုး ဒေါက်ခနဲပြုတ်ကျသွား၏။ … ပိုင်းကျိုးသွားသည့်ဆံထိုးကို နမျောမနေနိုင်။ ရဲတွေကိုလည်း ဂရု… နိုင်ဘဲ စားပွဲပေါ်တင်ထားသည့်လက်ကိုင်အိတ်ကိုပြေးယူကာ သ… သေးသည့် အစ်မဖြစ်သူကို တစ်ချက်ပဲငဲ့ကြည့်နိုင်သည်။

"ငါအိမ်ပြန်မလို့..လူနာစောင့်မလာသေးခင် သေချာကြည့်… ကြ.."

ရဲတွေကို ဘယ်လိုပုံစံနဲ့ ပြောလိုက်မိမှန်း ကိုယ့်ကိုယ်ကို… သတိမထားမိပေ။ ဆံထိုးအကျိုးကို အိတ်ထဲထည့်ရင်း ထွက်လာ… အဖျားပိုင်းကထွက်ကျကျန်ခဲ့လျက် စားပွဲပေါ်တင်ခဲ့သည့်ထင်… ပန်းစည်းက သူမလှည့်ထွက်လိုက်ကာမှ ဖုတ်ခနဲပြုတ်ကျ၏။ … ကသုတ်ကယုတ် ပြေးလွှားထွက်သွားခြင်း၏နောက်မှာ ဖရိုဖရဲ… ကျန်ရစ်သည့် ပစ္စည်းပစ္စယတွေကို လှည့်ကြည့်ရင်း ရဲတွေမှာ…



…၏။ ဖြစ်ချင်ရာဖြစ် ဒေါ်မြပုလဲဖြူဘာကိုမှ ဂရုမစိုက်နိုင်.. ၊

ခုန အာဏာသျှန်ပြန်မလို့ ထလိုက်တာပါ။ ခုလေးတင် ဘယ် …က်သွားတာလဲ..။ နောက်ကတည့်တည့်လိုက်ရင်တော့ မိမှာပေမယ့် …သံ့'စံ အိမ်မိသားစုတွေရှေ့ကနေ ဖြတ်သွားလို့မဖြစ်တာကြောင့် …က ပန်းထွက်ခဲ့ရသည်။ ခြေလှမ်းတွေက အပြေးတပိုင်းဖြစ်နေ …း နောက်ဆုံးပြေးရသည့်အဖြစ်ကိုရောက်ကာ ရှေ့မှာရှိသမျှလူတွေကို …င်မိတာလည်းရှိ ပွတ်တိုက်မိတာလည်းရှိလျက်.. ၊

"အောင်မယ်လေး.."

ဘာမှမရှိသည့်သံမံတလင်းပြောင်ပြောင်မှာ တစ်ယောက်တည်း …ေါက်ပြီး ခြေသည်းလန်သွားလား မသွားလားလည်း ငုံ့မကြည့်နိုင်။ …တ်ထပ်အရေးတကြီး တွေ့မှဖြစ်ရမယ့်အကြောင်းက လူလူဘယ်မှာ …လဲ ဒီသတ္တဝါသိမှာပဲလို့ တွေးမိလို့ဖြစ်သည်။ ဒါကိုရအောင်မေး …း သင်းဘာလိုချင်သလဲ ဘာပဲဖြစ်ဖြစ် ရအောင်မေးမည်။ ဆေးရုံဝင်း …ထဲထိရောက်လာမှ ခြေလှမ်းရပ်၏။ သို့သော် ခြေထောက်တွေသာ …ပြီး ခေါင်းတစ်ခုလုံး ချာချာလည်ပြန်၏။ ကားပါကင်ဆိုတာ …နေရာကို သတ်မှတ်သည်မသိ။ တစ်ဝင်းလုံးမှာ ကားတွေချည်းမြင် …ရသည်။

ဘယ်ရောက်သွားတာလဲ..။ ကားတွေဆီသွားနေတာလောက်တော့ …လို့ တစ်ထစ်ချတွက်ထားခဲ့ပေမယ့် ဘယ်လိုမျှော်ကြည့်လို့မှ မမြင် … မချင့်မရဲဖြစ်သွားမိ၏။ သူမဒီလောက်ပြေးလွှားဆင်းလိုက်ခဲ့တာ …င် သင်းကအတော်ပံပေါက်ပြီး ပျံထွက်သွားတာလား.. ၊

"တီ.."

ရှေ့ကိုအာရုံစိုက်နေတုန်း နောက်မှာရပ်ထားသည့်တက္ကစီက ဟွန်း …လိုက်သဖြင့် လှည့်ကြည့်ပြီး စိတ်တိုသွားသည်။ 'တက္ကစီအစုတ် …တွေက တစ်မျိုး'လို့ အားနာရမှန်းမသိ ပြောမိရင်း ဘေးကိုခြေ …ရွှေ့ရှောင်ပေးလိုက်သည်။ ကားက သူမဘေးကနေ အသာလေး …က်သွားလျှင်.. ၊

အာဏာသျှန်.. ၊

နောက်ခန်းထဲမှာ ပီကေဝါးနေသည့် မေးဖျားခပ်လှုပ်လှုပ်နှင့် အာ

ဏာသျှန်က အခန့်သား။ တီရှပ်အနီရဲရဲပေါ်မှာ ကုတ်အင်္ကျီအနက်
ဝတ်ထားလျက် မျက်မှန်အကြည်ရောင်တပ်ထား၏။ စိမ်းညို့ထင်
နေသည့်မျက်ခုံးတန်းတို့နှင့် ထူပိတ်သောမျက်တောင်များတို့ကို ဒိ
ကိုယ့်မျက်စိအောက်က ကပ်ဖြတ်သွားတာမို့ ပို၍အနီးကပ်ကြီး မြင်
ရ၏။ သို့သော် အံ့အားသင့်ရိုန်များသွားသဖြင့် ခေါ်ဖို့သတိမရလို
ကားကလွန်သွားလျှင်.. ။

"ဟဲ့..အာဏာသျှန်၊ ဟဲ့ကောင်.."

အထင်မြင်သေးသည့်စိတ်အခံနှင့် ဒီနာမည်ကိုလည်းမခေ
မခေါ်ဘဲလည်း မကြားမှာစိုးသောကြောင့် ခေါ်ရင်းပြေးလိုက်မိလေ
ကားက ရှေ့နောက်မှန်တွေချထားတာမို့ မီအောင်လိုက်ရင်း တံခါး
ကို လက်တင်ပြီးတားဖို့ကြိုးစားမိ၏။

"ဟဲ့..ရပ်ဦး၊ ဒီမှာ ဒရိုင်ဘာ..ဟဲ့ အာဏာသျှန်.."

"ဘုန်း.."

ကားကအရှိန်မြန်နေပြီဖြစ်ကာ မှန်တင်လိုက်တာလည်းဖြေ
ကြောင့် ခေါ်မြပုလဲဖြူ နောက်ဘွန်းနက်ကို တအားထု၍ခေါ်လေ
သို့သော် ကားကလုံးဝမရပ်ခဲ့ဘဲ.. ။

"အောင်မလေး..သေပါပြီ.."

မြေပြောင်ပြောင်မှာ နောက်ထပ်ခလုတ်တိုက်မိကာ ဒီတ
မကွဲပြီး သွေးတွေဖြာခနဲကျလာခဲ့၏။

"သေပါပြီတော်..သူတောင်းစား၊ 'ကျွန်'မသား..တမင်လုပ်
နင်တွေ့မယ်..'ကျွန်'မသားက လူပါးဝလို့.."

ခြေမကိုဆုပ်ကိုင်ပြီး ငုတ်တုတ်ကနေ ဆဲရေးတိုင်းထွာနေမိ
'တာဂတ်၏စာကိုယ်'ဆိုတာ ဒီနေရာမှာ ဒီလိုအဆုံးသတ်ခြင်းနဲ့
'ငါသွေးထွက်သံယိုတွေဖြစ်ရတာနဲ့ပဲ နင်နိုင်ပြီထင်နေလို့လား..
ပုလဲဖြူ အံကြိတ်ထားပေမယ့် ရင်ထဲမှာ မာနကဘယ်လိုမှသည်

"နင်က'ကျွန်'မသား..ငါတို့ကပလ္လင်ပေါ်ကသခင်၊ ဘယ်
မနိုင်ဘူးမှတ်ထား.."

အရှူးလို ရေရွတ်ကြိမ်းဝါးမိရင်း.. ။

အခန်း(၈၅)

"ဦးကျောက်လား..ဟုတ်တယ်၊ ခုပဲပြန်လာခဲ့တာ.."

"................"

"နေစမ်းပါဦး..ဘေးကလူနာအဘိုးကြီးက 'ရွှေဟသာ်'စံအိမ်ကမှန်း
ရှင်ဘာမှမသိဘူးလား၊ စံအိမ်မှာ ရှင်အလုပ်လုပ်လာတာ အိုသေတော့
ယ်..တာဝတိံသာက ဆွေတော်မျိုးတော်တွေကို ခုထိမသိသေးတာလား"

"......................"

"တောက်..ပြောလိုက်ရင်ဒါပဲ၊ ရဲတွေနဲ့ အမှုသည်လူနာ..ဒါပဲပြော
ာတ်တယ်၊ အဲ့ဒီရဲတွေကရော လူတွေပဲ..ငွေမမက်တဲ့လူရှိသလား၊ ဘာ
င်ဖြစ် ညှိလို့မရတာမရှိဘူး..အဆင်ပြေအောင် ရှင်အားလုံးလုပ်ထား
းရမှာ မဟုတ်ဘူးလား၊ မလိုချင်ဘူး..ခုချက်ချင်းအခန်းပြောင်းဖို့ပြော၊
ာဆင်ခြေမှမလိုချင်ဘူး..ဘယ်လောက်ကုန်ကုန် ဘယ်လိုအခက်အခဲ
ရှိ ဘာမှကွန်ပလိန်းမတက်နဲ့.."

ဖုန်းပြောနေရင်း ဒေါသကဒရိုင်ဘာဆီ ဒိုင်းခနဲရောက်၏။

"ဟဲ့..ကားကိုဘယ်တွေမောင်းနေတာလဲ.."

"မမကြီးက ဘယ်သွားမယ်လို့မပြောသေးလို့ပါ..လူနာအတွက်

ခတ်စာဝယ်မယ်ထင်လို့.."

"တောက်..ငါလုပ်လိုက်ရရင် သေတော့မယ်.၊ အိမ်ပြန်မှာ..ချ
ချင်းပြန်လှည့်.."

လက်ကိုင်အိတ်နဲ့ရိုက်ပစ်တော့မလို ရွယ်လိုက်ရင်း ဒေါ်သမ
ဗွာ လက်ပြန်ရုတ်လျက်.. ၊

"ငါလူသတ်ချင်နေတာနော်..သေချင်းဆိုးနဲ့မသေချင်ရင် ကြည့်
ကြည့်စား.."

"ဟုတ်ကဲ့ပါမမကြီး.."

ဒရိုင်ဘာက လူလတ်ပိုင်းပဲရှိသေးကာ စံအိမ်မှာငယ်မွေးခြံပေါ
မဟုတ်ပေမယ့် လုပ်သက်တော့ ကြာပြီဖြစ်သည်။ ဒေါ်သထွက်လာတိ
အသက်ကြီးကြီးငယ်ငယ် မရှောင်တတ်သော ဒေါ်မြပုလဲဖြူအတွက်
ဒရိုင်ဘာအပေါ် စိတ်တိုင်းမကျသမျှ ပါးစပ်ကလည်းပြော လက်
လည်းပါဖြစ်ခဲ့တာ ခဏခဏ။ ထို့ကြောင့်လည်း ဒီဒရိုင်ဘာ ဒေါ်မြ
ဖြူကို အထူးတလည်ကြောက်ရွံ့ ရိုသေလေသည်။ သို့သော် အစဉ်သ
ဖိနှိပ်ခံရခြင်း၏အဆုံးသတ်အဖြေကို အတ္တကြီးသူတို့ စိတ်မဝင်စာ
သည်ရှိရာ.. ၊

"ဟဲ့..ဟဲ့ရပ်စမ်း၊ အောင်မလေး..ဟိုမှာ ငါ့သားလေ.."

တစ်ဖက်လမ်းကြားထဲမှာ ဆန့်ကျင့်ဘက်အရပ်မျက်နှာသို့
တည်နေသည့်ကားထဲမှာ လူလူ.. ၊

"သား..လူလူ.."

လွှတ်ခနဲကျယ်လောင်သွားပြီးမှ အသံပြန်ချရသည်။ ကားက
ကျော်လာခဲ့ပြီဖြစ်ကာ.. ၊

"ဟိုမှာ ငါ့သားလေး..ကားကိုဟိုဘက်ကြောထဲလိုက်ကူးစမ်း
ကားစုတ်ကို မီအောင်မောင်း.."

မှန်ချလိုက်သည့်အချိန်မှာ ဟိုဘက်ကလည်း မှန်ချထား
ကားမောင်းနေသည့်လူကို အရှင်းသားမြင်လိုက်ရ၏။ လူလူကဟို
မှာဖြစ်ကာ ခေါင်းစွပ်ပါသည့်အင်္ကျီပွပွကြီးလား ဒါမှမဟုတ် ပိန်
ခြောက်သွားသည့်မျက်နှာလေးက အင်္ကျီထဲမှာချောင်နေတာလား..၊
မှာတုန်းက လိမ်းလိုက်ရတဲ့ခေါင်းလိမ်းဆီတွေ ဂျယ်တွေ..။ ခုက



တွန့်တွန့်နေသည့်ဆံပင်တွေက ပခုံးကျော်အောင်ရှည်နေကြလျက်
ခမ်းမွေးတွေတောင် ပေါက်နေတာလားမသိ။ ဘယ်လိုမှမှတ်မိနိုင်
မရှိအောင် ပြောင်းလဲနေပေမယ့် မိခင်တစ်ယောက်ကတော့ အရိပ်
မြင်လိုက်တာတောင် ကိုယ့်သားသမီးကို တန်းခနဲသိလေသည်။

"ဘယ်ရောက်သွားတာလဲ.."

မီးစိမ်းတော့ လူလူတို့ကားက ထွက်သွားပြီဖြစ်ကာ ကိုယ်ကပြန်
နေရတုန်း ကားနံပါတ်လည်းမကြည့်လိုက်နိုင်။ ဖြူညစ်ညစ်ပုံစံတူ
တွေကလည်း တက္ကစီတွေကအစ ဒီလိုပုံစံတူတွေမို့ ဘယ်ကိုလိုက်
မသိတော့ပေ.. ၊

"တောက်..မြို့ပေါ်မှာရှိနေတာတောင် မအေကိုဖုန်းတစ်ချက်မခေါ်
.."

သား သူ့လောကနဲ့သူ အဆင်ပြေနေတာလား..တကယ်ပဲ လူဆိုး
ဖြစ်သွားပြီလား..။ ဒါမှမဟုတ် အမွေပြတ်စွန့်လွှတ်ရက်လေခြင်းဆို
မိဘကိုစိတ်နာနေတာလား..။

ဒေါ်သနှင့်တက်ခေါက်မိလိုက် ရင်နင့်လာခြင်းကြောင့် မျက်ရည်
ည်လိုက်နှင့် ဒေါ်မြပုလဲဖြူ ကားထဲမှာပဲ အရုပ်ကြိုးပြတ် မှိုကျသွား
သည်။ သက်ဆိုင်ခြင်းမဆိုင်ခြင်းကို မသိချင်တော့ပေ။ အာဏာသျှန်
တဲ့သတ္တဝါတစ်ကောင် တာဝတိံသာစံအိမ်ကို ခြေချလိုက်သည့်အချိန်
ပြီး ဆက်တိုက်ဖြစ်လာခဲ့သည့်ဆိုးရွားမှုတွေက ဖြစ်လိုက်တိုင်း
လေး'အော်ရသည့် အဖြစ်ဆိုးတွေချည်းသာ.. ၊

အာဏာသျှန်ဆိုတာ နတ်ဆိုးတစ်ကောင်လား. ၊

"ဆက်လိုက်ပေးရမလားမမကြီး.."

"မလိုက်နဲ့တော့.."

လမ်းဆုံတွေ လမ်းခွဲတွေအများကြီး။ ဘယ်ကားကိုရှာရမှန်းလည်း
ဘဲ ဘာထူးမှာလဲ.. ၊

"အေးကို.."

"ဗျာ..မမကြီး.."

"ခုန လူလူပါသွားတဲ့ကားကို မောင်းသွားတဲ့ကောင် နင်မြင်လိုက်
.."

"ကျွန်တော်မမြင်လိုက်ဘူးမမကြီး.."

ဒေါ်သက ထောင်းခနဲထဖြစ်သွားသည်။ ဘယ်လိုမှစိတ်မရှည်
လာသည့် အကျင့်တစ်ခုတိုးလာခြင်းက ကိုယ်မလိုချင်တဲ့အဖြေကို ကြ
ရတာနဲ့လက်ပါချင်နေ၏။ သို့သော် ကိုယ်တောင်ကားဖြတ်လာမှ သ
ထားမိပြီး လိုက်ကြည့်မိတာဖြစ်သည်။ စိတ်ကိုချုပ်တီး၍ ဘာမှမပြော
နေလိုက်သည်။ ကားမောင်းနေရင်း မှန်ထဲကနေ ဖျတ်ခနဲခိုးကြည့်လို
သည့် ဒရိုင်ဘာအေးကို၏မျက်လုံးတွေကိုလည်း သတိမထားမိခဲ့။ ခေ
ထဲမှာရှိနေတာက အမြဲတမ်းအေးချမ်းမော်ကြွားစွာနေလာခဲ့သည့် ဇေ
ဝင်မျိုးရဲ့အနွယ်တော်ဆိုသည့် ဂုဏ်သိက္ခာတွေဘယ်မှာလဲ.. ။

အပြင်ထွက်တိုင်း ပဝါခြုံ၍ ထွက်ဝတ်သည့်အမေတူသမီး..။
အိမ်မှာရော ပြင်ပမှာပါ ဩဇာညောင်းတဲ့နတ်ရေကန်။ မျိုးနွယ်တူ
မှာတောင် အားလုံးထက်ဂုဏ်ရှိန်မြင့်တဲ့ နတ်ရေကန်.. ။

ဆေးရုံပေါ်မှာ အာဏာသျှန်အသံကြားပြီး ခြေတုန်လက်တုန်
ခဲ့ရသည်။ အာဏာသျှန့်နောက်လိုက်ရင်း ဆံမြိတ်ပြေ ဆံထုံးပြေ ခေ
တိုက် ဒူးပြဲ ခြေမကွဲ။ တွေးနေရင်း လက်ကိုဖိကြည့်လိုက်တော့ အ
ခနဲအော်မိ၏။ အပ်လေးစိုက်ခဲ့တာပေမယ့် သွေးစတွေလည်းခြောက်
လာ။ ဘယ်လိုမှဖိဆုပ်လို့မရအောင် နာကျင်နေ၏။ ကိုယ့်အဖြစ်ကို
ဗီဒီယိုရိုက်ထားပြီး ပြန်ကြည့်လို့ရရင် ဘယ်လောက်ထိရုက်စရာကေ
လိုက်မလဲ.. ।

ဘုရား.. ।

ဗီဒီယိုဆိုမှ သတိရသွားသည်။ အာဏာသျှန် မယ်မယ့်ဆီပို့
သည့် ဗီဒီယိုရက်ကော့ဒ်တွေ။ ငါ့အဖြစ်ကိုများ ဒီအယုတ်တမာ
ဗီဒီယိုရက်ကော့ဒ်ယူထားမလား.. ।

အခန်း(၈၆)

သမီးငယ်.. ।

ကြည့်စမ်း..။ ဒေါ်မြမင်းသီရိ မယုံနိုင်.. ।

ပို့လိုက်သည့် စီဒီချပ်လေးမှာ ဒီလိုအကြောင်းအရာတွေပဲပါနိုင်တာ
သိရက်နဲ့ မဖွင့်ဘဲလည်းမနေနိုင်။ ဆံပင်ဖရိုဖရဲအကျႌကြယ်သီးပြုတ်
ထမီစွန်တောင်ဆွဲပြေးနေသည့် ကိုယ့်သမီးအဖြစ်ကိုကြည့်နေရင်း
လာမိသည်။

"ဘာဖြစ်လို့ဒီလောက်တောင် တုန်လှုပ်ပြရတာလဲ..ဒီအသက်အ
ရှိနေတာတောင် ဒီလိုမလောက်လေးမလောက်စားကောင် ဆင်တဲ့အ
ထဲ ဘာဖြစ်လို့ တည့်တည့်တိုးဝင်ရတာလဲ.."

ထိုင်ကြည့်နေရင်း လက်သီးဆုပ်နှင့် ကုလားထိုင်လက်ရမ်းကိုထု
မိသည်။ နောက်တစ်ဆင်းနဲ့ပြောင်းသွားတော့ အသက်ကယ်ကိရိ
တွေချိတ်ဆက် ကုကယ်နေရသည့် ဆေးရုံခုတင်ပေါ်မှာ သမီးကြီး
တ်ဦးရဲ့မျက်နှာ။ မျက်လုံးမှိတ်ထားတာတောင် မျက်တွင်းတွေညို
နေကာ ပါးရိုးတွေက ထောင်နေသည်။ ရှည်လျားသည့်ဆံနွယ်တို့
ခေါင်းအုံးထက်မှာ အခွေလိုက်ပုံကျလျက် ခုတင်ဘေးက အသက်

ကယ်ကိရိယာတွေသာရှိမနေလျှင် သမီးကြီးရဲ့ဒီပုံစံကိုမြင်တဲ့သူ
ဘယ်လိုထင်ကြမလဲ.. ။

အံကြိတ်ထားသည့်ကြားက မျက်ရည်တွေဝေ့တက်လာခဲ့သည်
ပြီးတော့ အခန်းရှေ့မှာ ဂျူတီဝတ်စုံပြည့်နှင့်ရဲတွေ စောင့်ကြပ်နေကြတာ
မြင်ကွင်းတစ်ခုလုံးကို ရိုက်ထားတာမို့ ပိုပြီးရင်နင့်မိ၏။ ဒီအဖြစ်ဆိုး
ဆက်တိုက်ဖြစ်လာတာ ကာလအားဖြင့် ဘာမှမကြာသေးပေ။ ခု
"မမကြီးအခြေအနေကို အားမရဘူးလို့ ဆရာဝန်တွေပြောနေကြတ
မယ်မယ်" သမီးငယ်ပြောပြတာကို တွေးရင်း မျက်ရည်တွေပြည့်
သိပ်သိပ်ဖြစ်လာခဲ့သည်။

မဟုတ်ဘူး..။ မျက်ရည်မကျရဘူး။ ငါ့သမီးစိတ်ဆင်းရဲရလို့ ရူး
သွားတာ။ ငါ့သမီးမို့လို့ ဘာမှဖြစ်မှာမဟုတ်ဘူး..ငါယုံကြည်တယ်
မျက်ရည်စတို့ကို မျက်တောင်တွေခတ်ထုတ်သိမ်းရင်း မျက်
မော့လိုက်သည်။ ဒီကောင် ဒီလိုဖြစ်အောင် လုပ်နေတာ။ ငါဘယ်
မှ မျက်ရည်မကျဘူး..အားလုံးအကောင်းတိုင်းပြန်ဖြစ်အောင် ငါကြိုး
နိုင်တယ်..။ စိတ်ကို ခွန်အားဖြည့်လိုက်ရင်း နေရာမှထရပ်လိုက်သ
သို့သော် တီဗီဖန်သားပြင်မှာပေါ်လာသည့် ညမြင်ကွင်းနှင့်ပုံရိပ်
ကြောင့် 'ဟင်'ခနဲဖြစ်သွား၏။ မြတ်ပန်းသဇင် ဆုံးခဲ့တဲ့ည.. ။

"နောက်ဖုံးမဖွင့်နဲ့..ကားထဲမှာထည့်၊ ထိုင်ခုံတွေကြားထဲမှာထ
"ဖွင့်ထား..မင်းတံခါးကိုင်ထားဦးလေ.."
"ကိုမြင့်မော် ဝင်မ'မ'နဲ့..ခင်ဗျားမနိုင်ဘူး.."
"ကျွန်တော်ကားထဲအရင်ဝင်မယ်..အထဲကဆွဲလိုက်မယ်ဆရာ
"ဟဲ့..ဘာဖြစ်လို့ စကားသံတွေထွက်နေကြတာလဲ၊ တိတ်
လုပ်ကြစမ်း..ပြီးတာနဲ့ ချက်ချင်းထွက်.."

ကားထဲကို အလောင်းသွင်းနေကြသည့်ပုံရိပ်တွေက ည
မီးအလင်းရောင်ရှိနေသဖြင့် သေချာမြင်နေရသည်။ ခြံထဲကရိုက်ထ
မှန်းသိသာနေပေမယ့် ရှုထောင့်နှစ်မျိုးပြောင်းရိုက်ထားသဖြင့် ဘ
ရာကနေ ရိုက်ယူနေသည်ဆိုတာကို တပ်အပ်မှန်းလို့မရ.. ။

ဒေါ်မြမင်းသီရိခြေထောက်တွေ ခွန်အားမဲ့သလိုဖြစ်လာခဲ့လျ
လားထိုင်မှာ ကတုန်ကယင်ပြန်ထိုင်ကျ၏။ ဒီအိမ်ထဲမှာ အတွင်း



ခေါက်နေပြီ.. အတွင်းထဲကလူပါလို့ ဒီကိစ္စအပြင်ရောက်နိုင်တာ။ အခြေ
ကိုရာတွေသွားပြီမို့ ဒေါသမာန်က ပိုရှိုအားကောင်းလာသည်။ အာဏာ
ချွန်တော်လိုမှမဟုတ်ဘဲ။ ဒီလိုနည်းနဲ့ ငါ့သားသမီးတွေဆီက သတင်း
တွေကို သင်းရအောင်ယူထားတာ။ တွေးနေရင်း တက်ခေါက်မိ၏။ တုန်
ယင်မောလျှနေခြင်းကြောင့် တက်ခေါက်သံက အားမပါ။ စိတ်ကဆောင်
ပေမယ့် ထရပ်လို့မရအောင် လူကနုံးနေသည်။ ထိုအခါ ဒီတိုင်းဆက်
သွားနေသည့် ဗီဒီယိုသည် ဂုဏ်သိက္ခာပါတော်မူခန်း season two
ဆိုသည့် စာတမ်းနှင့် ဘီလူးခေါင်း logoပေါ်လာခဲ့ပြီး.. ။

"ဘယ်လိုလဲဒေါ်မြမင်းသီရိ..ခင်ဗျားဘယ်လောက်ထိငြိမ်နေမှာလဲ"
အနီရဲရဲလည်ကပ်ဆွယ်တာနှင့် ဆံပင်တွေအပြောင်သိမ်းထား
သည့် အာဏာသျှန့်မျက်နှာက စီးကရက်ငွေ့တို့ လွှမ်းနေသည့်နောက်မှာ
အားစက်စက်မထိတထိအကြည့်တို့နှင့်။ ပြီးတော့ မဲ့လိုက်သေးသည်။
ပြီးတော့ စီးကရက်ညှပ်ထားသည့်လက်နှင့် ပါးကိုခြစ်နေရင်း.. ။

"ခင်ဗျားစုထုပ်သိမ်းဆည်းထားတဲ့ ဂုဏ်သိက္ခာအိတ်ကြီးကို ကျွန်
တော်က နှုတ်ခမ်းကနေ အသာလေးဖွဲ့ချနေတာ..နောက်ထပ် ခင်ဗျား
ထွက်မလာသေးဘူးဆိုရင်တော့ ခင်ဗျားအိတ်ကြီးကို ဖင်ကနေလှီးချပစ်
လိုက်မယ်.."

မခံရပ်နိုင်အောင် စိတ်တိုနေပေမယ့် ဒေါ်မြမင်းသီရိမလှုပ်မယှက်
ကြည့်နေမိဆဲ.. ။

"ခင်ဗျားဂုဏ်သိက္ခာတွေ တစ်စိုးတစ်စိမှ မကျန်တော့တဲ့အထိ ငြိမ်
နေမှာလား..ခင်ဗျားကို သုံးရက်အချိန်ပေးမယ်၊ ကျွန်တော်မက်ဆေ့ချ်ပို့
တဲ့နေရာကို ခင်ဗျားကိုယ်တိုင်လာရမယ်..တကယ့်ဂုဏ်သိက္ခာဘာလဲဆို
တာ ငါကောင်းကောင်းနားလည်ပါပြီဆိုတဲ့စကား ကျွန်တော့်ရှေ့မှာ ပြော
ရမယ်.."

"တောက်.."
ပြောပြီး စီးကရက်မီးခိုးတွေ မှုတ်ထုတ်လိုက်သည်။ ပြီးမှ.. ။
"ပြကွက်တစ်ခုကို ငွေးငွေ့စရာကောင်းအောင်မပြချင်ဘူး..ဆီဇင်သ
ရီမှာ ဇာတ်သိမ်းမယ်..တာဝတိံသာကျဆုံးခန်းနဲ့.."
"လူပါးဝလို့ 'ကျွန်'မသားက.."

ဆဲရေးသံနှင့်အတူ နောက်မှာရောက်နေသည့် ဒေါ်မြပုလဲဖြူ
စားပွဲပေါ်က ပန်းအိုးပြေးကောက်၏။

"ချထားစမ်းသမီးငယ်.."

ဒေါ်မြမင်းသီရိ တားဆီးရင်း ထရပ်လိုက်သည်။

"ညည်းသိပ်ကို စိတ်မြန်လွန်းတယ်..ညည်းအားလုံးစခဲ့တာ
လည်း ညည်းကြောင့် ငါစော်ကားခံနေရတယ်.."

"ဘယ်လိုပြောလိုက်တာလဲမယ်မယ်.."

ဒေါ်မြပုလဲဖြူ အံသြသည့်မျက်ဝန်းတွေမှာ မျက်ရည်စတို့စွန်း
လျက်.. ။

"သမီးက ဟုတ်လား..ပုလဲကြောင့်ပေါ့.."

"ဟုတ်တယ်..သမီးကြီးအတွက်ဆိုပြီး ညည်းရန်ဖြစ်တယ်၊
ဏာသျှန့်ကိုလုပ်ကြံဖို့ ဖင့်ကိုခိုင်းတယ်..သားမိုက်ကို အားပေးပြီး
ပါပစ္စည်းလက်ခံတယ်၊ အခု လူနာသွားစောင့်တာလေးတောင် ညည်း
သမထိန်းနိုင်ဘူး.."

"အဲဒါတွေကို အာဏာသျှန်လိုက်လုပ်နေတာလေမယ်မယ်.."

"အဲလိုဖြစ်အောင် သူလုပ်နေတာကို ညည်းခုထိနားမလည်ဘူး
..အကြီးဆုံးအမှားက ညည်းရဲ့ဒေါသပဲ၊ ကိုယ့်အိမ်က ကျေးကျွန်
ပေါ်ထိ ညည်းနေရာမရွေး အချိန်မရွေးပေါက်ကွဲတာ..အဲလိုညည်းရဲ့
သကြောင့်.."

"ကျွန်ဆိုတာ အဆင့်အတန်းနဲ့လိုက်ပြီး အောက်တန်းကျ
မယ်မယ်..သူတို့ကိုမနိုင်ရင် ကိုယ့်ကိုနိုင်ဖို့ကြံလာတာပဲ၊ ကျွန်
'ပ'စားမပေးရဘူးဆိုတာ မယ်မယ့်ဝါဒပါ.."

"မယ်မယ့်ဝါဒကို မယ်မယ်သုံးသလို အသုံးမချလို့ ညည်း
သစ္စာဖောက်ရှိနေတာပေါ့..ငါသက်တမ်းတစ်လျှောက်မှာ မကြုံခဲ့ဖူး
မိဘဘိုးဘွားလက်ထက်တည်းက 'ကျွန်'ယုံတွေပဲရှိခဲ့တယ်..မယ်
'ကျွန်'ဆိုတာ မကြားခဲ့ဖူးဘူး.."

"အခု သမီးအိမ်မှာ.."

"ရှိနေတယ်..ဒီထဲမှာ အာဏာသျှန်ဘာတွေထည့်လိုက်လဲ ည
မမြင်လိုက်ဘူးမို့လား၊ ဖင်ဆုံးတဲ့ညကအဖြစ်တွေ အစအဆုံး အဲဒီ



ပါတယ်..မယုံနိုင်ဖြစ်နေရင် ဖွင့်ကြည့်လိုက်.."

ဒေါ်မြပုလဲဖြူ ဟင်ခနဲဖြစ်သွားသည်။ အာဏာသျှန် မထိမဲ့မြင်
ပြောနေတဲ့စကားသံတွေကိုပဲ သူမကြားခဲ့ရတာဖြစ်ကာ ရေမှာဘာတွေ
ပါသွားသည်ကို မသိ.. ၊ ဒါဘယ်သူဖြစ်နိုင်သလဲ.. ၊

"စဉ်းစားမနေနဲ့..စစ်မေးလိုက်ရင် အားလုံးမျောက်သေရုပ်တွေနဲ့
ထွက်လာမှာပဲ၊ အကုန်လုံးမောင်းထုတ်ပစ်လိုက်.."

"အဲ့ဒါဆို ပိုဆိုးကုန်မှာပေါ့မယ်မယ်..သူတို့မလိုလားရင်.."

"အေး..အဲ့ဒါကိုညည်းခုမှသိတာလား၊ 'ကျွန်ယုံ တစ်ဖက်ကန်း..
အားသမီးယုံ စုံလုံးကန်း'တဲ့၊ ကျွန်ဆိုတာ အဲလိုရာဇဝင်ရှိတဲ့ဟာတွေ..
အိမ်တစ်အိမ်ကို ဒုက္ခပေးနိုင်ဆုံးက ကျွန်တွေပဲ၊ ငါတို့လို ကျွန်ပေါင်းများ
ထားနေရတဲ့လူတန်းစားအတွက်က ပိုဆိုးတယ်.."

ဒေါ်မြပုလဲဖြူ အံတကြိတ်ကြိတ်ဖြစ်လာသည်။ သူမစိတ်ကိုက
ကိုယ့်ကို ဒီလိုလူတွေက နိုင်စားမှာကို နည်းနည်းလေးမှ သည်းခံချင်တာ
မဟုတ်။ သင်းတို့ကြောင့် ကိုယ့်မှာပြဿနာအကြီးအကျယ်တက်ဖို့တွေ
ရှိလာပြီဆိုတာ သိလိုက်ရသဖြင့် တက်ခေါက်မိကာ.. ၊

"ဟုတ်တယ်..ဒါပေမယ့် မောင်းထုတ်တဲ့နည်းထက်ပိုကောင်း
အောင် အကုန်လုံးကိုရိုက်သတ်ပစ်လိုက်မယ်၊ ဒီမှာရှိတာတွေ အကုန်လုံး
တစ်ကောင်ကြွက် ကလေကချေတွေချည်းပဲ..ပေါ်သွားလည်း တစ်သက်
အပုံပေးလိုက်ရင် အဲ့ဒီအပေါက်ပိတ်သွားမှာပဲ.."

"ခုတောင် မထင်တာတွေဖြစ်ကုန်ပြီ..ဘာလို့ငါပိုင်တယ်ချည်းတွေး
နေတာလဲပုလဲ၊ ငါပြောသလိုလုပ်..အဲ့ဒါတွေကို ခုချက်ချင်းအကုန်လုံး
ထုတ်၊ ဘာမှစစ်မေးမနေဘဲ နှင့်လောက်အောင်ပေးပြီး အကုန်မောင်း
ထုတ်လိုက်တော့.."

"ကွယ်ရာရောက်ရင် အတင်းတုတ်ကြမှာပဲမယ်မယ်..သင်းတို့ကို
အပြားမှ မပေးနိုင်ဘူး၊ သူတို့ကိုပေးမယ့်အစား ခွေးချကျွေးပစ်မယ်.."

ဒေါ်မြပုလဲဖြူ ထမီတစ်ဖက်'မ'ပြီး လှည့်ဝင်သွားကာ.. ၊

"သင်းတို့ကို ခွေးရူးလိုမွန်းတည့်အောင် စောင့်မနေနိုင်ဘူး..မွန်းမ
တည့်ခင် အကုန်ရှင်းပစ်မယ်..ကြည့်.."

☎

## အခန်း(၈၇)

"ဟား ဟား ဟား ဟား.."

"မင်းကရယ်နေတယ်ဟုတ်လား..သူတို့ခများ အလုပ်တွေပြ ဒုက္ခတွေရောက်လာကြတာ.."

တံတားလက်ရမ်းမှာ လက်တစ်ဖက်ထောက် ရယ်နေရင်း ကိုမတ်မတ်ရပ်လိုက်ကာ.. ।

"သူတို့ဒုက္ခမရောက်ပါဘူး..နတ်ရေကန်ကြီး ရေခမ်းသွား

"အေးကွ..တော်တော်အတ္တကြီးတဲ့ သားအမိတွေနော်၊ ဒီလို အနေမှာ ရှုံမခါသင့်ဘူးဆိုတာတော့ သိသင့်တယ်.."

"ဟွန်း ဟွန်း.."

"အေးကိုနဲ့လူကြီးသုံးယောက်ကိုတော့ ငါတာဝန်ယူနိုင်ပါ အမျိုးသမီးငါးယောက်ကို ပေးဖို့နေရာသာ ခက်တယ်၊ အကုန် ရေးတတ်ဖတ်တတ်ရှုံပဲရှိတာ..ငါ့အသိတွေအိမ်မှာလည်း အိမ်အ က ရှိနေကြတော့.."

"ကျော်ခိုင့်ကိုပြောလိုက်လေ..သူတို့ကို အောင်နိုင်နဲ့ချိတ် လို့ တစ်ယောက်ကိုမှ ကန်ဆယ်လ်လုပ်လို့မရဘူးပါ ပြောလိုက်



"အိုခေ.."

"ဦးကျော်မြတ်ခေါင်ရဲ့ရှေ့နေနဲ့ မင်းတွေ့ပြီးပြီလား.."

"အေး..သူ့အဖေကတော့ သူ့သားကိုစာရင်းထဲထည့်မှာ မဟုတ်ဘူး စိတ်မကောင်းစရာရှိတာက ဒေါ်မြမင်းသီရိက ဦးကျော်မြတ်ခေါင် သမက်တော်ဖို့စိတ်ကူး မရှိတော့တဲ့ပုံပဲ.."

"ငါထင်ပါတယ်..အခု လုံးဝမကူညီဘူးမို့လား.."

"ဟုတ်တယ်..အံ့သြစရာပဲနော်..အတုယူရမလား ဝေးဝေးရှောင်ရ ပဲ၊ ဒေါ်မြမင်းသီရိအတ္တကြီးပုံက လန့်စရာကြီး.."

"ဟွန်း.."

"ဒီဘွားတော်ကြီးရင်ထဲမှာ သွေးသားဆွေမျိုးသံယောဇဉ်ဆိုတာ မှုံမှုံမှ ရှိသလိုပဲကွ..သူ့ဘောင်က လွတ်သွားတာနဲ့ ကန်ထုတ်ပစ်လိုက် မင်းကြည့်ဦး၊ ဒေါ်မြထွတ်ဦးဆို အကြီးဆုံးသမီး.."

"သူ့အမှုကိုတော့ လိုက်ပေးနေတာပဲကွာ.."

"ဒါက ရင်ဘက်နဲ့ငြိတာမှ မဟုတ်ဘဲကွ.."

သူပြုံးလိုက်ရင်း မျက်လုံးကတစ်နေရာရောက်သွားလျှင် ဟာကျူ နတ်တို့ ဘယ်ရောက်သွားကြသည်မသိလိုက်သဖြင့်.. ।

"နေဦးကိုခေ..ကိုချာတိတ်မ ဘယ်ရောက်သွားလဲမသိဘူး.."

"အေးပါ..မင်းက ပန်းခြံတွေထဲ စုဘွဲ့လျှောက်လည်နိုင်တာပေါ့၊ ..."

"လျှောက်ပြောမနေနဲ့..မေမေလေးနဲ့မေမေ ခဏခဏတွေ့နေလို့ ကို တမင်လှည့်ခေါ်လာရတာ.."

"ဘာကြောင့်ခေါ်လာလဲ မေးမိလို့လား.."

သူရယ်ရင်း ခပ်တိုးတိုးဆဲသည်။ ပြီးတော့ ဖုန်းကိုအိတ်ထဲထည့် ဟိုဒီလိုက်ကြည့်ရင်း ထွက်လာခဲ့၏။ မိုးထိစံအိမ်ကို ကနုတ် သွားဖို့ မေမေလေးကြိုးစားလာတာကြောင့်ပါ။ ကြာရင် ကနုတ် မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲထဖြစ်လာတော့မှာ သေချာနေသည်မို့ ကာကွယ်ရတာဖြစ်သည်။ ဘဝအတွက် အရေးပါဆုံးကိစ္စတစ်ခု သနာတွေရှုပ်ထွေးနေတုန်းမှာ ရောသောမဆုံးဖြတ်ချင်။ ကိုယ်တိုင် စားနိုင်သေးသည့်အချိန်မှာ လူကြီးတွေစီစဉ်ပေးတာကြောင့်

လက်ထပ်လိုက်ရတာမျိုးလည်း အဖြစ်မခံနိုင်။ အထူးသဖြင့် ဒီမ
ပွဲကြောင့် ကျိုးပဲ့ပျက်စီးသွားနိုင်သည့် အခြေအနေအရပ်ရပ်တို့ရှိနေ
ဖြစ်ရာ.. ။

"အခြေအနေကိုလည်း ကြည့်ဦးလေ..ဒုက္ခိတက သူ့ဤမြေနဲ့
တာ၊ ဒုက္ခိတကို ဘယ်အဖိုးတန်ခွေးက ရေလာမြောင်းပေးတွေ
ပေးတွေ လာလုပ်တာလဲ.."

"အမလေး..သူများသားသမီးကို ခွေးလို့မပြောနဲ့နော်၊ ဒီမှာ
ချင်း ဒွဲဝုန်းပစ်လိုက်မယ် ဘာမှတ်လို့လဲ.."

"ဘာ.."

ဝုန်းတာ ကျုံးတာတွေလည်း ကနုတ်နားမယဉ်ခဲ့သဖြင့်
ပြန်ရန်ဖြစ်ဖို့အတွက် ဘာသာပြန်နေရသေးသည်။

"ဘယ်လမ်းဘေးကခွေးကို ဆေးကုပြီး အဆီတစ်ထပ် အသား
ထပ် သွန်းလောင်းထားမှန်းမသိဘူး.."

"ဟုတ်ပ..တို့သမီးက သိန်းလေးဆယ်ပေးဝယ်ထားရတာ
လုံးချိုင့်ကွေကို ဒီလိုနေရာခေါ်ထုတ်လာရင်လည်း ထင်သလိုလွှတ်
နဲ့..ဆွဲဖြုပစ်မှာ ဟွန်း.."

"ဖြဲ့ရင် ဖြဲကြည့်လိုက်လေ..သိန်းလေးဆယ်တန်ဖြစ်ဖြစ်
တန်ဖြစ်ဖြစ် မသွားနိုင်မလာနိုင်တဲ့ခွေးနားကို ပွတ်သီးပွတ်သပ်
ဆွယ်နေတာ မျက်လုံးနဲ့သေချာကြည့်ဦး.."

ဘယ်လိုကြည့်ကြည့် ခွေးနှစ်ကောင်ကတော့ အချင်းချင်း
အဆင်ပြေနေကြ၏။ အမွေးဝါလေးနှင့် ပိုမာလေးကိုသခင်က
ရောင်အောင်ဆွဲယူလိုက်ပြီးမှ.. ။

"ဟွဲ..ဒီမှာ တို့ထိုင်နေတာလေ.."

"ခွေးက သွားချင်ရာသွားနေတာကို ထည့်ပြော.."

"များတို့သမီးကို ခွေးလို့မပြောနဲ့ဆို.."

"ခွေးမြင်နေသားနဲ့ လူလိုမပြောနိုင်ပါဘူး..ရှင်တကယ်
ဆိုလည်း သေချာယုံအောင်ပြော.."

"အံမယ်..ဘာ.."

ရှေ့နဲ့စကားနိုင်လုပြောနေတုန်း ဘေးကတစ်ယောက်က



၏။ သို့သော် ထိုလက်ကိုတစ်ယောက်က ဖမ်းဆွဲထားလိုက်ကာ..၊

"နိုင်အောင်ပြောလေ..ဘာလို့လက်ပါတာလဲ.."

"ရှင်က.."

ဒေါသအရှိန်ကိုတားဆီးလိုက်သဖြင့် လက်ပါသည့်တစ်ယောက်
က်ခနဲပြောရင်းလှည့်ကြည့်လိုက်၏။ သို့သော်သျှန့်ကိုမြင်လိုက်တာ
ကားလည်းမဆက်နိုင်ဘဲ မျက်လုံးအဝိုင်းသားနှင့် နှုတ်ခမ်းတွေ
နေနိုင်ဘဲ အသံတိတ်သွားခဲ့လျက်.. ။

"ချောလိုက်တာဟယ်..ရှည်လိုက်တဲ့အရပ်ကြီးက ရှယ်ပဲ.."

ရေကတစ်ယောက်က ချက်ချင်းရှိုးအီသွားသည့် မျက်နှာဖြစ်သွား
ကနုတ်ကိုကြည့်လိုက် သျှန့်ကိုကြည့်လိုက်နှင့်.. ။

"ဘယ်လိုတွေတောင် အံဖွယ်သုတလဲဟင်..ယူကဒီလို ဒီစိုင်း
င်းကြီးကို ဘယ်လိုကြီးလဲ၊ အာရုံအကျိစ်တွေတော့ မဟုတ်ပါဘူး
"

"ဟုတ်စရာလား..အမြင်မတော်သူတစ်ဦးပေါ့.."

ထီးကိုပြန်သိမ်းလိုက်ပြီး ဖြူဖြူထွားထွားသူမက သျှန့်ဘက်လှည့်
။

"အာရုံအကျိစ်ဖြစ်တော့ရော ဘာဖြစ်လဲနော့..ခင်လို့ရတာပဲဟာ၊
ကောင့်နာမည်လေးပြောပြ.."

သျှန်က ပြုံးလိုက်ပြီး ကနုတ်လက်လေးကို ဆွဲယူလိုက်သည်။
တို့ မျက်နှာတွေတည်သွားကြ၏။ ကနုတ်ကလည်း နှုတ်ခမ်းလေးမဲ့
။

"ဒီက ဒုက္ခိတလေးကတောင် အဲ့ဒီကသိန်းလေးဆယ်တန်ကို ဂရု
တာ..နည်းနည်းပါးပါးသဘောပေါက်.."

"အံမာ အံမာ..ဒီက ဒွဲကြွေသွားလို့၊ သင်းကများ.."

"ဟွန်း..ဆံပင်ဆွဲပြီး အပီကျွေးပစ်လိုက်မယ်၊ ဘာမှတ်နေလဲ.."

သျှန်က ဘာမှမပြောတော့ဘဲ လှည့်ထွက်လာခဲ့လျှင် ကနုတ်က
င်လည်ပြန်လှည့်ကြည့်ပြီး မကျေနပ်.. ၊

"ဘယ်သူကကြောက်မှာမို့လဲ..မိန်းမတွေဖြစ်ပြီးတော့ ယောက်ျား
ေတွေနဲ့ ရှက်လည်းမရှက်ဘူး.."

ကနုတ်ဘာမှလည်း မသိရှာဘဲ ခံလည်းခံလာရသေးသည်၊ သတွေလည်း ထွက်နေသေးသည်။

"ဟဲ့..ဘယ်ကိုလဲဟာကျူလီ၊ နင်ကလည်းနင်ပဲ..ကိုယ့်လမ်း ဖြောင့်ဖြောင့် မသွားဘူး.."

"မင်းကမှ ဖြောင့်ဖြောင့်မသွားဘဲ.."

သျှန်က ပြောလိုက်တော့ မော့ကြည့်မိကာ.. ၊

"ဖြောင့်ဖြောင့်တွေ ကောက်ကောက်တွေသွားဖို့ ကနုတ်က ဒီတစ်ခါပဲရောက်ဖူးတာလေ..ဦးသျှန်ကနုတ့်တို့ကိုထားပြီး သွား သွားနေလို့ လိုက်ရှာနေရတာ.."

"ငါဘယ်သွားသွား မင်းဆီကိုလာတတ်တယ်..ဘယ်သွား သိဘဲနဲ့ ဘယ်သွားမှန်းမသိတဲ့လူကို လိုက်ရှာစရာလား.."

"ဟုတ်တယ်လေ..ဒါပေမယ့်.."

ဟာကျူလီကလည်း ပျော်နေသည်။ သူမလည်း မြင်မြင်သ လှအပရှုခင်းတွေ ချစ်သူစုံတွဲတွေ အားလုံးကအံ့အားသင့်ဖွယ် နေကြတာမို့ 'အယ်'ခနဲဖြစ်သွားလိုက် မျက်နှာလွှဲပြီး ခပ်သု လျှောက်လိုက်။ မမြင်ဘူးတာတွေတွေ့ပြီး ငေးတာလည်းရှိကာ လီနဲ့သူမ ရယ်စရာတွေဖြစ်ကြပြီး တစ်ယောက်တည်းရယ် လည်းရှိ၏။ 'ဦးသျှန် ဘယ်ရောက်သွားလဲ'ဆိုသည့် ရှာဖွေမှု ခေါင်းနှစ်ချက်သုံးချက်လှည့်လည်သွားပေမယ့် နောက်ထပ်စတ ခြေလှမ်းတွေက အမြင်သစ် အတွေးသစ်တွေပဲမို့.. ၊

"ရှာတော့ရှာတာပဲ..ရှာနေရင်းနဲ့ ဟိုကြည့်ဒီကြည့်နဲ့ ဒီလိုပဲ မိတာ.."

ကိုယ့်အပြစ်ကို ဝန်ခံရတော့ မျက်လွှာလေးချထားသေ ကော်လံပါသည့် ပန်းနုရောင်ဂါဝန်ရှည်လက်ပြတ်လေးနှင့် ဆံနွ တို့ကို ဒီတိုင်းဖြန့်ချထားသည်။ ပါးရိုးလေးနှစ်ဖက်ပေါ်ကနေ မှာ ဖြာဆင်းနေသည့်ဆံနွယ်ရှည်တို့ကို ဒီတိုင်းဖြန့်ချထားသည်၊ လေးနှစ်ဖက်ပေါ်ကနေ ကျောပြင်မှာ ဖြာဆင်းနေသည့်ဆံနွယ်တွေ လုံးက လှအောင်ဖြန့်ချထားတာမဟုတ်မှန်း သိသာသလို လှလည် ၏။ ဘာမှလိမ်းခြယ်မထားသည့် မျက်နှာပြောင်တင်းတင်းလေး



တွေဖို့ရှိဖားရားကြောင့် ကလေးဆန်နေသေး၏။ သူမမျက်နှာလေး ငဲ့ကြည့်ပြီး ပြုံးလိုက်မိကာ.. ၊

"မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားတွေကို မင်းမမြင်ဖူးဘူးလား.."

ဟင်.. ၊ ကနုတ်ခြေလှမ်းတုံ့သွားသည်။ ဟာကျူလီက သူ့ဗိုက်ချဲလ် နဲ့ လွန်သွားပြီးမှ လှည့်ကြည့်ပြီး ပြန်လှည့်လာ၏။

"ခုန အဲ့ဒါ.."

"ဟုတ်တယ်.."

"အယ်..အဲ့ဒါယောက်ျားကြီးတွေပေါ့.."

သူမခမျာ အံ့သြမဆုံးဖြစ်နေဆဲနှင့်.. ၊

"ပြင်တတ်လိုက်ကြတာ ရုပ်ရှင်မင်းသမီးတွေကျနေတာပဲ..ဒါ ဒါ ယ့် သူတို့ဥစ္စာတွေကျတော့ ဘယ်လို.."

ကိုယ့်ဘာသာပဟေဠိတွေဖြစ်လာရင်း တစ်ခါတည်းရင်ဘက်ပေါ် က်သွား၏။ ပြီးတော့ ကမန်းကတန်းလက်ပြန်ချ၍.. ၊

"အဲ..ဟို.."

"ဟား ဟား ဟား.."

သူထရယ်လိုက်မှ ကနုတ်ပိုရှက်သွားကာ မျက်နှာတစ်ပြင်လုံးရဲ သွားသည်။ ထို့ပြင် ဂါဝန်မ'မ'ဘဲ လှမ်းထွက်လိုက်သဖြင့် ကိုယ့် ပြန်နှင်းမိပြီး.. ၊

"အား.."

ပစ်စလက်ခက်ဟပ်ထိုးလဲ၏။ သို့သော် သျှန့်လက်တစ်ဖက်ထဲမှာ ကိုယ်လေး နောက်ပြန်ပါသွားခဲ့ပြီး.. ၊

"အဲ့လိုဖြစ်တတ်ရင် ဂါဝန်ရှည်တွေနောက်မဝတ်နဲ့.."

"အန်တီဝယ်ပေးတာ.."

အထိတ်တလန့်ဖြစ်သွားတာတောင် ပြန်ပြောဖို့လည်း မမေ့မလျော့ သေး၏။ ထိုစဉ် ဖုန်းဝင်လာသဖြင့် ထုတ်ကြည့်လိုက်ကာ.. ၊

"ဟို ရေစပ်ကခုံမှာ ခဏသွားထိုင်နေ.."

"ဟုတ်.."

မျက်နှာလေး အနီရောင်သမ်းနေဆဲ ပြောကောင်းဆိုကောင်းဖြစ် အမြဲတမ်းနှာခံတတ်တဲ့ကလေးလေး တခ်ယောက်နှယ်။ သူမ

ထွက်သွားတာကို ကြည့်နေမိရင်း ဖုန်းကိုင်၍.. ၊

"ပြော မောင်မောင်တင်.."

"ဒေါ်မြထွတ်ဦး ဆုံးသွားပြီ.."

☎

## အခန်း(၈၈)

"ဒါလည်း သူတို့ဖုံးထားကြမှာပဲကွ..ဦးကျောက်ဆူးဆိုတဲ့ ဘိုးတော် [illegible]တွေ ယောက်ယက်ခတ်အောင် လှုပ်ရှားနေကြတယ်.."

"အင်း..ကြည့်နေလိုက်ပါ.."

"မင်းဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ..သူတို့ဘက်မှာတော့ အစိမ်း [illegible] အမှည့်ကြွေတွေဖြစ်ကုန်ပြီ၊ ငါတို့တောင် ဘာမှလုပ်ဖို့မလိုတော့ [illegible]"

"ငါအဲ့လိုကြွေစေချင်တာမဟုတ်ဘူး.."

"သိတယ်လေ..ဒါပေမယ့် တစ်ပင်လုံးပြိုင်းသွားလည်း ငါထင် [illegible] ဒေါ်မြမင်းသီရိလှုပ်မှာမဟုတ်ဘူး..မင်းတိုင်မာခေါ်ထားတာလည်း [illegible]င်ကိုက်နေပြီ.."

ကားမောင်းနေရင်း သျှန့်မျက်နှာက တည်နေသည်။ နားကျပ်က [illegible]ကြားနေရသည့် ဖြိုးခိုင်စကားတိုင်းကို ပြန်မပြောဖြစ်ဘဲ စိတ်ထဲမှာ [illegible]ကျပ်နေခြင်းအတွက် ဘယ်လိုဖြေလျှော့ရမလဲပဲ အတွေးရောက်နေခဲ့ [illegible] မိမိကိုယ်ကိုတောင် မိမိကိုယ်တိုင်အကောင်းဆုံးဖြစ်အောင် လုပ်နိုင် [illegible]ဲ့လား.. ၊

ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ ဘာလဲ..။ ထိုသူတို့ရဲ့ဂုဏ်သိက္ခာ
အရောင်အဆင်းတွေကို တစ်ဦးတစ်ယောက်တည်းက ကိုယ်သ
ချင်တဲ့အတိုင်း အရောင်ဆိုးထားလို့ရသလား.. ။ ဒီလူကျက်သ
အောင်လုပ်သည်..ဒီလူသွား။ ဟိုလူမကောင်းတာလုပ်သည်..ဟိုလူ
ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ပြတ်သားနေတာ ဂုဏ်သိက္ခာတွေလား..
တွေးတို့နှင့် မောင်းနှင်နေသည့်ကားရှေ့မှာ လူငယ်တစ်ယောက် အ
အသန့်ဖြတ်ပြေးသွား၏။ သျှန် အလန့်တကြားဘရိတ်အုပ်ပစ်လိုက်

လူလူ.. ။

သူ့ကားရှေ့နဲ့ထိလုထိခင် နီးကပ်သွားသဖြင့် လူလူဒယိမ်း
ဖြစ်သွားသည်။ ပြီးတော့ နောက်ကိုလှည့်ကြည့်လိုက်ရင်း လမ်းတ
ကို ဆက်လက်ပြေးလွှားသွားလေသည်။ သိပ်မကြာခင်မှာ အ
စိတ်သုံးဆယ်ခန့်လူနှစ်ယောက်နှင့် လူလူ့အရွယ်လူငယ်တစ်ယော
တိုက်တွေကြားထဲက ပြေးလိုက်လာကြ၏။ ပြီးတော့ လမ်းကူး
မမီနိုင်တော့သည့်အခြေအနေကို မချင့်မရဲဖြစ်သွားကြသည့်မျက်
နှင့် လက်ခါတဲ့သူခါ ဘက်ခေါက်တဲ့သူကခေါက်နှင့်.. ။

"ကျွဲ.."

သျှန် ခပ်ဖြည်းဖြည်းလိုမှ်ရင်း ရှာကြည့်မိစဉ် နီညိုရောင်က
တစ်စီး သူ့ရှေ့ကိုကျော်တက်လာပြီး ဒရောသောပါးထိုးရပ်၏။
သုံးယောက်ကလည်း ဝမ်းသာအားရခုန်ပေါက်တက်သွားကြက
ကအလျင်စလို ပြန်ခေါက်ထွက်သွား၏။ သျှန်လည်း ကားကိုပြ
၍ ထိုကားနောက်ကနေ လိုက်မောင်းရင်း.. ။

"ဟလို.."

"အုပ်စိုး..ငါ.."

"သိတယ်လေ..ပြော မင်းကောင်လေးကိစ္စလား.."

"အေး.."

"မင်းဘာဖြစ်ချင်တာလဲသျှန်..ရန်ကော်တို့ဆီက ငါအကုန်
ပြီ၊ မင်းကဆွဲချချင်တာလား..မြောက်တင်ပေးချင်တာလား၊ မင်း
မျိုးမျိုးဖြစ်နေရင်တော့ စိတ်သွားတိုင်းကိုယ်ပါမှာ မဟုတ်ဘူး
တို့ကလူလူ့အကြောင်း ကန်တင်းမှာတိုင်ဆွေးနွေးကြတာ မဟုတ်



ဒါဘာဝ ငါ့စီးပွား.."

"အိုခေ..ငါပြောတာ ခဏနားထောင်ပေး.."

"အင်း..ပြော.."

"ချာတိတ်ကို မင်းကြွေးကျေအောင် ခိုင်းနေတာလား..သူကိုယ်တိုင်ကြွေးဆပ်ဖို့ကြိုးစားနေတာလား.."

"ငါ့ဘက်က မင်းနဲ့ပြောခဲ့တဲ့အတိုင်း ကြည့်နေတုန်းပဲ..နာမည်ပျက်သွားတဲ့ ဒီလိုချာတိတ်တစ်ယောက်ကို ဂျမ်းတုံးလိုခုဖို့တောင် စိတ်မဝင်စားဘူး.."

"ရပြီ..သိပြီ၊ သူ့ဆီကကြွေးမရမချင်းတော့ မင်းသူ့ကိုချုပ်နေမှာပဲမလား..သူ့ကြွေးဘယ်လောက်ရှိနေသလဲ.."

"ဘာလဲ..မင်းပေးမလို့လား.."

ဖုန်းထဲမှာ သိန်းအုပ်စိုးရယ်သံက ရင်းနှီးခဲ့တဲ့သူငယ်ချင်းရဲ့ အငွေ့အသက်တွေအစား မကျေလည်မှုတွေနဲ့ အေးစက်နေခဲ့၏။

"မင်းနဲ့ငါသူငယ်ချင်းမို့လို့ တစ်ခါပဲငြိမယ်လို့ ငါပြောခဲ့တာမှန်တယ်..ဒါပေမယ့် မင်းပေးမယ့်ငွေကို ယူဖို့ထိလည်း ငါစည်းမဖောက်ချင်ဘူးသျှန်၊ မင်းအခု ဘာဖြစ်နေသလဲငါသိတယ်..ဒါကြောင့် ငါ့ဘက်ကဘယ်လိုမှ မလိုက်လျောနိုင်တဲ့ကိစ္စတောင် မင်းအတွက်ငါလုပ်ပေးခဲ့တာ၊ အဲ့ဒီအတွက် ငါဘာတွေရင်ဆိုင်လိုက်ရသလဲ မင်းမသိပါဘူး.."

"တွေးမိပါတယ်..ဒါပေမယ့် အခု.."

"နီး နီး..သျှန်၊ မင်းကြားဝင်နေတာ ငါမလိုချင်ဘူး..မင်းချာတိတ်ကိုလည်း ငါကွန်ထရိုလ်မလုပ်ဘူး၊ မင်းအဲ့ဒီချာတိတ်အတွက် ဘယ်လောက်အရေးကြီးနေသလဲ မသိပေမယ့် ငါတို့သူငယ်ချင်းအကန့်တွေကို ချက်စီးခံဖို့ထိတော့ ငါ့အတွက်အရေးမပါပါဘူး..သူ့ကိုငါလက်ရှောင်ထားတယ်ဆို တော်ရောပေါ့ကွာ.."

ဒါပေမယ့် အလျော်အစားကို ဒီကောင်လေးဘယ်လိုအဆုံးသတ်ရမှာလဲ.. ၊ ငါဘာဖြစ်သွားတာလဲလို့ ကိုယ့်ကိုယ်ကိုတွေးရင်း မချင့်မရဲဖြစ်မိသည်။ လူလူ ဟိုဘက်နယ်ထဲပါသွားပြီး ဘဝဆုံးသွားမှာစိုးလို့ သူကာကွယ်ပေးခဲ့ပြီးပြီ၊ ဒီလမ်းပေါ်မှာ ဒီလိုပြေးလွှားခိုးဆိုးနေတာမြင်နေရတာ ဘာဖြစ်လဲ..။ ကိုယ်ဖြစ်စေချင်တာလဲ ဒါပဲ.. ၊

ကိုယ့်စိတ်ကို ပြန်ဆန်းစစ်တော့ ဒေါ်မြပုလဲဖြူ ဆံထုံးပြေအော အရှုံးတစ်ပိုင်းပြေးလွှားနေခဲ့သည့်ပုံရိပ်တွေကို မြင်လိုက်တည်းက သူ့စိ မှာ တစ်ခုခုရှိခဲ့တာဖြစ်သည်။

"မင်းစိတ်အမျိုးမျိုးဖြစ်နေရင်တော့ စိတ်သွားတိုင်းကိုယ်ပါမှာ ဟုတ်ဘူး..."တဲ့.. ။

သိန်းအုပ်စိုးသူ့ကို ပြောသွားပြီ..။ တကယ်ပဲ အထာမကျဖြစ် သည့် သူ့စိတ်နဲ့သူ့ကိုယ်မှာ ဖောက်ပြန်လာတာ ဘာလဲ..။ ကားကိုအ မြင့်လိုက်ပြီးမှ သူဟိုကားနောက်ကို ဘာအတွက်လိုက်လာတာလဲဆို ပြန်မေးမိသည်။

ကိုယ့်ကိုယ်ကိုမသိခြင်းဖြင့် ဦးတည်နေခဲ့သော သူ့ကားသည်

☎

## အခန်း(၈၉)

"သတင်းစာထဲထည့်တာကို မပြောပါဘူး..ဒါပေမယ့် ဒီလောက် နာမည်နဲ့တကွ လေလံတင်ရပုံအလုံးစုံကို ခေါင်းစဉ်ကြီးနဲ့တွဲလွှတ် ဖို့ လိုလို့လား..ခုတလော သူတို့တွေလည်း အရှုံးမီးဝိုင်းဖြစ်နေကြ ..."

ဟာကျူလိုကိုထမင်းကျွေးချိန်ရောက်ပြီမို့ အခန်းထဲကထွက်လာခဲ့ သည့် ကနုတ့်ခြေလှမ်းတွေက ဒေါ်မြင့်မိုရ်အသံကြောင့် အိမ်ရှေ့ကိုအလို ခြေဦးလှည့်မိလျက်သားဖြစ်သွားခဲ့သည်။

"ငါတို့လည်း သူတို့ကိုဒေါသထွက်တာပဲ..တုံ့ပြန်ချင်တာပဲ၊ ဒါပေ ကိုယ်လုပ်စရာမှမလိုတော့တာ..သူတို့အကုသိုလ်သူတို့အကျိုးပေး ကို ကြည့်နေလိုက်ပါတော့လား..."

"မမရယ်..အဲ့ဒီခြံကိစ္စတွေက မမကြီးမြထွတ်ဦးမဆုံးခင်တည်းက ရင်ဆိုင်နေကြတာပါ၊ သတင်းစာထဲထည့်တာလည်း ချက်ချင်းပါ မဟုတ်တာ.."

"အောင်မယ်လေး ခုမှသိပ်ကိုနားလည်နေလိုက်တာမယ်ယမုံရယ်.. ဦးက မနေ့ကမှဆုံးတာကို ငါသိတယ်လေ၊ ဒါပေမယ့် သူတို့ဖြစ်

ပျက်ဆုံးရှုံးနေသမျှ နှင့်သားကြောင့်ချည်းပဲ ပုံချလို့ကောင်းနေမှာ..
ယောက်နဲ့တစ်ယောက် မသင့်မြတ်နေတုန်းမှာ ထမိ'မပြီး လမ်းလျှော
သွားလည်းအပြစ် တံတွေးထွေးမိတာလည်း အပြစ်ဖြစ်တာပဲ.."

"မဟုတ်ဘူးမေမေလေး..ဦးသျှန်တမင်လုပ်တာ.."

ဟင်.. ။

ကနုတ်ရောက်နေတာကို မသိကြဘဲ စကားဝင်ပြောမှ လှည့်
မိကြ၏။ ရှူးကေ့စ်ပေါ်မှာ ဒီတိုင်းတင်ထားလိုက်သည့် သတင်းစာ
ကနုတ်လက်ထဲရောက်နေခဲ့ပြီး ထိုစာမျက်နှာကို ဖတ်ထားလက်စပုံ
လက်ကြားလေးခံ၍ကိုင်ထားကာ.. ။

"လေလံတင်တဲ့အထိမဖြစ်ချင်လို့ ဖေကြီးကတောင်းပန်တယ်..
တီရော ကနုတ်ရောပဲ.."

သူမမျက်နှာလေး ပန်းနုရောင်ရင့်နေခဲ့လျက် ငိုချင်နေပုံလေး
ပေါက်နေ၏။ ဒေါသထွက်နေမှန်းလည်း သိသာနေကာ.. ။

"ကြီးကြီးလည်းဆုံးသွားပြီ..ဖေကြီးလည်း ခုလောက်ဆို ဘ
အခြေအနေဖြစ်နေပြီလဲမသိဘူး၊ ဦးသျှန်ကို ကနုတ်အရမ်းစိတ်ဆိုး

အမေနဲ့ကြီးဒေါ်ရှေ့မှာ သူတို့သားသမီးကို စိတ်ဆိုးကြောင်
နေတာ သူငယ်ချင်းတွေနဲ့ ရင်ဖွင့်နေတဲ့အတိုင်း။ ပြီးတော့ သတ
ကိုပြန်လှန်ပြီး ဖအေဖြစ်သူပုံကို စိတ်မကောင်းစွာ ငုံ့မိုးကြည့်
ပြီးတော့ မော့လာကာ.. ။

"လူကြီးတွေနဲ့သူဖြစ်ပျက်နေကြတာတွေ ကနုတ်မသိသလို
တယ်..ဘယ်သူလွန်လွန် ကိုယ့်အမှန်တရားနဲ့ကိုယ်ရှိကြတာပဲဆို
နုတ်ဖြေသိမ့်ခဲ့တာ၊ အခု ဦးသျှန်အရမ်းလွန်လာပြီ..ဖေကြီးကို ဂုဏ်
တစ်ပြားသားမှမရှိတော့အောင် သတင်းစာထဲထည့်စော်ကားလိုက်

"အဲ့ဒါကဟုတ်တော့ဟုတ်တယ်..မေလေးတို့လည်း လွန်က
တာကို လက်မခံနိုင်ဘူး၊ ဒါပေမယ့် ဒီကိစ္စမှာ.."

"မဟုတ်ဘူးမေမေလေး..ကနုတ်ကိုတော့ သူငဲ့သင့်တယ်
ဘယ်လိုဆက်ဆံဆက်ဆံ သူလက်ထပ်မှာပဲလို့ ကနုတ်ကတွက်
..အဲ့ဒါကိုပဲ မျှော်လင့်နေခဲ့တာ၊ ဖြစ်သင့်တာမို့လို့လည်း မျှော်လင့်
ဖေကြီးနဲ့ပြေလည်သွားစေချင်လို့လည်း မျှော်လင့်ခဲ့တယ်၊ ခု



င်းထဲမှာ ကနုတ့်ကိုနည်းနည်းမှ မထည့်ခဲ့တာ.."

"မဟုတ်ပါဘူးသမီးရယ်..သားက သမီးကိုသံယောဇဉ်ဖြစ်နေပါပြီ၊
ါကို.."

"ခုမှတော့ ဘာထူးတော့မှာလဲအန်တီရဲ့..ဖေကြီးကို သူအဲ့လိုလုပ်
က်ကာမှ ကနုတ်ကဘယ်လိုမျက်နှာနဲ့ သူ့ကိုကြည့်ဖြူရမှာလဲ..အား
အနေခက်ကုန်ပြီ၊ ဦးသျှန်တအားကိုလွန်တယ်.."

"ငါ့ဘက်ကတော့ ဘာမှအလွန်ကျူးလုပ်ခဲ့တာ မရှိသေးဘူး.."

"သား.."

သျှန်က ဘောင်းဘီထဲလက်တစ်ဖက်ထည့်ထားလျက် အပြင်က
အေးဆေးလှမ်းဝင်လာသည်။ ပြီးတော့ မျက်ရည်တွေလည်နေသည့်
တ်ဘေးမှာ ရပ်လိုက်ကာ.. ။

"မင်းအဖေကို ဒီ့ထက်လုပ်လို့ရတယ်..ဒီလောက်နဲ့ရပ်လိုက်တာ
ည်း မင်းနဲ့ပတ်သက်မှုရှိလာရင် အနေခက်မှာတွေ ဘာတွေကြောင့်မ
ဘူး..တာဝတီံသာအတွက်ရေးခဲ့တဲ့ ငါ့ပရိုဂရမ်မှာ ဒေါ်မြထွတ်ဦးက
မင်းအဖေထိ မိန်းတာ့ဂတ်မဟုတ်သေးဘူး၊ မင်းလည်းမပါဘူး..
က်ပါလာဖို့လည်း မရှိဘူး၊ ဘာဖြစ်လို့လဲသိလား.."

မျက်နှာကိုတည့်တည့်ကြည့်မေးတော့ ကနုတ်ကလည်း ဆတ်ခနဲ
င်းညိတ်လိုက်ပြီး.. ။

"သိတယ်..ဦးသျှန် ကနုတ်ကိုဘယ်တော့မှ လက်ထပ်ယူမှာမဟုတ်
.."

ပြောပြီး သျှန့်မျက်နှာကို စူးစူးဝါးဝါးကြည့်သည်။ နောက်ကိုခြေ
လှမ်းဆုတ်၏။ ပြီးမှ.. ။

"အရမ်းမုန်းဖို့ကောင်းတဲ့လူကြီး..ရှင့်ကိုအရမ်းမုန်းတယ်သိလား.."

"ဟိတ်.."

ကနုတ် ဖျတ်ခနဲလှည့်ပြေးတော့ သျှန်ကဖမ်းဆွဲထားလိုက်သည်။
င့်ဆွဲသလိုဖြစ်သွားသဖြင့် ဒေါ်မြင့်မိုရ်တို့ အလန့်တကြားထရပ်
မိကာ.. ။

"သား..စိတ်လိုက်မာန်ပါမလုပ်ရဘူး.."

"သားလေး.."

"မေမေတို့ဝင်မပါနဲ့..သား သူနဲ့ရှင်းမယ်.."

"အို ဘာကိုရှင်းမှာလဲ..ဘာမှမလိုဘူး၊ ကနုတ်လက်ကိုလွှတ်နေ
ဟင့်အင်း မရှင်းချင်ဘူး.."

ကနုတ် အတင်းပြန်ရုန်းရင်း ပြုတ်ကျသွားသည့် သတင်းစာကို
တိုးတိုက်နင်းမိလျက် သျှန်ဆွဲခေါ်တဲ့အတိုင်း ပါသွားခဲ့၏။

"ပြော..မင်းဘယ်လောက်သိလို့ ဘာတွေခွဲခြားဝေဖန်နေတာ
မင်းအဖေငွေချေးစံနစ်တွေနဲ့ ရောသောရှုပ်ထွေးပြီး မပိုင်ဘဲဝက်မွေး
တာ..အဲ့ဒါကိုပိုင်ရှင်အစစ်ဘက်ကနေ တရားစွဲလို့ရတယ် ထောင်ချ
နိုင်တယ်.."

"စွဲပေ့စေလေ..ချပစ်ပါစေပေါ့၊ အဲ့ဒါတွေကို ဦးသျှန်ကလုပ်နေ
ကောင်းလား.."

"ကောင်းတယ်..မင်းဘွားအေရဲ့ဂုဏ်သိက္ခာတွေကို ဇကာပေါ
ဖြစ်အောင်လုပ်ပစ်ဖို့ မင်းအဖေ မင်းအဒေါ်တွေက ငါကိုင်ထားတဲ့လ
ပစ်ဖုံးပဲ..အဲ့ဒီမိသားစုတွေမှာ ဘယ်လောက်ထိ အတွင်းလှိုက်ခြစား
သလဲဆိုတာတွေ အားလုံးသိဖို့လိုတယ်..ဂုဏ်သိက္ခာကိုအရောင်တ
ဘာတွေကိုစတေးထားသလဲဆိုတာ သူများတွေရော သူတို့ကိုယ်တိုင်
သိလာရမယ်.."

သူပြောသမျှကို မော့ငေးနေရင်း ဖိဆုပ်ထားဆဲလက်တွေကို
နုတ်ကဖယ်ချပစ်ကာ.. ၊

"ဦးသျှန်အဲ့လိုအရမ်းတော်နေရင်လည်း လုပ်ပေါ့..ဘာဖြစ်လ
နုတ်ကို လာရှင်းပြနေတာလဲ.."

သျှန့်မျက်နှာကွက်ခနဲ ပျက်၏။

"ဘယ်မှာဘာတွေခြစားနေတာလဲ ကနုတ်မသိဘူး..ဦးသျှန်
နေတာတွေကိုလည်း နားမလည်ဘူး၊ ဒါပေမယ့် ကနုတ်သိတယ
သျှန်ကရော ဘယ်လောက်တောင်ကောင်းနေလို့လဲ၊ အတ္တကြီးတယ်
သကြီးတယ်၊ လုပ်ချင်တာရှိရင် ဘယ်သူတားတားမရဘူး..ဘယ်သ
ဖြစ်နေနေ မရပ်ဘူး၊ ဦးသျှန်ကို ကနုတ်မုန်းတယ်.."

"တောက်.."

လူကိုဝေဖန်ကဲ့ရဲ့နေလို့ဖြစ်တဲ့ဒေါသလား မုန်းတယ်ပြော



ခံနိုင်တာလား..။ သျှန်ခါးထောက်ရင်း တက်ခေါက်၏။

"ကနုတ်ကို ဦးသျှန်တော်လွန်းလို့ ဖမ်းထားနိုင်တာမဟုတ်ဘူးသိ
ရဲ့လား..ကနုတ်ကိုယ်တိုင်က ငှက်တစ်ကောင်လိုထွက်ပေါက်ရှာနေတာ
မဟုတ်လို့.."

သျှန် ရှာခနဲပြန်လှည့်ကြည့်ကာ.. ၊

"အဲ့ဒီတော့.."

"ကနုတ် ဖေကြီးဆီပြန်မယ်.."

"ဘာပြောတယ်.."

ဒေါသက ဒိုင်းခနဲဆောင့်ထွက်၏။ ကနုတ်၏လက်မောင်းလေး
နစ်ဖက်ကို ဆွဲယူပြီး မျက်နှာကိုစေ့စေ့ကြည့်၍.. ၊

"ငါ့ဘက်ကဗျူဟာဆင်နေတဲ့ အတိုင်းအတာမရှိတော့ဘူးကနုတ်
ရောင်..မင်းလည်းမလိုတော့ဘူး၊ မင်းအဖေလည်း မလိုဘူး..မင်းသိက္ခာ
ကိုမင်းဂရုမစိုက်ဘူးဆိုရင်.."

"မစိုက်ဘူး..ဂုဏ်သိက္ခာတစ်ခုကိုပဲ ရှေ့တန်းတင်တော့ ဦးသျှန်ပ
ညာပေးဖို့ကြိုးစားတယ်၊ ဂရုမစိုက်ဘူးဆိုတော့ ကဲ့ရဲ့ချင်တယ်..ဘယ်လို
ဖြစ်ဖြစ် ဂရုမစိုက်တော့ဘူး၊ ဦးသျှန်လည်း ဘာမှအသုံးမလိုတော့ဘူးဆို
တော့.."

"တိတ်စမ်း.."

"သား..သားမလုပ်ရဘူး.."

"သျှန်ရေ..လက်မပါရဘူးလူလေး.."

စေ့ထားသည့်တံခါးအပြင်မှာ ဒေါ်ယမုံတို့ရောက်လာကြလျက် အ
သံတွေပေးပြီးမှ အထဲဝင်လာကြ၏။ ကိုင်ထားမိသည့်လက်တွေကို လွှတ်
လိုက်ကာ သျှန့်လက်တွေဆံပင်တွေထဲရောက်၏။ ပြီးတော့ ခါးထောက်
လိုက်ပြီး တစ်ခုခုပြောဖို့ လှည့်လာသေးသည်။ သို့သော် လူကြီးတွေဝင်
လာကြသဖြင့် ဘာမှမပြောတော့ဘဲ ခြေလှမ်းကျဲများနှင့် ထွက်ခွာသွား
၏။ မျက်ရည်တွေဝေ့နေသည့် ကနုတ့်မျက်နှာလေးက ဒေါ်ယမုံရင်
ခွင်မပခုံးလေးကို ကိုင်လိုက်မှ မျက်နှာလေးမှိုလိုက်ပြီး မျက်ရည်တွေကျ
လာကြသည်။

"ကနုတ်ကို သူနည်းနည်းလေးမှ ခေါင်းထဲမထည့်ဘူးအန်တီ..က

နတ်ကတော့ သူ့ကိုနားလည်ဖို့ ကြိုးစားလိုက်ရတာ.."

တိုင်သလိုလေးပြောပြီး ရှိုက်ငို၏။

"သမီးရယ်..သားက.."

"ကနတ် သူ့ကိုမုန်းတယ်..သူနဲ့မနေဘူး.."

## အခန်း(၉၀)

"ကျွန်တော်မယ်မယ်နဲ့တွေ့ဖို့ လာခဲ့တာ.."

မယ်မယ်နဲ့တွေ့ဖို့ဆိုသည့်သားကို စိမ်းသက်သည့်မျက်လုံးတွေက ...ဆန်ရှိုကြည့်ခြင်းဖြင့် အတန်ကြာတိတ်နေခဲ့၏။ ပြီးတော့ ဧည့်ခန်း ...တစ်လှမ်းချင်းလှမ်းလာခဲ့ရင်း.. ၊

"မင်းကို ငါ့သားအဖြစ်က စွန့်လွှတ်ထားတာသိတယ်နော်.."

ဦးမြမင်းစံမျက်လွှာချလိုက်ပြီး.. ၊

"သိပါတယ်.."

"မင်းလုပ်ငန်းအစုတ်အပြတ်တွေ လေလံတင်ခံလိုက်ရလို့ မိဘကို ...တိရလာတာလား.."

ဦးမြမင်းစံတစ်ခုခုပြောမလို့ ပါးစပ်ဟလိုက်စဉ်.. ၊

"တော်ဝင်မျိုးနွယ်စုတွေအများကြီးပဲမယ်တော်ကြီး..အပြင်မှာ ...ာက်နေကြတယ်.."

ဟင်.. ၊

ဦးကျောက်ဆူးရဲ့တပည့်တစ်ယောက် လာပြေးပြောကာ.. ၊

"သူတို့က မယ်တော်ကြီးဒီမှာရှိနေတာကို သိနေကြတာ.."

"ဘယ်သူတွေလဲ..ဘယ်လောက်များလဲ.."

"သီဂီစံအိမ်နဲ့ ချမ်းမြေ့စံအိမ်ကလူတွေကိုတော့သိပါတယ်..တခြား ကားတွေထဲကလူတွေကို မသိပါဘူး.."

"ဘာ.."

"အားလုံး ကားခြောက်စီးပါ.."

ဒေါ်မြမင်းသီရိမျက်လုံးတွေ ဦးမြမင်းစံမျက်နှာပေါ်ရောက်သွား သည်။ ပြီးတော့ အံကြိတ်လိုက်ပြီး.. ।

"မင်း..မင်းက.."

"မဟုတ်ဘူးမယ်မယ်.ကျွန်တော်တစ်ယောက်တည်းလာတာ.."

သူလာရသည့်အကြောင်းကိုတောင် မပြောရသေးမီ ပေါ်တီကို အောက်ကို ကားတစ်စီးဝင်လာ၏။ ပြီးတော့ တစ်စီးပြီးတစ်စီးရောက်လာ ကြသည့်ကားတွေက နတ်ရေကန်မှာ ပွဲတစ်ခုခုစီစဉ်ကျင်းပနေသလို တိုင်း။ ဒေါ်မြမင်းသီရိ နောက်ဆုတ်ရှောင်တိမ်းချိန်လည်းမရ။ ကြို ဖိတ်ခေါ်ဘဲ ရောက်လာကြသည့် အဖြစ်ကိုလည်း ခံပြင်းနေမိတာ..

"ဘယ်လိုအရေးကိစ္စတွေများ ဖြစ်လာကြလို့လဲ..ခြံထဲဝင်လာ အင်အားက အုတ်အော်သောင်းနင်းပါလား.."

ပြန်မောင်းမထုတ်ပေမယ့် မလိုလားခြင်းကို အပိုဆောင်း၍ ခွန်းထုတ်လိုက်၏။ ရှေ့ဆုံးကဝင်လာသည့် သီဂီဝင့်ထည်စံအိမ်နဲ့ သခင်ဦးဇော့ထည်နှင့် ဒေါ်ပိုးသီဂီတို့က တိုက်ပုံပြောင်ပြောင် ပုဝါ လွှင့်နှင့် ဒေါ်မြမင်းသီရိရဲ့မေးခွန်းကြောင့် နည်းနည်းမှတွန့်ဆုတ် ခဲ့ဘဲ.. ।

"အဲ့ဒါကို ငါတို့ကမေးရမှာမဟုတ်ဘူးလားသီရိ.."

"ငါတို့လူစုလူဝေးနဲ့လာတာက ကျော်မြတ်ခေါင်တို့အိမ်မှာ စုဝေးမိကြတာ..အဲ့ဒီကနေ သတင်းအပြည့်အစုံသိရလို့ ချက်ချင်း လာကြတာ၊ လူစုဖို့မလိုတော့ဘူးပေါ့.."

"နတ်ရေကန်ကို လူစုပြီးလာရဖို့ အကြောင်းလည်းမရှိပါဘူး ကလည်း သူများအိမ်ကို မဖိတ်ဘဲမသွားဘူး.."

"မှန်သပေါ့သီရိရယ်.."

ဒေါ်ပိုးသီဂီက တလွှားလွှားဝေ့ပါလာသည့်ပဝါစကိုသိမ်း



မှာ အကျအနတင်လိုက်ရင်း.. ।

"မဖိတ်ပေမယ့် ထိုင်ရဦးမယ်.."

ဟုဆို၍ ညှို့ခန်းကြီးထဲဝင်သွားလျှင် နောက်ကလူစုလူဝေးက လည်း အကုန်လိုက်ဝင်ကာ ဆိုဖာမလောက်သဖြင့် ဒီတိုင်းလက်ပိုက်ရပ် သူတို့ကလည်း ခပ်တင်းတင်း။ ဒေါ်မြမင်းသီရိမာနကြောင့် ရင်ထဲမှာ ဆစ်ဆစ်ကိုက်ခဲနေသလိုပင်။ သို့သော် ခဏမျှသိပ်၍ စူးစိုက်ကြည့်နေ ကြသည်။

"အခု ဘာတွေလျှို့ဝှက်ထားဖို့ရှိသေးလဲသီရိရေ..ညည်းတို့မိသား စု ကျော်မကောင်းကြားမကောင်းအေ.."

ဒေါ်မြမင်းသီရိမျက်နှာ ညိုခနဲမှောင်တက်သွားသည်။ အာဏာ ဖြင့် မွှေလိုက်ပြီကိုသိကာ.. ।

"ကိုယ့်မိသားစုနဲ့ကိုယ့်အတွင်းရေး လျှို့ဝှက်ထားတာလည်းရှိမယ်.. ပြောတာတည်းရှိရင်ရှိမယ်၊ အဲ့ဒါကိုအိမ်ပေါ်တက်ပြီး လက်တို့မေးရ အောင် မသီဂီတို့က ယဉ်ကျေးမှုမဲ့လူရျေလား.."

"အေး..သီဂီဖြစ်ဖြစ် ငါတို့အကုန်လုံးဖြစ်ဖြစ် ယဉ်ကျေးမှုမဲ့နေပြီ ပေါ့၊ ကိုယ့်မိသားစုတွေကို ခလုတ်တိုက်လည်းမောင်းထုတ်..ဖား တိုက်တာလည်း အမွေဖြတ်၊ အခု အချုပ်ထဲမှာဆုံးသွားတဲ့ ကိုယ့် ရင်းကြီးကိုတောင် ထောင်ကသဂြိုလ်ဖို့ လွှဲလိုက်တယ်ဆိုတာ ဘယ်လိုမအေမျိုးလဲသီရိ.."

"အချုပ်ကျသွားတဲ့လူကို သိက္ခာကျမှာစိုးပြီး သွားမတွေ့တော့ရော သိက္ခာတွေ အဖက်တင်နေမှာမို့လို့လား..ခိုးဆိုးလုယက်နေတဲ့မြေးကို ပြီး စွန့်ပစ်လိုက်တော့ရော အဲ့ဒီမြေးအပြင်မှာ ဖြစ်ချင်တိုင်းဖြစ် နင့်မှာဂုဏ်သိက္ခာတွေ ရှိသွားလား..လူဆိုးသူခိုးရဲ့အဘွားဆို ပျောက်သွားမှာလား.."

"အဲ့ဒါတွေပြောမနေနဲ့တော့..ခြံထဲမှာမတော်တဆ ကားညပ်သေ မြေးတစ်ယောက်လုံးကို ကားနဲ့ရောပြီး တောင်ပေါ်ကနေ က်သေလို တွန်းချပစ်တာ ဘယ်လိုလူမဆန်တဲ့စိတ်ဓာတ်တွေ ကြည့်.."

တို့တွေက အဆက်အဆံမရှိကြပေမယ့် သာရေးနာရေးဆို၀တ္တ

ရားမပျက်သွားလာကြတယ်..သားရေးသမီးရေး မြန်းဖို့ရှိလာရင် တိုင်
ပင်ကြတယ် နှာခံကြတယ်၊ နင်ကတော့ မာနတွေကြီးပြီး ဘယ်ဆွေမျိုး
မှ အဖက်မလုပ်..အရာမသွင်းဘူး၊ ပြဿနာတွေဆက်တိုက်ဖြစ်နေတာ
ကို ဖျောက်ဖျက်ဖို့ကြိုးစားနေတယ်..."

"တော်တော်ကိုရက်စက်တောက်ခါးတဲ့ လုပ်ရပ်ကြီးပဲဗျာ.."

အနွယ်တူလူကြီးပိုင်းတွေကချည်း တစ်ယောက်တစ်ခွန်း ဝင်ပြော
ကြကာ ငယ်သူတွေက မျက်နှာတွေတင်းနေကြ၏။

"အဲ့ဒါတွေ မိုးထိစံအိမ်က ခလောက်ဆန်နေတာကျတော့ နင်
မပြောကြဘူးလား.."

အသားတုန်အသံတုန်နှင့် ပြန်မေးလိုက်တော့ အားလုံးကခေါင်း
တွေခါကြလျက်.. ။

"ငါတို့သိတာတော့ အကုန်လုံးနင့်ဆုံးဖြတ်ချက်တွေပဲ..မြတ်ပန်း
သဇင်က အာဏာသျှန်ကို စိတ်ဝင်စားနေတယ်၊ အာဏာသျှန်က က
ရောင်ကို ခိုးပြေးထားတယ်..အဲ့ဒါလည်း နင်မာနတွေမကြီးဘဲ အဲ့
လေးတွေကို ထိမ်းမြားပေးလိုက်ရင် မြတ်ပန်းသဇင်လည်း မျှော်လ
မှာ မဟုတ်တော့ဘူး..."

"အာဏာသျှန်က ငါ့အိမ်က'ကျွန်'မသား..နည်းနည်းပါးပါး
ချင်းစာပြီး ပြော.."

"အဲ့ဒါက နင်တို့လုပ်ခဲ့တာပဲလေ..အကုန်လုံး ငါတို့သိပြီး
ကိုယ့်ရှူးကိုယ်ပတ်တယ်ဆိုတာ အဲ့ဒါပဲ..ဘာပဲဖြစ်ဖြစ် ဖြစ်လာရင်
ကိုယ်မတတ်နိုင်ရင် ဖြစ်သလိုရင်ဆိုင်ရမှာပဲ..နင်တို့က ကိုယ့်လ
ဘယ်လောက်ဆိုးရွားသလဲဆိုတာကိုလည်း ဖော်သေးတယ်၊ အဲ့ဒီ
မှုကိုပဲ တောက်လျှောက်ထမ်းပိုးသွားတယ်.."

"ပြောစရာရှိတာ ပြောလိုက်တော့ ခတ္တာနွယ်..ငါတို့ကလည်း
ရှင်မကြည်ဖြူဘဲထိုင်နေရတာ ကျောယားလွန်းလို့ပါ.."

"တော်ဝင်မျိုးပဲဖြစ်ဖြစ် ရှင်ဘုရင်ပဲဖြစ်ဖြစ် အမှားကင်းတဲ့လူ
မရှိဘူး..မိသားစုဆိုတာ မျှဝေခံစားခြင်းပဲ၊ နင့်မှာတော့ မေတ္တာစိတ်
ပါးလောက်အောင် အတ္တတွေကြီးလွန်းနေတယ်..ကိုယ်မွေးထား
သမီးမြေးမြစ်လေးတွေကို နင်မို့ရက်ရက်စက်စက်သီရိရယ်၊ နင့်



ငါတို့တော်ဝင်မျိုးတွေ အရှက်ရတယ်..ဒီလူတွေမာန်တက်နေကြတယ်၊
စိတ်ပျောက်နေကြတယ်ဆိုတဲ့ အပြောတွေနဲ့ အထင်သေးခံရမယ်..
အဲ့ဒါကြောင့် ခုကစပြီး တာဝတီံသာမိသားစုကို တော်ဝင်မျိုးနွယ်စုဝင်အ
ဖြစ်ကနေ ကျင်မယ်.."

ဒေါ်မြမင်းသီရိ ဆတ်ခနဲဖြစ်သွားသည်။

"ငါတို့အားလုံး ဆုံးဖြတ်ပြီးမှကြေညာတာပဲ..နောက်ဆိုရင် နင်တို့
ဘာလုပ်လုပ် ဘာတွေဖြစ်နေနေ ငါတို့နဲ့မဆိုင်တော့ဘူး.."

"မှားပြီးချရေးမိရင်တောင် အဲ့ဒီနာမည်ကို နို့နဲ့ဆေးပြီး နံ့သာရည်
လောင်းချပစ်မယ်.."

"တာဝတီံသာပဲမဟုတ်ဘူး..ဒေါ်မြမင်းသီရိရဲ့သွေးသားမှန်သမျှ
ဆင်းနွယ်မျိုးဆက်အကုန်လုံးကို တော်ဝင်မျိုးနွယ်အဖြစ်ကနေ ထုတ်နုတ်
ပယ်ကျဉ်မယ်..ဒီနေ့ အဲ့ဒါလာပြောတာ.."

"ကိုယ့်ဘာသာ ကိုယ်တိုင်တည်ဆောက်ထားတဲ့ ပုလ္လင်ပေါ်ထိုင်
ပြီး ကိုယ့်ဘာသာတော်ဝင်မျိုးလို့ သတ်မှတ်နေရင်တော့ ရတယ်..ခင်ဗျား
တို့ကိုတည်းက တွင်းအောင်းသတ္တဝါပဲ.."

"ဟော့..တိတ်စမ်း.."

ဒေါ်မြမင်းသီရိ အားလုံးရဲ့ရှေ့ကို တောင့်မတ်စွာလာရပ်လိုက်ပြီး
ဘာကိုတောင် မမြဲနိုင်။ ပခုံးနှစ်ဖက်မှာ အမြဲတမ်းဟန်ကျပန်ကျလွှား
ထားတတ်သည့် ရွှေခြည်ထိုးတဘက်ကို လည်ပင်းကနေဖြစ်သလို
ဆွဲ၍ နောက်ကိုလွှဲပို့လိုက်ပြီး.. ။

"ကိုယ့်ထက်သက်ကြီးဝါကြီးတွေမို့ ကျွန်မမရိုင်းချင်ဘူး.."

"ဩော်..ဒါကြောင့် ခွေးမောင်းသလို မောင်းလိုက်တာလား.."

"ပြောတဲ့စကားတွေကိုလည်း ပြန်ကြည့်လ..တာဝတီံသာမြမင်းသီ
ရိ သတ္တဝါတစ်ကောင်လို့ လာပြောရဲတာ ဘယ်လိုသတ္တိတွေနဲ့လဲ.."

ဒေါ်မြမင်းသီရိ စိန်ခေါ်ပြီဖြစ်သည်။ တစ်ယောက်တစ်ခွန်းပြော
ကြသည့် ဆွေမျိုးစုအကြီးအကဲတွေ မျက်နှာတွေပျက်ကုန်ကြ၏။ ဒီ
ကိစ္စ ရှင်းလင်းကြမည့်အရေးအတွက် ဆွေမျိုးစုအကြီးအကဲတချို့ကို
ခေါ်ခဲ့သည်။ ဒါက တော်ဝင်မျိုးနွယ်တို့၏ ထုံးတမ်းစဉ်လာပဲဖြစ်ကာ
အကြီးအကဲတွေရဲ့စကားကို အလေးထားရသည်။ မိမိလိုလားသည်ဖြစ်

စေ မလိုလားသည်ဖြစ်စေ အကြီးအကဲတွေက ဆုံးဖြတ်တာကို နာခံ ရသည်။ ဦးနေမင်းသစ်နဲ့ဒေါ်ယမုံခင်တို့အကြောင်းပါခဲ့ကြတာလည်း ဒေါ်မြမင်းသီရိတို့ဘက်က မလွန်ဆန်နိုင်သည့် အကြောင်းကြောင်း ကြောင့်ပဲဖြစ်ရာ.. ။

"နင်တို့ဘက်က ငါ့အိမ်ပေါ်တက်ပြီး ကြေညာလိုက်ပြီဆို ငါကလည်း ခုတစ်ခါတည်းပြောလိုက်မယ်..တော်ဝင်မျိုးနွယ်ဆိုတဲ့ ပုဒ်လေးဆောင်ပြီး အိမ်ကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်နေတဲ့ က တချို့သောအစုတ်အပြတ်ဆွေမျိုးတွေရော ဟန်ကြီးပန်ကြီးပြော နေသေးတဲ့ ဆွေမျိုးစုတွေကိုရော ဒေါ်မြမင်းသီရိက ဘယ်ဆွေမျိုးမှ မစိုက်ဘူးဆိုတာ မှတ်သွား.."

အကုန်လုံးကို လက်ညှိုးထိုးပြီး နတ်သမီးစက်ကွင်းလို ရဲရင့် သားစွာရေရွတ်၏။ ဒီလိုစော်ကားသည့်စကားတွေနဲ့ ပြန်တုံ့ပြန်လာ မထင်ခဲ့ကြသဖြင့် အားလုံးအံ့အားသင့်နေကြလျက်.. ။

"နင်တို့နဲ့ငါနဲ့ ဘာမှမသက်ဆိုင်တော့တဲ့အတွက် ခုချက်ချင်း အိမ်ပေါ်ကဆင်းကြ..ခုချက်ချင်းနော်.."

ဒေါ်မြမင်းသီရိက သတိပေးရင်း တဆက်တည်းအပြင်ကို ကြည့်ကာ.. ။

"ကျောက်ဆူးတို့လူစု လာကြစမ်း...ငါ့အိမ်ပေါ်ရောက်နေတဲ့ မရှိတဲ့အခွံတွေ အလေအလွင့်တွေကို အကုန်လုံးဆွဲချ၊ အမှိုက်လိုလဲ ပြီးရင် ခြံတံခါးပိတ်..နောက်ကို အလှူခံ သူတောင်းစားကအစ တောင် လာမရပ်စေနဲ့..မြမင်းသီရိက အဆင့်ချင်းတူရင် ဆရာခေါ် မယ်၊ မတူဘဲနဲ့တော့ လာမတုနဲ့.."

ဒေါ်သနှင့်မာနသည် တရားလွတ်စကားတို့ကို တလစပ်ပြော စေခဲ့လျက်.. ။

"ဆွေမျိုးဆိုတာ ဂုဏ်ရှိန်မြင့်မှ ကိုယ့်အတွက် အသရေတင့် ကိုယ့်လောက်မှ အဆင့်မရှိတဲ့ဟာတွေက ဖယ်မယ်ကျဉ်မယ်ဆိုတာ ..ငါရယ်ချလိုက်ရင် ကမ္ဘာကြီးဟက်တက်ကွဲသွားလိမ့်မယ်၊ သွား.. ငါ့အိမ်ရိပ်တောင် လာမနင်းကြနဲ့.."

ဒေါ်မြမင်းသီရိရဲ့စကားသံတွေက ပွဲတင်ထပ်လောက်အောင်



ယ်လောင်နေသည်။ ပြောနေရင်း စကားလုံးတို့က ကြမ်းတမ်းလာ၏။ ကယ်တော့ ဆွေမျိုးတို့၏ ဖယ်ကျဉ်ခံရခြင်းအတွက် ရင်နဲ့မဆံ့အောင် ရှုပြိုကွဲနေရကာ ဒီအဖြစ်ကြောင့်ပဲ သွေးပျက်ရခြင်းဖြစ်၏။ လူတွေ အော်ဟစ်မောင်းထုတ်နေခဲ့သည့် ဒေါ်မြမင်းသီရိသည် အားလုံးမရှိ တော့သည့်အခါ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ဆိုဖာပေါ်ယိမ်းယိုင်ပြို လေသည်။ သို့သော် အံကြိတ်တက်ခေါက်နေဆဲဖြစ်လျက်.. ။

သင်းတို့လို အစုတ်အပြတ်တွေကို ငါကစပြီးဖြတ်တောက်စွန့် ခဲ့ရမှာ..သူတို့ဦးသွားတာ ဘာလို့ခံလိုက်ရတာလဲ.. ။

အထိန်းအချုပ်မဲ့သော ဒေါသတို့သည်.. ။

## အခန်း(၉၁)

"မင်းဒေါသထွက်နေတယ်မို့လား..အဲ့ဒါအချစ်ပဲ.."

ဒီစကားကိုကြားရတိုင်း သူစိတ်မချမ်းမြေ့တာကို ကိုယ့်ကိုယ် သိနေသည်။ ကနုတ်ကိုသူချစ်နေမိသည်။ ဒါပေမယ့် ချစ်လို့မဖြစ်

"အချစ်နဲ့ငါမပတ်သက်ချင်ဘူး.."

"မင်းမှအပြောကောင်းတယ်သျှန်..ဘယ်သူကရော အချစ်နဲ့ သက်ဖို့ ကြိုးစားနေတာရှိလို့လဲ၊ ဒါပေမယ့် အချစ်ဆိုတာ အနားသ တဲ့ နယ်နိမိတ်ကြီးတစ်ခုပဲကွ..အချစ်နဲ့ပတ်သက်မိနေပြီလား၊ အ တဲ့နယ်နိမိတ်ထဲ ခြေကျွံနေပြီလား..ကိုယ့်ကိုယ်ကိုမသိလိုက်ဘဲ အ ပတ်သက်မိသွားကြတာ.."

ဆရာကြီးလိုရယ်နေသည့် ကျော်ခိုင့်အသံက ဖုန်းထဲကနေ ကြီးဝင်လာနေသည်။ ဒါပေမယ့် ဒါကိုနားမခါးနိုင်ဘဲဖြစ်နေခြင်းသ

"ဒါပေမယ့် အချစ်ရဲ့နယ်နိမိတ်က ငါတို့နင်းလျှောက်ဖူးတဲ့ မြေလိုတော့ မဟုတ်ဘူးကွ..နွံနစ်နေလို့ ကယ်မယ့်သူရောက်လာ သက်ရှင်နိုင်တယ်၊ အချစ်က နွံထက်အားပြင်းတယ်..သူများက လည်းမရဘူး၊ ဒီနွံထဲမှာနစ်နေတာပျော်ပါတယ်ဆိုရင်လည်း မင်း



ိုင်း နစ်လို့မရဘူး.."

"တော်ပြီ..ကယ်ပါ ယူပါလည်းမအော်ဘူး၊ ဘယ်နွံမှလည်း မနစ် ူး..ဖုန်းချလိုက်တော့ အိမ်ရောက်ပြီ.."

ဖုန်းကိုအိတ်ထဲထည့်လိုက်ပြီး လှေကားအတိုင်းတက်လာခဲ့သည်။ ော်ပုပြန်သူငယ်ချင်းဆီက မျက်နှာပုပုနဲ့ဆွဲလာခဲ့သည့် ငိုခိုင်းရယ်ခိုင်း ရသော တစ်ထောင်လောက်ရှည်သည့် ဘိုမရုပ်လေးဖြစ်သည်။ မျက် ောင်ကော့ကော့မှာ နှာတံလုံးလုံးလေးက ကနုတ်နဲ့အတော်တူကာ မြင် ်တည်းက သူမကိုသတိရပြီး သူငယ်ချင်းစနောက်နေတဲ့ကြားက ယူလာခဲ့တာဖြစ်၏။ မနေ့က သူမကိုစိတ်ညစ်အောင် ပြောဆိုထားခဲ့ ဖြင့် ပြေရာပြေကြောင်းဖြစ်သွားဖို့ကို ရည်ရွယ်၍.. ၊

"သား..သားကိုခုပဲ မမေဖုန်းဆက်တော့မလို့.."

"ကျွန်တော်လည်းခဏနေပြီး ပြန်ထွက်ရဦးမှာ..ဒါလေးက ကနုတ် မေမေပဲပေးပေးနော်၊ သူငယ်ချင်းတစ်ယောက်ဆီက လက်ဆောင်ရ တာ.."

ဒေါ်ယမုံခင်အံ့သြသလိုဖြစ်သွားကာ အရုပ်မနဲ့သျှန့်ကိုတစ်လှည့် ည့်နေပြီး ယောင်နနလှမ်းယူသည်။

"သား.."

"မနေ့ကျွန်တော်နဲ့ရန်ဖြစ်ထားလို့..ဘာပဲဖြစ်ဖြစ် မိဘနဲ့ပတ်သက် တော့ စိတ်မကောင်းလို့ပါ.."

ဘာမှမမေးရသေးဘဲ ပြောပြနေတော့ ပို၍အံ့သြရင်း စိတ်မကောင်း ဖြစ်သွားမိကာ.. ၊

"သားကတော်တော်များပြောလိုက်ဆိုလိုက်တာလားသားရယ်..သ းကခုလို တစ်ခါမှထင်သလို သွားလာခဲ့တာမဟုတ်ဘူး.."

အထဲဝင်သည့် သျှန့်ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ ပြီးတော့ ချက် န်လှည့်ကြည့်၏။ ဒေါ်ယမုံခင်က စိုးရိမ်နေသည့်မျက်ဝန်းတို့ဖြင့်၊

"ကနုတ်ထွက်သွားပြီသား..မေမေနေ့လည်စာစားဖို့ခေါ်တော့ မေ က် ပြင်ပေးသေးတယ်၊ ဒါပေမယ့် သူမစားဘူး..ပြီးတော့ မေမေ ်ရင်း အိပ်ပျော်သွားတာ၊ နိုးလာတော့ မရှိတော့ဘူး.."

"မေမေလေးဆီများ ရောက်နေလို့လား.."

"မမက မေမေ့ကိုအသိမပေးဘဲ မခေါ်ဘူး..ပြီးတော့ မေမေ ဆက်မေးပြီးပြီ၊ ဟိုကိုရောက်မလာဘူးတဲ့..အဝတ်အစားတွေဘာ လည်း ယူမသွားဘူး၊ သူ့ကိုပေးထားတဲ့မုန့်ဖိုးလေးတွေတောင် ပိုက် အိတ်ထဲမှာ ဒီအတိုင်းပဲ.."

သျှန့်မျက်နှာ တင်းမာသွားသည်။ ပြီးတော့ ဘာမှမပြောတော ငြိမ်ကျသွား၏။

"တစ်ခုခုလုပ်ပါဦးသားရယ်..ကနုတ်က ဖင့်လိုလည်လည် ဝယ်မဟုတ်ဘူး.."

"သူလည်တာမလည်တာ ကျွန်တော့်ကိစ္စမဟုတ်တော့ဘူးမေ မနေချင်လို့သွားတဲ့သူကို ဘာဖြစ်လို့လိုက်ဖမ်းရမှာလဲ၊ ကျွန်တော့် အစဉ်တွေထဲမှာလည်း သူထွက်သွားခြင်းမသွားခြင်းအတွက် ဘာ ပြောင်းလဲသွားဖို့ မရှိဘူး.."

"သား.."

"တော်ပါတော့မေမေ..ကနုတ်ရောင်က ကျွန်တော်တို့မိသား ဟုတ်ပါဘူး၊ ကျွန်တော့်ပြဿနာအတွက် သူ့ကိုခေါ်လာခဲ့တယ်.. ပြဿနာနဲ့သူပြန်သွားတယ်၊ ရှိနေရင်ရှိတယ်မှတ် မရှိရင်မရှိတော့ ဒါပဲ.."

သူ့ခြေလှမ်းတွေ ကြမ်းပေါ်မှာလမ်းလျှောက်နေတာလား..၊ ပေါ်မှာ ကြွတက်လွင့်ပါနေတာလားမသိ.. ၊

"ဦးသျှန်လည်း အတ္တကြီးတာပဲ..ကိုယ်လုပ်ချင်တာဆို ဘ ဘယ်လိုတားတား ပြီးအောင်လုပ်တယ်.."

"ဦးသျှန်ကိုမုန်းတယ်.."

"ကနုတ်ဖေကြီးဆီပြန်မယ်"တဲ့.. ၊

မင်းက အဲ့လိုအချိုးချိုးပြတာလားကနုတ်ရောင်.. ၊

"တောက်.."

ဒေါသသည် ဘယ်လိုထိန်းချုပ်လို့မှ မရခဲ့ဘဲ အပြစ်မဲ့ရပ်တ သည့် တီဗီဆီပြင်းထန်စွာ ရောက်သွားခဲ့ပြီး.. ၊

"ဒုန်း.."

"ခွမ်း..ချလွမ်.."



ရိုက်ချပစ်လိုက်သည့်တီဗီသည် နီးစပ်ထိဆက်သမျှ ပစ္စည်းတို့ကို ဆွဲချသွားခဲ့လျက် ကွဲရှပေါက်ကွဲသံတွေ ပွက်လောရိုက်သွားလေ သည်။ ဒီတိုင်းရပ်ကျန်ခဲ့သည့် ဒေါယမုံခင်'ဟင်'ခနဲဖြစ်သွားကာ နှုတ် မ်းတွေပွင့်ဟလျက် တော်တော်နဲ့ပြန်မစေ့နိုင်.. ၊

'ရှိရင်ရှိတယ်..မရှိရင်မရှိဘူး ဒါပဲ'လို့ ပြောသွားခဲ့ပြီး.. ၊

## အခန်း(၄၂)

"ကနုတ်မရှိမှအေးမှာ.."

ဒေါ်မြမင်းသီရိ၏စကားသံက တိတ်ဆိတ်ခြင်းကို ထွင်း... ထွက်လာခဲ့၏။ ဒေါ်မြပုလဲဖြူနဲ့ဦးမြမင်းစံ မျက်လုံးချင်းဆုံသွား... ပြီးတော့ ဒေါ်မြပုလဲဖြူက မိခင်ဘက်လှည့်ကာ.. ၊

"ဘာလို့အပြစ်တွေ တစ်ခုပြီးတစ်ခုလုပ်နေမှာလဲမယ်မယ်... ကို ယူသွားပြီး ကျွန်ဓာတ်သွင်းထားနိုင်တာကို သင်းကဂုဏ်ယူ... အဲ့ဒါကစပြီး' သူနိုင်ပြီထင်နေတာ..အဲ့ဒါတွေအကုန်လုံး အမှန်တ... ဖွင့်ပြောလိုက်တာနဲ့ အာဏာသျှန်သွက်သွက်ခါရှူးသွားလိမ့်မယ်... ရထားတာ တာဝတိံသာသွေးမဟုတ်ဘူး..ကျွန်ပဲဆိုတာ.."

"မလတ်ဘယ်လိုပြောလိုက်တာလဲ.."

"ငါပြောချင်တာပြောမယ်..နင်ဝင်မပြောနဲ့.."

မောင်နှမစကားများခြင်းကို ဘယ်တုန်းကမှ ခွင့်မလွှတ်ခဲ့... စည်းကမ်းတွေကို ဒေါ်မြမင်းသီရိမေ့နေခဲ့၏။ မောင်နှမနှစ်ယော... စူးစိုက်ကြည့်နေလျက်နှင့် မမြင်သကဲ့သို့ စိတ်ကပျံလွင့်နေခဲ့ပြီ...

"ကနုတ်ကို ဒီတိုင်းထားလို့မဖြစ်ဘူး.."



ဒါကိုပဲထပ်ပြောလျှင်.. ၊

"အဲ့ဒါကြောင့် ပုလဲပြောတာမယ်မယ်..ဘယ်ဆွေမျိုးမှလည်း ဂရု...တ်ဖို့မလိုတော့ဘူး၊ ဘာအတွက်ညာနေဦးမှာလဲ..ကနုတ်က ပုလဲတို့...ွေးမှမဟုတ်တာ.."

"ကျွန်တော်တို့သွေးမဟုတ်ပေမယ့် သူ့အမေကအခိုင်းအစေမဟုတ်...လတ်..ရွာလူကြီးတစ်ယောက်ရဲ့ဇနီး၊ ဒုက္ခသည်အဖြစ် ကျွန်တော်...သက်ထဲရောက်လာတဲ့ မိခင်တစ်ယောက်ကမွေးခဲ့တာ..သူ့မှာမိဘရှိ...ယ်၊ အခြေအနေရှိတယ်.."

"ဘာပဲဖြစ်ဖြစ် သူစိမ်းခေါ်လာရင် တာဝတိံသာမှာခိုင်းဖို့ပဲ..အဲ့ဒီ...ာင်မလေး တော်ဝင်မျိုးနွယ်လိုလို ထင်ယောင်ထင်မှားနေခွင့်ရခဲ့တာ...ကြောင့်၊ မိယမုံတို့သားအမိကြောင့် ပေတေလေလွင့်ပြီး မိဘကိုဆန္ဒ...ာင်းလို့ နင့်စိတ်ပြေပျောက်အောင် နင်တောင်းတဲ့အတိုင်း ကနုတ်...ျေးစားခွင့်ပြုခဲ့ရတာ.."

အတိတ်တစ်ချိန်တုန်းကအဖြစ်တွေဟာ ပြဓာတ်ဆန်ခဲ့တာလည်းရှိ...ည်၊ ပဥ္စလက်ဆန်ဆန်တွေဖြစ်ပျက်ပြောင်းလဲခဲ့တာလည်း ရှိခဲ့၏။ ...ရွှေမှုန်၏ မိခင်တစ်ယောက်သဖွယ် ယုယကြင်နာမှုတွေက ငယ်ရွယ်...သည့်ကလေးတစ်ယောက်ရင်ထဲကို ထဲထဲဝင်ဝင်ရောက်ရှိခဲ့သည်။ ...င်သခင်တို့၏ သားထွေးလေးကို မချီမပွေ့ဖူးခဲ့သော်ငြား တစ်ခါတ... တွေ့ဆုံကြုံကြိုက်သည့် အခိုက်အတန့်တို့မှာ နို့ချိုတိုက်ကျွေးခဲ့ဖူး...ည်၊ ချိုပိုးချော့မြူပေးခဲ့သည်။ ကလေးကခိုးလာတတ်သလို အထိး...ကြီးပြင်းရသည့်ကလေးတွေရဲ့ဘဝကို နားလည်နေသည့် ဒေါ်ရွှေမှုန် ... ကလေးနဲ့အတူဆော့ပေးသည်။

ကလေးစိတ်ချမ်းသာဖို့အရေးအတွက် အရှင်သခင်တွေရိုက်နှက်အ...တာကို ခံရတာတောင် ကလေးမျက်နှာလေးမြင်တာနဲ့ ပြုံးပြရှာ...၊ ဦးမြမင်းစံ ဘယ်လိုမှမမေ့နိုင်ခဲ့ပေ။ သူသည် ဒေါ်ရွှေမှုန်ကို အ...တ်မှန်းသိပေမယ့် အမေလိုတွယ်တာခဲ့သည်။ ကိုယ့်အိမ်ကကျေး...မယ့် ကျေးကျွန်လို့ဘယ်တုန်းကမှ မမြင်ခဲ့ပေ။ ငယ်စဉ်တည်းက...ခဲ့ဘာ ဒေါ်ရွှေမှုန်ဟာသူ့ရဲ့နို့တိုက်မိခင်။ တစ်ခါတလေသာ စို့...ခဲ့ဖူးပေမယ့် သူသိတတ်သည့်အရွယ်မှာ မြင်နေရသည့် ဒေါ်ရွှေ

မှုန်၏အပြုံးသည် သူမရဲ့ရင်ခွင်မှာ နှိုးရှိုးစိုးသောက်ရသည့်အချိန်တို့
ကိုယ့်ကိုငုံ့မိုးကြည့်နေတတ်သည့်မျက်နှာပဲလို့ အတိအကျခံစားမိ
သည်။

ပြီးတော့ ကိုယ့်ကြောင့်ပါးနားအရိုက်ခံရသည့် ဒေါ်ရွှေမှုန်၏
ကျင်သံတွေ သူရောက်သွားတိုင်း 'မလာပါနဲ့သားရယ်'လို့ ဘယ်
မှ မတားဆီးခဲ့သည့် မျက်ဝန်းတွေ။ အရာအားလုံးဟာ အတိတ်မှာ
မယ့် သူ့ရင်ထဲမှာ ဒီပုံရိပ်တွေပေါ်လာတိုင်း အတိတ် ပစ္စုပ္ပန်ဆိုတာ
ဘဲ အမြဲတမ်းသွေးဆူပွက်နေခဲ့၏။ ထို့ကြောင့် ယမုံခင်ကိုမောင်နှမ
လို့ပဲ သူသတ်မှတ်သည်။ ကျေးကျွန်လို ဘယ်တုန်းကမှ မဆက်ဆံ
သလို သူရသမျှအခွင့်အရေးကို ယမုံခင်လည်းရဖို့ ရပ်တည်ခဲ့သ
ထိုအကြောင်းတရားတို့သည်ကား.. ।

"ငါတို့မိသားစုမှာ နင်ကစုန်းပြူးပဲမောင်မောင်..မယ်မယ့်စိတ်
မယ့်စည်းကမ်းအတိုင်း ငါတို့အေးချမ်းခဲ့တယ်၊ နင့်ကိုအလိုလိုက်ပြီး
နတ့်ကိုမွေးစားခွင့်ပေးခဲ့ရတယ်.."

"အဲ့ဒီအတွက် မလတ်တို့မှာ ဘာတာဝန်ရှိခဲ့လို့လဲ..ကျွန်တော့်
အတွက်ကျွန်တော် ဘာအခွင့်အရေးမှ မတောင်းဘူး၊ ဒီစံအိမ်ထဲမှာ
နေရာလက်တစ်ဝါးမယူခဲ့ဘူး.."

"ဟုတ်ပါတယ်..ငါတို့ကပဲ နေပါစေပါပြောခဲ့ရတာပါ၊ ဒါ
နင်ကတော့ အခွင့်အရေးတွေရတိုင်း အားမရနိုင်ခဲ့ဘဲ မယ်မယ်မ
တာတွေချည်း နင်လုပ်ခဲ့တာ.."

မိဘက ဒါလုပ်ပါဆို မလုပ်။ ဒါမလုပ်နဲ့ဆို ဖွတ်တိုးသည်၊
စိတ်ထဲမှာ ဒီစံအိမ်ကသွေးမဟုတ်သည့် သူ့သမီးအတွက် ခိုင်ခိုင်မ
ရပ်တည်နိုင်ဖို့အတွက် အရေးကြီး။ ဒီသမီးကို အကြောင်းအမျိုးမျိုး
ခေါ်ထုတ်ဖို့ ကြိုးစားသည်။ မယ်မယ်ခွင့်မပြုတော့ ပြန်လှန်ခံပြော
တွေဖြစ်ကြ အချင်းများကြ.. ।

"မင်းကျမှ မိဘကိုပြန်လှန်မေးခွန်းထုတ်တဲ့ဝါဒတွေဖြစ်လာ
အားလုံးက ဒီကောင်မလေးကိုမွေးစားလိုက်လို့ ဖြစ်လာရတဲ့အကျိုး
တွေချည်းပဲ၊ မယ်မယ် နင့်ကိုဘယ်လောက်ထိဦးစားပေးခဲ့သလဲ
ငါတို့သမီးတွေတောင် ကနုတ်ကိုသွေးသားမဟုတ်မှန်း မသိအောင်



မိမ်းပေးခဲ့ကြတာ.."

ပြောနေရင်း ဒေါ်မြမင်းသီရိဘက်ကိုလှည့်၍.. ।

"အခု အားလုံးပြီးသွားပြီပဲမယ်မယ်..အာဏာသျှန် ဟာခနဲဖြစ်ပြီး
အချက်တည်း သွေးတက်သွားအောင် နင်ခိုးယူသွားတာ ရတနာထုပ်
ဟုတ်ဘူးဟဲ့..အဲ့ဒါချေးထုပ်၊ ငါ့အိမ်က'ကျွန်'မလို့ပြောပြီး အားလုံးသိ
အောင် ကြေညာပစ်လိုက်မယ်.."

"မဖြစ်ဘူး.."

ဒေါ်မြပုလဲဖြူမျက်နှာမဲ့သွားသည်။ ကနုတ်အကြောင်းပါလာတိုင်း
'မဖြစ်ဘူး'ဆိုသည့် စကားပဲပြောလာသဖြင့် စိတ်ပျက်မိ၏။

"ဘာကိုမဖြစ်တာလဲမယ်မယ်..မယ်မယ့်သားကို မယ်မယ်စုထိ.."

"မိဘကိုမေးလားကြောင်းလားလုပ်မလာနဲ့သမီးငယ်..ညည်းတို့
ပြောချင်တိုင်းပြောခွင့်ရနေတာ ငါ့ခေါင်းမအေးနိုင်ဖြစ်နေလို့၊ ငါငုတ်
တုတ်ရှိနေသရွေ့ ငါပြောတာကိုနားထောင်..ပြောတဲ့အတိုင်းလုပ်ဒါပဲ၊
အဒေကမတက်နဲ့.."

ခံစားရတာတွေကို ဘယ်မှာသွားပစ်ထားရမလဲ..။ မယ်မယ့်အမိန့်
ကျ မပြောင်းလဲသေးပေမယ့် ဘဝတွေပြောင်းလဲသွားခဲ့တာ ပဋလက်
ခန်လွန်းပါသည်။ တံချူကိုင်ပြီးရိုက်ချပစ်တာ မဟုတ်သော်ငြား အပင်
မှာတ အသီးတွေကြွေစေဖို့ အာဏာသျှန်ဘယ်လိုကိုင်လှုပ်ခဲ့သလဲ..။
ဘယ်သူမှမတွေးမိနိုင်သည့် ရိုးစင်းသောအောက်တန်းကျခြင်းဖြင့် မိသား
ကြားမှာ ဗိုင်းရပ်စ်ထည့်ခဲ့သည်။ ထိစပ်ပတ်သက်မှုရှိသမျှ ကူးစက်ခံစား
ရသည့်ရောဂါသည် မိသားစုတွေပြိုကွဲပျက်စီးရုံမက သေတဲ့လူတွေ
တည်း သေခဲ့ကြပြီး..

"လူဘုံအလယ်မှာ သူပြောခဲ့တယ်..အားလုံးရှေ့မှာအာဏာသျှန်ဆို
မျိုးမစစ်ကောင် ငါ့ကိုပြောသွားတာ.."

ဒေါ်မြမင်းသီရိရဲ့စကားသံက နာကျည်းချက်တို့ဖြင့် အေးစက်နေ
လျက်.. ।

"ဒီတစ်ခါလည်း ကျွန်တစ်ယောက်ကို ကံစမ်းမဲဖောက်ပြန်ပြီလား
.."

"ဟုတ်တယ်လေ..အဲ့ဒီကျွန်ကို သူပဲဆွဲခေါ်သွားတာ၊ အခုဖွင့်ပြော

လိုက်ရင် မပြီးဘူးလား.."

"ဘာဖြစ်လို့အတင်းကြီး ကျွန်ဇာတ်သွင်းနေတာလဲမလတ်..ကျွ တော့်သမီးက ကျွန်မျိုးလည်းမဟုတ်ဘူး၊ ဒီမှာလည်း ကျွန်လိုနေခဲ့ မဟုတ်ဘူး..ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကြည့်ဦးလေ.."

"မကြည့်နိုင်ဘူး..ကြည့်ပေးခဲ့မိတာတွေတောင် မိုင်းနက်စိစ်ခံပြီး ထုတ်ယူချင်သေးတယ်.."

ဒေါ်မြပုလဲဖြူမျက်လုံးတွေမှာ အရင်တုန်းက သည်းသည်းလှု ခဲ့ရသည့် မောင်ငယ်လေးတစ်ယောက်ဆိုတာတွေ ပျောက်ဆုံးနေခဲ့

"ခွေးရှင်ကမှ ခွေးရူးကိုမရိုက်ရက် မသတ်ရက်ဖြစ်နေရင် ရိုက် သတ်ရက်တဲ့သူကဝင်ပြီး ဇာတ်သိမ်းပေးရမှာပဲ.."

အစ်မဖြစ်သူမျက်လုံးတွေကိုကြည့်ရင်း အခြေအနေကို ဦးမြ နားလည်သွားသည်။ ကျိုးကျလာသည့်တာတမံကို လက်ခုပ်နဲ့ခံထား ဖို့လည်း မကြိုးစားချင်တော့ပေ။ သမီးလေးဘဝမှန်ကိုသိသွားရင် အ ဏာသျှန်တို့ ဘယ်လိုတွေဖြစ်ကုန်မလဲ..။ နေမင်းသစ်တောင် ဒီလော ကြာရှည်အောင်ပေါင်းသင်းလာခဲ့တဲ့ ဇနီးသည်ကို ချက်ချင်းမောင်း ပစ်ခဲ့တာ..အာဏာသျှန်ဆို ဘာလုပ်မလဲ.. ၊

ရင်ထဲမှာ တဖျင်းဖျင်းပူလောင်လာသည်။ ဒီမိန်းကလေးက ဝတီသာက ကျေးကျွန်ပါလို့ မလတ်ကြေညာလိုက်တာနဲ့ မဟုတ် လို့ သူရှင်းပြဖို့အခွင့်အရေးလည်း တစ်ခါတည်းဆုံးရှုံးသွားလိမ့် ဒီလိုဆို ငါ့သမီးလေး ဘာဖြစ်သွားမလဲ..။ သမီးနဲ့လက်ထပ်ဖြစ်ဖို့ စားခဲ့မိသည့်သူ့ကို အာဏာသျှန်ဘာပြောမလဲ.. ၊

ရင်ထဲမှာ မောကျပ်ကျပ်ကြီးဖြစ်လာသည်။ ချက်ချင်းထပြန် ချင်ပေမယ့် အသက်မှန်မှန်ရှူရင်း ခဏထိုင်နေခဲ့ရ၏။

"ဒေါ်ပိုးသီဂီကြီးတို့ ပြောသွားကြတာ အရမ်းရှက်ဖို့ကောင်း မယ်မယ်..အဲ့ဒါတွေ အာဏာသျှန်ကြုံလိမ့်မှာ၊ ဒီကောင်ကို တစ်ခ မလုပ်ရရင် သမီးသေသွားနိုင်တယ်သိလား.."

"ဟုတ်တယ်..ရှက်ဖို့ကောင်းတယ်၊ ဒါပေမယ့် ငါအမွေဖြတ် တဲ့သားတောင် ငါ့သားရှေ့ရောက်နေသေးတယ်..ဆွေခန်းမျိုးခန်းပြ လို့ပြောသွားတိုင်း ဘာမှမသက်ဆိုင်တော့တာမဟုတ်ဘူး၊ တာဝ



ဘာလုပ်နေသလဲ..ဘာတွေဖြစ်နေသလဲဆိုတာ အမြဲတမ်းနားစွင့်နေလိမ့် မယ်၊ ပြောစရာရှိလာရင် မတန်တဆပြောကြလိမ့်မယ်.."

"အဲ့ဒီတော့လည်း.."

"ဂရုစိုက်ဖို့ပြောနေတာ မဟုတ်ဘူး..ညည်းတို့အသိလေး တစ်ထွာ ခံမိုက်နဲ့ မိဘကိုမိကျောင်းမင်းရေခင်းမပြနဲ့၊ အာဏာသျှန်ပြောသွား အတိုင်း တကယ်ဖြစ်နေပြီဆိုတာ ငါမလိုချင်ဘူး..ဖြစ်လည်းမဖြစ်ရ ..."

ဒေါ်မြမင်းသီရိရဲ့အယူအဆအပေါ် စိတ်တိုင်းမကျပေမယ့် အတင်း ကြီးအတိုက်အခံပြောဝံ့ခြင်းလည်းမရှိဘဲ ဒေါ်မြပုလဲဖြူလိပ်ခဲ့တည်း ည်းနှင့် ငြိမ်နေခဲ့ရ၏။

"ဆွေမျိုးတွေရှေ့မှာ ငါကသမီးအစား 'ကျွန်'နဲ့အစားထိုးပြီး ဆွေ မျိုးတွေကို ကျွန်ဇာတ်သွင်းဖို့ကြိုးစားခဲ့တယ်လို့ ဒီကောင်ရန်တိုက်ပေး သွားခဲ့တာ..ငါ့ပြဿနာငါဖြေရှင်းခဲ့တဲ့ကိစ္စကို အားလုံးနဲ့ရန်တိုက်ပြီး အ တ်ထုတ်သွားတာ.."

"ဟုတ်တယ်လေ..ဆွေမျိုးတွေကရော ဘာကောင်းလို့လဲ၊ အခု မုန်း နကြမှတော့.."

"သူတို့နဲ့ချစ်ရခြင်း မုန်းရခြင်းက အရေးမကြီးပေမယ့် ကိုယ့်လုပ် က ကိုယ့်ဂုဏ်သိက္ခာပဲ..ပြဿနာဖြစ်တုန်းက ငါမဖြေရှင်းခဲ့ပေမယ့် ကျွန်ပါလို့ကြေညာလိုက်ရင် မြမင်းသီရိဘာဖြစ်သွားမလဲ.."

ဒီအချက်ကမှန်သွားသဖြင့် စိတ်လိုက်မာန်ပါပြောမိသည့် ဒေါ်မြပု ဖြူ မျက်လွှာချသွားသည်။

"မင်္ဂလာပွဲတုန်းက 'ကျွန်'ပြဿနာတွေပါ အစကနေ ပြန်ပေါ်ပြီး သက်လုံးခေါင်းမော့ စီးကျောလာခဲ့တဲ့ ငါ့ဂုဏ်သိက္ခာတွေ ရေစုန်မော သွားမယ်.."

"ဒါပေမယ့် မယ်မယ်.."

"မြမင်းသီရိဆိုတာ မမှန်တာမပြောဘူး..ပြောသလိုလုပ်တယ်၊ ငါ ချင်တာဒါပဲ..အာဏာသျှန့်ကို ဘယ်လိုတဲ့ပြန်နိုင်တဲ့နိုင်ကွက်ဖြစ်မှ ာနတ်ရောင်က ငါ့သွေးမဟုတ်ဘူးဆိုတဲ့အဖြစ်ကို ငါဘယ်တော့မှ ဖော်ပြောမှာ မဟုတ်ဘူး.."

"ဆွေမျိုးတွေရဲ့အထင်သေးမခံနိုင်တာတွေ ဂုဏ်သိက္ခာဆိုတာ တော်ပါတော့ မယ်မယ်..သမီးတို့ရန်သူကို တည့်တည့်ပဲရင်ဆိုင်ရ ပါ၊ အခု အာဏာသျှန့်ကိုနိုင်ဖို့လိုတယ်..သမီးတို့ရန်သူက အာ သျှန်.."

"ရန်သူဖြစ်တိုင်း တုတ်ဆွဲဓားဆွဲ ထွက်လို့မရဘူး.."

ဒေါ်သသံက ကျယ်လောင်လာသည်။

"ကျောချမှ ဓားပြမှန်းသိမနေနဲ့ပုလဲဖြူ..အာဏာသျှန်ဆိုတာ မှမဟုတ်တဲ့ ကျွန်ယုတ်တစ်ကောင်ပဲ၊ ဒါပေမယ့် ညည်းတို့သားသ မနိုင်လို့ အတွင်းစည်းပေါက်ခဲ့တာ..ဒါကြောင့် သူများကထင်သလို ကစားသွားတာ၊ ဒီတိုင်းထိုင်ဆဲနေတဲ့လူကို ဓားနဲ့ပြေးခုတ်ပြီး လူ ဖြစ်ခံမလား.."

"ဖြစ်သွားစမ်းပါစေ အာဏာသျှန်ကိုမသတ်ရရင်သာ သမီး ကိုယ်ကို သတ်သေမိမှာ.."

"သတ်ရမယ်..ဒါပေမယ့် အာဏာသျှန့်ကိုမဟုတ်ဘူး.."

ဦးမြမင်းစံနေရာမှ ထရပ်လိုက်သည်။ သူတို့တွေတိုင်းပင်နီ နေကြသမျှ သူဆန္ဒလည်းမပါ။ စိတ်လည်းမဝင်စားတော့ပေ။ အချေ စွန့်လွှတ်ပြီးမှ မျက်စိရှေ့ရောက်လာသည်လို့ ပြောလိုက်သည့် မယ် စကားကြောင့် ပြန်တော့ဖို့ပြင်ရင်း နောက်ထပ်ဘယ်တော့မှ မလာ ဖို့ပါ ဆုံးဖြတ်လိုက်သည်။ သို့သော်.. ၊

"ဒီလိုသတ္တဝါကိုသတ်ပြီး ထောင်ထဲဝင်ဖို့မလိုဘူးပုလဲဖြူ..သူ ပြသွားတဲ့အတိုင်း အသာလေးလုပ်ရုံပဲ.."

ဒေါ်မြမင်းသီရိရဲ့အေးစက်စက် နာကျည်းသောအကြည့်တစ် သည် တိတ်ဆိတ်စွာထွက်ခွာဖို့ပြင်နေသော သားဖြစ်သူထံ စူးနိ ရောက်သွားခဲ့ပြီး.. ၊

"ငါ့သွေးသားတွေကိုတောင် စွန့်လွှတ်ရပြီးမှ ကနုတ်ရောင် မို့လို့လဲ.."

ပြတ်သားသည့်စကားသံတို့သည် ရာဇသံတစ်ရပ်လိုပြင်းထန် လျက်.. ၊

"ကနုတ်ကိုသတ်ပစ်ရမယ်.."



ပြတ်သားခက်ထန်သည့်စကားကြောင့် ဦးမြမင်းစံတုံ့ခနဲဖြစ်သွား သည်။ မယုံနိုင်ခြင်း ထိတ်လန့်ခြင်းတို့ဖြင့် ကမန်းကတန်းလှည့်ကြည့် မိလျှင် ဒေါ်မြမင်းသီရိသည် သူ့ကိုအနည်းငယ်မျှ ဂရုမစိုက်ဘဲ..၊

"ကျောက်ဆူးကိုခေါ်လိုက်စမ်း..ဟေ့.."

ခေါ်လိုက်စမ်းဆိုသော်လည်း ကျယ်လောင်သည့်သူမအသံကြောင့် ဝေးမှာရှိနေတတ်သည့် ဦးကျောက်ဆူးက လာနေပြီဖြစ်ကာ.. ၊

"အမိန့်ရှိပါမယ်တော်ကြီး.."

"ကနုတ်ရောင်ကို သတ်ပစ်လိုက်.."

ဦးကျောက်ဆူး တအံ့တဩမော့ကြည့်သည်။

"ဒီဟာလေးကို ဘယ်လိုနေရာက ဘယ်လိုကောက်ယူမွေးခဲ့တယ် တာ နင်တို့အားလုံးသိတယ်..ငါကိုယ်တိုင် သားသမီးအတွက်ပျော့ည့် ခံအိမ်မှာမတန်မရာ ဘုံမြောက်တင်စားခဲ့တာ၊ အဲ့ဒါတွေက ငါ့အိပ် ဆိုးပဲ..သင်းကိုသတ်ပြီး အာဏာသျှန်က ရန်ငြိုးဖွဲ့သတ်သလို သေ ကွက်ချစီစဉ်.."

"ဟုတ်ကဲ့.."

"မယ်မယ်..ဘယ်လိုပြောလိုက်တာလဲမယ်မယ်၊ ကနုတ်ကကျွန် တို့သွေးသားမဟုတ်ပေမယ့် မယ်မယ်ကိုယ်တိုင် သင်ပြထိန်း င်းခဲ့တဲ့ကလေးပါ..ကလေးမှာဘာအပြစ်ရှိလို့လဲ.."

ဦးမြမင်းစံ ခြေမကိုင်မိလက်မကိုင်မိ ရောက်လာပေမယ့် ဒေါ်မြ ရီက လှည့်လည်းမကြည့် ဂရုလည်းမစိုက်.. ၊

"ပြီးရင် အာဏာသျှန်က ထောင်ထဲဝင်ရမယ်..ကနုတ်ရောင်ကို ကျွန်လို့အထင်ခံရလို့ အသတ်ခံခဲ့ရတဲ့ သနားစရာမြေဇာပင်ဖြစ် နောက်ဆုံးမှာ 'ကျွန်'ဆိုတဲ့မုန်းစွဲကြောင့် အာဏာသျှန်အငြိုးကြီးပြီး တာတွေပဲ ဖြစ်သွားလိမ့်မယ်..ငါဆုံးရှုံးရသမျှ ပြန်မရရင်တောင် ကွာတော့ အဖက်တင်ရမယ်.."

ကြားလိုက်ရသည့်စကားတွေကြောင့် ကနုတ်ကိုယ်လေးနံရံမှာကပ် းတိုက်တရွေ့ရွေ့ပြန်ဆုတ်သွားခဲ့သည်။

ကြီးဆီ နင်မသွားနဲ့တော့ကနုတ်ရောင်..နင်ကဖေကြီးသမီးမ ...တာဝတီသာစံအိမ်ရဲ့ မျိုးဆက်သွေးလည်းမဟုတ်ဘူး..သူတို့

ကသာ ကျွန်ပြုခဲ့ရင် နင်လည်းအန်တီယမုံခင့်လိုဘဝရောက်နေမှာ

အံ့သြမပြေနိုင်ပေမယ့် မျက်ရည်က သစ္စာကြီးစွာပြည့်တက် သည်။ နံရံမှာ ကျောနဲ့ကပ်မှီထားတာတောင် ဒူးတွေကညွတ်ချင် သည်။ ဒီကနေထွက်ပြေးရမယ်လို့ အသိရှိနေသည့်တိုင် စိတ်နဲ့လူ ကပ်ချင်။ ဖေကြီးကိုရှာရင်း နတ်ရေကန်ထဲကို မရဲတရဲဝင်လာခဲ့မိသ ဘွားရဲ့ဒေါသသံကြောင့် ချောင်ကပ်နားစွင့်နေမိရင်း ဘွားပြောသ သူမအကုန်အစင် ကြားခဲ့ရပြီ.. ။

နင်ပြေးရမယ်..မသေချင်ရင် အမြန်ပြေးတော့.. ။

အသိစိတ်ကပ်မိသည့်အချိန်မှာပဲ သူမရဲ့ခြေထောက်တွေက တီကိုလှေကားစွန်းကိုကျော်၍.. ။

"အား.."

"ဒုန်း..ဒုန်း.."

လူသည် ပန်းစင်အစွန်းနဲ့ရိုက်ကာ အောက်ကပန်းအိုးတွေ အထွေးလိုက်ပြုကျလေသည်။ သူမကြောက်လန့်စိတ်နှင့် ကမန်းက ပြန်ကျုံးထလိုက်သည်။ အိမ်ထဲကပြေးထွက်လာကြသည့်အရိပ် မျက်ဝန်းထောင့်မှာ မြင်လိုက်တာနှင့် လှည့်မကြည့်စတမ်း တချိ ပြေးခဲ့၏။

"ဟိုမှာ ကနတ်ရောင်.."

ဦးကျောက်ဆူး၏အသံနက်ကြီး.. ။

"လိုက်..တစ်ခါတည်းသတ်ပြီး တစ်ခါတည်းပြီးအောင်လုပ် ဒေါ်မြမင်းသီရိ၏ ကြောက်မက်ဖွယ်အမိန့်သံ.. ။

"သမီး.."

ဦးမြမင်းစံ ကတုန်ကယင်ခေါ်ရင်း.. ။

"မယ်မယ်..မယ်မယ် ကျွန်တော့်ကလေးကို ချမ်းသာပေး လေးကအပြစ်မရှိပါဘူး.."

ကနတ်ပြေးထွက်လာခဲ့ရင်း မပီမပြင်ကြားခဲ့ရသည့်အ ကြောင့် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကျလာကြသည်။ သူ အောင်ပြေးရမည်။ ကိုယ့်အသက်ရှင်သန်ခွင့်အတွက် ပြေးနိုင်သ မည်။ ဒါပေမယ့် ဘယ်ကိုပြေးရမည်ဆိုတာမသိ.. ။



'ကျွန်'ဆိုသည့်အရာကို အသေအကြေမုန်းတီးသည့် အာဏာသျှန်.. 'ကျွန်'ဖြစ်နေခြင်းကြောင့် မိသားစုပြိုကွဲခံပြီး ဓနီးနဲ့သားကို စွန့် ခဲ့သည့် ဦးနေမင်းသစ်.. ။

ထိုသူတို့၏မျက်နှာတွေကို မြင်ယောင်ကာ ပြေးနေသည့်ခြေလှမ်း ကြာ ဦးတည်ချက်မဲ့နေခဲ့လျက်.. ။

☎

## အခန်း(၉၃)

ကားမောင်းနေရင်း ဟိုဒီလှျောက်ကြည့်နေမိသည့် ကိုယ့်မျ
င်တွေကိုပဲ အပြစ်ပေးချင်နေမိသည်။ လမ်းပေါ်မှာတွေ့လိုတွေ့ငြားလို
ရအောင် မသွားမလာတတ်လို့ လူကွဲလမ်းပျောက်သွားတာလည်း
ကိုယ့်ကိုမုန်း၍ စွန့်ခွာပြေးတဲ့မိန်းကလေး.. ၊

သူမအပေါ်မှာ တာဝတိံသာကြောင့် ရိုက်ခတ်ခဲ့တဲ့ ကိုယ့်
တွေရှိခဲ့သည်။ ဒါပေမယ့် မုန်းခဲ့တာမဟုတ်။ သူမကတော့ မျိုးသိပ်
စုပြုံပို့ချနေခဲ့ပြီး အလစ်ငိုက်ကျမှ မုန်းပါတယ်လို့ပြောသွားခဲ့သည်။
လုပ်ရက်တယ်လို့ပြောရမလား..မနေချင်သွားပေါ့လို့ ဖြေရမလား
ကယ်တော့ သူ့ဘက်က ဘာမှပြောခွင့်မရှိပါ။ မပြီးဆုံးသေး
တာဝတိံသာကျဆုံးခန်းအတွက် သူမကိုလိုအပ်သည်ဖြစ်စေ မ
တော့ဘူးဖြစ်စေ ဘယ်လိုအကြောင်းပြချက်နဲ့မှ ပြန်လည်ဖမ်းယူ
ကူးလည်းမရှိတော့ပေ.. ၊

ထို့ပြင် မင်းကိုလွမ်းနေပါသည် ပြန်လာပါလို့ တမ်းချင်း
လည်း သူဘယ်တော့မှ ပြန်ခေါ်မှာမဟုတ်ပေ။ ကိုယ်မပြတ်သား
ကို မင်းကပြတ်ပြတ်သားသားဆုံးဖြတ်သွားတာ ကျေးဇူးတင်တ



ရောင်..မင်းနဲ့ငါက ဘယ်တော့မှ နီးစပ်ခွင့်မရှိတဲ့သူတွေပဲ.. ၊

ကားမောင်းနေရင်း ကျော်ခိုင့်ဆီကနေ ဖုန်းလာတော့ ဖွင့်လိုက်
၊

"အင်း..ပြော.."

"မင်း အခုဘယ်မှာလဲသျှန်.."

"ကားမောင်းနေတယ်.."

"ဟား..မေးလိုက်ရင် ကားပေါ်မှာချည်းပဲ၊ ဒီလောက်လေနေတာ
င် ဂရုမစိုက်ဘူးအော်နေသေးတယ်..ကျွတ်.."

ကျော်ခိုင့်ထံမှ စိတ်ပျက်ခြင်းမျိုးစုံ သံစုံမြည်သွားသည်။

"မင်းဆီတစ်ယောက်ယောက် ဖုန်းမဆက်ဘူးလား.."

"ဆက်စရာဘာအကြောင်းရှိလို့လဲ.."

"ရှိတာပေါ့ကွ..တာဝတိံသာကိစ္စမှာ ကနုတ်ကမိန်းပဲ၊ အနည်းဆုံး
င်းစံကတော့ သူ့သမီးသူပြန်ရသွားရင် မင်းကိုမက်ဆေ့ချ်တစ်ခုခု
..အစတည်းက သူကဒီအတွက်မင်းကို သည်းခံနေခဲ့တာ၊ ကနုတ်
ည်း သူ့အဖေဆီပြန်မှာပဲ.."

"အဲ့ဒီအကြောင်းတွေပြောဖို့ စိတ်မပါဘူးဖြစ်နေတယ်ကျော်ခိုင်..
ကိုရှာစရာ ဘာအကြောင်းမှမရှိဘူး၊ မင်းတို့လည်း အဲ့ဒါကိုခေါင်း
ထုတ်လိုက်တော့.."

"ဟ..နေဦးသျှန်၊ မင်းအထဲတစ်မျိုး အပြင်တစ်မျိုးတွေ ရုပ်ရှင်ရိုက်
ဟော့ကောင်..ကနုတ်က သူတို့နဲ့ဘာမှမဆိုင်ဘဲ ဒီကိစ္စထဲပါလာ
ပြီးတော့ တာဝတိံသာကလည်း ပြန်လိုချင်နေတာမဟုတ်ဘူး..
လေးတစ်ယောက်အတွက် မကောင်းဘူး.."

"သူ့ကိုယ်သူကောင်းမကောင်းတောင် မစဉ်းစားဘဲနဲ့.."

"သူကမင်းထက် အသက်ငယ်တယ်..ပြီးတော့ မိန်းကလေးကွ၊
သလိုနေလိုက်ရင် ငါကယောကျ်ားလေးအရှုံးမရှိဘူးဆိုတဲ့အ
ပေါက်သွားလိမ့်မယ်..စိတ်ဝင်စားတာမစားတာထား၊ ယောကျ်ား
စိတ်ရှိရင် မင်းရှာကိုရှာရမှာ.."

"ကိုယ်ငါ ယောကျ်ားပီသလှချေရဲ့လို့ တစ်ခါမှမတွေးဘူး..ရှာ
ရာဘူး၊ မင်းဒါပဲလား.."

"ဟာ..သျှန့်.."

သူဖုန်းချပစ်လိုက်သည်။ မိုးချုပ်တော့မှာကို သတိရကာ မျှော်နေမှာကို တွေးလိုက်မိ၏။ မေမေလည်း ကျော်ခိုင်တို့လိုပဲ သူ လေပြီး တစ်နေကုန်ထွက်နေသည်လို့ထင်မှာ သေချာ၏။ ကျော်ခိုင် ရှာဖွေသင့်ကြောင်း အကြံညာဏ်ဥပမာတွေ ထွက်လာတော့မှာတော့ ချင်သည်ရှိရာ အိမ်ပြန်တော့ဖို့ စိတ်ကူးလိုက်စဉ် ဦးမြမင်းစံ၏ ဖုန် လာ၏။

သူကိုင်လိုက်ရမလား..မကိုင်ဘဲနေချင်သည့်စိတ်က မာနကို ပေးသွား၏။ သူမရဲ့ဥပေက္ခာကို မခံနိုင်သည့်ပြယုဂ်တွေ သူ့ဘက် ပြသင့်သလား..။ လူယုတ်မာဖြစ်ချင်ဖြစ်ပါစေ ကိုယ်ဂရုမစိုက် ပိုပိုသာသာပြောပေးလိုက်ဖို့ ဆုံးဖြတ်၍.. ၊

"ဟလို.."

အခန်း(၉၄)

"တွေ့လား.."

"မတွေ့ဘူးဆရာ..ဒီဘက်ထိရောက်မလာသေးတာ သေချာတယ်၊ နော်တော်တို့သေချာပိတ်ထားပြီး ကြည့်နေကြတာ.."

ဦးကျော်ဆွေ စဉ်းစားလိုက်ရင်း ကားပေါ်ကနေလိုက်ကြည့်နေ မထူးမှန်းသိလာသည်။

"အေး..ပိပိရိရိရှိပေ့စေ၊ မိုးချုပ်တော့မှာဆိုတော့ ငါတို့အချိန်ကောင်း

တစ်ဖက်ကိုညွှန်ကြားပြီးတာနှင့် ဒရိုင်ဘာကို နောက်ပြန်လှည့်ခိုင်း ကာ.. ၊

"ငါ့ကို ဘုရင့်နောင်တံတားမရောက်ခင် ချထားပြီး ငါတို့နဲ့မဝေးတဲ့ ကနေ လိုက်ခဲ့..စောထွန်းနဲ့ဗလ အိမ်ရာဝင်းနားမှာပဲ လှုခွဲနေခဲ့ကြ.."

ကနုတ်ကားငှားပြေးမှာမဟုတ်ဘူးဆိုတာ စိတ်ကခံစားမိနေသည်။ တော့ ဖုန်းကျန်ခဲ့သည့်အတွက် တစ်ယောက်ယောက်ထံ အကူအညီ ရှိနေရင်တောင် လမ်းဘေးဖုန်းနဲ့ပြောဖို့ ကြိုးစားလိမ့်မည်။ ဒါပေ PCOဖုန်းတွေဆိုတာလည်း နေရာတိုင်းမှာ မရှိကြသည်

ဖြစ်ရာ.. ၊

"ကိုမြင့်မော်..ဝင်းစိုးတို့ကို နတ်ရေကန်လမ်းကြောင်းမှာပဲ၊ ပိတ် ထားဖို့ပြောလိုက်ဦး..တစ်ထပ်ချင်းပိတ်ထားလိုက်.."

ခြေလှမ်းကျဲကြီးများလှမ်းရင်း တစ်နေရာစီ ခိုင်းစေညွှန်ကြားရင်း အာဏာသျှန်နဲ့ကနတ်ရောင်တို့ အဆင်ပြေနေကြမလား..လို့တွေးလိုက် မိ၏။ ဒါဆို ကနတ်ရောင်နတ်ရေကန်ကို ဘာလို့ရောက်လာတာလဲ တွေးမိတော့ သူတို့အဆင်မပြေကြဘူးလို့ပဲ အဖြေထွက်လာသည်။ သူ အဆင်ပြေကြသည် မပြေကြဘူး သူမနတ်ရေကန်ကို တစ်ယောက်တည် ခိုးထွက်လာသည်။ တစ်ယောက်ယောက်ကိုပြောခဲ့ပြီးမှ ရောက်လာ သည်။ ဒီအဖြစ်တွေထဲမှာ အဖြစ်မှန်ကဘာလဲ.. ၊

ဖြစ်နိုင်ချေတွေထဲမှာဖြစ်နိုင်တာတွေချည်း ဖြစ်နေခဲ့လျှင် ကျောက်ဆူး ကနတ်ရဲ့ဖုန်းလေးကို ထုတ်ကြည့်လိုက်၏။ ပန်းအိုး ကြားထဲမှာ တစ်ထွာသာသာပိုက်ဆံအိတ်ပြားပြားလေးနဲ့ဖုန်းကို တစ် စီကောက်ရခဲ့သည်။ အိတ်ထဲမှာ အားလုံးပေါင်းမှ ပိုက်ဆံလေးသော နှစ်ထောင်ပဲပါသည်။ call logကိုဖွင့်ကြည့်လိုက်တော့ ခေါ်ထား ထားသမျှသည် ဟိုအရင်နေ့စွဲများနှင့် တာဝတိံသာကဖုန်းတွေချည်း ကာ ဖုန်းစိမ်းရယ်လို့ နှစ်ခုသုံးခုသာရှိ၏။ contactsထဲမှာ ဦးသျှန် မှတ်ထားသည့်နံပါတ်တစ်ခုကိုတွေ့လိုက်ကာ ဦးကျောက်ဆူးခပ်မိန့်မိန့် ပြုံး၏။ ပြီးတော့ မက်ဆေ့ချ်ရိုက်ထည့်လိုက်သည်။

ဒွေးတော် ကနတ်ကိုကယ်ပါဦး

အာဏာသျှန် သူ့လူတွေနဲ့ ကနတ်ကိုလိုက်သတ်နေပြီ

ခေါ်မြပုလဲဖြူထံပို့လိုက်ပြီး အာဏာသျှန့်မျက်နှာကို မြင်ယော သွားသည်။ ဒီမက်ဆေ့ချ်တစ်ကြောင်းဟာ အာဏာသျှန့်ကို လူသတ် ရားခံဖြစ်စေဖို့ အဓိကသက်သေဖြစ်၏။ ကနတ်ရောင် ဘယ်လော ပြေးနိုင်မလဲ.. ၊

နတ်ရေကန်စံအိမ်ဆီ ဦးတည်မောင်းနှင်နေသည့် အာဏာသျှ လက်တွေက စတီယာရင်ပေါ်မှာ တင်းကျပ်ဖိကပ်နေ၏။ ပြီးတော့ အ မလိုအားမရ ထုချပစ်ရင်း.. ၊

"သွားကြကွာ..ဘာလုပ်နေတာလဲ.."



"တီ..တီ.."

ဖြတ်ကားတွေကို တစ်မေ့တစ်မောစောင့်ပေးနေသည့် ရှေ့ကကား တွေကို ဒေါသထွက်ကာ ဟွန်းတွေစွတ်တီးပစ်လိုက်သည်။ ကနတ်အ တွက် စိတ်ပူနေခြင်းသည် ကားပေါ်ကနေ ဒီတိုင်းဆင်းပြေးချင်တဲ့အထိ ဆောက်ယက်ခတ်နေခဲ့၏။

"ငါ့သမီးလေးကိုကယ်ပေးပါအာဏာသျှန်..သမီးလေးက တာဝတိံ သာက မျိုးဆက်မဟုတ်ပါဘူး၊ ငါ့ရဲ့မွေးစားသမီးလေးပါ..မင်းရင်ထဲမှာ ဘယ်လိုအာဃာတတွေပဲရှိနေနေ အသက်တစ်ချောင်းကို ကယ်တင်ပေး တဲ့မျိုးနဲ့ကယ်ပေးပါ၊ ငါ့သမီး အသက်ရှင်သွားရင် ငါမင်းဆီမှာ တစ် သက်လုံးကျွန်ခံပါ့မယ်.."

ဦးမြမင်းစံ ဖုန်းဆက်ပြောခဲ့သည်။ အရေးကြီးနေသည့်မောဟိုက် သံတွေ ငိုသံတွေနဲ့ ဗလုံးဗထွေးဖြစ်နေသည်။

"မင်းကိုဒုက္ခပေးဖို့အတွက် ငါ့သမီးကို သူတို့လိုက်သတ်နေကြပြီ.. သည်စိတ်ပျောက်ကုန်ကြပြီ"

"တီ.."

ပြောခဲ့သည့်စကားတွေကို တွေးနေရင်း ကားကိုဟွန်းတီးပြီး အ ခင်းဝိုက်တက်ပစ်လိုက်သည်။

"တီ.."

"တီ..တီ.."

ပွတ်ကပ်ရမ်းခါကျန်ရစ်သည့်ကားတို့ထံမှ ဟွန်းသံတွေဆူညံသွား သည်။ သျှန်တစ်ချက်မှ ပြန်မကြည့်ဘဲ ဘုရင့်နောင်တံတားဘက်သို့ ဦးတည်လာခဲ့ရင်း.. ၊

"မျိုးခိုင်..ဘုရင့်နောင့်ဘက်မှာ မင့်ကောင်တွေရှိတယ်မို့လား.."

"..................."

"အေး..ဖြိုးခိုင်သိရင် ဖြိုးခိုင်ကိုပြောပေး၊ ကနတ်အဲ့ဒီဘက်မှာ ပြေး နေတယ်.."

"................."

"ဟုတ်တယ်..လိုက်သတ်နေတာ၊ တံတားရှိရင် တံတားလုံခြုံရေး ...ခန်းနီးရင် ရဲစခန်း၊ ဂိတ်စောင့်တွေကအစ နီးစပ်သမျှ အလန်း

ပေးထားစမ်းပါ..ငါအချိန်မီပါ့မလားမသိဘူး၊ အေး..များများဖြန့်ရှာ
စမ်းပါ.."

ကျော့်ခိုင်ဆီဖုန်းခေါ်တော့မရဘဲ ပြီးမှဖုန်းဝင်လာကာ.. ။

"မင်းကမရှာပေမယ့် ကနုတ်ကိုငါတွေ့လိုက်တယ်သျှန်.."

"ဟာ..ကျော်ခိုင်.."

"မင်းကိုတော်တော်ကြောက်သွားပုံပဲ..ပြေးသွားတာမာရသွန်

"ဘယ်မှာလဲ..ဘယ်မှာတွေ့လိုက်တာလဲကျော်ခိုင်၊ မင်းလိုက်
ပါ..အဲ့ဒါလူသတ်သမားတွေလိုက်လို့ ပြေးနေတာ၊ ငါအခုလာပြီ-"

ကျော်ခိုင့်ကိုအရေးတကြီးပြောပြရင်း ကားကိုအရှိန်တင်ဖို့ပြင်
သို့သော် ကားသည်.. ။

"တောက်..သေစမ်းကွာ.."

အခန်း(၉၅)

ငါဘယ်ရောက်နေတာလဲ.. ။

ခြေစုံရပ်မိသည့်အချိန်မှာ ငတ်ဝန်းကျင်တစ်ခုလုံးက မှောင်မိုက်
ည်။ လမ်းဘေးမှာမီးတိုင်တွေရှိနေပြီး မီးမရှိ။ မြင်နေရသည့်ကား
သည်လည်း အဝေးဆီမှာပဲဖြစ်နေကာ သူမရဲ့ရှေ့နောက်ဝဲယာမှာ
င်းမဲ့သော တိတ်ဆိတ်ခြင်းသည်သာ ကြီးစိုးနေခဲ့လျက်.. ။

"ဦးသျှန်ကယ်ပါဦး..ကနုတ်ကိုလာခေါ်ပေးပါ၊ အခု အခုကနုတ်
ရောက်နေမှန်းမသိတော့ဘူး.."

နောက်လည်းပြန်မလှည့်ရဲ။ ရှေ့ကိုလည်းမတိုးဝံ့တော့ဘဲ လက်
ကိုက်ထားရင်း ရှုံ့ပွဲချငိုမိလေသည်။ မှောင်ရိုဖျိုးဖျတည်းက ပြေး
ရသည့်ခြေထောက်တို့သည် ရပ်တန့်လိုက်တိုင်း ဆတ်ဆတ်တုန်

"အာဏာသျှန်က ကနုတ်ရောင်ကိုသတ်မှုနဲ့ထောင်ကျမယ်..က
ရောင်ကတော့ ဂလဲ့စားချေခံရတဲ့ သနားစရာမြေစာပင်လေးပေါ့.."

"မယ်မယ်ဘယ်လိုပြောလိုက်တာလဲ..သမီးက တာဝတိံရဲ့သွေးမ
မယ့် မယ်မယ်ကိုယ်တိုင်သင်ပြထိန်းကျောင်းပြီး ပျိုးထောင်ခဲ့တဲ့

ကလေးပါ."

"ကနုတ်ရောင်ကိုသတ်ပစ်လိုက်.."

"ကနုတ်ရောင်ကိုသတ်.."

ဟင့်အင်း.. ၊

ကနုတ် နားနှစ်ဖက်ကိုပိတ်လိုက်ရင်း လမ်းမကြီးပေါ်မှာ ဒုတ် လေးထိုင်ချလိုက်သည်။ ပြီးတော့ တရှိုက်ရှိုက်ငို၏။

"ဦးသျှန်က ကနုတ်ကိုသတ်မှာမဟုတ်ဘူး..ကနုတ်ကိုနာ အောင်တောင် မရိုက်ခဲ့ဖူးဘူး.."

ကိုယ့်အသံသည်သာ ကိုယ့်အဖော်ဖြစ်ကာ စကားတွေပြော ရင်း.. ၊

ဟင်.. ၊

ကားမီးရောင် ဝင်းခနဲဖြာကျလာသည်။ ကနုတ်ကိုယ်လေး တင်းသွားသည်။ ပြီးတော့ နောက်လှည့်ကြည့်ရင်း ထရပ်လိုက်၏။ ကျောက်တို့လိုက်လာတာလား..။ မှောင်တော့လည်း ကြောက်သည် လင်းရောင်မြင်တော့ ပြေးဖို့ခြေလှမ်းပြင်ရ၏။ ကားသည် ရှေ့ဆက် ဘဲ အတော်လှမ်းလှမ်းမှာရပ်သွားသည်။ ပြီးတော့ လူရိပ်တချို့ဆင် မြင်လိုက်လျှင် အန္တရာယ်ဆိုတဲ့အသိက ခေါင်းထဲရောက်လာ၏။

ပြေးတော့ ကနုတ်ရောင်.. ၊

လမ်းဘေးဆင်းပုန်းလို့လည်း မရနိုင်တော့သည့်အခြေအနေ နုတ်ရှေ့ကိုဆက်ပြေးသည်။ နောက်ကကားနဲ့ပစ်တိုက်လာနိုင်တာ ဂရုမစိုက်နိုင်။ ကားကိုလွတ်အောင်မပြေးနိုင်သည့်ခြေထောက် လည်း သနားဖို့သတိမရ။ လှည့်မကြည့်စတမ်းပြေးနေသဖြင့် ထပ်ကားတစ်စီးအရှိန်ပြင်းနှင့် ကျော်တက်လိုက်လာတာကိုလည်း ဘဲ.. ၊

"တီ.."

ဘေးကိုရောက်လာပြီး ဟွန်းတီးလိုက်ပေမယ့် နည်းနည်း မကြည့်ဘဲ အတင်းဇွတ်ပြေးနေလျှင်.. ၊

"ကျွီ.."

ကားသည် သူမရှေ့မှာခေါင်းထိုးရပ်သွားခဲ့ပြီး.. ၊



"ဟော့..မြန်မြန်တက်.."

တံခါးဖွင့်သည့်ကားထဲကို ကြည့်လိုက်မိကာမှ.. ၊

"ဦးသျှန်.."

ကနုတ် မယုံနိုင်အောင်အံ့သြဝမ်းသာဖြစ်ကာ ငေးခနဲဖြစ်သွားစဉ်..၊

"ဘာလုပ်နေတာလဲ..တက်ဆို.."

"ဟုတ်.."

ကနုတ် ကားပေါ်ကိုကဆုန်ပေါက်တက်လိုက်သလားထင်ရသည်။ န်က ကားကိုချက်ချင်းပြန်တင်ကာ အရှိန်မြင့်လိုက်ရင်း.. ၊

"ခါးပတ်ပတ်ထား.."

မြန်မြန်ဆန်ဆန်လှုပ်ရှားပြေးထွက်သွားသည့်ကားကိုကြည့်ရင်း ဦး ောက်ဆူးတို့ ဘာမှပြင်ဆင်ချိန်မရလိုက်ဘဲ ဒီတိုင်းကျန်ခဲ့ကြ၏။ ဒီ မှာ လူထားခဲ့ပြီး ရှေ့မှာလိုက်ပိတ်ထားဖို့ သေချာလှုပ်ရှားနေတုန်း ကကျော်တက်သွားခဲ့တာဖြစ်ကာ ကနုတ်ကိုလာကယ်သည့်ကား ည်း မထင်ခဲ့ပေ.. ၊

မသင်္ကာစိတ်ဖြစ်လိုက်တုန်းမှာပဲ ကနုတ်ကကားပေါ်ပါသွားခဲ့ပြီ ၏၊ ကားပေါ်မှာ အာဏာသျှန်ကိုယ်တိုင်လား သူနဲ့ပတ်သက်တဲ့လူ ား..။ အာဏာသျှန်တစ်ယောက်တည်းလှုပ်ရှားနေတာမဟုတ်မှန်း ခဲ့သော်လည်း ကနုတ်ရောင်အပေါ် အာဏာသျှန်ရဲ့စိတ်ဝင်စားမှု ရှိနေသည်ကို ထည့်မတွက်ခဲ့မိတာ သူမှားသွားခဲ့၏။ နောက်ထပ် ည့် ဒီလုပ်ကြံမှုကို အာဏာသျှန်သိသွားသည့်အတွက် နောက်ထပ် ခွင့်ရှိလာဖို့ မလွယ်နိုင်တော့ပေ။ ထို့ပြင် ဒေါ်မြမင်းသီရိ၏ခွင့်မ တ်သည့်ဒေါသ.. ၊

ဦးကျောက်ဆူးမီးဖွင့်ထားသည့်ကားဘေးမှာ ရပ်နေရင်း ကျိခနဲအံ မ်၏။

"ကားပေါ်ပြန်တက်ကြ.."

## အခန်း(၉၆)

"သေချာပိတ်မိမှဖြစ်မယ်..အကုန်လုံးသူကြားသွားတာ
တည်းသတ်ပစ်မှ.."

ဘယ်လိုမှဖင်ချထိုင်မနေနိုင်ဘဲ ဒေါ်မြမင်းသီရိခြုံပဝါကြီး
လွှင့်နှင့် ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

"မယ်မယ်..မောင်မောင်အခြေအနေဆိုးနေတယ်.."

ဒေါ်မြပုလဲဖြူလာပြောလျှင် ခြေလှမ်းတွေတစ်ချက်တုံ့သွား
သော်.. ။

"ဆရာဝန်ဘာပြောသွားလဲ.."

"ပရက်ရှာအရမ်းတက်သွားလို့တဲ့..စိတ်အေးအေးထားပြီး
ယူလိုက်ရင် သက်သာ.."

"ပြီးတာပဲ..ကိုယ်ဒီလိုဖြစ်နေတာသိရက်နဲ့ ကိုယ့်အသက်
ရှင်အောင်မမွေးနိုင်ရင် မတတ်နိုင်ဘူး.."

ဟုတ်လည်းဟုတ်တာပဲလို့ စိတ်ကထင်ပေမယ့် တစ်ယော
တစ်ယောက် သေဆုံးနေကြသည့်အဖြစ်ကြောင့် ဒေါ်မြပုလဲဖြူ
တွေလည်းဖြစ်နေမိသည်။ ခုနေ မောင်မောင်တစ်ခုခုဖြစ်သွားရင်



သိသူမသိသဂြိုလ်ပစ်ဦးမှာလား.. ။

"ငါအရေးကြီးတဲ့အလုပ်လုပ်နေတာ..လာမနှောင့်ယှက်နဲ့ပုလဲ.."

ကျောက်ဆူးတို့ဆီက မကြာခဏဆက်သွယ်ပေးပို့နေသည့် သ
င်းစကားတွေ ပြတ်တောက်နေခဲ့သဖြင့် နာရီကြည့်ရင်း စိတ်မောနေခဲ့
သည်။ သင်းတို့ကတစ်မျိုး..။ ကြုံတွေ့နေရသမျှ ပြဿနာအရပ်ရပ်
သည် လူငယ်တွေအခြေပျက်ခြင်းက စခဲ့တာမို့ ကိုယ့်သားသမီးတွေပေ
ယ့် ဘယ်လိုမှအလိုမကျသည့်စိတ်ကို ဟန်မဆောင်နိုင်။ ငါ့လက်ထက်
မှဆိုသည့် အတွေးဝင်လာတိုင်း သားသမီးတွေကြောင့်ဆိုသည့်နောင်
တ ကပ်ပါလာသည်။

လူလောကကြီးထဲကို တစ်ယောက်တည်းဝင်လာခဲ့သည်။ အနာ
အတွက် သံသရာအတွက် ကောင်းကျိုးဆိုးကျိုးတွေကိုလည်း ကိုယ်
ယ်တိုင်လွယ်ပိုးရမှာဖြစ်သည်။ ဒါဖြင့် သားသမီးဆိုတာ ဘာ
။ ကိုယ့်အတွက် ဘာကောင်းကျိုးတွေရခဲ့သလဲ..။ 'ငါ'ဆိုသည့်မာန်
တရစ်ရစ်တက်လာကာ 'ငါ'မဟုတ်သောဘယ်သူ့ကိုမှ အကောင်းမ
နိုင်အောင်ဖြစ်လာခဲ့၏။ သင်းတို့ကြောင့်.. ။

"ခလုတ်တိုက်လည်းမောင်းထုတ်..ဖားပြုတ်ကိုက်လည်းအမွေဖြတ်
ဘယ်လိုအမေမျိုးလဲ.."

"တာဝတိံသာနဲ့မြမင်းသီရိမျိုးဆက်အားလုံးကို တော်ဝင်မျိုးရိုးအ
ကျဉ်တယ်.."

"နင့်ကြောင့် ငါတို့မျိုးနွယ်တွေ သိက္ခာကျတယ်.."

ဆွေမျိုးအသိုင်းအဝိုင်းအားလုံးအပေါ်မှာ အထက်စီးကနေ ငုံ့ကြည့်
ဆံလာခဲ့သမျှ သားသမီးတွေကြောင့် ဒီလိုအပြောတွေခံခဲ့ရပြီ။ တော်
ဟဲ့လို့ ကိုယ့်အခွင့်အရေးနဲ့ကိုယ် ကြွေးကြော်နိုင်ရင်တောင် မြမင်း
တော်ဝင်မျိုးဆက်ဘယ်မှာလဲ..။ မြတ်ပန်းသဇင်လည်းသေပြီ။ လူ
ာလည်း လူဆိုးသူခိုးဖြစ်သွားခဲ့ပြီ။ မတ်တပ်ရပ်နေရင်း လက်
ခေါက်ဆုပ်ထားမိ၏။ သေဆုံးသွားသူတွေကိုရော အနားမှာရှိနေ
သူတွေပါ ဘယ်သူ့ကိုမှမမြင်ချင် မပြောချင်အောင်ဖြစ်လာသည့်
စိတ်က ကိုယ့်ကိုယ်ကိုမိခင်တစ်ယောက်ဆိုတာလည်း သတိမရ
ဝ.. ။

"ဘယ်သူမှမကောင်းဘူး..ရှေ့တစ်မျိုးကွယ်ရာတစ်မျိုး ထင်ရာ ကြပြီး မိဘဘိုးဘွားမျက်နှာကို အိုးမည်းသုတ်ကြတယ်၊ ငါ့ကိုဘာမှ ထပ်မပြောနဲ့..ဘာလုပ်နေသလဲလည်း လာမမေးနဲ့.."

"ကောင်းပါတယ်မယ်မယ်..ကျွန်တော်ကလည်း ဘယ်တုန်း မယ်မယ်ဘာလုပ်နေသလဲဆိုတာ စိတ်မဝင်စားခဲ့ပါဘူး.."

ဦးမြမင်းစံက စာကြည့်ခန်းတံခါးရှေ့မှာရပ်နေကာ.. ၊

"ဘာဖြစ်လို့လဲဆိုတော့ မယ်မယ်ကဘယ်သူနဲ့မှမတူတဲ့ မိခင် မှန်း ကျွန်တော်အစောကြီးတည်းက သိနေလို့.."

"ဘာ.."

"ချွမ်း..."

ရှိုးကေ့စ်ပေါ်လက်တစ်ဖက်တင်၍ ရပ်နေရင်း စိတ်လိုက်မာန် လှည့်လိုက်သဖြင့် ဒေါ်မြပုလဲဖြူတို့သားအမိနှစ်ယောက်တွဲရိုက် သည့်ဓာတ်ပုံကို တိုက်ချလိုက်သလိုဖြစ်သွားသည်။ မှန်ကနုတ် လေးနဲ့ဓာတ်ပုံသည် ကြမ်းပေါ်ပြုတ်ကျကာ မှန်စတွေစင်ထွက်ကု အထိ ကွဲထွက်သွားခဲ့၏။ မောင်နှမနှစ်ယောက် မျက်နှာတွေပျက် သော်လည်း ဒေါ်မြမင်းသီရိသည် ဆတ်ခနဲထမီစတစ်ဖက်'မ'ကာ ဘောင်ကို လွှဲကန်ပစ်လိုက်၏။

"မယ်မယ်.."

အိမ်နေရင်းစီးသည့် ကတ္တီပါဖိနပ်ပျော့လေးသာစီးထားသည် အတွက် ဒေါ်မြပုလဲဖြူလန့်ဖျန့်အော်မိကာ.. ၊

"မယ်မယ်ရပ်နေပါဦး..."

မှန်ကွဲစတွေစူးမှာစိုးကာ လက်တကာကာနှင့်တားသည်။ သို့ ဒေါ်မြမင်းသီရိက ဦးမြမင်းစံရှေ့ထိ ထမီ'မ'လျက်အတိုင်း လျှောက် ခဲ့ပြီး.. ၊

"ပြန်ပြောစမ်းမြမင်းစံ..ခုနက မိဘကိုပြောလိုက်တဲ့ ဝေဖန် လေ၊ အခုထပ်ပြောလိုက်စမ်း..."

ဦးမြမင်းစံက မျက်လွှာချထားခဲ့လျက် ဘာမှမပြောဘဲငြိမ် ခဏကြာတဲ့အထိ ဒေါ်မြမင်းသီရိရပ်နေသောကြောင့်.. ၊

"မယ်မယ်မှန်ပါတယ်..ကျွန်တော်တို့လိုသားသမီးတွေကြောင့်



ယ်ခုလို.."

"မမှန်ပါဘူး.."

ပြောတော့လည်း စကားဆုံးအောင်နားမထောင်ဘဲ ပိတ်ပစ်ကာ..၊

"ငါသိပ်မှားခဲ့တာ..အထူးသဖြင့် နင့်လိုသားမျိုးကို အလိုလိုက်ခဲ့ ..."

"ဖြန်း..."

"မယ်မယ်..မယ်မယ်မလုပ်ပါနဲ့၊ မောင်မောင်ကနေမကောင်းပါဘူး မယ်ရယ်.."

ယိမ်းယိုင်သွားသည့်မောင်ကို ဒေါ်မြပုလဲဖြူပြေးဖက်ထားလိုက်ပြီး တွေတုန်အောင် တောင်းပန်သည်။ ပြီးတော့ နောက်ထပ်ဝေးအောင် တ်သွားခဲ့ပြီး.. ၊

"ဒေါသစိတ်ကိုထိန်းပါဦးမယ်မယ်..သမီးတို့ဒေါသထွက်ရမှာက ဏာသျှန်ပါ၊ မင်္ဂလာပွဲမှာ ဆွေမျိုးတွေနဲ့လှည့်တိုက်ပေးတာ သိက္ခာချ က်ရအောင်လုပ်ခဲ့တာ အဲ့ဒါအာဏာသျှန်.."

"တိတ်စမ်းမြပုလဲဖြူ.."

တန်းမတ်သည့်လက်ညှိုးက သမီးဖြစ်သူမျက်နှာကို တည့်တည့် ချက်.. ၊

"ညည်းတို့အကုန်လုံးရော မပါဘူးလား..အဲ့ဒီပွဲမှာတည်းက မြတ် ခင်ဆိုတဲ့မိန်းကလေးမှာ လက်ညှိုးထိုးစရာပြစ်ချက်ရှိနေခဲ့တာ.. ဘာလဲ၊ အာဏာသျှန့်ကိုဝိုင်းဝန်းပုံပိုးကြတာလား.."

"မဟုတ်ပါဘူးမယ်မယ်ရယ်..မမှားဘူးတဲ့သူဆိုတာ မရှိပါဘူး.."

"ရှိတယ်..ငါဘယ်တုန်းကမှမမှားခဲ့ဖူးဘူး၊ ငါလုပ်သမျှအမြဲမှန် "

စကားသံတို့သည် မျက်ရည်မပါဘဲ ရှိုက်ငိုနေသလို ပြတ်တောင်း င်နေခဲ့ရင်း.. ၊

"ဒါပေမယ့် ငါဘယ်တုန်းကမှမမှန်ခဲ့ဘူး..မြထွတ်ဦးကိုမွေးလိုက် မှားခဲ့တာ၊ သားသမီးတွေကို ယုံကြည်နေသမျှ အမှားတွေချည်း မြဲတမ်းမှားနေခဲ့မှန်း ငါ့ကိုယ်ငါမသိခဲ့တာ.."

က်ရည်ရောင်လက်လာသည့် မျက်ဝန်းတို့မှာ အေးစက်မာကျော

ခြင်းတွေက ပျောက်ကွယ်မသွားပေ။ အံကြိတ်မျက်နှာမော့ရင်း မျက်
တောင်တွေခတ်ပစ်သည်။ ပြီးတော့ ကိုင်ထားသည့်ဖုန်းကို ပင့်ကြည့်
လိုက်ရင်း လက်ကဆတ်ဆတ်တုန်၏။ စောင့်နေရသည့်သတင်းတစ်
အတွက် တိတ်ဆိတ်နေသည့်ဖုန်းကိုလည်း ခွင့်မလွှတ်နိုင်.. ။

"ဒေါက်..ခွမ်း.."

လွှဲပစ်လိုက်သည့်ဖုန်းသည်.. ။

☎

## အခန်း(၉၇)

ကားကိုလမ်းပြောင်ပြောင်တွေမှာပဲ မောင်းနေသဖြင့် နောက်ကို
ပြည့်ပင်းလိမ်ကြည့်နေရင်း ကနုတ်အားမလိုအားမရဖြစ်လာကာ.. ။

"ဦးသျှန်ဘာဖြစ်လို့ လူရှင်းတဲ့လမ်းတွေမှာပဲ မောင်းနေတာလဲဟင်
လူတွေကားတွေရှုပ်တဲ့နေရာမှာမှ သူတို့လာမသတ်ရဲမှာပေါ့.."

"အဲ့ဒါကြောင့် လာသတ်ရဲအောင်စောင့်မောင်းနေတာ.."

လေသံက မာနေသည်။ ကနုတ်ရဲ့ထိတ်လန့်စိတ်တွေက နောက်
သူဆီကနေ အနီးကပ်လူဆီပြန်ရောက်လာကြ၏။ ဦးသျှန် သူမကို
ချင်လို့ကယ်လာတာမှ ဟုတ်ရဲ့လား..။ သူမဘာယ်လိုပြဿနာဖြစ်
ပြီးလွှားလာတယ်ဆိုတာ ဦးသျှန်ဘာမှမသိပေ။ တိုက်ဆိုင်စွာတွေ့
မြင်မတော်လို့ ဆွဲတင်လာခဲ့တာဆိုရင်တောင် သူမကအိမ်ကထွက်
ခဲ့သူ။ အစကနေ ပြန်တွေးမည်ဆိုလျှင် တာဝတီံသာဆိုတာ သူအ
မိသားစု။ ဖေကြီးအတွက်နဲ့ သူမကလည်းပြောဆိုစွပ်စွဲထားခဲ့
အာဏာသျှန်ဆိုသည့်လူ သူမအပေါ်မှာ စိုးရိမ်ပူပန်စိတ်ရှိဖို့ဆို

ဘလို.."

သူဖြေသံကြားလိုက်မှ နားကျပ်တပ်ထားမှန်းသိလိုက်သည်။ သူက ကနုတ်ကိုလည်းငဲ့မကြည့်။ တင်းနေသည့်မျက်နှာကလည်း နည်းနည်းလေးမှ ပြေပြစ်သွားသည်မရှိခဲ့ဘဲ.. ၊

"အေး..မီတယ်၊ ပါလာပြီ.."

"....................."

"လိုက်မလာပါဘူး..ကိုဇော်ကိုပြောလိုက်ဦး၊ ဖြိုးခိုင်တို့ကိုပြန် လိုက်တော့လို့..အဲ့ဒီဘက်ကိုမရောက်တော့ဘူး.."

ဖုန်းပြောနေသည့်မျက်နှာသည် အလင်းတချို့ဖြတ်သန်းသွား သည့်အချိန် ဖျတ်ခနဲလင်းခနဲထင်းသွားတတ်ကာ အဖြူစင်းပါသော နက်ရောင်ဆွယ်တာဝတ်ထားသဖြင့် အမှောင်ကျသွားချိန်မှာပါ ကျန်ရစ်၏။ ကိုယ့်အတွေးနဲ့ကိုယ် အမှတ်တမဲ့ငေးနေမိပြီးမှ ကနုတ် ချင်းမျက်နှာလွှဲပစ်သည်။ ဒီယောကျ်ားနဲ့အတူတူမရှိချင်ပါ။ ကိုယ် လျှင် ဘယ်လိုဘဝရောက်မှန်းမသိ ရောက်နေရလျက် သူကတော့ တမ်းမှန်းတီးခွင့်တွေနဲ့ ခက်ထန်မာကျောနေခဲ့သည်။ လူကိုအရုပ် လို နမ်းချင်ကောက်နမ်းကာ စိတ်တိုတော့ ကိုင်ပေါက်ပစ်တတ်သူ

သူက အဲ့ဒီလိုလူစားပါ။ နင့်အဖေကိုလည်း မပြီးမဆုံးနိုင်တဲ့ တွေပေးခဲ့တာကနုတ်ရောင်..။ ဒီလူကို နင်ရင်မခုန်နဲ့ မကြည့်နဲ့.. ဏာသျှန် ဘာတွေလုပ်ခဲ့သလဲပြန်တွေး သူဘယ်လိုလူဆိုတာ ပြီးတော့ နင်ကရောဘာလဲ..။ နင်ကဘာမှမဟုတ်တော့ဘူး..တာဝ နဲ့လည်း မဆိုင်ဘူး ဖေကြီးသမီးလည်းမဟုတ်ဘဲနဲ့ နင်သူ့ကိုမုန်း လို့လား..သူမုန်းနေရင်တောင် နင့်မှာနေရာရှိသေးတယ်။ အခု နင် လုံးနဲ့မသက်ဆိုင်တော့တဲ့ စည်းအပြင်ဘက်ကလူ.. ၊

မျက်ရည်တွေဝေ့တက်လာသည်။ သူ့ကိုကြောက်သွားလိုက် လိုက် ပြောင်းလဲနေသည့်စိတ်တို့သည် ရင်ခုန်သံတွေဖြစ်ခွင့်ကျမှ ဘဝကိုသတိရလာခဲ့၏။ မျက်နှာငုံ့လိုက်ပြီး မျက်ရည်တို့ကို ခုန်ဆင်းစေလိုက်သည်။ မျက်တောင်တွေဖိခတ်ပစ်ကာ မျက်နှာ မသိသာအောင် မျက်ရည်သုတ်၏။ ပြီးမှ.. ၊

"ဦးသျှန်.."

"ပြော.."



ပြောတော့မှာကိုသိလို့ စောင့်နေသလိုလို ဒေါသထွက်နေသလိုလို သံကချက်ချင်းထွက်လာတော့ ကနုတ်သူ့မျက်နှာကို သေချာပြန် ကြည့်ပြန်သည်။ သျှန်က ကားမောင်းရင်း ဖျတ်ခနဲလှည့်ကြည့်ကာ.. ၊

"ဘာလဲ.."

"ကနုတ်ကို အခုဘာလုပ်မှာလဲဟင်.."

သျှန်ကမဖြေ။ သူမ ခဏစောင့်လိုက်ပြီးမှ.. ၊

"ဖေကြီးနဲ့တွေ့ချင်လို့ ကနုတ်ထွက်သွားတာ.."

"အလည်သွားတာလို့ မင်းကပြောချင်တာလား.."

သူကမကြည့်ပေမယ့် ခေါင်းခါပြမိကာ.. ၊

"ကနုတ် ဦးသျှန်ကိုစိတ်ဆိုးပြီး ဖေကြီးဆီထွက်ပြေးတာပါ.."

ကုတ်ချီနေသည့် သျှန့်မျက်ခုံးတန်းတို့ ပြေကျသွားသည်။ ဖျတ် အလင်းတန်းအဖြတ်မှာ သူပြုံးတာလား မဲ့လိုက်တာလား သေချာ ကြည့်နေပေမယ့် မသိလိုက်.. ၊

"ကနုတ်က ဖေကြီးနဲ့မသက်ဆိုင်တဲ့သူ..တာဝတီံသာနဲ့ဘာမှသွေး မတော်ဘူး၊ ဖေကြီးက ကနုတ်ကို.."

သူမအသံလေး တိမ်ဝင်သွားသည်။ ပြီးတော့ ရှိုက်သံလေးမပွင့် နင့် မျက်နှာပြန်မော့၍.. ၊

"ကနုတ်ကို ဖေကြီးကမွေးစားခဲ့တာ.."

သျှန့်ဆီက စကားကိုစောင့်ပေမယ့် တိတ်နေခဲ့သဖြင့် ရှက်ရွံ့သိမ် စိတ်တို့ အင်တိုက်အားတိုက်ဖြစ်လာခဲ့၏။ သို့သော် ဒါကကိုယ့်ဘဝ ဖြစ်ရာ.. ၊

"ဦးသျှန်က အားလုံးသိနေတတ်ပါတယ်..တာဝတီံသာစံအိမ်က ဦးသျှန်ရဲ့အဘိုးအဘွားတွေပါ၊ ကနုတ်က မွေးစားသမီးဆိုတာ န်အစတည်းက သိနေတာလားဟင်.."

သူ့မျက်နှာကို စောင်းငဲ့ကြည့်နေရင်း အကြာကြီးစောင့်ပေမယ့် မဖြေ။ ကနုတ်ရဲ့ဆံပင်တွေက စောင်းနေသည့် လည်ပင်းကြားက ဘက်ပေါ်ကျနေတာလည်းရှိကာ ငဲ့ကျနေသည့် မျက်နှာလေးတစ် နေ ပေါင်ပေါ်ထိတန်းဆင်းခွေဝိုက်နေတာလည်းရှိလျက်.. ၊

"အဲ့ဒါကြောင့် ဦးသျှန်က ကနုတ်ကိုလက်မထပ်ချင်တာလား.."

သူ့မျက်နှာကိုငုံကြည့်နေရင်း မျက်ရိုးတစ်ဖက်တည်းကနေ မျ ရည်ကျသွားပုံရှိကာ လက်ခုံလေးနဲ့ကပ်သုတ်လိုက်ပြီး.. ၊

"ဟုတ်တယ်လို့ဖြေချင်ရင်လည်း အားမနာပါနဲ့..မဟုတ်ဘူးဆို လည်း ကနုတ်မှာရာထူးတိုးဖို့မရှိပါဘူး၊ ဒါပေမယ့် ဒီရက်ပိုင်းလေး ကနုတ်ကို အိမ်မှာခေါ်ထားပေးပါနော်..သူတို့ကကနုတ်ကို လိုက်သ

"ဒုတ်.."

ကားက ဆောင့်ခါသလိုတစ်ချက်ဖြစ်သွားကာ.. ၊

"မင်းခဏတိတ်တိတ်နေပေးလို့မရဘူးလား.."

သူမရင်ထဲမှာ နင့်သွားသည်။ ပြီးတော့ ခေါင်းလေးညိတ်၍

"ဟုတ်.."

ဘာလဲ..လုပ်ချင်ရာလုပ်ခဲ့ပြီးမှ မလိမ်ပိုးမလိမ်မာပုံ လာဖမ်းနေ လား.. ၊

ကြားနေရတာလည်းမကောင်း။ ကားကလည်း ဇွဲဖောက်ချင် သည်။ အချိန်အတိုင်းအတာတစ်ခုထိ မျိုသိပ်ဖို့အတွက် ဘယ်လိုမှမ နိုင်တော့ဘဲ ကားကိုလမ်းဘေးလွတ်ရာသို့ ထိုးချရပ်လိုက်ပြီး.. ၊

"ဆင်း.."

သူဆင်းဆင်းမဆင်းဆင်း ကိုယ်ကတော့ဆင်းလိုက်ပြီးဖြစ်ကာ ခါးကို ဂျိမ်းခနဲဆောင့်ပိတ်သည်။ ပြီးတော့ သူမဘက်ကိုတလှှား သွားကာ ပွင့်နေသည့်တံခါးကိုပဲ ဆတ်ခနဲဆွဲဖွင့်သည်။ မျက်လုံး လေးနှင့် ကမန်းကတန်းဆင်းဖို့ပြင်နေသည့်သူမကို စိတ်မရှည်စွာ လ တစ်ဖက်ကနေ ဆွဲချလိုက်ပြီး.. ၊

"မင်းကဘယ်လိုသတ္တိတွေနဲ့ ငါ့ကိုမေးခွန်းတွေထုတ်နေတာ အခုမင်းဘာဖြစ်လာတာ ဘယ်သူ့သမီးဖြစ်တာ ဘယ်သူကစိတ်ဝင် နေတယ်ထင်လို့လဲ.."

ကနုတ် အံ့သြထိတ်လန့်သလို ငေးကြည့်နေမိ၏။ သျှန့်မျက် ဒေါသကို အလင်းရောင်မပီပြင်ပေမယ့် သေချာမြင်နေရသည်။ ထု သည့် မျက်ခုံးတန်းတို့အောက်က မျက်ဝန်းအစုံသည် ကနုတ်အမြ လောင်မီးလက်နက်တစ်ခုကဲ့သို့ ပြင်းရှပူလောင်နေခဲ့လျက်.. ၊

"ပြော..အခုပြောလို့ရပြီ.."



ကနုတ် ပခုံးလေးနှစ်ဖက်ကို အားမလိုအားမရဆွဲခါ၍ ကားဘော် ဖိကပ်ထားလိုက်ပြီး.. ၊

"ဒါပေမယ့် မင်းဘယ်သူ့သမီးဆိုတာသိဖို့ မင်းနောက်လိုက်လာ မဟုတ်ဘူး..ဘယ်လိုသတ္တိတွေမွေးပြီး အဲ့ဒီအိမ်ထိမင်းထွက်သွားတာ အဲ့ဒါကိုသိချင်တယ်၊ မင်းအစ်မဖြတ်ပန်းသဇင် မင်းကိုဘယ်လိုကြ ခဲ့သလဲ..ငါ့ကိုဘယ်လိုလုပ်ကြံခဲ့သလဲ၊ အဲ့ဒါတွေသိရက်နဲ့ ဒီလောက် စက်ယုတ်မာနေတဲ့အိမ်ကို မင်းက.."

"ကနုတ် သူတို့ဆီသွားတာမဟုတ်ဘူး.."

"မဟုတ်ရင် နတ်ရေကန်ကိုဘာသွားလုပ်တာလဲ..ရန်ကုန်မှာ မင်း ဘယ်မှာနေသလဲမင်းမသိဘူး၊ အဲ့ဒီအိမ်မှာ သွားစုံစမ်းဖို့ အကြံ ကောင်းဉာဏ်ကောင်းတွေ ဘယ်ကထွက်လာတာလဲ.."

"ဟုတ်တယ်..အကြံကောင်းမဟုတ်ဘူး၊ ဖေကြီးနဲ့တွေ့ဖို့လည်း မ ချာဘူး..ဒါပေမယ့် မသိဘူး၊ ကနုတ် ဦးသျှန်နဲ့မနေချင်ဘူး..နိုင်တဲ့ ကိုသပ်ထပ်အနိုင်ယူတတ်တဲ့ ရှင့်ကိုမုန်းတယ်၊ အခုလည်းမကယ်ချင် ကနုတ်ဘာမှမကြောက်တော့ဘူး..ရှင့်ဒေါသတွေရန်ငြိုးတွေကို နေ့ စားမနေရရင် ပြီးရော.."

ကနုတ်က ပြောတဲ့အတိုင်းဆုံးဖြတ်သည်။ သူ့ရှေ့ကနေ တကယ် သွားဖို့ပြင်၏။

"တောက်.."

သျှန် သူမလက်လေးကို ဖျတ်ခနဲပြန်ဆွဲပစ်ကာ.. ၊

"ကနုတ့်ရောင်.."

"ဟင့်အင်း..လွှတ်.."

သူ့ဒေါသကြောင့် ဝမ်းနည်းနာကျင်ရခြင်းသည် တခြားသောစိုး ကြောက်လန့်မှုတွေအားလုံးကို ဂရုမစိုက်စွာ ကြီးမားနေခဲ့သည်ရှိ ၊

"ကနုတ် တကယ်မခံစားနိုင်တော့ဘူး..ဦးသျှန်ဖေကြီးကို ရက်စက် ကနုတ်ကိုရက်စက်တာတွေပဲ၊ ဦးသျှန်ဘာကိုမှ ဂရုမစိုက်တာ က ဂရုမစိုက်တာ..အဲ့ဒါကို လုံးဝမခံစားနိုင်ဘူး၊ ရှင်နဲ့မနေရရင် ဘယ် ဒ်.."

"အဲ့ဒီတော့ လမ်းပေါ်မှာအသက်လုပြေးနေရတာ ကျေနပ်တယ် ပေါ့.."

ကနုတ်က ခေါင်းတွင်တွင်ခါရင်း ရှုန်းနေ၏။ ဖိဆွဲထားသည့် လက်တွေမှာ သူမသည်ခွန်အားမဲ့ကျဆုံးသွားခဲ့လျက်.. ။

"မသိဘူး..ကနုတ်ကို ဘာမှမမေးနဲ့မသိဘူး၊ ဒါပေမယ့် ရှင်က "မင်းငါ့ကိုချစ်နေတာလား.."

မဟုတ်ဘူးလို့ ချက်ချင်းကာကွယ်ပြီး ခေါင်းခါပစ်ဖို့ပေမယ့် ဟုတ်ဘူးလို့လည်း မပြောဖြစ်။ ခေါင်းလည်းမခါမိလိုက်။ ထို့ပြင် မျက်ဝန်းတွေကို မော့ငေးသွားမိကာ.. ။

"ကနုတ်..ကနုတ်အဲ့လိုမျိုး.."

မျိုသိပ်ခဲ့ရသမျှ သိုသိပ်သောကြင်နာခြင်းတို့သည် ချစ်စဖွယ် စင်နေသည့် မျက်ဝန်းလေးတွေကို ငုံ့မိုးကြည့်ရင်း.. ။

"မင်းကိုငါ.."

သူ့စကားသည်လည်း အဆုံးမသတ်နိုင်။ ကနုတ်ကိုယ်လေး သိမ်းဖက်ထားလိုက်ရင်း သူမနဖူးပြင်လေးမှာ ပါးနဲ့ထိကပ်ထားမိသ ပြီးတော့ သူမရဲ့ဆံနွယ်တွေမှာ သူလက်တစ်ဖက်ဖွဖွတင်၍ တယုတ ပွတ်သပ်ပေးမိကာ.. ။

"တော်တော်ဆိုးတယ်..မင်း.."

သူမမျက်နှာလေးမှာ မျက်နှာချင်းတိုက်၍ ထိကပ်လိုက်သည့် အနမ်းတို့သည် နွေးနွေးဖွဖွဆွတ်ပျံ့ကျရောက်လျက် အမှောင်သည်ရ သံတို့ရဲ့ နတ်ဘုရားသဖွယ်.. ။

☎

### အခန်း(၃၈)

"ဘာ..ဘာပြောလိုက်တယ်.."

"ကျွန်တော်တို့သေချာပိတ်မိထားတာပါ..ဒါပေမယ့် အာဏာသျှန် ...ခြားလူတွေရောက်လာလို့ ဘယ်လိုမှမတတ်သာဘဲ ပြန်ဆုတ်ခဲ့ရ ...ယ်.."

"ဒီကောင်က ဘာဖြစ်လို့အချိန်မီကြီးရောက်လာတာလဲ.."

"တစ်ယောက်ယောက်အကြောင်းကြားလိုက်တာပဲ ထင်ပါတယ်.."

ဖုန်းပြောနေရင်း ဒေါ်မြမင်းသီရိမျက်လုံးတွေ ကျဉ်းမြောင်းသွား ...၊ အာရုံထဲမှာပေါ်လာတာက သူမချစ်ခဲ့ရပါသော သားမြမင်းစံ..၊

"တောက်.."

"ဘာဖြစ်လို့လဲမယ်မယ်..အဲ့ဒီဟာလေးကို ခုထိမသတ်နိုင်သေးဘူး ...ား.."

မေးခွန်းကိုမဖြေပေမယ့် လက်တစ်ဖက်သည် လက်သီးဆုပ်ထား ဖုန်းကိုင်သည့်လက်တို့ ကတုန်တယင်ဖြစ်နေခြင်းက လွဲချော်ခဲ့ ဖော်ပြနေကြ၏။

"ညည်းမောင်..ညည်းမောင် ငါတို့ကိုသစ္စာဖောက်တယ်.."

"မောင်မောင်.."

ဒေါ်မြပုလဲဖြူ တအံ့တသြဖြစ်သွားသည်။ မောင်မောင် မယ် ကို ဆန့်ကျင်နေတတ်တာသိပေမယ့် ရန်သူဘက်ကလုံးဝရပ်တည် လိုက်တာကိုတော့ မယုံနိုင်။ ကနုတ်ရောင်သည် ဘာမှသွေးသားမ စပ်သည့် မွေးစားသမီး.. ။

"သူသတိပေးလိုက်လို့ ဟိုကအုပ်မိအောင်လိုက်တာ..ခွေးလို ပြီး ခွေးလောက်တောင်သစ္စာမထားတဲ့သား.."

မောင်မောင်ဖုန်းဆက်ပြောလိုက်တာဖြစ်စေဦးတော့ ကနုတ် ကိုထွက်ပြေးဟယ် ဘယ်ရောက်နေတယ်ဆိုတာ မောင်မောင်လည်း ချာသိတာမှမဟုတ်ဘဲ။ ဒေါ်မြပုလဲဖြူ မောင်ဖြစ်သူကိုဒေါသထွ သည်။ ခုထိလည်း ကျေနပ်ချင်စရာဘာမှမရှိတဲ့ မောင်တစ်ယော ဖြစ် မကျေနပ်တတွေရှိနေတုန်း။ ဒါပေမယ့် မိသားစုဆိုတာ ပူခြင်း ခြင်းတို့ဖြင့် ဖွဲ့စည်းထားသည့် လောကဓံရာသီအောက်က သံယော အိမ်ကလေးဖြစ်သည်။ သစ္စာဖောက်သူကို ဒေါသဖြစ်ရမှာထက် မယ့်စကားတွေ ဒီလောက်ထိရင့်သီးနေတာကိုပဲ အံ့သြနေမိ၏။

"သင်းကို ငါ့ဘဝ ငါ့အရိပ် ငါပိုင်ဆိုင်တဲ့မြေကိုတောင် လာ စေနဲ့..သူ့ရဲ့နာမည်တူပါနေတဲ့ ငါ့နာမည်ကိုပါ ပြောင်းပစ်မယ်၊ ကျော်ဒွေးတော်လွမ်းတဲ့သား..မိဘကိုနောက်ကျောကနေ ဓားနဲ့ တယ်၊ သူခိုးကိုဓားရိုးကမ်းတယ်..တာဝတိံသာတစ်အုပ်စုလုံးကို ပျက်စီးအောင်လုပ်ထားတဲ့ကောင်ကိုမှ..တောက်.."

ဖုန်းပြောလျက်တန်းလန်းမို့ ဒီတိုင်းကိုင်ထားဆဲဖုန်းကို နား ကပ်လိုက်ပြီး.. ။

"ဟေ့..ဆေးရုံမှာဖြစ်ဖြစ် ရဲစခန်းဖြစ်ဖြစ် အဲ့ဒီမိန်းကလေးကို သတ်စမ်း..အာဏာသျှန်ရှိနေရင် အာဏာသျှန်ကိုပါသတ်၊ ဘာ ဖြစ် ဘာတွေရင်ဆိုင်ရ ရင်ဆိုင်ရ..နင်တို့တွေအားလုံးအတွက် ငါရ ပေးမယ်၊ နင်တို့မိသားစုတွေ စိန်ခဲရွှေခဲကိုက်ပြီး နင်တို့ပြန်အ စောင့်နေစေရမယ်..မိုးမလင်းခင်မိအောင်လိုက်သတ်၊ ဘာအကြော ချက်နဲ့မှ ဖုန်းထပ်မဆက်နဲ့..ပြန်လာရင်သတ်လာပြီးသားဖြစ်ပေ ပဲ.."



ခိုင်းနေရပေမယ့် လုပ်နေသည့်လူတွေကိုလည်း မကျေနပ်ပေ။ ဒီ ာက်လေးတောင် အဖြစ်မရှိဘူးလားလို့ပြော၍ စိတ်ရှိလက်ရှိ ဒဏ် ်ပစ်ချင်သည်။ သို့သော် ဒီအလုပ်သည်စပြီးရင် အဆုံးမသတ်ဘဲ တန့်လို့မရ.. ။

"တောက်..နည်းနည်းလေးမှအသုံးမကျတဲ့ကျွန်တွေ၊ ကြမ်းတိုက် ဒီနပ်ချွတ်ပေးဖို့ပဲသိကြတယ်..ဘာမှသုံးစားမရတဲ့ အောက်တန်းစား ျန်စုတ်တွေ.."

"ခွမ်း.."

ဒေါ်မြပုလဲဖြူ မျက်လုံးအပြူးသားနှင့် ကြည့်နေမိ၏။ သွားပြန်ပြီ ာက်ထပ်ဖုန်းတစ်လုံး.. ။

## အခန်း(၉၉)

"အဲ့ဒါတော့ လုံးဝမမိုက်ဘူးဟေ့ကောင်..ငါမကျေနပ်ဘူး..

Ime too.."

ဖြိုးခိုင်စကားကို မျိုးခိုင်ကလက်မထောင်ပြီး ထောက်ခံ၏။ ... က ဝီစကီမော့လိုက် ဘဲကင်ဖဲ့လိုက်နှင့် ဘာမှဝင်မပြောသေးဘဲ နေ...

"မကျေနပ်တာတွေပြောနေမယ့်အစား ဘယ်လိုဆေးထိုးမ... စားတာ မကောင်းဘူးလား.."

မောင်မောင်တင်က လည်ပင်းရှည်သွားကာ.. ၊

"ငါ့ကဆေးအပ်ပဲကိုင်တာနော်..ဟိုဟာဒီဟာထိုးဖို့တွေ သ... က မသိဘူး.."

"လုပ်မနေစမ်းပါနဲ့..ဆေးအပ်ကိုင်တာလည်း မင်းအလုပ်မ... ဘူး၊ ဆရာဝန်တွေ နာမည်နောက်မှာ အမြီးလေးနည်းနည်းရှည်... ရင် ဒုက္ခိတတွေဖြစ်ကုန်တာပဲ.."

"စိုးထွန်းနော်..မင်း.."

"မဟုတ်လို့လား..တချို့ဆို သွေးကြောတောင် ဖြောင့်အော... တတ်တော့ဘူး၊ တချို့ပြောပါတယ်.."



"မောင်မောင်တင်မပါဘူးလား.."

"မင်းတို့ကလည်းတစ်မျိုးကွာ..ဒီမှာ တာဝတိံသာကို ဒူးနဲ့တက်... ...တ်ရမလား မီးပုံရှို့ရမလားဆွေးနွေးနေတာ.."

"အဲ့ဒါ သျှန့်ဆီကမီးစိမ်းပြမှလေ..ငါတို့ဘာလုပ်ချင်ချင် ဒီကောင် ... ဆစ်ဂနယ်မပြဘဲ လုပ်လို့ရမှာလား.."

"ပြပြမပြပြ အခုငါတို့ဘာသာ ဆုံးဖြတ်မယ်.."

"ပြောကြည့်.."

ကျော်ခိုင်က ဖုန်းထွက်ပြောနေရာက ပြန်ဝင်လာပြီး နေရာမှာဝင် ...င်လိုက်ကာ.. ၊

"ဘယ်သူတွေဘာတွေးမိပြီလဲလို့ပါ.."

ဆရာကြီးစတိုင်လ်ပေါက်နေပေမယ့် သူတို့ထဲမှာ ကျော်ခိုင်တို့နဲ့ ...က ခေါင်းဆောင်လှုပ်ရှားသလိုဖြစ်နေတာကြောင့် ကျန်တဲ့လူတွေ ... ကျေကျေနပ်နပ်စုရုံးလာကြကာ.. ၊

"ငါတို့မှာ လူမင်းရာဇာရှိတယ်.."

"နတ်မင်းဒေဝါလိုသေးတာပေါ့.."

"နတ်မင်းဒေဝါက ငါတို့ရဲ့အာဏာသျှန်.."

"ဟုတ်တယ်.."

သူငယ်ချင်းကိုထိလို့ ဒေါသတွေထွက်နေကြကာ ဒေါသပမာဏ ...သည်း ညီညွှတ်မျှတနေကြလျက်.. ၊

"ဘယ်လိုတောင်လဲဆိုတာ ကိုယ့်မြေးတွေကို ခွေးစားစားကျီးထိုး ...စ်ထားတဲ့အပြင် လိုက်တောင်သတ်နေသေးတယ်.."

"သျှန် ငါတို့ကိုပြီးမှပြောပြမယ်ဆိုတဲ့ စကားအသွားအလာအရ ...ာ်ရောင်နဲ့တာဝတိံသာ တစ်ခုခုတော့တစ်ခုခုပဲ.."

ကိုဇေပြောလိုက်သည့်စကားမှာ သူတို့တွေခေါင်ငြိမ်သွားကြသည်။

"တစ်ခုခုဆိုတာ မင်းကဘာထင်လို့လဲ.."

"ဘာထင်လဲဆိုတာ တွေးနေရတာ ပင်ပန်းတယ်လေ..သျှန်ပြောမှာ ..."

"မင်းအမေကြီးတော်ပဲ.."

"မရှိတော့ဘူး..ယောကျ်ားမရလို့ သူ့ကိုယ်သူသတ်သေသွားတာ၊

ဆယ့်သုံးနှစ်သမီးတည်းက.."

"ဗိုက်ထဲမှာထဲက အာရုံအက်စ်ချိတ်ခဲ့ပါလား.."

"လူမင်းရာဇာတို့မောင်နှမတွေလို သူ့အမေက ဖုန်းသုံးခွင့်မ...
လို့ဖြစ်မှာပေါ့.."

"ဟား ဟား ဟား.."

မျက်နှာတည်တည် စူစူပုတ်ပုတ်တွေက ဝါးခနဲထရယ်ကြကာ ...
ဖို့သောက်ဖို့တွေပါ သတိရသွားကြပြီး ဝိုဝိုပြေပြေဖြစ်ကုန်သည်။ ...
ဆုံကြပြီဆို စိုးထွန်းရဲ့ဘားမှာပဲဖြစ်ကာ ဆုံကြသည့်အချိန်မှာ တစ်...
လုံးက သူတို့အတွက်ချည်းမို့ လွတ်လပ်နေကြ၏။

"သျှန်နဲ့ငါတို့ အဲ့ဒါကိုပြောဖူးတယ်လေ..ဒါပေမယ့် မြတ်ပန်း...
တို့ကိုလည်း သူတို့ကဂရုမစိုက်ဘူးဆိုတော့ ဖြစ်နိုင်ချေက ရာခိုင်နှ...
နည်းသွားတာကိုး..အခု မင်းတို့စဉ်းစားကြည့်.."

"အေးပါ..ပြောပါ၊ စဉ်းစားချင်လွန်းလို့ပါ.."

"အစကသျှန် အဲ့ဒီကောင်မလေးကို ဘယ်လိုဆက်ဆံသလဲ..."

"ဒီကောင်က ဒီတိုင်းပဲဟာ.."

"မဟုတ်ဘူးလေ..ကနုတ်ရောင်ကို သူရင်ခုန်နေတာတောင်..."

"အခု အိုခေနေလို့လား.."

"ဟုတ်တယ်.."

"ဘယ်သူပြောတာလဲ.."

"ဘယ်သူမှမပြောဘူး.."

"မင့်.."

"ငါ့ကြီးတော်အကြောင်းထပ်ပြောရင် ငှက်ပျောတုံးအစား ...
သူကို ထည့်လွှတ်လိုက်မှာ.."

အချိန်မီအရှိန်သတ်လိုက်ပြီးမှ ဖြိုးခိုင်က နှာခေါင်းပွတ်ရင်း
ကျဲကျဲနှင့်.. ।

"ငှက်ပျောတုံးကြီးနဲ့မှ အဆင်ပြေသွားတာကို ငါ့လောက်...
လေးနေမှာ..မပြောတော့ဘူး.."

စကားသည်လိုရင်းမရောက်ဘဲ ရယ်လိုက် ပုလင်းသံဖန်...
တွေ ထွက်လာလိုက်နှင့်.. ।



"တော်ပါပြီကွာ..ကနုတ်ရောင်က တာဝတိံသာက မျိုးဆက်ဟုတ်
...ာမဟုတ်တာ ငါတို့အလုပ်မဟုတ်ပါဘူး၊ ကနုတ်ရောင်ကို သျှန်တ
...ယ်ချစ်တာ မချစ်တာလည်း အရေးမကြီးဘူး..မပြောချင်တော့ဘူး.."

"ပြောပြီးနေမှ.."

"ကိုဇေ..မင်းတကယ်ကြီးလား.."

"ဘာလဲ.."

"မင်းပြောတဲ့ဟာ.."

"သိဘူးလေ.."

"မင့်ကြီးတော်နဲ့ငှက်ပျောတုံး ဘယ်အသင်းကအရင်ဆွေးသလဲ
...ာ သိလား.."

"မသိလိုက်ဘူး..မင်းကျမှ သေချာကြည့်ပေးထားမယ်၊ သေရင်
...ကိုအကြောင်းကြား..ရောက်ရာအရပ်က ငှက်ပျောတုံးထမ်းပြီး အပြေး
...ာခဲ့မယ်.."

"သေနာ.."

မောင်မောင်တင်က မိန်းကလေးသံလို နွဲ့နွဲ့စူးစူးလေးမို့ ဆဲလိုက်
...င်း ကြားတဲ့သူကို ရယ်ချင်စေသောဆုတောင်းနဲ့လည်း ပြည့်လေ
...ည်။ ညဦးနက်တဲ့အထိ သူတို့ပြောလို့မပြီးနိုင်ဖြစ်နေခဲ့ကြလျက်.. ।

"ကိုယ့်အိမ်မှာ တစ်ပူပေါ်နှစ်ပူဆင့်နေကြတာ သတိမထားဘူး..သူ
...းကိုသတ်ပြီး သူ့မကိုချောက်တွန်းဖို့ ကြိုးစားနေကြတယ်၊ ငါတို့မှာ
...ောက်တွန်းနည်းမျိုးစုံရှိနေတာ နည်းနည်းလောက်သိအောင်ပြမှဖြစ်
..."

"လူမင်းရာဇာကိုလား.."

"ဟုတ်တယ်..ဒီကောင်က ငါသေဆိုသေရှင်ဆိုရှင်.."

ဒုက္ခရောက်နေချိန် မျက်စိသူငယ်နားသူငယ်ဘဝကနေ အေးဆေး
...ောက်ယူထားလိုက်သည်။ အစ်ကိုလို သူငယ်ချင်းလိုချစ်ခင်အားကိုးမှု
... အိတ်သွန်ဖြာမှောက်ရအောင် ယူထားလိုက်၏။ အလုပ်လိုချင်သ
...အလုပ်ရအောင် ညွှန်ပေးလိုက်သည်။ အခက်အခဲဖြစ်နေသလား
...နိုင်တဲ့သူဆီ လွှတ်ပေးလိုက်သည်။ ထိုအခါ လူမင်းရာဇာအောင်
...း အော်ရမည့်အဖြစ်ရောက်တိုင်း တမ်းတသည့်သူက ဖြိုးခိုင်ဖြစ်လာ

ခဲ့၏။ ဒီနေ့ထိ လူမင်းရာဇာဘဝမှာ ဖြိုးခိုင်သည်သူ့ဘဝအတွက် အား
ရာ.. ।

"သိန်းအုပ်စိုးညစ်နေတာကို ဒီကောင်မခံနိုင်ဘူးဖြစ်နေတာ..
ကလည်းရှိတော့.."

"အဲ့ဒါ မင်းဘာလုပ်မလဲ.."

"သားအမိကြားမှာ ကျပ်ပေးထားတဲ့ မူလီလေးတစ်လုံး ဖြုတ်
လိုက်ရုံပဲ.."

## အခန်း(၁၀၀)

"ဒီလောက်တောင် နင်အဖြစ်မရှိဘူးလားဟင်.."

ဦးကျော်ဆွေးဘာမှပြန်မပြောဘဲ တောင့်မတ်စွာရပ်နေ၏။ ဒေါ်
သီရိ၏ တဆတ်ဆတ်တုန်နေသော လက်ကောက်ဝတ်မှ နဝရတ်
ချုပ်ကြီးနှင့် ပတ္တမြားလက်ကောက်၏အရောင်သည် လက်တို့တုန်
နေသည့်အတိုင်း တဖျတ်ဖျတ်လက်နေကြ၏။ သူမ၏တစ်ချက်
အမိန့်တိုင်းကို ဒီလူတွေကျေပြွန်စွာ ထမ်းဆောင်ခဲ့သည်။ လိုချင်
သမျှ ဒေါ်မြမင်းသီရိမရခဲ့တာမရှိ။ ဖြစ်ချင်တာအကုန်လုံးဖြစ်ချင်
သလိုင်းပဲ ဖြစ်စေနိုင်ခဲ့သည်။ ဒီလောက်ထိ အားထားခဲ့ရသည့် လူယုံ

တော့ ဘာတွေမှောင့်မှားကုန်တာလဲ..။ ဘာခိုင်းလိုက်ခိုင်းလိုက်
ကြောင်းနဲ့ငြိ ဒီအကြောင်းကြောင့်ပျက်.. ।

"ဆိုတော့..ကနုတ်ရောင်ကိုမိပြီးမှ လွတ်သွားတယ်ပေါ့.."

"ဟုတ်ပါတယ်.."

ဒေါ်မြမင်းသီရိ တင်းခနဲအံကြိတ်သည်။ ပြီးတော့ လက်တစ်ဖက်
အင်နှင့်အားနှင့်မြှောက်တက်သွားကာ.. ।

"ဖြန်း.."

တစ်ချက်ရိုက်ချလိုက်ပြီး အားမရနိုင်.. ။

"ဖြန်း.."

"မယ်မယ်.."

ဒေါ်မြပုလဲဖြူ မိခင်ကိုပြေးဝင်ဆွဲကာ.. ။

"ဒေါသထွက်ရင် မယ်မယ်ပဲရောဂါရမယ်..တော်ပါတော့ ကျောက်တို့လည်း လုပ်ကြတာပဲ..တစ်ခါမအောင်မြင်တော့ နောက် ခါပေါ့.."

"ဘာ.."

ဒေါသသည် သမီးဖြစ်သူဘက်ကိုရောက်သွားခဲ့ပြီး ညရဲ့ တမ်းကိုလည်း သတိမရနိုင်.. ။

"သူဘယ်လိုလုပ်ရမယ်..ငါဘာလုပ်ဖို့ရှိတယ်ဆိုတာ သေချာ လိုက်ပြီးပြီ၊ ဒီကိစ္စ ခုတစ်ခါလွဲသွားရင် ဘယ်လိုပြန်စမလဲ..အာဏာ ဆိုတဲ့နတ်ဆိုးကို ဘယ်လိုလူစားလို့ထင်နေသလဲ၊ နင်အသက် ဦးနှောက်သေးလှချေလား..လူတွေငွေတွေကြိုက်သလို သုံးခိုင်းထား ဒီမိန်းကလေး ဒီခြံဝင်းထဲထိလည်း ရောက်လာသေးတယ်..ဒါ ဒါတောင်မှ.."

"မယ်မယ်တော်ပါတော့.."

ဒေါ်မြမင်းသီရိသတိလက်လွတ်ဖြစ်တဲ့အထိ ဒေါသအိုးကွဲ ခဲ့လျက် သမီးဖြစ်သူဆွဲလွှဲတားဆီးနေသည့်ကြားက ဦးကျောက် ရိုက်နှက်ဖို့ ကြိုးစားနေဆဲရှိကာ.. ။

"သွား..ခုချက်ချင်းသွားသတ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တွေဘာပြောပြော နှစ်ယောက်စလုံးကိုသတ်ပစ်ခဲ့..ကနတ်ရောင် အာဏာသျှန်ကိုရော.."

ဦးကျောက်ဆူးမျက်နှာမော့လာသည်။ ဒေါ်မြမင်းသီရိက အရှိန်နှင့် အမိန့်တွေပေးနေဆဲ.. ။

"အာဏာသျှန်ဆိုတဲ့နာမည်ကို တစ်ခါခေါ်တိုင်း ဒီနတ် အားတိုးနေတာ..အာဏာကိုဖိဆန်ဖို့မွေးလာတဲ့နတ်ဆိုး၊ အက တုံးလိုက်နဲ့မွေးလာတဲ့ ငရဲကလူ..ဘယ်သူမှ ဂရုစိုက်စရာမလို



ကိုသတ်ပြီး အလောင်းယူလာခဲ့..ခုချက်ချင်းသွား၊ ရတဲ့နည်းနဲ့ သေအောင်သတ်.."

သို့သော် ဦးကျောက်ဆူးက မျက်လွှာချခေါင်းငုံ့သွားခဲ့ပြီး.. ။

"ကျွန်တော့်ကိုပေးချင်တဲ့အပြစ်ပေးပါ မယ်တော်ကြီး.."

ဘယ်လိုမှမထင်မှတ်သည့် စကားဖြစ်သည်။ ခပ်ငုံ့ငုံ့မျက်လွှာချထားသည့် ဦးကျောက်ဆူးရဲ့အဖြူရောင်ရောနေသော မျက်ခုံးမွှေးရှည်တို့က ရှည်လျားစွာ စိုက်ဆင်းနေကြကာ အဖျားတို့သည် ဇင်ယော်တောင်ပံတို့ ထောင်တက်နေကြ၏။ ခပ်ပြည့်ပြည့်လေးထောင့်ဆန်ချင်သော မျက်နှာညိုညိုကြီးနှင့်မျက်ခုံးတို့အရ ရာဇဝင်ထဲက စစ်သူကြီးကဲ့သို့ ခန့်ညားနေလေသည်။ သို့သော် ပါးရိုက်ခံထားရသော ပါးပြင်တို့ကြောင့် မျက်နှာသည် နီညိုညိုအရောင်ဖြစ်နေခဲ့ပြီး မာနကြောင့်တည်နေသော်လည်း ကြေကွဲခြင်းဖြင့် တုန်ယင်ပြိုကျနေခဲ့လျက်.. ။

"ကျွန်တော်လူသတ်ပေးဖို့အတွက်တော့ တာဝန်မကျေပါရစေနဲ့.."

"ဘာ.."

မယုံနိုင်သည့်'ဘာ'သံက တိုးလျနေခဲ့ပြီး နောက်ထပ်စကားသံတို့သည်လည်း.. ။

"နင်က ငါ့အမိန့်ကို ဘယ်လို..ဘယ်လိုပြောလိုက်တယ်ကျောက်ဆူး.."

ဦးကျောက်ဆူးနဲ့မိခင်ကြားမှာ ကြီးမားစွာပေါက်ကွဲကြတော့မှာမို့ ဦးကျောက်ဆူးဒီအချိန်မှာ ဒီလိုစကားမျိုးပြောလိုက်သည့်အတွက် ဒေါ်မြပုလဲဖြူ စိတ်တိုသွားသည်။ သို့သော် ပိုဆိုးသောစကားတို့သည်.. ။

"ကျွန်တော့်ကိုသတ်မယ်ဆိုလည်း လည်စင်းပေးမှာပါ..ကျွန်တော် ကျွန်တော်ကနတ်ရောင်ကို သတ်ဖို့လက်နှေးနေခဲ့တာအမှန်ပါပဲ..အာဏာသျှန်က လက်ဦးသွားပေမယ့် ကျွန်တော်အရင်မိခဲ့ရင်လည်း ဒီကလေးမကိုသတ်ဖို့က.."

"တိတ်စမ်း..ခုချက်ချင်းတိတ်.."

အာဏာစက်အောက်မှာ စကားသံသည်လည်း တိခနဲပြတ်သွားခဲ့၏။

"နင်က ငါ့ကိုမတရားလုပ်နေတယ်ပေါ့..ဟုတ်လား၊ ကိုယ်မွေးခဲ့

ကျွေးခဲ့တဲ့ကလေးကို ပြန်သတိရကြတယ်လို့ ပြောလိုက်တာပေါ့.."

ခေါင်းတွင်တွင်ငုံ့ထားပုံကလည်း လည်စင်းပေးနေသလိုပါ၊ သော် မေးခွန်းတိုင်းကို ပြန်မဖြေခြင်းအတွက် ဒေါ်မြမင်းသီရိရဲ့မေး တွေက ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်နေသည့်နှယ်.. ၊

"ငါ့ကိုဘယ်တုန်းက အာခံရဲသွားတာလဲ..နင်အသုံးမကျလို့ ရိုက်တာကို ငါ့ကိုဒေါသပြန်ပြတာလား.."

"မဟုတ်ရပါဘူးမယ်တော်ကြီး.."

"နင်က.."

"မယ်မယ်.."

ဒေါ်မြမင်းသီရိလက်ကို ဒေါ်မြပုလဲဖြူက ဆွဲထားလိုက်ပြန် ထိုအခါ ဦးကျောက်ဆူးကလည်း ခေါင်းငုံ့ထားလျက်နှင့် နောက် တစ်လှမ်းဆုတ်လိုက်ပြီး.. ၊

"တစ်သက်တာလုံး အမှုထမ်းလာခဲ့တဲ့ သံယောဇဉ်တို့ကြောင့် တော်ကြီးကို အရဲစွန့်ပြောပါရစေ..အခုလုပ်နေတာတွေက မကေ တွေပါ၊ အဲ့ဒါကြောင့် မယ်တော်ကြီးဘက်က ရပ်တန့်လိုက်ပါ

လူပါးဝတဲ့ ကျွန်ပါလား.. ၊

မျက်လုံးတွေ မီးတောက်မတတ်စူးရဲသွားတာကို ဦးကျောက် မရဲတရဲကြည့်ကာ မျက်လွှာပြန်ချ၍.. ၊

"ဘယ်သူမှန်တယ် ဘယ်သူမှားတယ် ကျွန်တော်မပြောဝံ့ ဒါပေမယ့် မယ်တော်ကြီးဘက်မှာ အများကြီးဆုံးရှုံးနေပါပြီ၊ ဒေ သတိနဲ့ထိန်းဖို့.."

"တိတ်စမ်း..နင့်ပါးစပ်.."

"ဟုတ်ကဲ့ပါ..နောက်လည်းမပြောတော့ပါဘူး၊ ကျွန်တော် တွေကို မယ်တော်ကြီးကို စောင့်ရှောက်ဖို့ ထားရစ်ပါ့မယ်..ကျွန် တော့ ဒီနေ့ကစပြီး တာဝတိံသာစံအိမ်ရဲ့အမှုထမ်းအဖြစ်ကနေ နှု ပါတယ်.."

ကြည့်စမ်း.. ၊

ဘယ်လိုမှမယုံနိုင်။ မယုံနိုင်ခြင်းသည် ဘာစကားမှမဆိုနိ တဲ့အထိ ဆွံ့အကြောင်ငေးနေမိဆဲ.. ၊



"သူခိုး..သူခိုး စံအိမ်ထဲကထွက်ပြေးသွားပြီ၊ လုပ်ပါဦး..သူခိုး.." ဟာင်.. ၊

ရှေ့က ဒေါသမီးကိုမငြိမ်းနိုင်သေးမီ နောက်ကစံအိမ်အကူမိန်းက လေးတို့၏ အော်ဟစ်သံတွေထွက်လာခဲ့လျှင်.. ၊

"သူခိုးပါရှင်မမကြီး..ဟိုမှာသူခိုး၊ အများကြီးသယ်သွားပြီ.."

မိန်းကလေးတွေ ပြေးလွှားရင်းအော်ကြသဖြင့် ညဦးယံမှာ ပတ် ကျင်တစ်ခုလုံး ပွက်လောရိုက်သွားသည်။ ထိုဆူညံမှုသည် ခြံဝင်းရှေ့ မထိ ပဲ့တင်သွားခဲ့ပြီး.. ၊

"လိုက်..လိုက်.."

"ဘယ်မှာလဲသူခိုး.."

"ဟေး..ဟိုဘက်ကပိတ်ထားဟ.."

အိမ်ရှင်ဖြစ်သည့် ဒေါ်မြပုလဲဖြူကိုယ့်အိမ်အခိုးခံရမှန်းသိလိုက် ည်။ အထုပ်အထည်နဲ့ပါသွားပြီမှန်းလည်း သိနေသည့်တိုင် စံအိမ် င်းက ပြဿနာတစ်ရပ် အပြင်ဝန်းကျင်ကိုပေါက်ကြားသွားခြင်းအ ကြောင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။ အော်ဟစ်ဆူညံနေပြီဖြစ် ည့် အိမ်ကအစေခံမိန်းကလေးတွေကိုလည်း တားဆီးချိန်မရ။ အုတ် ်သောင်းနင်းဖြစ်သွားသည့် အခြေအနေကိုလည်း မထိန်းနိုင်ခဲ့ဘဲ..၊

"စည်းမရှိကမ်းမရှိ ပေါက်လွှတ်ပဲစားကျွန်တွေ ကျွန်တွေမွေးတဲ့ ခိုက်.."

"ဘာတွေပါသွားသွား ရတဲ့သူယူပေ့စေ..ဘယ်ရုံးပြေကနားမှမ ်နဲ့၊ အော်တဲ့ကျွန်တွေပါအကုန်မောင်းထုတ်..တစ်ယောက်မှမကျန် ဘာဖြစ်လဲ၊ ပိုက်ဆံရှိရင် ကျွန်ရှိတယ်.."

စံအိမ်ထဲကို စိုးရိမ်တကြီးပြေးဝင်လာသည့် ဦးကျောက်ဆူးခြေ တွေ တုံ့ခနဲဖြစ်သွားသည်။ သို့သော် ကျေးဇူးတရားဆိုသည်မှာ ပေးခဲ့တာကို မေ့နိုင်ရမည်။ သူ့ဆီက ယူထားတာကို မှတ်ရမည် ရှေးလူကြီးပြောစကား 'သူ့ကျေးဇူးကိုမှတ်ထားပါ ကိုယ့်ကျေးဇူးကို ပါ'ဆိုတာကို ဦးကျောက်ဆူးခိုင်မာစွာ နှလုံးသွင်း၍ ရှေ့ဆက်လှမ်း ပြီး.. ၊

"မယ်တော်ကြီး..အပြင်မှာသူခိုးမိသွားပါပြီ.."

"မိပုစေ..သူခိုးဖမ်းပေးတယ်ဆိုပြီး ဂုဏ်ပြုလက်မှတ်ထွက်ပေး မလား၊ မလိုဘူး..အဲ့ဒီသူခိုးရော ခိုးသွားတဲ့ပစ္စည်းတွေရော ဘယ်သူ့အ လုပ်လုပ်.."

ပြောပြီး သမီးမျက်နှာကိုစူးစူးစိန်းစိန်းစိုက်ကြည့်ကာ.. ၊

"ကိုယ့်ပစ္စည်းကိုယ့်အိမ်ရာကိုတောင် လုံခြုံအောင်မထိန်းနိုင်ရင် လိုက်..အခိုးခံရတာ ခိုးယူနိုင်တဲ့လူအပြစ်မဟုတ်ဘူး၊ အခိုးခံရအော ညံ့တာဘယ်သူလဲ..ကိုယ့်ကိုယ်ကိုပြန်မေး.."

"မမလေးညံ့လို့အခိုးခံရတာ မဟုတ်ပါဘူးမယ်တော်ကြီး..မိဘအိမ် မို့ အလွယ်တကူဝင်လာနိုင်တာပါ.."

"ဘာ.."

"ဟင်.."

ဒေါ်မြပုလဲဖြူတစ်ကိုယ်လုံး တုန်ခါသွားသည်။ ဦးကျော်က ကလည်း စိတ်မကောင်းသည့်မျက်ဝန်းတို့ဖြင့် တစ်ချက်ဝေ့ကြည့် မျက်နှာငုံ့ကာ.. ၊

"ခိုးတဲ့သူက.. လူ.."

"တိတ်စမ်း.."

"သား..ကျွန်မသားလေးလား.."

ပြင်းရှမာထန်သည့်အာမေဋိတ်သံနှင့် တုန်လှိုက်သည့်ယူကျုံမ တို့ ပြိုင်တူထွက်ပေါ်လာခဲ့လျက်.. ၊

"သားလေး.."

"ပုလဲ..ရပ်နေစမ်း.."

ဒေါ်မြမင်းသီရိရှေ့ကနေ ကာကွယ်ရပ်လိုက်သဖြင့် ဒေါ်မြပု ပြတင်းတံခါးဆီပြေးသွားသည်။ တံခါးပေါက်ကိုပြေးကြည့်လိုက် ထပ်တစ်ပေါက်ကိုပြေးလိုက်နှင့် အရူးတပိုင်းဖြစ်နေခဲ့လျက်.. ၊

"သားက သူ့အမေပစ္စည်းကိုပိုင်တာပဲ..ခုချက်ချင်းလွှတ်ပေး ဖို့ သွားပြောပေးပါ၊ သားလေးကိုခေါ်လာခဲ့ပါဦးကျော်.."

"ရပ်စမ်း.."

ဦးကျော်ဆူးခြေလှမ်းပြင်လျှင် ဦးမြမင်းသီရိ၏အမိန့်သံ ကွင်းတစ်ခုလို သူ့ခြေထောက်တွေကို ပတ်ဝိုင်းတားဆီးလိုက်လျ



"ဘယ်လိုကြံစည်လိုက်တာလဲပုလဲဖြူ..မြမင်းသီရိရဲ့မြေးက သူခိုး လား၊ နတ်ရေကန်စံအိမ်ကြီးက မျိုးဆက်က မိဘရတနာထုပ်ထမ်း လေလွင့်ရမ်းကားနေတဲ့ ကလေကဝလား.."

"မယ်မယ်.."

"လုံးဝမခေါ်ရဘူး..မိဘပစ္စည်းလည်း မိဘပေးမှယူခွင့်ရှိတယ်၊ ယ်သူ့ပစ္စည်းဖြစ်ဖြစ် မပေးဘဲယူရင် ခိုးတာပဲ..ခိုးလို့ခိုးတဲ့အပြစ်ခံရ တာ.."

"မယ်မယ် ခုနပြောတော့ ခိုးလို့ရလို့ခိုးတာဆို..ခိုးတဲ့သူမှာအပြစ်မ ဘူးဆို၊ သားလေး ဒီဘဝရောက်ခဲ့တာ သမီးညံ့လို့ပါမယ်မယ်..သမီးကို ကျက်တဲ့အပြစ်ပေးပါ..သားလေးကို.."

"ဦးကျော့်မြတ်ခေါင် သူခိုးမိထားတယ်ဗျို့.."

"ပစ္စည်းတွေမနည်းဘူးဗျ.."

"ဟော့..မလုပ်နဲ့.."

"ဒီသူခိုးတအားရုန်းနေတာ.."

"ဟိတ်ကောင်..ငြိမ်ငြိမ်နေစမ်း.."

"ဘောင်း.."

"ဖြန်း.."

ထွက်လာသမျှအသံတွေကို ကြားနေရသည်။ ပြတင်းပေါက်က ကြည့်တော့ ဓာတ်မီးရောင်တွေ လမ်းပေါ်မှာမနည်းမနောဖြစ်နေကြ ခိုက်နက်သံ ဆဲဆိုသံတွေ.. ၊

"ဟော့..ကျော်ဆူး၊ နင်ငါတို့နဲ့မဆိုင်တော့ဘူးမို့လား..ခုချက်ချင်း သွား၊ ခြံပြင်ကကိစ္စကို စောင်းတောင်မကြည့်နဲ့.."

ဦးကျော်ဆူးမျက်လုံးတွေက သည်းခြေပျက်မတတ် ကြောက် နေသည့် ဒေါ်မြပုလဲဖြူထံဖျတ်ခနဲ ဝေ့သွားသည်။ သို့သော် မျက် ချင်းမဆုံမိခင် မျက်နှာလွှဲကာ နေရာမှလှည့်ထွက်သွားလေသည်။

"ဦးကျော်..ဦးကျော်နေပါဦး၊ သားလေးကိုကယ်ပေးပါ..ကျွန် သနားရင်ကယ်ပေးပါရှင်.."

ဦးကျော်ဆူး အနည်းငယ်မျှစောင်းမကြည့်ခဲ့ဘဲ ခြံဝင်းကိုဖြတ် အပြင်ထွက်လာခဲ့သည်။

"ဟော့..ဘာလို့အတင်းရိုက်နေကြတာလဲ၊ သူခိုးကလဲနေပြီ.."

"သူကပြန်ခံဆော်တာရဲမှုး..ပြီးတော့ တအားရုန်းနေတာ.."

လူတွေက အုံခဲနေသည်။ အိမ်ရှင်ကိုခေါ်နေတာမို့ ခြံဝတံခါး... စုပြုံနေကြတာဖြစ်၏။ လှည်းကင်းရဲတွေနှင့်တိုးကာ သူခိုးကိုဆွဲထု... လျှင် လူလူသည် လယ်သာဂျာကင်အရှည် အဝါရောင်နှင့် ငုံ့ထားသ... မျက်နှာထက်မှာ တွန့်လိမ်ကောက်ကွေ့သောဆံပင်တို့က သွေးစတို့... ကပ်ငြိပြီး ရုပ်မပေါ်နိုင်။ ထို့ပြင် သူ့မျက်နှာကို လူတွေကဆံပင်ဆွဲ... ပြီး မော့စေသော်လည်း ဇွတ်အတင်းရုန်းပြီး ငုံ့ချပစ်နေ၏။

"ခွေးသူခိုးက လူပါးဝလို့..ကိုင်းကွာ.."

"ခိုးထုပ်ခိုးထည်နဲ့မိနေတာတောင် သူ့သောက်ခွက်ကိုမြင်မှာ နေသေးတယ်.."

"ဒီခြံထဲကထွက်လာတာလား.."

"ဟုတ်တယ်ဆရာ..အဲ့ဒီထဲကပဲအော်တာ၊ သူ ဒီနောက်လမ်း... ကနေထွက်လာတာ.."

"ဒီခြံထဲက အိမ်ရှင်တွေမထွက်ဘူးလား.."

"မထွက်လာဘူး.."

ရဲနှစ်ယောက်က ခြံထဲကိုဓာတ်မီးတစ်ချက်ဝှေ့သည်။ ဦးကျေ... ဆူး ပန်းခြံကိုကွယ်နေလိုက်၏။

"ခိုးရာပါပစ္စည်းနဲ့ သူခိုးကိုကားပေါ်တင်လိုက်..ပိုင်ရှင်လိုက်... လိမ့်မယ်၊ စခန်းကျမှရှင်း.."

"သတိလစ်နေပြီထင်တယ်.."

"ခုတော့ သောက်ခွက်မငုံ့နိုင်တော့ဘူးဟ.."

"ကြည့်ဦး..အသက်ငယ်သေးပုံပဲ၊ ရေသာခိုအချောင်လိုက်ချင်..."

ဦးကျောက်ဆူး ရှေ့ထပ်တိုးသည်။ သံပန်းတံခါးကြားကနေ ... ကိုချောင်းကြည့်လိုက်၏။ ဒီတစ်ခါမြင်ရခြင်းက ရင်ကိုဆူးတစ်ချော... နှင့် တဆုံးဖိစိုက်လိုက်သလို စူးနင့်သွားခဲ့၏။ သွေးစီးကြောင်း... မြင်မကောင်းအောင်ဖြစ်နေသည့်လူလူသည် ရဲတွေလက်ထဲကနေ ... ဆီ လှည့်ပြန်တစ်ချက်ကြည့်၏။ အနိုင်နိုင်ထူမတ်၍ ကြည့်လိုက်... မျက်လုံးတွေကို ဦးကျောက်ဆူးသေချာမြင်လိုက်သည်။ ခြံဝကမ်း...



...ာက်မှာပဲ ထိုမျက်ဝန်းတို့ ပြည်လည်ဖိကပ်ယှက်ကျသွားခဲ့လျက်..၊

"မြန်မြန်လုပ်..သွေးတွေအတော်ထွက်နေပြီ.."

"တော်တော်လွန်တဲ့လူတွေ.."

"သူခိုးဆိုတော့လည်း သူတို့ပိုင်ပစ္စည်းဖြစ်သွားတာပေါ့ကွာ.. ...ာင်းဟော့.."

လူလူ့ကိုတင်ဆောင်၍ ကားသံကြီးဝေးကွာသွားခဲ့၏။ လူလူ့အ...ာက် ဦးကျောက်ဆူးမျက်ရည်တွေ ဝေ့သီလာခဲ့သည်။ ခိုးသာခိုးခဲ့ပေမယ့် ...နာမည်ကိုထည့်မပြော။ ဒီစံအိမ်ကသားပါလို့ နည်းနည်းလေးတောင် ...ခဲ့ဘဲ ရိုက်နှက်သမျှခံပြီး မျက်နှာပါငုံ့ထားခဲ့သေးသည်။ ဘွားအေ... သူ၏ ဒေါသမာနတွေကို ကလေးကနားလည်နေသည်။ ဘွားအေ... သူကတော့.. ၊

ပါးပြင်တစ်ဖက်သို့ မျက်ရည်တစ်စက်လိမ့်ဆင်းသွားသည်။ သူက ...ကြမ်းကြီးပါ။ ဒါပေမယ့် ဒီစံအိမ်မှာ ဟိုတုန်းတည်းက အမှုထမ်းခဲ့ ... လူယုံတစ်ယောက်။ ဒီကလေးတွေကို ဂရုစိုက်ထိန်းကျောင်းခဲ့ဖူး ...၊ ဗျင်းလို့ပါ..ကစားရအောင်ပါဆိုရင်လည်း အတူဝင်ကစားခဲ့ရ ...၊ "ဘဘကျောက်က မင်းသားနဲ့ချတဲ့လူကြမ်းတွေလို ဗိုက်တင်ပ ...ဘတ်လို့လား..အသက်ကကြီးနေပြီဥစ္စာ..လူကြမ်းနဲ့လည်းမတူပါ" လို့ အနားမှာလာထိုင်ပြီး ပြောခဲ့ရယ်ခဲ့ဖူးတဲ့ကလေးတွေ.. ၊

ဟုတ်ပါသည်..။ လူကြမ်းလုပ်နေရပေမယ့် သူ့နှလုံးသားတွေမ ...းခဲ့ပါ။ မျက်ရည်စတို့ကို လက်ခုံနဲ့အသာသုတ်၍ ဒေါ်မြပုလဲဖြူကို ...ခေါ်လိုက်သည်။

သူ့ဘက်ကနောက်ဆုံးတာဝန် ထမ်းဆောင်ပေးခြင်းပဲဖြစ်ကာ.. ၊

## အခန်း(၁၀၁)

ဟင်.. ၊

ဖုန်းသံကြောင့် ဒေါ်မြပုလဲဖြူရှာခနဲလှည့်ကြည့်သည်။ ပြ
ဖုန်းဆိပြေး၏။

"ဟလို.."

"မမလေး လူလူ့ကိုရဲစခန်းခေါ်သွားကြပြီ..ဒဏ်ရာတွေများတ

ဘုရား..ဘုရား.. ၊

ခေါင်းထဲမှာမိုက်ခနဲဖြစ်သွားသည်။ အောက်မှာ ဘယ်အခြေ
နဲ့ ဘာတွေဖြစ်ကုန်ပြီလဲဆိုသည့် ရင်မှာလောင်သောမီးက ဖုန်
ကြားလိုက်ရသည့် သတင်းကြောင့် ဦးခေါင်းတစ်ခုလုံး ဝါးမြို
သွားစေသည့်နှယ်.. ၊

သားလေးကို ရဲစခန်းခေါ်သွားကြပြီ.. ။ သူ့သားကိုဒီလို
အောင် သူ့အဖေကပြဿနာကို တစ်ယောက်တည်း ဖြေရှင်းနေခဲ
သူ့အမေကတော့ ကိုယ့်ဆီရောက်လာတဲ့သားကိုတောင် လူရိုက်ခံ
ခံရအောင် တွန်းပို့လိုက်သေးသည်။ လက်တို့တုန်ယင်နေခဲ့လျ
ထားသည့်ဖုန်းက ညင်သာစွာလျှောကျသွားခဲ့၏။ သူမမျှော်လင့်



ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် သားကိုထိုနေရာကနေ ဦးကျောက်ဆူး
ဆွဲထုတ်လာနိုင်မည်ဟု။ ဒါပေမယ့် ဦးကျောက်ဆူး၏သစ္စာသည် မယ်
ယ့်အာဏာစက်ပေါ်မှာ တည်နေဆဲ..သို့တည်းမဟုတ် မယ်မယ်ပြော
ိုက်သော 'ဒီစံအိမ်က ပြဿနာတွေကို သူနဲ့မသက်ဆိုင်တော့'ဟု ယူ
ဆလိုက်တာလား..။ ခုတော့ ကျေးကျွန်တစ်ယောက်ကိုယုံကြည်အားကိုး
သည့်အတွက် သားလေးကိုသူမမကယ်လိုက်နိုင်။ ခပ်တွဲတွဲပြေလျော့
နေသည့် ဆံပင်ကို ဖြည်းချပစ်လိုက်ကာ တစ်ပတ်လျှိုဆွဲ၍ တင်းနေ
အောင် ထုံးလိုက်သည်။ ထို့နောက်.. ၊

"မြပုလဲဖြူ.."

သမီးဖြစ်သူ၏ခြေလှမ်းကြောင့် ဒေါ်မြမင်းသီရိအသံ ဟိန်းထွက်
လာသည်။ ခေါသံနှင့်အတူ သမီးရှေ့ကို တလွှားလွှားသွားပြီး ပိတ်ရပ်
ထားလိုက်ကာ.. ၊

"ဒါ ဘယ်ကိုဦးတည်တဲ့ခြေလှမ်းလဲ.."

ဒေါ်မြပုလဲဖြူ ခြေလှမ်းရပ်သွားသည်။ ရုတ်တရက်မပြောနိုင်
အောင် ဆို့နင့်နေပေမယ့် မိခင်အပေါ်ထားရှိသည့် ချစ်ခင်လေးစားမှုတို့
သည် အက်ရာထင်နေသော မှန်တစ်ချပ်၏မျက်နှာပြင်ကဲ့သို့ သူမမျက်
ဝန်းတို့က အကျည်းတန်နေခဲ့လျက်.. ၊

"တော်သင့်ပါပြီမယ်မယ်..သမီးတို့သားအမိကိုတော့ ခွင့်လွှတ်ပေး
သားလေးက မယ်မယ်နဲ့သမီးတို့အတွက် တစ်ဦးတည်းသောမျိုး
ဆက်သွေးပါ.."

ဒေါ်မြမင်းသီရိမျက်ဝန်းတို့က အေးစက်နေကာ သမီးရဲ့မျက်လုံး
အစုံထဲကို ထွင်းဖောက်မတတ် စူးစိုက်နေခဲ့ပြီး ဘာစကားမှမဆို။ ဒေါ်မြ
ပုလဲဖြူ၏စိမ်းသက်သော အကြည့်တို့သည် တိုးလျှိုးတောင်းပန်ခြင်းသို့
ပြောင်းလဲသွားခဲ့လျက်.. ၊

"သားလေးကို သမီးသွားခေါ်ပါရစေ..သွားခေါ်မှဖြစ်မယ်၊ ဟုတ်
တယ်မဟုတ်လားမယ်မယ်..လူလူက တာဝတီံသာရဲ့ တစ်ဦးတည်းသောမျိုး
ဆက် တာဝတီံသာအတွက် လူလူပဲ.."

"သူ့ခိုးမျိုးဆက်နဲ့ တာဝတီံသာရဲ့အနာဂတ်တံခါးကို ငါမဖွင့်ဘူး.."

"ဟင်.."

"မျိုးဆက်ပြတ်မှာ တာဝတီသာမျိုးတုံးသွားမှာကို မြမင်း
ကြောက်နေတယ်လို့ ညည်းဘာလို့ထင်လိုက်တာလဲ.."

"မယ်မယ်.."

"ဒီလိုသွေးဆိုးသွေးညစ်ကို အပ်နဲ့ထွင်းလို့မရရင် ပေါက်ဆ
ပေါက်ထုတ်မယ်..သူ့အလိုလိုမျိုးမတုံးရင် ငါကိုယ်တိုင်မျိုးတုံးပစ်ခဲ့မ

"ဘယ်လိုတောင်ပြောရက်တာလဲမယ်မယ်..ဗိန္ဒိသာရမင်းကြီး
သူ့သားလေးဝေဒနာနဲ့နိုးသွားမှာစိုးလို့ သွေးဆိုးသွေးညစ်ပေမယ့် မျိုး
ခဲ့ပါတယ်.."

"အဲ့ဒီတော့ သားကဒီကျေးဇူးကို တစ်သက်လုံးဆပ်သွားရော

ဒေါ်မြပုလဲဖြူ ဘာမှမပြောနိုင်။ ပြောစမ်းဆိုသည့်အကြည့်
ဒေါ်မြမင်းသီရိကလည်း တိတ်ဆိတ်စွာစောင့်၏။ ပြီးတော့မှ အ
တန်အောင် မဲ့ပစ်လိုက်ပြီး.. ၊

"မီးကိုလူတိုင်းမွေးတတ်တယ်..မွေးပြီးတဲ့မီးကိုတော့ လူတိုင်
ဘူး၊ သားသမီးကို ချစ်ပဲချစ်တတ်နေတဲ့အတွက် မိဘရဲ့ရင်ဘက်
တို့စုံကန်ခုံပေါက်စရာ ခြေနင်းကွက်ကြီးဖြစ်နေရတာ.."

"မိဘဖြစ်လာတည်းက သားသမီးအတွက် ပေးဆပ်ဖို့ပါမယ်

"ညည်းဘယ်လောက်ထိ ပေးဆပ်နိုင်သလဲ..အပ်တစ်ချော
အသက်တစ်ချောင်းလား၊ ညည်းဘယ်လောက်ပဲပုံပေးပေး ယူသွ
က သူဘယ်လောက်ရသွားသလဲဆိုတာ နားလည်ဖို့လိုသေးတယ်
ကိုင်ထားတာ စိန်ခဲမှန်းကျောက်ခဲမှန်းသိမှ ပေးသူယူသူအကျိုးရှိ
ငါ့ကိုချော့တစ်လှည့် ခြောက်တစ်လှည့်နဲ့ မျက်ရည်ခံမထိုးနဲ့ပုလဲဖြူ
သမီးမျက်ရည်မှာ ပျော်ဝင်မသွားဖို့ မြမင်းသီရိအသည်းက ထုံ
သား.."

အခြေအနေတစ်ရပ်သည် နေသာတုန်းမှာ မိုးရွာချလိုက်သ
နေသည်လည်းမပူ မိုးသည်လည်းမအေး.. ၊

"သားသမီးမကလို့ ဟောဒီကိုယ့်ရဲ့ကိုယ်ခန္ဓာက အစိတ်
တစ်ခုခုဖြစ်ပေ့စေ ဒုက္ခပေးနေပြီဆိုရင် ဖြတ်တောက်ထုတ်ပစ်

ဒေါ်မြမင်းသီရိက လက်နှစ်ဖက်ဖြန့်၍ လက်ချောင်းတွေ
လက်မောင်းတွေပုတ်ပြနှင့် ခက်ထန်စွာဟစ်ကြွေးလျက်.. ၊



"တစ်ဦးတည်းသောသားဖြစ်ဖြစ် တစ်ခြမ်းတည်းတစ်ဖဲ့တည်းပဲ
ရှန်ပါစေ..ညည်းဘာမှအမျှင်တန်းမနေနဲ့..လူ့ဘဝမှာ အသက်ထက်အ
ရေးကြီးတာ ဂုဏ်သိက္ခာပဲ၊ ငါ့ဂုဏ်သိက္ခာအတွက် ငါ့အသက်ကိုပေးရဲ
တယ်.."

"ဟုတ်တယ်..ကိုယ်မြတ်နိုးတန်ဖိုးထားရတဲ့အရာအတွက် ကိုယ့်အ
သက်ကိုပေးဆပ်ရဲကြတယ်၊ သမီးလည်း ပေးဆပ်ရဲတာပဲ..ဒါပေမယ့်
မယ်မယ့်လိုဂုဏ်သိက္ခာအတွက် မဟုတ်ဘူး၊ သမီးဘဝထက် သမီးတန်
ဖိုးထားတာ ကိုယ့်ရင်သွေးပဲ..အမေတစ်ယောက်အတွက် တာဝန်ယူမှု
ထက် အရေးကြီးတာဘာမှမရှိဘူး၊ သမီးတာဝန်ယူရမှာ သမီးရဲ့သား..
ဂုဏ်သိက္ခာဘယ်မှာရှိရှိ ဘယ်မှာမျောနေနေ ခုကစပြီး လုံးဝဂရုမစိုက်
တော့ဘူး.."

"ဘာပြောလိုက်တယ်.."

"ဖယ်ပါမယ်မယ်..သမီးသားလေးကို သမီးပစ်မထားနိုင်ဘူး၊ မယ်
မယ့်လမ်းစဉ်ဝါဒတွေကို မယ်မယ်နဲ့အတူလိုက်ပါထိန်းသိမ်းလာခဲ့ရတာ
ကိုယ့်လင်ကိုယ့်သားကို ရက်ရက်စက်စက်စွန့်ပစ်နိုင်ဖို့ ထုံဆေးထိုးနေခဲ့
တာမှန်း သမီးသိပြီ..သမီးလုံးဝဆက်မလုပ်နိုင်တော့ဘူး.."

"မြပုလဲဖြူ.."

ဒေါ်မြမင်းသီရိ လက်သီးနှစ်ဖက်ဆုပ်အော်သည်။ ဒေါ်မြပုလဲဖြူ
မ ရပ်.. ၊

"သမီးကိုလည်း မယ်မယ်အချိန်မရွေး ရက်စက်ဖို့ဝန်လေးမှာမ
ဟုတ်ဘူး..သူတို့လိုသမီးလုပ်မိရင် သူတို့တွေလိုပဲ တစ်နေရာရာမှာ တိရ
စ္ဆာန်တစ်ကောင်လို သေရမှာပဲ..မယ်မယ်က သမီးတို့အတွက် မိခင်ဆို
တာထက် ဂုဏ်သိက္ခာပြယုဂ်ကြီးပဲ..သမီးတို့က မယ်မယ့်ဂုဏ်သိက္ခာအ
ောင်ထွက်ဖို့အတွက် လိုအပ်သောပစ္စည်းတွေ.."

"ကဲဟာ.."

ဒေါ်မြမင်းသီရိ လက်ပြန်လွှဲရိုက်ပစ်လိုက်သည်။ ပြင်းထန်သော
ရိုက်ချက်ကြောင့် ဒေါ်မြပုလဲဖြူနေရာမှာတင် ပုံကျသွားကာ တစ်ပတ်
လှိမ့်သွားတိုင်း ရှုန်းနေတတ်သည့် အုပ်ခဲသည့်ဆံနွယ်တွေ ဖွားခနဲပြေ
ကျသွား၏။

"ခွေးလိုမိုက်တဲ့သမီး..ညည်းငါ့ကိုစော်ကားရဲတယ်၊ ဘယ်လို… စွာန်စိတ်တွေ ပေါက်လာတာလဲ..နင်တို့တွေ ဘယ်လိုအကုသိုလ်… ဖိစီးနေကြတာလဲ..နင်တို့အမေဘယ်တုန်းကမှ မမှားခဲ့ဘူးဆိုတာ … အောင်မှတ်သွား.."

တကယ်တော့ ဒေါ်မြပုလဲဖြူသတိလစ်နေပြီဖြစ်လျက်.. ၊

☎

## အခန်း(၁၀၂)

ထိုင်ပါဆိုလည်းထိုင်..ရန်လိုနေတာမျိုးလည်းမဟုတ်။ ဦးမြမင်းစံ…က်နှာက မတင်းပေမယ့် တည်နေသည်။ တည်နေသော်လည်း ဆွေး…ရိပ်ဝေနေခြင်းကို မြင်နေရ၏။

"မမြင့်တို့ကိုပြောချင်တာက အာဏာသျှန်နဲ့ကျွန်တော် ပြောဖို့မလို…ာ့တဲ့စကားပါ..ကျွန်တော့်သမီးကို ကျွန်တော့်လက်ထဲပြန်ထည့်ပေး…" တဲ့.. ၊

ဦးနေမင်းသစ်ကိုလည်းမကြည့်။ ရည်ရွယ်သောစကားတို့သည် …မြင့်မိုရ်ကိုသာဖြစ်ကာ ကနတ်ရောင်နှင့်ပတ်သက်သော အတိတ်…ကြောင်းတချို့ကို ပြောပြနေခဲ့ရင်း.. ၊

"သမီးလေးရဲ့အမေက ပြည့်စုံကြွယ်ဝတဲ့မြို့သူတစ်ယောက်မဟုတ်…မယ့် ကျေးကျွန်မျိုးရိုးလည်းမဟုတ်ပါဘူး..ပြောရမယ်ဆို ယမုံခင်…ည်း.."

အကြည့်သည် ဦးနေမင်းသစ်ထံ စိုက်ခနဲတစ်ချက်ရောက်၏။ ပြီး…အားစက်စက်ပြန်လွှဲကာ.. ၊

"ယမုံခင်လည်း အဲ့လိုမျိုးထဲကမိန်းမတစ်ယောက် မဟုတ်ဘူး.."

ဦးနေမင်းသစ်မျက်နှာ ဖျက်သွားကာ မကျေနပ်ပုံပေါ်နေသည့်မျ နှာက ဖြုတ်ခနဲတစ်ချက်လျှော့ကျသွား၏။

"ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ပြောရရင်တော့ ဒေါ်ရွှေ ကို တာဝတိံသာက အစေခံတန်းလျားမှာသာ ထည့်မထားခဲ့ဘူးဆို ယမုံခင်လည်းကျေးကျွန်ဖြစ်လာမှာ မဟုတ်သလို အာဏာသျှန်လည်

"မင်းစံ..ဟော့ မင့်သမီးအကြောင်း ပြောနေတာမို့လား၊ ပြီးတာ ပြန်ပြောမနေနဲ့လေ.."

"မပြီးသေးလို့ ပြောနေတာပေါ့..ဘာလဲ မင်းကတကယ်ပြီးသ ပြီလား.."

ဘာလဲ..ဘာပုံစံနဲ့ မေးတာလဲ.. ၊

တစ်ယောက်ကမေးလိုက်ခြင်းကို တစ်ယောက်ကမေးခွန်းနဲ့ ကြည့်၏။ ဦးနေမင်းသစ်မျက်ဝန်းတွေမှာ စူးစမ်းမှုတွေသာ လွှမ်း ခဲ့လျက် ဦးမြမင်းစံ၏ အားနည်းသောမျက်ဝန်းတို့က တစ်စုံတစ် တွက် အဆင်သင့်ပြင်ပြီးရှိနေသကဲ့သို့.. ၊ သို့သော် ဖျတ်ခနဲမျက်န လိုက်ပြီး.. ၊

"မြင့်ကတော့ ယမုံခင်နဲ့ပတ်သက်ပြီး နားလည်ဖို့ကြိုးစား အဲ့ဒါလေးကို ထည့်ပြောတာပါ.."

"ဘယ်သူကနားလည်ခဲ့တာ မလည်တာ ငါတို့အိမ်တွင်းရေ တွေပါ..နေပါဦးမင်းက.."

"ငါကကနုတ်ရောင်ရဲ့အဖေပဲ..သွေးမတော်ပေမယ့် ငါမွေးခဲ့ သမီးအတွက် တာဝန်ယူဖို့အသင့်ရှိတယ်.."

သွေးတော်နေတဲ့သူကတော့ တာဝန်ယူစိတ်မရှိဘူးလို့ ပြော တာလား..။ ဦးနေမင်းသစ်မျက်နှာကြီးက တွေဝေသွားလိုက် မျက် ကုတ်လျက်နှင့် မာမာထန်ထန်ထဖြစ်သွားလိုက်။ ဘယ်လိုတွေဖြစ် နေမှန်း ကိုယ့်ကိုယ်ကိုမသိသော်လည်း ဘယ်သူကမှ မပြိုင်ဘဲ နိုင် တွေချည်းတစ်ယောက်တည်း ဖြစ်နေတာတော့ သေချာ၏။ ဦးမြ ပြောနေသည့် အကြောင်းအရာနဲ့ပတ်သက်၍ သူဘယ်လိုမှကျန် ဖြစ်၊ ဒီလိုလည်းအဖြစ်မခံနိုင်။ ဒါပေမယ့် တစ်ယောက်တည်းပြေ ပြီး ရှေ့ရောက်ပြီလည်းမထင်.. ၊



"မြမင်းစံက မမြင့်ကိုပဲပြောပါ..သူကတော့ သားနဲ့အဆင်မပြေ သေးတော့လေ.."

"ပြေစရာအကြောင်းလည်းမရှိဘူး.."

ရင်ထဲက တခြား ပြောချလိုက်တာတခြား။ ဒါပေမယ့် ဦးနေမင်း သစ်မျက်နှာ တစ်စက်လေးမှ မပျော့ဘဲ ဆိုဖာမှာထိုင်ရာကနေ ထရပ် လိုက်သည်။ ပြီးတော့ ဆိုဖာနောက်ထိလျှောက်သွားပြီးရပ်ကာ.. ၊

"မင်းကိုမော့ကြည့်ပြီး ပြောနေရတာ အဆင်မပြေလို့.."

"ပုရွတ်ဆိတ်တစ်အုံလုံး ဝိုင်းကိုက်လို့ဆိုလည်း မင်းကိုစိတ်မဝင် စားဘူး.."

"အလိုတော်.."

ကြားထဲက ဒေါ်မြင့်မိုရ်အာမေဍိတ်သံ ထွက်လာခဲ့လျက်.. ၊

"မသိရင် တစ်ချိန်ချိန် တစ်နေရာရာမှာ ချိတ်တွေရှိခဲ့တဲ့အတိုင်းပဲ.. ဘယ်လိုဖြစ်ကြတာတုံး၊ သူတို့ကိုယ်သူတို့ လူငယ်တွေကျနေတာပဲ..ရန် သူတွေလည်း မဟုတ်ဘဲနဲ့.."

"ဒါပေမယ့် သိရောသိခဲ့လို့လား..သူများပိုင်နက်ထဲလာပြီး ထေ့လုံး ငေါ့လုံးတွေနဲ့ ဘယ်သူလဲ.."

"ငါထေ့ငေါ့နေတာမဟုတ်ဘူး..အဲ့လိုထင်တာတော့ မင်းသမိုင်းပဲ"

"ဘာကွ.."

"မောင်လေးရယ်..ကနုတ်ရောင်နဲ့ယမုံခင်က တာဝတိံသာကို ရောက်လာကြတဲ့ ဘေးတစီမ်းတွေလေ၊ ရောက်လာကြပုံချင်းလည်းတူ တယ်..အခု ဒါကြောင့်ပြဿနာတွေလည်း တက်နေရတယ်၊ သူပြောပါ စေဦး.."

"ဘာလုပ်ဖို့တုန်း..ဘယ်သူဖြစ်ဖြစ် ဒီအိမ်ကိုလိမ်ညာပြီးရောက်လာ တယ်..တောက်လျှောက်လိမ်နေခဲ့တယ်၊ ပြစ်ချက်ကဒါပဲ.."

"ဒါဖြင့် ယမုံကိုမင်းမေတ္တာစိတ်တော့ ရှိသေးတယ်ပေါ့.."

"အဲ့ဒါရောမင်းအလုပ်ဘာပါလဲ.."

"ငါ့အလုပ်ငါလုပ်တဲ့အခါ စိတ်ရှင်းချင်လို့ပါ.."

သင်းက ဘာကိုရည်ရွယ်တာလဲ..။ ဦးနေမင်းသစ်မျက်နှာပျက် သွားသလို ဒေါ်မြင့်မိုရ်နားရှုပ်သွားသည်။ တစ်စုံတစ်ရာဆိုတာ ခံစားမိ

လိုက်ပေမယ့် သိလည်းမသိ။ သို့သော် စကားပြန်ဆက်လိုက်တော့
ကြောင်းအရာလွဲသွားပြန်ကာ.. ။

"ယမုံအမေဒေါ်ရွှေမှုန်ကိုတွေ့ပြီး အိမ်ခေါ်လာခဲ့တဲ့အဖြစ်မျိုး
နတ်ရဲ့အမေ မငွေဝါကိုတွေ့ခဲ့ပုံကလည်း အတူတူပါပဲ.."

ဦးမြမင်းစံက ဦးနေမင်းသစ်ရဲ့ဒေါသကို ဥပေက္ခာထားလို့
အတိတ်ကို အနည်းငယ်တူးဖော်၍.. ။

"ကနတ်ကိုတော့ သူ့အမေကမွေးပြီးပြီးချင်း ဆုံးသွားတယ်

"ဒါနဲ့ ကနတ်ရောင်ရဲ့အမေက ချမ်းသာတဲ့မြို့သူမဟုတ်
တော့ တောသူရွှေလား.."

"သူ့အမေက 'ပင်စိမ်းပင်'ရွာကရွာလူကြီးပါ..ကလေးအမေ
ကြတုန်းက ကျွန်တော်မပါဘူး.."

ငွေဝါဆိုသည့်မိန်းကလေးကို မွေးဖွားပေးခဲ့တာရော က
အိမ်ထိခေါ်လာခဲ့သည့်အကြောင်းတွေရော အားလုံးရဲ့အစီအ
ဆောင်က ဒေါက်တာမြထွတ်ဦးဖြစ်ကာ ထိုအချင်းအရာကိုတော
သူက လူယုံတော်ဦးကျောက်ဆူးဖြစ်သည်။

"အသက်ကယ်ပါရစေဆိုလို့ ကယ်ခဲ့ပြီးပြီ..ခေါ်လာပါရစေ
လည်း အခုအိမ်ကိုပါလာခဲ့ပြီ၊ 'တာဝတိံသာစံအိမ်'က မျိုးဆက်
မွေးမယ်ဆိုတာက မလွန်ဘူးလားသားငယ်..မယ်မယ်ဒါကိုတော့
လိုမှ မလိုက်လျောနိုင်ဘူး.."

"မယ်မယ်ရယ်..ဒီကလေးလေးမျက်နှာမြင်ကတည်းက
မောင်အပြင်မထွက်တော့တာ မယ်မယ်သိသားနဲ့၊ သူ့ကိုအိမ်
ဖို့လည်း ပြောလို့မရခဲ့ဘူး.."

"ပြုပြုမပြုပြု ငါ့သားနေချင်သလိုနေခွင့်ပေးထားခဲ့တာ

"ဒါကြောင့် သူထင်သလိုသွားလာနေတာ မဟုတ်ဘူးလာ
တို့သားအမိကိစ္စမှာတည်းက သူတွယ်တာတဲ့သူတွေအတွက်
တာပါမယ်မယ်ရယ်..ကလေးကိုရရင် သူခြေငြိမ်သွားမှာလေ၊
ခွင့်နဲ့မွေးမှာမဟုတ်ပါဘူးလို့လည်း ပြောနေတာပဲ..သူဖြစ်ချင်တာ
သမီးမဟုတ်ဘူးဆိုတာကို နောက်ထပ်ဘယ်သူမှထပ်မသိ
ကွယ်ထားပေးဖို့ပါ.."



ထို့ကြောင့် အကြီးဆုံးမြေးဖြစ်သည့် မြတ်ပန်းသဇင်က သူမမှတ်
နေတဲ့အတိုင်း ပြန်မေးတာတောင်.. ။

"သမီးလေးငယ်သေးတော့ ခရီးသွားရင်း ရောထွေးနေလို့ပါ..သမီး
လေးလေးစံရဲ့ ဇနီးမီးဖွားလို့ မေမေတို့သွားကြတာလေ၊ သမီးတို့ဒွေး
ဆုံးသွားလို့ ကလေးကိုခေါ်လာကြတာပဲ..ကနတ်က သမီးတို့လေး
စံရဲ့ တစ်ဦးတည်းသောသမီးလေးပါ.."လို့ စနစ်တကျညာခဲ့ရတာ
။

ကိုယ့်တစ်သြဇာ တစ်အာဏာနဲ့ဆုံးဖြတ်လို့ရပေမယ့် ဒေါ်မြမင်းသိ
ည့်သွင်းစဉ်းစားခဲ့တာက ဂုဏ်သိက္ခာပဲဖြစ်သည်။ ငွေဝါကိုမွေးပေးခဲ့
ည့်အချိန်မှာ သူမရွာကလူတွေ ရောက်လာခဲ့ကြသည်။ သူမက ရွာ
ကြီးဇနီးဖြစ်ကြောင်း ကိုယ်ဝန်ရှိစတည်းက ကျွဲခတ်ခံရကာ စိတ်က
ကလျားဖြစ်သွားခဲ့ပြီး ရွာကနေပျောက်သွားခဲ့ကြောင်း ခုမှရွာနီးချုပ်
မှာ သူမကိုတွေ့သည်လို့ သတင်းရပြီး လိုက်ရှာနေခဲ့တာ နှစ်ရက်ရှိ
ကြောင်း ရွာသားတွေက ရှင်းပြခဲ့၏။ ထို့ပြင် သူမရဲ့ခင်ပွန်းရွာလူ
ကတော့ ကိုယ်ဝန်သည်ဇနီးပျောက်သွားသဖြင့် မကြာခဏခရီးထွက်
ရှာဖွေနေတတ်ကာ ပြီးခဲ့သည့်သုံးလခန့်ကပဲ ကားတိုက်ခံရပြီး မြို့
မှာ ဆုံးသွားခဲ့ကြောင်းလည်း ပြောပြကြသည်။

ရွာလူကြီးရဲ့ညီဝမ်းကွဲရှိပေမယ့် နဂိုတည်းက ဖြောင့်မတ်မှုမရှိ
ကြောင်း ရွာကလည်း လူကြီးမတင်ခဲ့ကြကြောင်းသိရသောကြောင့် က
ကိုခေါ်သွားချင်ပါသည်ဟု ပြောခဲ့တာက ဒေါ်မြထွတ်ဦးပဲဖြစ်သည်။
က ကိုယ်ဝန်နှင့်ကျွဲခတ်ခံရသည်။ ပြီးတော့ သူမတို့မိသားစုနဲ့တိုက်
ရွာတွေဆုံခဲ့ပြီး ကလေးကထိခိုက်ပျက်စီးခြင်း တစ်စုံတစ်ရာမရှိဘဲ
ာကထဲကို ချောမောစွာရောက်လာခဲ့သည်။ ဒေါ်မြထွတ်ဦးက က
မျက်နှာလေးမြင်လိုက်တည်းက ကရုဏာရှိသွားခဲ့တာ ထိုအချက်
ကြောင့်ဖြစ်၏။

ထို့ကြောင့်ခေါ်သွားဖို့ ဆုံးဖြတ်ခဲ့သည်။ ဦးကျောက်ဆူးကလည်း
က်ခံသည်။ ခင်ပွန်းသည်ကလည်း မတားခဲ့ဘဲ.. ။

"ကြီးကြီးရွှေလို ကျွန်ဇာတ်သွင်းဖို့တော့ ကျွန်တော်လက်မခံဘူး
ယ်..ကလေးဘဝက အညွန့်တလူလူနဲ့ပါ၊ နိုင်းဖို့လက်သပ်မွေး

တယ်ဆိုတာ သူ့မိဘတွေဘက်ကို မစာနာရာရောက်ပါတယ်.."

သားသမီးတွေ ရှေဆောင်လမ်းပြစကားတွေနဲ့ ယတိပြတ်ဆုံး
လာခဲ့သည့် မိခင်ဆန္ဒကို တားဆီးခဲ့ကြ၏။ ဒေါ်မြမင်းသီရိသည်
သားသမီးသဘောကို မလွန်ဆန်နိုင်တာမဟုတ်။ ဒါပေမယ့် ဒီအဖြစ်
ကို အစအဆုံးသိထားကြသည့် ကျေးကျွန်တွေရှိသေးသည်။ မြထွေး
နဲ့မြမင်းစံတို့ ထောက်ပြကြသည့် အကြောင်းအချင်းအရာတွေသာ
ကန့်သင့်မြတ်ပါကြောင်း ထောက်ခံနေကြသော ချီးကျူးဂုဏ်ပြုသ
ပြုးတွေ။ ဒေါ်မြမင်းသီရိ ဘယ်လိုဆုံးဖြတ်လိုက်မှာလဲလို့ မျှော်လင့်
သည့် မျက်လုံးတွေ အားလုံးကိုအချိုးကျ ထည့်သွင်းစဉ်းစားလိုက်
ကနုတ်ရောင်ကို မြမင်းစံရဲ့သမီးအဖြစ် မွေးစားခွင့်ပြုလိုက်ဖို့သာ
ထွက်လာခဲ့၏။ ထိုစဉ်က မယ်မယ်အလွယ်တကူ ခေါင်းညိတ်ခဲ့ခြင်း
မောင်နှမတွေ ဝမ်းသာကြပေမယ့် အံ့သြခဲ့ကြတာလည်းရှိသည်၊
သော်.. ၊

"အဲ့ဒီတုန်းကတည်းက ကျွန်တော်သိခဲ့တယ်..မယ်မယ်ဒီ
ဖြတ်ခဲ့တာ ချစ်ခင်စာနာခြင်းသက်သက်တော့ မဟုတ်နိုင်ဘူးဆို

ပြောပြနေခြင်းကို ဝေဖန်စကားနှင့် အစသတ်လိုက်ရင်း..

"မယ်မယ်က ဘယ်တော့မှတံခါးနှစ်ချပ်မဖွင့်ဘူး..တစ်ဖက်
ရင် တစ်ဖက်ကိုပိတ်ထားတတ်တယ်၊ သူ့ကိုယ်သူယုံကြည်မှုလွန်
လောက် တခြားသူအပေါ် တစ်စိုးတစ်စိလောက် ယုံဖို့အတော်
တယ်..အခုဖြစ်ပျက်နေတာတွေနဲ့ပတ်သက်ပြီး ပိုနားလည်လာ
စိတ်ပျက်မိလေ၊ ဒါကြောင့် တာဝတီံသာကို စွန့်ခွာဖို့ထိ ဆုံးဖြတ်ခဲ့

"မစွန့်လို့မှမရတော့တာ မင်းကိုသားအဖြစ်က စွန့်လွှတ်ခဲ့
ကအရင်လားလို့.."

သူများရဲ့ဆိုးရွားသည့်အဖြစ်သနစ်တွေကို နားထောင်နေခဲ့
အကောင်း။ ပြီးပြီဆိုမှ ဦးနေမင်းသစ်က ခပ်ငေါ့ငေါ့ထပြော

" 'အကန်းရေတွင်းကျစကား' ဆိုတာ သတိရလို့ပါ..ကန်း
တယ်ပေါ့၊ ရေငတ်လို့ရေတွင်းထဲ ခုန်ချတယ်ပဲဖြစ်ရသေးတယ်

"နေမင်းရေ.."

"သူပြောတာ မမမကြားဘူးလား..ဒေါ်မြမင်းသီရိက သား



ရှာနေရင်တော့ တစ်မျိုးပေါ့.."

"မပျောက်ဘဲနဲ့ လိုက်ရှာနေရတဲ့မင်းရော..မင့်သားမင့်ဆီပြေးလာ
လား.."

အေးဆေးပြန်မေးလိုက်တော့ ဦးနေမင်းသစ်မျက်နှာကြီး နီသွား
သည်။ ဦးမြမင်းစံက မဲ့လိုက်ပြီး.. ၊

"ငါကမယ်မယ်အမွေဖြတ်လိုက်လို့ မသိတသိအလုပ်တွေကို ဖင်
ိုင်ခေါင်းမနိုင် ပြုုတူးပြတဲ ပြေးလွှားလေ့လာနေရတာမဟုတ်ဘူး..
ယ်မယ် အမွေဖြတ်ဖြတ်မဖြတ်ဖြတ် အာဏာသျှန်ဆိုတဲ့ မိမနိုင်ဖမနိုင်
းလုပ်လို့ စိုက်မြေဧကပေါင်းများစွာ ဆုံးတာမဆုံးတာ..အဲ့ဒါတွေ
ည်း ဂရုစိုက်ဖို့မလိုတဲ့ လုပ်ငန်းပေါင်းများစွာရဲ့သူဌေး.."

"ဟော့ကောင်..မင်း.."

အနာပေါ်တုတ်ကျသွားတော့ ဆတ်ခနဲခေါင်းထောင်၏။ မိမနိုင်
နိုင်ဆိုသည့်စကားကြောင့် ဒေါ်မြင့်မိုရ်လည်း မျက်နှာတင်းသွားကာ..၊

"ဒီလိုတော့မပြောနဲ့မင်းစံ..သားက စိတ်ထားကောင်းတယ်၊ သ
ာထားပြည့်ဝတယ်..တာဝတီံသာရဲ့ရိုက်ခတ်မှုတွေကြောင့် သူ့စိတ်
ရာဖြစ်သွားခဲ့တာ၊ ဒါကြောင့် ဒီလိုတွေလုပ်နေခဲ့တာ..ဒါပေမယ့် မင်း
ါတယ်၊ အခု တာဝတီံသာမှာ ဖြစ်ပျက်နေသမျှတော့ ငါ့သားနဲ့မဆိုင်
ဆိုတာ.."

"ဘာလဲ..အပင်ပေါ်တက် အကိုင်းကိုခွပြီး အသီးမခူးဘူးလို့ ဆိုချင်
လား၊ ဒါမှမဟုတ် ပင်စည်ကိုအောက်ခြေကနေ မီးပုံရှို့တာတောင်
စ်မရှိဘူးလို့ ဆိုချင်တာလား.."

"မင်းပဲခုပြောနေတာတွေလေ..ဒါတွေဖြစ်လာတာကိုက တာဝတီံ
ရဲ့မောက်မာခွဲခြားမှုတွေကြောင့်ပဲ၊ ဒေါ်မြမင်းသီရိရဲ့သူ့ကိုယ်သူလူ
ဘူတဲ့လူလို့ထင်နေတဲ့ မာန်မာနတွေကြောင့် ကံကြမ္မာကဒဏ်ခတ်
.."

သူတို့မိသားစုတွေကိုပဲ စိတ်ကုန်နေသလိုလို မာန်မာနတွေထား
မောင်နှမတွေကြောင့် တရားရနေသလိုလိုနှင့် တကယ်တမ်းကျ
မကျေနပ်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့ပဲ။ အနိုင်လုပြောကြေးဆို
ော့ ကိုယ်ကစင်ပေါ်ကလူ..။ မစာနာရာကျသွားလည်း မတတ်နိုင်။

"သူများအိမ်မှာ အောက်ခြေအလုပ်တွေလုပ်ပြီး နောက်ဖေးတ လျားမှာနေရရင် 'ကျွန်'ပဲ..'ကျွန်'လို့လက်ညှိုးထိုးပြောတဲ့လူက ရှ တယ်.."

ဦးမြမင်းစံ မျက်နှာပျက်ရှာ၏။

"လူရယ်လို့ဖြစ်လာရင် မိဘရှိတယ်..ကိုယ်လည်းမိဘဖြစ်လ တယ်၊ 'ကြွေးသစ်ချရတယ် ကြွေးဟောင်းဆပ်ရတယ်'..ဒါပေမယ့် မင်းသိရိကတော့ ကြွေးဟောင်းဘယ်လိုဆပ်သလဲမသိဘူး၊ ကိုယ် ထားတဲ့သားသမီးတွေကို ကြွေးသစ်ချဖို့နေနေသာသာ မိဘမေတ္တ ပြည့်နဲ့ စိတ်တိုင်းမကျတိုင်း ကန်ထုတ်ပစ်နေတာလေ.."

"ဒါက သူ့ဝါဒ သူ့ဆန္ဒပါ.."

"ဟုတ်ပါတယ်..ဒီဝါဒ ဒီဆန္ဒမျိုး သူ့လိုလူမှာပဲရှိတာ၊ ဘယ် မှာ ရှိနိုင်မှာလဲ.."

ဒေါ်မြင့်မိုရ်ခပ်ငေါ့ငေါ့ ခေါင်းညိတ်သော်လည်း.. ၊

"ဒါပေမယ့် တစ်ခုတော့ရှိတယ်မင်းစံ..မကောင်းမှုတွေလုပ် မယ့် ဘုန်းကြီးပြီးရင်းကြီးနေတာ ပျော်စရာမဟုတ်ဘူးနော်၊ အဲ့ဒါ သိုလ်ကြီးလွန်းလို့ ပစ္စုပ္ပန်မှာမျောနေတာ..အပယ်မလားသင့်တဲ့သူ ရင် အပြစ်လုပ်မိလို့ မသိရင်တောင် အသိဝင်လာအောင် သူတော် တွေက အမျိုးမျိုးသတိပေးကြတယ်.."

တင်းမာနေသည့် ဦးမြမင်းစံမျက်နှာကိုကြည့်၍ ဒေါ်မြင့်မိုရ် သက်ရှိုက်လိုက်ရင်း.. ၊

"မိဘကိုပြောတော့ နင်လည်းခံရခက်မှာပဲ..ငါကလည်း လို့မဟုတ်ပါဘူး၊ ဒါပေမယ့် သားသမီးကိုပြစ်ရက်တာတော့ ဒေါ် သိရိတစ်ယောက်ပဲရှိတယ်ဆိုတာ သိစေချင်တယ်..ငါတို့ကငါတို့ ဒေါ်သထွက်လို့ ပြောမိတာရှိရင်ရှိမယ်၊ ငါ့သားမြောင်းထဲပဲကျနေ လိုက်ကောက်ယူမယ့် မိဘမျိုး.."

ပြောနေရင်း ဒေါ်ပါလာပြန်ကာ ထိုင်လျက်ပုံစံက ခါးကော ဖင်ကြွကြွနှင့် ပေါင်ပေါ်မှာလက်သီးဆုပ်တင်လိုက်တော့ ခါးထော တွေ့သလိုဖြစ်နေခဲ့ပြီး.. ၊

"အဲ့ဒီတော့ မင်းရောက်လာရတဲ့အကြောင်းပဲပြောပါ..ငါ



ရိုးမှုစ်ရိုး နောက်ထပ်ပြောဖို့မဟာနဲ့၊ တာဝတိံသာက ထပ်စော်ကားရင် လဟပ်တာတောင် မခံနိုင်ဘူး.."

ကောင်းတယ်ဆိုသည့် ခပ်မိန့်မိန့်အပြုံးနှင့် ဦးနေမင်းသစ်က လက် ကဲ၏။ ဦးမြမင်းစံမျက်နှာငယ်စွာ တိတ်နေခဲ့၏။ ပြီးမှ.. ၊

"မမြင့်ပြောတာမှန်ပါတယ်..ဒါပေမယ့် မိဘကိုပြောတာ ကျွန်တော် ည်း နားခါးပါတယ်၊ ဒါကြောင့် လိုရင်းကိုပဲထပ်ပြောပါ့မယ်..ကျွန် တော့်သမီးကို ကျွန်တော့်ကိုပြန်ပေးပါ၊ တာဝတိံသာနဲ့လည်း မသက်ဆိုင် ဘူး..ဘယ်အကြောင်းနဲ့မှလည်း မပတ်သက်ဘူး၊ အာဏာသျှန်အစမ္မဆွဲ ခေါ်သွားတာ ကျွန်တော့်သမီးပါ..ကျွန်တော်လုံးဝသဘောမတူပါဘူး.."

ပြောပြီး မောင်နှမနှစ်ယောက်ကို ကြည့်လိုက်ကာ.. ၊

"တာဝတိံသာက အကြောင်းကြောင်းနဲ့ ဒါကိုပြည်ဖုံးကားချထား ပေမယ့် ကျွန်တော်ကတာဝတိံသာနဲ့ မသက်ဆိုင်တော့တဲ့အတွက် ပြည် ကားမချပါဘူး.."

"မင်းက သက်ဆိုင်ရာက တိုင်မယ်လို့ပြောချင်တာလား.."

ဟုတ်တယ်လို့မဖြေပေမယ့် နှုတ်ဆိတ်၍ မျက်နှာလွှဲလိုက်ခြင်းက အဖြေပဲဖြစ်ရာ.. ၊

"ကြည့်ရတာ ကလေးနှစ်ယောက်အဆင်ပြေနေတာသိလို့ အညှာ ခိုင်ဖို့ ပြေးလာတဲ့ပုံပဲ.."

ဦးမြမင်းစံ ဆတ်ခနဲလှည့်ကြည့်ပြီး မျက်မှောင်ကုတ်သွား၏။ ဦး မင်းသစ်က လက်ညှိုးထိုးလိုက်ပြီး.. ၊

"သျှန်ကခေါ်လာတာ ခုလည်းသျှန့်ဆီမှာပဲ..ဘာလို့ဒီမှာလာ ကောင်းနေတာလဲ၊ နေပါဦး..ခုနကပြောလိုက်တာဘာလဲ၊ အာဏာသျှန် ပြောဖို့မလိုတဲ့စကားဆိုတာ.."

"ဟုတ်တယ်..သူလက်ထပ်ယူထားတဲ့ မိန်းကလေးမဟုတ်ဘူး၊ ဒါ အုပ်ထိန်းသူတွေနဲ့ပဲဆိုင်တယ်.."

"ငါတို့က အုပ်ထိန်းသူလည်းမဟုတ်ဘူး.."

ဦးနေမင်းသစ်က အကုန်လုံးကိုခေါင်းခါ၍.. ၊

"ဆိုတော့ မင်းလာတာနေရာမှားနေပြီ.."

"မှားနေလည်း ငါတို့ပြောလို့ရတယ်..ဒီမှာမင်းစံ၊ အစတည်းက

ငါ့သားပုံစံမကျတာလုပ်လာမှန်း ငါတို့သိတယ်..ဒါနဲ့တောင် ငါတို့မ
ဆီးခဲ့တာကို အခုသားကမပေးနိုင်ဘူးဆိုရင် ဘာကြောင့်မပေးနိုင်တာ
ဖြစ် ငါတို့ကသားဘက်က ကာကွယ်မှာပဲ.."

ယတိပြတ်စိန်ခေါ်ပြီး ဒေါ်မြင့်မိုရ်က ထရပ်လိုက်သည်။

"ပြောပြီးပြီပဲ..လူတိုင်းက ဒေါ်မြမင်းသိရှိမဟုတ်ဘူးဆိုတာ
သားက 'ဒါ'ကိုစုံမက်ပါတယ်ဆိုရင် ကျွန်ဟုတ်ဟုတ် မဟုတ်ဟုတ် အ
ဆက်ခံသူဖြစ်ဖြစ် လမ်းဘေးဇရပ်ပေါ်မှာနေရတဲ့သူဖြစ်ဖြစ်.."

"မမြင့်.."

ဦးမြမင်းစံ ထရပ်လိုက်လျှင်.. ၊

"ပြော..မင်းဘာပြောချင်သလဲ၊ ငါ့သားလက်မထပ်ခဲ့တာကိုမ
နာတယ်..လက်မထပ်ပေမယ့် ကနတ်ရောင်ကို ငါ့သားကဖျက်လို
ဆီး ပြုခဲ့တာမရှိဘူး၊ ငါတို့ကကိုယ့်သားသမီးလို ဂရုစိုက်တယ်..ဒါ
ဘက်က ခိုင်လုံနေတဲ့စည်းပဲ၊ ဥပဒေဘောင်ထဲကဖြစ်ဖြစ် စကြာဝဠာ
တိုင်းပေါ်ပဲတက်တက် ကြိုက်တဲ့နေရာကသွားအော်..လုံးဝဂရုမစိုက်

## အခန်း(၁၀၃)

ခင်ပွန်းဖြစ်သူဦးကျော်မြတ်ခေါင်၏ 'မြတ်ရတနာ'စံအိမ်ကြီးထဲဝင်
ပါကင်မှာကားရပ်လိုက်တော့ တအံ့တသြဖြစ်နေမိသည်။ ခြံထဲမှာပွဲ
နေတာလား..။ မီးရောင်စုံတို့သည် နှစ်ဆောင်ပြိုင်ပုံနှစ်ထပ်တိုက်ကြီး
ခုလုံးကို အလှဆင်ထားရုံမက ခြံဝင်းထဲမှာပါ သစ္စာဝါပုံသဏ္ဍာန်အ
ချိုးချိုးပြီး ထွန်းထားသေးသည်။ ထို့ပြင် မြင်နေကျပွဲတွေလိုမဟုတ်
လေးထောင့်စားပွဲရှည်တွေချည်း Mပုံစံချခင်းထားကာ လူတွေလည်း
တော်စုံနေပြီဖြစ်သည်။

ကားကိုပါကင်ထိုးဖို့မေ့နေခဲ့လျက် ဒေါ်မြပုလဲဖြူဒီပွဲဘာပွဲလဲဆို
ကို မရမကတွေးနေမိ၏။ ပြီးတော့ ရင်ထဲမှာနင့်သွားသည်။ ကိုယ့်
ကျွမပင်ဖြစ်လင့်ကစား သူမဒီစံအိမ်ကို တစ်နှစ်တစ်ခေါက်တောင်
ရောက်ခဲ့ပေ.. ၊

"မိန်းမရေ..မေမေတို့ဘုရားကိုးဆူပွဲလုပ်တယ်ကွ၊ သွားရအောင်.."

"ဒီနှစ်တော့ မေမေတို့ကိုသွားကန်တော့မှထင်တယ်..မနှစ်က
ည်း မသွားဖြစ်ဘူး.."စသဖြင့်သော သွားစရာအကြောင်းရှိနေတာ
င် ခင်ပွန်းသည်ကလည်း သွားချင်သည့်ဆန္ဒရှိနေတာသိတာတောင်

သူမက မယ်မယ်မှာသည့် စကားအတိုင်း.. ၊

"သူတို့တစ်မိသားစုလုံး သိပ်ခေတ်ဆန်တာ..ရန်ကုန်ရောက်သွ တဲ့ ဆွေတော်မျိုးတော်တွေ ဘယ်လိုစရိုက်ပျက်ကုန်မှန်းမသိဘူး၊ မယ်စိုးရိမ်တယ်သမီးငယ်..ညည်းတောင် အခုအဲ့ဒီကတစ်ခါပြန်လာတ ဆံပင်လေးတော့ တိချင်တယ်..နေရာတကာ ဆံထုံးနဲ့မကောင်းပါဘူ တာတွေ ဖြစ်လာတယ်၊ ကျစ်ဆံမြီးကျစ်တာ နှစ်ဖက်ထုံးတာတွေ လာတယ်..မမြင်အပ်တာတွေကို မမြင်တာမကြားတာပဲကောင်းတ သူ့သားနဲ့သူတို့အမြဲတမ်းတွေ့နေကြတာ..သမီးသွားဖို့မလိုဘူး.."

ဆိုသည့် စကားတစ်ခွန်းမှာ မသွားတော့ဖို့ ဆုံးဖြတ်ခဲ့မိသည

"မြင်တာကြားတာနဲ့ပဲ ပျက်စီးရအောင် မင်းကကလေးမှမ တာပုလဲရယ်..တာဝတိံသာစံအိမ်ကလွဲပြီး 'မယ်မယ်' 'မယ်တော်ကြ တဲ့ အခေါ်အဝေါ်တွေ မသုံးကြတာနဲ့ပဲ စရိုက်ပျက်ဖြစ်ရောလား..လူ တွေကို အပေါင်းအသင်းသူငယ်ချင်းနဲ့ သွားလာခွင့်ပြုတာ ဖုန်းသုံး တာတွေရော အဲ့ဒါစရိုက်ပျက်တာတွေလား..တကယ်တော့ မင်းအမေ တံခါးပိတ်ဝါဒကျင့်သုံးနေတာ၊ မင်းတို့ဘာမှမသိ ဘာမှမမြင်မှ သူ့ ကြိုက် ပုံစံခွက်ထဲက ခုန်မထွက်မှာကိုး.."

"မယ်မယ့်ကိုမဝေဖန်နဲ့ကိုကိုကျော်..အဲ့ဒါတစ်ခုကို ပုလဲလုံးဝ မခံနိုင်ဘူး.."

ကိုကိုကျော်ပြောတော့ သူမပြန်ပြောခဲ့တာကိုလည်း ခုထိမှတ် သေးသည်။ ခုတော့ ကိုယ့်ယောက္ခမမို့ ခြံဝင်းထဲကို ရှောရှောရှူ ခွင့်ရခဲ့ပေမယ့် ပွဲရှိမှန်းသိလို့မဟုတ်။ မြင်လိုက်ပေမယ့်လည်း ဘာ မသိ။ ကိုယ်ကဂရုမစိုက်ခဲ့တာမို့ သူတို့ကလည်း ကိုယ့်ကိုရှိသည် မထင်ကြတော့တာ နားလည်နေသည်။ ထို့ကြောင့် စတီယာရင် ဆုပ်ရင်း သူမကားအောက်ဆင်းဖို့အတွက် အင်အားမဲ့နေခဲ့၏။

'မင်းအမေက တံခါးပိတ်ဝါဒကျင့်သုံးနေတာ..မင်းတို့ဘာ ဘာမှမမြင်မှ သူ့စိတ်ကြိုက်ပုံစံခွက်ထဲက ခုန်မထွက်မှာကိုး'..

နားထဲမှာ ပြန်ကြားနေမိသည်။ ပြီးတော့ မယ်မယ့်မျက်နှ တော့ ယောက္ခမဖြစ်သည့်ဒေါ်မြတ်သီဂီ.. ၊

"ဒီတစ်ခါတော့ ပါလာပါလား..ယောက္ခမမို့အားနာပါးနာ



ငါ့တူမရယ်..ငါတို့ကဆွေမျိုးတွေပဲ၊ ညည်းအမေစိတ်ကို နားလည်ပါ တယ်..ငါတို့ကတော့ ငါ့သားအနေခက်အောင် ဘယ်တော့မှမလုပ်ဘူး၊ ရူးခြားတဲ့ညည်းလိုချွေးမအပေါ်မှာ ငြိုငြင်မိရင်တောင်မှပေါ့နော်.."

ဘယ်တုန်းကမှ ကျေနပ်မှုမရှိခဲ့သည့် ယောက္ခမတစ်အိမ်သားလုံး ကိုယ့်ကိုမြင်တိုင်း အပြုံးမပျက် ခေါ်ပြောမပျက်ရှိခဲ့တာဟာ ဟိုတုန်းက တော့ 'ငါ့မိဘအရှိန်အဝါကြောင့် မလုန်ရဲကြတာ'လို့တွေးပြီး ဂုဏ်ယူခဲ့ သည်။ ခုကျတော့ ဒီခြံဝင်းထဲမှာ ခြေချဖို့တောင် သိမ်ငယ်စွာရှိနေခဲ့ သသည်။

မဟုတ်ဘူး...။ ငါလာခဲ့တာ သူတို့မြေးကိစ္စ..ငါ့သားလေးကို သူတို့ ကယ်ပေးနိုင်မှာ။ သားအတွက် ငါသွားမှဖြစ်မယ်.. ၊

စိတ်ကိုတင်း၍ ကားကိုဖြစ်သလို ရပ်သည်။ ပြီးတော့ ကားပေါ်က င်း၍ ကိုယ့်ဆံထုံးနဲ့သဇင်ပန်းခက်ကို ပြန်စမ်းလိုက်၏။ ဘာမှအပြေ ပြစ်ပြုပြင်မနေချင်ပေမယ့် မျက်ရည်တိတ်အောင် ကြိုးစားခဲ့ရသည်။ သပ်အောင်ဝတ်စားပြီး ဝန်းတွေပန်ကာ အပူရုပ်ကိုဟန်လုပ်ပြုံးဖို့ ကြိုးစားရသည်။ မယ်မယ့်ကို သူမပြန်ခံပြောခဲ့သည်။ မယ်မယ့်အတ္တစိတ် ပေါ်မှာလည်း မှားနေခြင်းကို ခံစားမိလာသည်။ သို့သော် မယ်မယ်က းဆီးလျှင် ရှေ့မတိုးတတ်သည့်မွေးရာပါအကျင့်က မပျောက်ခဲ့ပေ။ ယ့်သားဆိုပေမယ့် မယ်မယ်ရင်ထုငိုရမယ့်အဖြစ်ကိုတော့ သူမမလုပ် ၊ လုပ်လည်းမလုပ်ရက်ပါ။ ထို့ကြောင့် သားဆီဖွတ်သွားဖို့ဆန္ဒကို နိမ့်ကာ သွားပေးနိုင်မည့်ဘိုးဘွားဆီ လာခဲ့တာဖြစ်သည်။ ကိုယ်လာ မှ ပွဲနဲ့တိုးနေခြင်းကတော့.. ၊

"မြပုလဲဖြူလားမသိဘူး..."

ဟင်.. ၊

ခြေလှမ်းပြင်ရုံရှိသေးသည်။ အနီးကပ်စကားသံကြောင့် လှည့် ကြည့်လိုက်မိ၏။ ပန်းနုရောင်ပိုးချိတ်ပြောင်နှင့် ဦးကျော်မြတ်ခေါင်၏ ကြီးဒေါ်မြတ်သဥ္ဇာက ခြံဝကနေဇည့်သည်ထွက်မျှော်တာလား.. ပို့တာလားမသိ။ တစ်ယောက်တည်း ခပ်လှုပ်လှုပ်လျှောက်လာကာ၊

"မြင်လိုက်တော့ လန့်တောင်သွားတယ်..အကြောင်းမရှိဘဲလာမှာ တော့..ဟွန့်.."

ဒီတိုင်းပဲဆီးကြိုနိုင်တာကိုသိပေမယ့် ဒေါ်မြပုလဲဖြူ ဒီအတွက် စားမနေအားပေ.. ।

"စံအိမ်မှာဘာပွဲရှိနေတာလဲမဇာ.."

အနားရောက်လာပြီး သူမကတန်းမဖြေဘဲ လက်ပိုက်လိုက်သည် ညှို့ခံပွဲက လူစည်နေပေမယ့် ဆူညံသံသိပ်မထွက်ပေ။ မီးရောင်စုံတွေ လင်းနေပေမယ့် အလင်းရောင်ကပြာသည်လည်းမဟုတ် နီသည်လည်း မဟုတ်။ မီးရောင်ဟပ်ပြီး နီကျင်ကျင်ပြာနှမ်းနှမ်းပြောင်းလဲနေသည့် ဒေါ် မြပုလဲဖြူမျက်နှာကို ဒေါ်မြတ်သဉ္ဇာက စိုက်ကြည့်နေရင်း.. ।

"နင်က'မြ'မျိုးဖြစ်သလို ငါကလည်း'မြတ်'တဲ့အမျိုးပဲပုလဲဖြူ တို့က လူ့ပြည်မှာနေပြီး 'နတ်'ဘုံပေါက်နေသလိုထင်နေကြတယ်၊ ငါ ကတော့ ဒီဘဝကသေရင် နတ်ပြည် ဗြဟ္မာပြည် ဘယ်ပြည်မှာဘယ် ပေါက်နေဖို့ပဲ ရည်စူးကြိုးစားကြတယ်..အဲ့ဒါဘယ်သူကမှားပြီး ဘယ် မှန်နေတယ်လို့ ထင်သလဲ.."

"ပုလဲတို့မှာ ပြဿနာတွေရှိနေတာမှန်ပါတယ်..ဒါတွေကိုစုခိုး အစကဖော်ပြီး.."

"ငါတို့ကစုမှအစကနေ သိရတာလေ.."

စကားက ဒေါသသံပါလာခဲ့၏။

"ငါတို့မောင်တစ်ယောက်လုံး ထောင်ကျမလိုဖြစ်နေတာ နင်တို့ငါတို့ကို အကြောင်းမကြားခဲ့တာ.."

"အဲ့ဒါ ကိုကိုကျော်က မပြောရဘူးတားထားလို့ပါ.."

"နင့်ကိုရော ကျက်သရေမရှိတဲ့အချုပ်ထောင်တွေကို မသွား လို့ နင့်အမေမတားဘူးလား..ပြောရင်လည်း စုံလင်အောင်ပြောစမ်း

ဒေါ်မြပုလဲဖြူ ဘာမှမပြောနိုင်တော့ပေ.. ।

"ဒါပေမယ့် ငါတို့ဖြေလိုက်ပါတယ်..ဒေါ်မြမင်းသီရိက ကိုယ် ကိုယ့်မြေးတွေသေတာတောင် ခွေးသေဝက်သေလို ဆွဲချပစ်ခဲ့တဲ့ ရာ ဆိုးရှိခဲ့တာကိုး.."

အာဏာသျှန်.. । ဒီအဖြစ်တွေ တစ်မျိုးလုံးသိကုန်အောင် လိုက်တာ လူယုတ်မာ.. ।

"လင်ထောင်ကျမှာကျတော့ မအေကတားလို့ ပါးစပ်ပိတ်နေ



အစ သားကျတော့.."

"သားလေး..သားလေးဖြစ်နေတာ မဇာတို့သိတယ်ပေါ့.."

ဒေါ်မြတ်သဉ္ဇာမျက်နှာက ခနဲ့ပြုံးနှင့် ချက်ချင်းမဲ့ကျသွားကာ..।

"အာဏာသျှန်ပြောတာလေ.."

ကြည့်စမ်း.. ।

"ယုတ်မာလိုက်တာလို့ ထင်သွားပြီလား.."

"ထင်တာမဟုတ်ဘူးမဇာ..အဲ့ဒီကောင် ဖျက်ဆီးနေတာ၊ လူလူ့ကို သူ့ငယ်သဘာဝခြေလှမ်းမှားတာကို အကွက်ကောင်းစောင့်ပြီး စည်းရုံး ခံလိုက်တာ..မိဘနဲ့ရန်တိုက်ပေးပြီး.."

"ရှုးတိုက်တိုင်းကိုက်ကာ ဘာသတ္တဝါလဲပုလဲဖြူ.."

"မဇာမရှိင်းပါနဲ့.."

"မရိုင်းချင်ပါဘူး..ဒါပေမယ့် ငါတို့ကလူတွေပဲ၊ ဆင်ခြင်ဉာဏ်ရှိ တယ်..နင်တို့စည်းကနေ ပေါက်ထွက်သွားတဲ့ လူတစ်ယောက်ကို အာ ဏာသျှန်ပဲမဟုတ်ဘူး..တစ်လောကလုံးက ဖျက်ဆီးလို့ရတယ်၊ တွန်း ပင်ပေးလို့ရတယ်..အဆိုးအကောင်းခွဲခြားဖို့က မိမိတာဝန်၊ အာဏာသျှန် အပြင်မှာ ဘယ်လိုပညာတွေသုံးသုံး သူ့ခြေလှမ်းတိုင်းကိုလိုက်ပြီး တက် ခေါက်နေဖို့မလိုဘူးလေ.."

သူမစကားရပ်သွားပေမယ့် ဒေါ်မြပုလဲဖြူစကားစရှာမရသေး..।

"အပြင်မှာ ခြေလှမ်းမှားနေတဲ့ ကလေးတွေကို ခေါ်ယူထိန်းသိမ်း မှုရှိဘဲ အမွေဖြတ်တယ်..သေတာတောင် လိုက်မကောက်ဘူး၊ အဲ့ဒါ တွေက ဘာလဲ..အာဏာသျှန်က နင်တို့ကိုအညာကိုင်ပြီး အသည်းခွေ သုပ်တာ၊ နင်တို့က အညာကိုင်မခံရခင်တည်းက ပြုတ်ထုတ်ရှင်းပစ် တာ.."

"မဇာက ဘာဖြစ်လို့ဒီကောင့်ဘက်က လိုက်ပြောနေတာလဲ..တစ် လုံး ကြိုက်သလိုဝေဖန်ကြပါစေ၊ သူ့ကြောင့် မဇာတို့မောင်ရော တူအ ခေါက်ခေါက်ရော အားလုံးသိက္ခာကျ အရှက်ရ.."

"အဲ့ဒါဂုဏ်သိက္ခာကျတာမဟုတ်ဘူးဟဲ့..ဘဝပျက်တာ.."

ဒေါ်မြတ်သဉ္ဇာလက်ပိုက် ဆတ်ခနဲဖြုတ်၍ ရှေ့ကိုတိုးလိုက်သည်။ တော့ ငိုသံပါဖြစ်လာခဲ့လျက်.. ।

"ငါတို့မြတ်ရတနာ'စံအိမ်ရဲ့ 'ရာပြည့်'နှစ်ပတ်လည်ပွဲအတွက် ရွယ်ထားတဲ့အတိုင်း ပြီးမြောက်အောင် ဆက်လုပ်နေရတယ်..ဒါပေ ကျော်ကျော်က အချုပ်ထဲရောက်နေတယ်၊ သူ့သားကိုလည်း မနေ့က သွားကြတယ်.."

ပြောနေရင်း မျက်ရည်ပေါက်ပေါက်ကျလေသည်။ အင့်ခနဲရှို ကြားတော့ ဒေါ်မြပုလဲဖြူ့ပါမျက်ရည်တွေ ပြိုကျလာခဲ့၏။ မျက်ရည် ကူးစက်၍ လှိုက်လှဲသောဆို့နင့်ခြင်းကို ပထမဆုံးခံစားရတာဖြ ကိုယ်ဟာ ကိုယ်မဟုတ်တော့သလို ရပ်နေသည်လား..ရွှေ့လျားနေ လား မသိတော့.. ၊

"ဒီပွဲကိုကျင်းပပြီး ငါတို့ပျော်နေတယ်ထင်သလားပုလဲဖြူ..ဓေ တွေစုဝေးမယ့်နေရာမှာ မသိတသိလူတွေ မေးမြန်းစပ်စုကြမှာစိုးလို့ ရုပ်ကို ဟန်လုပ်နေကြရတာ.."

ပြောနေရင်း ဒေါ်မြပုလဲဖြူ့လက်ကိုဆွဲကိုင်လိုက်ကာ.. ၊

"နင်ဒီကိုမလာနဲ့..ပြန်လိုက်တော့ပုလဲဖြူ၊ ငါ့အမေနင့်ကိုမြင်ခ မဟုတ်ဘူး.."

လက်ကိုဆောင့်ရုန်းလိုက်ပေမယ့် ဖုန်းမြည်လာသဖြင့် ဓေ ဆုတ်ရပ်လိုက်ပြီး နားထောင်လိုက်၏။ ကြားလိုက်ရသည့်မယ်မ သတို့သည်.. ၊

"ငါ့မှာသမီးတစ်ယောက်ပဲရှိတော့တယ်..ယုံကြည်ရမယ့်သူ ညည်းပဲရှိတယ်၊ မိဘကိုလေးစားသမှုရှိသေးရင် ခုပြန်လာခဲ့..သူ အကူအညီတောင်းရတာ တာဝတိံသာရဲ့ရာဇဝင်မှာမရှိရဘူး၊ သူ ပြေးရင်ဖွင့်ပြီး ဒူးထောက်တောင်းပန်လည်း သူများဟားတိုက်ရ ပဲ ညည်းခံရမယ်..ဘာမှမထူးဘူး.."

နားထောင်နေသည့်မျက်ဝန်းတွေက ဒေါ်မြတ်သဉ္ဇာထံ ရှေ သွားသည်။ ပြီးတော့ ဧည့်ခံပွဲဆီ စူးစိုက်သွား၏။ ကြည့်နေရင်း ရှည်တွေမှာ မျက်နှာချင်းဆိုင်ထိုင်သူတွေနဲ့ ပြည့်နေပြီဖြစ်၏။ တ သာမှာလုပ်တဲ့ပွဲတွေလိုမဟုတ်ဘဲ ဆွေမျိုးတွေရော လူစိမ်းမိတ်ဆွေ မနည်းမနော.. ၊

"မြပုလဲဖြူ..ညည်းဘာလို့ဘာမှပြန်မပြောတာလဲ၊ မိဘရဲ့



ကို အလေးမထားတာလားဟင်..အဲ့ဒီခြံဝင်းထဲကို ညည်းလုံးဝခြေမချ နဲ့၊ သူတို့သားနဲ့ပတ်သက်ပြီး ပြောကွက်ရသွားလိမ့်မယ်.."

ဒေါ်မြပုလဲဖြူ့အကြည့်တွေက ပွဲဆီမှာပဲ စူးစိုက်နေခဲ့ပြီး.. ၊

"ညည်းသားကို တခြားနည်းနဲ့ မယ်မယ်ကယ်ပေးမယ်.."

"တော်ပါပြီမယ်မယ်.."

စကားသံသည် တစ်ယောက်တည်းတီးတိုးရေရွတ်သလို တိုးလျ နေးကွေးနေခဲ့လျက် ဒေါ်မြပုလဲဖြူ့ပါးပြင်ထက်သို့ မျက်ရည်ကြောင်းတွေ တလက်လက်ဖြာဆင်းနေတာကို ဒေါ်မြတ်သဉ္ဇာ ငေးကြည့်နေခဲ့၏။

"မြပုလဲဖြူ..သမီးငယ် ပုလဲ.."

ခေါ်သံတွေကိုကြားနေရင်း ဖုန်းကိုင်သည့်လက်က တအိအိတွဲလွဲ ကျသွားသည်။ ပြီးတော့ ခြေလှမ်းတွေက ရှေ့ကိုတစ်လှမ်းချင်းတိုးရွေ့ သွားခဲ့၏။ လက်သည်ပေါင်နားမှာ ဆန့်ကပ်နေခဲ့ပေမယ့် မယ်မယ်စ ကားတွေပြောနေတာ 'မြပုလဲဖြူ'လို့ခေါ်နေတာတွေလည်း တစ်ချက်တစ် ချက် ကြားနေရသေးသည်။ ဖုန်းကိုလည်းမပိတ် ဒေါ်မြတ်သဉ္ဇာကိုလည်း ရှုမစိုက်.. ၊

"ပုလဲဖြူ..နေဦး.."

ရပ်ကြည့်နေပြီးမှ ဒေါ်မြတ်သဉ္ဇာက ခပ်သုတ်သုတ်လိုက်သွားရင်း၊

"နင့်ကိုငါပြော.."

အမောတကောပြောရင်း အနားကပ်လိုက်ကာမှ ဒေါ်မြပုလဲဖြူ့ခြေ လှမ်းတုံ့သွားသဖြင့် သူမပါရပ်လိုက်ရ၏။ ပြီးတော့ စူးရဲမာထန်သွား သည့် ဒေါ်မြပုလဲဖြူ့မျက်ဝန်းတွေကြောင့် သူမကြည့်နေသည့်အရာကို လှမ်းကြည့်မိလျှင်.. ၊

အာဏာသျှန်.. ၊

သူမဘေးမှာ ကနုတ်ရောင်လည်းပါကာ တစ်ဖက်မှာ 'မြတ်ရတ နာ'စံအိမ်က ညီအစ်ကိုနှစ်ယောက်တို့ ခြံရံလျက်.. ၊

"မဓာ.."

အကြည့်ကရှိုင်းသည်။ ဒေါ်မြတ်သဉ္ဇာ ထိတ်လန့်သွားကာ.. ၊

"မသိဘူး..သူ့ကိုမင်းမင်းဖိတ်တာ၊ သူမြန်မာပြည်ပြန်လာတာကို အာဏာသျှန်နဲ့အလုပ်ကိစ္စရှိလို့.."

"တော်ပါတော့မဇာ..တာဝတီံသာကိုချည်း ဖိသပ်ကဲ့ရဲ့နေပြီး ကိ မောင်ကိုယ့်တူကို ထောင်ထဲပို့ခဲ့တဲ့ 'ကျွန်'မသားကိုမှ 'ဘုရား'ထူးနေ တာ မဇာတို့မရှက်ဘူးလား.."

"ဘာကိုရှက်ရမှာလဲ..ဟဲ့ ဟဲ့ နေဦးလေ.."

ဒေါ်မြပုလဲဖြူ ထမီ'မ'ထွက်တော့ ဒေါ်မြတ်သဥ္ဇာရှေ့က က ကတန်း လိုက်ပိတ်ထားမိကာ.. ။

"မင်းမင်းက မနေ့ကမှ ငါတို့စံအိမ်'ရာပြည့်'ပွဲအတွက် ရောက် တာ..ရောက်လာတုန်း အလုပ်ကိစ္စသူလုပ်တယ်၊ ငါတို့က ဘာမှမ တဲ့သူကို ဒီအရှုပ်အထွေးတွေ ပြောပြထားချိန်ရမလား.."

"မဟုတ်ဘူး..အဲ့ဒီကောင်ရဲ့အလုပ်သစ်မှာ နေရာယူဖို့ ချိတ်ဆ မျှော်လင့်ချက်အမျိုးမျိုးနဲ့ ဖားနေကြတာ အသိသာကြီး..ဒီတစ်ခါ မဇာတို့ ဖိဟောက်တိုင်းမခံနိုင်ဘူး၊ ကျွန်မလည်း ဒီကမိသားစုဝင်.. ကို ခုချက်ချင်းဆွဲထုတ်မယ်.."

ဒေါ်မြတ်သဥ္ဇာ ထိတ်လန့်သွားသည်။ ပြီးတော့ ပြေးလိုက်ရ

"နင်ရောဘာထူးလို့လဲပုလဲဖြူ..ဆွေမျိုးအသိုင်းအဝိုင်းတွေက တို့ကို ကျဉ်ထားပြီးသား၊ ငါတို့ကို အဖက်မလုပ်ခဲ့လို့ ငါတို့က နင်တို့ကို စာရင်းထဲမှာမရှိဘူး..ပုလဲဖြူ ဟဲ့..ရပ်နေစမ်းပါ၊ နင် ငါ မှာ ရှုတ်ရှုတ်သဲသဲ လာလုပ်လို့မရဘူးနော်.."

တားနေပေမယ့် သွားနေတာကိုမရပ်။ ဒေါ်မြတ်သဥ္ဇာ လ ထားဖို့ ကြိုးစားပေမယ့်လည်း ဆွဲမမိဘဲဖြစ်နေခဲ့ရာ.. ။

အခန်း(၁၀၄)

ပုလဲဖြူ ဘာဖြစ်လို့ပြန်မပြောတာလဲ.. ။

ဒေါ်မြမင်းသီရိ ဖုန်းကိုင်ရင်း စိတ်လှုပ်ရှားစွာ ထရပ်လိုက်မိသည်။ တော့ ကိုင်ထားသည့်ဖုန်းကို နားမလည်စွာ ကြည့်မိပြန်သည်။ ပြော ရင်း တိတ်ကျသွားခဲ့တာက ချပစ်လိုက်တာလည်းမဟုတ်။ ဘာမှ ည်း ပြန်မပြော.. ။

"တောက်.."

ဒေါ်သသည် သားသမီးအပေါ်သက်ရောက်ခြင်းလား အမုန်းငြိုး ပြင်းနေကြသည့် ရန်သူအပေါ်မှာလား..။ တက်ခေါက်မိရင်း ကိုယ့် ကိုနားမလည်နိုင်ဖြစ်လာမိသည်။ ဘာဖြစ်လို့ ဒီအိမ်ကိုသွားချင်တာ ။ ဘယ်သူ့ကိုအားကိုးချင်တာလဲ..။ ကိုယ်မဟုတ်တဲ့ တခြားလူတစ် က်က ကိုယ့်ရင်ထဲကအပူကို နားလည်စာနာပေးနိုင်လိမ့်မယ်လို့ ဖြစ်လို့မျှော်လင့်နေတာလဲ.. ။

ထစ်ခနဲဆို 'ကျောက်ဆူးလာစမ်း'လို့ခေါ်လိုက်ရုံနှင့် အနားရောက် တတ်သည့် အရိပ်တို့ကိုသတိရမိသည်။ ဘာခိုင်းခိုင်း မညည်းမည ပ်ပေးတတ်သည့် ကျေးကျွန်တွေ။ အနားမှာဘယ်သူမှမရှိကြတော့

သည့်အဖြစ်ကို တွေးလိုက်မိကာ ဘာလို့မရှိတော့တာလဲဆိုသည့် အငေ
ဝင်လာတော့ ခေါင်းခါထုတ်ပစ်မိ၏။ တစ်သက်လုံး ကိုယ်ပေးတာ
ကိုယ်ကျွေးတာစားလာခဲ့တဲ့ ကျွန်တွေတောင် နည်းနည်းလေးအားကိုး
ယောင်ပြမိတာနဲ့ ကန်းတက်ချင်ကြတာ။ 'ကိုယ့်ထက်သာမနာလို'
မျိုးတွေဆိုတာ ဘာမို့လို့လဲ..။ သူတို့မြေးဖြစ်တိုင်း ကိုယ်ပူလောင်နေ
လို သူတို့ပူနေလိမ့်မယ်ထင်တာလား.. ।

ဖုန်းကိုကြည့်လိုက်တိုင်း မချသေးဘဲရှိနေတာကို ဒေါသလ
ထွက်သည်။ ကိုယ့်ဘက်ကချလိုက်ပါလားဆိုတော့လည်း မချနိုင်

ဟင်..။ ဘယ်သူလဲ..ဒါဘယ်သူ့အသံလဲ.. ।

အရေးအတင်စကားပြောသံတွေ နားထဲဝင်လာသဖြင့် သေချာ
နားထောင်မိသည်။ ပုလဲပြောတာရော မိန်းမသံကိုရော သေချာကြ
ရပြီး ဘာတွေပြောနေမှန်းမသိ။ ဒါဆို 'မြတ်ရတနာ'စံအိမ်ထဲကို
ရောက်နေပြီပေါ့။ သူမတွက်ထားသည့်အတိုင်း ဒီလူတွေ ပုလဲအ
အနာဂတ်ရှာပြီး ပြောဆိုနေကြတာလား.. ।

ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည့် ခြေလှမ်းတွေက တုံ့
၏။ ဆွေမျိုးတွေက ဖယ်ကျဉ်ထားပြီးပြီဆိုသည့်အဖြစ်နဲ့ ပုလဲမျ
ငယ်နေတော့မည်။

တော်တော်မိုက်တဲ့ မိန်းမ..၊ ကိုယ်မွေးလို့လူဖြစ်လာတဲ့သား
မိဘစကားနားမထောင်လို့ ဒုက္ခတွင်းနစ်တာ သွားပေါ့..။ ဒီအင
တစ်မျိုးတစ်ဆွေလုံးကိုလိုက်ပြီး ဒူးထောက်နေမှာလား.. ।

မာန်မာနတို့သည်လည်း ထင်တိုင်းမပေါက်။ ဒေါသထွက်
ပေါက်ကွဲစရာလည်း မရှိ။ ဒေါ်မြမင်းသီရိဆိုဖာပေါ်မှာ မောလျှ
လိုက်မိသည်။ ထိုအခါ 'တာဝတိံသာ'စံအိမ်မှာ ကိုယ်ထိုင်နေကျ
တပ်ကြေးသွန်းကုလားထိုင်ကြီးကို သတိရမိ၏။ အမြဲတမ်း သ
လက်တောက်နေခဲ့သည့် ကြေးတို့သည် ရွှေသားကဲ့သို့ ဝင်းဝင်
လက်ရှိနေကြလျက် ဆိုဖာတွေသာ ဆင်မထားခဲ့လျှင် ပလ္လင်ပုံ
ဆန်လွန်းသော လက်ရာမြောက်သည့်ကုလားထိုင်ကြီးဖြစ်၏။ ထ
မှာ ထိုင်နေခဲ့တိုင်း ကိုယ့်ကိုယ်မှာ ရာဇမာန်တွေ စီးမျောနေသ
ရသည်။ ကိုယ်သည်သာအရာအားလုံး၏အထက်မှာ ရှိနေခဲ့လျ



ကိုယ့်ဌာနမှာ ကိုယ်သာသခင် ကိုယ်သာဘုရင်..။ 'တာဝတိံသာ'စံ
အိမ်ကြီးမှာ သခင်အဆက်ဆက်ထိုင်လာခဲ့သော ကြေးသွန်းကုလားထိုင်
ကြီးကပဲ ကျိန်စာတွေရှိနေတာလား..။ အရှင်သခင်တိုင်းကပဲ ဒီစံအိမ်
ကုလားထိုင်မှာထိုင်ကြဖို့ အကြောင်းဆက်တွေ ရှိခဲ့ကြတာလား.. ।

သူတို့၏အတွင်းလှိုက် မသိစိတ်မှာ ဒါဟာ ကုလားထိုင်တစ်လုံး
ဟုတ်ပေ။ ခေတ်စံနစ်တို့ကြောင့် ကုလားထိုင်လို့ သတ်မှတ်ရသော်ငြား
သည် 'မဟာပလ္လင်'သာဖြစ်လေသည်။ ငါ့အရိပ် ငါ့ပလ္လင်ကနေ ခွဲ
ခွာထွက်ခဲ့လို့ ငါ့အာဏာမတည်တော့တာလား.. ।

ဖျတ်ခနဲအတွေးမှာ လက်တင်ထားသည့် အညိုရောင်ဆိုဖာကို ငုံ့
ကြည့်လိုက်မိသည်။ ပြီးတော့ နေရာမှပြန်ထရပ်၏။ သားသမီးမြေးဒုက္
တွေကြောင့် သူမခရီးထွက်လာခဲ့ရသည်။ ရောက်နေတာလည်း ကြာပါ
ပြီ။ ဒေါ်မြမင်းသီရိဆိုသည့် တာဝတိံသာသခင်မက သားသမီးအရေး
ကိစ္စကျမှ ဒီလောက်တောင် တုန်လှုပ်နေခဲ့ဘာလား.. ।

ရင်ထဲမှာ မာနနဲ့သမုဒယက တိုက်ပွဲဆင်နေကြသည်။

"မမကြီး အထူးသတိထားရမယ့်ကာလပါ..သားသမီးလက်
ထောက်ငယ်သားကြောင့် ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်တတ်ပါ
တယ်..အတိုက်အခံအပြိုင်အဆိုင်တွေကြောင့် ဆင်းရဲမှုကြုံရနိုင်တယ်၊
ဒီ ခရီးထွက်မယ်ဆိုရင် မသင့်တော်သေးတဲ့အချိန်မို့လို့ စဉ်းစားသင့်
တယ်.."

ဒီခရီးကိုမလာခင် ဦးသဏ္ဍကို မေးကြည့်တုန်းကလည်း ဒီတိုင်း
ပြောခဲ့သေးသည်။ ဒါပေမယ့် ကွယ်ရာမှာ သားသမီးတွေဖြစ်ချင်သလို
ဖြစ်နေကြတာကို တားဆီးချင်သည်။ ထိန်းချုပ်ဖို့ကြိုးစားချင်ခဲ့သည်။
သားသမီးတွေကတော့ သူတို့သားသမီးတွေအတွက် မိဘကိုတန်ပြန်ထိုး
တာတွေနဲ့ပါလား.. ।

'တော်ပါပြီမယ်မယ်'ဆိုသည့် တုံ့ပြန်စကားနှင့် တစ်ခွန်းမှနောက်
ထပ်စကားမပြန်ခဲ့တာ မိဘအပေါ်ထားတဲ့ လေးစားသမှုတွေလား..။ တ
ရှိုက်ပြေးလွှားနေရသည့် အလင်းအမှောင်တွေ လှုပ်ရှားနေကြသည့်ပုံ
ရိပ်တွေ ပြီးတော့ အသံတွေ ခေါင်းထဲမှာရှုပ်ထွေးလာသည်။ လင်းတ
လည်း မှောင်တလှည့်အတွေးတွေက ညှံသက်ခြင်းတွေဖြစ်သွားလိုက် မာန်

မာနနှင့် ခေါင်းထောင်လာလိုက်..။ ထိုစဉ်.. ။

"ဒုတ်.."

"အား.."

စားပွဲပေါ်မှာ အလှတင်ထားသည့် ကမ္ဘာလုံးပုံဖန်လုံးလေး၏ ရှိုးခွန်းနှင့် ခြုပဝါအနားစငြိကာ ခြေထောက်ပေါ်ပြုတ်ကျ၏။

"ဒေါက်..ချွမ်း.."

ခြေထောက်နာသွားသောကြောင့် လူကယိုင်သွားသည်။ ကိုယ် ထိန်းရင်း လက်နောက်ပြန်စမ်းလိုက်သဖြင့် ရှူးကော့စ်ပေါ်တင်ထား ဒေါ်မြပုလဲဖြူအိမ်ထောင်မကျခင်က အလှဓာတ်ပုံလေး ပြုတ်ကျကွဲ သွားသည်။ ဆက်တိုက်ဖြစ်သွားခဲ့သော ဆင့်ကဲပျက်စီးမှုတို့သည်

ဘုရား.. ဘုရား.. ။

ဒေါ်မြမင်းသီရိ ဏှိုယ့်ရင်ဘက်ကိုဖိရင်း ခြေခိုင်ခိုင်ရပ်ဖို့ အ ကြိုးစားနေရသည်။ ထိုစဉ့် ဝင်ရှိုးစွန်းထဲကနေ ပြုတ်ထွက်လိမ့်လာ ကမ္ဘာလုံးလေးက သူမခြေရင်းကို လာထိသည်။ ခြေသည်းကြားထဲ သွေးစိမ့်နေသော ခြေမထိပ်မှာ အက်ရာထင်နေသည့် ကမ္ဘာလုံးလေ ရပ်တန့်သွားခဲ့၏။ ဒီဖန်လုံးလေးက ဒီလောက်အမြင့်ကနေပြုတ်က လောက်နဲ့ အက်ကြောင်းပေါ်သွားနိုင်သလား..။ ကမ္ဘာလုံးကိုကော လိုက်စဉ် မှန်ကွဲစတွေအောက်မှာရှိနေသော သမီးရဲ့မျက်နှာလေ ကောင်းတဲ့ နိမိတ်ဆိုးတွေ ပြနေပြီကို သိလိုက်သည်။

"သားသမီးလက်အောက်ငယ်သားကြောင့် ကြီးမားတဲ့ဆုံးရှုံ ဖြစ်တတ်ပါတယ်.."

"အတိုက်အခံအပြိုင်အဆိုင်တွေကြောင့် ဆင်းရဲမှုကြုံရတ တယ်.."

"အထူးသတိထားရမယ့် ကာလပါ.."

"အခုခရီးထွက်မယ်ဆိုရင် မသင့်တော်သေးတဲ့အချိန်ပါ.."

"မမကြီးအထူးသတိထားရမယ့်ကာလပါ.."

မဖြစ်ရဘူး..။ ငါ့သမီးဘာမှမဖြစ်ရဘူး..။ မြမင်းသီရိနဲ့တ တည်းတူတဲ့ ငါ့သမီး..ပုလဲဘာမှမဖြစ်ဘူး.. ။

ကွဲအက်နေသည့် ကမ္ဘာလုံးကိုတစ်ဖက် ဖုန်းကိုတစ်ဖက်



တော်မတ်ပြန်ရပ်သည်။ ကရုဏာတစ်လှည့် မာနတစ်လှည့်ပြေးလွှားနေ သည့် ရှုပ်ထွေးခြင်းတို့သည် သားသမီးအတွက် ပူလောင်မှုအောက်မှာ အရည်ပျော်ပျောက်ရှကုန်၏။

"ငါ့သားသမီးတွေ ဘာမှဖြစ်စရာအကြောင်းမရှိဘူး..မဲ့တစ်ပေါက် စွန်းရဘူး.."

တိတ်ဆိတ်လွန်းသည့် ည၏အကျည်းတန်ခြင်းသည် ဒေါ်မြမင်း သီရိ၏ မပြတ်ရေရွတ်နေသည့် ကယောင်ချောက်ချားစကားသံတို့ ကြောင့် ပို၍ရုပ်ဆိုးနေခဲ့သည်။ ထိုစဉ် ဖုန်းထဲက ဆူညံသံတချို့ စူးထွက် လာခဲ့လျှင်.. ။

"ဟာ..ဟာလို ပုလဲရေ၊ သမီးငယ်ခုပြန်ခဲ့..မယ်မယ်စိတ်ပူနေတယ် နော်၊ ခု ခုပြန်ခဲ့.."

"ဝုန်း..ဒုန်း.."

"အား.."

ဒေါ်မြမင်းသီရိ'ဟင်'ခနဲဖြစ်ကာ ဖုန်းနဲ့နားနဲ့ အတင်းဖိကပ်ထားမိ သည်။ ဆူညံသံတွေ လူတွေအများကြီးဘာတွေ အော်ဟစ်ပြောနေကြ တာလဲ..။ အော်လိုက်တာ ဘယ်သူ့အသံလဲ..ပုလဲများလား.. ။

နားစိုက်ထောင်လေ မကြားရလေဖြစ်လာရင်း ဖုန်းကိုအားမလို အားမရထောင်ကြည့်မိသည်။ ပြီးတော့ ပုလဲကြားသည်ဖြစ်စေ မကြား သည်ဖြစ်စေ ဘာမှမသိတော့ဘဲ.. ။

"သမီးရေ..ပုလဲ အဲ့ဒီအိမ်ကလူတွေမှာ ဘာအဆင့်အတန်းမှမရှိဘူး၊ ကျွဲမြှတ်ခေါင်းကိုတောင် သူ့လိုထောင်ထွက်နဲ့ငါ့သမီးမတန်လို့ မယ် မယ်နည်းနည်းလေးမှ လှည့်မကြည့်ဘဲ ပစ်ထားလိုက်တာ..သူတို့တွေ မယ်မယ်တို့ကို ကျေနပ်မှာမဟုတ်ဘူး၊ အဲ့ဒါကြောင့် မယ်မယ်တားနေ တာပါ..ညည်းကိုသူတို့ကူညီမှာ မဟုတ်ဘူး၊ ပြန်ခဲ့ပါသမီးရယ်..မယ်မယ့် ဆီ ခုပြန်ခဲ့ပါ.."

## အခန်း(၁၀၅)

"ဟဲ့ကောင်..ခုရပ်လိုက်စမ်း.."

ဘယ်လိုမှ တားဆီးချိန်မရလိုက်ဘဲ ဒေါ်မြပုလဲဖြူက သူ လက်ညှိုးထိုးပြီး လှမ်းအော်သည်။ ပွဲမှာရှိနေသည့် လူတွေရော ပါ ဒေါ်မြပုလဲဖြူကို လှမ်းကြည့်မိကြ၏။ စားပွဲတွေခင်းကျင်းထား နေရာနှင့် ဒေါ်မြပုလဲဖြူနဲ့သျှန်တို့အနေအထားက တြိဂံပုံဖြစ်သွား

"နင့်ကိုဘယ်သူခေါ်လို့လာတာလဲ..နင့်လို'ကျွန်'မသားက တနာ'နဲ့တန်လို့လား.."

"မြပုလဲဖြူ.."

ဒေါ်သင်းကြူမွှေးဟုခေါ်သော အားလုံးထဲမှာ ဒုတိယအ ဖြစ်ကာ ဒေါ်မြမင်းသိရိပြီးလျှင် သူမသာအဓိကလူကြီးဖြစ်သည် သမီးကြီးက ဆတ်ခနဲထရပ်လိုက်သည်။ ဒေါ်မြတ်သီဂီလည်း သူ မှာ ယှဉ်တွဲရပ်လာခဲ့လျက်.. ।

"သူကဘယ်လိုရောက်လာတာလဲ.."

အားလုံးကြားအောင် အော်မေးတာတော့ မဟုတ်ပေ။ ဒေါ်မြပုလဲဖြူနောက်ကိုရောက်နေသည့် သမီးဖြစ်သူကို ရည်ရွ



လိုက်တာမို့ အားလုံးကြားကြ၏။ သျှန်ကိုဖြစ်ရသည့်ဒေါသသည် ထွက် လာသည့်မလိုလားသံတို့ကြောင့် လူစုရှိရာ ဦးတည်သွားခဲ့ပြီး... ।

"ကျွန်မယောက်ျားရဲ့မိဘ..ကျွန်မသားရဲ့ဘိုးဘွားတွေပိုင်တဲ့နေရာ ဒီမှာကျွန်မရှိနေတာ ဘာဖြစ်လို့လဲ.."

ဒါက သမီးယောက္ခမရှင်းရမည့်ကိစ္စမို့ ဒေါ်သင်းကြူမွှေးက ဒေါ် မြတ်သီဂီကို ငဲ့ကြည့်လိုက်၏။ ဒေါ်မြတ်သီဂီမျက်နှာမှာလည်း အေးစက် သောအငွေ့အသက်တို့ အတိပြီးနေခဲ့လျက်.. ।

"ညည်းကမေးလာတော့လည်း ပြောရမှာပေါ့..ငါတို့ဆွေမျိုးတွေထဲ မှာ ဦးဆောင်တိုင်ပင်ခံ အကြီးအကဲဖြစ်တဲ့ ညည်းအမေလည်း စံအိမ်တံ ခါးပိတ်ပြီး တာဝန်မဲ့ခဲ့တယ်.."

ဒါကြောင့် ဒေါ်သင်းကြူမွှေးက ဆွေမျိုးစုအကြီးအကဲဖြစ်နေရခြင်း ကိုတော့ ထည့်မပြောမိတော့ဘဲ.. ।

"ညည်းလည်း သားသမီးဝတ္တရားပျက်ကွက်တာပဲ..ပိုရှင်းအောင် ပြောရရင် ချွေးမတာဝန်ပေါ့၊ ငါ့သားကိုယူသွားပြီး ငါ့အိမ်ကိုဘယ်နှစ် ခေါက်လာသလဲ..တော်ဝင်မျိုးစုတွေရဲ့ သက်ကြီးပူဇော်ပွဲမှာ ညည်းငါ့ကို ဘယ်နှစ်ခါလာကန်တော့သလဲ..ငါ့မြေးကိုတောင် လမ်းမှာတွေ့ရင် မြေး မှန်းသိပါ့မလား.."

"ဝတ္တရားဆိုတာ သတ်မှတ်ချက်တွေပါ..တော်စပ်မှုဆိုတာ ပျောက် ဆုံးမသွားနိုင်တဲ့အရာ၊ တာဝတီံသာက ဘယ်သူ့အပေါ်မှာမှ ဝတ္တရား ရှိခဲ့ရင်တောင် ဘယ်သူဝတ္တရားကျေတာမကျေတာတွေကိုလည်း ထိုင် ဆောင့်ပြီး စာရင်းပြုစုမနေဘူး..စိတ်လည်းမဝင်စားဘူး.."

ဒေါ်မြတ်သီဂီအားလုံးရဲ့အလယ်မှာ မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ် သွားသည်။ ဒေါ်မြပုလဲဖြူက ဂရုမစိုက်.. ।

"အဲ့ဒီ'ကျွန်'မသားက မေမေ့သားကို ထောင်ထဲရောက်အောင်ပို့ပစ် ...မေမေ့မြေးကိုလည်း.."

"အဲ့ဒါတွေညည်းတို့ကာကွယ်လေ..ကာကွယ်ကြပါလား.."

ရှက်ဒေါသတို့ဖြင့် ဒေါ်မြတ်သီဂီက အသားတုန်အောင်အော်ပစ် သည်။ အခြေအနေတင်းမာလာသဖြင့် ထိုင်နေသည့်လူတွေပါ လှုပ်လှုပ် ရှုရှုတွေဖြစ်လာခဲ့ကြသည်။

"ပုလဲဘာတွေဖြစ်နေလဲမသိဘူး..လာကွာ၊ စိတ်ထဲမထားနဲ့.."

ဦးကျော်မြတ်ခေါင်၏အစ်ကိုနှစ်ယောက်ဖြစ်သော ဦးရဲမြတ်ခေ နှင့် ဦးမင်းမြတ်ခေါင်တို့က ခြေလှမ်းရပ်သွားသည့် သျှန့်လက်ကိုဆွဲ ထိပ်ဆုံးစားပွဲကို ခေါ်သွားကြ၏။ ကနုတ်မျက်လုံးလေးဝိုင်းနေကာ က အဒေါ်အဖြစ် ချစ်ခင်လေးစားခဲ့ရသည့် ဒေါ်မြပုလဲဖြူကို တစ်ခါမှမ ဘူးခဲ့သလို လည်ပင်းလိမ်အောင်ငေး၏။ ဒီလောက်ဒေါသထွက်နေ လည်း မမြင်ခဲ့ဘူးပါ။ ရုပ်ပျက်ဆင်းပျက်အော်ဟစ်နေသော ဒီလိုပ ပုံစံနဲ့လည်း ဒေါ်မြပုလဲဖြူကို တစ်ခါမှမမြင်ဘူးခဲ့ပေ သျှန်နဲ့ဖြစ်နေ သည့် ပဋိပက္ခတွေကို သူမဘာမှဂဃနဏမသိခဲ့ရာ.. ।

"သားဖြစ်ဖြစ် မြေးဖြစ်ဖြစ် တော်စပ်မှုရှိနေတိုင်း မေတ္တာစိ အလိုလိုဖြစ်မလာဘူး..ငါ့သားထောင်ကျဖို့ဖြစ်နေတာလည်း ငါတို့ များပြောမှသိရတယ်၊ မြေးဘာဖြစ်နေတယ်ဆိုတာလည်း.."

"အဲ့ဒါတွေလည်း ဟို'ကျွန်'မသားပဲ ဖောက်သည်ချတာမို့လ ဒီလူယုတ်မာက အကုန်သိတယ်လေ၊ သူလုပ်နေတာ သူ့အုပ်စုဖွဲ့ပြ တင်းလိုက်ချောင်းနေတာ..ကျွန်မအိမ်ထဲက 'ကျွန်'တွေကိုတောင်ရ စည်းရုံးခဲ့တာ၊ အောက်တန်းကျတဲ့ကောင်.."

"ဟော့..တော်တော့.."

ဒေါ်သင်းကြူမွှေးက ခြုံပဝါကို ပခုံးတစ်ဖက်စီမှာ ဟန်ပ တင်လိုက်ပြီး.. ।

"သူများမကောင်းတာတွေပြောချင်ရင် ငါရောဘယ်ေ ကောင်းသလဲဆိုတာ ပြန်စဉ်းစား..သခင်ဖြစ်ဖြစ် ကျွန်ဖြစ်ဖြစ် အဲ့ဒီ ယောက်ပေါင်းစပ်သွားရင် စီးကြောင်းကတစ်ကြောင်းတည်းပဲ ဆ တယ်ပုလဲဖြူ..သူတော်ကောင်းစိတ်နဲ့ဆိုရင် ကောင်းတဲ့ဘက်ကိုယ မကောင်းတဲ့စိတ်နဲ့ဆိုရင် မကောင်းတဲ့ဘက်ရောက်သွားမှာပဲ.. သားစုက အားလုံးထဲမှာ အမြင့်ဆုံးအမြတ်ဆုံးဖြစ်ချင်တဲ့သူ ကြောင့် သူများကိုနိုင်ချင်တာတစ်ခုတည်းနဲ့ 'ကျွန်'လို့သတ်မှ ကောင်းတဲ့ဘက် ပို့ခဲ့တာ.."

ဒေါ်မြပုလဲဖြူ အသားဆတ်ဆတ်တုန်လျက် တက်ခေါ မသမာကောင်ကိုပဲ အမုန်တွေမြင်နေကြသည်။ အာဏာသျှန်လ



ပြစ်မရဘဲ တာဝတိံသာမကောင်းဘူးချည်းဖြစ်ခဲ့ရတာ မယ်မယ်ပြော သလိုပဲလား.. ।

"ဆွေမျိုးချင်းလောက်တုပြိုင်ကြတာ မရှိဘူး..အာဏာသျှန်မှန်မှန် းမှား ငါတို့မှားတယ်ပဲပြောမှာ၊ သူတို့တုပြိုင်ချင်တာက အာဏာသျှန်မှ ဟုတ်ဘဲ.."တဲ့.. ।

ဟုတ်သည်။ သင်းတို့လိုက်မမီအောင် ကြွယ်ဝနေတဲ့တာဝတိံသာ ကိုပဲ ဖိနှိပ်လက်ညှိုးထိုးချင်ကြတာ။ ဒေါ်မြပုလဲဖြူနှုတ်ခမ်းတွေ အကျည်း တန်စွာ မဲ့ကျသွားသည်။

"ကျွန်မက သားရဲ့ဘိုးဘွားတွေပဲဆိုပြီး တိုင်ပင်ချင်လို့ ပြေးလာခဲ့ တာ.."

"မတိုင်ပင်နဲ့..'ခလုတ်ထိမှ အမိတ'တာမျိုးကို မိဘကပဲလက်ခံမှာ၊ ည်းက ငါ့သားကိုတောင် တစ်ခါမှသွားမတွေ့ခဲ့တဲ့ချွေးမ..ငါတို့က ည်း ညည်းကိုရော ကျန်တာအားလုံးကိုပါ ငါတို့စာရင်းထဲက ထုတ် ားလိုက်ပြီ.."

"တော်ဝင်ဆွေမျိုးစာရင်းထဲမှာလည်း သူတို့မရှိတော့ပါဘူး..ပြော ရင် ဒီခြံထဲကထွက်သွားရမှာ သူပဲ.."

ဒေါ်သင်းကြူမွှေးက ဆက်ပြောလိုက်လျှင် တခြားသူတွေပါ ရုတ် ရုတ်စုထရပ်လိုက်ကြကာ.. ।

"တော်တော်ကိုရိုင်းလွန်းတယ်..ဒီအသက်အရွယ်ရှိနေကာမှ.."

"ကိုယ့်လက်ပူမှ ပူမှန်းသိတာ အဲ့လိုလူစားတွေပဲ.."

"သူတို့ချည်းပဲ အကုသိုလ်တစ်ခုပြီးတစ်ခု တက်နေကြတာ ဆင် ဖို့ကောင်းနေပြီ.."

"ဟိုကလေးတွေ တစ်ခွန်းမှပြန်မပြောရှာဘူး.."

လက်ညှိုးတွေအကုန်လုံး ကိုယ့်ထံစုပြုံလာကြသည်။ မကြာခင် င်းထဲကနေ ဆွဲထုတ်ကြတော့မည့် အခြေအနေတွေဖြစ်လာသည်။ ရပ်နိုင်သည့်ဒေါသနှင့် လှမ်းကြည့်လိုက်တော့ သျှန်ကလူကိုစိုက် ကြည့်နေတာ သူနဲ့ဘာမှမဆိုင်သည့်အရေးအခင်းတစ်ခုကို ကြည့်နေသ မျိုး၊ ပြီးတော့ ကနုတ်ရောင်က ဘာတွေကပ်ပြောသည်မသိ။ ဦးမင်း ခေါင်ကို သျှန်ကတစ်ခုခုပြောလိုက်ပြီး ထိုင်ရာကထသည်၊ ဒေါ်မြ

ပုလဲဖြူ ဆတ်ခနဲဖြစ်သွားသည်။ ဒီနေရာမှာလာဆုံမိသည့်အဖြစ်ကို ကြိုက်ပေမယ့် ရင်ထဲကအမုန်းမီးတောက်အင်အားသည် မျက်စိရှေ ထွက်သွားစေရုံသက်သက်မဟုတ်။ မမြင်ကွယ်ရာမှာတည်းက ဒီနာမ ကို ရွတ်လိုက်မိတိုင်း လက်သီးဆုပ်နေသည့် ပေါက်ကွဲချင်စိတ်က မျ ရှေရောက်နေကာမှတော့ ဒီတိုင်းနဲ့မပြီးနိုင်.. ।

"ဟဲ့ကောင်နေဦး..ခုရပ်နေလိုက်စမ်း၊ နင့်ကိုငါသတ်မယ်.."

"မြပုလဲဖြူ.."

"ဟဲ့..ဆွဲထားကြစမ်းပါ.."

သူမခြေလှမ်းပြင်လိုက်တာနှင့် တားဆီးမယ့်သူတွေ ရှုတ်ရှ သဲဖြစ်လာကြ၏။ ထိုရှုပ်ထွေးမှုထဲမှာ ဖုန်းပြောရင်း သမင်လည် လှည့်ကြည့်လိုက်သော သျှန့်မျက်နှာပေါ်က မထိတထိမဲ့ပြုံးကို မြင်ရလျှင်.. ।

"ဟဲ့ကောင်..လူယုတ်မာ.."

"ရှူမ်း..ချလွှမ်..ဝေါ.."

"ဒုန်း.."

ဒေါ်မြပုလဲဖြူ ရှေကိုတည့်တည့်ပြေးလိုက်လျှင် ကာဆီးနေ စားပွဲရှည်ကြီးကို အားရှိသလောက်ဆွဲမပြီး လှန်ချပစ်လိုက်သည်။ ဂု အုံအားသင့်ကာ ရှုံခနဲဖြစ်သွားကြသည်။ သို့သော် ခဏအတွင်းမှာ ရှုတ်သဲသဲတွေ ပြန်ဖြစ်လာကြပြီး.. ।

"မြပုလဲဖြူ နင်တော်တော့.."

"သရဲများပူးနေသလားပဲ.."

ဘယ်သူတွေဘယ်လိုရင့်သီးစွာ ပြောနေပါစေ ဒေါ်မြပုလဲဖြ ဏာသျှန့်ကိုပဲ လိုက်ရှာသည်။ လူတွေရှုပ်နေသည့်ကြားမှာ ညအ ၏အားပေးမှုလည်း ပါနေလျက် အာဏာသျှန့်ကို သူမမတွေ့ရတေ သွားပြီ..သင်းတို့ကြောင့် ဒီလောက်တောင်ကာကွယ်ချင်တဲ့ဟာ

"ကဲ..ကဲ."

"ရှူမ်း..ရှူမ်.."

ဒေါ်သထိန်းမရတော့ဘဲ ဆွဲကိုင်ဖို့လာကြသည့် လက်တွေ ကို လာမထိအောင် ပုလင်းချင်းရိုက်ခွဲခြင်း ပန်းကန်တွေနဲ့လွှဲပေ



ငှ် ပေါက်ကွဲပစ်လိုက်သည်။ ထို့ပြင် စားပွဲတွေကိုပါ ဆွဲလှန်တွန်းချ ခ်လိုက်ရင်း.. ।

"ဖယ်..ဖယ်ကြစမ်း.."

ဖန်ကွဲစကြီးကိုင်ထားသည့် သူမနားကိုဘယ်သူမှ မကပ်ရဲဘဲ ရှဲ ာက်သွားစဉ် ဒေါ်မြပုလဲဖြူ သျှန့်ကိုရှာသည်။ ပြီးတော့ သျှန်ထွက်သွား ည်ထင်သည့်ဘက်ကို ဦးတည်၍ လဲပြိုပြန့်ကျဲနေသော စားပွဲတွေ ည်းကွဲတွေကြားထဲက ဖြတ်ပြေးပြီး ခွတ်လိုက်လျှင်.. ।

"ဝုန်း..ဒုန်း.."

"အား.."

"ဟယ်.."

လဲကျနေသည့် ထိုင်ခုံတစ်လုံးနဲ့ အရင်တိုက်မိသည်။ ခုံနဲ့ခြေ ာက်ချိတ်ကာ စားပွဲခြေထောက်နဲ့ပစ်ရိုက်၏။ ပြီးမှ မြေပြင်ပေါ်ပက် က်ပြန်ကျသွားခဲ့လျက်..။ အားလုံးတိတ်ကျသွားခဲ့၏။ မြရောင်လွှမ်း ာ မြက်ခင်းပြင်ပေါ်တွင် ဒေါ်မြပုလဲဖြူသည် သူမကိုထိုးသတ်ရန် ဆုပ်ထားသော ပုလင်းကွဲချွန်ကြီးကိုလည်းမလွှတ် ပက်လက်ကနေပြန် ခြင်းလည်းမပြုဘဲ မျက်လုံးပွင့်လျက်နှင့် အံကြိတ်နေ၏။

သူမဘာဖြစ်လို့ မထခဲ့သလဲဆိုတာ ဘယ်သူမှမသိကြသဖြင့် ဘာ ်မှာလဲငေးကြောင်ကြည့်နေမိကြစဉ်..။ သူမဂျွမ်းထိုးမှောက်ခုံလဲကျ ားစဉ် အင်္ကျီ၏ဘေးအိတ်ထဲကနေ ထွက်ကျသွားသည့်ဖုန်းက သူမရဲ ်ခုံတစ်ဖက်ပေါ်မှာ ခပ်လျှောလျှောဖိကပ်နေခဲ့ရာ ဒေါ်မြပုလဲဖြူရဲ့ ်အားချိနဲ့သောလက်က ကတုန်ကယင်လှုပ်ရှားလာ၏။ ထိုဖုန်းကို ်နဲ့ပြန်စမ်းပြီး နားနားရောက်အောင် ခက်ခဲပင်ပန်းစွာကြိုးစားသည်။

"သူဘာဖြစ်နေတာလဲ.."

ဓဝေဓဝါရေရွတ်လိုက်သံထွက်ပေါ်လာသည်။ ဒါပေမယ့် ဘယ်သူ ှုပ်ရှားဖို့ သတိမရကြပေ။ ဒီဖုန်းကိုဖွင့်လျက်သားရှိနေခဲ့မှန်းလည်း ်သူမှမသိသောကြောင့် သူမတစ်ယောက်ယောက်ကို ဖုန်းခေါ်ဖို့ ကြိုး နေသည်ပဲထင်ကာ.. ।

"သူ့အိမ်ကိုခေါ်ချင်တာလားမသိဘူး.."

"မလုပ်နဲ့.."

တစ်ယောက်ကခြေလှမ်းပြင်လျှင် တစ်ယောက်ကပြန်ဆွဲထား ဒေါ်မြပုလဲဖြူဘာကိုမှ မသိတော့ပါ။ သူမအကြားချင်ဆုံးသည် မယ် ပြောနေသည့်တစ်ခုခု။ သူမကို မယ်မယ်တစ်ခုခုပြောနေသည်။ သူ လည်း ပြောစရာတွေရှိသည်။ ဒါပေမယ့် မပြောနိုင်တော့ဘူးဆိုတာ သိသည်။ အဆမတန်နာကျင်နေသည်။ ဒီနာကျင်မှုကို သူမအမြန် ခွာထွက်သွားချင်နေပါပြီ။ ဒါကြောင့် မယ်မယ့်ကိုနှုတ်ဆက်ချ နောက်ဆုံးပြောချင်တာလည်း ရှိသေးသည်။

"မယ်မယ့်ကို သမီးအရမ်းချစ်ပါတယ်.."

ဒါပေမယ့် မပြောနိုင်တော့ပါ။ မယ်မယ့်စကားသံတွေကတော မနားစည်ကို ထွင်းဖောက်၍.. ၊

"သမီးရေ..ပုလဲ အဲ့ဒီအိမ်ကလူတွေမှာ ဘာအဆင့်အတန်းမှမ ကျော်မြတ်ခေါင်ကိုတောင် သူ့လိုထောင်ထွက်နဲ့ငါ့သမီးမတန်လို့ မယ်နည်းနည်းလေးမှမကြည့်ဘဲ ပစ်ထားလိုက်တာ..အဲ့ဒါတွေ သူတို့တွေ မယ်မယ့်ကိုကျေနပ်မှာမဟုတ်ဘူး၊ ဒါကြောင့် မယ်မ နေတာပါ...ညည်းကိုသူတို့ကူညီမှာမဟုတ်ဘူး၊ ပြန်ခဲ့ပါသမီးရယ် မယ့်ဆီ ခုပြန်ခဲ့ပါ.."

မယ်မယ်ညာခဲ့တာလား.. ဒါဆိုမကြီးအမှုကိုရော.. ၊

"သမီးငယ်သွားစရာမလိုဘူး..အမှုကိစ္စအတွက် ရှေ့နေငှား မယ်စီစဉ်ထားတယ်.."တဲ့.. ၊

မယ်မယ်ညာတယ်.. ၊ ဒေါ်မြပုလဲဖြူရဲ့မျက်လုံးသူငယ်အိ ချက် လှုပ်ရှားသွားသည်။ ပြီးတော့ ဖုန်းသည်လက်ထဲကလျှောက လျက် ထိုလက်သည်လည်း.. ၊

မယ်မယ့်ကို မုန်းတယ်.. ၊

အချိန်သည် ညကိုးနာရီတိတိ.. ၊

အခန်း(၁၀၆)

"ဆောရီးပါ..ဦးနောက်ထဲမှာ သွေးယိုစီးမှုဖြစ်သွားတယ်..ကျွန် တော်တို့အတတ်နိုင်ဆုံး ကြိုးစားပေမယ့်.."

ဆရာဝန်ကြီးက အားလုံးကိုစိတ်မကောင်းသလိုကြည့်ပြီး ခေါင်း ခါသည်။ ခွဲစိတ်မှုမအောင်မြင်ခဲ့တာကိုသိပေမယ့် ဘယ်လိုပုံစံနဲ့ပဲကျန် ပါစေ အသက်ရှင်လျက်လေး ပြန်ရချင်သည်။ ထို့ကြောင့် သမား တော်တွေကို ဦးကျောက်ဆူးအစွမ်းကုန်ပြောပြတောင်းပန်ထားခဲ့သည်။ သော်.. ၊

ဖြစ်ရလေ ကလေးရယ်.. ၊

နာခေါင်းနဲ့နှုတ်ခမ်းထောင့်တွေမှာ သွေးစတို့က ကြည့်လိုက်တိုင်း ကြသည်။ တခြားမှာတော့ ဦးခေါင်းဒဏ်ရာမရှိခဲ့ပါ။ ဒါပေမယ့် အဖြစ်ဆိုးသွားခဲ့သည်။ ဒီကလေးကျမှ ဘာဖြစ်လို့လဲ.. ၊

လမ်းကြိုလမ်းကြားမှာ သူခိုးမိသွားတိုင်း အနည်းနဲ့အများတော့ ကျက်ခံကြရတာပင်။ သွေးထွက်သံယိုဖြစ်ကြသည်။ မထနိုင်အောင် ကြိတ်ကြသည်။ ဒါပေမယ့် သေအောင်ရိုက်လွှတ်လိုက်တယ်ဆို ကြားဘူးသလောက်ပါ။ ဒီမိသားစုမှာ ဘာတွေဖြစ်ပျက်နေပါသ

လဲ.. ။

"လူနာရှင်တွေ ဝင်တွေ့မယ်ဆို တွေ့နိုင်ပါပြီ.."

ဆရာဝန်ကြီးက ပြောသွားသည်။ ဦးကျောက်ဆူးရင်နာသွ သည်။ အထဲကို တရွေ့ရွေ့လှမ်းခဲ့ရင်း မျက်လုံးတွေမပိတ်တပိတ် ငြိမ်သက်နေသည့်လူလူ့ဘေးမှာ ခြေစုံရပ်လိုက်သည်။ ဒေါ်မြမင်း ဘာပြောပြော ကိုယ့်ကိုယ်ကိုလည်း နေနိုင်အောင်ကြိုးစားမိပေမယ့် ပါ။ ထို့ကြောင့် လူလူ့နောက်ကို သူတောက်လျှောက်လိုက်ခဲ့သည်၊ ခြေအနေမကောင်းမှန်းသိလို့ ပိုပြီးဂရုစိုက်ခဲ့သည်။ ကလေးရဲ့အ နေကိုလည်း ဒေါ်မြပုလဲဖြူထံ မက်ဆေ့ချ်တွေ အဆက်မပြတ်ပို့ခဲ့ သို့သော် ညွှန်ကြားချက်တစ်ခုတလေတောင် မလာခဲ့သည့်အဖြစ်

"အင့်..အ အား.."

"လူလေး..လူလူ.."

ဦးကျောက်ဆူး ကမန်းကတန်းအနားတိုးပြီး တတွတ်တွတ် သည်။

"လူလေးဘာပြောချင်သလဲ..ဘာလုပ်ချင်လဲပြောလေလူလေး လေးရဲ့မေမေနဲ့ ဘွားဘွားတို့လာနေကြပြီကွ.."

ဦးကျောက်ဆူးရဲ့စကားသံတွေကို လူလူတုံ့ပြန်ပြောနေခဲ့ ဒါပေမယ့် နှုတ်ဖျားမှမဟုတ်ခဲ့ဘဲ.. ။

......မေမေ့ကို တွေ့ချင်တယ်ဘဘကျောက်..မေမေဘယ်မှာ

......သား..သားလေး......

......မေမေ့.......

......သားဘယ်မှာလဲ..မေမေသားကိုမတွေ့ရဘူး.......

.......သားဒီမှာလေ..သားဒီမှာမေမေ့.......

.......မေမေဘာမှမမြင်ရဘူး..မှောင်မည်းနေတာပဲသားရယ် ကိုမေမေလိုက်ရှာနေတာ........

.......သားလည်း မေမေ့ကိုရှာနေတာ..သားလာခဲ့မယ်မေ

.......လာခဲ့သား..မေမေဒီမှာ..မေမေ့ဆီလာခဲ့..သားကိုခမ ခေါ်တာ..မေမေတို့နောက်ထပ်ဘယ်တော့မှ မခွဲတော့ဘူး......

.......လာပြီ..သားလာခဲ့ပြီ..မေမေဘယ်မှမသွားနဲ့နော်......



မျက်ဝန်းထောင့်မှာ မျက်ရည်တွေစိုစွတ် ပြည့်တွဲလာကြသည်။ ပြီးတော့ လူလူ့နှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်ခုန်လာခဲ့ရင်း အပြုံးတစ် ချက်ဖြစ်သွားခဲ့၏။ ထို့နောက်.. ။

သေဆုံးချိန် ညကိုးနာရီကိုးမိနစ်.. ။

မြင်ကွင်းကိုတော်ရာကနေ ငေးကြည့်နေရင်း ဖြိုးခိုင်နဲ့ကိုခေတို့ ွတ်ခနဲစုတ်သပ်၏။ ဖြစ်ရပ်အားလုံးတို့ဟာ သျှန်နဲ့ချည်းဘာကြောင့် တ်သက်နေခဲ့တာလဲ..။ ဒီကိစ္စမှာလည်း လူလူနဲ့သိန်းအုပ်စိုးတို့ငြိနေ ကြသည့်အဖြစ်ကနေ ရှင်းနိုင်သည့်နည်းလမ်း သူတို့ပေးလိုက်သည်။ ါကလည်း လူတစ်ယောက်လုံးကို လမ်းပေါ်လိုက်သတ်တဲ့အထိ ဒီလူ တွေတရားလွန်လာသောကြောင့် ဒေါသနဲ့တုံ့ပြန်ခဲ့တာဖြစ်သည်။ သို့ သော် ဒီလိုသွားခိုးချေ ဒါလုပ်ပါလို့ မြောက်ပေးခဲ့တာ မပါပေ။ သျှန်က မ်းကြောင်းတွေပေးခဲ့တိုင်း သူတို့အတွက် သေလမ်းတွေချည်းဖြစ်နေ ာ ဘာလဲ..ဘယ်သူ့ကြောင့်လဲ.. ။

"ကိုခေ.."

ဖြိုးခိုင်က သူ့ပခုံးကိုဖျစ်ဆုပ်လိုက်ပြီး အခန်းရှေ့ကနေ ခြေလှမ်း တ်စွာကာ.. ။

"သျှန့်ကိုမက်ဆေ့ချ်ပို့လိုက်တော့.."

"ငါသိတယ်..ဒီကောင်ပျော်မှာမဟုတ်ဘူး.."

"မပျော်တဲ့အပြင် ကြိတ်ကြွေသွားမှာငါသိတယ်..ဒါပေမယ့် ငါတို့ ဆိုင်ဘူးကိုခေ၊ မင်းစဉ်းစားကြည့်..ငါတို့ကသူငယ်နှပ်စားအရွယ်တွေ ည်း မဟုတ်ဘူး၊ ကြေးစားလူမိုက်တွေလည်း မဟုတ်ဘူး..သျှန်ကနာ ည်းပြီးသူဂလဲ့စားချေဖို့ ဒါလုပ်ပါ ဒီလိုသွားပါနဲ့ခိုင်းတိုင်း ငါတို့လုပ် လား..ငါတို့ကိုယ်တိုင် မှန်တယ်ထင်လို့ ကူညီနေကြတာ.."

"ငါသိပါတယ်.."

"ဒါပဲလေ..သျှန်လုံးဝမမှားဘူး၊ သူခံခဲ့ရတာနဲ့စာရင် သူပြန်လုပ် ာနည်းတောင်နည်းသေးတယ်..ဟိုကတစ်ချက်လွှတ် ရက်ရက်စက် ပြောလွှတ်သလောက် ဒီကောင်ကရင်ဘက်နဲ့ညှိနေသေးတာ၊ ခုဖြစ် ာတွေက သူတို့အကြောင်းတရားတွေပဲ..ဒေါ်မြမင်းသီရိကြီး အမျိုး ကြီးလွန်းလို့.."

"တကယ်မကြုံဖူးဘူး..သွေးကိုဓားနဲ့ခုတ်ဖြတ်လို့မရဘူးတဲ့၊ ဒီမိန်း မကြီးကတော့ ရအောင်ကိုခုတ်တယ်.."

"လုံးဝမရဘူးဟော့ကောင်..တို့ရှေးလူကြီးတွေထားခဲ့တဲ့ စကားေ က ဘောင်တစ်ခုခုမှာ အမြဲတမ်းအကျုံးဝင်တယ်၊ သိပ္ပံနည်းကျစမ်းသ တွေ့ရှိချက်တွေထက်လည်း ခိုင်မာတယ်..ခုပဲကြည့် အစွန်းရောက်ဘော လွတ်သွားတဲ့လူတွေ ဘာတွေဖြစ်ကုန်ပြီလဲ.."

ကိုဇေက ဘာမှမပြောတော့ဘဲ သျှန့်ဆီမက်ဆေ့ချ်ပို့လိုက်သည်

☎

## အခန်း(၁၀၇)

ချာတိတ်ဆုံးသွားပြီ

ကိုးနာရီကျော်လောက်ကပဲ

မက်ဆေ့ချ်ဝင်လာသည့်အသံကြောင့် ဖွင့်ကြည့်လိုက်မိပြီး သျှန် ခြုံလှမ်းတုံ့သွားသည်။ ကနုတ်က ကားတံခါးဖွင့်နေကာမှ နောက်ကိုပဲ ခေါင်းလည်ပြန် လှည့်ကြည့်နေကာ.. ၊

"ဆုညည်နေတာပဲဦးသျှန်..ဒွေးတော်တအားဒေါသထွက်နေတာ.."

နောက်မှာကျန်ခဲ့သည့် လူစုလူဝေးနှင့် ရုတ်ရုတ်သဲသဲအဖြစ်တွေ ကို လှမ်းကြည့်ကာ ကနုတ်အသံလေး တုန်နေ၏။ ထို့ပြင်.. ၊

"တစ်ခုခုမှားဖြစ်နေတာလားမသိဘူး..လူတွေအကုန်လုံး ဟိုမှာ"

"ကနုတ်ရောင်.."

စိတ်မရှည်ခြင်းသည် စိတ်ညစ်နေခြင်းကြောင့် ပိုဆိုးသွားသည် လားမသိ.. ၊

"ပြန်ရအောင်ပါ ချက်ချင်းထဖြစ်တာ မင်းနော်.."

"အင်းပါ..ဒါပေမယ့် ဟိုမှာ.."

"ပြန်ကြည့်မနေနဲ့..တက်.."

ရည်ရွယ်တာက တစ်မျိုး။ ဖြစ်လာတာက တခြား..။ သျှန်ဘ
လိုမှ စိတ်မကြည်ဘဲရှိကာ ဒီနေရာကပါအမြန်ထွက်ဖို့ ပြင်သော်လည်း

"မနေခဲ့နဲ့..ဘယ်သူမှမနေခဲ့ရဘူး၊ အောင်မယ်လေး..သွေးသံရဲရဲ ဓာတ်ပုံတောင်မကြည့်ရဲခဲ့တာ၊ ငါ့မျက်စိရှေ့မှာ ပုလဲဖြူပြက်ပက်စက် ကြီး..ဘုရား ဘုရား၊ ရင်တွေတုန်လိုက်တာ..ဟဲ့ ကားပေါ်တက်လေ

"ဟုတ်ကဲ့ပါ..ကိုကြီးတို့တော့ နေခဲ့ပါစေအဘွားရယ်၊ ကြီးကြီး ဖြူဆုံးသွားပြီဆိုတာ သူ့အိမ်ကိုအကြောင်းကြားရမယ်..ဆေးရုံထိ ပြီး.."

"မလိုက်ရဘူး..မလိုက်ရဘူး၊ ဆွမ်းခံရင်းငှက်သင့်ဖြစ်ရတာ ဒီ တင်ဖြတ်လိုက်တော့..ကဲ တက်ကြစမ်းပါအေ၊ ငါဒီနားမှာတင် အသ ထွက်သွားအောင် လုပ်နေကြတာလား..ပြောနေရင်းနဲ့ မူးလိုက်တာ ရား..ဘုရား.."

စကားသံတွေနှင့် လူရိုပ်သုံးလေးရိပ်တို့ ကားတစ်စီးဆီ အပြေ လွှားရောက်သွားကြသည်။ အပြေးအလွှားပြောသွားကြသည့်စကား နှင့်အတူ ကားမောင်းထွက်သွားကြတာ မြန်မြန်ဆန်ဆန်။ သျှန်ဒီ ပြန်လှည့်လိုက်တော့ ကနုတ်မျက်လုံးလေးပြူးလျက် နှုတ်ခမ်းသား ပွင့်နေခဲ့လျက်.. ။

"ဒွေး..ဒွေးတော်.."

လက်ညှိုးထိုးနေပြီး စကားသံနောက်ဆက်တွဲပါမလာတော့ ပြီးတော့ မျက်ဝန်းတို့မှိတ်ကျသွားလျက် သူကြည့်နေတုန်းမှာပဲ တ ပြိုကျသွား၏။

"ဟိတ်.."

သျှန်ကမန်းကတန်း ဆွဲယူလိုက်ကာ.. ။

"ကနုတ်ရောင်.."

သတိလစ်နေပြီဖြစ်သည့် ကနုတ့်ကိုယ်လေးကို ကားထဲထွေ လိုက်ကာ သူဟိုဘက်ကနေ အပြေးအလွှားတက်သည်။ ဒီနေ့ ခဲ့သမျှအားလုံး မှားယွင်းနေခဲ့သည်။ ဗီဒီယိုမှာလို ဒီခြဝင်းထဲဝင် backward နဲ့ပြန်ထွက်လို့ရမည် ဆိုပါလျှင်.. ။

☎

## အခန်း(၁၀၈)

ကနုတ်နဲ့ဒေါ်ယမုံခင်တို့ မျက်နှာချင်းဆိုင်ပြီး မျက်ရည်ကျနေကြ ည်၊ တစ်ယောက်ကိုတစ်ယောက် အားပေးဖို့ကြိုးစားရင်း ဘာစကား ည်း မပြောနိုင်ကြ။ သူရှောင်ထွက်လာခဲ့ရင်း ကိုဇော်ကိုဖုန်းခေါ်လိုက် ည်၊ ညကအဖြစ်သနစ်တို့နှင့်ပတ်သက်ပြီး စိတ်ချမ်းမြေ့ဖွယ်တွေပြော ည့်အစား စိတ်ပျက်စိတ်ဆင်းရဲသော သက်ပြင်းချသံတွေ အင်အား သော စကားတို့ဖြင့်.. ။

"ညက မေမေအိပ်နေပြီလေ..ကနုတ်ကိုဆေးခန်းဝင်ပြတာနဲ့ ပြန် က်တော့ ဆယ့်တစ်နာရီထိုးခါနီးပြီ.."

"....................."

"ဒီမနက်မှသိသွားတာ.."

"..................."

"အင်း..နားလည်ပေမယ့် မေမေ့အကြောင်းလည်း မင်းသိသားပဲ.."

"....................."

"ငါမှားသွားတာ..ဒေါ်မြမင်းသီရိရဲ့အတွက်မော် ငါ့ဆီရောက်သွား င်တယ် အရာရာဟာ ကိုယ်ဖြစ်စေချင်သလို ဖြစ်မလာနိုင်ဘူးဆို

တာ..”

သူဘယ်လိုမှ မပျော်နိုင်ပါ။ မြတ်ရတနာ့စံအိမ်ရဲ့ ‘ရာပြည့် ပတ်လည်ပွဲကိုတက်ဖို့ အစကအစီအစဉ်မရှိခဲ့ပေမယ့် လူလူ့ဆီကို မြပုလဲဖြူလိုက်မသွားနိုင်ဘူးဆိုတာ ကြားကတည်းက မြတ်ရတ မလွဲမသွေရောက်သွားမှာပဲဆိုတာ တွက်မိလိုက်သည်။ ထို့ကြောင့် တက်ဖို့ ဆုံးဖြတ်၍.. ။

“လေးလေးမင်းနဲ့ကျွန်တော် တွေ့မယ်လေ..ဒီညရာပြည့်ပွဲက တော်လာခဲ့မယ်..”

“ဟား..အဲ့လိုလုပ်ပါသျှန်ရာ၊ ဘယ့်နှယ် ကိုယ့်ဦးမင်းတစ် လုံး တစ်ပြည်ရပ်ခြားကနေ တကူးတကလာခဲ့ရတာကို မပြန် ရက်ရက်တွေ့တာပေါ့ဆိုတော့..”

သူအစီအစဉ်ပြောင်းလိုက်တာကို ဦးမင်းမြတ်ခေါင်ဝမ်း ရဖြစ်သွားပေမယ့် သူ့စိတ်ကူးက ဒေါ်မြပုလဲဖြူ၏ ရုပ်ပျက်ဆ ဒေါသထွက်တတ်သောအကျင့်ကို လူဘုံအလယ်မှာ ဖွင့်ချပြဖို့ တွေ ဘုရင်တွေလို တခမ်းတနားကြီး နေထိုင်လာကြတဲ့လူတွေ ပြည့်တဲ့အခါ ဘယ်လောက်ထိရုန့်ရင်းကြမ်းတမ်းကြသလဲဆိုတာ မြင်စေဖို့။ ပြီးတော့ ဒေါ်မြမင်းသီရိတဖွဖွရေရွတ်နေခဲ့တဲ့ ဂုဏ် ထမီမနိုင် ပဝါမနိုင် စွေ့စွေ့ခုန်အော်ဆဲနေတဲ့သူမှာ ဂုဏ်သိက္ခာ ကျပျောက်ခဲ့သလဲ.. ။

သူ့စိတ်ထဲမှာ မကျေနပ်မှုတွေပေါ်လာတိုင်း သတိရလ ဒေါ်မြမင်းသီရိကြွေးကြော်လိုက်တဲ့ ဂုဏ်သိက္ခာပဲဖြစ်လေသ ကြောင့် ဖြစ်လာတာတွေအပေါ် စိတ်မချမ်းမြေ့မှုတွေရှိလာတ ရှေ့ဆက်တိုးနေမိ၏။ ဒီနေ့ဖြစ်ပျက်မှုတွေကတော့ အဆိုးဆုံ ပြောပြီး စီးကရက်ကိုနှစ်ရှိုက်လောက်မှာ ဖွာမိသည်။ ပြီးတော့ နဲ့ဖိချေပြီး နောက်ပြန်လှည့်လိုက်လျှင်.. ။

“သားအရမ်းတော်တယ်..”

သူ့နောက်မလှမ်းမကမ်းမှာ ရပ်နေသည့် ဒေါ်ယမုံခင်မျ တည်တာထက်ပိုသော တင်းမာခြင်းတို့ဖြင့် အသံတိတ်မြောက် သည့် လက်တစ်ဖက်သည်.. ။



“ဖြန်း..”

သျှန့်ပါးတစ်ဖက် ကျိန်းစပ်ပူလောင်သွားသည်။ ဒေါ်ယမုံခင်က မျက်နှာကို လက်ညှိုးထိုးလိုက်ပြီး.. ။

“မင်းပဲညွှန်ကြားနေတာ..မင်းချည်းပဲအကွက်ချခဲ့တာ၊ မနေ့ညက ခြံထဲကို မမလေးရောက်မယ်ဆိုတာ မင်းသိလို့မင်းတမင်ဆုံအောင် းတာ..”

သျှန့်မျက်နှာလည်းထွက်သွားတဲ့အတိုင်း ပြန်မလှည့်ဘဲနေကာ ခွန်းမှလည်း မဖြေရှင်း.. ။

“မမလေး အဲ့လိုစိတ်မြန်တာ ဒေါသထွက်တတ်တာတွေ ဘူးဖော် ဒီလိုအဖြစ်ဆိုးသွားအောင်..မင်း..”

“မဟုတ်ဘူး..”

“ဟုတ်တာမဟုတ်တာက အခုမင်းလိုချင်တဲ့အတိုင်း ဖြစ်သွားပြီး သာ..ဘာကိုမဟုတ်ဘူးပြောနေတာလဲ..”

သျှန်ဘာမှဖြေရှင်းမနေတော့ဘဲ မျက်နှာပြန်လွှဲ၏။

“မင်းကို ငါခွင့်မလွှတ်နိုင်ဘူးသျှန်..မင်းအဖေနဲ့မင်းအမေ မင်းကို ည်ပေးကတည်းက တစ်နေ့နေ့ဒီလိုတွေ သက်ရောက်လာနိုင်တာ ွားမိတယ်..ခုတော့ ဒီနာမည်ကို တစ်ခါခေါ်တိုင်း မင်းရဲ့မကောင်း ဉ်ဆိုးတွေ တစ်ရစ်ရစ်တိုးလာစေတယ်..သျှန်ဆိုရင် မင်းကလူလိမ်မှာ၊ တာသျှန်လို့ခေါ်လိုက်ရင် ဖိဆန်တော်လှန်ဖို့စွမ်းအားတွေနဲ့မင်း..”

“အန်တီ..”

ခေါ်သံတိုးတိုးလေးပေမယ့် ကနုတ်ကိုသူတို့ လှမ်းကြည့်လိုက်ကြ အဖြူရောင်ဇာအထူ လက်ပြတ်ခါးရှည်လေးကို စကက်အရှည်ပွပွ ထဲမှာ ထည့်ဝင်ထားကာ ဆံပင်တွေကို တစ်ပတ်လျှိုခပ်တင်းတင်း ပတ်ထုံးထား၏။ သူမက သျှန့်ဆီကိုမရောက်ခင် အကြည့်ကိုလွှဲ လိုက်ကာ.. ။

“မေလေးရောက်နေလို့..”

ဒေါ်ယမုံခင် ခေါင်းညိတ်လိုက်ကာ မျက်ဝောင်တွေကိုပင့်၍ လက် ပ်လိုက်သည်။ မျက်ရည်စတွေကိုသိမ်းပြီးမှ လှည့်ထွက်သွားကာ ကျမှ ပြန်လှည့်ကြည့်လိုက်ပြီး.. ။

"မမဘာလာလုပ်တာလဲမင်းသိလား.."

သျှန်က လှမ်းကြည့်နေပြီး မျက်ခုံးတွေမသိမသာတွန့်ကုတ်သွာ၏။ ဒေါ်ယမုံခင်က ကနုတ်လက်လေးတစ်ဖက်ကို ဆွဲကိုင်လိုက်တ

"ကနုတ်ကို သူ့အဖေဆီပြန်ပို့ပေးမလို့.."

"ဘယ်လို.."

သျှန်မျက်နှာပျက်သွားသည်။ ကနုတ်ကိုကြည့်လိုက်တော့ လည်း ခုမှသိပုံပေါ်ကာ ဝမ်းသာသွားသည့်မျက်နှာလေး ချက်ချင်း သွားတာတွေ့သည်။

"ဟုတ်တယ်..မေမေဖုန်းဆက်ပြောလိုက်တာ မင်းလုပ်ရပ်အ ဒီလောက်တော့ ပြန်ပေးရမှာပေါ့၊ တာဝတိံသာစံအိမ်မှာ အစ်ကိုလေ ယောက်ပဲ သားထောက်သမီးခံရှိတော့တာ..မယ်တော်ကြီးနဲ့သူ့သာ သားနဲ့သူ့သမီး သူတို့ကိုနောက်ထပ် သေကြေပျက်စီးကုန်တာမျိုး မဖြစ်စေရဘူး.."

"မေမေ့.."

ဒေါ်ယမုံခင်က လုံးဝနားထောင်တော့ဘဲ လှည့်ထွက်သွာ သျှန်က ကနုတ်ရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ကာ.. ၊

"ဒီအဖြစ်အတွက် ကျွန်တော့်ဘက်က ပြန်ပေးဆပ်ဖို့မလို မေ.."

"ဘာ..ဘာပြောလိုက်တယ်.."

သျှန်က ကနုတ်လက်ကို သူ့ဘက်ပါလာအောင် ဖိဆွဲယူလို

"ကျွန်တော်ပစ်ခဲ့တာမီးပွားတစ်စပဲ..ဒါပေမယ့် မီးကိုမငြိမ်း ခပ်မွှေးတာက သူတို့မိုက်ပြစ်.."

"မင်း.."

"ကဲ..ဟော့၊ အိမ်ရှေ့မှာညည်းသည်ကိုထားပြီး အိမ်ရှင်တွေက ဘာလုပ်နေကြတာလဲ..ယမုံရေ.."

ဒေါ်ယမုံခင် ဖျတ်ခနဲအာရုံပြောင်းသွားလျှင် သျှန်ကကန ကိုဆွဲခေါ်ထုတ်ခဲ့ပြီး.. ၊

"တော်တော်ပျော်သွားတယ်..ဟုတ်လား.."

သူဆွဲခေါ်သွားတိုင်း ဒရေသောပါးပါခဲ့ရသည့် နာကျင်



ကနုတ်ကို နှုးညံ့ခွင့်မပေးခဲ့ဘဲ.. ၊

"ဟုတ်တယ်..ဦးသျှန်လက်ထဲမှာ ဈေးထုတ်လို ပစ်လိုပစ် နင်းလိုနင်းဖြစ်နေရတာ မိဘလက်ထဲပြန်မလိုက်ချင်ဘဲ နေမလား၊ အခု ဘွားဘွားတို့လည်း ပြိုကွဲကုန်ကြပြီ..ကနုတ်ကလည်း သူတို့နဲ့မသက်ဆိုင်တဲ့သူပါ၊ ဦးသျှန်ဘာဖြစ်ချင်သေးတာလဲ.."

"ဘာဖြစ်ချင်တယ်ထင်သလဲ..မင်းပဲဆက်တွေးကြည့်စမ်းပါ.."

မျက်လုံးချင်းဆုံတော့ တစ်ယောက်မျက်ဝန်းထဲကို တစ်ယောက်စေ့စိုက်ကြည့်နေရင်း ငြိမ်သက်သွားကြသည်။ ကနုတ်က အရင်မျက်လွှာချပြီး ငုံ့ပစ်လိုက်လျှင် သျှန်က သူ့မပခုံးလေးနှစ်ဖက်ကို ဆွဲယူလိုက်ပြီး.. ၊

"ငါ့ကိုကြည့်ပြီးဖြေလို့ရတယ်..ပြော.."

ကနုတ်ရဲ့နှုတ်ခမ်းလေး တင်းခနဲဖြစ်သွားသည်။ ပြီးတော့ မေးဖျားလေး မသိမသာပင့်သွားခဲ့ပြီး.. ၊

"ခုလိုမျိုး သူများဆန္ဒကို ဂရုမစိုက်ဘဲ ဗွတ်အနိုင်ကျင့်ပြီး ခိုင်းစရာလုလိုနေသေးလို့လို့ ထင်တယ်.."

သူ့မျက်ခုံးအစုံ ပြေကျသွားသည်။ မျက်ဝန်းတွေက အေးစက်သွားခဲ့၏။

"ကနုတ်ကိုအနိုင်ကျင့်ရတာ ကျေနပ်နေတာ..အနိုင်ကျင့်ရမယ့်လူမို့ လက်မလွှတ်ချင်တာ.."

ပခုံးနှစ်ဖက်ကိုကိုင်ထားသည့် သူ့လက်တွေပြေကျသွားခဲ့ပြီး ခြေဘစ်လှမ်းဆုတ်ရပ်သည်။ ပြီးတော့ ခေါင်းညိတ်၍.. ၊

"ဟုတ်တယ်..မင်းကိုအနိုင်ကျင့်ရတာ ငါကျေနပ်နေတာ.."

အံကြိတ်၍ပြောခြင်းက သိသာစွာ အေးစက်ပြတ်တောက်နေခဲ့လျက်.. ၊

"မင်းသွားတော့..နောက်ငါရှိတဲ့အရပ်ကို မျက်နှာတောင်မလှည့်မိစေနဲ့.."

ကနုတ်နဲ့သူ့မျက်လုံးချင်းဆုံနေခဲ့သည်။ တစ်ယောက်သည်တစ်ယောက်က နောက်ထပ်ပြောလာမည့်စကားကို ပင့်သက်မချဘဲ စောင့်နေခဲ့၏။ တအောင့်ကြာမှ ကနုတ်မျက်နှာလွှဲသည်။ ပြီးတော့ သူ့ကိုကျော

နိုင်းလိုက်လျှင်.. ။

"နောက်ထပ်တစ်ခါ မိန်းမတစ်ယောက်ကိုချစ်တဲ့စိတ်ဖြစ်လာခဲ့ရင် ငါ့ရင်ဘက်ကိုငါ ခွဲထုတ်ပစ်မယ်ကနုတ်ရောင်..အဲ့ဒီအတွက် သခ်ိန်းစ ပေးခဲ့တာကို မင်းကိုကျေးဇူးတင်တယ်.."

သူဆက်ပြောသည့်စကားကြောင့် ကနုတ်ခြေလှမ်းတွေ ရှေ့မဆက် နိုင်ဖြစ်သွားခဲ့သည်။ သို့သော် သူမနှုတ်ခမ်းမှာ ခပ်မှဲ့မှဲ့အပြုံးလေးတ ချက်တင်လျက်.. ။

"အမွေအနှစ်ဆိုတာ စားထိုက်တာစားရတာ..မေတ္တာစစ်ဆိုတ လည်း ထိုက်တန်တဲ့သူသာ ခံစားရတာမျိုးပါ၊ ဦးသျှန်ရင်ထဲမှာ တကယ် မေတ္တာစစ်တွေရှိနေပြီဆိုရင် ခံစားထိုက်တဲ့သူပေါ်လာပါလိမ့်မယ်.."

ပြောပြီး ခြေလှမ်းတိုးသည်။ ပြီးတော့ ပြန်၍ရပ်တန့်သွားပြန်က သူ့ဘက်ကို မျက်နှာငဲ့၍.. ။

"ကနုတ်ရောင်က တာဝတီံသာရဲ့သွေးမဟုတ်ပေမယ့် တာဝတ် သာကပေးတဲ့ ဘဝနဲ့ရှင်သန်ခဲ့ရတာ..ခုချိန်မှာ ဖေကြီးခံစားနေရတဲ့ဒေ ကအတွက် ကနုတ်ကလွဲပြီး မျှဝေခံစားပေးမယ့်သူမရှိဘူး၊ အဲ့ဒါကြော ဦးသျှန်နဲ့ကနုတ်က ရန်သူတွေပဲ.."

"မင်းကအဲ့လောက်ထိတွေးလိုက်တာလား.."

သျှန် သူမလက်ကိုနောက်ဆွဲလှည့်လိုက်သည်။ ကနုတ်ပြန်ရုန်းေ မယ့် သူ့ရင်ခွင်ထဲရောက်သွားခဲ့ပြီး.. ။

"ဟင့်အင်း..လွှတ် ဦးသျှန်နဲ့ကနုတ်မဖြစ်နိုင်ဘူး.."

"ဖြစ်တာမဖြစ်တာ မင်းနဲ့ငါပဲဆိုင်တယ်..ဘယ်သူ့ဆန္ဒမှမလိုဘူ

"ဟင့်အင်း.."

သူနဲ့ထိတွေ့မိတိုင်း ခြေလှမ်းမှားတတ်သည့် ရင်ခုန်သံတွေက ရင်ခွင်ထဲကရုန်းထွက်ဖို့ ကြိုးစားရင်း ပြိုလဲခဲ့ရလျက်.. ။

လတ်ဆတ်သည့်ရင်ခုန်သံများမှာ အမုန်းကတစ်နယ် အချစ် တစ်မြို့ သီးခြားဖြစ်တည်နေခဲ့ရာ.. ။

အခန်း(၁၀၉)

ဟင်.. ။

ဟနေသည့် တံခါးကနေ ချောင်းကြည့်လိုက်မိတာ ကိုယ့်အမှား။ ဒေါ်မြင့်မိုရ်ချောင်းလိုက်ပြီးမှ ခွပ်ခနဲပြန်ဆုပ်မိကာ မျက်နှာတွေပူ ရှက် ရည်းရှက်။ ပြီးတော့ ကျေနပ်နေမိတာလည်း ရှိကာ.. ။

တော်တော်ကဲတဲ့ကောင်လေး.. ။

ခပ်တိုးတိုးရေရွတ်မိရင်း လူမမိခင် ခြေသံဖွဖြေးဖို့ ပြန်လှည့်လိုက် ချင်.. ။

"ဟဲ့.."

လန့်အော်မိမလိုဖြစ်ပြီးမှ ကမန်းကတန်းပါးစပ်ပြန်ပိတ်ရသည်။ ဒေါ်ယမုံခင်က သံပုရာရည်ဖန်ခွက်လေးကို ဇန်သေးလေးနဲ့သယ်ဆောင် ရင်း တအံ့တဩ.. ။

"မမက ဒီမှာဘာလုပ်.."

"အောင်မယ်လေး..လာစမ်းပါဒီကို.."

ကိုင်ထားသည့်ဇန်းနဲ့လက်ကို အမိအရဆွဲယူပြီး ဒေါ်ယမုံခင်ပြန်ပါ အောင် အခန်းတံခါးနဲ့ဝေးတဲ့အထိ အပြေးတပိုင်းသွားမိသည်။ ပြီးမှ

ရပ်တန့်လိုက်ပြီး.. ၊

"ဒီနေရာထိ ဒီသံပုရာရည်ဖန်းကြီးနဲ့ ဘာလာလုပ်တာတုံးနင်က-

"မမအတွက် ဖျော်လာတာလေ.."

"အဲ့ဒါ ညှို့ခန်းထဲကပဲစောင့်နေပါလား.."

ဒါကြီးကိုင်လျက်နှင့်သာ မိယမုံအထဲကို ချောင်းကြည့်လိုက်လျှ သေချာပေါက်ဒါကြီးလွှတ်ကျလိမ့်မည်။

"မမဒီဘက်ထွက်သွားတာမြင်တာနဲ့ ကျွန်မလည်း.."

"နင့်သားလေ..အဲ ငါ့သား.."

"ဟုတ်ပါတယ်မမသားပါ..သားဘာဖြစ်လို့လဲ.."

"အထဲမှာ သူတို့.."

ဒေါ်မြင့်မိုရ်က မတ်တပ်ကနေ အနားတိုးလာပြီး ဒေါ်ယမုံပခုံး ဖက်သည်။ ပြီးတော့ နားနားကပ်၍.. ၊

"နင့်သား ကနုတ်ကို ဟိုဒင်းပြုနေတယ်.."

"ဘယ်လို.."

"ဟဲ့..ဟဲ့.."

ငိုက်ခနဲနိမ့်ကျသွားသည့်ဖန်းကို ဒေါ်မြင့်မိုရ်သေလုမျှောပါး ထိန်းထားလိုက်ရင်း.. ၊

"ဘယ်လိုဖြစ်ရတာလဲယမုံရယ်..လူငယ်တွေမေတ္တာမျှသွားကြ ဝမ်းသာစရာ မဟုတ်ဘူးလား.."

ဒေါ်ယမုံခင်က ဖန်းကိုဗိုက်နဲ့ကပ်ဖိကိုင်ထားလိုက်ရင်း မျက် မျက်ဆံပြူးနေဆဲနှင့်.. ၊

"ဟိုဒင်းပြုနေကြတယ်ဆိုတာ ဘာလဲမမရယ်..တံခါးကြီးဖွင့် ပြီးတော့လား၊ ကနုတ်ကို တစ်ဖက်သက်အနိုင်ကျင့်နေတာလားဟ

"ဘယ်ကလာအေ..ငါသေချာကြည့် အဲ.."

ရှက်လည်းရှက်ပါ၏။ ရှက်လည်းမရှက်နိုင်တော့ဘဲ.. ၊

"ငါသေချာမြင်ပါတယ်..ကနုတ်ကလည်း သားကိုပြန်ဖက် တာ အဟွန်း..သူတို့ချစ်နေကြပြီ.."

ဒေါ်မြင့်မိုရ်ပြုံးနေပေမယ့် ဒေါ်ယမုံခင်တံတွေးတစ်ချက်မျိုး

"ဒါပေမယ့် လက်မထပ်ရသေးဘဲ ဒီလိုဖြစ်တာကတော့-



"ဘာတွေလျှောက်ထင်နေတာလဲယမုံခင်ရယ်..ငါပြောတာ နမ်းနေ ကြတာကိုပဲပြောတာပါ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှပြီးနမ်းနေ ကြတာ..အစောကြီးတည်းက အဲ့လိုဖြစ်နေရမှာကို.."

"ဟင်.."

ခုမှသက်ပြင်းချနိုင်ရှာသည့် ဒေါ်ယမုံခင်သည်.. ၊

"တော်သေးတာပေါ့မမရယ်.."

"နမ်းတာလေးပဲ..ဒါပေမယ့် ဇာတ်လမ်းထဲက မင်းသားမင်းသမီး တွေလိုပဲ၊ ဟွန်း ဟွန်း..တတ်လည်းတတ်နိုင်တဲ့ကလေးတွေ..ကဲချက်.."

ဒေါ်ယမုံခင် နောက်ထပ်မျက်ခုံးတွေ ပင့်တက်သွားပြန်ကာ.. ၊

## အခန်း(၁၁၀)

"ဘာကိစ္စလဲ.."

အိမ်ထဲဝင်လိုက်တာနှင့် ဦးမြမင်းစံက မျက်နှာထားနှင့် ဆီး
ဒီတစ်ခါ မပ်တင်းတင်းပြန်လည်ချေပဖို့မရှိသော မောင်နှမနှစ်
မျက်နှာတွေက.. ။

"ဘာလဲ..ငါတို့ကိုပေးမထိုင်တော့ဘူးလား.."

ဦးနေမင်းသစ်က မျက်လုံးချင်းဆုံအောင်မကြည့်ဘဲ အိမ်
သလိုလို ကိုယ့်ဘာသာဝင်ထိုင်တော့မလိုနှင့် ဦးမြမင်းစံကိုကျော်
ခြေလှမ်းတက်လျှင်.. ။

"ငါ့သမီးပါမလာဘဲ ငါတို့တွေ့ဖို့အကြောင်းမရှိဘူးထင်

"ဒီလိုရှိတယ်လေမောင်လေးရဲ့..အဟွန်း ကနုတ်က.."

"ကနုတ်ကိုပြန်ပေးမယ်လို့ သူ့ရဲ့အုပ်ထိန်းသူက ကတိပေး

ဒေါ်ယမုံခင်ကသာ အုပ်ထိန်းသူလို့ သူတို့ကိုယ်တိုင်လျှ
သည်။ ယမုံခင်နဲ့သျှန်တို့နဲ့သာ သက်ဆိုင်သည်လို့လည်း ပြော
သည်။ သို့သော်. ။

"ဟုတ်တယ်လေ..ဒါပေမယ့် ယမုံကသိပ်ကြောက်တတ်



ဒီမိသားစုတွေက ငယ်ကြောက်ဆိုတော့ ပိုဆိုးတာပေါ့..တကယ်တော့
ကလေးချင်းက.."

"လုံးဝမဖြစ်နိုင်ဘူးမမြင့်.."

"ဘာမှမပြောရသေးဘူး..ဘာကိုမဖြစ်နိုင်တာလဲ.."

"မပြောရသေးတာတွေရော ပြောခဲ့တာတွေရော..ဖြစ်နိုင်ခဲ့တာ
လည်းမရှိဘူး၊ ဖြစ်နိုင်ဖွယ်တွေလည်း မမျှော်လင့်နဲ့.."

ဦးနေမင်းသစ်ကို မျက်နှာထားနှင့်ပြောပြီး ဒေါ်မြင့်မိုရ်ဘက်ကို
ပြေပြေမျက်နှာနှင့် လှည့်၍.. ။

"တာဝတီံသာမှာ နာရေးတွေဆက်တိုက်ဖြစ်နေတယ်..ခုလည်း မ
တ်ရဲ့နာရေးကိစ္စနဲ့.."

ဦးမြမင်းစံမျက်နှာကြီး ညိုရဲလာကာ မျက်ရည်တွေရစ်ဝိုင်းနေ၏။
သူတို့အထဲဝင်လာပေမယ့် ထိုင်လည်းမထိုင်ဖြစ်ကြဘဲ ဦးမြမင်းစံကို ကျေ
အောင် တောင်းပန်ဖို့သာ အဓိကဖြစ်နေခဲ့လျက်.. ။

"ဟုတ်ပါတယ်..ငါတို့ကလည်း မစာနာလို့မဟုတ်ပါဘူး..ယမုံက
လည်း ပြောတယ်၊ ကလေးကိုပြန်ပို့ပေးပါမယ်လို့လေ..ဒါပေမယ့် အဲ့ဒါ
က ကလေးချင်းမေတ္တာရှိနေကြတာကို မသိခဲ့လို့ပြောခဲ့တာ..အခု.."

"ကျွန်တော့်သမီးကို ကျွန်တော်ခေါ်တဲ့ကိစ္စ မမြင့်တို့ဘက်က ပြန်
နိုင်ချေ ရှိမရှိနဲ့ သက်ဆိုင်နေသလား..ကျွန်ပြုဖို့ခေါ်သွားတာပဲဖြစ်ဖြစ်
လို့ဖျက်ဆီးသဘောနဲ့ဖြစ်ဖြစ် ဒီမိန်းကလေးနဲ့သက်ဆိုင်တာ ကျွန်
တော်ပဲ..ကျွန်တော့်သမီး ကျွန်တော်ပိုင်တယ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်
ပိုင်ခွင့်အားလုံး ကျွန်တော့်မှာပဲရှိတယ်.."

"မင်းပြောလိုက်ရင် ကနုတ်ရောင်နဲ့ငါ့သား လက်ထပ်မထားတဲ့အ
ကြောင်း ပတ်သက်မှုမရှိတဲ့ သာဓကတွေနဲ့ချည်းပါလား.."

"ဒီ့ထက်ခိုင်လုံတာတောင် ဒီလောက်မခိုင်လုံဘူး.."

နှစ်ယောက်စကားတွေစလိုက်တာနှင့် ပေါက်ကွဲဖို့ချည်းပဲ ဦးတည်
နေတာမို့ ဒေါ်မြင့်မိုရ်က ဦးမြမင်းစံနဲ့နီးအောင် မောင်ရှေ့ကနေ ခြေလှမ်း
တရုပ်လိုက်ကာ.. ။

"ဟုတ်တယ်..ငါတို့ဘက်က ပြောမှားဆိုမှားတွေရှိခဲ့တယ်၊ ဒါက
လည်း လူငယ်တွေကြောင့်ပါ..ငါတို့အနေနဲ့ဆို စကတည်းက နှစ်ဖက်

ပြေလည်စေချင်ခဲ့တာ.."

"ကျွန်တော်ကတော့ ဘယ်လိုနည်းနဲ့မှ ပြေလည်ဖို့မရှိတော့တာ တွက်မိပြီးသားပါ.."

ပြောပြီး မောင်နှမနှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ရ

"အာဏာသျှန်ဆိုတဲ့အတိုင်း ဘယ်တော့မှရှိကျိုးနှာခံတတ်မ လည်း မပေါ်ပါဘူး.."

"အံမာ..မင်းကဘယ်လောက်တောင် ငါ့သားအကြောင်းသ တည့်မတ်စွာစော်ကားလိုက်တာလဲ၊ နှစ်နှာတာချင်း ပြိုင်ကြကြေးဆို အမေလုပ်ထည့်လိုက်တာတွေကြောင့် ငါ့သားဘယ်လောက်ထိဘ ညွှန့်ကျိုးရသလဲ..မင်းတူ တူမတွေ မင်းအစ်မတွေ သူတို့ဘာသာအ အထိုင်မတတ်လို့ သေမင်းခြေထောက်ပြေးဆွဲကြတာ မင်းတို့မိသား က အရင်ဘဝတည်းက မကောင်းမှုတွေ အပြုလိုက်လုပ်ခဲ့လို့..အခု လိုက်.."

"မောင်လေးတော်တော့.."

"ကျွန်တော့်သားကိုလည်း သူမစော်ကားစေနဲ့.."

ဦးနေမင်းသစ်က လက်သီးလက်မောင်းတန်းသည်။ ဦးမြမင်း စိုက်ကြည့်ပြီး ခပ်ယဲ့ယဲ့လှောင်ပြုံးတစ်ချက်နှင့်.. ।

"'ချစ်သူစကား နားမှာချိုသာ မုန်းသူစကားအစဉ်ခါး၏'တဲ့ နဲ့ငါ ရန်သူတွေပဲနေမင်းသစ်၊ ရန်လိုစကားတွေပြောနေကြမှတော့ ကြားချင်တာချည်း ဘယ်ကြားရမှာလဲ..နောက်ထပ်ပြောဖို့ရှိသေးတ အာဏာသျှန်နဲ့လက်ထပ်ပေးဖို့ ပြောခဲ့ဖူးပေမယ့် ခုကစပြီး ငါ့သ အာဏာသျှန်ကို လုံးဝသဘောမတူဘူး.."

"ရတယ်..မင်းကတောင်ဒီလို.."

"အို..မရဘူး၊ ဒီလိုမလုပ်ပါနဲ့ မောင်လေးရယ်.."

ဒေါ်မြင့်မိုရ်က သူ့မောင်စကားမလွန်ခင် အတင်းပိတ်ပြော

"အစ်မတို့ကလည်း ငါ့မောင်ဘက်မှာ သောကများနေရတုန် လာကိစ္စလာကြောင်းလမ်းရတာ အရမ်းအားနာပါတယ်..ဒါ ကြောင်းလမ်းတာပဲလည်း မဟုတ်ပါဘူး၊ အားလုံးအေးချမ်းသွား နေ့ ကလေးတွေကိုလက်ထပ်ပေးမယ်ဆိုတဲ့ သဘောတူညီမှုလေး



ချင်ရုံပါ.."

"ဘယ်လိုအေးချမ်းမှာလဲမြင့်..အာဏာသျှန်က မီးမွှေးခဲ့တယ်၊ တာဝတိံသာတစ်ခုလုံး ပြာကျသွားတယ်.."

"မီးမွှေးတိုင်းလောင်ကြတာ မဟုတ်ဘူးကွ..အသုံးပြုဖို့လည်း မီးမွှေးကြတယ်၊ မကောင်းကျိုးကြောင်းနဲ့ မီးမွှေးတာပဲ..လောင်မှာစိုးရင် ငြိမ်းကြပေါ့..ကိုယ့်အကုသိုလ်နဲ့ကိုယ်ပါလားလို့ မတွေးဘဲနဲ့..ဘယ့်နှယ်"

"ငါတို့အကုသိုလ်ကြီးနေတယ်ထင်ရင်လည်း အဲ့ဒီအကုသိုလ်ထဲ ဝင်ဖို့ မကြိုးစားနဲ့လေ.."

"ဘာဆိုင်လို့တုံး..ကနုတ်ရောင်က မင့်သမီးမှမဟုတ်တာ၊ တာဝ တိံသာနဲ့ ဘာမှမဆိုင်တဲ့ကိစ္စ.."

"နေမင်းသစ်.."

"ဘာတုံး.."

ဦးမြမင်းစံခြေလှမ်းပြင်သည်။ ဦးနေမင်းသစ်က မေးဆတ်ရန်စ ၏၊ ဒေါ်မြင့်မိုရ်စိတ်အပျက်ကြီးပျက်မိရင်း.. ।

"နင်တို့ဘာလဲ..ဖက်သတ်ကြမလို့လားဟင်၊ ကလေးတွေလည်း ဟုတ်တော့ဘူး..ငါတို့ကမိဘဘိုးဘွားအရွယ်တွေ.."

"ဘယ်အရွယ်ဖြစ်ဖြစ် မောဟဆိုတာရှိတာပဲ..ကျွန်တော့်သမီးနဲ့ တ်သက်ပြီး အာဏာသျှန်ပြောဆိုပြုမူခဲ့တာတွေရော ကျွန်တော့်ကိုနှိမ် ပြောခဲ့တာတွေရော ဘာဖြစ်ဖြစ်သည်းခံခဲ့တယ်..ဒီစကားမျိုးတော့ နောက်ထပ်မပြောမိစေနဲ့.."

ဦးနေမင်းသစ်မျက်နှာကို စိုက်ကြည့်ကာ ကလေးဆုံးမသလို လက် ညှိုးထောင်သတိပေးရင်း.. ।

"ငါ့သမီးက တာဝတိံသာရဲ့မျိုးဆက်မဟုတ်ရင်လည်း ငါ့သမီး ဘစ်ဘဝလုံး စားမကုန်အောင်ငါပေးနိုင်တယ်.."

"မင်းကတစ်ဘဝလား..မိုးထိစံအိမ်ကနေမင်းသစ်က မင်းထက် ဆယ်ဆ.."

မခံချိမခံသာဒေါသတို့ဖြင့် လက်ဆယ်ချောင်းဖြန့်ထောင်ပြသေး သည်။ ပြီးတော့.. ।

"ငါ့သားအတွက် ဆယ်သက်ဆယ့်ငါးသက်စာ ငါ့မှာရှိတယ်..ငါ့

သားကသဘောကျတယ်ဆိုရင် မိဘမဲ့ဖြစ်ဖြစ် ဥစ္စာမဲ့ဖြစ်ဖြစ် ဘာမဲ့မဲ့ သဘောတူတယ်..ကုလားထိုင်ကို ပလ္လင်ထင်ပြီး ကောင်းကင်မှာလွင့်နေ တဲ့ ဥစ္စာရူးမျိုးဆိုရင်တောင်မှပေါ့.."

ပြေလည်ဖို့ကြိုးစားနေရင်း မပြေလည်ဖွယ်တွေချည်း ပြောနေ သဖြင့် ဒေါ်မြင့်မိုရ်ခြေဆောင့်အော်ပစ်ချင်မိသည်။ နောက်ဆုံး ပြန်ဖို့ထွ လာကြပြီးမှ ဒေါ်မြင့်မိုရ်နောက်ချန်နေရစ်ခဲ့ပြီး.. ।

"မင်းစံ..ငါ့မောင်ကိုအစ်မက သားရှင်တစ်ယောက်အနေနဲ့ သ ရှင်ကို တလေးတစားကမ်းလှမ်းတာပါ၊ မပြေလည်စရာတွေရှိခဲ့သမျှ ကလေးတွေလက်ထက်မှာ ပြေပျောက်စေချင်ပါတယ်..မင်းလည်းဒီ ဆန္ဒမျိုးရှိလိမ့်မယ်လို့ အစ်မထင်တယ်၊ ဟိုအရင် လက်ထပ်ပေးဖို့ မ လာပြောတည်းက အပြောအဆိုတွေ မချောင်ခဲ့ကြတာရှိရင်ရှိမယ်..အ ကတော့ ကလေးတွေနီးစပ်ဖို့ပဲ လုံးပမ်းခဲ့တာပါ.."

ဦးမြမင်းစံက မျက်နှာမသာမယာနှင့် တစ်ဖက်လှည့်နေ၏။ ဒေါ် မြင့်မိုရ်က ထိုမျက်နှာနောက်လိုက်ရပ်ပြီး ပြေလည်ရေးအတွက်သ

"ကနတ်ကိုပြန်မပေးချင်လို့တောင်မှ မင်းအရင်တစ်ခေါက် တုန်းက တိုင်ချင်ရာသွားတိုင်လို့ အစ်မပြောခဲ့မိသေးတယ်..အခု အ ပြောနေတာတွေက ကြီးကြီးသိရဲ့ ပြန်တည့်ချင်လွန်းလို့လည်း မဟ ဘူး..သားကမှားခဲ့တဲ့အတွက် ဝန်ချတောင်းပန်နေတာလည်း မဟုတ် မင်္ဂလာကိစ္စသက်သက်ပါ..အစ်မတို့ဘက်ခြမ်းက အတ္တမာနတွေမထ ဘူးဆိုတာလည်း သိစေချင်တာ.."

တတ်နိုင်သလောက်ရှင်းပြမိသည်။ ဦးမြမင်းစံမျက်နှာ ခပ်ဖြ ဖြည်းပြန်လှည့်လာခဲ့လျက်.. ।

"ကျွန်တော့်ဆီက သဘောတူညီချက်ကို မမျှော်လင့်ပါနဲ့.. တော်တို့မိသားစုတွေဘက်က အတ္တမာနတွေကြီးခဲ့သလို နေမင်းသ အာဏာသျှန်လည်း အဲ့ဒီလိုလူတွေပဲ.."

"သားကအဲ့လိုမဟုတ်ပါဘူးမောင်လေးရယ်..အခု သူကိုယ် မြတ်နိုးစုံမက်နေတာပါ၊ သူလုံးဝပြောင်းလဲသွားပါပြီ.."

ဦးမြမင်းစံက ခေါင်းခါသည်။ အာဏာသျှန်ကို သမီးအတွက် တောက်လျှောက်တောင်းပန်ခဲ့သည်။ အာဏာသျှန်ဘယ်လိုတွေခေ



ခဲ့လဲဆိုတာ ကိုယ့်လောက်ဘယ်သူသိနိုင်မှာလဲ.. ।

"မမြင့်ကိုအားနာပါတယ်..အခု သူ့အဒေါ်နာရေးရှိတယ်၊ သူ့အဘွားလည်းတစ်ယောက်တည်း အထီးကျန်နေတယ်၊ ကျွန်တော့်သမီးကို ပြန်ပို့ပေးပါ..မမြင့်တို့ဆီက သဘောထားကြီးမှုကို ကျွန်တော်ဒီကစောင့်နေပါ့မယ်.."

ဒေါ်မြင့်မိုရ်လက်လျှော့ခဲ့ရသည်။ ကားဆီပြန်လာတော့ ဦးနေမင်းသစ်က ကားနားကနေ ခါးထောက်ရပ်စောင့်ရင်း တစ်ခြံလုံးကို ရှုံ့မဲ့မဲ့ လှည့်ပတ်ကြည့်ပြီး.. ।

"ခြံလေးလက်တစ်ဝါးလောက်နဲ့နေပြီး ကလေးတစ်ဘဝစာ အေးဆေးလို့ပြောသေးတယ်..ထွီ.."

ကားတံခါးကိုဆွဲဖွင့်ပြီး ဆောင့်ခနဲတက်ထိုင်သည်။ ဒေါ်မြင့်မိုရ် ဟိုဘက်ကနေ မည်ငိမ်မသာထိုင်လိုက်တော့ လှည့်ကြည့်ကာ.. ।

"ဘာလဲ..နောက်ချန်ခဲ့ပြီး လျှို့ဝှက်ကြောင်းလမ်းတာလည်း မရခဲ့ပြန်ဘူးလား.."

"ဟုတ်တယ်..အဲ့ဒါမင်းကြောင့်.."

"ကျွန်တော့်ကြောင့်မဟုတ်ဘူး..မမတို့ကြောင့်၊ ဘယ့်နှယ်ကြိုက်ရာရှားလို့.."

ပြောပြီး ကားကိုမညင်သာသောနည်းနဲ့ ဆောင့်ထွက်ကာ.. ।

"ဒုန်း.."

"ဟဲ့..ဟဲ့.."

"ဂျိုး.."

"နေမင်း..နင်ဘာလုပ်တာလဲ.."

"မတတ်နိုင်ဘူး လွတ်မှမလွတ်တာ.."

ကားကို ရှောခနဲဘက်ခ်ဆုတ်လိုက်တော့ နှင်းဆီပန်းအိုးကြီးတွေ ဒုန်းခနဲပစ်ဆောင့်သည်။ ရှေ့ပြန်ဆွဲပြီး ပေါ်တီကိုအုတ်တိုင်ကြီးနဲ့ လွတ်တလွတ်ကပ်ပွတ်ပစ်၏။ ဘက်ခ်ဆုတ်စရာမလိုဘဲ ဒီတိုင်းဂငယ် ကွေ့မောင်းထွက်လိုက်ရုံကို ဦးနေမင်းသစ်က တမင်တကာရန်စနေကာ.. ।

ထိုစဉ် ဦးမြမင်းစံအပြင်ထွက်လာတာ မြင်လိုက်သဖြင့် ဘေးမှန် ချလိုက်ပြီး.. ।

"ဆောရီးပဲဟော့..မင်းဟာကကျဉ်းလွန်းတော့ မလှည့်သာဘူး.."

ဒေါ်မြင့်မိုရ် ဦးနေမင်းသစ်လက်မောင်းကို ဖက်ခနဲလှမ်းရိုက်ကာ

"နင်ကတော့လေ ကလေးသာဆို ဖင်လှန်ပြီး သွေးထွက်အော

ရိုက်ပစ်တယ်..သိလား၊ ဒီလောက်တောင်ဆိုးရလား..မကြီးမငယ်နဲ့.."

ပြေလည်ဖွယ်မရှိသည့် အခြေအနေအရပ်ရပ်တို့သည်.. ၊

## အခန်း(၁၁၁)

"ဟုတ်ပါတယ်..အခြေအနေတွေက ပြေလည်ဖွယ်မရှိသလောက်

ပါ၊ ဒါပေမယ့် အစ်ကိုလေးရယ်.."

"ယမုံ..နင်ကနာရေးထိတောင် နင့်သားအတွက် သမီးလိုက်

ဆောင်းနေတာလား၊ နင့်ကိုငါသူတို့လို သဘောထားခဲ့တာ မဟုတ်ဘူး..

င်အခုလုပ်နေပုံက.."

"မဟုတ်ရပါဘူးအစ်ကိုလေးရယ်..ကျွန်မကိုအထင်မလွဲပါနဲ့၊ ကျွန်

တာ အစ်ကိုလေးနဲ့မတွေ့ရတော့ စကားပြောချင်ရုံသက်သက်နဲ့ခေါ်လိုက်

တာပါ..ပြီးတော့ အစ်ကိုလေးနာရေးမှာရှိနေမှန်းသိလို့ သတင်းမေးချင်

လို့ပါ၊ တကယ်ပါ..ကျွန်မမညာရပါဘူး၊ အခု အခု..မယ်တော်ကြီးကျန်း

ရဲ့လားဟင်.."

ဦးမြမင်းစံအသံတိတ်နေသည်။ ကနုတ်ကိုပြန်ပို့ပေးရမည့် တာဝန်

ရှိသည်ဆိုပြီး မမလာခေါ်သွားသည်။ ဒါပေမယ့် သားကိုဖုန်းဆက်ပြော

ချိန်းကတော့ စိတ်တွေတိုနေခဲ့လျက်.. ၊

"မေမေလေးက ဘာလုပ်တာလဲမေမေ..ကျွန်တော်လာအောင် ဘာ

လို့မစောင့်တာလဲ၊ ကျွန်တော်ရှိနေတုန်းက ဘာလို့လာမခေါ်တာလဲ..ခေါ်

မယ်ဆိုလည်း ကြိုပြောရမှာမဟုတ်ဘူးလား..ကျွန်တော့်ကိုပြောပိုင်ခွ တဲ့သူဆိုပြီး.."

"မဟုတ်ပါဘူးသားရယ်..အပြီးအပိုင်မဟုတ်ပါဘူး၊ ကန လည်း ပြန်လာမှာပါ..အခု သူ့အဒေါ်ရဲ့နာရေးလည်း ရှိနေတယ်၊ အ လေးကိုယ်တိုင်လည်း ကျန်းမာရေးမကောင်းဘူးလေ.. ဘာပဲပြ ကိုယ်ခေါ်လာတဲ့အခြေအနေ အရပ်ရပ်ကလည်း မတင့်တယ်ပါဘူ ရယ်၊ ခုလိုဇာပြန်ပို့လိုက်တော့ တစ်ယောက်ကိုတစ်ယောက် အ ပေးကြတဲ့သဘောလည်း ဖြစ်သွားတာပေါ့.."

"အခု ကနတ်ကဘယ်သူ့ဆီမှာလဲ.."

"သူ့အဖေဆီရောက်သွားပြီပေါ့.."

"ကျွန်တော်မထည့်နိုင်ဘူးမေမေ.."

"ဘယ်လိုဘယ်လို.."

စကားပြန်မလာတော့ဘဲ ဖုန်းချသွားခြင်းသည် နာရေးအထိ သွားပြီလား..မိုးထိစံအိမ်ထိသွားပြီး မမတို့ကိုအပြစ်ရှာစကားပြေ လားဆိုတာ မသိ။ ထို့ကြောင့် အခြေအနေတစ်ခုခုကိုသိချင်သဖြ ကိုလေးကို ဖုန်းခေါ်ကြည့်မိတာပါ.. ၊

"မယ်မယ်ကျန်းမာရေးမကောင်းဘူး.."

ဟင်.. ၊

အကြာကြီးတိတ်နေပြီးမှ မပွင့်တပွင့်ဖြေသံထွက်လာခဲ့သ

"နာရေးကိစ္စတောင် မြတ်ရတနာနဲ့ငါပဲလုပ်နေရတာ..မယ် ထနိုင်ဘူး.."

☎

အခန်း(၁၂)

ဒီလိုကိစ္စအတွက် လက်ညှိုးထိုးခိုင်းရမယ့်လူတွေမရှိတော့ပေ။ ရှိ တဲ့လူတွေကိုခိုင်းဖို့လည်း မစဉ်းစားချင်တော့။ ကျွန်ုပ်ပီပီ ကျွန်စိတ် ကြသည်။ အားကိုးအားထားလောက်ဖွယ် အတွင်းရေးကိစ္စတွေကို ပြတိုင်ပင်လိုက်တာနှင့် သူတို့မပါရင်ပွဲမစည်တော့သလို ခေါင်း းစတွေထောင် မာန်တွေတက်ကြ၏။ ဘဝတစ်လျှောက်လုံး မဟာ င်ပေါ်မှာထိုင်ပြီး လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့သမျှ ဒီနေ့မြမင်းသိ ခမ်းမထက်ပေါ် ရောက်လာခဲ့ပြီဖြစ်သည်။

အညိုရောင်ကတ္တီပါအပါးသားလက်ရှည်ရင်ဖုံးမွမွ အညိုရောင်ထ ခဲ့သားအညိုရောင်တဘက်ကို လည်ပင်းမှာသိုင်းပတ်ထားသည်။ မှာ ပတ်ခွေထုံးထားသည့် ဆံထိုးထိပ်မှာ ပတ္တမြားဆံထိုးကြီးတ င်ပြောင်နှင့် သုံးတန်းသွားပတ္တမြားလည်ကုံးက ရင်ညွန့်အောက်ထိ ကျလှုပ်ခါနေသည်။ လက်မှာလည်း လက်ဝတ်ရတနာတွေပြည့် နေကာ အကျီလက်ဝကျယ်ကြီးဖားဖား ရတနာတွေအတုံးလိုက်အ ဂိုက်နှင့် သူမရဲ့ဘီးဆံထုံးပုံစံတို့ တခြားလူတွေမြင်လျှင် ဘယ်ခေတ် နီးထလာသူလဲလို့ ထင်ကြမည်လား ဒါမှမဟုတ် ရတနာပုံထဲက

ကုံးကျုံးထလာသလို တစ်ကိုယ်လုံးသီးထနေသည့် ရတနာတွေကို
နာလို့မထင်ကြတော့ဘဲ ရှုနေသည့်မိန်းမကြီးတစ်ယောက်လားလို့
ကြမလား.. ၊

ဒေါ်မြမင်းသီရိကတော့ ရှုနေပြီက အမှန်ပဲဖြစ်လေသည်။ ကား
မှာ တောင့်မတ်စွာထိုင်လျက်ပါလာရင်း ကားလှုပ်လို့ယိမ်းထိုးသွား
တောင် အာမေဋိတ်သံမထွက်။ တစ်ခုခုကို လှမ်းမဆွဲ။ ခါးမတ်နေ
သည် ရင်ကော့ထားသလိုရှိကာ ကိုယ့်ပေါင်ထက်မှာ လက်သီးဆု
ပြန်ထောက်ပြီး ကျောက်ရုပ်လိုနေ၏။ ယိမ်းယိုင်သွားသည့်အခါ ဒီ
တောင့်မတ်စွာယိမ်းထိုးသွားခဲ့ပြီး တပေါက်ပေါက်ကျနေသည့်မျက်
တို့ကိုမသုတ်။ ဖိစေ့အံကြိတ်ထားသည့် နှုတ်ခမ်းတို့ကိုမဖွင့်.. ၊

ဒါပေမယ့် ရင်ထဲမှာ မီးလောင်နေသည်။ မီးလောင်ပြင်မှာ
ယောက်တည်းပြေးလွှားငိုကြွေးနေခဲ့သည်။ ရင်ကွဲမတတ်အော်ဟ
ပေါက်နေပေမယ့် ဘာသံမှထွက်မလာခဲ့ဘဲ ရင်ထဲမှာလောင်မြိုက်
အပူမီးကြောင့် မျက်ရည်တွေက ရေတံလျှောက်ကဆင်းသော မိုး
ကဲ့သို့ ပါးပြင်ထက်မှာ ပြတ်တောက်သွားသည်မရှိခဲ့ပေ။

ငါ့မှာဘာမှမရှိတော့ဘူး..ငါ့ဘေးမှာ ငါ့ကလေးတွေမရှိတော့
ငါ့ဘဝအဆက်ဆက် နင်တို့သားအမိကို နှိပ်စက်မယ်..မသေမချင်း
သတ်မယ်..နင်တို့ရုပ်ခန္ဓာရတဲ့ဘဝတိုင်း ငါ့လက်နဲ့သေရစေမယ်..

“ကျွန်တော်တာဝတိံသာမှာ အမှုထမ်းခဲ့တာ လူသတ်ဖို့မ
ဘူး..”တဲ့.. ၊

“ကျွန်တော်က ‘ကျွန်’မသားဆိုရင် ဘာဖြစ်လို့‘ကျွန်’မသားဖြ
ရတာလဲဆိုတာတော့ သိချင်တယ်..”

“ဂုဏ်သိက္ခာပါတော်မူခန်း ဆီဇင်ဝမ်း..”

“ဟား ဟား ဟား..”

“တောက်..”

ဒေါ်မြမင်းသီရိ၏ တက်ခေါက်သံကြောင့် ဒရိုင်ဘာလန့်ဖျ
ကာ ကားလည်းရပ်တော့မလိုဖြစ်သွား၏။ ဒေါ်မြမင်းသီရိမျက်
လှည့်ကြည့်ပြီးမှ ကမန်းကတန်းရှေ့ပြန်လှည့်မောင်းလေသည်။ ဒါ
ဒေါ်မြမင်းသီရိဘာမှမသိခဲ့။ သူမညွှန်ကြားခဲ့သည့်နေရာဌာနကို



သွားခဲ့တာတောင် ကားရပ်သွားတဲ့အထိ စိတ်နဲ့လူနဲ့မကပ် မျက်ရည်စို
ခွဲလျက် သတိလစ်သူလိုဖြစ်နေသည့် ဒေါ်မြမင်းသီရိကိုကြည့်ကာ ဦးမြင့်
မော်ကလည်း ဘာမှမပြောဝံ့သည့်ပြင် လှုပ်တောင်မလှုပ်ဝံ့ပေ။ ဒီတိုင်းပုံ
စံနှင့် အတော်ကြာမှ ကားရပ်နေတာကို သတိထားမိသည်။

“ရောက်နေပြီလား..”

“ဟုတ်ကဲ့သခင်မကြီး..ပြောထားတဲ့လိပ်စာအတိုင်းဆို ဒီကတက်
သွားရင် ဒုတိယထပ်ပါပဲ..”

ဒေါ်မြမင်းသီရိဆင်းမည်မှန်းသိမှ ဦးမြင့်မော်ကားတံခါးပြေးဖွင့်
ပေးသည်။ တိုက်ခန်းကျဉ်းကျဉ်း လူတွေကွဲစိကွစပြွတ်ညပ်နေသောနေ
ရာမှာ ခြေစုံရပ်မိပြီး ဒေါ်မြမင်းသီရိ၏မျက်နှာက ‘ငါဘယ်ကမ္ဘာရောက်
နေသလဲ’လို့ တွေးနေသလိုမျိုးလား သို့တည်းမဟုတ် ကြည့်နေရင်း ဘာမှ
မမြင်နိုင်အောင် စိတ်တခြားလူတခြားဖြစ်နေခဲ့တာလားမသိ.. ၊

ကားဘေးမှာ အတန်ကြာရပ်နေခဲ့လျက် တိုက်မြင့်ကြီးကို အပေါ်
သို့မော့ကြည့်သည်။ ပြီးတော့ ထမီတစ်ဖက်ဆွဲ‘မ’လိုက်ပြီး တိုက်ခန်းပေါ်
သို့.. ၊

## အခန်း(၁၁၃)

ခုလောက်ဆို ဒေါ်သမောဟတွေ ဘယ်လိုပူလောင်တယ်ဆိုတာ မယ်တော်ကြီးခံစားမိနေပြီလား..နောင်တတွေနဲ့ တစ်ယောက်တည်း ကြွေးနေရှာမလား..။ လူကြီးတစ်ယောက်အထီးကျန်ခြင်းကိုလည်း ခံစားရမည်။ ဝမ်းနည်းပူဆွေးခြင်းကိုလည်း ရင်မှာပိုက်ထားရမည်။ ဒါ့အပြင် ထိုအချိန်ဟာ ကျန်းမာရေးချို့ယွင်းနေတဲ့အချိန်ဖြစ်နေခဲ့မည်ဆိုလျှင်..

"ဟိုလေ..ကျွန်မတစ်ခုပြောကြည့်လို့ရမလားဟင်အစ်ကိုလေး.."

"ဘာလဲ..နင်လာချင်နေတာလား.."

"ဟုတ်ကဲ့..အဲ့လိုမဟုတ်ပါဘူး..ဒီ ဒီလိုပါ၊ မယ်တော်ကြီးတစ်ယောက်တည်း ဝမ်းနည်းနေတဲ့အချိန်မှာ ကျွန်မ.."

"ဂျိမ်း..ဂျိမ်း.."

ဖုန်းပြောနေစဉ် တံခါးကိုပြင်းထန်စွာ ရိုက်ပုတ်လိုက်သည့်အသံကျယ်ကြီးထွက်လာသဖြင့် ဒေါ်ယမုံခင်လန့်သွားသည်။ ကိုယ့်ဆီလာသည့် ဘယ်သူမှလည်း ဒီလိုတံခါးမထုခဲ့ကြသဖြင့် တံခါးဆီခပ်သုတ်သုတ် လာခဲ့ရင်း.. ।

"အိမ်ရှေ့မှာဘယ်သူလဲမသိဘူး..တံခါးကိုတအားထုပစ်လိုက်တာ..



အိမ်မှာလူမရှိတုန်းမို့ ဖုန်းထဲကနေ ဦးမြမင်းစံကိုပဲ ပြောလိုက်မိတာ.. ।

"အစ်ကိုလေး..ခဏလေးနော်၊ ကျွန်မသွားကြည့်.."

"ဂျိမ်း ဂျိမ်း ဂျိမ်း.."

"ဟော့..ဘယ်သူမှမရှိဘူးလား.."

ကြားဖူးနေသည့်အသံကို နားထဲစူးဝင်လာတာနဲ့ တန်းသိလိုက်သည်။ လူကလည်း ဖွင့်ထားသည့်တံခါးနားကို ရောက်နေပြီဖြစ်ရာ..।

"တံခါးထုနေတာ ငါတောင်ကြားရတယ်..ဘယ်သူလဲယမုံ၊ ဖုန်းချလိုက်နဲ့..အိမ်မှာနင်တစ်ယောက်တည်းလား.."

မေးနေတာကိုကြားသည်။ သို့သော် ပြန်ဖြေဖို့သတိမရ။ ဖြေသံမကြားသဖြင့် ခပ်လောလောဖြစ်လာသော ဦးမြမင်းစံရဲ့မေးခွန်းတွေကကျယ်လာသည်။ သို့သော် ဒေါ်ယမုံခင်၏ ဖုန်းကိုင်ထားသောလက်က တွဲလွဲဆန့်ကျသွားခဲ့ပြီး.. ।

"မယ်တော်ကြီး.."

"ဟုတ်တယ်..ဘာလဲ၊ ညည်းဆီကို ငါကိုယ်တိုင်လာခဲ့ရပြီဆိုပြီး ဟန်တက်သွားတာလား..ငါ့ကိုတံခါးဖွင့်မပေးတော့ဘူးလား.."

"မ..မဟုတ်ပါဘူး ဖွင့်ပေးပါမယ်မယ်တော်ကြီးရယ်.."

ဘာဂျာတံခါးသော့ခတ်ထားတာမို့ အတွင်းတံခါးတစ်ချပ်ကို မပိတ်ဘဲထားခဲ့မိသည်။ တံခါးမပိတ်မိတာကို နောင်တရမိတာလား ကြောက်စိတ်အားကြီးနေတာလား..။ ဒေါ်ယမုံခင် သော့ယူလာပေမယ့် သော့ဖွင့်ပေးနေသည့်လက်တွေ တဆတ်ဆတ်တုန်နေသည်။ သော့ခလောက်ထဲကို သော့တံထည့်တာ တော်တော်နဲ့မအောင်မြင်ဘဲ အမှတ်တမဲ့ကိုင်ထားသည့်ဖုန်းက ဒေါက်ခနဲလွတ်ကျသွား၏။ ကြောက်နေသည့်စိတ်သည် ဘာအရေးကြီးသလဲဆိုတာကို ဘာမှမသိတော့ဘဲ ဖုန်းကိုပြန်ကောက်ဖို့ ငုံ့လိုက်မိသေးသည်။

ပြီးမှ ကမန်းကတန်းပြန်ရပ်လိုက်ပြီး သော့ဖွင့်ပြန်သည်။ ဒေါ်ယမုံခင် ကယောင်ချောက်ချားတုန်တုန်ယင်ယင်ဖြစ်နေတာကို ထမီတစ်ဖက်ကို ခါးထောက်လျက် ဒေါ်မြမင်းသီရိက မမိုတ်မသုန်ကြည့်နေခဲ့၏။ တံခါးပွင့်သွားသည်နှင့် ဒေါ်ယမုံခင် ကမန်းကတန်းဘေးကပ်ရပ်ပေး

လိုက်သည်။ ဒေါ်မြမင်းသီရိသည် ထမီ'မ'လျက်အတိုင်း လှမ်းဝင်လာ
ကာ..တိုက်ခန်းထဲကို စပြီးခြေချလိုက်တည်းက ခွေးဟောင်သံကြော
ဒေါသစိတ်က ဆတိုးနဲ့မြင့်တက်သွားသည်။

"ဘယ်မှာလဲအာဏာသျှန်..ဘယ်မှာလဲကနုတ်ရောင်.."

မေးနေပြီး တိုက်ခန်း၏နောက်ဖေးအရောက် တောက်လျှောက်
သွား၏။

"ဝုန်း..ဒုန်း.."

"ခွမ်း.."

သူမရှေ့မှာရှိသမျှ ပရိဘောဂ အလှအပတန်ဆာမှန်သမျှတို
ရိုက်ချကန်ကျောက်ပစ်ရင်း ပိတ်ထားသည့်အခန်းရှေ့ကျတော့ နီးစပ်
ပစ္စည်းတစ်ခုကိုဆွဲယူပြီး တံခါးကိုအားရှိသလောက် လွှဲရိုက်ဖျက်ဆီး
သည်။

"ဖွင့်စမ်း..ဒီထဲမှာဘယ်သူလဲ.."

"ဘယ်..ဘယ်သူမှမရှိပါဘူးမယ်တော်ကြီး၊ အိမ်မှာတစ်ယော
မှမရှိပါဘူး.."

"ဘာ.."

ဒေါ်မြမင်းသီရိ၏ 'ဘာ'သံမှာ ဒေါ်ယမုံခင်လက်ပိုက်လျက်
ခနဲဖြစ်သွားသည်။ ပြောမည့်စကားတွေလည်း မပြောဝံ့တော့ဘဲ
ကြီးသည့်မျက်လုံးတွေ သူမဘက်ကိုရောက်လာလျှင် ခေါင်းငုံ့ပစ်မိရ

"ကနုတ်ကိုအစ်ကိုလေးပြန်ခေါ်.."

"ဘာပြောတယ်..ဘာပြောလိုက်တယ်မိယမုံ၊ နင့်သား'ကျွန်'
နဲ့ မျိုးစပ်ထားတဲ့မိန်းမကို ငါ့သားကပြန်ခေါ်တယ်..မတန်မရာတွေ
ဦး.."

ဖြန်းခနဲရိုက်ချလိုက်လျှင် ဒေါ်ယမုံနံရံဆီပစ်ကပ်သွားသည်။
အခါကျမှ ဒေါ်ယမုံရဲ့တစ်ပတ်လျှိုဆံထုံးနောက်စပ်မှာ ပန်ထား
သဇင်ခက်နှစ်ခက်ကို ဒေါ်မြမင်းသီရိသတိထားမိသွားသည်။ သဇင်
တာ တော်ဝင်သုံးပန်းသဇင်။ ဒေါသကြောင့် မျက်လုံးထဲမှာ မီးပွင့်
သည်။ အနားကိုဖျတ်ခနဲတိုးကာ ပန်းကိုသာမကဘဲ ဆံထုံးပါ
အောင် ဆောင့်ဆွဲခါထုတ်ပစ်လိုက်ကာ.. ၊



"မတန်မရာကိုမှန်းတဲ့ဟာမ..နင်နဲ့သဇင်ပန်းနဲ့တန်လို့လား၊ 'ကျွန်'
နဲ့ သဇင်ပန်းဘာဆိုင်သလဲ.."

သမီးကြီးမြထွတ်ဦးရဲ့ဆံကေသာမှာ ဒီပန်းတွေ။ သမီးငယ်ရဲ့
ခေါင်းမှာ ဖွေးဖွေးလှုပ်ရှိနေတတ်တာလည်း ဒေါ်သဇင်ပန်း။ တာဝတိံသာ
ကြီးထဲမှာ သဇင်တိုင်တွေချည်းပဲ ရာနဲ့ချီပြီးရှိနေတာဖြစ်ကာ တော်ဝင်
တို့ရဲ့ ဂုဏ်ကျက်သရေလို့ယူဆသည်။ အမြွတ်တနိုးအမြတ်တမ်း ခေါင်း
ပန်ဆင်ထားတတ်ကြသည်။ မျက်လုံးထဲမှာ ပန်းပန်ထားလျက် နူး
ပြုံးရှိုနေသည့် သမီးတွေရဲ့မျက်နှာကို မြင်ယောင်နေသည်။ ဖွေးဖွေး
လှုပ်ပွင့်နေတတ်သည့် သဇင်တိုင်တွေက ပေါ်လာကြသည်။ ဒါတွေခု
ဘာမှမရှိကြတော့ပေ။ ပန်းတွေရော စည်းစိမ်ဥစ္စာတွေ အလျှံပယ်
နေပါလျက်နှင့် ပန်ဆင်မယ့်သူတွေလည်းမရှိ။ ယူငင်မယ့်သူတွေလည်း
မရှိကြတော့.. ၊

"နင့်ကြောင့်..နင်စခဲ့တဲ့အကုသိုလ်တွေ၊ နင့်သားဂြိုလ်မွှေဖို့ နင်
ထုတ်လိုက်တာ.."

"မဟုတ်ရပါဘူးမယ်တော်ကြီးရယ်..ကျွန်မတောင်းပန်ပါတယ်၊
ကျွန်မ.."

"ဖြန်း..ဖြန်း.."

မျက်နှာကိုမိတဲ့နေရာ လွှဲရိုက်ခေါက်ထုတ်ပစ်ရင်း ဒေါ်ယမုံခင်ဝတ်
ဆင်ထားသည့် စိန်လော့ကတ်နှင့်ပလက်တီနမ်ကြိုးပြားလေးကို ဆောင့်
ဆွဲထုတ်ပစ်၏။

"ချွတ်..ဖြုတ်ပစ်စမ်း.."

လက်ကောက်တွေကို မရမကခြေကန်ဆွဲချွတ်လျှင် ဒေါ်ယမုံခင့်
လက်တွေ ပွန်းရှကျန်ခဲ့၏။ အကုန်လုံးကို အကြမ်းပတမ်းဖြုတ်ယူလွှဲ
ပစ်နေရင်း မျက်ရည်တွေ သွင်သွင်ကျလျက်. ၊

"နင့်ကိုယ်နင် စိန်ရွှေရတနာတွေ ဆင်လိုက်တိုင်း 'ကျွန်'မဟုတ်
တော့ဘူးလို့ ထင်နေသလား..တော်ဝင်မျိုးနဲ့ညားသွားတိုင်း တော်ဝင်
ဖြစ်သွားပြီထင်နေသလား၊ နင့်ကိုယ်နင်ပြန်နမ်းကြည့် 'ကျွန်'စော်နံနေတုန်း

"ဖြန်း..ဖြန်း.."

"အား..ကြောက်ပါပြီ၊ ကြောက်ပါပြီမယ်တော်ကြီးရယ်.."

လက်နဲ့ကာနေရင်း ကြမ်းပေါ်မှာခွေလဲကျသွားလျှင်.. ၊

"ခွမ်း..ဒေါက်.."

"အား..မယ်တော်ကြီး.."

ကျိုးပျက်နေသည့် ခါတ်ပုံမှန်ဘောင်ကိုကောက်၍ ခေါင်းကိုရိုက်ချပစ်လိုက်သည်။ လက်နဲ့ကာလိုက်သဖြင့် ခေါင်းကိုအရှိန်လျော့ပြီးသော်လည်း လက်ဖျံတစ်ခုလုံး ကျိုးကြေသွားသလို ဆတ်ဆတ်ခါနာသည်။ သခင်ကိုရိုက်နှက်နေတော့ ဟာကျူလီက ဒေါ်မြမင်းသီရဲ့ထောက်ကို ပြေးကိုက်၏။ ခွေးကိုက်နေပြီမှန်းသိလိုက်လျှင် ဒေါ်ယမုံကိုရိုက်နေသည့် သစ်သားဘောင်နဲ့တစ်ချက်တည်း လွှဲရိုက်ပစ်လိုက်၏ ဟာကျူလီတစ်ပတ်လည်ထွက်သွားကာ နံရံဘက်မှာ ခွေခနဲလဲကျသည်။

ဒေါ်မြမင်းသီရိသည် ဘယ်လိုပေါက်ကွဲလို့မှ ဒေါ်သမပြေနိုင် ဒေါ်ယမုံစင်၏ပြေကျနေသည့် ဆံနွယ်ရှည်တို့ကို လက်တစ်ဖက်နဲ့ဆွဲလိုက်သည်။ ထူခဲရှည်လျားသည့် ဆံပင်တွေကို ကြိုးတစ်စလို ဆွဲလိုက်ရင်း လက်နဲ့ထပ်ပြီး ရစ်ပတ်ကာ.. ၊

"လာခဲ့.."

"အား..သေပါပြီ၊ အရမ်းနာတယ်..နည်းနည်းလေးလျှော့ မယ်တော်ကြီးရယ်၊ ရှိခိုးပါတယ်.."

"ဒုန်း.."

"အား.."

တံခါးကနေ ဆံပင်ကိုရစ်ပြီး ဒီတိုင်းဆွဲထုတ်သွားလျှင် ဒရွတ်မပါအောင် ဘယ်လိုမှထိန်းမရဘဲ တံခါးနဲ့တိုက်လိုက် လှေကားထစ်မှာ ဒူးတုပ်ကျသွားလိုက်နှင့် ဒရွတ်တိုက်ပါခြင်းသို့ရောက်လျက်

☎

အခန်း(၁၁၄)

"အာဏာသျှန်..မင်းအခု ဘယ်ရောက်နေနေ၊ အိမ်ကိုအမြန်ပြန်..မယ်မယ်မင်းအမေဆီရောက်နေတယ်၊ အဲ့ဒါလုံးဝမကောင်းဘူး.."

ဦးမြမင်းစံဖုန်းဆက်တော့ သူမိုးထိစံအိမ်ကိုသွားဖို့ ဖြိုးခိုင်ကားကို ...မောင်းလာတာ လမ်းကြောင်းပေါ်ရောက်နေပြီဖြစ်သည်။ ဖုန်းရတာ ...ချက်ချင်းပြန်လှည့်ကာ အိမ်ကိုအမြန်ဆုံးရောက်အောင် မောင်းခဲ့ ...၊ သို့သော် သူနောက်ကျသွားပြီဖြစ်၏။ တိုက်ခန်းရှေ့မှာ သူကား ...ိက်တာနှင့် ကပ်လျက်တိုက်ခန်းရှေ့က စတိုးဆိုင်လေးထဲကနေ ...သမီးကြီးတစ်ယောက် ပြေးထွက်လာကာ.. ၊

"ကောင်လေးရေ..နင်ကဆံပင်တစ်ပတ်လျှိုဆံထုံးကြီးနဲ့ ညီမရဲ့ ...လေးမို့လား၊ နင့်အမေကို ခုနကဆံထုံးကြီးနဲ့ဆွဲကြိုးကြီးတရမ်းရမ်း ...ါကြီးတစ်ယောက် ဆံပင်ဆွဲပြီး ကားပေါ်ဆွဲတင်သွားတယ်..ငါ ...လို့ ပြေးထွက်လာတော့ အဲ့ဒီကားကမောင်းပြေးသွားပြီ၊ ဒီနားက ...ဘောင် မသိလိုက်ကြဘူး..ငါတို့လည်း.."

...ပြောနေတာကိုဆုံးအောင်နားမထောင်နိုင်ဘဲ လာခေါ်သွားတဲ့ကား ...ကိုပဲမေးကာ ကိုယ့်ကားဆီပြန်ပြေးတက်ခဲ့သည်။

"ကောင်လေး..နင့်အမေကိုနှိပ်စက်ထားတာ သွေးတွေတောင်ထွ
လို့သိလား.."

"တောက်.."

စိုးရိမ်သည့်စိတ်က ဒေါ်မြမင်းသီရိကိုဖြစ်ရသည့်ဒေါသထက်ပို
မေမေ့ကိုအချိန်မီပြန်ရဖို့သာ အဓိကဖြစ်နေခဲ့သည်။ ကားသည်နတ်
ကန်သို့ ဦးတည်နေခဲ့ရင်း မျက်လုံးတွေကိုလည်း အနားမပေးနိုင်။ ကို
ရှေ့ကတင် ပြန်ထွက်သွားတာဆိုရင် နတ်ရေကန်ကိုမရောက်နိုင်သေ
ဒါမှမဟုတ် မန္တလေးကိုများ တန်းပြန်သွားမလား..ရန်ကုန်မှာဆက်လ
နေထိုင်စရာဘာမှမရှိတော့သည့်အကြောင်းကို တွေးမိတော့ ကိုဇော်ထံ
လှမ်းခေါ်ကာ.. ။

"တိုးဂိတ်မှာ မင်းညီမကိုဖုန်းလှမ်းထောက်စမ်းပါ..ငါပြောမ
ကားနံပါတ် အဲ့ဒီကိုဖြတ်ရင် အကြောင်းကြားစမ်းပါလို့.."

ဒေါ်မြမင်းသီရိတို့မှာ ရှိသည့်ကားတွေထဲမှာ အနက်ရောင်
ကားလဲဆိုတာ သူသိသည်။ ထိုကားနံပါတ်ကို ပြော၍ သူကတော့ န
ရေကန်ကိုပဲ ဦးတည်ကာ.. ။

## အခန်း(၁၁၅)

"အား.."

ကိုယ့်ကိုယ်ကိုနောက်ဆုံးထွက်သက်လို့ ထင်မိတဲ့အထိ နာကျင်
သွားခဲ့ပြီး ကားအောက်ကိုဒလိမ့်ခေါက်ကွေး ဆွဲချခံရအပြီးမှာ ဒေါ်ယမုံ
ခင်သတိလစ်သွားခဲ့၏။

"မယ် မယ်တော်ကြီး..သူသတိမေ့သွားပြီ.."

ဦးမြင့်မော်ကတုန်ကယင်တွေဖြစ်နေကာ သွေးတွေချွေးတွေစိုလူး
နေသည့်ဒေါ်ယမုံခင်ကို ပြေးပွေ့ရတော့မလို နောက်ဆုတ်ရမလို.. ။

"ဘာဖြစ်နေတာလဲနင်က.."

"ကျွန်တော်..ဘာ ဘာလုပ်ရမလဲမယ်တော်ကြီး.."

"မာလီတွေကိုခေါ်..ခြံစောင့်ပါသွားခေါ်.."

"ဟုတ်ကဲ့.."

"အဲ့ဒီကောင်မကိုပါခေါ်သွားပြီး ဖျက်ဆီးပစ်လိုက်.."

"ခင်ဗျာ.."

ဦးမြင့်မော် မျက်လုံးကြီးပြူးထွက်လာသည်။ ကားခြေရင်းမှာ ဆံ
တွေအထွေးလိုက်နှင့် အဝတ်ပုံတစ်ပုံလိုပုံကျမေ့မျောနေသည့် ဒေါ်ယ

မုံခင်ကိုပြန်ကြည့်ကာ နောက်ပြန်နှစ်လှမ်းခန့် ဆုတ်သွား၏။ ဒေါ်မြမင်းသီရိက အသိစိတ်လွတ်နေသူကဲ့သို့ မျက်ထောင့်နီသည့်မျက်နှာကြီးဖြင့် အင်္ကျီလက်ဝကျယ်ကြီးတွေကို လက်မောင်းရင်းထိ ဆွဲလှန်တင်ပစ်သည်။ ထည့်ဝါစွာပတ်ခြုံထားသည့် တဘက်ကိုပါ လည်ပင်းမှာဖြစ်သလို ပစ်ပစ်လိုက်ပြီး.. ။

"ငါ့ကိုဂုဏ်သိက္ခာပါတော်မူခန်းရောက်အောင် ပို့တဲ့နင့်သားလေးအခု သူ့အမေရဲ့ဂုဏ်သိက္ခာတွေ ငါတစ်စစီဆွဲဆုတ်ပစ်မယ်၊ ကြည့်နေလိုက်တော့.."

"ဟာ..မယ်တော်ကြီး၊ မယ်တော်ကြီး အဲ့လိုတော့မလုပ်.."

"ဟဲ့ကောင်..တိတ်စမ်း.."

ဒေါ်ယမုံခင် ရင်ဖုံးအင်္ကျီကို ကြယ်သီးဖြုတ်နေရင်း ဦးမြင့်မော်ကတားဆီးသံကြောင့် ထရပ်လိုက်ကာ.. ။

"နင့်ကိုငါဘာပြောနေသလဲ..ဒီစံအိမ်မှာရှိသမျှ ယောကျ်ားတွေကုန်လုံးစု၊ ပြီးရင် ဒီကောင်မကို အမဲဖျက်သလိုဖျက်ကြ..မသေစေနဲ့ပြီးတော့ ဝတ်လစ်စလစ်အတိုင်း မြို့ပြင်မှာကြိုးတုပ်ပြထားလိုက်.."

"အဲ့လိုထင်တိုင်းလုပ်လို့မရပါဘူး..ဥပဒေက.."

"ဟေ့..ဥပဒေကိုငါကလုပ်မှာ၊ ငါဆုံးဖြတ်တာငါ့ဥပဒေ..သွားဟာမကိုခေါ်သွား.."

ဦးမြင့်မော်မျက်နှာက ထိတ်လန့်တုန်လှုပ်မှုတို့ လျှော့ပါးသွားလျက် နောက်ကိုထပ်ဆုတ်လိုက်ပြီး.. ။

"ကျွန်တော့်ကိုကြိုက်သလို ခိုင်းနိုင်ပါတယ်..ကျွန်တော့်အသက်လည်း ခြောက်ဆယ်နားကပ်နေပါပြီ၊ ဒီလိုအလုပ်မျိုးကိုတော့ ကျွန်တော့်လည်ပင်းပေါ် ဓားတင်ပြီးခိုင်းရင်တောင် ကျွန်တော်မလုပ်နိုင်ပါဘူး"

"ဘာ..ဘာပြောတယ်.."

ဒေါ်မြမင်းသီရိ ဒေါသကြောင့် ဇွေဇွေခုန်သွားသည်။

"နင်ကလည်း ကျောက်ဆူးလိုငါ့ကိုပုန်ကန်လာတယ်ပေါ့လေ..သားသမီးတွေ ဒီလိုဖြစ်နေကာမှ ငါ့မှာကူသူမဲ့နေပြီဆိုပြီး အထင်သေးတယ်ဟုတ်လား..သာပေါင်းညာစားလုပ်ကြတာလား.."

ဦးမြင့်မော်က လက်နှစ်ဖက်စုချ၍ ခေါင်းငုံ့ထားကာ.. ။



"အဲ့လိုလုံးဝမဟုတ်ရပါဘူးမယ်တော်ကြီး..သခင်အကြိုက်လိုက်ပြီးအနေချောင်ရင်ပြီးရောမနေနိုင်တာပါ၊ ကျွန်တော်တို့က ကျေးကျွန်ပေမယ့် မယ်တော်ကြီးအပေါ်မှာ အဆွေခင်ပွန်းကောင်းပီသချင်တာပါ.."

"အဆွေခင်ပွန်းကောင်းဖြစ်ချင်ရအောင် ကျွန်နဲ့သခင် တူသလားတန်သလား.."

ဆန့်ချထားသည့်လက်နှစ်ဖက် ကိုယ်မှာကပ်နေတဲ့အထိ လက်သီးဆုပ်ပြီး အော်သည်။ ဒေါ်မြမင်းသီရိရင်ထဲမှာ မီးတောက်မီးလျှံတွေပြည့်ကျပ်နေလေသည်။ သူမမှာဘာရှိတော့လို့လဲ..။ ကျန်ခဲ့တာဘာရှိသလဲ..။ ခြေးကလူဆိုးသူခိုးဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့သေသည်။ မိန်းကလေးကသေခင် မိဘကိုပါနာမည်ဖျက်အရှက်ရစေခဲ့သေးသည်။ ပြီးတော့ သမီးကြီး..အခုထပ်ပြီး သူမချစ်ရအားထားရသည့် သမီးငယ်.. ။

လောကကြီးထဲက ထွက်ခွာသွားကြတာတောင် တစ်ယောက်ကအချုပ်ထဲမှာဘဝဆုံးပြီး တစ်ယောက်ကလူဘုံအလယ်မှာ ဥပဇ္ဈေဒကကံနဲ့ခန်ပေါက်ဆဲရေးပြီး သေခဲ့ရ၏။ လူတင်သေခဲ့တာမဟုတ်ဘဲ ဂုဏ်သိက္ခာတွေပါ အရည်ပျော်ပျောက်ရှခဲ့ရသည်။

"အဲ့ဒီပွဲမှာ အာဏာသျှန်ရှိတယ်.."

"အာဏာသျှန့်ကိုမြင်ပြီး ပိုဆိုးသွားတာ.."

"ဂုဏ်သိက္ခာပါတော်မူခန်း၊ ဆီဇင်ဝမ်း..ဟား ဟား ဟား.."

ကြားရသည့်သတင်းတွေ ပြီးတော့ အာဏာသျှန့်ရယ်သံတွေ။ ဒေါ်မြမင်းသီရိခေါင်းတစ်ခုလုံး ချာချာလည်နေ၏။ ရယ်သံတွေပတ်ချာလည်ဝိုင်းနေကာ သမီးတွေက မျက်ရည်တွေနဲ့ဖြစ်သွားလိုက် သဇင်ပန်းတွေဝေရှုက် နူးညံ့လှပသည့်မျက်နှာလေးတွေပေါ်လာလိုက်။ ဘယ်ပုံရိပ်ကအစစ်အမှန်လဲ..ဘာလို့ငိုနေကြတာလဲ..။ အနားမှာဘယ်သူမှမရှိဘဲ ချာလပတ်ရမ်းအောင် လိုက်ကြည့်ရင်း အသက်ရှူတွေပြင်းလာကာ.. ။

"အာဏာသျှန်အယုတ်တမာကောင်.."

"မလုပ်နဲ့.."

"မယ်တော်ကြီးမလုပ်ပါနဲ့.."

ဒေါ်မြမင်းသီရိ ပန်းအိုးခုထားသည့်အုတ်ခဲကျိုးကို လှည့်ကောက်ကာ ဒေါ်ယမုံခင်ကိုထုချမလို့ အားပါးတရမြှောက်ရွယ်လိုက်၏။ သျှန်

အသံပြာအောင်အော်ကာ အတန်းလိုက်ခင်းထားသည့် ပန်းအိုးတွေ က ခုန်ကျော်သည်။ ပြီးတော့ အော်ဟစ်တားဆီးသံတွေကြောင့် တ ချက်တန့်သွားသည်။ ဒေါ်မြမင်းသီရိကိုယ်ကြီးကို သူ့ကိုယ်နဲ့တိုက်ချ လိုက်၏။ အုတ်ခဲကိုင်မြောက်လျက်နှင့် ဒေါ်မြမင်းသီရိဘေးတိုက်လဲ သွားလျှင် သျှန်ကမိခင်ကိုပွေ့ယူလိုက်ပြီး ကားဆီပြန်လှည့်၏။

"အာဏာသျှန်..နင့်ကိုငါစောင့်နေတာ 'ကျွန်'မသားရဲ့၊ ခုချက်ချ ရပ်..ငါသတ်မလို့စောင့်နေတာနင့်ကို၊ အဲဒီ'ကျွန်'မ ငါ့ကိုပြန်ပေးစမ်း.. ကောင် ငါ့'ကျွန်'မပြန်ပေး.."

ထိုစဉ် ကားတွေဝင်လာကြကာ ရှေ့ကားသည်ဦးနေမင်းသစ် ကားဖြစ်ကာ နောက်ကကားကဦးမြမင်းစံနဲ့ကနုတ်ရောင်။ ဒေါ်မြမင်း ရှိ အားလုံးကိုလှည့်ကြည့်ပြီး သွားတွေပေါ်အောင်ပြုံးသည်။

"လာကြပြီ..အကုန်လုံးစုံပြီ၊ ငါ့ဂုဏ်သိက္ခာတွေပြန်ယူမယ်..ငါ့သ သမီးတွေပြန်ရှင်အောင် သင်းတို့အသက်နဲ့လဲယူမယ်.."

စိတ်ထဲရှိသမျှ ရေရွတ်နေရင်း မျက်လုံးကလက်နက်ရှာ၏။ စင်ရဲ့ဘေးမှာ စုပုံထားသည့် မြေဆွခပ်ရင်းနဲ့သံယောက်မအပြားတွေ တွေ့သွားလျှင် ဖျတ်ခနဲကပ်သွားပြီး ခပ်ရင်းကိုကောက်ယူထားလို သည်။ ရောက်လာသူတို့သည် အဘွားအိုတစ်ယောက်အဖြစ် ဒေါ်မြ သီရိကို အန္တရာယ်တစ်ခုလို အာရုံမစိုက်ကြဘဲ သျှန်ပွေ့သယ်လာသ ဒေါ်ယမုံခင့်ကိုသာ စိတ်ပူပြီးပြေးသွားကြ၏။

"ယမုံ..အမလေး သွေးတွေမျက်နှာတစ်ခုလုံးပါလား.."

"ဘယ်လောက်တောင်နှိပ်စက်နေတာလဲ..ဒီမိန်းမကြီး ရူး လား.."

ဦးနေမင်းသစ်ဒေါပွကာ တက်ခေါက်ပြီးလှည့်၏။ ဦးမြင့်မို အတင်းပြန်ဆွဲထားလိုက်ပြီး.. ।

"ငါတို့ရဲ့ခေါ်ထားတာပဲ..သူ့အပြစ်သူစီရင်မှာပါ၊ ငါတို့ကား တင်လိုက် ဆေးရုံပို့ရအောင်.."

ဦးမြမင်းစံလည်း ဒေါ်ယမုံခင့်အခြေအနေကို ကမန်းကတန်း ကြည့်ပြီး မျက်နှာပျက်နေ၏။ ဖြစ်လာသမျှအားလုံးဟာ ကိုယ့်ဘ ပြစ်ချက်တွေချည်း ဘာကြောင့်ဖြစ်နေခဲ့တာလဲ..။ လူတကာလက်



ထိုးကဲ့ရဲ့ခံရမည့်အပြစ်တွေ မယ်မယ်ဘာလို့ထပ်လုပ်ရက်တာလဲ..။ သူ ခင်ကြည့်တော့ နေမကောင်းတာလား ကိုယ့်ကိုစကားမပြောချင်တာလား သေး၊ မျက်လုံးမဖွင့်သည့်ပင် မနက်တည်းက ခေါင်းတောင်ထောင်မ ကြည့်ဘူးဆိုသည့် သတင်းပါ အကူမိန်းကလေးတွေဆီက ကြားခဲ့ရ သည်။ ထို့ကြောင့် နာရေးကိစ္စအတွက် အပြင်ထွက်နေရပေမယ့် မယ် မယ့်ကိုသူစိတ်ပူနေခဲ့၏။ တကယ်တော့ မယ်မယ်က ဒီခြေလှမ်းဖို့အ တွက် ဒေါသတွေစုဆောင်းနေခဲ့တာပဲ။ အစ်မတွေမှားကြတဲ့အထိ သူဖြေ သိမ့်နိုင်ခဲ့သေးသည်။ မယ်မယ်ကိုယ်တိုင် ဒီလိုလုပ်လာသည့်အဖြစ် သည်.. ।

ဦးမြမင်းစံ ဒေါ်မြင့်မိုရ်တို့လူစုနားကနေ မိခင်ဖြစ်သူကို လှည့် ကြည့်မိသည်။

"ဖေကြီး.."

ကနုတ်က ဦးမြမင်းစံဘယ်လိုခံစားနေရပြီကို နားလည်နေကာ အနားတိုးသွားပြီး လက်မောင်းကိုဖက်ထားလိုက်၏။

"ဖေကြီးလည်းနေမကောင်းဘူးလေ..အန်တီကသတိမေ့နေတာနေ ပါ.."

လူတွေစုရုံးရောက်လာကြသည့်ထဲမှာ ကိုယ့်သားကိုမြင်လိုက်တော့ ဒေါ်မြမင်းသီရိမျက်လုံးတွေ ရှေ့ကိုထွက်ကျတော့မတတ် ပြူးလာ၏။ သမီးတွေ မရှိတော့ဘူး..ငါ့သားက ငါ့ဘက်မှာမရှိဘူး၊ သင်းက ဟိုလူ ဘက်ကရပ်တည်ပြီး ငါ့ကိုစိတ်ပျက်တဲ့မျက်လုံးတွေနဲ့.. ।

ရင်တွင်း၏ အနက်ရှိုင်းဆုံးနေရာကနေ နာကျင်မှုကို ဒေါ်မြမင်းသီ မခံစားနိုင်တော့ပေ။ သမီးနှစ်ယောက်က သေတဲ့အထိ မိဘချမှတ်တဲ့ မ်းစဉ်အတိုင်း မျက်လုံးစုံမှိတ် လိုက်နာသွားကြသည်။ ဒီသားက ဘဝ ခ်လျှောက်လုံး မိဘကိုအာခံတော်လှန်လာခဲ့တာ။ သားတစ်ယောက် ရတာ ဝမ်းရေစပ်ပါလား..ငါ့သမီးတွေသေရမှာ မဟုတ်ဘူး..သင်း ရမှာ။ ရန်သူနဲ့ပေါင်းပြီး မိဘနောက်ကျောကို ဓားနဲ့ထိုးတဲ့သား..।

စိတ်ရိုင်းတွေနှင့် သွေးကပွက်ပွက်ဆူ၏။ 'ချစ်တဲ့သူကရိုက်ဘော့ သည်'တဲ့..။ ရန်သူဆိုသည့်မျက်နှာတွေထက် ကိုယ့်သားရဲ့မျက်လုံး ကို ဘယ်လိုမှမခံစားနိုင်.. ।

သတ်မယ်..ငါတကယ်သတ်သင့်တာနင်ပဲ..ငါ့ရန်သူတွေဘက်မှ သွေးသားကိုသစ္စာဖောက်ပြီး ရပ်တည်ကျန်ခဲ့ခွင့် ငါမပေးဘူး..။ ရင်ထဲက စကားသံတို့သည် နှုတ်ဖျားမှ တိုးတိုးထွက်လာကြ၏။ ထို့နောက် ကိုင် ထားသည့် ခပ်ရင်းခွကို ဖိဆုပ်ပြီး အသင့်ပြင်လိုက်သည်။ ထိုလှုပ်ရှား ကို ဦးမြမင်းစံကလည်း မြင်သည်။ မမှိတ်မသုန်ကြည့်နေခဲ့တာမို့ မ မယ့်မျက်လုံးတွေ မှုမမှန်တာကို သိနေသည်။ လက်ထဲမှာ ဘာကိုင်ထ သလဲဆိုတာလည်း မြင်သည်။ ထို့ပြင် နှုတ်မှရေရွတ်လိုက်တာကို အ မကြားပေမယ့် နားလည်လိုက်၏။

လုပ်ပါ..သတ်လိုက်ပါမယ်မယ်၊ ကျွန်တော်ကလည်း ဂုဏ်သိက္ခ နဲ့ပဲ ရပ်တည်ချင်တာပါ။ ကျွန်တော့်မှာ ဘာမှမရှိတော့ဘဲ အသက်ရှ နေလည်း အလကားပါ.. ၊

ဦးမြမင်းစံ စိတ်ကိုဒုံးဒုံးချပြီး ဒီတိုင်းရပ်ကြည့်နေလိုက်၏။ ဒါ ဒေါ်မြမင်းသီရိက စိန်ခေါ်နေသည့်အကြည့်လို သတ်မှတ်ခဲ့လျက် မျ ဝန်းမှနာကျင်သည့်မျက်ရည်တစ်စက် စိမ့်ယိုစီးကျလာခဲ့ပြီး.. ၊

"သားဆိုးသားမိုက်.."

ဟင်.. ၊

စကားသံကြားလိုက်ကာမှ ကနုတ်ဖျတ်ခနဲလှည့်ကြည့်မိသည် ခပ်ရင်းခွကြီးနှင့် ပြေးထိုးလာတာမြင်လျှင်.. ၊

"ဖေကြီးကိုထိုးတော့မယ်.."

"ဟိတ်..မလုပ်နဲ့.."

ကနုတ်သည် ဖအေကိုဖက်၍ ကျောပေးခံ၏။ သျှန်ကကနုတ် ကာကွယ်ဖို့ကြိုးစားရင်း သုံးယောက်ပူးတစ်တန်းတည်း ဖြစ်သွားခဲ့ရ

"အား.."

သျှန့်ကျောပြင်မှာ ခပ်ရင်းခွထိုးမိသွားခဲ့ပြီး.. ၊

"ငါ့သား.."

"ဒီအဘွားကြီးကို ဆွဲချုပ်ကြစမ်း..ငါတယ်.."

ဒေါ်မြင့်မိုရ်နဲ့ဦးနေမင်းသစ်တို့ ယမ်းပုံမီးကျတွေဖြစ်ကုန်ကြ ထိုစဉ် ရဲကားတစ်စီးခြံထဲမောင်းဝင်လာခဲ့ပြီး.. ၊

"ဖယ်ကြစမ်း..ငါ့သားကိုငါသတ်ခဲ့မှဖြစ်မယ်၊ ငါမွေးတဲ့သာ



သတ်တာ ဘာအပြစ်ရှိလို့လဲ..မကာပ်နဲ့နော်၊ ငါ့နားကပ်တာနဲ့ ငါသတ် မှာ.."

အားလုံးရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကြကာ ဦးမြမင်းစံမျက်ရည် ကော်တွေကျလာခဲ့၏။ မိခင်ကိုရဲတွေဖမ်းချုပ်ခေါ်သွားသည့်အဖြစ်မှာ က လေးလိုရှိုက်ကြီးတငင်ငိုလေသည်။

ဘယ်လိုဥပဒေနဲ့ စီရင်ချက်ချလိုက်တဲ့ လောကခံတရားလဲ.. ၊

## အခန်း(၁၁၆)

"သူ့ကိုသွားကြည့်လိုက်သမီး..သူသမီးကို ကာကွယ်ရင်းထိ တာ.."

"သူသတိမရသေးဘူးဖေကြီး..ဖေကြီးကလူကြီးပါ၊ ပိုအရေးကြ တယ်..စိတ်ကိုတင်းထားပါဦးဖေကြီးရယ်..အားလုံးက သူတို့လုပ်ရပ် အတိုင်း ကိုယ့်တရားကိုယ်စီရင်သွားတာပါ.."

ဦးမြမင်းစံမျက်ဝန်းထောင့်က မျက်ရည်ကြောင်းကို ကနုတ်က ယုတယသုတ်ပေးပြီး သူမကိုယ်တိုင်ကျတော့ မျက်ရည်မဆည်နိုင်။ ရုံတစ်ရုံတည်းမှာ သျှန်ရယ် ဒေါ်ယမုံခင်ရယ် ဦးမြမင်းစံတို့ကို အတူ ထားရသည်။ နဂိုတည်းက ကျန်းမာရေးချူချာခဲ့သူမို့ စိတ်ထောင်းက ကြေဖြစ်ရခြင်းအတွက် ဦးမြမင်းစံအရုပ်ကြိုးပြတ်ဖြစ်သွားခဲ့၏။

"ကနုတ်တစ်ကိုယ်ကောင်းဆန်ပြီး ပြောတာမဟုတ်ပါဘူး.. မယ့် ဖေကြီးတစ်ခုခုထပ်ဖြစ်သွားရင် ဘွားဘွားကိုဘယ်သူဂရုစိ လဲ၊ ကနုတ်ဘဝမှာလည်း ဘာမှမရှိတော့ဘူး.."

ဦးမြမင်းစံက ကနုတ်ရဲ့ဆံစလေးတွေကို လက်ဖဝါးနဲ့လှမ်း မျက်ဝန်းများနှင့် ပြုံးဖို့ကြိုးစားသည်။ သို့သော် မျက်ရည်ကြည်တေ



ခေ့လည်လာခဲ့လျက်.. ။

"ဖေကြီး ဘာမှမဖြစ်ပါဘူး..သမီးအာဏာသျှန်ဆီ သွားကြည့်လိုက် ဦးနော်၊ ဒဏ်ရာတော်တော်နက်တယ်လို့ ပြောတယ်..အသက်သခင်ကျေး ဇူးရှင်ဆိုတာ ကိုယ့်အသက်ကိုပေးတဲ့သူ.."

"အဲ့လောက်ကြီးတော့ သိတတ်ဖို့မလိုပါဘူးကွာ..သူအသက်ပေး တာ သူ့အသက်လောက်ချစ်လို့ပါ၊ ဒါကိုသိဖို့ပဲလိုတာ.."

ဦးနေမင်းသစ်တို့ ဝင်လာကြ၏။ ကနုတ်က နေရာမှထ၍ နောက် ဆုတ်ရပ်နေလိုက်ကာ.. ။

"ဦးသျှန်ဘယ်လိုနေလဲဟင်ဘာဘ.."

"ဘယ့်နှယ်ဘာဘလဲ..ယမုံ့ကိုတော့ အန်တီခေါ်ပြီး.."

ခုမှ ယှဉ်တွဲပြောဖော်ရလာသဖြင့် နောက်မှာပါလာသည့်ဒေါ်မြင့် ခိုင်ရဲ့ မသိမသာပြုံးမိသည်။ ဒေါ်ယမုံခင်ကလည်း မျက်နှာမှာ ဖူးယောင် ဒဏ်ရာတွေနဲ့ တခြားအပေါ်ယံဒဏ်ရာတချို့ရှိပေမယ့် မစိုးရိမ်ရ။ သျှန့် အခြေအနေကလည်း စိတ်ချရပါပြီ။ ခုမှစိတ်လက်ပေါ့ပါးရတာဖြစ်ကာ ဆောင်ဖြစ်သူရဲ့ဒေါသနဲ့ ကြမ်းတမ်းမှုတွေ ပြန်ပျောက်သွားသဖြင့် ဝမ်း သာစိတ်လေးလည်းဖြစ်မိရင်း.. ။

"ဟုတ်ပါတယ်မင်းစံရယ်..နင်ကလူကြီးလေ၊ နင့်ကိုပိုစိုးရိမ်ရှာမှာ ပေါ့..သားလည်းဆေးရှိန်နဲ့မှိန်းနေတုန်းပါ.."

"ယမုံရော.."

"သူလည်းကောင်းနေပါပြီ..နည်းနည်းတော့ ကြောက်လန့်နေတဲ့ အရှိန်တွေ ကျန်နေသေးတာပေါ့၊ ရိုက်ပုတ်နှိပ်စက်ထားတာ နည်းတာမှ မဟုတ်တာ.."

ဦးမြမင်းစံမျက်နှာပျက်သွားတာ သတိထားမိကာမှ.. ။

"ဆောရီးပါ..အခြေအနေမှန်ကိုပေါ်လွင်အောင် ပြောပြချင်တာနဲ့.."

"ရပါတယ်..ကျုန်တော်ကပဲတောင်းပန်ရမှာပါ၊ မယ်မယ်ကိုယ့်စား"

"မလိုဘူးမင်းစံ..ပြောရမှာစိတ်မကောင်းပေမယ့် နင်လည်းသိသင့် တယ်၊ ကြီးကြီးသီရိ စိတ်ဖောက်ပြန်သွားပြီလို့ ပြောနေကြတယ်.."

ဦးမြမင်းစံ၏လွှဲထားသည့်မျက်နှာက ပြန်လည်တည့်မတ်မလာခဲ့ ။ ဦးနေမင်းသစ်က တစ်ချက်ကြည့်ပြီး အနားမှာဝင်ထိုင်လိုက်ကာ..၊

"ဘယ်သူမပြု မိမိအမှုပဲ..ဒါကိုတမြည့်မြည့်တွေးပြီး ကျွမ်းလေ
နေရင် ကိုယ်ပါလိုက်သွားရလိမ့်မယ်.."

"လူမမာကိုအားပေးဖို့ လာတာနော်မောင်လေး.."

"ကျွန်တော်လည်းအားပေးနေတာလေ..ကိုယ်ခံလိုက်ရတာတေ
သဘောထားကြီးနေရတာ နည်းတဲ့ပါရမီလား၊ မိန်းမကိုလည်း ရိုက်
ထားသေးတယ်..သားကိုလုပ်သွားတာလည်း သေလောက်တဲ့ဒဏ်
ကြီး၊ ဒါပေမယ့် ကိုယ့်သားကမနေနိုင် မထိုင်နိုင် ကျောဝင်ခံထားတ
လို့.."

"ဒါကသူချစ်တဲ့မိန်းကလေးကို ကာကွယ်လိုက်တာပါ..မမ
သားပဲ၊ ကလေးချင်းက မေတ္တာမျှနေကြပါတယ်ဆိုတာ.."

ပြောပြီး ဦးမြမင်းစံကို အကဲခတ်သေးသည်။ မသင့်မြတ်ကြ
အချိန်လည်းဖြစ် ဆုံးရှုံးကြတာချင်းတိုင်းတာရင်လည်း ဘယ်လိုမှနှစ်
မပြေနိုင်လောက်အောင် ဆုံးရှုံးနေရသူက ဦးမြမင်းစံပဲဖြစ်နေ
ကြောင့် သူ့သမီးကိုတောင်းယူဖို့က ခက်ခဲနေခဲ့ရာ.. ။

အခန်း(၁၁၇)

အိပ်ပျော်နေသည်လား ဆေးရှိန်နဲ့လေးလံမိန်းမောနေသည်လား
သိ။ စိမ်းညို့ထူတန်းသည့် မျက်ခုံးတို့ပြေပြစ်နေသည်။ ပိတ်သပ်နေ
ည့်မျက်တောင်တို့က ငြိမ်သက်စွာဖြန့်ခင်းနေ၏။ ပြီးတော့ ယောကျ်ား
သသော ကော့ထင်းနေသည့်နှာတံနှင့် သေသေသပ်သပ်လေးပိတ်ကျ
သည့်နှုတ်ခမ်းတို့က ဆွဲဆောင်မှုတွေအပြည့်။ ဒေါ်သမောဟာတို့ကင်း
င်နေသောမျက်နှာကို ကနုတ်ထိုင်ငေးနေရင်း သူမနဲ့စတင်ဆုံဆည်းခဲ့
ည့် ပုံရိပ်တွေကို မြင်ယောင်နေမိသည်။ ပြီးတော့ သူနမ်းခဲ့တဲ့အနမ်း
ပြီးတော့ သူမထိတ်လန့်ကြောက်ရွံ့ပြီး ငိုကြွေးနေတဲ့အချိန်မှာ အ
ရောက်လာခဲ့တဲ့ သူ့ပုံရိပ်.. ဘွားဘွားရဲ့လုပ်ကြံမှုကို သူ့ကိုယ်နဲ့ကာ
ယ် တားဆီးပေးခဲ့သူ.. ။

ကနုတ် သူ့ရဲ့လက်ဖဝါးပေါ်မှာ ဖွဖွလေးထပ်အုပ်ကိုင်ထားရင်း
ရည်တွေဝေ့လာခဲ့သည်။ ဆွဲဆောင်မှုအပြည့်နဲ့ယောကျ်ား..ချော
ည့် ပြည့်စုံသည် စမတ်ကျသည့် အရည်အချင်းကောင်းများစွာနှင့်
ာသျှန်။ သူ့ကိုသူမရင်ခုန်ခဲ့လေသည်။ ကိုယ့်ကိုရက်စက်ခဲ့နေတဲ့
းက သူနဲ့ထိတွေ့မိတိုင်း မလွန်ဆန်နိုင်သည့်ရင်ခုန်သံတို့ကြောင့်

သူမအကြိမ်ကြိမ်ကျရှုံးခဲ့၏။ ချစ်ဖို့ဆိုတာဝေးလို့ နူးညံ့ကြင်နာဟန်လည်း မပြခဲ့ဘဲ အနမ်းတို့ဖြင့် သိမ်းပိုက်လွှမ်းမိုးနေခဲ့တာတောင် မုန်းတီးစိတ် ဖြစ်ခဲ့ဘူးတာ မှန်သောသစ္စာစကားပါ။ ဒါပေမယ့် သူစတင်ဖန်တီးခဲ့ ဒုက္ခဝဲဂယက်မှာ လဲပြိုပျက်စီးကြသည့် မိသားစုတွေက ကိုယ့်ကျေး ရှင် မောင်နှမဘိုးဘွားကြီးတော်တွေ.. ။

ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဒါတွေကိုအာဏာသျှန် ဖန်တီးခဲ့တာ လျှင် သူမနဲ့အာဏာသျှန်က ဘယ်လိုမှနီးစပ်ပတ်သက်ခွင့်မရှိသင့်သူ သာဖြစ်သည်။ သူ့လက်ပေါ်တင်ထားမိသည့်လက်ကို ပြန်ရုတ်လို လျှင် သျှန်ကတင်းခနဲပြန်ဆုတ်ထားလိုက်သဖြင့် ကနုတ်လန့်ဖျန့်သွား သူ့ကိုကြည့်လိုက်တော့ မှေးစင်းနေသည့်မျက်တောင်များတို့အောက် မျက်ဝန်းတို့က သူမကိုကြည့်နေလျက်.. ။

"ဘာတွေတွေးနေတာလဲ.."

ကနုတ်က ခေါင်းခါပြီး လက်ကိုပြန်ရုန်းသည်။ သျှန်က ပိုတ အောင်ဖိဆုပ်ထားကာ.. ။

"တာဝတိံသာကလူတွေအတွက် ကိုယ့်မှာတာဝန်ရှိတယ်လို့ တွေ နေတာလား.."

"မဟုတ်ပါဘူး..ဦးသျှန်သက်သာရဲ့လားဟင်.."

"လူနာသတင်းမေးတဲ့အသံမျိုး ကိုယ်မလိုချင်ဘူးကနုတ်ရေ ကိုယ်သိချင်တာ မင်းငိုနေတာ ဘာကြောင့်လဲဆိုတာပဲ.."

ကနုတ်က သူပြောလိုက်မှ သတိရသလို မျက်ရည်တွေကို လက် လေးနဲ့ကပ်သုတ်ပစ်သည်။ ပြီးမှ သူ့ကိုကြည့်လိုက်ရင်း.. ။

"ဒီအချိန်မှာ ငိုမိတာအပြစ်ဖြစ်သွားလို့လား..ကနုတ်နဲ့ဖေကြီး လုပ်နေသင့်သလဲ ဦးသျှန်ပဲပြောကြည့်ပါဦး.."

သျှန်က ပက်လက်လှဲနေရာကနေ ထထိုင်ဖို့လှုပ်ရှား၏။ မျက် သည် ရှုံ့မဲ့သွားလျက်.. ။

"နည်းနည်းထူပေးစမ်းပါ.."

"မလှုပ်နဲ့လေ..ဦးသျှန်ကိုငြိမ်ငြိမ်လေးနေရဦးမှာလို့.."

"မနေနိုင်ဘူး.."

ပြောပြီး အတင်းထဖို့ကြိုးစားနေသဖြင့် ကနုတ်သူ့ကိုပျာပျာ



ကူညီပေးရကာ.. ။

"ဒီနားမှာထိုင်.."

သူ့ဘေးမှာပဲ ကနုတ်ကိုယ်လေးထိုင်ကျလာအောင် လက်ကိုဖိဆွဲ လိုက်ပြီး.. ။

"ကိုယ်ဆေးရုံကဆင်းရင် မင်းကိုလက်ထပ်ချင်တယ်.."

ကနုတ် သူ့ကိုငေးရင်း အသံလေးတိတ်သွားသည်။

"မင်းတို့ဘက်မှာ အခြေအနေတွေမအေးချမ်းဖြစ်နေတာကို ကိုယ် သိတယ်..ဒါပေမယ့် ဒါတွေက ကိုယ်နဲ့ပဲပတ်သက်နေတယ်လို့ မင်းက ချဲ့တွေးနေတယ်၊ အဲ့ဒါကြောင့် မင်းသွေးအေးသွားဖို့ ကိုယ်အခွင့်အရေး ပေးနိုင်ဘူး.."

"သွေးအေးတာသွေးပူတာက ဦးသျှန်အခွင့်အရေးပေးတာ မပေး တာနဲ့မဆိုင်ပါဘူး..ဒါပေမယ့် ကနုတ်ဘာလုပ်သင့်တယ်ဆိုတာ ကိုယ့် ဘာသာတွေးထားပြီးသား.."

"ကိုယ့်ကိုလက်မခံနိုင်ပါဘူးဆိုတဲ့ အဖြေလား.."

ကနုတ် မျက်လွှာချပစ်သည်။ မျက်တောင်များလေးတွေ ပြန်ပင့် လာတော့ မျက်ရည်တို့စို့သီနေခဲ့လျက်.. ။

"ဦးသျှန် မှားနေတယ်လို့ ကနုတ်မပြောပါဘူး..ဒါပေမယ့် ဘွား ဘွားတို့နဲ့အပြန်အလှန် ထိုးနှက်ခဲ့တာ ဦးသျှန်ဖြစ်နေတယ်၊ ဘွားဘွားတို့ ဖေကြီးတို့ အမုန်းဆုံးလူကလည်း ဦးသျှန်ပဲဖြစ်နေတယ်..အဲ့ဒါတွေ ကြောင့် ကနုတ်ရဲ့အမှတ်ပေးစည်းမျဉ်းထဲမှာ ဦးသျှန်ဘယ်လိုအောင်မှတ် ရလာပါစေ ဦးသျှန်နဲ့ကနုတ်ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာပဲ.."

"မင်းကိုယ်တိုင် ငါ့ကိုအထင်လွဲနေတာလို့ ဝန်ခံကြည့်ပါလား.."

"ဟင့်အင်း.."

"ငါမင်းကို နှိပ်စက်ခဲ့တယ်ဆိုတဲ့နာကျင်မှု မင်းမှာရှိတယ်.."

"အဲ့ဒါက ဦးသျှန်လိပ်ပြာမလုံတာလို့ ကနုတ်ကပြောရင်ရော.."

သျှန်က ခပ်တောင့်တောင့်ထိုင်နေသည့်ကျောကို ခေါင်းအုံးမှာကပ် ပြင်ရင်း မျက်နှာမဲ့သွားတတ်ပြီး.. ။

"ကနုတ်လုပ်ပေးမယ်.."

သူမထလိုက်တော့ လက်ကာတားကာ.. ။

"လူတစ်ယောက်က ပြုစုပေးနေရလောက်အောင် ငါဘာမှမဖြ ဘူး.."

ခုပဲ မထနိုင်လို့ ထူပေးပါဦးလို့ သူပြောခဲ့တာကို မေ့သွားတာ ကိုယ့်ဘာသာနေရာပြင်ရင်း ရှုံ့မဲ့နေသည့်မျက်နှာကိုကြည့်ကာ ကန စိတ်ဆင်းရဲသွားမိသည်။ အာဏာသျှန်ဆိုတဲ့ယောကျ်ားရော ဘာထူ လဲ..။ ရောဂါဝေဒနာကို ကြိတ်ခံပြီး ကြံ့ပြနေတဲ့မာနတွေက မျက်နှာ ထင်းနေသည်။ ကနုတ် တွဲဖို့ကိုင်ဖို့လက်ပြင်လိုက်တိုင်း ဖယ်ချပစ်ခဲ့ပြ

"ဟုတ်တယ်..ကိုယ့်လိပ်ပြာ ကိုယ်မလုံတာဖြစ်မယ်၊ ငါနိုပ်စက အားကြိုးမာန်တက်ပြင်ဆင်ခဲ့တဲ့မင်းကို ငါဘာဖြစ်လို့ချစ်မိသွားသလဲ တာကို မယုံနိုင်တာ..ဒါပေမယ့် ကနုတ်ရောင် ဒီပြဿနာတွေကြေ မင်းငါ့ကိုစိတ်နာတယ်ဆိုရင် ငါနားလည်အောင် ကြိုးစားမှာပါ.."

သူက ကနုတ်ရဲ့မျက်ဝန်းလေးတွေနဲ့ ဆုံအောင်ကြည့်၍.. ၊

"ဘာဖြစ်လို့လဲဆိုတော့ အတိတ်ဆိုတာ ပျောက်ပျက်သွားမယ့် ရာမဟုတ်ဘူး..မနက်ဖြန်ဆိုရင် ဒီနေ့ကအတိတ်ဖြစ်သွားပြီ၊ မင်းက ငါ့ကိုနားမလည်ခဲ့ရင် ဒီဒဏ်ရာဟောင်းကြောင့် မင်းနဲ့ငါ.."

"ဦးသျှန်ကို ကနုတ်နားလည်ပါတယ်.."

ကော့နက်သည့် မျက်တောင်တို့ဖြင့် မျက်ရည်စတို့ကို ပုတ် ဖယ်ရှင်းရင်း ကနုတ်မျက်ဝန်းလေးတွေက အပြစ်ကင်းစွာရှိနေခဲ့လျှ

"ဦးသျှန်နဲ့အန်တီတို့အပေါ်မှာ ကနုတ်ခင်တွယ်နေခဲ့တာ ဆောင်မှုလုံးဝမပါပါဘူး..ဒါပေမယ့် ဦးသျှန်ကဖေကြီးနဲ့မသင့်မြတ် ဖြစ်နေတယ်၊ ဦးသျှန်ကို နားလည်နိုင်ပေမယ့် ဖြစ်ခဲ့တဲ့အဖြစ်တွေကို ကိုယ့်စိတ်ကြိုက်ပြင်ဆင် ဖြည့်စွက်လို့မရတော့တာ ကနုတ်ဦးသျှန် မှာ ရပ်တည်ဖို့ဘယ်လိုမှ မဖြစ်နိုင်လို့ပါ.."

မျက်လုံးချင်းဆုံနေပေမယ့် နာကျင်မှုတွေကိုယ်စီနဲ့ရှိလျက်..

"ဖေကြီးနဲ့ကနုတ်ရှိနေရမယ်..ကနုတ်ဘာမှမသိခဲ့တဲ့ ဘဝ လျှောက်လုံးမှာ ကနုတ်အတွက် ဖေကြီးတိုက်ပွဲဝင်နေခဲ့ရတာ မောနေ ပါပြီ.."

ပြောနေရင်းအသံတွေ တုန်လာသည်။ ပြီးတော့ မျက်ရည်စက် တပေါက်ပေါက်ကျလာခဲ့လျက်.. ၊



"ဖေကြီးတစ်ယောက်တည်း မထားနိုင်ဘူး..ကနုတ်ဖေကြီးကို တစ် ည့်ပြုစုရမယ်.."

"ခုလို သမီးမေတ္တာကိုကြားရတာ ဖေကြီးဝမ်းသာပါတယ်.."

ဦးမြမင်းစံသည် သျှန့်ရဲ့အခန်းထဲကို လှမ်းဝင်လာခဲ့ရင်း.. ၊

"ဒါပေမယ့် ဖေကြီးက သမီးနဲ့တစ်သက်လုံးအတူနေနိုင်မှာ မဟုတ် ူးလေ.."

"ဖေကြီး.."

ကနုတ် နေရာမှထကာ ဦးမြမင်းစံကိုပြေးတွဲသည်။ ခုနကပဲ ဖြူ ၂၃နွမ်းယဲ့နေသည့် ဖေကြီးပုံစံကို သူမမြင်ခဲ့ရသည်။ ချက်ချင်းထ လျှောက်လာတော့ စိုးရိမ်စိတ်တွေဖြစ်သွားမိရင်း.. ၊

"ဘာလို့ထလာတာလဲဖေကြီးရယ်..ကနုတ်က ဖေကြီးမေမေလေး ို့နဲ့ စကားပြောနေတာပဲဆိုပြီး ထွက်လာခဲ့တာ.."

"ဖေကြီးဘာမှမဖြစ်တာ..စိတ်နောက်ကိုယ်ပါ နည်းနည်းလေး ှာသွားမိတာပါ.."

ဦးမြမင်းစံကြည်လင်သည့် အပြုံးမျိုး ဖန်ဆင်းထားရသည်။ သမီး သားရဲ့အနာဂတ်အတွက် ကိုယ့်အတွက်အရာရာကို ဘေးဖယ်ထားရမှာ တို့ရဲ့ပေးဆပ်ခြင်းပဲဖြစ်သည်။ သားသမီးကိုချစ်လျှင် သူတို့ချစ်နေ ာလေးကို ကိုယ်လည်းချစ်နိုင်ရမည်။ ကိုယ်မုန်းနေတဲ့အတွက် သား မီးကိုပါ မုန်းခိုင်းပြီး မိဘဆိုတဲ့လွှမ်းမိုးမှုနဲ့ တုပ်နှောင်မထားရက်ပါ။ တော့ အာဏာသျှန်ဘယ်လိုခံစားရသည်။ ဘာတွေလုပ်ခဲ့သည်ဆိုတာ အာဏာသျှန့်သူငယ်ချင်း ဖြိုးခိုင်ဆီက သူအကုန်သိခဲ့ရ၏။

"သျှန်က နှလုံးသားနူးညံ့တဲ့သူပါ..သူနာကျင်ရသလောက် သူများ လုပ်ရက်ဘူးအန်ကယ်လ်၊ လူလူ့ကိစ္စမှာလည်း သူပြန်ဆွဲတင်ပေးဖို့ စားတယ်..ခွဲမရကယ်မရဖြစ်သွားခဲ့တာက သူတို့ကံကြမ္မာပါ.."

"သူကစိတ်ကိုချုပ်ချင်တာ လူတွေကိုထိခိုက်ဖို့မဟုတ်ဘူး..ကနုတ် င်ကိုလည်း သူစိတ်ဝင်စားနေတာ ကျွန်တော်တို့သိတယ်၊ ဘာလို့ ဘပ်မယူတာလဲဆိုတော့ ကနုတ်ရောင်ကတာဝတီသာရဲ့သွေးဖြစ် အတွက် ဆွေမျိုးတော်ချင်လို့ အတင်းရယူတယ်ဆိုတဲ့အဖြစ်ကို ်သွားမှာစိုးလို့ပါ.."

မင်္ဂလာကိစ္စအဆင်မပြေဖြစ်နေကြမှန်း သိသွားကြတော့ သူ...
မင်လာတွေပြီး ရှင်းပြသွားခဲ့သည်။ နောက်ထပ် လူလူအတွက် သူ...
ဖို့ကြိုးစားခဲ့တာတွေ မြတ်ပန်းသဇင်သတ်ဖို့ကြိုးစားခဲ့ပုံတွေလည်း ...
သွားကြသေးသည်။ ယုံလွယ်တာတော့မဟုတ်ပေမယ့် ဖြစ်နိုင်သည် ...
သူတွက်မိသည်။ ကိုယ့်မိဘ အစ်မတွေဘယ်လိုအတ္တကြီးမားပြီး ဘာ...
လုပ်ခဲ့ကြတယ်ဆိုတာလည်း သူသိနေသည်ဖြစ်ရာ.. ။

"အခု ဖေကြီးအနားယူရင်း ဆေးကုဖို့ စက်ာပူကိုခရီးထွက်မ...
သမီးဘွားဘွားကိုရော သမီးကိုရော ယမုံဆီမှာပဲအပ်ခဲ့ရမှာ.."

လူကြီးဖြစ်နေသည်မို့ စွဲကပ်သွားခဲ့သည့် စိတ်ဝေဒနာကတော့...
ကောင်းလာဖို့ မလွယ်ကူတော့ပါ။ ထို့ပြင် တခြားလူတွေကိုပါ ဒု...
နိုင်သည့် စိတ်ဝေဒနာမျိုးဖြစ်နေသောကြောင့် နေအိမ်မှာပြန်နေ...
လည်း မျှော်လင့်ချက်မရှိသလောက်ပင်။ ဒါတွေကိုတော့ ကနုတ်က...
မပြဖြစ်တော့ဘဲ.. ။

"ဖေကြီးသဘောနဲ့ဆို သာသနာ့ဘောင်ဝင်ဖို့ထိ ဆုံးဖြတ်...
တာ..ဒါပေမယ့် သမီးစိတ်မချမ်းမြေ့ဖြစ်သွားမှာလည်းစိုးတယ်၊ ပု...
ပီပီ စိတ်မချနိုင်သေးတာလည်း တစ်ကြောင်းပေါ့..နောက်တစ်ခု...
မယ်မယ့်အတွက် ဖေကြီးဘာမှတာဝန်မကျေခဲ့တာတွေကို ခုချိန်မှာ...
ချပြုစုချင်တယ်၊ ဒီအခြေအနေမှာ ထားခဲ့ပြီး ကိုယ်လွတ်ရုန်းမသ...
ဘူး.."

"ဟုတ်ပါတယ်..အဲ့လိုတော့လုပ်မသွားပါနဲ့ဖေကြီးရယ်၊ သာ...
ဘောင်ဝင်တာ မတားကောင်းပေမယ့် ကနုတ်လည်းဖေကြီးကို ...
လိုချင်သေးတယ်..မပြောမဆိုနဲ့တော့ အဲ့လိုထားမသွားပါနဲ့.."

ဦးမြမင်းစံက ပြုံးလိုက်ပြီး ကနုတ်ရဲ့ခေါင်းလေးပေါ် ခပ်ဖွ...
တင်၏။ ထိုစဉ် ဒေါ်မြင့်မိုရ်တို့ ဝင်လာကြကာ.. ။

"ဟုတ်တာပေါ့..မုန်တိုင်းပြီးရင် လေပြည်လာမှာပဲ၊ ခုချိန်မှာ...
အတွက် ဒီအဖေက မတ္တကြိုင်ကြီးပဲလေ..ဆိုးရွားမှုတွေကို တောင့်ခံပြ...
အတွက် ရပ်တည်ဖို့ ကြိုးစားပေးရမှာ.."

"ငါတို့ရင်ဆိုင်ခဲ့ကြတဲ့ အခြေအနေတွေက အတော်ဆိုးတ...
စံ.."



ဦးနေမင်းသစ်ကလည်း ဝင်၍.. ။

"မင်းဘက်မှာ ကြေကွဲဖွယ်တွေ ပြည့်နှက်နေသလို ငါတို့ဘက်မှာလည်း ခုထိလက်ညှိုးထိုးပြစရာတွေ အများကြီးရှိသေးတယ်..ဒါပေမယ့် ငါတို့ဒါတွေကို မပြီးမဆုံးနိုင်ခံစားနေလို့ ဘာမှမထူးဘူး၊ လူငယ်တွေမှာသာ မိဘတွေရဲ့မပြေလည်မှုတွေ ရိုက်ခတ်ပြီး အစဉ်အဆက်ကြေကွဲသွားရမှာ..သူတို့အတွက် ငါတို့အတ္တတွေကို လျှော့ရမယ်.."

ဒီတစ်ခါ ဦးနေမင်းသစ်ရဲ့စကားကို ဦးမြမင်းစံဘာမှပြန်မပြောဘဲ နေခဲ့၏။ သျှန်က ခုတင်ပေါ်ကနေ ခြေချထိုင်လိုက်ပြီး ခံစားချက်မဲ့နေသည့်မျက်နှာနှင့်.. ။

"ကျွန်တော်တို့အတွက်ဆို မလိုဘူး..လူကြီးချင်းသဘောတူလို့ လက်ထပ်လိုက်ရတဲ့ အိမ်ထောင်ရေးမျိုးလည်း ကျွန်တော်မလိုချင်ဘူး.."

"ဒါဆို ကောင်မလေးက မင်းကိုချစ်ရေးဆိုပြီး လက်ထပ်ခွင့်တောင်းတာကို လိုချင်တာလား.."

ဦးနေမင်းသစ်က အတည်အလင်းရွဲ့၏။ သျှန့်မျက်ခုံးတွေ တွန့်ကုတ်သွားသည်။

"ဟုတ်တယ်လေ..မင်းလိုချင်တာဘာလဲ၊ ကနုတ်ရောင်က တာဝတိံသာရဲ့မျိုးဆက်လို့ ထင်နေတုန်းကလည်း သူတို့မျိုးဆက်မို့ ဘယ်တော့မှလက်မထပ်ဘူးတဲ့..အခု မျိုးဆက်သွေးမဟုတ်ပါဘူးဆိုတော့လည်း တစ်မျိုး၊ ငါမေးတာလွန်သလား.."

"လွန်တာပေါ့ဖေဖေ.."

သျှန်က ခပ်ဖြည်းဖြည်းထရပ်လိုက်ရင်း ခါးကိုဖြည်းဖြည်းချင်းမတ်ယူသည်။ ဒေါ်မြင့်မိုရ်ကူညီဖို့သွားတော့ လက်ကာတားရင်း.. ။

"ကျွန်တော်ကချစ်ပြီး ကျွန်တော့်ကိုချစ်တဲ့ဇနီးပဲ ကျွန်တော်လိုချင်တယ်.."

သူ့မျက်ဝန်းတွေက မျက်လွှာလွှဲ၍ တောင့်တောင့်လေးရပ်နေသည့် ကနုတ်ဆီ ငုံ့ကျသွားခဲ့လျက်.. ။

"လက်ထပ်ဖို့ကိစ္စကို သူကိုယ်တိုင်ခေါင်းညိတ်တာ ကျွန်တော်လိုချင်တယ်..မိဘတွေ ဘာအကြောင်းတွေနဲ့မှ မပတ်သက်ဘဲ သူ့ခံစားချက်နဲ့ ဆုံးဖြတ်တာမျိုး.."

"ဒါဆိုရင်လည်း သူ့ကိုပဲမေးပေတော့..မင်းတို့အိမ်ရှေ့ရင် အွန်လိုင်းရှုံပဲ.."

ဦးမြမင်းစံကို လက်တစ်ဖက်ကလှမ်းဆွဲကာ ဦးနေမင်းသစ်က ပေ တင်ရှောင်ထွက်သွားသည်။ ဒေါ်မြင့်မိုရ်က ကနုတ်မျက်နှာကို စိုးရိမ်သ ကြည့်ပြီးမှ လှည့်ထွက်သွားကာ.. ။

"မေလေးတို့ ယမုံ့အခန်းမှာရှိမယ်နော်သမီး.."

ကနုတ် လက်ဖဝါးချင်းထပ်ဆုပ်ထားရင်း မျက်နှာလည်းမမော့ ကျန်ရစ်ခဲ့၏။ သျှန်က သူမနားကိုလျှောက်သွားကာ.. ။

"ကိုယ်မင်းကိုချစ်တယ်.."

သူမထပ်ဆုပ်ထားသည့် လက်လေးတွေကို သူ့လက်တစ်ဖ တည်းနဲ့ ဆုပ်ကိုင်ထားလိုက်ကာ.. ။

"ဘယ်သူ့ကြောင့်မှမပါဘဲနဲ့ ရင်ထဲမှာရှိတဲ့အတိုင်းဖြေပါ..ကိုယ့် လက်ခံနိုင်မလား.."

"ဖေကြီးဆေးကုသွားရင် ကနုတ်လိုက်သွားမှဖြစ်မှာ.."

သျှန် 'ကျွတ်'ခနဲမဲ့သွားသည်။ ပြီးတော့ သူမပခုံးလေးကို သူ့ဘ ဆွဲလှည့်လိုက်ပြီး.. ။

"မိဘမို့ပြုစုတာ ဂရုစိုက်တာတွေက ကိုယ်တို့လက်ထပ်မှာနဲ့ ဘာ မဆိုင်ဘူး..အခု ကိုယ်မေးနေတာ မင်းကိုယ့်ကိုလက်ထပ်ခွင့်ပေးမှာလ

ကနုတ် ဘာမှမဖြေဘဲ လက်ကိုရုန်းနေ၏။

"ဖြေကွာ..မင်းကိုယ့်ကိုမချစ်နိုင်သေးဘူးဆိုရင်တောင် ကိုယ့်ဘ ထဲဝင်လာဖို့ မင်းအဆင်သင့်ဖြစ်နေတယ်ဆိုရင် ကိုယ်ကျေနပ်နိုင်တယ ကိုယ့်ကိုမင်းချစ်လာအောင် ကြိုးစားမယ်၊ ကိုယ်ရက်စက်ခဲ့မိတာတွေ တွက် ကြည်ဖြူလိုက်လျောခြင်းတွေနဲ့ ပြန်ဖြည့်ဆည်းပေးမယ်..ကိုယ်မ နေတယ်ဆိုတာ မင်းခဏတဖြုတ်ယုံကြည်ပေးထားရင်ရပြီ.."

ကနုတ် သူ့မျက်နှာကို မော့မော့လေးငေးသည်။ ပြီးတော့ မျက်ဝ လေးတွေမှာ ရီဝေဝေပြုံးရိပ်လေးထင်၏။ ပြီးတော့ ခေါင်းညိတ်လို ရင်း.. ။

"ခဏတဖြုတ်မဟုတ်ပါဘူး..ဦးသျှန်ကို ကနုတ်ဘယ်တုန်းက မမုန်းခဲ့ဘူး.."



သူ့ရင်ထဲမှာ ချမ်းမြေ့ခြင်းတွေ အတိုင်းအဆမဲ့ဖြစ်ထွန်းသွားသည်။

"အဲ့ဒါယုံကြည်ခဲ့တာတွေပါ.."

သူမကိုယ်လေးကို ရင်ခွင်ထဲမှာ တယုတယပွေ့ပိုက်ထားလိုက်မိ သည်။ ပြီးတော့ ညိုမှောင်းနွဲ့ပျောင်းသော ဆံကေသာတို့ကို အမြတ်တ နိုးနမ်းမိသည်။ အချစ်ကိုရယူပိုင်ဆိုင်နေခြင်းကြောင့် ခံစားမိသောတသိမ့် သိမ့်ကြည်နူးခြင်းသည် မက်မောဖွယ်ရင်ခုန်သံတို့ကို တိုးတိုးငြိမ့်ငြိမ့်ဖြစ် ပေါ်လာခဲ့လျက်.. ။

မင်းကိုသိပ်ချစ်တယ်.. ။

☎

## အခန်း(၁၁၈)

ချစ်ခြင်းမေတ္တာမှာ ဘယ်လိုအဆင်းသဏ္ဍာန်တွေ ကွဲပြားခြ နေသေးသည်ကိုမသိ။ ဒါပေမယ့် ယမုံခင်ဆိုသည့်မိန်းကလေးကို လိုက်ရတိုင်း သူ့ရင်ထဲမှာ အေးချမ်းခဲ့သည်။ သူမအတွက် ဘာမ ဆင်းပေးချင်ခဲ့သည်။ သူမကိုထိခိုက်စေတာမှန်သမျှသည် သူ့ရင် နာကျင်စေတဲ့အထိ သူမအတွက် အရာရာဖြစ်ခဲ့သော.. ।

"သက်သာရဲ့လားယမုံ.."

ကိုယ့်မျက်နှာနဲ့လက်ဖျံက ပတ်တီးကို ခပ်စမ်းစမ်းလေးကိုင် နေရင်း ဒေါ်ယမုံခင်က လှည့်ကြည့်သည်။

"အစ်ကိုလေး.."

"နေပါ..နင့်မျက်နှာက ဒဏ်ရာအညိုအမည်းတွေ မပျော တာကြည့်ပြီး ငါစိတ်မကောင်းလို့.."

"ဘာမှမဖြစ်ပါဘူးအစ်ကိုလေးရဲ့.."

ဟန်ဆောင်ပြုံးနေရှာသည့် မျက်နှာလေးက ဟိုတုန်းတည်း ရာရာကိုသည်းခံတတ်ခဲ့တာ တော်ရုံနာကျင်တာလောက်ဆို အံ တတ်တဲ့အထိ.. ।



"သားလေး ထူထူထောင်ထောင်ရှိရဲ့လားဟင်.."

"သူ့လမ်းတောင်ထလျှောက်နေပါပြီ.."

စိတ်ချမ်းသာသွားသလို ဒေါ်ယမုံခင်ခေါင်းညိတ်ပြုံးနေရင်း.. ।

"ကလေးတွေကိစ္စအတွက် အစ်ကိုလေးလိုက်လျောပေးခဲ့တာကို ...န်မဘယ်တော့မှ မမေ့ပါဘူး.."

"မလိုပါဘူးယမုံရယ်..နင်တောက်လျှောက်သည်းခံလာခဲ့တဲ့ ...ကောင်းကျိုးတရားပါ၊ နင်စိတ်ချမ်းသာဖို့အတွက် ငါ့သမီးလေးက ဆု ...ဘဝ်တစ်ခုဖြစ်သွားရင်လည်း ငါဝမ်းသာပါတယ်.."

ဒီလူတွေကို မမုန်းတော့ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ပြုံးနိုင်ဖို့တော့ ခက်ခဲ ...သည်။ နောက်ထပ်တော်ပါပြီလို့ စိတ်မှာဆုံးဖြတ်လိုက်သော်ငြား ဒေါ် ...မုံခင်မျက်ရည်လေးတဝဲဝဲနှင့် တောင်းပန်လာတော့ သူ့ဆုံးဖြတ်ချက် ...တွေ ယိုင်နဲ့ခဲ့ရသည်။ ကလေးတွေကို ပေါင်းစည်းပေးတော့ဖို့ ဖြစ်လာ ...ည့် စိတ်ကူးတွေက ဒေါ်ယမုံခင်နဲ့သာ သက်ဆိုင်သည်ဆိုတာ ဘယ် ...မှမသိပေမယ့်.. ।

"ငါ့သမီးကိုရော ငါ့အမေကိုရော နင့်လက်ထဲကို ယုံကြည်စွာလွှဲ ...ချင်တယ်..မယ်မယ့်အခြေအနေကို သုံးလလောက်ဆက်ကြည့်ပြီးရင် ...ရဟန်းပြုတော့မယ်၊ အဲ့ဒီအချိန်လောက်ဆို ကလေးတွေမင်္ဂလာကိစ္စ ...သည်း အဆင်ပြေသွားလောက်ပြီ..သမီးလေးလည်း ပြုံးရယ်နေနိုင်ပြီ.."

"အစ်ကိုလေးရယ်..ရဟန်းပြုဖို့ဆိုတာကတော့.."

"မတားနဲ့တော့ယမုံ..ငါ့မိသားစုအဖြစ်တွေကိုကြည့်ပြီး သံသရာ ...ရှည်ကြီးကို ငါတော်တော်ကြောက်သွားတယ်၊ ကိုယ်မမြင်နိုင် မသိ ...တဲ့ ဘဝဟောင်းက အကြောင်းကောင်းဖို့ ပိုကြိုးကျယ်အောင်ပြောရရင် ...သရာဝဋ်ဆင်းရဲကလွတ်ကင်းပြီး နိဗ္ဗာန်မဂ်လမ်းကို တက်လှမ်းနိုင်ဖို့ ...ဝမဆုံးခင်တည်းက ကြိုးစားရမယ်.."

ဒေါ်ယမုံခင် ပြောစရာစကားမရှိတော့ပေ.. ।

"တာဝတိံသာစံအိမ်ကြီးကိုတော့ ငါ့သဘောနဲ့ဆို အားလုံးလှူဒါန်း ...ိုက်ချင်တာ..ဒါပေမယ့် သမီးလေးဆန္ဒကိုပဲ ဦးစားပေးချင်တယ်၊ ...ချင်လည်း သူ့သဘောနဲ့လှူ..လိုချင်ရင်လည်း လိုရာသုံးပါစေ၊ အား ...သူ့အတွက် ပေးထားခဲ့မယ်.."

"အဲ့ဒါတွေကို မယ်တော်ကြီးကပဲ.."

"မယ်မယ်ကျန်းမာရေးမကောင်းဘူး.."

ဦးမြမင်းစံက သက်ပြင်းချလိုက်ပြီး.. ၊

"သူ့စိတ်ကြောင့် နလံပြန်ထူဖို့ဆိုတာ ဘယ်လိုမှမလွယ်တော့ဘ ဘာပဲဖြစ်ဖြစ် သုံးလကြာရင်တော့ ငါနင့်ကိုယုံယုံကြည်ကြည်လွှဲခဲ့ စေ.."

"ကဲ..နှုတ်ဆက်ကြတာဆိုရင်လည်း တော်လောက်ပြီ၊ အား ဆေးရုံကဆင်းဖို့.."

"သိပါတယ်..အဲ့ဒါကြောင့် ငါလည်းမပြန်သေးခင် သူ့အိမ်လို မလို့.."

"သူ့အိမ်မဟုတ်ဘူးမောင်လေးရေ..မိုးထိစံအိမ်ကိုပဲ ခေါ်သွားဦး

ဒေါ်မြင့်မိုရ်ဝင်လာပြီး ဖြတ်ပြောလိုက်သဖြင့် ဦးမြမင်းစံမျ တွေပင့်သွားသည်။ ဒေါ်ယမုံခင်လည်း အံ့သြသွားကာ.. ၊

"မမ..ကျွန်မ.."

"ကဲပါ..အားလုံးပြီးနေမှ ဟိုကြောင့်ဒီကြောင့်တွေ တွေးမနေ တော့.."

"မဟုတ်ပါဘူးမမရယ်..အဲ့ဒါတော့မဖြစ်နိုင်လို့ပါ၊ သားကိုမ ပင်ရသေးဘဲ ကျွန်မသဘောနဲ့ မဆုံးဖြတ်ချင်ဘူး.."

"သားကသားပဲယမုံ..နင်ပြန်လိုက်ချင်ရင် ပြီးတာပဲ၊ မိသဲ.. စ္စည်းတွေ သွားသိမ်းစမ်း.."

"ကျွန်မမလိုက်ချင်ဘူး.."

အိမ်က မိန်းကလေးတစ်ယောက်ကို ပစ္စည်းတွေသိမ်းခိုင်းနေ ဒေါ်မြင့်မိုရ် 'ဟင်'ခနဲဖြစ်သွားသည်။ ဦးမြမင်းစံက ဦးနေမင်းသ နှာကြီး ရှုံ့တွသွားတာကိုကြည့်ပြီး ပြုံးသည်။ ပြီးတော့ 'ရှင်းကြ ဆိုသည့်ပုံစံနှင့် အပြင်ထွက်လာလျှင်.. ၊

"နေပါဦး..မင်းကဘာပြုံးတာလဲ.."

ဦးနေမင်းသစ်က တံခါးဝကနေ ပိတ်ထားပြီး မကျေမနပ်..

"ပြုံးစရာမို့ပြုံးတာပေါ့ကွ..ဒီရက်ပိုင်းမှာ စိတ်လိုလက်ရပြုံး လာတဲ့ ပထမဆုံးစကားပဲ.."



ဒေါ်သကထောင်းခနဲဖြစ်သွားသည်။ စိတ်ထဲရှိတဲ့အတိုင်း မေးချ လိုက်ရရင် ကလေးဆန်တယ်ပြောကြဦးမည်။ နှစ်ယောက်သားစကား တွေ တီးတိုးပြောနေခဲ့ကြသည်။ ပြီးတော့ ဟိုတစ်ယောက်ကလည်း စံ အိမ်ကိုပြန်မလိုက်ချင်ဘူးပြောလို့ ဒီတစ်ယောက်ကပြုံးလို့.. ဘာတွေလဲ..၊ သိပ်မနိုင်သည့်အခါ ဘယ်သူဘယ်လိုထင်ထင် ဂရုမစိုက်ချင်တော့ ဘဲ.. ၊

"မင်းကြည့်ရတာ အဲ့လိုရုပ်မျိုးလည်း မပေါက်ပါဘူး.."

"ဘာပြောတာလဲ.."

ဦးနေမင်းသစ်က ပြုံး၍.. ၊

"မပြောတော့ပါဘူး..ဒါပေမယ့် ယမုံခင်ကငါ့မိန်းမ.."

"ဘယ်တုန်းကလဲ..ငါကတွက်နေတာ၊ သူလည်းလွတ်လပ်သူ..ငါ ည်းလူလွတ်.."

"ဘာကွ.."

မျက်နှာကြီး ဖျန်းခနဲနီသွားသည်။ ဦးမြမင်းစံလက်ကိုဆွဲကာ အ င်းပြင်ထွက်၍ ကွယ်ရာမှာကပ်ကာ.. ၊

"ပြန်ပြောစမ်းပါ..မင်းမျက်နှာတော်တော်ပြောင်ပါတယ်.."

"မပြောင်လည်း ဒီစကားကပြောလို့ရပါတယ်..မင်းပြောဆိုကန် ာက်ပြီး နှင်ချလိုက်ပြီးသား၊ သူလည်း မင်းကိုခေါင်းထဲကထုတ်လိုက် တ်လည်းထုတ်သင့်တာပဲ၊ အကယ်၍ သူ့သားကသာသူ့ဘက်ကမ ရင် ခုလောက်ဆို သူဘယ်လိုဖြစ်နေမလဲ စဉ်းစားကြည့်.."

"သူ့သားခေါ်ထုတ်သွားလို့ အပြင်ရောက်သွားတာ..ငါ့မိန်းမကို တ်ဆိုးတုန်း ဘယ်မှာထားထား ဘယ်သူ့ကိုစွမှမပါဘူး.."

"ငါကတော့ပါတယ်..ဘာဖြစ်လို့လဲဆိုတော့ သူ့ဘဝကို မင်းက ာ်မခံနိုင်ပေမယ့် ငါကဟိုအရင်တည်းက.."

"မြမင်းစံ.."

"ပြောပြတာပါ..ထပ်ပြောချင်သေးတာက မယ်မယ်သူ့ကိုဘာဖြစ် င်းလက်ထဲထည့်လွှတ်လိုက်တယ်ထင်လဲ.."

မထင်ချင်ပါ။ ကြားလည်း မကြားချင်တော့ပေ။ သို့သော်..

"ငါနဲ့နီးစပ်သွားမှာစိုးလို့ပဲ..သူ့အပေါ်မှာ ငါထားတဲ့မေတ္တာ.."

"မင့်.."

"သွားရအောင်မောင်လေးရေ.."

အထဲကနေ ဒေါ်မြင့်မိုရ်ဝမ်းသာအားရ လှမ်းခေါ်သံကြားတော့ နေမင်းသစ်ကြွတက်တော့မည့် လက်သီးဆုပ်ကြီး အသံတိတ်ပြန်ကျ ပြီးတော့ အထဲဝင်သွားလေသည်။ ဦးမြမင်းစံ ခပ်ယဲ့ယဲ့ပြုံးလိုက် ခေါင်းခါသည်။

ခွင့်လွှတ်ပေးတော့ယမုံ..ငါနင့်အတွက် ပြောလိုက်တာပါ.. ကွယ်နေတဲ့ ချစ်စိတ်တွေကို တူးဖော်ဖို့ တစ်ခါတလေလူကြမ်းလ လိုအပ်တယ်..ပြီးတော့ ငါကျေနပ်တယ်။ တစ်သက်လုံး မျိုသိပ်လာ ငါ့ရင်ထဲက သယံဇာတတချို့ကို ဖောက်ထုတ်ပေါ့ပါးခွင့်ရလိုက်

ဝေဒနာဆိုတာ မကြေညာတာပဲ ကောင်းပေမယ့်လည်း..

အခန်း(၁၁၉)

"ငါမျိုသိပ်နေခဲ့တာ ဒါပေမယ့် အခုကလေးတွေတောင် လက်ထပ် ပြီးသွားပြီ..မင်းကဘာယ်လိုလဲ.."

ဒေါ်ယမုံခင်က သျှန်တို့မင်္ဂလာပွဲမှာ ဝတ်ဆင်ခဲ့သည့် ဝတ်စုံနဲ့ရတနာပစ္စည်းတွေကို သေချာသိမ်းဆည်းနေရင်း ဦးနေမင်းသစ်ဝင်လာတော့ ထိတ်ပျာသွားကာ.. ၊

"အစ်ကိုဘာခိုင်းစရာရှိလို့လဲ..ကျွန်မလာခဲ့မယ်လေ.."

"မင်းကိုခိုင်းစရာမရှိရင် ဒီအခန်းထဲ ငါကဝင်ခွင့်မရှိဘူးလား.."

မရှိပေမယ့် မရှိဘူးလို့မပြောရဲပါ။ ဒေါ်ယမုံခင် အိပ်ရာပေါ်မှာ တင်ပါးလွှဲထိုင်နေရာကနေ ကမန်းကတန်း ထရပ်လိုက်ပြီး.. ၊

"အဲ့လိုမဟုတ်ပါဘူး..ဒါပေမယ့် ကျွန်မတို့က ဘာမှမှမဆိုင်တာ၊ သားတွေသွားရင် တစ်မျိုးထင်မှာစိုးလို့ပါ..."

ဦးနေမင်းသစ်မျက်နှာပျက်သွားသည်။ 'မေမေလိုက်ချင်ခေါ်သွား လေ..ကျွန်တော်မလိုက်ဘူးဆိုလို့'.. ၊

"ကနုတ်ကို သူ့အဖေက ယမုံနဲ့အပ်ခဲ့တာ..ကနုတ်ကလည်း သူ့အခေါ်စဉ်ပေးတဲ့နေရာမှာပဲ နေချင်မှာပေါ့.."လို့ ဆက်နွယ်ပတ်သက်မှုတွေ

နဲ့ ချည်နှောင်ပြီး သားအမိနှစ်ယောက်စလုံးကို အိမ်ပြန်ပါအောင် မ ကြိုးစားခဲ့ရတာ သတိရမိသည်။ ကိုယ့်ဒေါသတွေလည်း လွန်ခဲ့ကျွဲခဲ့တ မှန်နေသဖြင့် ဇနီးသည်ကိုလည်းမပိုင်။ သားကိုလည်းလွှမ်းမိုးလို့မရ ဒီတိုင်းမျိုသိပ်နေခဲ့ရတာ။ ဒါပေမယ့် ဒီ့ထက်ဘယ်လောက်ကြာအော သည်းခံနေရဦးမှာလဲ..။ တကယ်ဆို မြမင်းစံပြောသွားတဲ့စကားတွေ ဒေါ်မြမင်းသီရိအိမ်ထဲလိုက်ဆွဲချစဉ်က သူမပထမဆုံးတမ်းတအားကိုး တာ မြမင်းစံပဲဖြစ်နေသည်။

"သူကဘာဖြစ်လို့ မင်းစံဆီကိုဖုန်းဆက်တိုင်ရတာလဲ..မမ ကျွန်တော်ရော ရှိတယ်၊ သူ့သားလည်းရှိတယ်..အဲ့ဒါကိုက အလု ဟုတ်တာ.."

ဒီတိုင်းပြောပြီး သူမကျေနပ်တာတွေပြောဖို့ ပြင်ခဲ့သေးသည်

"ကိုယ့်ကိုကြောက်နေပါတယ်ဆိုမှ ကြိုးတုပ်ပြီးထပ်ထပ်မေး ထ ထပ်ပြီးအနိုင်မကျင့်ချင်နဲ့..တော်တော့.."

မမက တားထားခဲ့လို့သာ.. ၊

"ယမုံ.."

သူ့စိတ်ကို တစ်ရစ်ချင်းပြန်လျှော့ချသည်။ ဒေါသမပါအေ ထိန်းချုပ်နိုင်မှ သူမရှေ့မှာ သွားရပ်လိုက်ရင်း.. ၊

"မင်းကိုငါက ရည်းစားစကားပြန်ပြောရမှာလား..မင်းရှေ့မှ ထောက်ပြီး လက်ထပ်ခွင့်ပြန်တောင်းရဦးမှာလား.."

"မဟုတ်တာ.."

ဒါကျတော့ လန့်လန့်ဖျန့်ဖျန့်.. ၊

"မဟုတ်ရင် မင်းဘယ်လိုအချိုးတွေပြနေတာလဲ..ငါမှားခဲ့တ တောင်းပန်ပြီးပြီ၊ ငါ့ဒေါသနဲ့ပြောမိပေမယ့် ငါမင်းကိုပစ်ထားခဲ့သလ

"ဟုတ်ပါတယ်..ဒါပေမယ့် အဲ့ဒီကထွက်လာကတည်းက ကျ မှာခင်ပွန်းမရှိတော့ဘူးလို့.."

"ဘာပြောတယ်.."

သူအော်လိုက်တော့ ဒေါ်ယမုံခင် ပခုံးလေးကျုံ့သွားသည်။ ပတ်လျှိုဆံထုံးကို ရှေ့မှာမချဘဲ နောက်ကျောမှာဒီတိုင်းချထားသ ပန်းနုရောင်ရင်ဖုံးဓါးရှည်လေးနှင့် ဒေါ်ယမုံခင်ပုံစံလေးက သား



ကြီးရှိနေတာတောင် နုနယ်သွယ်လျနေဆဲ ကြောက်တတ်နေသည့်ပုံလေး ပေါ်လာတိုင်း ပို၍နုငယ်နေတတ်လျက်.. ၊

"အစ်ကိုထင်သလိုမဟုတ်ပါဘူး..ကျွန်မ ကျွန်မသားသဘောအ တိုင်း အားလုံးဖြစ်စေမယ်လို့ ဆုံးဖြတ်ထားလို့ပါ၊ ပြီးတော့လေ အစ်ကိုနဲ့ ပြန်ပေါင်းရမှာပေမယ့် ကျွန်မရင်ထဲမှာ နောက်အိမ်ထောင်ပြုရမှာလိုကြီး ခံစားနေမိတယ်..အဲ့ဒါကြောင့် ရှက်လည်းရှက်တယ်.."

ဖြစ်ရလေလို့ပြောပြီး ဦးနေမင်းသစ်မျက်လုံးတွေမှာ ဆွေးရိပ်သမ်း၏။ သူမဒီလိုပြောလို့ ဒေါသထပ်ဖြစ်ရမည့်အစား မရလေပိုလို့ချင်လေ။ သူမရှေ့မှာ တကယ်ပဲ ဒူးထောက်တောင်းပန်ချင်စိတ်တွေဖြစ်လာခဲ့တာ သူငယ်ပြန်တာလားတော့မသိ။ ဒါမှမဟုတ် အနိုင်ကျင့်သောနည်းနဲ့ ပြန်ပေါင်းထုပ်ရတော့မှာလား.. အစကပြန်ပြေလည်စေချင်လွန်းလို့ နည်းအမျိုးမျိုးနဲ့ကြိုးစားနေခဲ့သည့်မမက ခုကျတော့ သူ့ဒုက္ခကိုမမြင်သလို ကြားသလို.. ၊

"ငါမင်းကို ရှင်းရှင်းပဲပြောမယ်..မင်းကငါ့ဇနီးပဲ၊ လင်နဲ့မယား လျှာနဲ့သွား..ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါတို့.."

"မေမေ့.."

"ဟော.."

ဒေါ်ယမုံခင် ဆတ်ခနဲဖြစ်သွားသည်။ သူ့ရှေ့ကနေ ထွက်သွားတော့မှာသိကာ ဖမ်းဆွဲထားလိုက်ဖို့ လက်ပါပြင်လိုက်မိသေးသည်။ ဒါပေမယ့် သူပဲကျန်ခဲ့ရသည်။

မဖြစ်ပါဘူး..ကိုယ့်သားကိုအရင်စည်းရုံးမှ.. ၊

## အခန်း(၁၁၉)

"ထမင်းစားမယ်ဆိုပြီး လူကဘယ်ရောက်သွားတာလဲ.."

"ခဏလေးကိုကို..ကနုတ်အကျီဝတ်နေတာ ပြီးပြီ..ပြီးပြီ.."

ညနေပုံမှန်ပြန်ဖို့ကြိုးစားရင်း ထမင်းလက်ဆုံစားဖို့ အချိန်ေ သည်။ လက်ထပ်ပြီးကာစပေမယ့် အလုပ်တွေပိနေခဲ့သဖြင့် ကနု တွက် အချိန်ပိုထုတ်ဖို့က ခက်ခဲနေသောကြောင့်.. ၊

"မြန်မြန်လုပ်ကွာ..ကိုယ်ဗိုက်ဆာနေပြီ.."

"လာပြီဆိုမှ.."

သူအသံပေးနေရင်း ထမင်းစားခန်းထဲဝင်တော့ ဟာကျူလီက ခါးဝမှာ ငုတ်တုပ်လေးထိုင်နေ၏။

"ဟာကျူလီ..မင်းမစားရသေးဘူးလား.."

သူ့အတွက်ပြင်ဆင်ပြီးကာမှ ကနုတ်ရေချိုးနေတာထင်သည်။ လာတော့ ဘေစင်ပေါ်မှာ ဟာကျူလီအတွက် ပြင်ထားသည့်ပန်း ကိုမြင်လိုက်၏။ ဒီအရောင်ဒီပုံစံကိုမြင်တော့ တစ်ခါကဟာကျူ တွက် ဟင်းရည်တွေကို သူမှားသောက်မိတာကို သတိရမိသည်။

"လာ..မင်းအတွက်မုန်းငါသိပြီ၊ ငါပဲထည့်ကျွေးမယ်.."



ကနုတ်ရောက်လာရင် အလုပ်တစ်ခုပြီးပြီးသားဖြစ်အောင် ရည် ယ်၍ သူကိုယ်တိုင်အပြင်ထွက်ပြီး သေချာထည့်ကျွေးလိုက်သည်။

"စား..အသားဖက်တွေ အများကြီးပဲ.."

ခေါင်းလေးတောင် ပုတ်လိုက်သေးသည်။ သို့သော် သူထမင်းစား န်းထဲ ပြန်ဝင်လာလျှင်.. ၊

"အဲ့ဒါ..အဲ့ဒီထဲက ဝက်စွပ်တွေရော.."

"ဟင်.."

ကနုတ်က ထမင်းစားခန်းထဲ ရောက်နေပြီဖြစ်ကာ မျက်လုံးပြူး သားနှင့် အထိတ်တလန့်မေးတော့ သူကြောင်တောင်တောင်ဖြစ်သွား သည်။

"ကိုကို့ အဲ့ဒီပန်းကန်ထဲက ဝက်လက်စွပ်ပြုတ်တွေလေ.."

"ဒီထဲမှာလား.."

ပန်းကန်ကိုပြန်ကြည့်လိုက်ရင်း သူသဘောပေါက်သွားသည်။ တ က်တည်း ခေါင်းနပန်းကြီးသွားခဲ့လျက်.. ၊

"ကိုယ်ကဟာကျူလီ့အတွက်ထင်လို့.."

"ကြည့်စမ်း.."

"မဟုတ်ဘူးလေ..အဲ ဟုတ်တယ်လေ၊ ဟိုတစ်ခါကိုယ်မှားသောက် တဲ့အရောင်အတိုင်းပဲဆိုတော့.."

"ကိုကိုညစ်ပတ်တာ..အဲ့ဒါကနုတ်ကိုယ်တိုင်ထွက်ပြီး အဲ့ဒီဆိုင်မှာ သွားဝယ်ခဲ့ရတာသိလား.."

"ဟောဗျာ.."

"ဟိုတစ်နေ့က အဲ့ရှေ့ကဖြတ်လာတာ မွှေးနေလို့စားချင်လို့.."

"ဆောရီးပါကွာ..ကိုယ်.."

"ဆောရီးမလုပ်နဲ့မရဘူး..ကိုကိုဟိုတုန်းကကိစ္စကို မကျေနပ်လို့ မင်ပြန်လုပ်တာ ကနုတ်သိတယ်.."

"ဟာ..လုံးဝမဟုတ်ဘူး၊ ကိုကိုရှင်းပြမယ်..အဲ့ဒါ.."

"မပြနဲ့..ကိုကို့ကိုစိတ်ဆိုးတယ်၊ သွား.."

"မဆိုးပါနဲ့မိန်းမရာ..ကိုယ်တကယ်မှားသွားတာ၊ မင်းစိတ်ဆိုးစ ကိစ္စ ကိုယ်ကဘာလို့လုပ်ရမှာလဲ.."

"မသိဘူး..မယုံဘူး.."

"ဟိတ်.."

ကနုတ်က ကလေးလိုခေါင်းခါပြီး ငိုတော့မလိုခြေဆောင့်၏။ ဆေ မြင့်မိုရ်နဲ့ဒေါ်ယမုံခင်ရောက်လာတော့ ပိုဆိုးသေးသည်။

"လူစာနဲ့ ခွေးစာအကွာကြီးပါသားရယ်.."

"အေးလေ..ကြက်သွန်မိတ်လေးတွေနဲ့ ပဲငံပြာရည်နံ့လေးသင်းမ တာကို.."

"ဘယ်သူကအနံ့ခံကြည့်မိမှာလဲမေမေရာ..ပြီးတော့ သူဟိုတစ်ခ ဟာကျူလို့အတွက် လုပ်ထားတာအဲ့ဒီအတိုင်းပဲ.."

"တွေ့လား..တွေ့လား၊ ကိုကိုတမင်ဂလဲ့စားချေတာ.."

"မဟုတ်ဘူး..အဲ့ဒါတော့ လုံးဝကိုမဟုတ်တာ.."

ရှင်းပြမှ ပိုဆိုးသည်။ တောင်းပန်လေ ဖြောင်းဆန်လေ။ ကနု အစားမက်နေပုံက တကယ့်ကလေးဆိုးလေးအတိုင်းပင်။ အတင်းတွ ပြေးပြီး အခန်းတံခါးပိတ်ပစ်လိုက်ကာ.. ।

"ကိုကို့ကိုမခေါ်ဘူး..ဒီညအခန်းထဲမလာရဘူး၊ ဒါပဲ.."

"ဟာ..အဲ့လိုမလုပ်နဲ့လေ.."

သူအခန်းပြင်မှာကျန်ခဲ့ရင်း ရယ်လည်းရယ်ချင်သည်။ ဆံပင်သ ရင်း တံခါးနားမှာကပ်၍.. ।

"ကိုယ့်ကိုထမင်းမကျွေးတော့ဘူးလား.."

"မကျွေးဘူး..ကနုတ်လည်းမစားဘူး၊ ကိုကိုနော်..ကနုတ်အတ ပြောတာ၊ ကိုကို့ကို လုံးဝပေးမဝင်နိုင်ဘူး.."

"ကိုယ့်မှာသော့အပိုရှိတယ်.."

သူမအသံလေး တိတ်သွားသည်။ သျှန်က ပြုံးလိုက်ကာ..

"ဒါပေမယ့် မင်းကမဝင်နိုင်းရင် မဝင်ပါဘူး..ထမင်းလည်းမစား သေးဘူးဆိုတော့ အပြင်ပဲထွက်စားလိုက်တော့မယ်၊ နည်းနည်းပါး သောက်မိရင်တော့ အပြစ်မတင်နဲ့.."

ကနုတ်အတန်ကြာငြိမ်နေခဲ့၏။ ပြီးတော့ ချပ်ခနဲတံခါးပွင့်သ ကာ မျက်နှာလေးပြူထွက်လာ၏။ အိမ်ရှေ့ကိုကြည့်လိုက်ပြီးမှ နော ပြန်လှည့်ကြည့်မိလျှင် သျှန်ဘာမှမသွားဘဲ ရပ်နေတာမြင်လိုက်ပြ



"သွားပေါ့..ဘယ်သူကပူနေလို့လဲ.."

"မင်းပူနေမှာသိလို့.."

"ကိုကိုနော်..မဝင်ရဘူး.."

ကနုတ်က တံခါးပြန်ပိတ်ပစ်တော့ သျှန်ဖွတ်မဝင်ဘဲ အပြင်မှာဒီ ဘိင်းရပ်နေခဲ့လိုက်ပြီး.. ।

"ကိုယ်သိတယ်..ဘာမှမဟုတ်တာလေးကို အပြစ်ရှာပြီး မင်းအပြစ် ဒီ ဖုံးကွယ်ဖို့ကြိုးစားနေတာ.."

ခဏစောင့်လိုက်ပြီး ကနုတ်တိတ်နေတာကို ပြုံးမိကာ.. ।

"မင်းကိုယ့်ထက်အရင်တစ်ယောက်နဲ့တွေ့ခဲ့တယ်..အခု သူနဲ့ပြန် ဆပြီး.."

"ကိုကိုဘာတွေပြောနေတာလဲ.."

"မပြောချင်ပါဘူး..မပြောချင်လို့ တမင်မပြောဘဲနေခဲ့တာကို၊ ဘာ ၅ခ်ဖြစ် ကိုယ်မင်းကိုအနေခက်အောင် မလုပ်ချင်လို့ အဲ့ကိစ္စကို မျိုသိပ် ားခဲ့တာ..မင်းကတော့ ကိုယ့်ကိုကျော်ပြီးဖောက်ပြန်.."

"ကိုကိုနော်.."

တံခါးက ရုပ်ခနဲပွင့်သွားသည်။ သျှန်က တည်သည်ပြုံးသည်မ ည်သော မျက်နှာသေနှင့် လက်ပိုက်ရပ်နေကာ.. ।

"ဘာလဲ..မသိချင်ယောင်ဆောင်ပြီး အဲ့ဒါဘယ်ကကောင်လဲမေး ဲ့လား.."

"ဘာကိုမသိချင်ယောင်ဆောင်ရမှာလဲ..ကိုကိုပြဿနာမရှာနဲ့နော်၊ ၊တ်ဘဝမှာ တစ်မိမ်းယောက်ျားတစ်ယောက်နဲ့ပတ်သက်ဖူးတာ ကိုကိုပဲ ဘယ်.."

သျှန်က ဘာမှမပြောဘဲ အခန်းထဲကိုညာတာပါတေးနဲ့ဝင်သည်။ ၊တ်က တံခါးပြန်ပိတ်ပြီး သူ့နောက်ကိုဘောက်ဆတ်ဆတ်လေး ဲဝင်လာကာ.. ।

"ကိုကိုပြောတဲ့စကား ကိုကိုတာဝန်ယူရမှာ..ပြော ကနုတ်ကိုဖောက် ဘယ်လို့ပြောတာ ဘယ်သူပြောတာလဲ၊ ဘယ်တုန်းကဘယ်သူလဲ.."

သျှန်က တင်းချင်နေသည့်မျက်နှာထားနှင့် သူမဘက်ကိုဆတ်ခနဲ ဲလိုက်ပြီး.. ।

"ပြန်ပြောရမယ်ဆိုရင် ကိုယ်စိတ်တိုမှာနော်..အဲ့ဒါရော မင်း ရဲ့လား.."

"ဘာလို့ခံရမှာလဲ..ကနုတ်မဟုတ်ဘဲနဲ့ မဟုတ်ကဟုတ်က ပြောရဲပြောကြည့်ပါလား.."

"သတ္တိကမသေးဘူးပဲ.."

"မသေးလို့ကိုကို့လိုလူကို ယူထားတာ.."

မျက်ခုံးလေးတွေ ပင့်ပြီး မျက်တောင်ဖျားတို့ ပြန်စင်းနေအော ရွဲ့သည်။ ဒေါသဖြစ်နေသည့် ပါးပြင်လေးတွေပါ ပန်းရင့်ရောင်ရဲ လာခဲ့လျက်.. ။

"ပြောလေ.."

"ပြောမှာကြောက်ပြီး အကန်တွေပြောဖို့ တန်းစီစဉ်းစားနေ လား..မင်းကိုယ်တိုင် သဘောတွေကျပြီး အသက်စွန့်ကယ်ခဲ့တဲ့ လေ၊ ကိုယ်နဲ့မတွေ့ခင် အမြန်လမ်းပေါ်မှာ.."

ကနုတ် အံ့ဩသလိုလေးတစ်ချက်ငိုင်သွားသည်။ ပြီးတော့ ဆတ်ခနဲပြန်ကြည့်ကာ.. ။

"အဲ့ဒါဘာဖြစ်လို့လဲ..အဲ့လူနဲ့ကနုတ်ကို စွပ်စွဲနေတာလား.."

"စွပ်စွဲနေတာမဟုတ်ဘူး..မင်းသူနဲ့နေတာကိုအတိအကျပြော တာ.."

"ကိုကိုနော်.."

ကနုတ် ခေါင်းရမ်းပြီးအော်ကာ သူ့ရင်ဘက်ကိုလက်နှစ်ဖ ကိုင်တွန်းပစ်၏။

"ကနုတ်သူ့ကို နာမည်တောင်မသိဘူး..ကားချင်းတိုက်မိပြ ကနုတ်တို့ဘက်ကိုထွက်လာတယ်၊ လမ်းလယ်ခေါင်မှာ လဲကျသွား ..မိုးချုပ်ခါနီး လမ်းပေါ်မှာ ကားတွေတက်ကြိတ်သွားမှာစိုးလို့ ထွက်ကယ်ခဲ့တာ.."

"ဒါပေမယ့် မင်းသူ့ကိုယ်ပေါ်ထပ်လှဲပြီး ကာကွယ်ပေးဖို့ လား.."

ကနုတ် သူ့ကိုမျက်မှောင်ကုတ်လေးနှင့်ကြည့်ကာ.. ။

"နေပါဦး..ကိုကို့ကို အဲ့လောက်ထိဘယ်သူပြောလိုက်တာ



"ဘယ်သူပြောပြော မေးတာကိုဖြေပါ..ဘာမှမသိကြဘဲနဲ့တောင် မှ.."

"ကိုကိုမစွပ်စွဲနဲ့နော်..ကနုတ် သူနေကောင်းသွားလားမေးမိတာ နောက်ဆုံးပဲ၊ စိတ်လည်းမဝင်စားဘူး..သိလည်းမသိဘူး.."

"သိလို့ မင်းသူနဲ့နေနေတာပေါ့..ကိုယ်လက်တွေပြရင် မင်းဝန်ခံ မလား.."

ကနုတ် ကြောင်ငေးသွားသည်။ သို့သော် သူမတွေးချိန်မရလိုက်ဘဲ သျှန်က လက်လေးတစ်ဖက်ကို ဆွဲခေါ်သွားသည်။ ပြီးတော့ မှန်ရှေ့မှာ သူမခါးလေးကို နောက်ကနေသိမ်းဖက်ထားလိုက်ကာ.. ။

"အဲ့မှာ မင်းကိုဖက်ထားတဲ့ကောင်.."

"ကိုကို.."

"ဟုတ်တယ်..မင်းကယ်ခဲ့တာ အာဏာသျှန်ဆိုတဲ့မင်းယောက်ျား.."

အံ့ဩဖွယ် ကြည်နူးဖွယ် ပြီးတော့ သူမဟုတ်တရုတ်တွေ စခဲ့တာကို ဒေါသဖြစ်ဖို့ သတိရဖွယ်တွေ ပြန်ပေါ်လာကာ.. ။

"ကိုကိုဖယ်နော်..ကနုတ်ကိုစိတ်ဆင်းရဲအောင် တမင်လုပ်တာ၊ ခုန ကိစ္စလည်း မပြီးသေးဘူး..မကျေနပ်တာ နှစ်ခါစာဖြစ်သွားပြီ၊ လွှတ်ပေး ..သွား.."

သျှန်က သူမလည်တိုင်လေးမှာ မျက်နှာကပ်နှစ်ထားပြီး ရယ်သည်။ ပြီးတော့ ရုန်းဖယ်နေသည့်လက်လေးတွေကိုပါ ဆွဲချုပ်ထားလိုက်ကာ.. ။

"ဆေးရုံမှာတည်းက ကိုယ်တို့ကို ဆေးရုံတင်ပေးခဲ့တဲ့ ဆရာဝန်နဲ့ ပြန်တွေ့ပြီး ပြောပြသွားတာ..သူကအဲ့ဒီတုန်းက နေပြည်တော်ကိုကိစ္စနဲ့ ခဏလာတာတဲ့၊ မင်းနဲ့ကိုယ့်ကိုသွေးထွက်မလွန်အောင် ဆေးရုံမရောက်ခင် သူသေချာလုပ်ပေးပြီးမှ ပို့ပေးခဲ့တာတဲ့.."

"အဲ့ဒါကိုဖေကြီးတို့က ဘာလို့မပြောကြတာလဲဟင်..ကိုကို့ကိုရော ဘယ်သူမှမပြောခဲ့ကြဘူးလား.."

"ကိုယ်တို့နဲ့မပတ်သက်ချင်လို့ ဖုံးထားကြတာလေ..မေလေးတို့က သူတို့လိုမာနကြီးပြချင်တာကိုး..ဒါပေမယ့် အဲ့ဒါကိုမေ့လည်းမေ့နေကြ ဘာတဲ့.."

“ကိုကိုကပြန်မေးလိုက်တာလား..”

“ဟုတ်တယ်..သူတို့လည်း အဲ့ဒီတုန်းက ကိုယ်တို့နှစ်ယောက်ပဲဖြ နေခဲ့တာကို အရမ်းအံ့ဩနေကြတာ..”

“ကိုကိုကသိသိချင်း ကနုတ်ကိုဘာလို့မပြောတာလဲ..”

“ကိုယ်အရမ်းမြတ်နိုးသွားလို့လေ..”

“ဘာဆိုင်လို့လဲ..သူများကိုစိတ်ဒုက္ခပေးဖို့ ရှာကြံစုဆောင်းနေတ

ပါးချင်းကပ်ပြီးနမ်းလိုက်တော့ ကနုတ်က သူ့နှာခေါင်းကိုကိုက ပစ်ဖို့ မျက်နှာလှည့်သည်။ သျှန်က နှုတ်ခမ်းလေးကို ဖျတ်ခနဲနမ်းလို ပြီး.. ၊

“အဲ့ဒါတွေဟိုတုန်းတည်းကသာသိရင် ကိုယ်ချစ်နေတာကို မျိုသ ထားနိုင်ခဲ့မှာ မဟုတ်ဘူး..”

“အဲ့လောက်ဖြစ်ဖို့ရှိလို့လား..အဲ့ဒီမိန်းကလေးက ကနုတ်မဟုတ် ရင်ရော ကိုကိုသူ့ကိုတွေ့ရင် ကျေးဇူးတွေတင်ပြီး ဘာလုပ်ဦးမှာလဲ..

“မရမကလက်ထပ်ယူပြီး ကျေးဇူးဆပ်မှာ..”

ကနုတ်မျက်နှာလေးပျက်သွားသည်။ သူ့မျက်နှာကိုမြင်အော လည်ပင်းလိမ်မတတ် အတင်းပြန်လှည့်ကြည့်ပြီး.. ၊

“ကိုကိုတကယ်ပြောလိုက်တာလား..”

“တကယ်ပြောတာလေ..အသက်သခင်ကျေးဇူးရှင်ဖြစ်သွားတ လက်ထပ်ယူကြတာ မင်းမကြားဖူးဘူးလား..”

ရုတ်တရက်နားမလည်ပေမယ့် နားလည်တော့လည်း မကျေ နိုင်.. ၊

“ကိုကို့ကို မယုံတော့ဘူး..”

သျှန်ကရယ်ကာ မျက်နှာချင်းဆိုင်လှည့်ယူလိုက်သည်။ ပြီးေ မျက်နှာလေးကိုကိုင်ပြီး မော့ယူလိုက်၍.. ၊

“ယုံအောင်ပြောလို့ရတဲ့ စကားတွေကိုလည်း မယုံရဘူးကွ..အ တော့ ကနုတ်ရောင်ဆိုတဲ့ ချာတိတ်မလေးကို လိုချင်ဆုံးတစ်ခု တောင်း ခွင့်ပေးမယ်..မင်းကိုကိုယ်ဘယ်လောက်ထိ မြတ်နိုးသလဲဆိုတာ သ သေပြဖို့..”

ကနုတ် မျက်နှာလေး ပြုံးသွားသည်။ ပါးပြင်မှာတင်ထားသ



သူ့လက်တွေပေါ်မှာ ထပ်အုပ်ကိုင်လိုက်ပြီး.. ၊

“ဘာဖြစ်ဖြစ် တကယ်ပေးမှာလား..”

“အင်း..”

“ကိုကို့အချစ်တွေကို ကနုတ်အတွက်ပဲ အမြဲတမ်းဖြစ်နေပေး..”

အချစ်သည်သာ အလိုချင်ဆုံးဆုအဖြစ် ကြားလိုက်ရသည့်အခိုက် မှာ သျှန့်မျက်ဝန်းမှာ ကြည်နူးရိပ်တို့ဖြင့် စီးလက်သွားခဲ့၏။

*အချစ်သည် ကမ္ဘာ*
*အချစ်သည် ဘဝ*
*အချစ်ဖြင့်သာ သျှန့်ကျွန်မ ဆုံဆည်းရာမို့.....*

ပရိတ်သတ်အတွက်
ထာဝရ

သျှင်မ